# နိုင်ဇော်

သိန်းဝဏ္ဏစာပေ

# အသုံးအစမဲ့မိုးသားထဲသွားရဦးမယ်

## (ထူး အိမ်သင် ပုံတူ ကောက်ကြောင်း)



# နိုင်ဇော်

## ကလုံးကစေ့ရဲ့ နှိုးသားထဲ သွားရှင်းမယ်

(ထူးဇော်ဝင်း ပုံတူ ကောက်ကြောင်း)

## ပုံနှိပ်မှတ်တမ်း

ပထမအကြိမ် အုပ်ရေ(၅၀၀)

၂၀၀၂ ခုနှစ် ဇူလိုင်လ

## စီစဉ်သူ

ဦးသိန်းထွန်း

## ထုတ်ဝေသူ

ဒေါ်နှင်းဦးမြင့် (၀၃၃၅၅)

သိန်းဝေ့ စာပေ

တိုက်(၅၉/၄) ၊ နဝရတ်ရိပ်သာ

ဒဂုံမြို့နယ် ၊ ရန်ကုန်မြို့ ။

## ပုံနှိပ်သူ

ဦးစောတင်(ဝင်းဝင်းကျော်)

အမှတ်(၁၅၃) ၊ (၄၅)လမ်း ၊ ရန်ကုန်မြို့ ။

## ဖြန့်ချိရေး

သိန်းဝေ့ စာပေ

တိုက်(၅၉/၄) ၊ နဝရတ်ရိပ်သာ

ဒဂုံမြို့နယ် ၊ ရန်ကုန်မြို့ ။

ဖုန်း - ၀၉ ၅၀၀၇၀၀၄ ၊ ၀၉ ၅၀၉၃၂၇၄

နိုင်ငံတော် ၉၂၃

အဆုံးအစမရှိသောသံသရာစဉ်းစားမယ် / နိုင်ငံတော် ။

- ရန်ကုန်

သိန်းဝေ့ စာပေ ၊ ၂၀၀၂ ။

- ၂၂၈ စာ ၁၉ ။ ၂၆ စင်တီ

(၁)အဆုံးအစမရှိသောသံသရာစဉ်းစားမယ်

# မာတိကာ


| | | |
|---|---|---|
| စာရေးသူ၏ ကိုယ်ရေး အချက်အလက် | | (က) |
| အမေ ဒေါ်မြရှင်၏ ရင်ထဲက ပုံတင်သံ | | (ခ) |
| ဇနီး သွယ်သွယ်မွှေး၏ အမှတ်တရ | | (ဂ) |
| သမီးလေး မိကွန်ဆော၏ စကား | | (ဃ) |
| ဆရာ ဦးအောင်နိုင်၏ အလွမ်းမှတ်တမ်း | | (င) |
| နိုင်ဇော်၏ ဥပဒေသချို | | (စ) |
| နိဒါန်း သို့မဟုတ် အလင်းရောင် | | (ဆ) |
| အခန်း (၁) | မော်လမြိုင်သားနှင့် တောသပြင်သူတို့၏ ပုသိမ်မှုအာ | ၁ |
| အခန်း (၂) | ကလေးလေးအတွက် ဂီတကျောင်း | ၁၅ |
| အခန်း (၃) | မော့ခမြစ် ဆောင်းသောအခါ | ၂၉ |
| အခန်း (၄) | မွေ့တော်ချက်ရှင်း မှန်ကန် အဆုံးဖြတ်ခြင်း | ၃၉ |
| အခန်း (၅) | ရေစုန်အမျော ရေဆန်အတက် | ၄၉ |
| အခန်း (၆) | ခံနိုင်ငြိမ် ၆ လမ်း | ၅၇ |
| အခန်း (၇) | အပေါင်းအသင်းများနှင့် ငြိမ်းချမ်းရေး ကမ်းခြေမှာ | ၇၇ |
| အခန်း (၈) | သီချင်း ဂီတသည်သာ ကွန်းခိုရာ | ၈၁ |
| အခန်း (၉) | ရေမျော ကမ်းတင် မခြိုးတည့်ရာ | ၉၇ |
| အခန်း (၁၀) | ဒိုက်မြို့ ရင်ခွင် ရှိရာဆီ | ၁၀၇ |
| အခန်း (၁၁) | ဆရာ ဦးအောင်နိုင် | ၁၀၉ |
| အခန်း (၁၂) | သီချင်းလေး သက်သေ | ၁၂၇ |
| အခန်း (၁၃) | ရန်ကုန်သို့ ရင်ခုန်ရွာ ပျော် | ၁၃၃ |
| အခန်း (၁၄) | နာရီပေါ်က မျက်ရည်နှင့် ပျော်ရွှင်စက်များ | ၁၃၇ |
| အခန်း (၁၅) | နာမည် တစ်လုံးကို တည်ဆောက်ရသော လမ်း | ၁၅၃ |
| အခန်း (၁၆) | လှုံ့စိမ်းသင် | ၁၅၉ |
| အခန်း (၁၇) | မုန်တိုင်းထဲက ငှက်တစ်ကောင် 'ရာဇဝင်များရဲ့ သတို့သမီး' | ၁၆၇ |
| အခန်း (၁၈) | ဗြူ၊ သီတာဝေ၊ ကျောက်မြွင်း၊ တာရမြို့နယ် | ၁၈၃ |
| အခန်း (၁၉) | ရိုးရာဂီတနှင့် ဆောက်ပုံ | ၁၉၇ |
| အခန်း (၂၀) | မရှိသော ရှိခြင်းနှင့် ရှိသော မရှိခြင်း | ၂၀၁ |



စာရေးဆရာ နိုင်မော်၊ အမည်ရင်း ပါမောက္ခ ဗိုလ်မှူးကြီး ခင်မော်ကို အဖ ဦးမြမောင်၊ အမိ ဒေါ်မမကြီးတို့မှ ၁၉၅၇ ခုနှစ်၊ ဖေဖော်ဝါရီလတွင် ပြင်ဦးလွင်မြို့၌ မွေးဖွားခဲ့သည်။

၁၉၈၃ ခုနှစ်တွင် ဆေးတက္ကသိုလ် မန္တလေးမှ M.B.B.S ဘွဲ့ ရရှိပြီး ၁၉၈၅ ခုနှစ်တွင် ဆေးတပ်မှသို့ ဝင်ရောက်သည်။ ၁၉၉၂ ခုနှစ်တွင် ဆေးတက္ကသိုလ် (၁) ရန်ကုန်မှ D.P ဘွဲ့၊ ၁၉၉၅ ခုနှစ်တွင် တပ်မတော်ဆေးတက္ကသိုလ်၊ ရန်ကုန်မှ M.Med.Sc (Pathology) ဘွဲ့၊ ၂၀၀၃ ခုနှစ်တွင် ဆေးတက္ကသိုလ် (၂) ရန်ကုန်မှ **Ph.D** ဘွဲ့များ ရရှိခဲ့သည်။ ၂၀၀၃–၀၄ ခုနှစ်တွင် စင်ဒီးနီးတက္ကသိုလ်၊ ကနေဒါသို့ တက်ရောက်ခဲ့သည်။ ရောဂါဗေဒ ဆရာဝန်ကြီးဖြစ်ပြီး တပ်မတော် သူနာပြု နှင့် ဆေးဘက်ပညာ တက္ကသိုလ်တွင် ပါမောက္ခချုပ်/ စာပေညွှန်ကြားရေးမှူး တာဝန် ထမ်းဆောင်လျက် ရှိသည်။

ဇနီးမှာ ပါမောက္ခ ဗိုလ်မှူးကြီး တောသီတွန်း။ သားသမီးများမှာ ကိုဇေယံ +ဒေါက်တာ နှင်းဦးမွန်၊ မောင်မြတ်အောင်တို့ ဖြစ်ကြသည်။

ပထမဆုံး ပုံနှိပ်စာမူမှာ ၁၉၇၈–၁၉၇၉ ခုနှစ် ဆေးတက္ကသိုလ် မန္တလေး နှစ်လည် မဂ္ဂဇင်းတွင် ပါရှိသော ကဗျာ ဖြစ်သည်။ ၁၉၉၀ ခုနှစ် မော်လသုတ် မိုးဝေ မဂ္ဂဇင်းပါ 'ဒီနယ် စီးမထေသူများ' ကဗျာဖြင့် စာပေလောကသို့ ရောက်ရှိသည်။

## ဆရာ ဇော်မြင့်၏ ရင်ထဲက စကား

မိဘဆိုတာ သားသမီးတိုင်းကို ချစ်ကြတာချည်းပါပဲ။ ချစ်တဲ့ ပုံသဏ္ဍာန်သာ ကွာပါလိမ့်မယ်။ သားသားကိုလည်း ဆရာ တစ်ယောက်အနေနဲ့ သူ့ဘဝမှာ အရှုံး လုပ်ချင်တဲ့ ဒီအနုပညာ အလုပ်ကို လုပ်နိုင်ဖို့ အချိန်ကျရင် ဖြည့်ဆည်း ပေးခဲ့ပါတယ်။

သူ ငယ်ငယ်ကလေးကတည်းက ဝါသနာ ပါမှန်း ဆရာ သိတယ်။ မိဘကတော့ ပညာတတ်ကြီး ဖြစ်စေချင်တာပေါ့နော်။ ဒါပေမယ့် သူက မိဘ မသိအောင် ဂီတပညာကို လေ့လာတယ်။ သူ အခုအခါ ပြောတာက "ဆရာတို့ ဆရာတို့သာ ကျွန်တော့်ကို အစောကြီးကတည်းက ဂီတပညာ သင်ပေးခဲ့ရင် သိပ်ကောင်းမှာပဲ" တဲ့။ သားသားရဲ့ ပထမဆုံး "နာရီပေါ်မှ မျက်ရည်စက်များ" ထွက်ပြီး အောင်မြင်တော့ ဆရာ တစ်ယောက် အနေနဲ့ ဝမ်းသာတာပေါ့။

မြန်မာပြည်က သားတွေ အားလုံး နိုင်ငံတကာက သားတွေ အားလုံးလည်း သူတို့ ဖြစ်ချင်တာတွေ ဖြစ်အောင် ကြိုးစားပါ။ မိဘကို ရိုသေပါ။ [illegible]

သားသား ဘဝမှာ သူ မဖြစ်ချင်ခဲ့တဲ့ လူယုတ်မာ တစ်ယောက်တော့ မဖြစ်ခဲ့ဘူးလို့ ယုံကြည်ပါတယ်။ လူ့လောကကြီးမှာ ကောင်းကောင်းနေပြီး ထွက်သွား သွားရောက်နိုင်မယ်ကို မကောင်းတာ ခုမှိတ်မှိတ်တွေး အခု အချိန်အထိ သတိရနေတုန်းပါပဲ။

သားသားကို ချစ်ကြတာတွေ၊ သားသားရဲ့ အနုပညာကို ချစ်ကြတာတွေ တွေ့ရတော့ ဆရာ တစ်ယောက် အနေနဲ့ ကြည်နူး ဂုဏ်ယူမိပါတယ်။ ဆရာ နိဂုံးရဲ့ သားသား အကြောင်း စာအုပ် ထွက်လာတော့ ဝမ်းသာပါတယ်။ အမှတ်တရ သိမ်းထားစရာ တစ်ခု ရှိလာပြန်တာပေါ့။

**ဆရာ ဇော်မြင့်**
**[illegible]**

## ဖိုး ဘွယ်ဘွယ်ရွေး ၏ အမှတ်တရ

ကိုလေးက သူများနဲ့ မတူဘဲ ထူးခြားတဲ့ လူတစ်ယောက်ပါ။

ကိုလေး အကြောင်း ပြောရမယ်ဆို ပြောစရာတွေ များလွန်းလို့ ဘယ်နားက စပြောရမှန်း မသိတော့ဘူး။

ကိုလေးကို သတိတရ တမ်းတနေတာတွေကို ပြောပြဖို့လည်း မလုံလောက်ဘူး။

## သမီးငယ် မိဈ္ဈနီးသော ၏ မေမေ

သမီးက မေမေနဲ့ ကြာကြာ မနေလိုက်ရပေမယ့် မေမေ့ သမီး ဖြစ်ခွင့်ရလိုက်တာကို ကျေနပ်ပါတယ်။ မေမေက ပိုက်ဆံအတွက် သီချင်းတွေ ရေးခဲ့ဆိုခဲ့တာ မဟုတ်ဘူး ဆိုတာ သမီး သိတယ်။

# ဆရာ ဦးအောင်ဇိုး ၏ အမှာ စကား

**My Sentiments**

It Gives me much pleasure
to mention briefly about
my great friend, the late
KYAW MYINT LWIN a.k.a
HTOO EIN THIN, in respect of his
attainments in his musical career,
during his lifetime.

Candidly, I immortalize him as
"The Most Unforgettable Musician Friend
that I've Ever Met" and liken him as
"A Candle with an Eternal Flame
On the Altar of my heart of hearts".

I remain with inconsolable regrets-
until my dying day.

Sdf OUNG TSOE
a.k.a
(THI-THA-OUNG)

Mawlamyine,
Dated the 6th May 2012

# နိုင်ဇော်၏ ဥယျာဉ်

ပုံတူ ကောက်ကြောင်း ရေးဆွဲရတာကို ကျွန်တော် နှစ်ခြိုက်သည်။

ပုံတူကောက်ကြောင်းသည် ပုံတူ ပန်းချီကား မဟုတ်။ ဓါတ်ပုံလို အပြည့်အဝ ထင်ဟပ်ပြီး ပုံတူကူးပြနိုင်ခြင်း မရှိ။ ကောက်ကြောင်း အချို့ကိုသာ ရေးသည်။ သည်လိုနှင့် ဟန်ပန် အမူအရာ အချို့ ပေါ်လွင် လာရုံမျှ ရှိလိမ့်မည်။ 'ကိုငှက်' နှင့် ကျွန်တော် ၁၉၉၀ ပြည့်နှစ်များ၏ အစောပိုင်း ကာလတွင် စတင် တွေ့ခဲ့ကြသည်။ ပုသိမ်သားတွေ ရန်ကုန်သို့ အလုံးအရင်း ရောက်ရှိ လာချိန်မှာ ပို၍ ရင်းနှီးသွားကြသည်။ 'ကိုငှက်' နှင့် ကျွန်တော် သူ၏ ပုံတူကောက်ကြောင်း ရေးဖို့အတွက် အကြိမ်ကြိမ် တိုင်ပင်ခဲ့ကြသည်။ သို့ပါသော်လည်း နှစ်ယောက်စလုံး အလုပ်တွေ ကိုယ်စီ ရှိနေခဲ့ကြတာက တိုက်ဆိုင်နေခဲ့သည်။သည်လိုနှင့် ရှမ်းပြည်နယ် တောင်ပိုင်း ကလောမြို့ကလေးတွင် တစ်နှစ်တာမျှ ကျွန်တော် သွားရောက် နေထိုင်ခဲ့ရစဉ် ကိုငှက်က အဝေးကို ပျံသန်း သွားခဲ့ပါတော့သည်။

ယခုတော့ ပြည်သူ ချစ်သော အနုပညာရှင် ထူးအိမ်သင် ချန်ထားခဲ့သည့် လက်စလက်န အမှတ်တရ အပိုင်းအစများကို ကောက်ကြောင်း ကလေးများ ရေးလိုက်ခြင်း ဖြစ်ပါသည်။

ကိုငှက်၏ မိဘနှစ်ပါး ဦးထွန်းမြင့်၊ ဒေါ်မြရင်တို့က သူ၏ ပုံရိပ်များကို ပေါ်ပေးခဲ့ကြသည်။ ညီမ မိမိုးနှင့် ညီများ၊ သူ၏ ချစ်ဇနီး မိသွယ်နှင့် သမီးလေး မိကွန်ထောတို့က ဖြည့်စွက်ပေးကြသည်။ ကွက်လပ် များစွာ အတွက် ဖျော့ကြောင်း ရေးဆွဲဖို့ သူ့မှာ ချစ်ခင်သော မိတ်ဆွေတွေ ပေါများခဲ့သည်။

ကလောမြို့ကလေးတွင် ကျွန်တော် ရှိနေခဲ့စဉ် အောင်ပန်းမြို့သို့ သွားရောက်ပြီး 'ချစ်ဗဟိုရ်' စင်တင် ဂီတဝိုင်းမှ ပင်တိုင် ဂီတမှူး ကိုဝင်းဦးနှင့် နာရီများစွာ စကားပြောဖြစ်ခဲ့ကြသည်။ ပျောက်ဆုံး နေသည့် အဖိုးတန် ဟင်းလင်းပြင် အချို့ကို ဆရာ သီဟန်သွင်နှင့် ကိုအောင်ကျော်ဦး (ဆရာ ကြက်နီ) တို့က မှတ်တမ်းများ တင်ပေးထားခဲ့ကြသည်။ ရှားပါးဓာတ်ပုံများကို ထူးအိမ်သင်မိသားစု၊ကိုအောင်ကျော်ဦးနှင့် ဒိုလ်မှူးမျိုးမြင့်အောင်တို့က ရှာဖွေပေးခဲ့သည်။ နှင်းဆီလွိုင်း ကိုဇော်သစ်၊ တေးရေး ကိုမြင့်မိုးအောင်၊ ကိုရွှေကျော်ကျော်၊ ကိုမောင်မောင်ဇော်လတ်၊ စာရေးဆရာ ကိုငြိမ်းအေးအိမ်၊ ဆရာမ မအိနှင့် တေးရေးဆရာ ကိုဘနှင့် ထူးအိမ်သင်ကို အင်တာဗျူးခဲ့သူများ၊ ယင်စဉ်ဘဝမှသည် ကွယ်လွန်ချိန်အထိ သူ၏ ဓါတ်ပုံတွေကို ရိုက်ကူးခဲ့သူများက သူ၏ ပုံတူ အောင်မြင်စွာ ဖြစ်မြောက် လာအောင် ရှုထောင့် များစွာမှ ဖြည့်စွက် ရေးဆွဲ ပေးခဲ့ကြပါသည်။ ကွက်လပ်များစွာ လှပစွာ ကျန်နေဦးမည် ဖြစ်သကဲ့သို့ ကွက်လပ် အချို့ကို လှပစွာပင် ချန်ရစ် ထားခဲ့ပါသည်။

ထူးအိမ်သင်ကို ချစ်သူများအတွက် 'ချစ်ခြင်းအားဖြင့်' ပုံတူကောက်ကြောင်း လက်ဆောင်ကလေး ပေးလိုက်ပါသည်။

**နိုင်ဇော်**

၂၀၁၂ မေလ ၂၇



သမီးလေး မိကွန့်ယောရဲ့ ဖေဖေ



အမေ ဒေါ်မြှင့်ရဲ့ ဘဲဥ



ချစ်ဇနီး ဗိသွယ်ရဲ့ ကိုလေး



ပေါင်းကူး တံတားပေါ်က ဗိုလ်ချုပ်



ကြည်နူးစရာ မိသားစု

## နှင်းဆီ သို့မဟုတ် အလင်းငှက်

*ငါဟာ*
*အမှောင်မှာ အလင်းတစ်ခု ဖြစ်ချင်တယ်။*
*ခိုင်ခိုင်မာမာတွေ နှင့်ပစ်ခဲ့၊*
*ရေလို စီးဆင်းသွား ချင်လည်း . . .။*
*(အစိမ်းရောင် တံခါးမှူးသား ရေး/ဆို ထူးအိမ်သင်)*

ထူးအိမ်သင် အမည်ရှိသော ငှက်သည် ဂီတ မိုးကောင်းကင်၏ အဝေးဆုံး၊ အမြင့်ဆုံး တစ်နေရာ အထိ မရောက် ရောက်အောင် ပျံသန်းခဲ့ဖူးသူ ဖြစ်သည်။

သူ၏ အမည်ရင်းက ကျော်မြင့်လွင်။

သို့သော် သူ့ကို ချစ်ခင်သူများက ဘဲဥဟု ခေါ်သူ ခေါ်။ ကိုငှက်၊ ကိုသျှပ် ခေါ်သူ ခေါ်ကြသည်။

သူသည် သျှပ်မှူးကျော် အမည်နှင့် ကဗျာတွေ ရေးခဲ့သလို လင်းထက် အမည်နှင့် ဝတ္ထုတိုတွေ၊ ကဗျာ လင်္ကာတွေ ဖွဲ့ဆိုခဲ့သည်။

သူသည် ရိုးရာဂီတကို ချစ်မြတ်နိုးစွာ လေ့လာခဲ့သလို တခြားသော ဆန်းကြယ်သည့် နယ်ပယ်ပေါင်း များစွာ တို့ကို ဝင်ရောက် စူးစမ်းခဲ့ဖူးသူ ဖြစ်သည်။

ကမ္ဘာလောက စိမ်းလန်းရေး အပေါ် သူ အလေးအနက် ထားခဲ့သည်။

ချစ်ခြင်းမေတ္တာနှင့် ဥာဏ်ပညာကိုလည်း သူ ယုံကြည်ခဲ့သည်။

ထူးအိမ်သင် ဆိုသော အမည်သည် တေးရေး၊ အဆိုတော် ဟူသည့် ဂုဏ်ပုဒ်လောက်မျှနှင့် မပြည့်စုံ။

သူသည် လင်္ကာ စာဆို ကဗျာဆရာ ဖြစ်သည်။

သူသည် တကယ့် ဂီတ အနုပညာရှင် တစ်ဦးလည်း ဖြစ်သည်။

သူက အမေ ချစ်သော သားတစ်ဦး ဖြစ်သလို အလွန် ချစ်တတ်သည့် ဖခင်လည်း ဖြစ်သည်။

ထူးအိမ်သင် အမည် တပ်ထားသော ကြယ်တစ်ပွင့်သည် ၂၀၀၄ ခုနှစ်၏ မိုးသည်းသော ရာသီ တစ်နေ့မှာ ရုတ်တရက် ကြွေလွင့် သွားခဲ့သည်။

သို့ပါသော်လည်း သူ၏ ဝိညာဉ် အလင်းငှက်က အနုပညာ လေဟာပြင်ထဲတွင် အချိန် ကာလ၏ နှောင်ကြိုး ကင်းမဲ့ လွတ်လပ်စွာဖြင့် ပျံသန်းဆဲ။

# အခန်း (၁)
# မော်လမြိုင်သား နှင့် စာသပြင်သူတို့၏ ပုသိမ်ဖူးစာ

(၁)

၂၀၀၄ ခုနှစ်၊ မိုးသည်းသော နေ့တစ်နေ့တွင် အဝေး တစ်နေရာသို့ ထွက်ခွာ သွားခဲ့သည့် ထူးအိမ်သင်သည် ၁၉၆၃ ခုနှစ်၊ မိုးသည်းသော နေ့တစ်နေ့မှာပင် မွေးဖွား ရောက်ရှိ လာခဲ့သည်။

ပုသိမ်မြို့သည် သူ၏ မွေးဇာတိ။

ဖခင်က ဦးထွန်းမြင့်၊ မိခင်က ဒေါ်မြရင်။

ဧရာဝတီတိုင်းမှာ ထူးအိမ်သင် မွေးဖွားခဲ့သော်လည်း သူ၏ အရင်းအမြစ်က မွန်ပြည်နယ်။ အကြောင်းမှာ ဖခင်က မော်လမြိုင်သား။ မိခင်က စာသပြင်ရွာသူ ဖြစ်၍ပင်။

တည်နေရာအားဖြင့် ဘာမျှ အလှမ်းမဝေးသော မော်လမြိုင် ဇာတိသားနှင့် စာသပြင် ဇာတိသူတို့က ကြုံကြဲဖန်မန် ရွာလည်ပြီး ပုသိမ်မှာ သွားရောက် ဖူးစာ ဆုံခဲ့ကြလေသည်။

(၂)

ထူးအိမ်သင်၏ ဖခင်ဘက်မှ အဘိုး အဘွားတွေက မော်လမြိုင်မြို့၊ မောင်ငံရပ်နေ မီးရထားရုံပိုင် ဦးတိုးဖေနှင့် ဒေါ်ပုတို့ဖြစ်သည်။

ကလေးတွေ အရွယ် ကောင်းကောင်း မရောက်ခင်မှာ ဦးတိုးဖေ ဆုံးသွားခဲ့ရှာ၍ အမေပုက သားသမီး လေးယောက်ကို ဆေးလိပ်ခုံ ထောင်၊ အထည် ရောင်းပြီး လူလားမြောက်အောင် ပျိုးထောင် ပေးခဲ့သည်။ သားကြီး ကိုတင်ဦးက တပ်မတော် အရာရှိ ဖြစ်လာပြီး ဗိုလ်မှူး အဆင့်ဖြင့် အငြိမ်းစား ယူခဲ့သည်။ သမီး ဒေါ်ညွန့်က အိမ်ထောင်ကျပြီး မီးရထား အသိုင်းအဝိုင်း ထဲမှာ။ တတိယမြောက်က ဦးထွန်းမြင့် (ထူးအိမ်သင်၏ ဖခင်)။ အငယ်ဆုံး ဒေါ်လှဝင်းက ကုန်သွယ်/လယ်ယာ။

(၃)

ထူးအိမ်သင်၏ ဖခင် ဦးထွန်းမြင့်ကလေးသည် ငယ်စဉ်က မော်လမြိုင်မြို့ မော်လမိန်း ဂျပ်ဆင် ကျောင်းမှ စတုတ္ထတန်း အောင်မြင်ပြီးနောက် ရှင်မဟာဗုဒ္ဓဃောသ အထက်တန်းကျောင်းသို့ ပြောင်းသည်။

၁၉၅၃ ခုနှစ်တွင် မက်ထရစ် အောင်ခဲ့ရာ မှတ်မှတ်ရရ ထိုနှစ်တွင် မော်လမြိုင်၌ ဥပစာ ကောလိပ် ဖွင့်ခဲ့သည်။ သို့သော် ကျောင်းဖွင့်မည့် အချိန်နှင့် တိုက်ဆိုင်လျက် တိုက်ဖွိုက် ရောဂါဒဏ် အလူးအလဲ ခံလိုက်ရရှာသည်။ သို့ဖြစ်၍ ကျောင်းမတက် ဖြစ်လိုက်။ စာသင်နှစ် နောက်ကျသွား၍ ရန်ကုန် တက်ပြီး အလုပ် ဝင်လုပ်သည်။

ထိုအချိန် ကာလမှာ ဆယ်တန်း အောင်သူများ အလွန် ရှားပါးသော ခေတ်ဖြစ်၍ ရန်ကုန် Housing Board ရုံးတွင် စာရေး အလုပ်ကို လွယ်လွယ်တကူပင် ရခဲ့သည်။ ခြောက်လခန့် အလုပ် လုပ်ပြီး ကောလိပ်ကျောင်းဖွင့်ချိန်နီးမှ မော်လမြိုင် ပြန်လာသည်။

တစ်ဖက်မှာ အချိန်ပိုင်း ကျောင်းဆရာ လုပ်ရင်း ကောလိပ် တက်လေသည်။ ဥပစာ အပိုင်း (က) ကိုတော့ တစ်နှစ်တည်းနှင့် နှစ်ချင်းပေါက် အောင်မြင်သည်။ အင်တာ (ဘီ) ကျတော့ သချ်ာတွဲ သွားယူမိသဖြင့် အဆင်မပြေ။ စာမေးပွဲ မအောင် ဖြစ်ရလေသည်။

ထွက်ပေါက် ရလိုရငြား အလုပ် လျှောက်ရာ တရုတ်လှ ကျေးရွာတွင် အလယ်တန်း ကျောင်းအုပ် ရာထူး ရရှိသည်။ လွန်ခဲ့သော နှစ်ပေါင်း ငါးဆယ်ခန့်၊ ထိုခေတ် ကာလ တရုတ်လှသည် ယခုလို စည်ကားသည် မဟုတ်သေး။ အလွန် ခေါင်လှသည်။ တောနိုပ်တောင်နိုပ် မှိုင်းအုံ့ဆိုင်း မှုန်မှိုင်း၍ နေသည်။ ညအချိန်မှာ တောကြီးမျက်မည်း၏ ချောက်ချားစရာ ပိုးကောင်၊ မွှားကောင် အသံများကြောင့် အိပ်မပျော်နိုင်။ ဦးထွန်းမြင့်လေးသည် အသက်က နှစ်ဆယ်ကျော်။ ငိုချင်သလို၊ ရယ်ချင်သလို ခံစားနေရသည်။

သို့ဖြင့် တစ်ညတည်း အိပ်ပြီး မနက် မိုးလင်းသောအခါ 'အိမ်ကို ခဏသွားပြီး အဝတ်အစားတွေ ယူဦးမယ်' ဆိုကာ အပြီး ပြန်ပြေးလေတော့သည်။

(၄)

ကျောင်းထွက် ပြီး၍ ရန်ကုန် ပြန်တက်လာသည်။

အဖေ့ မိတ်ဆွေ ဦးဖေတင်က ယူဘီအေတွင် ကော်မရှင် မန်နေဂျာ။ သူ့ထံ သွားဝင်တွေ့ရာ ချက်ချင်း လက်ငင်းပဲ အလုပ် ရသည်။ ကုန်စည်စာရေး (Freight Clerk) ဘဝမှာ ယူနီဖောင်း အဖြူ နှစ်စုံ၊ ပန်းထောက် အဖြူက နှစ်စုံ။ ဝိုကက်ဦးထုပ်၊ နက်ကတိုင် နှစ်စင်း၊ ပန်းထောက် အဖြူတစ်လိုင်း ထုတ်ပေးသည်။

မေတ်ကတော့ ကျသည်။ ရှေ့ဆက် လုပ်သွားလျှင် များမကြာမီ လေယာဉ်မောင် (Flight Assistant) ဖြစ်ပြီး နောင်ရေး မျှော်တွေးစရာက ခြောင့်ဖြူလျက် ရှိသည်။ သို့သော် ထိုအလုပ် လုပ်နေရင်း ခြောက်လခန့် အကြာတွင် စိတ်က ပြောင်းသွားပြန်သည်။

လူဝင်မှု ကြီးကြပ်ရေးဌာနတွင် (Assistant immigration officer) ရာထူး ပေါ်လာသောကြောင့် သွားလျှောက်သည်တွင် ချက်ချင်းပဲ ပြန်သည်။ ပန်းပေါ်မှာ နှစ်ပွင့်နှင့် အင်စီကရေးရှင်း အရာရှိ။ အသက်က အစိတ် အရွယ်ရှိ ဌာနတစ်ခုလုံးမှာ အသက်အငယ်ဆုံး။ တက်ဝမ်း ကောင်း၍ အေးအေးဆေးဆေး နေလို့ ရချေပြီ။

(၅)

လွှဲချင်တော့လည်း ကြံဖန်၍ပင် လွှဲရသည်။

လူကလည်း ရိုးစင်း၍ သိပ်မစဉ်းစားတတ်။ ဌာနဆိုင်ရာ လုပ်ငန်းများ၏ လုပ်ထုံးလုပ်နည်း ဥပဒေတွေ နားမလည်။ ယူဘီအေက အလုပ် ထွက်လာခဲ့စဉ် ဘယ်သူကိုမျှ အသိ မပေးခဲ့။ သူတို့ ယူနီဖောင်းတွေ ယူထားရတာ လိပ်ပြာ မသန့်။ သွားပြန်အပ်မှ ကောင်းမည် ဆိုပြီး ပြန်သွားပေးသည်။

ဟိုက 'အခု ဘာလုပ်နေလဲ' မေးတော့ တကယ်ဆို 'ကျောင်းပြန်တက်နေတယ်' ဆိုလည်း ပြီးပြီ။ ရိုးသားစွာပင် အင်မိုဂရေးရှင်းမှာ အလုပ် ဝင်လုပ်နေတာကို အမှန်အတိုင်း ပြောလိုက်မိသည်။ ဌာနတစ်ခုမှ တစ်ခုသို့ ကူးပြောင်း အလုပ် လုပ်ရာတွင် သက်ဆိုင်ရာ၏ ခွင့်ပြုချက် လမ်းကြောင်းအတိုင်း သွားရတာကို နားမလည်။

သို့ဖြင့် ယူဘီအေကလည်း လုပ်ထုံးအတိုင်း အင်မိုဂရေးရှင်းကို စာလှမ်း ရေးပြီး အသိ ပေးသည်။ အင်မိုဂရေးရှင်း မင်းကြီးလည်း ကိုထွန်းမြင့်ကို အလုပ်မှ ရပ်စဲလိုက်ရတော့၏။

(၇)

ထိုစဉ်က ၁၉၅၉-၆၀ ပြည့်နှစ်။ ပါလီမန် ရွေးကောက်ပွဲကာလ။

လူက စိတ်ညစ်ညစ်နှင့် ကေအယ်လ်အမ်၊ ဘီအိုအေစီ နိုင်ငံခြား လေကြောင်းလိုင်းတွေ တစ်ခုပြီး တစ်ခု အလုပ် လိုက်တောင်းကြည့်သည်။ သူတို့က ရုံးများ ပြောင်းရွှေ့သွားတော့မည့် ကာလဖြစ်၍ ဘယ်ကမျှ အလုပ် မပေးနိုင်။ အတော်လေးကို စိတ်လေချင်စရာ ကောင်းနေချိန်။

သူငယ်ချင်း တစ်ယောက်က 'အလုပ် တစ်ခုတော့ ရှိတယ်။ ကာလသားရောဂါ တိုက်ဖျက်ရေးမှာ တဲ့ကွ။ လစာကတော့ အထက်တန်း စာရေး လစာပဲ။ လုပ်ချင်ရင်တော့ ကျန်းမာရေးဌာန သွား' ဟု လမ်းညွှန်လိုက်သည်။

ဟိုရောက်သွားတော့ စာရေးက 'ဟာ အတော်ပဲ။ အချိန်တောင် နည်းနေပြီ။ ဒေါက်တာ ဘရွှေဝါးက ခရီး သွားစရာ ရှိနေတာ' ဆိုပြီး အင်္ဂလိပ် လက်နှိပ်စက်နှင့် စာတစ်စောင် ခပ်မြန်မြန် ရိုက်ပေးသည်။ ကျန်းမာရေး ဦးစီးဌာနမှ ဒေါက်တာ ဘရွှေဝါးထံ စာကို ဝင်ပြရာ စာကို သေချာဖတ်။ စိတ်ရှည်လက်ရှည် ခေးမြန်း ကြည့်ပြီး...

'မင်းကွာ။ ကောလိပ် ပညာတတ်ပဲ။ အခု လျှောက်ထားတာက ကာလသားရောဂါ စုံစမ်းရေး (Investigator) ဘက်ဆိုတော့ ဟိုအိမ်ဒီအိမ် မကောင်းတဲ့ နေရာတွေလည်း သွားရမှာ။ မသင့်တော်ပါဘူး။ မင်း စာတ်ခွဲခန်း ဘက်ကနေရှင် လုပ်ပါလား' ဟု ဆိုသည်။

'တောင်ကြီးနဲ့ ပုသိမ်မှာ နေရာတွေ လစ်လပ်တယ်ကွ။ ငါလည်း အခုပဲ ပုသိမ်ရုံးကို သွားစစ်ဆေးမှာ။ အဲဒီ နှစ်နေရာထဲက မင်း သွားချင်တဲ့ဆီ ရွေး။ ငါ ခန့်ပေးလိုက်မယ်' ဟု ဆိုသည်။

ဦးထွန်းမြင့်ကတော့ နယ်ရပ်ဝေးကို မသွားချင်။ ရန်ကုန်မှာပဲ နေချင်သည်။ ဒေါက်တာ ဘရွှေဝါးက အလုပ်ရလည်း နယ်ကို ချက်ချင်း သွားရမည်ဟု ဆိုသည်။

ဦးထွန်းမြင့်လည်း လာစာ ယူပြီး သုံးလလောက်တော့ နေကြည့်မည်။ နောက်တော့မှ ထွက်တန် ထွက်မည် စိတ်ကူးလိုက်သည်။ 'ပုသိမ်ဘက်ကို ငါ မရောက်ဖူးသေးဘူး။ သူငယ်ချင်းတွေလည်း ရှိတာပဲ။ ရောက်ဖူးအောင် အလည် သွားကြည့်ဦးမယ်' ဟု သူ့စိတ်က ဖြစ်လာသည်နှင့် ပုသိမ်ကို ဆန္ဒပြုလိုက်သည်။

သည်လိုနှင့် တွေးဝပ်လမ်း (ယခု မော်ကွန်းတိုက်လမ်း) ရှိ Pasteur Institute သို့ ရောက်သွားသည်။

ခေါက်တာ အာယာတ်၏ အစီအစဉ်ဖြင့် ကာလသားရောဂါ သွေးရည်ကြည် စမ်းသပ်မှု (Serological tests) များ ဖြစ်သော VDRL test နှင့် Kahn test များကို သင်ယူရလေသည်။ သုံးလပြည့် သင်တန်း အပြီး ပုသိမ် ရောက်တော့ သူ ပျော်သွားသည်။

စာသပြင်သူ မိမြရင်နှင့် ဖူးစာဆုံဖို့ ကြိုတင် သွားပြီး စောင့်စားနေနှင့်သလိုမျိုးလည်း ဖြစ်ခဲ့သည်။

(၈)

မော်လမြိုင်နှင့် စာသပြင်ဆိုတာ တည်နေရာချင်းက လက်တစ်ကမ်းစာ။

ကျိုင်းမြစ်နှင့် သံလွင်မြစ် ဆုံရာမှာ ဟိုဘက်ကမ်းက ဘီလူးကျွန်း မော်လမြိုင်။ သည်ဘက်က စာသပြင် ဖြစ်သည်။ အင်္ဂလိပ်ခေတ်ကတည်းက မော်လမြိုင်မှ နေ့စဉ် သင်္ဘော ပြေးဆွဲသည်။ ဘီလူးကျွန်း တစ်လိုင်း၊ စာသပြင် တစ်လိုင်း ဖြစ်လေသည်။

စာသပြင်သည် အင်္ဂလိပ်ခေတ်တုန်းက တိုက်နယ် မကျသေးသည့် ရွာကြီးတစ်ရွာ ဖြစ်ခဲ့သည်။ စာသပြင်ချောင်းကြီး အပေါ်မှာရှိပြီး တည်ထား၍ အရှေ့ဘက်ကမ်း၊ အနောက်ဘက်ကမ်း ကွဲနေသည်။ ဗမာ၊ မွန်တွေ ရောနှောနေကြသည်။

အရှေ့ဘက်ကမ်းမှာ ဗမာစုဖြစ်၍ လှေစပ်၊ အိုးဖုတ်၊ လယ်ယာ လုပ်ကြသည်။ စာသပြင် လက်ရိုက်အိုးတွေက နာမည်ကျော်။ အိုးရွှံ့မြေကို စာသပြင်ချောင်းများမှ ရပြီး သဲကို ကော့လမူရွာမှ ရသည်။ လူ အသုံးများသည့် စဉ့်မကိုင်သော အမြှုတ်ည်အိုးများ ဖြစ်ကြ၏။ ထိုခေတ်အခါက သတ္တုအိုးတွေ မတွင်ကျယ်။ ထမင်းချက်၊ ဟင်းချက်လည်း မြေအိုးတွေပဲ သုံးခဲ့သည်။ ပန်းကန်၊ အင်တုံ၊ ရေတ်ဆုံမှသည် ဘုရား ညောင်ရေအိုး၊ ကလေး ကစားစရာတွေအထိ အိုးလုပ်ငန်းမှ ထွက်ရှိသည်။

အနောက်ဘက်ကမ်းမှာ မွန်စုဖြစ်၍ ကလယ်လူမျိုး နည်းနည်း ရှိသည်။ လယ်စိုက်ကြသည့်အပြင် တံငါလုပ်ငန်းကတော့ ငါးပုစွန်တွေ ဖမ်း၊ မော်လမြိုင်အထိ တင်ပို့ကြသည်။ ထိုစဉ်က စက်လှေငယ်များ မရှိသေး။ ခြေပြင်ကျယ် ရေလမ်းအတိုင်း ခတ်လှေတွေနှင့်ပဲ သွားကြသည်။ စာသပြင် အနောက်ပိုင်းသည် ဟိုမှာဘက်တွင် ကော့ကျိုက်ရွာနှင့် နီးကပ်စွာ သွားဆက်နေလေသည်။

စာသပြင် အရှေ့ရွာနှင့် အနောက်ရွာကို တံတားကြီး တစ်စင်းက ပေါင်းကူးပေးထားသည်။ မွန်ရယ်၊ ဗမာရယ် ဆိုသော်လည်း ရုပ်ရည် လက္ခဏာအရ ခွဲခြား၍ မရ။ အားလုံး အတူတူ ရောနှော နေကြသည်။ ဘာသာရေးလည်း ကိုင်းရှိုင်းကြသည်။

အရှေ့ဘက် ကမ်းတွင် ကျောင်းကြီးကျောင်းနှင့် ကွင်းကျောင်းတို့ကား ရှေးဟောင်း ဘုန်းတော်ကြီးကျောင်းတွေ။ အနောက်ဘက် ကမ်းမှာလည်း ရှေးကျောင်းကြီး သုံးကျောင်း ရှိသည်။ ဘုန်းကြီးကျောင်းငယ်တွေကတော့ ပေါများလှချေသည်။

(၉)

ထူးအိမ်သင်၏ မိခင်ဘက်မှ အဘိုး ဦးမောင်ကား စာသပြင် အနောက်ဘက်ကမ်း၊ ချောင်းဝမှာ နေထိုင်ခဲ့သော မွန်လူမျိုးဖြစ်သည်။ စပါး စိုက်ပျိုးသည်။

(၁၀)

ထိုခေတ်ကာလ စာသပြင်ရွာကြီးမှာ တော်သလင်းလဆိုလျှင် မိုးရှုပ်သိမ်းစ ပြုရှုံ လှိုင်းလေငြိမ်သက်ပြီ။ မြစ်ယံ သင်ဖျူး ခင်းသည့် ထိုအချိန်မျိုးမှာ လှေပြိုင်ပွဲတွေ ကျင်းပစမြဲဖြစ်တော့၏။ ဆိုင်းတွေ၊ ဗုံတွေ၊ မောင်းတွေကို လှေပေါ် တင်ပြီး အပြိုင်အဆိုင် အားပေးကြသောကြောင့် စည်စည်ကားကားနှင့် ပျော်စရာလည်း ကောင်းလှသည်။

မွန်တိုင်းရင်းသားတို့ ရေလှိုင်းစံ ဝါလ သီတင်းကျွတ် ပဝါရဏာပွဲ ကျင်းပ၍ သိမ်မှ ထွက်ဆင်းလာသည့် ဘုန်းတော်ကြီးများ၏ ခြေအစုံကို အမွှေးနံ့သာရည်ဖြင့် ဆေးကြောပေးပြီး ကြွရာလမ်းကို အဝတ်ခင်းလျက် လျှူဖွယ်များ လောင်းလှူကြသည်။ နေထိုင် မကောင်းသည့် အမျိုးသားများက မိမိကိုယ်ပေါ်မှ နင်း၍ ကြွသွားစေပြီး၊ အမျိုးသမီးများ မကျန်းမာပါက သံဃာတော်များ ကြွရာ လမ်းနံဘေးတွင် ရေအိုး ရေမွှတ် ချထားပေး၍ ခေါင်းမှ စတီသဘော လောင်းချ ပေးသွားကြသည်။ ဤသို့ဖြင့် ရောဂါဘယများ ပျောက်ကင်း စေသည်ဟု ယုံကြည်ကြသည်။

သီတင်းကျွတ်လတွင် ကောက်ဦးပေါ်၍ ကောက်ဦးဆွမ်းလောင်းပွဲကို သီတင်းကျွတ် လပြည့်ကျော် ၆ ရက်နေ့တွင် ကျင်းပသည်။ ချောင်းဆုံဘက် ဘီလူးကျွန်း ၆၄ ရွာထဲမှပင် စာသပြင်အထိ ကူးလာပြီး ဆင်နွှဲကြလေသည်။

မိုးလင်းစ ဝေလီဝေလင်းမှာ သံဃာတော်များ ရွာလမ်းတစ်လျှောက် ရာနှင့် ချီ၍ စီတန်း ကြွမြန်းလာကြစဉ် အိမ်ရှေ့တွေမှာ ကိုယ်စီထွက်၊ ဖုံတွေ ခင်းပြီး နံနက်ဆွမ်းတွေ လောင်းလှူကြသည်။ ထိုအချိန်မှာ မော်လမြိုင်မှ ပွဲစားတွေ ငှားထား၍ ဗြိမ့်ဗြိမ့်သဲသဲ ရှိလှတော့၏။

ကထိန်၊ တန်ဆောင်တိုင် ကျပြန်လျှင် ချောင်းဆုံ၊ ဘီလူးကျွန်း၊ မုရစ်ကြီး၊ မုရစ်ကလေး ရွာများဘက်မှ စာသပြင် အဆက် ဆွေမျိုးတွေက လှေများပေါ်တွင် ကိုယ့်ပဒေသာပင် ကိုယ်တင်လာပြီး စာသပြင်၌ ကထိန် လာခင်းကြသည်။ ဆိုင်း၊ ဗုံတွေ လှေပေါ် တင်တီး လာကြသောကြောင့် အထူးပင် ပျော်စရာ ကောင်းလှချေသည်။

(၁၁)

တော်သလင်းလ လှေပြိုင်ပွဲတွေက တကောင့်ခမိုင်း ခေါ်တွင်သည့် ဘီလူးကျွန်းဘက်မှာလည်း ရှိသည်။

တစ်ခါတော့ အဆော် ကောင်း၍ ချောင်းဆုံ လှေပြိုင်ပွဲသို့ ဦးမောင် ရောက်သွားခဲ့သည်။ ထိုအခါ ဘီလူးကျွန်း၊ မုရစ်ကလေးရွာသူ မိအုန်းစိန်နှင့် သိကျွမ်းခွင့် ရလိုက်သည်။

တစ်ချိန် တစ်ခါတုန်းကတော့ ဘီလူးကျွန်းမှာ နေခဲ့ကြသည့် မောင်ခေါ် မင်းလူမျိုးတို့သည် ဆံပင်ကောက်၊ အသားမည်း၊ ရေကူးသန်၊ ခက်ထန် ကြမ်းကြုတ်ပြီး ဘီလူးနှင့် တူသည်ဟု အဆို ရှိကြ၏။ အရှင် သောဏထေရ်နှင့် ဥတ္တရထေရ်တို့ သုဝဏ္ဏဘူမိသို့ ကြွလာတော့မှ ရန်ပြုတတ်သည့် အဆိုပါ ရေသူရဲ ဘီလူးများကို နှင်ထုတ်ခဲ့ရသည် ဟုလည်း ဆိုလေ့ ရှိကြသည်။

ယခု တွေ့ဆုံရသည့် ဘီလူးကျွန်းသူလေး မိအုန်းစိန်ကဖြင့် ရှင်းသန့်၍ နေတော့သည်။ ဦးမောင်နှင့် ဆိုလျှင် အသက်က နှစ်ဆယ်၊ အစိတ်ခန့်ပင် ကွာနေသည်။ အိမ်မှုကိစ္စ နိုင်နင်းလှပြီး မိန်းမ ပီသသည်ဟု နာမည် သတင်းကြီးသော မိအုန်းစိန်ကလေးကို မြင်မြင်ချင်းပင် ဦးမောင် မေတ္တာသက်ဝင် သွားခဲ့သည်။ သို့ဖြင့် ထုံးတမ်းနှင့် အညီ လူကြီးစုံရာနှင့် သွားရောက် တောင်းရမ်း လက်ဆပ်ယူခဲ့သည်။ မိအုန်းစိန်လည်း သျှောင်နောက် ဆံထုံးပါ။ စာသပြင်ရွာသို့ ရောက်လာခဲ့လေသည်။

(၁၂)

ဦးမောင်နှင့် ဒေါ်အုန်းစိန်တို့မှာ သားသမီး ငါးယောက် ထွန်းကားခဲ့သည်။ အကြီးဆုံးက ဦးမြတ်ထွန်း။ ဒုတိယ မိမြတင်။ တတိယ မိမြရင် (ထူးအိမ်သင်၏ မိခင်)။ အဲသည်နောက် ဦးတွေးမြင့်။ အငယ်ဆုံးက မိစိန်ရင် ဖြစ်သည်။

(၁၃)

ဗြိတိသျှခေတ်တုန်းက ရဲစခန်းခွဲကလေး တစ်ခုသာ ရှိသော်ငြားလည်း အေးချမ်း လုံခြုံခဲ့သည့် စာသပြင်သည် စစ်ရိပ် စစ်ငွေ့ သမ်းလာသည်နှင့်အမျှ မတည်မငြိမ် လှုပ်ခတ်စ ပြုလာသည်။ ဂျပန် စစ်ကြောင်း ဝင်လာချိန်။ အင်္ဂလိပ်တပ်များက စာသပြင်လမ်းအတိုင်း ဆုတ်ခွာကြသည်။ ကြောင်နက် တံဆိပ် အိန္ဒိယ အင်ဂျင်နီယာတပ်များက မြစ်ချောင်းတွေ တွေ့လျှင် တံတားတွေ ချက်ချင်း ထိုးပြီး စနစ်တကျ ဆုတ်ခွာ သွားကြ၏။

ဂျပန် စစ်ကြောင်းကြီးတစ်ကြောင်းက စာသပြင်ကို ဖြတ်ပြီးမှ မော်လမြိုင်သို့ ရောက်နှင့်နေ၍ ပူးပေါင်းမိကြလေသည်။ မော်လမြိုင် မြို့သူမြို့သားများကား ဘီလူးကျွန်းမှတစ်ဆင့် စာသပြင်အထိ စစ်ပြေး လာကြသည်။ လူတစ်ကိုယ် တစ်နိုင်စာသာ သယ်နိုင်၍ ပစ္စည်းတွေကို သည်အတိုင်း ထားပစ်ခဲ့ကြသည်။ မပြေးလို့ကလည်း မဖြစ်။ စစ်ဦး ဘီလူး ဆိုသည့်အတိုင်း ဂျပန်တပ်တွေ ဆက်ဆံပုံက ကြမ်းလှရမ်းလှသည်။

တစ်ဘက်မှာ တောမီးလောင်၍ တောကြောင်လက်မောင်း ဝေ့်သည့်နှယ် ဖောက်ထွင်း လှယက်နိုင်ထက်စီးနင်းမှုတွေ ကြုံရသည်။

ဗုံးတွေကလည်း မော်လမြိုင်ကို ကြဲလှပြီ။ ညဘက်ဆို မော်လမြိုင်မြို့ အထက်က တောင်းကင်ယံတွင် ဂျပန် တိုက်လေယာဉ်များနှင့် ဗြိတိသျှ တိုက်လေယာဉ်များ စီးချင်း ထိုးကြတာကို စာသပြင်ဘက်မှပင် လှမ်း၍ မြင်ရသည်။ အောက်မှ လှမ်းပစ်သော မီးပွင့်တွေ။ အပေါ်မှ ဗုံးကြဲချတာတွေ။ ငိုက်စိုက် ထိုးကျသွားသည့် လေယာဉ်ပျံတွေ။ မီးတောက်များကြောင့် မိုးကောင်းကင်က သွေးရောင် နီမြန်းတောက်ပနေသလို မီးခိုးများဖြင့် မှိုင်းညို့မှောင်မည်း နေတော့သည်။

(၁၄)

စာသပြင်မှာ ဂျပန် တပ်ကြီး စခန်းချပြီး ဌာနချုပ် လာဖွင့်သည်။ စာသပြင် ဘုရားနား ကပ်ရက် ဂျပန် ကျည်ဆန် စက်ရုံကြီး တစ်ခုကို သွပ်မိုးတွေနှင့် အနိုင်အခန့် တည်ဆောက်သည်။ ထိုအခါ အင်္ဂလိပ်ကလည်း စာသပြင်ကို ဗုံးတွေ တရစပ် ကြဲချတော့သည်။

ဘယ်ဖလိုခေါ် ကျွဲညိုရောင် လေယာဉ်ပျံ နှစ်စင်းက အဆိုးဆုံး။ အသံမပေး ဘာမပေးနှင့် ရုတ်တရက် ဆိုသလို ရောက်လာပြီး သေမင်းကိုမှ လက်ဆောင်သဖွယ် လာပေးသည်။ စာသပြင်ရွာ အလည်ကောင် တည့်တည့် မီးလောင်ဗုံးကြီးတွေ လာကျသည်။ ရွာသူရွာသားတွေ ဓမ္မကာတော့ဖြင့် မြေစာခြောက်ပင်များသဖွယ် အတိဒုက္ခ ရောက်ရှာတော့သည်။

(၁၅)

ဦးမောင်၊ ဒေါ်အုန်းစိန်တို့မှာ သားသမီး ငါးယောက်ကလည်း ငယ်ကြသေးသည်။ စာသပြင်မှာ ကျီးလန့်စာစား မလုံခြုံ။ သို့ဖြင့် ဒေါ်အုန်းစိန်တို့ အမေ့ရွာ ဘီလူးကျွန်း တောင်ပိုင်း၊ မုရစ်ကလေးသို့ ရွှေ့လာကြလေသည်။

စစ်ကြီး ပြီးဆုံးသွားတော့လည်း သူတို့ မိသားစု စာသပြင်ကို မပြန်ဖြစ်တော့ပြီ။ မုရစ်ကလေးမှာလည်း လယ်တွေမြေတွေ ရှိနေ၍ အခြေကျသွားသည်။ မိမြရင်တို့ မောင်နှမတစ်တွေ မုရစ်ကလေး ရွာကျောင်းမှာပဲ ပညာသင်ကြသည်။ ရွာကျောင်းက မူလတန်းမှ အလယ်တန်း။ တစ်ဖန် အထက်တန်းကျောင်း အဖြစ် တဖြည်းဖြည်း တိုးမြင့် သွား၍ စာသင်ရတာ အဆင်ပြေသွားသည်။

ဦးမောင် ခမျာ အစကတည်းက သိပ်မကျန်းမာ။ သမီး မိမြရင်ဒုတိယတန်း ရောက်သော နှစ်မှာ နေထိုင်မကောင်း ဖြစ်ပြီး ဆုံးပါးရှာသည်။ ငယ်ငယ်နှင့် အဖေ ဆုံးပါးရတော့ စိတ်ထဲမှာဖြင့် အတော်လေးကို ထိခိုက် ခံစားရသည်။

(၁၆)

၁၉၅၄ ခုနှစ်။

မိမြရင် အသက် ၁၈ နှစ်တွင် ဆယ်တန်း အောင်သည်။ အမေ့ကိုလည်း ငံ့ညှာချင်။ အပြင်လောကကို ဘာသာ ထွက်ပြီး ကိုယ်ခြေထောက်ပေါ် ကိုယ်လည်း ရပ်ကြည့်ချင်သည်။ သူနာပြု သင်တန်း လျှောက်လွှာတွေ ခေါ်နေတာ တွေ့၍ တင်လိုက်သည်။

မန္တလေးဆိုတာ တန်ခိုးကြီး ဘုရားတွေ၊ ကျုံးမြို့ရိုးတွေ နန်းတော်တွေ တည်ရှိသော ရွှေမြို့တော်ကြီး ဖြစ်သည်။ ရှေးအစဉ်အလာ၏ ခံ့ထည်မှု အရှိန်အဝါ ကြီးမားလှသည်။ ရောက်ဖူးချင်စရာ ကောင်းလှသည်ဟု မိမြရင် စိတ်ထဲ တွေးမိသည်။

ဝေးလံသော်လည်း မန္တလေး သင်တန်းကိုပဲ တမင်တကာ ရွေး၍ လျှောက်လိုက်သည်။ ဤသို့ဖြင့် မွန်ပြည်နယ်မှ သူနာပြုသင်တန်းသူလေး မိမြရင်သည် မန္တလေး အထွေထွေရောဂါကု ဆေးရုံကြီးသို့ ရောက်ရှိ လာခဲ့ရတော့သည်။

ဖွေးဖွေးဖြူဆွတ်သော အင်္ကျီနှင့် ထဘီအနီရဲရဲကို မိမြရင် မြတ်နိုးလှသည်။ ထိုအချိန်က ဆေးရုံအုပ်ကြီးမှာ ပန်ချာပီ လူမျိုး ဒေါက်တာ ဂယန်းဆင်း ဖြစ်၏။ မေထရွန်ကြီးက ကရင်တိုင်းရင်းသူ ဒေါ်သင်းလှိုင်။ အလွန်စည်းစနစ်ကျပြီး ထက်မြက်သည်။ သင်တန်းသူတွေကို အစစအရာရာ သွန်သင် ညွှန်ပြ ပေးခဲ့သည်။

အားလပ်ချိန်မှာ မန္တလေးရွှေမြို့တော်ကြီးတွင် လည်ပတ်လေ့လာစရာတွေ မကုန်နိုင်အောင် ပေါများသည်။ ကျုံးပတ်လည် ဝန်းရံထားသည့် နန်းမြို့တော်ကြီးက ဆေးရုံကြီးနှင့် ဘာမျှ အလှမ်း မဝေးချေ။ မန္တလေးတောင်၊ ကျောက်တော်ကြီး၊ ရွှေကြီးမြင့်၊ မဟာမြတ်မုနိ အစရှိသဖြင့် ဖူးရမည့် ဘုရားတွေက စုံလှသည်။ ဈေးချိုမှာ ဈေးထွက် ဝယ်ရတာလည်း ပျော်စရာ။ ဈေးချိုသူတွေ ထိုခေတ်တုန်းက ရွှေမြကျင်းတွေ ဝတ်တတ်ကြသေးသည်။

သင်တန်း အစီအစဉ်ဖြင့် ပြင်ဦးလွင်သို့လည်း မကြာခဏ သွားရောက် လည်ပတ်ခဲ့ရသည်။

၁၉၅၄ ခုနှစ်မှ ၁၉၅၇ ခုနှစ်အထိ သုံးနှစ်တိုင် ရွှေမန်းမြေမှာ သူနာပြုပညာတွေ အပတ်တကုတ် ဆည်းပူး လေ့လာခဲ့လေသည်။

(၁၇)

သင်တန်း ပြီးဆုံးသည့် ၁၉၅၈ ခုနှစ်တွင် ရေနံချောင်း၊ ကာလသားရောဂါ တိုက်ဖျက်ရေး စီမံချက်၌ တာဝန်ထမ်းခဲ့ရ၏။ ၁၉၅၉-၆၀ ခုနှစ်ကျတော့ ရန်ကုန် အထွေထွေ ရောဂါကု ဆေးရုံကြီး၊ ကာလသား ရောဂါ တိုက်ဖျက်ရေး ဌာနခွဲသို့ ပြောင်းရွှေ့ရပြန်သည်။ ၁၉၆၀-၆၁ ခုနှစ်တွင် ဝမ်းဆွဲဆရာမ လက်မှတ်အတွက် ပညာ ပြည့်စုံအောင် ဒပ်ဖရင် အမျိုးသမီး ဆေးရုံကြီးတွင် သင်တန်း ခြောက်လ တက်ရောက် ဆည်းပူးခဲ့ရသည်။

အဲသည့်နောက်မှာတော့ ပုသိမ်မြို့၊ ကာလသားရောဂါ တိုက်ဖျက်ရေးဌာနသို့ ရွှေပြောင်း လာခဲ့ရသည်။ ဤသို့ဖြင့် ပုသိမ်တွင် ရောက်နှင့်နေသည့် မော်လမြိုင်သား ဦးထွန်းမြင့် ဆုံစည်းဖို့ အကြောင်း ဖန်လာခဲ့တော့သည်။

(၁၈)

နှစ်ပေါက်စလုံး ဌာနကလည်း အတူတူ။ ကိုယ့်လစာနှင့် ကိုယ်။ နောက်ဆံငင်စရာ ဘာမျှမရှိ။ ကိုယ့်ခြေထောက်ပေါ် ကိုယ်ရပ်နိုင်ကြသည်။ ဦးထွန်းမြင့်၏ မိခင် ဒေါ်ပုကလည်း ပုသိမ်မှာ လိုက်နေချိန်။ ဒေါ်မြရင် မိခင် ဒေါ်အုန်းစိန်ကလည်း ရောက်နေသည်။ မိခင်ချင်း ခင်မင်ရင်းနှီး သွားကြသောအခါ လူငယ်တွေ၏ အရေးကိစ္စမှာ ဘာအခက်အခဲမျှ မရှိတော့ပြီ။

ထိုအချိန်တွင် ဦးထွန်းမြင့်က တူတော်စပ်သူ ကိုအေးကျော် ရရှိထားသည့် ပုသိမ်ပြည်တော်သာ တိုက်ခန်းမှာ နေထိုင်လျက်ရှိသည်။ ထိုအိမ်မှာပဲ မင်္ဂလာ ဧည့်ခံပွဲ ပြုလုပ်ခဲ့သည်။ ရုံးမှာ လက်မှတ်မထိုး။ မင်္ဂလာလည်း မဆောင်။ ပုသိမ် စက်ရှင်တရားသူကြီး ဦးချမ်းလွင်က ဦးထွန်းမြင့်၏ ဆရာသမားအရင်း။

'ဟေ့–မောင်ထွန်းမြင့်။ ငါတို့ ဗုဒ္ဓဘာသာ မိရိုးဖလာ ထုံးစံမှာ လက်မှတ် ထိုးတယ် ဆိုတာ မရှိဘူးကွ။ ပုဆိုးတန်းတင် အကြင် လင်မယားပဲ ရှိတယ်။ အရှေ့ ခုနစ်အိမ်၊ အနောက် ခုနစ်အိမ်က အသိအမှတ် ပြုရင် လင်မယားအဖြစ် အရာရောက်တယ်။ ဘာမှ အပိုတွေ မလုပ်နဲ့။ အရေးကြီးတာက တစ်သက်လုံး မြတ်မြတ်နိုးနိုး ပေါင်းသင်းဖို့ကွ။ လက်မှတ် ထိုးဖို့တော့ ငါ့ဆီ မလာခဲ့နဲ့။ ကြားလား။ ငါ ဘာမှ လုပ်မပေးဘူး' ဟု ဆိုသည်။

သို့ဖြင့် သီတင်းကျွတ်သည်နှင့် အိမ်ထောင်ပစ္စည်းတွေ ပြေးဝယ်။ ပြည်တော်သာ တိုက်ခန်းရှေ့မှာပဲ မီးသီး၊ မီးကြိုးတွေ ကိုယ့်ဘာသာ ဆင်။

ဖိတ်စာ ရိုက်တော့ ပုံနှိပ်တိုက်က– 'အစောင် ငါးဆယ်တည်း မှာတာ တစ်ခါမှ မကြားဖူးဘူး။ နှစ်ရာလောက်တော့ ရိုက်သွားပါလား' ဟုဆိုသည်။

'ဟာဗျာ၊ ပုသိမ်မှာ အသိ မိတ်ဆွေတွေလည်း မများပါဘူး၊ ပိုနေမှာပေါ့' ဟု ပြန်ပြောမိသည်။ တကယ်တမ်းကျတော့ ဆေးရုံ အသိုင်းအဝိုင်းနှင့် ဖိတ်စာ နှစ်ရာပင် မလောက်ချေ။

ဦးထွန်းမြင့်၏ ကျောင်းနေဖက် သူငယ်ချင်း ဗိုလ်မှူး မောင်မောင်လွင်က ပုသိမ်မှာ တာဝန်ကျ၍ ထိုခေတ်က ပေါ်ကာစ တိပ်ရီကော်ဒါ ဝယ်ထားတာ မကြာသေး။ သူ ကိုယ်တိုင် သယ်ယူ လာပြီး ဝမ်းသာအားရ သီချင်းတွေ ဖွင့်ပေးသည်။ ဆေးရုံအုပ်ကြီး ဒေါက်တာ ဦးထွန်းရှိန်နှင့် လက်ထောက် ဆရာဝန် ဒေါက်တာ ရွှေဝါ၊ ဓမ္မတာ မိဒိုယ်တို့ လာပြီး ချီးမြှင့်ခဲ့ကြသည်။

သီတင်းကျွတ်စ၊ မိုးကာလလည်း လုံးလုံး မလွတ်မြောက်သေး၍ မိုးမင်းက ဖြန်းဖြန်းဖြင်းဖြင်း ကျီစယ်လိုက်သေးသည်။ သို့သော် မိုးပြေး ဝေးမျှ ဖြစ်၍ ဧည့်ခံပွဲမှာ စည်စည်ကားကားနှင့် ပျော်စရာကောင်းပင် ထမြောက် အောင်မြင်ခဲ့တော့သည်။

(၂၈)

လက်ထပ်ပြီး၍ များမကြာခင် ပြည်တော်သာတိုက်ခန်းက ကိုအေးကျော်တို့ အခန်းနားမှာ တစ်ခန်း အားသွားသည်။

တစ်ရက်သောအခါ ရုံးတွင် ခရိုင်ဆရာဝန်ကြီး ရောက်ရှိနေစဉ် အခန့်သင့်၍ ဦးထွန်းမြင့်က အိုးအိမ် အင်ဂျင်နီယာထံသို့ ဖုန်းလှမ်းဆက်သည်။ ဖုန်းဝင်သွားသောအခါ 'ကျေးဇူးပြုပြီး ခဏ ကိုင်ထားပါ ခင်ဗျာ' ဟု ဆိုကာ ဆရာဝန်ကြီး လက်ထဲ ဖုန်းထိုးထည့်ပေးပြီး 'ဆရာ ကျွန်တော့်အတွက် ပြည်တော်သာ ပိုက်ခန်းလေး ပြောပေးပါဦး' ဟု အပူကပ်ရသည်။

ဆရာဝန်ကြီးက တစ်ဖက်နှင့် ပြောဆိုချင်း 'ဟေ့ မောင်ထွန်းမြင့်၊ ဟိုက မေးနေတယ်။ အားနေတာ အခန်းနံပါတ် ဘယ်လောက်လဲတဲ့' ဟု လှမ်းမေးသည်။

အားလပ်နေတာ နံပါတ် (၇)။

ဤသို့ဖြင့် သူတို့ ဇနီးမောင်နှံ နေစရာ အခန်း ရရှိ သွားခဲ့ကြလေသည်။



မော်လမြိုင်သား ဦးထွန်းမြင့်၊ လူပျိုဘဝ



မော်လမြိုင်သား ဦးထွန်းမြင့်၊ လူ့ရှိုဘာဝ



မော်လမြိုင်သားနှင့် တောသပြင်သူတို့ ဖူးစာ



ပုသိမ်ပြည်တော်သာတိုက်ခန်း

# အခန်း (၂)
# ကလေးလေး အတွက် ဂီတကျောင်း

(၁)

ထူးအိမ်သင် ဖြစ်လာမည့် သားဦး၊ သားကြီး ကျော်မြင့်လွင်ကို ၁၉၆၃ ခုနှစ်၊ ဇူလိုင်လ ၁ ရက်နေ့မှာ ဖွားမြင်ခဲ့သည်။ သားဦးပင် ဖြစ်သော်ငြားလည်း အခက်အခဲ တစ်စုံတစ်ရာ မရှိ။ ချောမွေ့လွယ်ကူသည်။ မှတ်မှတ်ရရ ထိုနေ့က "ပေးဒေး" ဖြစ်သည်။ ဝန်ထမ်း သားသမီး လစာထုတ်ရက်မှာ မွေးတာကတော့ တကယ့်ကို သတိရစရာ ဖြစ်သည်။

မီးဖွားပြီး ခြောက်လခန့် အကြာတွင် မိခင် ဒေါ်မြရင်က မော်လမြိုင်သို့ ပြောင်းရသည်။ ဦးထွန်းမြင့်ကလည်း ရာထူး တစ်ဆင့်တက်ဖို့ ရန်ကုန် Pasteur Institute ရှိ ဒေါက်တာ အာယာတ်ထံတွင် အတွေ့တွေ့ ပေါက်ခွဲ ကျွမ်းကျင်သင်တန်း သွားတက်နေရသည်။

(၂)

မော်လမြိုင်က အမျိုးတွေကတော့ ဖြူစင်ဖွေးဥ ဝတုတ်တစ်နေသည့် သားယောကျ်ားလေးကို အားလုံး ဝိုင်းချစ်ကြသည်။ မြင်သူတိုင်းက–

'ဟယ် ဘဲဥကလေးလိုပဲ။ ဘဲဥကလေးလိုပဲ' ဟု ပြောတတ်ကြ၍ ဘဲဥ အမည်တွင်တော့သည်။

'ဟယ် စိမ်းစားဥကြီးလိုပဲ'ဟု ပြောသူတွေလည်း ရှိခဲ့ကြသည်။ သို့သော် ကံကောင်း ထောက်မစွာပင်။ စိမ်းစားဥ ဆိုသည့် အမည်မတွင်ခဲ့ချေ။

(၃)

အမေ ဒေါ်မြရင်၏ အဘိုးက ဘီလူးကျွန်း မုရစ်ကလေးရွာမှ ဘုန်းတော်ကြီး ဖြစ်သည်။ ဗေဒင်အတွက်အချက် ကျွမ်းကျင်သည်။ မွန်တို့၏ ရှေးရိုးစဉ်လာ ဓလေ့များ၊ မွန်တိုင်းရင်းသား လူ့အဖွဲ့အစည်းများ အတွင်းရှိ လူမှုကိစ္စ အားလုံးနှင့် ဆိုင်သော အကြောင်းအရာများ၊ ရှောင်ရန်၊ ဆောင်ရန် အချက်များ လမ်းညွှန်ချက်များနှင့် ပြိုလ်နက္ခတ် သွားလာပုံ၊ ဗေဒတွက်နည်းစုံများ ပါဝင်သည့် လောကသိဒ္ဓိကျမ်းနှင့် လောက သမုဒ္ဒိကျမ်းများကို ပိုင်နိုင်သူ ဖြစ်သည်။

ဆရာတော်က ကလေး၏ ဇာတာကို ခွင်ချ တွက်ချက် ကြည့်ပြီး –

'အိမ်းဒီကလေးကဖြင့် သာမည ကလေးတော့ မဟုတ်ဘူးဟေ့။ လျှမ်းလျှမ်းကြီးကို တောက်ဦးမယ့်ကလေး။ ပဒေသာပင်ကြီးလိုကိုပဲ စေဆာ သီးပွင့်ဦးမှာ၊ ဘုန်းကြီးကတော့ တပ်အပ် ပြောလိုက်ပြီ' ဟု အားရပါးရ မိန့်သည်။

တစ်ဆက်တည်းမှာပင် ဆရာတော်က မွန်အမည် 'ပေါ်ဆောမ်' ဟူ၍ မှည့်ခေါ်ပေးခဲ့သည်။ အဓိပ္ပာယ်က 'ငွေသီးပွင့်သည့် ပဒေသာပင်' ဟူ၏။

'ကြောဝတောမင်းကဲ့သို့ တန်ခိုးကြီးပါစေ။ မိဘကို ရိုသေသည့် သားထူးသားမြတ် အဖြစ် ရှိစေ' အစရှိသည့် ဂါထာရွတ်ဆိုပြီး သိဒ္ဓိများလည်း တင်ပေးခဲ့သည်။

(၄)

အဖေ ဦးထွန်းမြင့်ကတော့ ရန်ကုန်မှာ သင်တန်းတက် ပြီးသွားသောအခါ ပုသိမ်ကိုပဲ ပြန်ရောက်သည်။ ဇနီးနှင့် ကလေးငယ်က မော်လမြိုင်မှာ ရောက်နေခဲ့သည်။

ဤသို့ဖြင့် မဖြစ်ချေသေး ဆိုပြီး ရန်ကုန် ရုံးချုပ်မှာ ကူးစက်ပွားနှ (Epidemic) ကိုင်သော ဒေါက်တာ ဦးကိုကိုထံ သွားရသည်။ ဆရာဝန်ကြီးက ဆင်နှားရွက် တံခါးမှာ ရစ်သီရစ်သီ လုပ်နေသော ဦးထွန်းမြင့်ကို လှမ်းတွေ့၍ 'ဝင်လာခဲ့လေ။ ဘာကိစ္စလဲ'ဟု ဆိုသည်။

'ဒီလိုပါ ဆရာ–ကျွန်တော့်အလုပ်က ပုသိမ်မှာ။ မိန်းမနဲ့ ကလေးငယ်လေးက မော်လမြိုင် ရောက်နေကြပါတယ်' ဟု ဆိုရုံရှိသေး–

'အေး၊ ဟုတ်ပြီ ဟုတ်ပြီ။ ငါ သိပြီ။ အဆင်ပြေအောင် ငါ လုပ်ပေးလိုက်မယ်။ ရုံးအုပ်ကြီးဆီမှာ လိုတဲ့ အချက်အလက်တွေ ရေးထားပေးခဲ့။ ဘာမှ စိတ်ပူမနေနဲ့။ စိတ်ချသွားတော့' ဟု ဆိုသည်။

တစ်လတာကာလ အတွင်းမှာပင် ဒေါ်မြရင် ပုသိမ်မြို့သို့ ပြောင်းရွှေ့အမိန့် ပြန်ထွက်လာ၍ မိသားစု ပြန်ဆုံစည်းရတော့သည်။ ဘာဆိုဘာမျှ အပို ဂါရဝ မလိုအပ်ခဲ့။ ဖယောင်းတွား မလုပ်ခဲ့ရ။ ရုံးကိစ္စ၊ ရုံးအလုပ်၊ သူ့စည်းသူ့ကမ်း သူ့နည်းလမ်းဖြင့် သူ့အလိုလိုသာ ပြီးမြောက်ခဲ့ရသည်။ ကျေးဇူး ကြီးမားလှသည် ဆိုရမည်။

(၅)

သည်ကြားထဲမှာ သွားဘက်ဆိုင်ရာ ကျန်းမာရေးဝန်ထမ်း သင်တန်းတစ်ခု နယူးဇီလန်နိုင်ငံမှာ သွားတက်ဖို့ဆိုပြီး ပေါ်လာ၍ လျှောက်ကြည့်လိုက်သေးသည်။ သို့သော် ရန်ကုန်မြို့မှာတင် သွားဘက်ဆိုင်ရာ ဆေးကောလိပ် ဖွင့်လှစ်ဖြစ်သွားသည့်အတွက် အဆိုပါ အစီအစဉ် တစ်ခုလုံး ပျက်သွားခဲ့သည်ဟု ဆိုသည်။

၁၉၆၂ ခုနှစ်တွင် တော်လှန်ရေးကောင်စီ တက်လာပြီးသည့် နောက်ပိုင်း တစ်ချိန်က ဝန်ထမ်း စည်းမျဉ်း စည်းကမ်းနှင့် အနည်းအကျဉ်း ငြိစွန်းခဲ့သူများကို လွတ်ငြိမ်းချမ်းသာခွင့်ပေးသည့် ကြေညာချက် တစ်ရပ် ထွက်ပေါ်လာခဲ့သည်။ ဤသို့ဖြင့် နဂိုမူလ လုပ်ငန်းကြီးကြပ်ရေးဌာနသို့ အရာရှိ အဖြစ် ပြန်သွားလိုက ပြန်သွားနိုင်သည့် အခွင့်အလမ်း ရရှိလာခဲ့လေသည်။

သို့ပါသော်လည်း ပြန်စဉ်းစားတော့ ကျန်းမာရေး ဝန်ထမ်းလောက ပတ်ဝန်းကျင်မှာ နေသားတကျ ဖြစ်နေပြီ။ အိမ်ထောင်ရက်သား ကျပြီး ရင်သွေး ရတနာပင် ထွန်းကားနေခဲ့ပြီ။ ဟိုမှာဆို အစအဆုံး အားလုံး အသစ်က ပြန်စရဦးမည်။ သို့ဖြစ်၍ ပြန်မသွားဖြစ်တော့ချေ။

(၆)

ပုသိမ်မြို့တွင် ကျောင်းကျန်းမာရေးဌာန ဖွဲ့စည်း ထားရှိ၍ ကျောင်းကျန်းမာရေး အရာရှိ ရာထူးကလည်း လစ်လပ်နေသည်။ စာရေးကြီး လစာ ၂၀၀ ကျပ်နှင့် ရှားပါးစရိတ်နှင့်မို့ မဆိုးဟု ဆိုရမည်။ သို့ဖြင့် ဦးထွန်းမြင့်လည်း ကာလသားရောဂါ တိုက်ဖျက်ရေးမှ ကျောင်းကျန်းမာရေးသို့ ဌာနပြောင်း လျှောက်ထားခဲ့ရာ ရရှိသွားသည်။

ဒေါ်မြရင်လည်း များမကြာမီ ကျောင်းကျန်းမာရေးဌာနသို့ ပြောင်းရွှေ့ခွင့် ရပြန်သောကြောင့် လင်မယား နှစ်ယောက် တစ်ဌာနတည်း အတူတူ ဖြစ်သွားကြလေသည်။

ကျောင်းကျန်းမာရေးဌာန အလုပ်က စာသင်ကျောင်းများရှိ ကလေးတွေ၏ ကျန်းမာရေးကို လိုက်လံ စစ်ဆေး စောင့်ရှောက် ပေးရသောကြောင့် ပျော်စရာလည်း ကောင်းသည်။ စာသင်ကျောင်းတွေ အနှံ့သွား ကျန်းမာရေး ဆိုင်ရာ ဟောပြော၊ ကာကွယ်ဆေးချိန် ကာကွယ်ဆေးတွေ ထိုးနှံ ပေးရသည်။ ကလေးများ တစ်ကိုယ်ရေ သန့်ရှင်းမှုအတွက် ပညာပေး ရှင်းပြရသည်။

တစ်ကိုယ်လုံး ဝဲတွေ ပေါက်နေသော ကလေးမျိုးနှင့် တွေ့ရလျှင် အဝတ်တွေ ချွတ်၊ စုတ်တံကြီး တစ်ချောင်းနှင့် တစ်ကိုယ်လုံး အနှံ့ ဝဲဆေးတွေ သုတ်သိမ်းပေးတာမျိုး လုပ်ပေးရသည်။

(၇)

ပြည်သူ့ဆေးရုံကြီးမှာ ဆေးရုံအုပ်ကြီးက ဒေါက်တာ ကျော်စိန်၊ ခွဲစိတ်ဆရာဝန်က ဒေါက်တာ မြတ်သူရတို့ ရှိကြသည်။ ပုသိမ် ကျောင်းကျန်းမာရေးဌာနမှာ တာဝန်ခံ ဆရာဝန်က ဒေါက်တာ ဒေါခင်မေဦး။ နောက်ပြီးတော့ သွားဆရာဝန် တစ်ဦးလည်း ရှိသေးသည်။

ပုသိမ်မြို့က နယ်မြေကျယ်ဝန်းသောကြောင့် ကျောင်းကျန်းမာရေးအတွက် အဖွဲ့နှစ်ဖွဲ့ပင် ခွဲထားခဲ့ရသည်။

အလုပ် လုပ်ရကိုင်ရတာ ပျော်စရာ ကောင်းသည်။ လင်မယားနှစ်ယောက် ဝင်ငွေ ဖြစ်၍ စားဝတ်နေရေးကလည်း ဘာဆိုဘာမျှ ပူပင် ကြောင့်ကြစရာ မလို။ သားသမီးတွေ တစ်ယောက်ပြီး တစ်ယောက် တိုးပွား လာကြ၍ မိသားစုထဲမှာ သိုက်သိုက်ဝန်းဝန်း စည်စည်ပင်ပင် ဖြစ်လာသည်။

သားကြီး ကျော်မြင့်လွင်ကို ၁၉၆၃ ခုနှစ် ဇူလိုင်လ ၁ ရက်နေ့မှာ မွေးဖွားခဲ့ပြီး သမီးကြီး ခင်မိုးမိုးကို ၁၉၆၅ ခုနှစ် နိုဝင်ဘာလ ၁၈ ရက်မှာ မွေးဖွားသည်။ သူ့နောက်က ဒုတိယသား အောင်ဥာဏ်စိုး၊ ၁၉၆၇ ခုနှစ် နိုဝင်ဘာ ၂၀။ အဲသည့်နောက် နွယ်နီခင် ၁၉၆၉ ဧပြီ ၁၇၊ အောင်မျိုးဟိန်း ၁၉၇၀ ပြည့်နှစ် မတ် ၁၅ နှင့် ခင်းဆုမွန် ၁၉၇၂ ခုနှစ် ဩဂုတ် ၁ တို့ ထွန်းကား လာကြသည်။

သူတို့ အားလုံး အပြိုင်းအရိုင်းပင် ကြီးပြင်း လာခဲ့ကြပြီး မိသားစု အစုအဝေးကို အားဖြည့် ဆေးခဲ့ကြလေသည်။

အိမ်မှာက သားသမီးတွေသာ မဟုတ်၊ အပေါင်းအသင်းတွေလည်း များ၍ စည်ကားသည်။ အထူးသဖြင့် ဂီတအနုပညာ အပေါင်းအသင်းတွေ ဖြစ်ကြလေသည်။

(၉)

ဦးထွန်းမြင့်သည် ငယ်စဉ်ကပင် ကဗျာ လင်္ကာ အနုပညာ ဝါသနာ ပါခဲ့သည်။ မော်လမြိုင်မြို့ ရှင်မဟာဗုဒ္ဓဃောသကျောင်းမှာ နေစဉ် သူ၏ ဆရာ ဦးဘသန်းက စာရေးဆရာ ဖြစ်သည်။ တေးထပ်၊ သံချို၊ ရတု၊ မေတ္တာစာ၊ ကဗျာလင်္ကာရေးဖွဲ့ နည်းတွေ၊ ကာရန်နှင့် ဓါသ၊ စပ်ထုံးမျိုးစုံ အားလုံး အကုန် သင်ကြား ပေးခဲ့သည်။

မော်လမြိုင် ကောလိပ်ကျောင်းမှာ တက်နေစဉ် ရှင်မဟာဗုဒ္ဓဃောသ ဗုဒ္ဓဘာသာ သာသနာပြု အထက်တန်းကျောင်းကြီးတွင် အချိန်ပိုင်း ဆရာ ပြန်ဝင်လုပ်နေခဲ့သည် ဖြစ်၍ တစ်ခါတော့ ကျောင်း Concert ကပွဲ လုပ်ဖို့ ကြုံကြိုက် လာခဲ့သည်။ ကျောင်းအုပ်ဆရာကြီးကလည်း စည်စည်ကားကား သိုက်သိုက်မြိုက်မြိုက် ဖြစ်စေချင်သည်။

ဦးထွန်းမြင့်နှင့် လုပ်ဖော်ကိုင်ဖက် သူငယ်ချင်း လူငယ်ဆရာတွေ ဝိုင်းဝန်း တိုင်ပင် ကြည့်ကြသည်။ ထိုအချိန်တွင် ဦးထွန်းမြင့်က ဥမ္မာဒန္တီပျို့ကို ဖတ်ထားမိသော အချိန်။ သူငယ်ချင်းတွေက ပြဇာတ် တစ်ပုဒ်လောက် တင်လျှင် ကောင်းမည်ဟု အဆိုပြုကြသည်။ ထိုအခါ ဦးထွန်းမြင့်မှာ ဖျတ်ခနဲ စိတ်ကူး ပေါ်လာသည်။ သို့ဖြင့် သူငယ်ချင်းများကို 'ပြဇာတ် ငါရေးပေးမယ်' ဟု တာဝန်ခံလိုက်လေတော့သည်။

(၁၀)

ကျောင်း Concert ပွဲဆိုသည်မှာ ပဒေသာယိမ်း အမျိုးမျိုး၊ အက အဖုံဖုံနှင့် စုံလင်အောင် တင်ဆက်ရမြဲ ဖြစ်သည်။ ဦးထွန်းမြင့်နှင့် သူငယ်ချင်း လူငယ် ကျောင်းဆရာ တစ်စုက ထိုအစီအစဉ် အားလုံးကို ပြဇာတ် တစ်ပုဒ်နှင့် အဆင်ပြေအောင် ဆောင်ရွက်မည် ဆိုသောအခါ ကျောင်းအုပ် ဆရာကြီးက–

'မင်းတို့ ပြဇာတ်က ပိုက်ဆံ ဘယ်လောက် ကုန်မလဲ' ဟု မေးသည်။

သူတို့က ငွေနှစ်ထောင်ခန့် ကုန်ကျမည်ဟု တွက်ချက် တင်ပြကြသည်။ ထိုခေတ်က ငွေနှစ်ထောင် ဆိုသည်မှာ နည်းနည်းနောနော မဟုတ်။ သို့သော် ဆရာကြီးက အဘက်ဘက်မှ စဉ်းစားပြီး ခွင့်ပြု ပေးခဲ့သည်။

သူတို့ကလည်း အစွမ်းကုန် ကြိုးစားကြသည်။ သူငယ်ချင်း တစ်ယောက်က သိဝိ မင်းကြီး လုပ်သည်။ ဥမ္မာဒန္တီနှင့် ပုဏ္ဏားများ တွေ့ဆုံခန်းမှာက ဟာသ အကွက်တွေ ပါဝင်ပြီးသား ဖြစ်သည်။ နက္ခတ် ပွဲသဘင်မှာ သိဝိ မင်းကြီး တိုင်းခန်း လှည့်လည်လာစဉ် တိုင်းသူပြည်သားတွေက သူတို့ တတ်ကျွမ်းသမျှ အနုပညာ အဆိုအက အတီး အမှုတ်တွေနှင့် ဖျော်ဖြေ ပေးရမည်ဟု အမိန့်တော်

ထုတ်ပြန် ထားသေးသည်။ ဤနည်းအားဖြင့် မြားနတ်မောင်ယိမ်း၊ စန္ဒကာနွံရိယိမ်း၊ ဒိုးပတ်ဝိုင်း၊ ဟာဝေယံ (ဟိုနိုလူလူ)ယိမ်း အစီအစဉ်တွေကို ပြဇာတ်ထဲမှာပဲ အဆင်ပြေပြေနှင့် ဖျော်ဖြေခဲ့သည်။

ဦးထွန်းမြင့်၏ လက်ရာ ထိုပြဇာတ်သည် ကျောင်းကပွဲမှာ အထူး အောင်မြင်ခဲ့ဖူးသည်။

(၁၁)

ပုသိမ်မြို့ ပြည်တော်သာ ဝန်ထမ်း ရပ်ကွက်ထဲမှာ ကျတော့လည်း ဦးထွန်းမြင့်က စာရေးဆရာပဲ ဖြစ်ရပြန်သည်။ လှုပ်ရှားမှုတစ်ခုခုဆို သူ့ကိုပဲ လာပြီး အပ္ပ ကပ်ကြသည်။ သူကလည်း ခြံဘာစာမှ အစ သံချပ်အထိ ရေးချွတ်ပေးတတ်သည်။ ရပ်ကွက်ပွဲမှာ လူလိုလျှင် သူကိုယ်တိုင်ပင် လူပြက် လုပ်ပေးသည်။

ဦးထွန်းမြင့်သည် သီချင်းကြီး၊ သီချင်းခံမှသည် ကာလပေါ် တေးဂီတအထိ လွန်စွာ ဝါသနာ ပါသည်။ ဂီတ တူရိယာကိုတော့ ဟုတ်တိပတ်တိ ဘာတစ်ခုမျှ မတီးတတ်၊ မမှုတ်တတ်။ သို့သော် စိတ်အားရဲ အထူး ဝင်စားသည်။ ဤသို့ဖြင့် ပုသိမ်မြို့မှ ဂီတအုပ်စု တစ်စုက အိမ်မှာပဲ လာပြီး စက်ကျနေတော့သည်။

နံ့ပိတ်ရက်များဆိုလျှင် ဒေါ်မြရင်က အစားအသောက်တွေ စီစဉ်ပေးသည်။ အိမ်မှာပဲ စုဝေးပြီး တီးကြ၊ မှုတ်ကြသည့်အတွက် ဂီတသံနှင့် စီစီညံညံ အမြဲ ဖြစ်တော့သည်။

(၁၂)

ပုသိမ်အုပ်စုမှာ ကိုကျော်ခင်က ဟာဝေယံ ဂီတာ အလွန် အတီးအခတ် ကောင်းသည်။

ဦးထွန်းမြင့်က ကိုကျော်ခင်ကို ဆရာ တင်ပြီး သင်ယူသည်။ သို့သော် မတတ်မြောက်။ ဒုံမင်း၊ ပတ္တလား၊ မယ်ဒလင် တူရိယာတွေလည်း ကိုယ်ပိုင် ဝယ်ပြီးတော့ကို သင်ကြား လေ့ကျင့်သည်။ ပတ္တလား ဆိုလျှင် ဟင်္သာတအထိ သွားဝယ်သည်။ ထိန်တောမိုးညိုမှ ဆရာကြီး တစ်ယောက်ထံတွင် ပတ္တလား ကောင်းကောင်း တစ်လုံး ရှိသည် ဆို၍ အရောက် သွားခဲ့သည်။

ဟိုကျတော့ ရန်ကုန်မှ ဆရာကြီး ဒေါက်တာ ဦးဘသန်းက အသံညှိပေးဖို့ ပို့ထားသည်ဆိုသော ပတ္တလား တစ်လုံးကိုလည်း တွေ့ရသည်။ အသံ အနေအထား သိပ်ကောင်းသည်။

'ကြိုက်လျှင် ယူသာ သွားပါ' ဆို၍ ဝယ်ချလာခဲ့သည်။

အိမ်မှာ တစ်လ ငါးဆယ်ကျပ် ပေး၍ ဆရာ ခေါ်ပြီး သင်ဖို့ ကြိုးစားသည်။ သို့သော် ဖြစ်မြောက် မလာ။ နောက်ဆုံးတော့ လက်လျှော့လိုက်သည်။ ပတ္တလားလည်း ရောဘ် စိုလ်မှူး တစ်ဦးထံသို့ လက်ပြောင်း ရောက်သွားခဲ့တော့သည်။

(၁၃)

တူရိယာနှင့် အဆင်မပြေသော ဦးထွန်းမြင့်သည် သီချင်း ဆိုဖို့လည်း အားသန်သည်။ သို့သော် အဆိုဘက်မှာလည်း အသံ မတည်နိုင်ပြန်။ အပေါင်းအသင်းတွေ ဝိုင်းဝန်း မြှောက်ပေးကြ၍ မင်္ဂလာဆောင်မှာ

သီဆိုကြည့်တော့လည်း အရှက် ကွဲတာပဲ အဖတ်တင်သည်။ ဤသို့ဖြင့် နောက်ဆုံးမှာတော့ အတီးအဆို အားလုံးကို စိတ်ဖြတ်လိုက်သည်။

သို့သော် တီးဝိုင်းထဲကဖြင့် မထွက်။ ကျုရာ နေရာမှာ စည်းဝါး လိုက်တီးပေးပြီး ကျေနပ်နှစ်သိမ့် ဖြစ်တော့သည်။

ဦးထွန်းမြင့်တို့ အပျော်တမ်း ဂီတအုပ်စုသည် ရပ်ထဲရွာထဲ အလှူ မင်္ဂလာဆောင်ပွဲတွေမှာ လိုက်လံတီးမှုတ် ပေးကြသည်။ နွမ်းပါးသည့် ရပ်ကွက်ထဲမှ လာပြီး အကူအညီ တောင်းလည်း ရွေးမကိုင်။ ဘယ်လောက် အိမ်စုတ်စုတ် လိုအပ်လျှင် ကိုယ့်စရိတ်နှင့် ကိုယ်ပင် သွားရောက်ပြီး ဖျော်ဖြေပေးကြသည်။ တစ်ခါတလေ အိမ်ကပြင်မှာတင် သူတို့ တီးဝိုင်း အဖွဲ့သားတွေ စုပြုံတိုးဝှေ့နေရာယူပြီး ဂီတနှင့် တင်ဆက်ပေးခဲ့ကြလေသည်။

(၁၄)

အိမ်မှာ အမြဲလိုလို စုဝေး တီးမှုတ် သီဆိုနေကြသောကြောင့် ကလေးတွေက ဂီတနှင့်အလိုလို ရင်းနှီး ယဉ်ပါး သွားကြသည်။

လူကြီးတွေက ကနို့ တိုက်တွန်း စေခိုင်းလျှင် ထူးအိမ်သင် ဖြစ်လာမည့် ဘဲဥလေးက မတွန့်မဆုတ် စိတ်ပါလက်ပါ အမြဲ ကတတ်သည်။ နောက်တော့ ညီမလေး မိုး (ခင်မိုးရီ)၊ ညီ မောင်ညာဏ် (ညာဏ်စိုး) လေးတို့ တစ်တွေလည်း ကလေးတို့ဘာဝ ဂီတနှင့် အတူ ကခုန် ပျော်မွေ့ခဲ့ကြသည်။

(၁၅)

အိမ်မှာက အတီးအမှုတ်တွေသာမက လူစုမိပြီဆို ဂီတအကြောင်းတွေ ပြောကြဆိုကြ ဆွေးနွေးကြ၊ တစ်ခါတလေ ငြင်းခုံတတ်ကြသည်။ ဂီတနှင့် ပတ်သက်သမျှ ကလေးဘဝမှာကတည်းက အားလုံး နားရည်ဝနေသည်။

ဂီတအကြောင်းအရာက အမျိုးအစား စုံလင်သည်။

'မြဝတီမင်းကြီး ဦးစနဲ့ ယိုးဒယား ဘတ်မင်းသမီး နှင်းနုတို့က ယိုးဒယား အတီးအကတွေနဲ့ ပေါ်လျှင်းပြီး အတော်လေးကို ခင်မင် ရင်းနှီးခဲ့တာ။ အတီးအကတွေ လေ့ကျင့်ရင်း တစ်ညတော့ နှင်းနုတို့ အိမ်မှာ ညဉ့်နက် သွားပုံ ရတယ်။ အဲသမှာ ဦးစက 'အင်မတန်၊ နှင်းနု ရွှေနှစ်ကဲ့၊ စိမ်းလေပစ်အား။ သည်ညဉ့်ကြီးလယ် ဘယ်နှယ် ပြန်ပါရမယ်၊ ကင်းရန်ကများ' ဆိုပြီး အိမ်မပြန်နိုင်တော့ဘူး၊ သည်မှာပဲ အိပ်လိုက်ပါတော့မယ် ဆိုတာမျိုး ရိသဲ့သဲ့ ရေးခဲ့သေးတာကိုး' ဆိုတာမျိုး ရယ်စရာလေးတွေ ကြားရမည်။

တစ်ခါတလေကျတော့လည်း မြန်မာ့ဂီတကိုပင် သမိုင်းကြောင်းကြီးနှင့် ချီပြီး–

'ခင်ဗျားတို့ သိတဲ့ အတိုင်း ဟိုးတစ်ချိန်တစ်ခါ ယဉ်ကျေးမှု အရာမှာ အင်မတန် မြင့်မားခဲ့ကြတဲ့ ပျူလူမျိုးတွေ လက်ထက်ကတည်းက မြန်မာ့ဂီတ ကောင်းကောင်း ထွန်းကားနေပြီဗျ။ တရုတ်ပြည်ကို

ချစ်ကြည်ရေး သွားခဲ့တဲ့ သရေခေတ္တရာက ယဉ်ကျေးမှု အဖွဲ့မှာ သီချင်း ၁၂ မျိုးနဲ့ သီဆို တီးမှုတ် ကပြခဲ့ကြတယ်လို့ အတိအကျ ဆိုထားလို့ သိရတယ်။ ပျူလူမျိုးတွေနဲ့ ခေတ်ပြိုင် ၅ ရာစု နောက်ပိုင်း ဖွံ့ဖြိုးခဲ့တဲ့ သုဝဏ္ဏဘုမ္မိ မွန်ဒေသမှာလည်း အဆိုအက အတီးအမှုတ်တွေ ထွန်းကားခဲ့တဲ့ အကြောင်း မွန်ရှေးလက်ရာ စဉ့်ကွင်းတွေက တဆင့် သိရတယ်။ ဒါပေမယ့် ဘယ်လို သီချင်းမျိုးတွေ ဖြစ်တယ် ဆိုတာကိုတော့ မသိရတော့ဘူးပေါ့ဗျာ။ အနော်ရထာမင်း လက်ထက်ကျတော့ ပျူ မွန်၊ မြန်မာ ယဉ်ကျေးမှုတွေ အချင်းချင်း ရောစပ် သွားခဲ့ကြတာကြောင့် ပိုပြီး တိုးတက်၊ အဆင့်အတန်း အင်မတန် မြင့်လာခဲ့တာပေါ့'

ဆိုသည့် စကားမျိုးတွေ ခမ်းခမ်းနားနား ကြားရမည်။

(၁၆)

'ဘုရင်တွေ လက်ထက် အဆက်ဆက် ဂီတဆိုတာ ထီးသုံးနန်းသုံး ပညာရို့ သီချင်းတွေကလည်း ဘုန်းတော်ဘွဲ့တွေပဲ များခဲ့တာပါ။ တောဘွဲ့၊ တောင်ဘွဲ့၊ မြို့ဘွဲ့၊ မောင်ဘွဲ့တွေမှာတောင် ထီးသုံးနန်းသုံး စကားလုံးတွေ စပ်ဆိုကြပြီး ဘုရင့် ရွှေဘုန်းတော်ကိုတော့ မသိမသာလေး ထည့်ထည့်ပြီး ချီးကျူးကြတာပဲ' ဟု တစ်ယောက်က ဆိုလျှင်–

'ဟာ . .ဒီလိုချည်းတော့လည်း မဟုတ်ပါဘူး။ အဆို၊ အက၊ ဂီတ ဆိုတာတွေက ရွှေနန်းတော် အပေါ်မှာတင် စည်ပင်နေတာ မဟုတ်ပါဘူး။ ရပ်ထဲရွာထဲမှာလည်း ကိုယ့် လေ့ ထုံးစံ မိရိုးဖလာ အလုပ်အကိုင်တွေ လုပ်ရင်းကိုင်ရင်း ဆိုကြတီးကြသေးတာပါဗျာ။ ဒါကြောင့်လည်း အဲချင်းတွေ၊ အိုင်ချင်းတွေ၊ ဗုံကြီးသံတွေ၊ မောင်းထောင်းသံတွေ ပေါ်ခဲ့တာပေါ့' ဟု တစ်ယောက်က ဝင်ထောက်ပြ ပေးတတ်သည်။

တစ်ခါတလေကျတော့လည်း စကားပွဲက ထိုမျှနှင့် အရှိန်မစဲ။ သီချင်းကြီးမှုတွေကို ဂီတမေဒနီ၊ မဟာဂီတသစ်၊ မဟာဂီတပေါင်းချုပ်၊ ဂီတဝိသောဒနီကျမ်းများဖြင့် ရုပ်ကိုင်ပြီး အကျောက်အကာန် ငြင်းကြ ခုံကြသည်။

(၁၇)

တစ်ခါတလေကျတော့လည်း ဂီတနှင့် ပတ်သက်၍ လွမ်းမောစရာလေးများ ကြားရတတ်သည်။

'ရွှေနန်းရှင် သီပေါမင်း အဝေးရောက် သွားပြီးတဲ့နောက် အမေ ဒေါ်စောမြအေးကြည်တို့ အဆို၊ အက၊ ဂီတ အနုပညာရှင်တွေ သီပေါ ဓော်ဘွားကြီးရဲ့ ဟော်နန်းပေါ်မှာ ဆိုခဲ့၊ တီးခဲ့၊ ကခဲ့ကြတာပေါ့ဗျာ။ အဲသလိုနဲ့ ရှေးအစဉ်အလာတွေ ကြိုးစားပြီး ထိန်းခဲ့ရတာ' အစချီပြီး အလွန် စိတ်ဝင်စားစရာ၊ ရင်နင့်စရာ ဇာတ်လမ်း ဇာတ်ကွက်တွေဆီသို့ ရောက်ရှိ သွားတတ်သည်။

'ထူးမခြားနား ပတ်သီချင်းကြီးကို မြဝတီ မင်းကြီး ရေးဖြစ်ပုံလေး ပြောစမ်းပါဦးဗျာ' ဟု ပွဲတောင်း လာလျှင်တော့–

'အဲဒါ ဘကြီးတော်ဘုရား လက်ထက်။ အင်းဝမှာ စံနေတုန်း။ တစ်ညကျတော့ ညဥ့်ဖိုင်း ညီလာခံ တက်နေတဲ့ အချိန်မှာ ရွှယ်တော် ဘုရားကြီးက ရောင်ခြည်တော် လွှတ်သတဲ့ဗျား။ ဒါနဲ့ အဲဒီ အဖြစ်အပျက် အကြောင်းအရာကို အမတ်ကြီး မဟာ မင်္ဂလာ မြေသကြီးနဲ့ တိုင်ပင်ပြီး ရေးသား ဆက်သွင်းစေ' ဆိုတဲ့ အမိန့်ကြောင့် နောက်တစ်နေ့ နံနက် ညီလာခံမှာ မြဝတီ မင်းကြီးက အချိန်မီ ရေးသား ဆက်သွင်းရတယ်လို့ ဆိုကြတာပဲဗျာ' ဟု ကြားရလိမ့်မည်။

'ဧရင်ကို ဘုန်းတော်ဘွဲ့လည်း မြဝတီ မင်းကြီး ရေးခဲ့သေးတယ်နော်'

'အေးဗျ။ အဲဒါက တစ်ခါကျတော့ အင်္ဂလိပ် ကိုယ်စားလှယ် မေဂျာ ဗာနေးဟာ ရွှေနန်းတော်ကြီးကို ဝင်ပြီး ဘကြီးတော်ဘုရား ရှေ့တော်မှာ ရာဇ ဓာတ်တော်ကြီးကို ကြည့်သတဲ့။ အဲသမှာ ဦးစ ရေးတဲ့ ဘုန်းတော်ဘွဲ့ တစ်ပုဒ်ကို ကြားရတဲ့အခါ ဦးစဟာ ဧရင်ဂျီ မှူးသီချင်းသံ တစ်ခုခုကို အတုယူပြီး ဒီဘုန်းတော်ဘွဲ့ကို ရေးခဲ့ပုံ ရတယ်လို့ ဗာနေးက မှန်းဆ မှတ်တမ်းတင်ခဲ့တာပါ' ဟု ဆိုတာ ကြားရသည်။

(၁၈)

တစ်ခါတလေ ပြောဆိုကြတာတွေကျတော့ တကယ့် အလေးအနက် ထားရမည့် မြန်မာ့ဂီတသဘော တရားပိုင်းတွေ ဖြစ်သည်။

'မြန်မာသီချင်း တစ်ပုဒ် ဆိုမယ်၊ တီးမယ်ဆိုရင် နရီနဲ့ သံစဥ်တော့ သိထားဖို့ လိုတာပေါ့ဗျာ။ နရီက အချိန်ကို ပြောတာ။ ဆိုလိုက်တဲ့ အသံ၊ တီးလိုက်တဲ့ အသံကို ရသ ဖိုပြီး ပေါ်လာအောင် ပိုင်းခြတ် ပေးတဲ့ စည်းနဲ့ဝါးပဲပေါ့။ သံစဥ်ဆိုတာ ကျတော့ ဆိုတဲ့ သီချင်းနဲ့ တီးတဲ့ တူရိယာ အသံတွေကို နားထောင်ကြတဲ့အခါ ငြိမ့်ညောင်း သာယာစေဖို့ ပညာရှင်တွေက စီစဥ် ထားကြတဲ့ မိတ်ဖက်အသံတွေကို ပြောတာ။ သီချင်း တေးသွား တီးလုံးပုံစံ အမျိုးအစား များလာတာနဲ့ အမျှ စည်းဝါး သံစဥ်ကလည်း များလာလေတော့ တီးကြ၊ ဆိုကြမယ့် လူတွေ တညီတညွတ်တည်း လိုက်နာကြဖို့ စည်းဒုန်း၊ သံစဥ်ဆိုတဲ့ စနစ်မှုတွေ ဖြစ်လာရတာပဲ။ သီချင်းတစ်ပုဒ် တီးကြ၊ ဆိုကြမယ်ဆိုရင် အဆိုနယ်၊ အတီးနယ်၊ အမှုတ်နယ် ဆိုပြီး ရှိကြလို့ ဆိုင်ရာ တာဝန်ကို ကျေပွန်ပြီး သူများ နယ်ထဲကို ကိုယ်က သွားပြီး မနှောင့်ယှက်မိစေရအောင် စည်းဝါးသံစဥ်ကို နားလည် ထားရတာဗျ' ဆိုသည့် စည်းကမ်းပိုင်းတွေ။

'မြန်မာ ဂီတမှာ အတီးအမှုတ်က အဆိုရဲ့ အခြံအရံ အဖေးအမ သက်သက် မဟုတ်ဘူးလေ။ သဘောတူ ဖက်တွဲထားရတာ။ ဆိုတဲ့ လူက တီးကွက်နဲ့ စည်းဝါး အဝင်အထွက်ကို စောင့်ပြီး ခွင်ကျအောင် ဆိုရတယ်။ တီးတဲ့ လူကလည်း ဆိုကွက်နဲ့ စည်းဝါး အဝင်အထွက်ကို စောင့်ပြီး ခွင်ကျအောင် တီးရတယ်။ ခွင်ကျအောင် ဆိုနေ၊ တီးနေသမျှတော့ ခွင်ထဲမှာ ဆိုတဲ့သူကလည်း ကွန့်ချင်တိုင်း ကွန့်၊ တီးတဲ့သူလည်း ကွန့်ချင်တိုင်း ကွန့် နိုင်တာမျိုးပါ' ဆိုသည့် မှတ်လောက်၊ သားလောက် စကားတွေ။

'အဆိုကောင်းဆိုတဲ့ သဘောက အသံရဲ့ အားတစ်ခုတည်း မဟုတ်သေးဘူး။ လေယူလေသိမ်း အဆွဲအငင်၊ မေးဝဲမေးရိုက်တွေပါ ကျွမ်းကျင်ဖို့ လိုသေးတာကလားဗျ' ဆိုသည့် အဓိုးတန်စကားတွေ။

(၁၉)

ထူးအိမ်သင် ဖြစ်လာမည့် ဘဲဥကလေးသည် လူမှန်းသိတတ်စကတည်းက ထိုပတ်ဝန်းကျင်မျိုးနှင့် ကောင်းကောင်းကြီး ထိတွေ့ ဆုံစည်းခွင့် ရရှိခဲ့လေသည်။



တစ်နှစ်ပြည့် ဘဲဥ



ဦးထွန်းမြင့် ဒေါ်မြရင် နှင့် ဘဲဥလေး



၂ နှစ်သား ဘိုဥ



သုံးနှစ်ပြည့်၊ ပုသိမ် နှံသို့ ဓါတ်ပုံတိုက်



လေးနှစ်သား ဖိုးသူတော်။
အမေနှင့် မော်လမြိုင် အလည်လိုက်သွားစဉ် အစ်ကို ဝမ်းကွဲ (ကိုဆန်းနှင့် ကိုသွင်) ရှင်ပြုတွင်
ကိုရင် ဝတ်ချင်သည်ဟု ပူဆာရာ ငယ်သေးသည့်အတွက် ဖိုးသူတော် ဝတ်ပေးရသည်။

# အခန်း (၃)
# ရေခံမြေခံ ကောင်းသောအခါ

(၁)

ဘဲဥကလေး သုံးနှစ်သား အရွယ်။

မော်လမြိုင်မှ ဘကြီး စနီး (အကြီးသီ) က ပုသိမ်မြို့သို့ အလည်အပတ် ရောက်လာသည်။ အတိသဉ္စနာကရ၊ ကုသိမရွှေ၊ ပုသိမရွှေ၊ နဂဝုဏ္ဏ၊ မင်းသားကျွန်းခေါ် ကောဉ္စသမိန် အစရှိသည့် အမည် အမျိုးမျိုး ခေါ်တွင်သည့် ပုသိမ်ဒေသမှာ လည်စရာ ဖူးစရာ ဘုရားတွေက စုံလင်လှသည်။

'မုဒ္ဒောအစ ပုသိမ်က' ဟု ပြောစမှတ် ပြုကြသည့် အတိုင်း အတွင်း မုဒ္ဒော ငါးဆူ၊ အပြင် မုဒ္ဒော လေးဆူ စုစုပေါင်း မုဒ္ဒော ကိုးဆူ ရှိလေသည်။ ထိုမုဒ္ဒော ကိုးဆူကို မျိုးမဲ့ဒေသ၊ ပါဋလိပုတ် ပြည့်ရှင် သီရိဓမ္မာသောက မင်းကြီးက သာသနာ သက္ကရာဇ် ၂၃၉ ခုနှစ်တွင် ပထမဆုံး စေ့ တည်ထားသည်။ ကောဇာ သက္ကရာဇ် ၄၅၇ ခုနှစ်တွင် ဒုတိယမြောက် မွမ်းမံ ပြုပြင်သော ဒါယကာမှာ ပုဂံပြည့်ရှင် အလောင်းစည်သူမင်း ဖြစ်၏။ ကောဇာသက္ကရာဇ် ၆၂၅ ခုနှစ်တွင် တတိယ မွမ်းမံသူမှာ ပုသိမ် ၃၂ မြို့ကို အစိုးရသော သမ္ဗုဓယာသာမင်းနှင့် ဥမ္မာဒန္တီ မိဖုရားတို့ ဖြစ်ကြသည်။ ထို့နောက်ပိုင်းတွင် မင်း၊ မြို့စား၊ မြို့ဝန်တို့သာမက ရဟန်းရှင်လူ ပြည်သူ အများ ပိုင်းဝန်း ပြုပြင် ထိန်းသိမ်း စောင့်ရှောက်ခဲ့ကြသည်။

မုဒ္ဒော ကိုးဆူ အနက် အတွင်း ငါးဆူမှာ ရွှေအာထား၊ ထုပါရုံ၊ ရွှေမုဒ္ဒော ဘွဲ့တော် သုံးမည်ရ ဘုရားကြီး၊ တကောင်း ဘုရားခေါ် မင်္ဂလာ စေတီတော်။ မဟာဗောဓိ စေတီတော်၊ ဆုတောင်းပြည့်ခေါ် သုမင်္ဂလာ စေတီတော်နှင့် ကျိုက်ပိ မြို့ဟောင်း သုမန စေတီတော်များ ဖြစ်ကြသည်။ အပြင် မုဒ္ဒော လေးဆူမှာ ကွင်းချောင်းမှ သုမန စေတီတော် ဒါးကချောင်း လက်ယာဘက်ကမ်းမှ ရွှေမြင်တင်ခေါ် သီရိဝဍ္ဎ စေတီတော်၊ ကျောက်ချောင်းကြီး အဝင် ကမ်းနဖူးမှာ မိပ္ပသ စေတီတော်၊ ငါးသိုင်းချောင်း တစ်ဖက်မှ မိုးတော်ဘုရားကြီးခေါ် အကျော်စေယျ ပသာဒ စေတီတော်တို့ ဖြစ်ကြ၏။

(၂)

ဘွဲ့သုံးမည်ရ ရွှေမုဒ္ဒော ဘုရားကြီးကား ပုသိမ်မြို့သို့ ရောက်လာသူတိုင်း မပျက်မကွက် ဝင်ရောက် ဖူးမြော်ရစမြဲ ဖြစ်သည်။

မော်လမြိုင်မှ ဧည့်သည်တွေနှင့် ရောက်သွားကြသည့် နေ့က တိုက်တိုက်ဆိုင်ဆိုင် ဘုရား ရင်ပြင်တော် ပေါ်မှာ လူစည်စွာ စည်ကားလှသည်။ ပန်းရထားမျှ စက်သီးနှင့် ရွှဲတင်ပြီး စေတီတော်ကြီးကို ရွှေသင်္ကန်း ကပ်လှူ ပူဇော်လျက် ရှိသည်။ ဆိုင်းဝိုင်းကြီးက ဟီးထလျက် မြိမ့်မြိမ့်သဲသဲ သွေးထဲမှ မြောက်ကြွလာအောင် တီးမှုတ်ပေးလျက် ရှိသည်။

ဘကြီး စနီးက ကောက်ကာငင်ကာ–

'ဟဲ့ ... ဘဲဥကလေး သွားကစား' ဟု ဆိုသည်။

သုံးနှစ်သား ကလေးကလည်း ဘာဆိုဘာ အကြောက်အလန့်မှု မရှိ။ ဂီတသံကြောင့်လည်း စိတ်တွေ မြူးကြွနေပုံ ရသည်။ ဆိုင်းဝိုင်းကြီး ရှေ့သို့ ရဲရဲတင်းတင်း တက်သွားပြီး ဝံ့ဝံ့စားစား ကပြသည်။

မြူးမြူးထွေးထွေး ဝဝကစ်ကစ်နှင့် ချစ်စရာ ကောင်းလှသည့် ကလေးလေးက အရွယ်နှင့် မလိုက်အောင် အချိုးကျကျ ကပြလိုက်သောအခါ ဘုရား လာကြသူတွေ အားလုံး ရင်သပ်ရှုမော အံ့ဩ ချီးမွမ်းခဲ့ရလေတော့သည်။

(၃)

ဘဲဥကလေး ကျောင်းစနေတော့ ပုသိမ်မြို့ ဥမ္မာဒန္တီလမ်းရှိ အမှတ် ၂၀ အခြေခံပညာ မူလတန်း ကျောင်းမှာ ဖြစ်သည်။

ပြည်တော်သာ အိမ်ရာနှင့် တစ်ကျော့လေးပဲ ခြား၍ ဘာမျှ အလှမ်း မဝေးလှ။ အစဦး တစ်ရက်မှာ ဦးထွန်းမြင့်နှင့် ဒေါ်မြရင်တို့ လင်မယား နှစ်ယောက် ကျောင်းအုပ်ဆရာကြီး ဦးအုန်းကြည်ထံ ကိုယ်တိုင် သွားအပ်နှံသည်။ ဝန်ထမ်းများ ဖြစ်၍ အမြဲ လာမကြည့်နိုင်ပါ။ စောင့်ရှောက် ထားပေးပါဟု မေတ္တာ ရပ်ခံရသည်။

ထိုစဉ်က ကျော်မြင့်လွင်ကလေးသည် ငါးနှစ် ပြည့်ရန် နှစ်လ လိုသေးသည်။ ကျောင်းဆရာကြီး လက်ထဲ အပ်နှံပြီး နောက်နေ့တွေက ၍ အိမ်နီးနားချင်း ဝန်ထမ်း သားသမီးများ အချင်းချင်း အကြီး အငယ် တွေမပြီး ကျောင်းတက် ဆင်းကြသည်ကို သူ့ဘာသာ အဆင်ပြေကာ နေတော့သည်။

(၄)

ကျော်မြင့်လွင်လေးသည် ကျောင်းစာ မညံ့။

သီချင်းကတော့ ငယ်စဉ်ကလေးကတည်းက ပါရမီ ဗီဇ အစွမ်းအစ ပြခဲ့သည်။ သုံး-လေးနှစ်သား အရွယ်လောက်ကပင် သန်းထွန်းလေး၏ 'မဖူးသောအညာ' 'မမှုသိမ်သူ' မန်းကောသီ' တွေ အစအဆုံး အလွတ် ဆိုနိုင်နေပြီ။

အိမ်မှာက ပိုးအယားဘက်မှ ဝင်လာသော One band ရေဒီယိုလေး တစ်လုံး ရှိရာ ရေဒီယို နားထောင်ရမည် ဆိုလျှင် သူ ဘယ်သောအခါမျှ မငြီးငွေ့။ ဝင်းဦး သီချင်းတွေလည်း သူ သိပ်နှစ်သက်သည်။ တေးသံကြီး ဝင်းမောင်ရင် ဆိုလျှင်လည်း အသည်းစွဲ။ သန်းထွန်းလေးက သူ့ကောင်းမှာ ဖွဲ့လှန်း ကျင်လည်သည့် နယ်ပယ်ထဲမှာ ရှိနေသည်။

ကျောင်း ကျန်းမာရေး ဆေးခန်းသို့ ရုံး ခေါ်သွားလျှင် ဟိုက ဆရာဝန်၊ ဆရာမ ဝန်ထမ်းများက-

'ဘဲဥကလေး သီချင်း တစ်ပုဒ်လောက် ဆိုပြပါဦး' ဆိုလျှင် အကျအနပင်

*'ရွှေ ငှာ နီ ....*
*ဓနညာ ရပ်ဆီသို့*
*ပျော် ရည်မျှော်မှန်း*
*စိတ်ငယ်တမ်း တ*
*မှန်း ဆလော ရည်*
*တမ်း တပါသည်'* အစချီပြီး စိတ်ပါလက်ပါ ဆိုတတ်သည်။

*'လှည်းလမ်းကြောင်း တစ်လျှောက် ပုန်းလုံးကြီးတွေ တလိပ်လိပ် တက်တာ မြင်ယောင်သေး တော့သည်။ အညာဌာနီ ..တစ်ခါ လာမည် ..ကျွန်တော့်အတွက်တော့ မေ့မရပါလေပြီ ...'*

အားလုံးပင် လက်ခုပ် တီးပေးကြသည်။ လက်ခုပ်သံ စည်းဝါးထဲမှာ ကလေးငယ် သီဆိုသည့် သီချင်း အချို့က လွှမ်းစရာ။

*'ကျူးတော်မယ် ...ရွှေကြာ တင်တယ် ..။ ခုချိန်ဝယ် ..မေ ဒါ ဝံ့ဆည် ..။ နန်းတော်မြို့ရိုးကြီး နဲ့ ရင်တား ပစ္စင် ရုံညီ ...။ တောင်မြင် တံခါးလကို ..ကျွန်တော် တွေးကာ ... ငေး မိသည်...'*

ကလေးလေးပင် ဖြစ်လင့်ကစား အသံ အမြွက်အတောက် အဆွဲအငင် အမှိုက်အသွင်း အားလုံး မှန်ကန်နေသောကြောင့် အားလုံး အံ့ဩရသည်။

လေအတိုက်မှာ ကြွေလိုက်သည့် လက်ပံပွင့်တွေ လေယာဉ်ပမာ တဝဲဝဲ လွင့်ရတာ။ မိုးတိမ်ကြိုကြဲ နေမှုထဲတွင် ရွှေခြေကျင်းနှင့် တစ်မျိုးလေး လှကြသော ရွှေညာသူ ညီပြာရောတို့ ခက်ဘီးလေးများ ကိုယ်စီ စီးသွားကြတာ အတွေးမှာ တကယ် မြင်ယောင် လာစေသည်။

ကြားသူတိုင်း ထိရှ ခံစား နှစ်သက် ချီးမွမ်းကြသည်။

'မမ ပုသိမ်သူ' ဆိုလျှင်လည်း -

*'ဒီတခါလည်း ချစ်လေသူ မမ ပုသိမ်သူ။ ကျွန်းမာရေး လည်း လိုက်စား သူ မမ ပုသိမ်သူ၊ ရွှေမုဌောဘုရားမှာ လပြည့်လာလွယ် နှုတ်ဆိုင်း မေမြို့ပန်း လာပ်လျှ ...ကျွန်တော် မမ ..မမ ပုသိမ်သူ။ ပုသိမ်ထီးလေး နဲ့ ဖုံးသွား ဖုံးပြန် မငိုတယ်တမူ ..ပုသိမ်ထိပ်ထား အလှတွဲကိုလည်း ရှု'* ဟု ပီပီပြင်ပြင် ဆိုပြတတ်သည်။

*'သိကျွမ်း ရတာ အမြဲ ဂုဏ်ယူပါတယ် ...မမ ပုသိမ်သူ'* ဟု ဆိုလိုက်လျှင်ဖြင့် အားလုံး ရယ်မောရွှင်ပြ သဘောကျကြလေတော့သည်။

(၅)

အမေဒေါ်မြရင်က ပွဲအလွန် ကြိုက်သူမို့ ကျော်မြင့်လွင်လေး အပါအဝင် ကလေးတွေ အားလုံး ပွဲကြိုက်ကြသည်။ တစ်ခါတလေလည်း တစ်ညလုံးစာ မှာပယ် ကြည့်ကြသည်။ များသောအားဖြင့်တော့ တစ်ဝက်ကျမှ ဖြတ်ပြီး ဝင်ကြည့်ကြသည်။ ထိုအချိန်ကျလျှင် ပွဲတစ်ဝက်ပဲ ကျန်သည်။ မိုးလင်းအထိ မကြည့်နိုင်သူ ပရိသတ် အချို့တဝက်တို့ အိမ်ပြန်ကြပြီ ဖြစ်၍ ရှုပွင့်နေပြီ။

အမေက ကလေးတွေကို စက်ဘီးနှင့် တစ်တွဲပြီး တစ်တွဲ ပို့ပေးသည်။

ကျော်မြင့်လွင် ကလေးကတော့ အဆို အက အငို အပြောတွေနှင့် ဓမ္မနားမြှင်ဆိုင်ရာ တင်ဆက်သည့် နောက်ပိုင်း ဇာတ်ထုပ်ကြီးတွေကို သိပ်ကြိုက်သည်။ ပွဲသိမ်း၍ မိုးလင်းလုနီး ဝေလီဝေလင်းမှာ မျက်လုံးတွေ ဖန်ပေပြီး သားအမိတစ်တွေ ပြန်လာကြစဉ် လမ်းတွင် ဇာတ်ထဲက ဇာသား အပိုင်းအစတွေကို ကျော်မြင့်လွင်ကလေးက သံနေသံထားနှင့် ရွတ်ဆိုပြတတ်သည်။

(၆)

အတန်းထဲမှာ ဘယ်တုန်းကမှ မငိုခဲ့သော ကျော်မြင့်လွင်ကလေးသည် ဒုတိယတန်းကျတော့ ဘာကြောင့်မှန်း မသိ။ အမှတ်တွေ နည်းသွားသည်။

ဒိုင်ယာရီကို စစ်ကြည့်သောအခါ လစဉ်စစ် စာမေးပွဲတွေမှာ အမှတ်တွေ ထိုးကျပြီး ပထမ အစမ်းစစ် ၊ ဒုတိယ အစမ်းစစ်တွေ၌ အမှတ်တွေက ကောင်းနေကြပြန်သည်။ သို့ဖြစ်၍ အမေက–

'ဘယ်လို ဖြစ်တာလဲ။ ဘာကြောင့်လဲ' ဟု အကျိုးအကြောင်း မေးမြန်းကြည့်သည်။

ထိုအခါကျမှ မျက်စိ အဝေးမှုန်နေတာ ပေါ်ပေါက် လာတော့သည်။

လစဉ်စစ် စာမေးပွဲတွေမှာ မေးခွန်းကို အတန်းတွင်း ကျောက်သင်ပုန်းပေါ်တွင် ရေးပေးထား၍ ထိုင်ခုံနေရာမှ လှမ်းမမြင်ရ၊ ထထ သွားကြည့်၊ ပြန်ပြန် လာပြီး ဖြေရသည်။ အချိန်က မမီ။

သချာၤဆိုလျှင် ကျကို ကျနေတော့သည်။

ပထမ၊ ဒုတိယ အစမ်းတွေကျတော့ မေးခွန်းကို လိုမ်ပြီး တစ်ယောက်ချင်းကို တစ်ရွက်စီ ဝေငှပေးကာ စစ်ဆေးသောကြောင့် ကောင်းကောင်း မြင်ရသည်။ ထိုအခါ အမှတ်တွေလည်း ထိပ်ဆုံးမှာပဲ ရှိတော့သည်။

(၇)

မျက်စိ မှုန်သည့် ပြဿနာ အရင်းအမြစ်ကို ဖြေရှင်းဖို့က ထိုအချိန်အခါက ပုသိမ်မြို့မှာ မျက်မှန် လုပ်မရသေး။ သို့ဖြင့် ရန်ကုန်သို့ အကူးတကန့် ခေါ်လာရသည်။

ပန်းဆိုးတန်း ကုန်တိုက်မှာ မျက်စိ စစ်ဆေးသည်။ စစ်ကြည့်လိုက်တော့ ပါဝါက လေးရာ နီးနေပြီ။ စစ်ပေးသည့် မှူးလိုက "ကလေးကိုဒီလောက်အထိ ကြာအောင် ပစ်ထားရကောင်းလား" ဆိုပြီး ဆူပူ အပြစ်တင်သေးသည်။

မျက်မှန် ရဖို့ကိုတော့ဖြင့် နောက်ထပ် ခြောက်လ နီးပါး ထပ်မံ စောင့်စားရသေးသည်။ ထိုအချိန်မှ စ၍ ကျော်မြင့်လွင်ကလေးလည်း မှန်လူထူနှင့် ကျကြည့်ရသည့် ဘဝသို့ ကျရောက်ခဲ့ရတော့သည်။ သွားလေရာရာ ကလေးတွေ ကြားထဲမှာ မျက်မှန်ထူ တဝင်းဝင်းဖြင့် ထင်းခနဲ သိသာနေတော့သည်။

(၈)

တတိယတန်း ရောက်သောအခါ ကျောင်းမှာ ပုံပြော ပြိုင်ပွဲ ကျင်းပသည်။ အတန်းပိုင် ဆရာမကလည်း အတန်းထဲမှာ ပုံပြင် ထပြောနေကျ ကျော်မြင့်လွင်လေးကို ပုံပြော ပြိုင်ဖို့ ရွေးချယ် လိုက်လေသည်။

အိမ်ပြန် လာပြီး ထိုအကြောင်းကို ပြောပြတော့ အဖေနှင့် အမေကလည်း သဘောကျသည်။ ဦးထွန်းမြင့်က စိတ်ကူးတစ်ခု ရ၍ 'ကြွက်ကလေးက သေးမယယ် ခြင်္သေ့ကို ကယ်တင်သော' ပုံပြင် တစ်ပုဒ်လုံးကို နဘောလေးတွေ၊ ကာရန်လေးတွေနှင့် စပ်ဟပ်ပြီး အစအဆုံး ပြန်ရေးပေးသည်။

ကျော်မြင့်လွင်လေးက အဆိုပါ အဖွဲ့အနွဲ့ကို စိတ်ပါလက်ပါ သေသေချာချာ လေ့ကျင့်သည်။ ပုံပြင် ပြိုင်ပွဲတွင် သူ ပြောသည့် အသံက အသံနေ အသံထား အဖိအဖော့ အဆွဲအငင် မှန်ကန်သည်။ စိတ်ဝင်စားအောင် ဆွဲဆောင် သွားနိုင်သည်။ ပုံပြင် ဖွဲ့နည်း ထားပုံကလည်း ကာရန်နဘောလေးတွေ ဖြစ်၍ ကြားနေကျ အတိုင်း မဟုတ်ဘဲ အဆန်းတကြယ် ဖြစ်နေသည်။

ဤသို့ဖြင့် ပထမဆု ရရှိခဲ့လေသည်။

(၉)

လေးတန်း စာမေးပွဲ အောင်မြင် ပြီးတော့ အမက ၂၀ မှ အထက ၃ သို့ ပြောင်းသည်။ အထက ၃ ကလည်း ပြည်တော်သာနှင့် ဘာမျှ သိပ်မဝေး။ တစ်ရက်ပဲ ကျောင်းသွား အပ်ပြီး နောက်ပိုင်းမှာ လိုက်ပို့စရာ မလိုတော့ချေ။

ကျော်မြင့်လွင်လေးသည် ရုန်မပြစ်တတ်။ စာတော့ ဖတ်သည်။ သတင်းစာ တွေ့ သတင်းစာ ဖတ်သည်။ အိမ်မှာ အမေ ဖတ်သမျှ ဇာတ်စင် လိုက်ဖတ်၊ တွေ့ လိုက်ဖတ်သည်။ အိမ်မှာက ပုဂ်စာအုပ်တိုက်ထုတ် ဆရာ မြသန်းတင့်၏ စစ်နှင့် ငြိမ်းချမ်းရေးလို ဂန္ထဝင်စာအုပ်တွေ ရှိသည်။ အင်္ဂလိပ် ဝတ္ထုများ ဖြစ်သော ညဉ့်စစ်ဝိမ်း၊ တိုင်းမ်စ်၊ ဒီးဒါးဒိုက်ဂျက်စ် စာအုပ်တွေ ရှိသည်။ စာအုပ်နှင့် ပတ်သက်လျှင် ဘာစာအုပ်ပဲ ဖတ် ဘာစာအုပ် မဖတ်နှင့် ဆိုသည့် ကန့်သတ်ထားချက် မရှိချေ။

သူ့ကို ကျူရှင် မထား။ High School Grammer စာအုပ်ကို ညက်ညက်ကြေအောင် Cover to Cover အမေ ကိုယ်တိုင် သင်ပေးထားခဲ့သည်။ ဤသို့ဖြင့် တော်တော်ကောင်းသည့် အခြေခံများကို ရရှိ သွားခဲ့သည်။

(၁၀)

၁၉၇၅ ခုနှစ်။ ကျော်မြင့်လွင်လေး ၁၂ နှစ်သား အရွယ်။

ပုသိမ်မြို့တွင် ထူးထူးခြားခြား ကြုံရသည်။ ရွှေဦးစွာ မေလ ၃ ရက် နေ့နေ့တွင် သုံးရက် တိုင်တိုင် ပင်လယ်ဒီရေကြီးများ အုပ်လိုက်အုပ်လိုက် ဖျဝင် လာကြသည်။ ရေမ ပင်လယ်ငါးကြီး နှစ်ကောင်ကလည်း ပုသိမ်မြစ်ထဲ အထိ ဝင်လာသည်။ ရွှေမုဋ္ဌော ဘုရား ရင်ပြင်တော်ပေါ်အထိ ရောက်အောင် လှိုင်းတွေ၊ လှိုင်းတွေ အစုအဝေးလိုက် တက်လာကြပြန်သည်။ ပင်လယ်ရေပြာများကလည်း ပုသိမ်ဆိပ်ကမ်းတစ်လျှောက် ပြာနှမ်းစွာ ရောက်ရှိ ဖြစ်ပေါ်နေခဲ့သည်။

မကြုံစဖူးမို့ ကျော်မြင့်လွင်လေးတို့ တစ်မိသားစုလုံး အပါအဝင် ပုသိမ် မြို့သူမြို့သားများ အုံအားတွေ သင့်ပြီး အဆန်းတကြယ် အထူးအဆန်း သွားကြည့်ရသည်။

(၁၁)

မေလ ၇ ရက် စုဒ္ဓဟူးနေ့မှာတော့ ပုသိမ်မြို့တွင် စံတင်လောက်အောင် မကြုံစဖူး ထူးကဲလှသည့် လေမုန်တိုင်းကြီး ကျရောက်ခဲ့သည်။ ထိုစဉ်က လေတိုက်နှုန်းမှာ တစ်နာရီ မိုင်တစ်ရာ(အချို့ အဆိုအရ မိုင် ၁၂၀) နှုန်းမျှ ရှိသည်။

ကျော်မြင့်လွင်လေးက မုန်တိုင်းကို ကြောက်ရကောင်းမှန်း မသိ။ တရှဲရှဲ တဝီဝီ မြည်နေသည့် လေတိုက်သံကိုပင် ကြမ်းတမ်းစူးရှသော ဂီတသံစဉ် တစ်ခုလို သဘောထားသလား မပြောတတ်။ သစ်ပင် ပြိုလဲကျသံ၊ အမိုး လန်ထွက်သံ၊ လေထဲက အသံ၊ မြေပြင်က အသံများကို တွေးတွေးဆဆ နားစွင့်နေခဲ့သည်။

ထိုစဉ်က ထူးထူးခြားခြား ပဲပြုတ်သည် အဘိုးကြီး တစ်ယောက်က မနက် မိုးလင်းတိုင်း ဈေးရောင်း မပျက်ခဲ့။ ကျော်မြင့်လွင်လေးကလည်း တစ်နေရာရာ သွားစရာ ရှိလျှင် အလန့်အကြောက် မရှိ။ မိုးထဲလေထဲ သွားပေး လာပေးသည်။ ပဲပြုတ်သည် အဘိုးကြီး အသံ ကြားရချိန် အိမ်ပြင်ထွက် ဈေးဝယ်ဖို့ ကျော်မြင့်လွင်ပဲ ဆင်းသွားတတ်သည်။



မြောက်နှစ်သား ကျော်မြင့်လွင်၊ ပုသိမ် ဖဟို ဓါတ်ပုံတိုက်



ကျော်မြင့်လွင်နှင့် ညီမလေး မိမိုး



ကိုကြာမိဘုရား



မိသားစု သိုက်သိုက်ဝန်းဝန်း။



ညီအစ်ကို မောင်နှမတွေ ဗိုလ်ကလေးများ တန်းစီထားသည့်ပမာ

# အခန်း (၄)
# မွေ့လျော်ရင်း ရုန်းကန် အားပြိုင်ခြင်း

(၁)

ကျော်မြင့်လွင်လေး ခုနစ်တန်း အောင်သည့်နှစ်။

နွေရာသီ ကျောင်းပိတ်ရက်တွင် ဘင်ခရာ တီးဝိုင်းရှိ၍ မိဘတွေက ထည့်ပေးထားလိုက်သည်။ တီးဝိုင်းကို ဦးဆောင် ဖွဲ့စည်းသူ ဦးကျော်စိမ်းသည် ယခင် တရုတ်တီးဝိုင်းတွင် တီးမှုတ် လာခဲ့သူဖြစ်၍ ဂီတကို အခြေခံကျကျ ကောင်းစွာ တတ်ကျွမ်းသည်။ နုတ်စ်များနှင့် စနစ်တကျ သင်ပြပေးနိုင်သည်။

ကျော်မြင့်လွင်လေးက ဘင်ခရာဝိုင်းမှာ ပလွေ မှုတ်သည်။ သူ့ကို ကြည့်ရတာ သိပ်ကို စိတ်ပါလက်ပါ ရှိလှသည်။ ထူးထူးခြားခြား မြူးကြွနေခဲ့သည်။ သင်တန်းက သင်ယူလာသမျှ အိမ်မှာ ပြန်လာပြီး အားရပါးရ တီးမှုတ်ပြတတ်သည်။ သင်တန်းက ၁ ရမ်တီးလည်း သင်ပေးသည်။

ရေဒီယိုမှ မြန်မာအသံ အင်္ဂလိပ်ပိုင်း၏ နောက်ဆုံး အစီအစဉ် ဖြစ်သော Local talent အစီအစဉ်မှာ ပုလဲ၊ နွဲ့ယဉ်ဝင်း၊ ညီညီရိမ်၊ ဘိုဘိုဟန် တို့ကို ဈွဲဈွဲ မြဲမြဲ နားထောင်တတ်လာသည်။

(၂)

ဆရာ ဦးကျော်စိမ်းက ပါရမီ ဓာတ်ခံ ရှိသော ကျော်မြင့်လွင်လေးကို ချက်ချင်း မျက်စိ ကျခဲ့သည်။ ကျော်မြင့်လွင်လေးဘက်ကလည်း လိုလိုချင်ချင် ရှိနေ၍ သူ့ကို ဂီတပညာတွေ များစွာ သင်ပေးခဲ့သည်။

ပွဲတော ဘက်မှာ ဘင်ခရာတီးဝိုင်း ဖွဲ့ရှို့ သင်တန်း သွားပေးရသော အခါမှာတော့ ကျော်မြင့်လွင်က ဆရာ့ လက်ထောက် ဖြစ်နေပြီ။ အချို့ သင်ခန်းစာတွေဆို ဆရာက မသင်ပြ၊ သူ့ကိုပဲ ပြသ ပေးစေခဲ့သည်။

(၃)

ကျော်မြင့်လွင် (ဘဲဥ) နှင့် ညီမလေး မိုးတို့ အကြီး နှစ်ယောက် တစတစ အရွယ် ရောက်လာသည်နှင့် အငယ် အငယ်လေးတွေကို သူတို့ပဲ တာဝန်ယူ ထိန်းပေးကြသည်။

အဖေ၊ အမေတို့က မနက် အလုပ်ဆီ ထွက်သွား။ ညနေ အလုပ်ဆင်းအပြီး သမ ဈေးခန်း ဝင်ထိုင်၊ ည ၇ နာရီလောက်မှ အိမ်ပြန် ရောက်လာတတ်သည်။ ညီအစ်ကို မောင်နှမတွေ တစ်ယောက်ကို တစ်ယောက် ဆင့်ကဲ ဆင့်ကဲ ထိန်းပေးထားကြသည့်အတွက်ကြောင့် အဆင်ပြေရလေသည်။

ပြည်တော်သာ ရပ်ကွက်ကလည်း ဝန်ထမ်း မိသားစုတွေချည်းသာ။ အားလုံး ကိုယ့်နည်းနှင့်နှင့် ဘဝတူတွေ ဖြစ်၍ စည်းလုံးကြသည်။ သို့ဖြင့် အရပ်ကို ဆွေမျိုးလို သဘောထားပြီး အပ်နှံ ထားရသည်။ သူ့အိမ် ကိုယ်ကြည့်၊ ကိုယ့်အိမ် သူကြည့်နှင့် ပိုင်းကြ ဝန်းကြမြဲ ဖြစ်သည်။

(၄)

ကျော်မြင့်လွင် ကိုးတန်း အတက်မှာ ရှင်ပြုဖြစ်သည်။

ထိုစဉ်က ဦးထွန်းမြင့်၏ ဘကြီးလည်း ပုသိမ်မှာ တာဝန်ကျနေသည်။ ဘကြီး၏ ခယ်မများ ဖြစ်ကြသော ဒေါ်ခင်စိန်၊ ဒေါ်မြခင်တို့မှာ အပျိုကြီးများ ဖြစ်ကြ၏။ ဤအဒေါ်တွေက ကျော်မြင့်လွင်ကို လွန်စွာ ချစ်ကြသည်။

တစ်နေ့တော့ –

'ဘဲဥကို ရှင်လောင်း ဒကာအနေနဲ့ ငါတို့ပဲတာဝန်ယူပြီး သင်္ကန်း စည်းပေးချင်တယ်။ မင်းတို့က မိဘတွေ။ ဘယ်တော့ ထပ်ပြုပေးပေးရတယ်။ ဒီတစ်ခေါက်တော့ ငါတို့ပဲ ကမကထ လုပ်ပါရစေ' ဟု ဆိုရှာကြသည်။

ဤသို့ဖြင့် ဒီဇင်ဘာကျောင်းပိတ်ရက်တွင် ပုသိမ်မြို့ ကုန်သည်လမ်း မရမ်းကျောင်းတွင် ကိုရင် ဝတ်ဖြစ်ခဲ့၏။ အခြား ဒုလ္လဘ ရဟန်း နှစ်ပါးလည်း အဖော် ပါသည်။

ကျောင်းက မိုးကုတ် ဝိပဿနာ အခြေခံသော ကျောင်းဖြစ်သည်။ အမရပူရမြို့ မဂ်လာဘိုက်ယောင်း ကျေးဇူးတော်ရှင် အဂ္ဂမဟာ ပဏ္ဍိတ မိုးကုတ်ဆရာတော် ဘုရားကြီး၏ လမ်းစဉ် အတိုင်း လိုက်နာသည်။ သို့ဖြစ်၍ ကျော်မြင့်လွင် ရှင်ပြုပြီးနောက် တစ်ဆက်တည်းပင် တရားစခန်း ဆယ်ရက် ဝင်ရသည်။

တရားစခန်းတွင် ပဋိစ္စသမုပ္ပာဒ် လည်ပုံ၊ ဖြတ်ပုံကို ကျေညက်အောင် သင်ကြား ပြသပေး၍ ကျော်မြင့်လွင်လေးမှာ အခြေခံကောင်းတွေ ရရှိလာခဲ့သည်။ ဗုဒ္ဓတရားတော်၏ အကြောင်းအကျိုး ဆက်စပ် ဆင်ခြင်ရပုံ သဘော အနှစ်သာရကို အတော်လေး သိမြင်သွားခဲ့သည်။

(၅)

ဆယ်ရက် ပြည့်၍ လူထွက်လာခဲ့ရသော်လည်း တရား ဓမ္မ၏ အရသာကို သူ မမေ့။

'အမေတို့၊ အမေတို့၊ ကျွန်တော်တို့ အားလုံးက သံသရာ ခရီးသည် ရေမျောလာတာနဲ့ တူတယ်။ ကျွန်တော်တို့ မျောလာတဲ့ သံသရာမြစ်နားမှာ အမြစ်က ရေလှိုက်စားထားလို့ မနိုင်ဘဲနဲ့ အရွက်တွေ အကိုင်းတွေက ရေဘက်ကို ကိုင်းပြီး ယိုင်နေတဲ့ ခန္ဓာငါးပါး သစ်ပင် ရှိတယ်' ဆိုသော စကားမျိုးတွေ ပြောတတ်လာခဲ့သည်။

'သံသရာ ခရီးသည်ကလည်း မျောလာခဲ့တာ အတော် ကြာပြီ။ မျောလာတဲ့ ပုဂ္ဂိုလ်က အားကိုးရာ ရှာမှာပဲ။ ရှာတဲ့ အခါကျတော့ ဖျတ်ဆို ခန္ဓာငါးပါးထဲက ရူပက္ခန္ဓာ ဆိုတဲ့ ကမ်းနား သစ်ပင်ကို

ဆွဲလိုက်တယ်။ ဆွဲတဲ့ လူကလည်း တအားကုန် အပေါ်တက်ချင်လို့ တဖျား၊ ဥပါဒါန်နဲ့ တအားဆွဲ။ ဟိုဘက်ကလည်း အမြစ် မရှိတော့ သစ်ပင်ရော မြေနိုင်ပါ ဆွဲတဲ့သူအပေါ် ပြုတ်မကျဘူးလား' ဟု သူ မေးတတ်လာသည်။

အိမ်က လူတွေ စိတ်မျက်စိထဲ ကွင်းကွင်းကွက်ကွက် ပေါ်လာအောင် သူ ရှင်းပြနိုင်သည်။ တစ်ဆက်တည်း–

'အဲဒီလို ပြုတ်ကျတဲ့ အခါကျတော့ နဂိုက အမျှော်သမားအပေါ်မှာ သစ်ပင်ကြီး တစ်ခုလုံးနဲ့ မြေနိုင်တွေပါ ပိကျလာတော့ မြုပ်သွားဖို့ပဲ ရှိတော့တာပေါ့၊ သံသရာ မြစ်ကြီးထဲမှာ အမျှော်သမား ဆိုတာက အပေါ်ပိုင်း ဟိုဘဝ၊ ဒီဘဝတွေ ပြောင်းလဲကျင်လည်ရတာ၊ အမြုပ်သမား ဆိုတာကတော့ အပါယ်လေးဘုံကို သွားရတာ၊ အမြုပ်သမားဘဝက တစ်ခါ ရုန်းကန် တက်လာပြန်တော့ အမျှော်သမား အဖြစ် ရောက်ရပြန်တာပဲ၊ ကဲ၊ အဖေတို့၊ အမေတို့ စဉ်းစားကြည့်။ ဘယ်လောက် ကြောက်စရာ ကောင်းသလဲ၊ ဒါဖြင့် နိဗ္ဗာန်ဆိုတဲ့ သောင်ကမ်းကို ရှာပြီး တက်နိုင်မှပဲ မျှောလိုက်၊ မြုပ်လိုက် ဘဝကနေ လွတ်နိုင်တော့မှာပေါ့' ဟု တရားချသည်။

ရှင်လူထွက်စ ကျော်မြင့်လွင်သည် အဖေနှင့် အမေကို တရားစခန်းဝင်ဖို့ချည်းပဲ တစ်ချိန်လုံး တိုက်တွန်းသည်။

(၆)

အဖေနှင့် အမေကတော့ တရား မေ့ဘက် ခြေဦး မလှည့်ဖြစ်။ မလှည့်နိုင်အားသေး။

ကိုယ့် အလုပ်ထဲမှာပဲ ကိုယ် ပျော်နေကြသည်။ ကျောင်းကျန်းမာရေး အလုပ်ကလည်း သူတို့လို ပင်ကို သဘာဝ အေးအေးလူလူများနှင့် ကိုက်သည်။

အားရက်ဆို ပုသိမ်မြို့ အနီး ဝန်းကျင်က ကျေးရွာ တစ်ရွာရွာဘက်သို့ ထွက်ပြီး ကျောင်း ကျန်းမာရေး ဆရာဝန်အဖွဲ့နှင့် ဆေးသွားကုပေးကြသည်။ ထိုအခါကျလျှင် သွားဆရာဝန်လည်း ပါတတ်သည်။ ရွာဘုန်းတော်ကြီး ကျောင်းဇရပ်တစ်ဆောင်မှာ အခြေချပြီး ကျန်းမာရေး ပညာပေး ဟောပြော ဆေးကု ပေးကြသည်။

နွတ်မင်းကြွဲ ကလေးတွေ၊ မွေးရာပါ နှုတ်ခမ်း ခေါနာရှင် ကလေးလေးတွေ ရန်ကုန်အထိ သွားရောက်ပြီး ဆေးကုသမှု ခံယူနိုင်အောင် စီစဉ်ပေးရသည်။

တစ်ခါတလေ ကျတော့ အချို့သော ကလေးငယ်လေးများမှာ ညစ်ပတ် ပေတူးနေသော အင်္ကျီကိုပင် လဲစရာ မရှိတာနှင့် ကြုံရသည်။ ထိုအခါ ပုသိမ်ဈေးထဲက အင်္ကျီ ဝယ်လာပေးရသည်။ အဲသလို အလုပ်ထဲမှာ ပျော်နေမိကြသည်။

တစ်ဘက်မှာက သားသမီးတွေအရေး၊ စားဝတ်နေရေး။ ဘဝထဲမှာ မွေ့လျော်စွာ ရုန်းကန် နေကြသည်ဆိုတော့ သားက တရားစခန်း ဝင်ဖို့ ပြောလည်း ကိုယ့်မှာ အချိန် မပေးနိုင်သလို ဖြစ်ခဲ့ရလေသည်။

(၇)

ထိုကာလတွင် လူငယ်တွေ အကြားမှာ ဂီတာ အကြီးအကျယ် ခေတ်စားနေပြီ။

ကျော်မြင့်လွင်က ဂီတာ လိုချင်သော်လည်း အိမ်ကို မပယ်နိုင်းရဲ။ တစ်ခါမှလည်း ဖွင့်မပြော။ ကျော်မြင့်လွင်က ကျောင်းဘင်ခရာ တီးဝိုင်းမှာကတည်းက ဂီတ အခြေခံ နုတ်စ်များအထိ ပိုင်နိုင်တတ်ကျွမ်း ထားသူမို့ ဂီတာ တီးဖို့ ဘာအခက်အခဲမျှ မရှိ။ သူငယ်ချင်းတွေ ခေါင်ခေါင်ခင်ခင် တီးခတ် သီဆို နေတာတွေကို သူ့အနေနှင့် အလိုက်သင့်ပင် တီးခတ် သီဆိုနိုင်ခဲ့သည်။

သို့သော် ကိုယ်ပိုင် မရှိတော့ လက်ဆုပ်လက်ကိုင် မရ။

(၈)

ကိုးတန်း စာမေးပွဲ ပြီးသောအခါ ရန်ကုန်မြို့သို့ အလည်အပတ် သွားခဲ့သည်။ ဦးထွန်းမြင့် အစ်မ ဒေါ်ညွှန့်ညွှန့်၏ ခင်ပွန်းက ရန်ကုန်စီးရထား (STI) အချက်ပြနှင့် ကြေးနန်း အင်ဂျင်နီယာ။

အဆိုပါ ဦးလေးနှင့် အဒေါ်တို့ အိမ်ကို ကျော်မြင့်လွင် သွားဖြစ်တော့ ညီအစ်ကို ဝမ်းကွဲ တော်စပ်သူ ကိုအောင်မျိုးဆန်း ဆီမှာ ဂီတာတစ်လုံး ရှိနေသည်။ ကျောင်းပိတ်ရက်လည်း ကျောင်းပိတ် ရက်မို့ သူတို့ ညီအစ်ကိုနှစ်ယောက် ဂီတာ လွှတ်လွှတ်လပ်လပ် တီးခွင့် ရရှိခဲ့ကြသည်။

ဂီတာပေါ်မှာ သူ အရူးအမူး ဖြစ်နေတာကို ကြည့်ပြီး ပုသိမ် ပြန်မည်ဆိုတော့ ထိုဂီတာ အဟောင်းအနွမ်းလေးကို သူ့နှင့်အတူ ထည့်ပေးလိုက်ကြသည်။

(၉)

ကျော်မြင့်လွင် ဆယ်တန်း အတက်နှင့် ဂီတာ။

တွေ့ကြပါချေပြီ။

ဂီတာ တစ်လုံးနှင့် သူငယ်ချင်း အပေါင်းအသင်းတွေနှင့်။ တရုန်းရုန်း ဖြစ်စပြုလာသည်။ ထိုအခါ သူ့တုန်းက ဂီတ ဝါသနာ ပါလှပါသည်ဆိုသော ဖခင် ဦးထွန်းမြင့်ပင် လက်မခံနိုင်။

ကျော်မြင့်လွင်က သားကြီး ဩရသလည်း ဖြစ်သည်။ စာတော်ပြီးသား၊ ထူးချွန်ပြီးသား ဖြစ်သည်။ သားကို ဆရာဝန်၊ အင်ဂျင်နီယာပဲ ဖြစ်စေချင်သည်။ အထူးသဖြင့်ကတော့ ကိုယ်တွေက ကျန်းမာရေး ဝန်ထမ်းများပီပီ သားကို ဆရာဝန် ပို၍ ဖြစ်စေချင်သည်။ သူမှာက ဖြစ်ထွန်းနိုင်လောက်သည့် အရည်အချင်းမျိုး ရှိထားသည်ဟုလည်း ယုံကြည်သည်။

ယခုလို ဂီတာတစ်လုံးနှင့် ထွေးလုံးရစ်ပတ် လုပ်နေလို့ကတော့ ဘာဆိုဘာမျှ ဖြစ်လာလိမ့်မည် မဟုတ်။ လမ်းလွဲသွားဖို့ပဲ ရှိသည်ဟု ဦးထွန်းမြင့် ယူဆသည်။

(၁၀)

သားကို မျက်ခြည်မပြတ် ကြည့်နေရင်း ကြည့်နေရင်း မျက်စိနောက်နေခဲ့ရာ။ တစ်နေ့မှာတော့ဖြင့် ဦးထွန်းမြင့်က သူ့ စိတ်ကို သူ ဆက်ပြီး မထိန်းနိုင်တော့ချေ။ ကျော်မြင့်လွင်ကို ခေါ်သည်။ သတိရွဲ လက်ပိုက် ရပ်နိုင်းလိုက်သည်။

'ကဲ၊ ရှင်းရှင်းပဲ ငါမေးမယ်ကွာ၊ ဒီဂီတာ အလုပ်နဲ့ မင်း တစ်ဘဝလုံး ထမင်းစားမှာလား၊ တခြား ဆရာဝန်၊ အင်ဂျင်နီယာ အလုပ်မျိုးတွေနဲ့ ထမင်း စားမှာလား' ဟု ဆိုင်းမဆင့် ဗုံမပါ မေးလိုက်သည်။

ဦးထွန်းမြင့် မေးပုံက အတော်လေးတော့ နိုင်ထက်စီးနင်း ဖြစ်နေသည်။ သို့သော် အဖေက အဖေ။ သားက သား ဖြစ်သည်။ သူက အဖေ ဖြစ်နေ၍ အဖေ တစ်ယောက်၏ သားကြီး ဩရသ အပေါ်မှာ ထားရှိသော မျှော်လင့်ချက်နှင့် ဖောတို့မှာ လောကတံထွာ သမားရိုးကျ ဤထုံးစံ လမ်းကြောင်းပဲ ရှိသည်။ သားတစ်ယောက်ကို ဖေးလံ ခေါ်ခဲ့ပြီး ကျေ့ကောက်သလောက် သေချာ ရေရာခြင်း မရှိသည့် လမ်းကြောင်း အတိုင်း သူ တွန်းမပို့နိုင်။

'ပြောကွာ၊ ပြော။ ဒီဂီတာ အလုပ်နဲ့ မင်းနဲ့ ဖြစ်မလား။ မဖြစ်ဘူးလား။ မင်း အခု ချက်ခြင်း စဉ်းစားပြီးတော့ ပြော၊ မဖြစ်ဘူး ဆိုရင်တော့ စာပဲ ကြိုးစားရမယ်'

(၁၁)

ကျော်မြင့်လွင်မျာ ခက်မွယ်ဖြင့် ကြုံရရှာပြီ။ အခြေအနေက သမင် ဆယ်လှမ်း၊ ကျား တစ်လှမ်း အနေအထား။ ထိုအချိန်မှာ ကျော်မြင့်လွင်က အသက် ၁၅ နှစ် အရွယ်။ တကယ့်ကလေး သာသာ လူလား မြောက်ဖို့ အားယူစ အချိန်။ သူ့မှာ ပြောစရာ စကားတွေ ရှိတော့ ရှိသည်။ သို့သော် မပြောပြတတ်။ ပြီးတော့ ပြောလည်း မပြောရဲ။ အဖေ ပြောနေတာလည်း မှန်သည် ဆိုတာ သူ သိသည်။ သို့သော်လည်း အခြား တစ်ဘက်မှာလည်း စဉ်းစားစရာ ရှိရမည်။

အဖေက ဖြေဖို့ စိအား ပေးလွန်း လာသော အခါမှာတော့ အားမတန် မာန်လျှော့ပြီး–

'ကျွန်တော် စာပဲ ကြိုးစားပါတော့မယ်' ဟု သဘောတူလိုက်သည်။ အဖေက –

'အေး၊ ဟုတ်ပြီ၊ မင်း စကား မင်း ကတိတည်ပါစေ၊ ဂီတာကိုတော့ အခု အချိန်က စပြီး ယတိပြတ် အဆက်ဖြတ် ထားလိုက်တော့' ဟု ဆိုသည်။

နောက်မှ ကိုယ် လိုချင်တာ ဖြစ်ချင်တာ တစ်ဘက်သတ်ကြီး ကတိစကား ရပြီးပြီ ဆိုတော့ အောင်နိုင်သူပီပီ လေသံ အတန်ငယ်လျှော့၍ –

'မင်းကွာ၊ လောလောဆယ် ဂီတာကို ခဏ အသာထားပြီး စာပဲ ကြိုးစားလိုက်စမ်းပါ၊ ဂီတာ အနုပညာကတော့ကွာ အဖေလည်း ဝါသနာ ပါတာပဲ။ ဒါပေမယ့် အလုပ်တွေ၊ အကိုင်တွေနဲ့ အခြေတကျ ဖြစ်ပြီ ဆိုတဲ့အခါကျရင် မင်း ကြိုက်သလောက် လိုက်စားစမ်းပါ' ဟု ဆိုလေသည်။

(၁၂)

ထိုနေ့ ထိုရက်မှစ၍ အိမ်မှာ ကျော်မြင့်လွင် ဂီတာ မတီးရတော့ပြီ။

အနည်းဆုံး အမေ အိမ်မှာ ရှိနေစဉ် ဂီတာ မတီးရ။

(၁၃)

အမေ့ကို ကြောက်၍ ဘာမျှ ပြန်ပြီး နှုတ်လှန်ထိုး မပြောခဲ့သလို တကယ်လည်း ပီတိ လူငယ် ကျော်မြင့်လွင်ကလေး၏ စိတ်ထဲမှာ ဂီတမှ ဂီတဟူသော အစွဲအလမ်းမျိုး မရှိသေး။ ဂီတာကို သူ နှံ့မင်တာ မှန်သည်။ သို့သော် သူလည်း သူ့ ဉာဏ်အလျှာနှင့် သူ စဉ်းစားတတ်သည်။

ဂီတာ အလုပ်ချည်း သက်သက် တစ်လက်တည်း ကိုင်ပြီး သွားရလျှင် ဘဝမှာ မည်မျှ ကြမ်းတမ်း ပင်ပန်း ဆင်းရဲနိုင်သည်၊ ဘယ်လောက် မရေမရာ ဖြစ်နိုင်သည်ကို သူ သိသည်။ အမေနှင့် နှစ်ယောက်တည်း အေးအေးဆေးဆေး တွေ့တော့–

'သား သိပါတယ် အမေရာ။ အမေ့ကို ပြောပြနေရင် ထပ်ရှည်နေမှာ စိုးလို့ပါ။ သားကလည်း ဒီဂီတာ တစ်ခုတည်းနဲ့တော့ အသက်မွေးဝမ်းကျောင်း မလုပ်ပါဘူး' ဟု ဆိုသည်။

(၁၄)

အမေနှင့် သားကတော့ ဘာမဆို ထိုးထွင်းနားလည် ပေးနိုင်ကြသည်။

အမေ မရှိချိန်။ လွတ်လွတ်လပ်လပ် ကာလကလေး တစ်ခုမှာ ကျော်မြင့်လွင်က –

'အမေ သီချင်းလေး ဘာလေး မဆိုတတ်ဘူးလား၊ သားက ဂီတာ တီးပေးချင်တာ' ဟု ဆိုသည်၊ သားက ပြောလွန်းတော့ Local Talent အစီအစဉ်မှ လာနေကျ London Bridge, River of No Return သီချင်းတွေ အမေ ဆိုပြသည်။

အမေက သီချင်းဆို၊ သားက ဂီတာတီး။ တကယ်ပဲ ပျော်စရာ ဖြစ်ခဲ့သည်။ သီချင်း ဆုံးတော့ ကျော်မြင့်လွင်က အားရပါးရ –

'အမေက သီချင်းဆို ကောင်းတာပဲ။ လျှို့ထားတာကိုး' ဟု မှတ်ချက်ချသည်။

(၁၅)

စာကလည်း တအား ဖတ်သည်။ ကျော်မြင့်လွင်ကို ကြည့်လိုက်လျှင် မျက်မှန်ထူထူနှင့် စာအုပ် တစ်တွဲနှင့် အမြဲ တွေ့ရမည်။ အိမ်က စာဖတ်တာနှင့် ပတ်သက်ပြီး လုံးဝ မကန့်သတ်။ ဖတ်ချင်တာ ဖတ်၍ ရသောကြောင့် အိမ်မှာ ရှိရှိသမျှ စာအုပ် အားလုံး သိမ်းကျုံးဖတ်သည်။ ရရာကနေ ငှားရမ်း ရှာဖွေ ပြီးတော့လည်း ဖတ်ရှုသည်။

ဂီတာကတော့ အိမ်မှာ ချုပ်ချယ်ထား၍ အပြင်မှာပဲ သွားတီးလေတော့သည်။ သူငယ်နုပ်စား ကလေးငယ်လေးလည်း မဟုတ်၍ အိမ်ထဲမှာ လှောင်ပိတ်ထားဖို့ဆိုတာ မဖြစ်နိုင်။ ဂီတာကို သူငယ်ချင်း အိမ်မှာ သွားထားပြီး တီးသည်။

မိဘတွေက သူ ဘယ်မှာ ဂီတာတီးမှန်း၊ သူ ဘယ်လောက်တတ်နေမှန်း၊ ဘယ်လောက်တော်နေမှန်း မသိကြ။ ဒါပေမယ့် ပုသိမ်ကတော့ အရင်သိသွားသည်။

(၁၆)

ပုသိမ်မြို့သည် ဂီတအနုပညာမှာ အစဉ်အလာ ရှိသော မြို့ဖြစ်၏။

စနစ်တကျ ဖွဲ့စည်းထားသော တီးဝိုင်းတွေ ရှိသည်။ Skeleton ဆိုသော ဂီတ တီးဝိုင်းသည် ပုသိမ်မြို့၏ အစောဆုံးသော ဂီတာ တီးဝိုင်းများတွင် တစ်ခု အပါအဝင် ဖြစ်ခဲ့၏။ Skeleton ဝိုင်းမှ ကိုညြသည် နိုင်ငံကျော် E.Machine အဖွဲ့တွင် ရစ်သမ်ဂီတာ တီးခတ်ခဲ့ပြီး ယခုအခါ 'နိုင်မာ ဂစ်တာ' ထုတ်လုပ်နေသူ ဖြစ်ပါသည်။

မင်္ဂလာပွဲ၊ ညှိခံပွဲတွေမှာ လိုက်လံ ဖျော်ဖြေပေးကြသော တီးဝိုင်းများအနက် တရုတ်လူမျိုးများ ဦးစီးကြသည့် ငုဝါ၊ ဖြူနီညိုပြာ၊ ရွှမ်းရိုးမ တီးဝိုင်းများမှာ အသက်မွေးဝမ်းကျောင်း အဆင့် ရှိသည်။ အရှေ့တိုင်း နုတ်စ် ဝမ်း၊ တူး၊ သရီး၊ ဖိုးများနှင့် စည်းကမ်းတကျ တီးခတ်နိုင်ကြသည်။

ငုဝါ၊ ဖြူနီညိုပြာ၊ ရွှမ်းရိုးမ ဝိုင်းကြီးတွေက အပြိုင်အဆိုင် ဖြစ်ကြသလို ကရင် တိုင်းရင်းသား ရပ်ကွက်ထဲက မဟူရာ အစရှိသော တီးဝိုင်းများလည်း ရှိကြသေးသည်။

(၁၇)

စနေနေ့ ညနေခင်းတွေဆိုလျှင် ပုသိမ် ပန်းခြံထဲတွင် စင်တင် တီးဝိုင်းတွေက ဖျော်ဖြေ ပေးတတ်ကြသည်။

'ငုဝါ' ကိုတော့ဖြင့် ပုသိမ်မြို့၏ ထိုအချိန်က အကောင်းဆုံး တီးဝိုင်း တစ်ဝိုင်းအဖြစ် သတ်မှတ်နိုင်သည်။ ငုဝါ၏ တီးဝိုင်း ခေါင်းသူလည်း ဖြစ်၊ လိဒ် ဂီတာသမားလည်း ဖြစ်သူ ကိုတင်ယုသည် တီးဝိုင်း တစ်ခုလုံး၏ အချက်အချာ ဖြစ်ခဲ့၏။ သူ ကိုယ်တိုင် တော်တော်လေးကို အတီးအခတ် ကောင်းခဲ့သည်။

ကိုတင်ယုတို့သည် ပုသိမ် ဘူတာရုံထဲမှာလည်း စားသောက်ဆိုင် တစ်ဆိုင် ဖွင့်ထားသည်။ ပုသိမ် ဘူတာရုံဆိုတာက ကျော်မြင့်လွင်တို့ နေသော ပြည်တော်သာ ရိပ်သာ တိုက်တန်းများနှင့် ဘာမျှ မလှမ်းမကွာ။ လက်တစ်ကမ်းမျှသာ။

များမကြာမီသော ကာလ အတွင်းမှာ လူငယ်လေး ကျော်မြင့်လွင်၏ လက်စလက်နနှင့် အဆို ပါရမီတို့ကို ကိုတင်ယု ကောင်းစွာ အကဲခတ်မိသွားခဲ့သည်။ ဤသို့ဖြင့် ပုသိမ်ပန်းခြံ၏ စနေညနေ 'ငုဝါ' ဖျော်ဖြေပွဲများတွင် ကျော်မြင့်လွင် တစ်ယောက် စင်မြင့်ပေါ်သို့ ရောက်ရှိလာတော့သည်။

(၁၈)

ကျော်မြင့်လွင်ကို ကိုတင်ယုက မြေတောင် မြှောက်ပေးပြီး ပုသိမ်မြို့၏ နံပါတ်တစ် တီးဝိုင်း 'ငုဝါ' က စင်တင် ပေးလာသောအခါ 'ဖြူနီညိုပြာ' ကလည်း သူတို့ တီးဝိုင်း၏ အလှည့်ကျ ညနေတွေမှာ လာပြီး သီဆိုပေးဖို့ ကျော်မြင့်လွင်ကို ဖိတ်ခေါ်သည်။

ကျော်မြင့်လွင် အနေနှင့် ငြင်းပယ်စရာ အကြောင်း မရှိ။ သူ့ကိုယ်ထဲကို ဂီတဝိုးက တိုး၍ တိုး၍ စွဲကပ် ဝင်ရောက်လာခဲ့ပြီ။ သူ့အသက်ကဖြင့် ၁၅ နှစ်၊ ၁၆ နှစ် အရွယ်။

(၁၉)

ပုသိမ်ပန်းခြံ ညနေညနေ ဂီတပွဲတွေမှာ ကျော်မြင့်လွင် အဆို များခဲ့တာက ထိုခေတ်အခါအလျောက် ခေတ်စားခဲ့သော ကိုင်ဇာ သီချင်းတွေ ဖြစ်သည်။

သူ၏ ပထမဆုံး စင်မြင့် ဖျော်ဖြေမှု အတွေ့အကြုံမှာ ၁၉၈၀ ပြည့်နှစ်က ပုသိမ်မြို့ ကမ်းနားလမ်းတွင် ဘိုတင်ယုတို့ ငုဝါတေးဂီတနှင့် ကိုင်ဇာ၏ 'အကောင်းဆုံးက ဂီတာတီးနေမယ်' သီချင်းကို သီဆိုခဲ့ခြင်း ဖြစ်သည်။

(၂၀)

သီချင်းသာ ဆိုရတာ အဖော်ကို ပေါ်ပေါ်ထင်ထင် အသိ မခံရဲ၊ ခိုးကြောင်ခိုးဝှက်နှင့်သာ ဆိုရသည်။ သို့သော် ပုသိမ်ဆိုတာ တကယ်တမ်းတော့ ဘာမျှ ကျယ်ဝန်းလှသည်မဟုတ်။ တစ်ဆင့်စကား၊ တစ်ဆင့်နားနှင့် ကျော်မြင့်လွင် သီချင်းဆိုတာ ကောင်းလှကြောင်း အဖေ အပါအဝင် တစ်အိမ်သားလုံး သိထားနေနှင့်ခဲ့ကြပြီ။

ဦးထွန်းမြင့်က ကိုယ့်သား သီချင်း သီဆိုဖျော်ဖြေတာကို နားလည်း နားထောင်ချင်သည်။ ပေါ်တင်ကြီး သွား အားပေးရလျှင် တစ်ဖက်က တားမြစ်ပိတ်ပင်ထားသော ရှေ့စကားနှင့် နောက်လုပ်ပုံတို့ မညီညွတ်သလို ဖြစ်ရတော့မည်။ ဂီတဘက်ကို မြှောက်ပေးလိုက်သလို ဖြစ်ခဲ့လျှင် ပညာရေး၏ စည်းဘောင် ကာလနား ပျက်သွားရလိမ့်မည်။

သို့ဖြစ်၍ လူမသိအောင် သွားနားထောင်ကြသည်။

တွေးကြည့်လျှင် ရယ်စရာပင် ကောင်းနေသည်။ ကျော်မြင့်လွင်ကလည်း အိမ်ကသိမှာစိုး၍ တိတ်တခိုး ဆိုရသည်။ အိမ်ကလည်း ကျော်မြင့်လွင် သိမှာစိုး၍ မှောင်ရိပ်ခို၊ လူလုံး ရှောက်ပြီး နားထောင်ခဲ့ကြသည် ဖြစ်ပုံမှာ အဆန်းပင်။

(၂၁)

ဆယ်တန်း စာမေးပွဲကိုတော့ ဘာအခက်အခဲမျှ မကြုံရဘဲ လွတ်လွတ်ကျွတ်ကျွတ်ပင် အောင်သွားသည်။ သို့သော် တစ်ဖက်တွင် တီးဝိုင်းနှင့် တေးသီချင်း ဂီတတွေနှင့် ယှက်နွယ်နေ၍ အမှတ်ကဖြင့် ဘယ်လိုမျှ မကောင်းနိုင်။

မိဘတွေက ကျန်းမာရေးဝန်ထမ်း အသိုင်းအဝိုင်းမှဖြစ်၍ သားကို ဆရာဝန်တော့ ဖြစ်စေချင်ကြသည်။ ဆယ်တန်း အမှတ်နည်းတာက မကျေနပ်ချင်စရာ။ ဘယ်လိုပဲ ဖြစ်ဖြစ် ပုသိမ် ဒေသကောလိပ် ကျောင်းသား ဘဝတွင် ဇီဝဗေဒ ဘာသာတွဲ ယူဖြစ်ခဲ့သည်။

သို့သော် ကျော်မြင့်လွင် စိတ်က အနုပညာဘက်ကိုသာ ပိုပြီး တိမ်းညွတ်နေသည်။ ကောလိပ် ကျောင်းသား ဘဝသည် ဆယ်တန်းလိုမျိုး ပညာရေးဘက်တွင် လတ်တလော အနီးကပ် ဦးတည် ရည်မှန်း ထားစရာကလည်း မလို။ ဖတ်ချင်သည့် စာအုပ်တွေ ဖတ်သည်။ ကဗျာတို ကဗျာစတွေ မော်းသပ် ရေးဖွဲ့သည်။ ဂီတကတော့ အရူးအမူးပင် ဖြစ်တော့သည်။

(၂၂)

ဘိုတင်ယုတို့ ' ငုဝါ ' လို စင်မြင့်ပွဲတွေ အပြင် ကြုံလေရာမှာ ဂီတာ တီးသည်။ သူငယ်ချင်း အိမ်၊ လယ်ကွင်း၊ ကောက်ရိုးပုံ၊ ထောင်ကွင်းထဲက သစ်ပင်အောက်၊ အရိုးသဖြင့် နေရာ အမျိုးမျိုး ပြောင်းရွှေ့ပြီး တေးသီချင်း ဂီတထဲမှာ မွေ့လျော်နေတော့သည်။

ကျော်မြင့်လွင်ထံတွင် ဂီတနှင့် ပတ်သက်၍ လက်ဦးဆရာများ ဖြစ်ကြသော ပုသိမ် အနောက် မြို့နယ်၊ လမ်းစဉ်လူငယ် ဘင်ခရာတပ်ဖွဲ့မှ ဆရာ ဦးကျောက်စိမ်းနှင့် ဆရာ ဦးစန်းတင့်တို့ ခင်းပေးခဲ့သည့် အခြေခံကောင်းတွေ ရှိခဲ့သည်။ သို့ဖြစ်၍ ဂီတကို အပေါ်ယံ ဝါသနာ ပါရုံ မဟုတ်။ နုတ်စ်နှင့် စနစ်တကျ တီးတတ်အောင် နက်နက်ရှိုင်းရှိုင်း လိုက်စားခဲ့သည်။

ငုဝါမှ ဘိုတင်ယုသည် နုတ်စ် ကျွမ်းကျင်သူ ဖြစ်၍ သူ့ထံမှ ပညာတွေကို အသင်၊ အမြင်၊ အကြား နည်းမျိုးစုံနှင့် ရအောင် ယူခဲ့သည်။

သီချင်းလေးတွေလည်း မော်းသပ် ရေးဖွဲ့ကြည့်ခဲ့သည်။ ထုံးစံအတိုင်း ရှိပြီးသား သံစဉ်ပေါ်မှာ စာသား ထည့်ရသော ကော်ပီပုံစံကို အရင်ဆုံး လုပ်ကြည့်သည်။ သူ ပထမဆုံး ရေးဖွဲ့ခဲ့သော ကော်ပီ သီချင်းမှာ ABBA \ Hastamanana သီချင်း အလိုက် ဖြစ်သော 'ကမ္ဘာ့ရေ နှလုံးသား'။

၁၉၇၉ ခုနှစ် (အသက် ၁၆ နှစ်) တွင် ရေးခဲ့သည်။

(၂၃)

ဂီတနှင့် အနုပညာဘက်ကိုချည်းပဲ စိတ်က တိမ်းညွတ်နေသောအခါ ၁၉၇၉–၈၀ ခုနှစ် ဒေသကောလိပ် ပထမနှစ် စာမေးပွဲမှာ ကျရှုံးသွားခဲ့တာ အဆန်းဟူ၍ မဆိုသာတော့ပါ။



၁၅ နှစ်သား ကိုရင် ကောသလ၊ ပုသိမ် ရွှေမုဋ္ဌောဘုရား
၁၉၇၇ ခုနှစ် ဒီဇင်ဘာ ၃၁

# အခန်း (၅)
# ရေစုန် အမျော ရေဆန် အတက်

(၁)

၁၉၈၁ ခုနှစ်။

ဦးထွန်းမြင့်နှင့် ဒေါ်မြရင်တို့ တိုင်ပင်ခဲ့ကြသည်။ သူတို့၏ နှစ်ဖက် မိဘတွေက အသက်ကြီးကြပြီ။ ပုသိမ်–မော်လမြိုင် ကူးချည်သန်းချည် သွားလာရတာ မလွယ်ကူ။ မော်လမြိုင်မှာသာ ဆိုလျှင် အနီးကပ် ကြည့်ရှုစောင့်ရှောက် ပေးနိုင်လိမ့်မည်။ သို့ဖြင့် မော်လမြိုင်သို့ ပြောင်းရွှေ့ရန် လျှောက်လွှာ တင်လိုက်ကြတော့သည်။

ပထမဆုံး ပြောင်းရွှေ့ခွင့် ရသွားတာက ဦးထွန်းမြင့်။ ဒေါ်မြရင်အတွက်ကျတော့ မော်လမြိုင် ကျောင်းကျွန်းမာရေးမှာ နေရာလပ် မရှိ။ ဆေးဘက်ကိုတော့လည်း ယခုအချိန်ကျမှ ပြန်မဝင်ချင်။ တစ်ဖက်တွင် ကလေးတွေက ရှိသေးသည်။ လုပ်သက်ကလည်း ၂၄ နှစ်ပင် ရှိပြီ။ သို့ဖြင့် အစောအိမ် ရောဂါကို အကြောင်းပြပြီး Invalid ပင်စင် ယူလိုက်သည်။

သည်လိုနှင့် တစ်မိသားစုလုံး မော်လမြိုင်သို့ အသိုက်အမြုံ ပြောင်းဖြစ်သွားတော့သည်။

(၂)

မိဘနှင့် ညီအစ်ကို မောင်နှမတွေ အားလုံး မော်လမြိုင်သို့ ရောက်သွားကြပြီ ဖြစ်သော်လည်း ကျော်မြင့်လွင်နှင့် ပုသိမ်မြေနှင့် ခွဲ၍ မကုန်သေးချေ။

ပြောင်းရွှေ့ချိန်က နိုဝင်ဘာလ ဖြစ်၍ ကျော်မြင့်လွင်၏ ကျောင်းချိန်နှင့် ကန့်လန့် ဖြစ်နေသည်။ သို့ဖြင့် စာသင်နှစ် တစ်နှစ် ပြီးအောင်နေဖို့ ပုသိမ်မှာ ထားခဲ့ရတော့သည်။

အဆောင်မှာနေ။ ပိုက်ဆံ ပို့ပေးမည်။ သည်ကြားထဲ အရေးပေါ်အသုံးလိုလျှင် သူ့ကို ပခွင်း တက်ပေးမည့် အဒေါ်ကြီးများ ရှိသည်။ လိုချင်တာရှိလျှင် သွားယူ သုံးထားဖို့ မှာခဲ့ရသည်။

ဤသို့ဖြင့် အိမ်အမိုး အရိပ်အောက်မှ လွတ်မြောက်သွားပြီး မိမိဘာသာ ဆုံးဖြတ် လှုပ်ရှားရမည့် အဆောင်သို့ ရောက်ရှိသွားတော့သည်။

သူ ပထမဆုံး နေထိုင်ခဲ့တာ ' သီတာဦး ' အဆောင်။

(၃)

မိဘများ၏ အုပ်ထိန်းမှုအောက်က လုံးလုံးလျားလျား လွတ်မြောက် သွားသောအခါ သူ နေချင်သလို လွတ်လွတ်လပ်လပ် နေဖြစ်သွားသည်။ တစ်လစာအတွက် ပေးထားသည့် ပိုက်ဆံကို တစ်ရက်တည်းနှင့်လည်း သုံးချင် သုံးပစ်သည်။

အဆောင်နေ လူငယ်ချင်းချင်း အပေါင်းအသင်း ပေါင်းစုံတွေနှင့် အသောက်အစားလေးက ပါလာသည်။ အချိန်တိုတို အတွင်းမှာပင် သူ အသောက်အစားကောင်းတာ ကျောင်းပရိဝုဏ်ထဲရှိ လူတွေအားလုံး သိကုန်ကြသည်။

အပေါင်းအသင်းများနှင့် ဂီတာ တီးနေရလျှင် ပြီးရော။ ကျောင်းတက်ရက်က မမှန်။ သူ စိတ်ပါသော အတန်းတွေပဲ ရွေးတတ်သည်။ ရေလည်း ချိုးချင်မှ ချိုးသည်။ ဆံပင် ခွေကောက်ကောက်တွေကလည်း တွန့်လိပ် ရှည်လျား လာခဲ့သည်။

ဤအကြောင်းတွေကို ပထမတော့ မော်လမြိုင်ရှိ မိဘများ မသိကြ။ နောက်တော့ ဗုသိမ်မှ အဒေါ်ကြီးတွေက စာရေးပြီး တိုင်တောကြသည်။

'ဘဲဥလေးကို မင်းတို့ သည်အတိုင်း ပစ်ထားတော့မလား၊ ပြန်ခေါ်မယ်ဆိုလည်း စပ်မြန်မြန် ခေါ်လိုက်တော့၊ ကြာရင် နစ်သွားလိမ့်မယ်၊ ဟိုတစ်နေ့က အိမ်လာတာ ညှဉ်းဆိုးဆိုးနဲ့၊ ဆံပင်တွေလည်း အရှည်ကြီး' ဟု လှမ်းပြီး သတိပေးကြသည်။

(၄)

သည်အတိုင်း စနေး ဆက်သွားရှဲ့ မဖြစ်တာ သူ့တို့ သဘောပေါက်ကြသည်။ မော်လမြိုင်ကို ရောက်ကာစ။ ချက်ခြင်းလည်း လာမခေါ်နိုင်။ ကျောင်း စာသင်နှစ် တစ်နှစ် မပြီးခင် ခေါ်လို့လည်း မဖြစ်။ သို့ဖြင့် စာရေးပြီး ဆုံးမရသည်။ တွေ့ ဓဏ ဖြစ်စေ ပြန်လာဖို့ ခရီးစရိတ် ပို့ပြီး လှမ်းခေါ်ရသည်။

သို့သော် ကျော်မြင့်လွင်က ဗုသိမ်မြေမှာ လွတ်လွတ်လပ်လပ် အတောင်ပံ ဖြန့်၍ ပျံသန်းနေခဲ့ပြီ။

ထိုအရသာကို သူ သိသွားခဲ့ပြီ။

မိဘတွေဆီ ပြန်လိုက်မသွား။

ပိုက်ဆံ မပို့ဘဲ ထားလျှင် လက်ထဲ ငွေပြတ်ပါက အကျပ်အတည်းကြုံပြီး ပြန်လာမှာပဲ ဆိုတာလည်း မရ။ အခက်အခဲ ကြားမှ ဖြစ်သလို ကြံဖန်ပြီး နေသည်။ သူငယ်ချင်းတွေနှင့် ရှိ အတူတူ၊ မရှိ အတူတူ အပြားလိုက် ရှုထားသည်။ သူ့လက်ထဲမှာ ပေါ်သီစိုးငဲ့ အတွန့်အစုတ် မရှိ၊ ကျူးမျှနဲ့သည့် သူ့စိတ် ဓါတ်ကို သိသော သူငယ်ချင်းများက သူ့ကို ကြည်ဖြူကြသည်။ လုံးဝ ပြတ်လပ်ပြီဆိုလျှင် ငှက်ပျောသီး စား၊ ရေသောက်ပြီး ဂိုက်မှောက်နေတတ်သည်။

အဆောင်လည်း အတည်တကျ မရှိ။ သီတာဦး အဆောင်မှ နီလာမြိုင်အဆောင် နံဘေးရှိ ဓွေရှုရာ အဆောင်သို့ ရောက်သွားသည်။ အဲသည့်နောက်တော့ သူငယ်ချင်းများ ရှိရာ တစ်ဆောင်ပြီး တစ်ဆောင် ရွှေ့ပြောင်းနေတော့သည်။

သည်လိုနှင့် ပထမနှစ် စာမေးပွဲ ထပ်ကျပြီး External ကျောင်းသား ဖြစ်သွားခဲ့တော့သည်။

အဲသလို ကြုံရသည့်တိုင် ကျော်မြင့်လွင်က မော်လမြိုင်သို့ လိုက်မသွား။ ဗုသိမ်မှာပဲ တုံးလေကာတ်သတ် နေခဲ့သည်။

(၅)

ဂီတာ တီးလိုက်၊ သီချင်း ရေးလိုက်၊ ကဗျာတွေ၊ စာတွေ သီဖွဲ့လိုက်နှင့် သူ့ဘာသာ တည်ဆောက်နေသည်။ ထိုအချိန်မှာ သူဖြစ်နေပုံကို အပေါ်ယံကြော ကြည့်၍ ဆုံးဖြတ် မရနိုင်။ သူ၏ အတွင်းထဲမှာက အလျှံတညီးညီး အရှိန်အဟုန် ပြင်းစွာ တောက်လောင်လျက် ရှိသည်။

သီချင်းတွေကို မရေးရလျှင် မနေနိုင်လောက်အောင် ရေးဖွဲ့ချင်သည့် စိတ်ပြင်းပြနေခဲ့သည်။ သူ့ အနီးအနားမှာ သီချင်း ဆိုမည့် လူလည်း မရှိ။ သူ့သီချင်း သူ ဆိုဖို့ပဲ ရှိသည်။ သူ့သီချင်း သူပြန်ဆိုဖို့ ဆိုတာကလည်း ရက်ကောင်းတို့ ဘာတို့အထိ ဘာရည်ရွယ်ချက်မှ မရှိ။ သူ့ဘာသာ ဆာလောင်မွတ်သိပ်နေခြင်း ပြေပျောက်ဖို့သာ ဖြစ်သည်။ သူ့မှာ ရှိသော ဂီတဗေဒ အသိပညာသည် ပြည့်စုံ လုံလောက်ပြီဟု ဘယ်လိုမှ မပြောနိုင်။ သို့သော်လည်း သူ့မှာ လူငယ် တစ်ယောက်၏ အင်အား ကြီးမားလှသော စိတ်ဓာတ်မာန် တွန်းအား ရှိသည်။ ထိုတွန်းအားက သီချင်းကောင်းလေးတွေ ဖြစ်အောင် ရေးချင်နေခဲ့သည်။

ထိုစိတ် ဓာတ် ခွန်အားနှင့်ပင် သီချင်းတွေကို သူ ရေးဖြစ်ခဲ့သည်။

(၆)

ကျော်မြင့်လွင် သီချင်းစ ရေးတော့ ကော်ပီသီချင်းလေးတွေပဲ ဖြစ်သည်။ ပင်ကိုရေး သီချင်းများ ဖွဲ့သီနိုင်ရန် အတွက် တေးသွား ဖွဲ့စည်းမှု၊ အဆိုပါ တေးသွားများ အပေါ်တွင် မိတ်ဖက်သံများ တည်ဆောက်မှု၊ ဂီတ ဖန်တီး စီစဉ်ခြင်းမှု၊ တီးမှုတ် သီဆိုမှု အတတ်ပညာ နည်းစနစ်များ လိုအပ်သည်။ ထိုအရာများအတွက် ကျော်မြင့်လွင် သင်ယူခဲ့ရသော ကျောင်းနှင့် သင်တန်း မရှိခဲ့။

နိုင်ငံခြား တေးသွားများ၊ သီချင်းများကို သူ လိုက်ပြီး တီးခဲ့၊ ဆိုခဲ့သည်။ ကော်ပီသီချင်းများ အပါအဝင် နိုင်ငံခြား သီချင်းများကို ဤကဲ့သို့ သီဆို တီးခတ်ခြင်းသည် သူ့အတွက် ဂီတပညာ သင်ယူ လေ့လာမှု ဖြစ်လာသည်။ ဂီတကျောင်း တက်ရောက် သင်ကြားမှု ဖြစ်လာသည်။

နိုင်ငံခြား သီချင်းများ၊ ကော်ပီ သီချင်းများ တီးဝေ့ သီဆိုကြရင်း အတွေ့အကြုံတွေ သူ ရလာသည်။ နည်းစနစ်တွေ ရလာသည်။ ဂီတ အသိပညာနှင့် သီအိုရီများ ရမှန်း မသိ ရလာခဲ့သည်။ ထိုအခြင်းအရာ အားလုံးကို အသုံးပြုပြီး ကိုယ်ပိုင်သံစဉ် သီချင်း ဘက်သို့ ကူးပြောင်း ရေးဖွဲ့နိုင်သည်အထိ တဖြည်းဖြည်းချင်း သူ အားကောင်း လာခဲ့သည်။

(၇)

သူ ပထမဆုံး ရေးဖွဲ့ဖြစ်ခဲ့သော ကိုယ်ပိုင်သံစဉ် သီချင်းက *'ဝေး သွား တဲ့အခါ'*။

*'ဝေး သွား တဲ့အခါ . . မင်း အနား မှာ . . .*

*မောင့်ရဲ့ ချစ်လိပ်ပြာ . . ဟိုအညီ ပျံလဲလို့နေချင်တယ်။*

*ကြင်နာသူ မေ့ရင်တော့ နား ခိုခွင့်ပြုပါ။*

*ဟိုတုန်းက . . . တို့များ ရဲ့ ချိုမြမက်လန်း ဘွား၊*
*မွေ့အိပ်မက်များ ထဲမှာ တွေ့ကြမယ်နော်*
*အီး ဖြား ကမ္ဘာ တစ်ခုမှာ'*

လူငယ်တစ်ယောက်၏ အတွေးပီပီ စာသားလေးတွေက သနဲ့ရှင်း လတ်ဆတ်နေသည်။ သံစဉ်က ချစ်စရာ ကောင်းပြီး ဆန်းကြယ်သည်။ ထူးဆန်းသော အားကောင်းမှု တစ်ရပ်လည်း ထိုသီချင်းထဲမှာ ကိန်းဝပ်နေခဲ့သည်။

'ဝေးသွားတဲ့အခါ' ကို ရေးဖြစ်ခဲ့တာ ၁၉၈၂ ခုနှစ်။ သူ၏ အသက် ၁၉ နှစ်။

*'ဝေး သွား တဲ့ အ ခါ၊ နှ လုံး သား မှာ အမြဲတမ်း သတိရနေနော်၊ကြင်နာ ခဲ့မှု တဲ့ အချိန် အခါများ၊ မြန်လည်ကာ ရှုမှိုင်ရာ မပြန်နိုင်တော့ တဲ့အခါ ရင်ထဲမှာ ပြန်တမ်းတ မြင်ယောင်လိုက်ပါ'*

*ရင်ခုန်သံ မွေးတွေ့ရွာ . . .*
*မှေးစက် မပျောက်တဲ့ မေ့စက်ရာထက်မှာ။*

(၈)

ကဗျာ ရေးသောအခါမှာတော့ သူ့ကလောင်အမည်ကို သူ့ဘာသာ 'ချစ်မှူးကျော်' ဟု ပေးထားသည်။ ပထဝီဌာနမှ လက်ထောက်ကထိက ဦးဝင်း၏ ညီ၊ ဦးမြင့်စိန်နှင့်က သူတို့ လူငယ်တွေ ရင်းနှီးနေကြသည်။ ကျော်မြင့်လွင်၏ ကလောင်အမည်ကို ကြားတော့ ဦးမြင့်စိန်က–

'မင်းကွာ၊ တစ်ချိန်လုံးဒီလောက် သောက်နေတာ။ ချစ်မှူးကျော် လုပ်မနေစမ်းပါနဲ့၊ သျှပ်မှူးကျော်ပဲ ထားလိုက်' ဟုဆိုသည်။

သို့ဖြင့် သူ၏ ကလောင်အမည်က တကယ်ပဲ သျှပ်မှူးကျော်ဟု ခေါ်တွင် သွားတော့သည်။

ပုသိမ် ဒေသကောလိပ် ပရိဂုဏ်ထဲမှာ သျှပ်မှူးကျော်၊ ကိုကျော်မှူး၊ အရိုင်းဖြူ (ကိုတင်အောင်) တို့၏ မြကဗျာစာအုပ်ကလေး ထွက်ပေါ် လာခဲ့ဖူးသည်။ စာကူးစက် မင်ရနံ့ကလေး သင်းပျံ့နေသော ထိုကဗျာစာအုပ်သည် ကောလိပ်ကျောင်းသား လူငယ်တို့၏ ရင်ခုန်သံပဲ ဖြစ်ခဲ့သည်။

ပုသိမ်ဒေသ ကောလိပ်နှစ်လည် မဂ္ဂဇင်းထဲမှာလည်း 'သျှပ်မှူးကျော်' အမည်နှင့် စာတွေ၊ ကဗျာတွေ ရေးခဲ့သည်။

ငယ်စဉ်ကတည်းက ရင်းနှီးခဲ့သူတွေက သူ့ကို 'ဘဲဥ' ဟု ခေါ်တတ်ကြသည်။ ယခုတော့ ကောလိပ် ဝန်းကျင်မှာ သူ့ကို ခင်မင်သူတွေက 'ကိုသျှပ်' ဟုသာ ခေါ်ပြောကြလေသည်။

(၉)

သူ့ကို ခင်မင်သူတွေလည်း ပေါများသည်။ သူသည် သူ နိုင်နိုင်မာမာ သိထားသော အကြောင်းအရာ၊ သူ စွဲစွဲမြဲမြဲ ယုံကြည်ထားသည်တို့နှင့် ပတ်သက်လာလျှင် အလျှော့ မပေးတတ်။ ငြင်းခုံစရာ ရှိလျှင် ပြင်းပြင်းထန်ထန်ပင် ငြင်းတတ်ခုံတတ်သည်။

ထဲထဲဝင်ဝင် ရင်းနှီး ခင်မင် သွားပြီဆိုလျှင် သူ့ ဝသီက စကားပြောလျှင် ပွင့်လင်း လွတ်လပ် ပြောတတ်သည်။ အကြောင်း မသိလျှင် အပေါ်စီးက ခေါက်ငမ်း ပြောဆိုလေသလား ထင်ရသည်။ တကယ်တမ်း သူ၏ စိတ်ရင်း အမှန်ကို သိသူတွေက ထိုအပေါ်ယံ ကိစ္စများကို အပြစ် မမြင်။ အပေါင်းအသင်းတွေ အပေါ်မှာ သူ ဘယ်လောက် သံယောဇဉ် ထားတတ်ကြောင်း၊ လိုအပ် လာလျှင် ရှေ့ကနေ ဘယ်လောက်အထိ မားမားမတ်မတ် ရပ်ပေးတတ်ကြောင်း၊ အနစ်နာ ခံတတ်ကြောင်းတွေ သိကြသည်။

သူ ကံကောင်းတာက သူ့ကို နားလည်သူ အပေါင်းအသင်းများ မရှားပါးခဲ့ခြင်း ဖြစ်သည်။

(၁၀)

ကျောင်းပရိဝုဏ်ထဲမှာ ကဗျာလိုလို၊ စာလိုလိုနှင့် နေရာတကာ ပလွှားပလွှား နေခဲ့သူမဟုတ်။ မထင်မရှား မသိမသာဘဲ ဖြတ်သန်းဖို့ ကြိုးစားခဲ့သူ ဖြစ်သည်။ သို့သော် သူတို့၏ 'မြ' ကဗျာ တအုပ်လေးကတော့ဖြင့် ပုသိမ် ဒေသကောလိပ် ပတ်ဝန်းကျင်တွင် ပျံ့နှံ့သွားခဲ့သည်။

*'အခါတစ်ပါး၌*
*သူမ၏ လက်ဝယ် ... ထက် 'မြ' သော မြှား တစ်စင်း တည်၏။*
*သို့သော် လေး မရှိ။*
*ထိုရော အခါ*
*ငါ၏ လက်ဝယ် ... ရှို 'မြ' သော စောင်း တစ်ချောင်း တည်၏။*
*သို့သော် ကြိုး မရှိ'*

(၁၁)

သူ၏ 'မနှင်းဖြူ' နှင့် 'စင်သီယာ' ကဗျာတွေ အကြောင်းကိုလည်း ပုသိမ်ဒေသကောလိပ်မှာ လူပြောများခဲ့သည်။

'ငါ့ကဗျာ ဘယ်မှာလဲ၊ မရဲတရဲ မေးခွန်း၊ တိုးတိတ်လွန်းမှာ သိတယ်။ နယ်မချဲ့ပါနဲ့ ဒေနှာ၊ ငါ မနေတတ်ဘူး၊ အရှုံးတစ်ယောက်ရဲ့လွမ်းချင်းကို မင်းဘာကြောင့် နားထောင်ချင်တာလဲ၊ အသည်းမှာ စွဲတဲ့ မြားချက်ဟာ လူမသိတဲ့ အသက်သေစေတယ်။ ရွှေမှာ ဖြစ်တဲ့ မိုးတိမ်ဟာ မုတ်သုံ မလာခင် အိပ်စက်ရဦးမယ်။ မင်းရဲ့ နောက်ဆုံး ရယ်မောသံမှာ ငါ သေခဲ့ပြီ စင်သီယာ၊ ငါ့ကဗျာ ဘယ်မှာလဲ။

'စင်သီယာ၊ ငါ မပြောတော့ဘူး၊ မင်း ဦးနှောက် နှံ့အိုင်တောမှာ ဘောဂဗေဒ ပေါ်ဒေါ်ချုပ်တွေ၊ မျက်တောင်ခတ်တဲ့ ကိန်းဂဏန်းတွေ၊ 'ငွေ ... ငွေ' ... ငွေ (မင်းတို့) ဆိုနေကျ သီချင်းတစ်ပုဒ်နဲ့ ငါ အလွတ် ရနေပြီ၊ ဒီအမြိုက်ပုံထဲ ငါ့ကို မဆွဲနဲ့ စင်သီယာ၊ ငါ မလာနိုင်ဘူး၊ ရှုးရှူးဝါးဝါး ဆော်ဟစ်၊ ချွေးမိုးအောက် နစ်ပါစေ၊ မင်း ပြုံးနေ စင်သီယာ၊ ငါ မပြောတတ်ဘူး'

(၁၂)

ဤသို့ဖြင့် ပုသိမ်ဒေသကောလိပ် ပရဂုဏ်တစ်ခွင်တွင် ကျော်မြင့်လွင်ကို ချုပ်မှူးကျော် အမည် အစွဲပြုပြီး ချုပ် သို့မဟုတ် ကိုချုပ်ဟုသာ ခေါ်ကြတော့သည်။ ယေ်ယေ်ကတည်းက ခေါ်လာခဲ့ကြသော ဘဲဥ အမည်ကိုပင် ချုပ်က လွှမ်းမိုးသွားခဲ့သည်။

'မြ' ကဗျာစာအုပ် အတွက်နှင့် ကိုအောင်မင်း၊ ကိုတင်အောင် (အရိုင်းမြ) ကိုကျော်မှူး (သံယောဇဉ် သမားလေး မောင်ဗိုးကျော်) တို့ ဘာမဟုတ်ဘဲ ဗျာများခဲ့ရသေးသည်။ ချုပ်မှူးကျော်လည်း သူ၏ ကဗျာ များစွာတို့ကို အဆောင် ရေချိမ်ထဲသို့ အတွန့်အတုတ် မရှိ အပြေးအလွှား ပစ်ချခဲ့ရသည်။

(၁၃)

ကျော်မြင့်လွင် ခေါ်၊ ဘဲဥ ခေါ် ကိုချုပ်သည် ပုသိမ်ကောလိပ်တွင် အလွန် ဟောဟောဒိုင်းဒိုင်း မှုင်လင်းသူ ဖြစ်သည်။ သို့သော် သူမှာ တော်တန်ရုံ ခင်မင်သူများပင် မသိခဲ့ကြသေးသော အမည် တစ်ခုကလည်း ရှိနေခဲ့သေးသည်။

(၁၄)

'ရွှမဝ ရုပ်စုံမဂ္ဂဇင်း' ဆိုတာ ထိုခေတ်ထိုအခါက ဟိတ်ကြီးလှသည်။ စာပေဗြဲဇာ လွန်စွာ ကြီးမားသော ရှားရှားပါးပါး မဂ္ဂဇင်း သုံးလေးစောင်ထဲမှာ တစ်စောင် အပါအဝင် ရပ်တည်နေခဲ့သည်။ အယ်ဒီတာတွေက ဆရာ မောင်ဆွေတင်၊ ဆရာ မောင်မြင့်ဖြတ်နှင့် ဆရာ ကျော်စိန်မင်းတို့ ဖြစ်ကြလေသည်။

'ရွှမဝ ရုပ်စုံမဂ္ဂဇင်း' ကို ကဗျာ၊ ဝတ္ထုတွေ ပို့ခဲ့သည်။ 'ရွှမဝ' အတွက် သူ၏ ကလောင်အမည်က 'လင်းထက်'။

ရွှမဝရုပ်စုံလို အထင်ကရ မဂ္ဂဇင်းကြီးမှာ ကဗျာ၊ ဝတ္ထုတွေ ပါခဲ့သော်လည်း ထိုကိစ္စကို ပုသိမ် ဒေသကောလိပ်ဝန်းကျင်မှာ သိသူ အလွန် နည်းခဲ့သည်။

ကျော်မြင့်လွင်ကို ပုသိမ် ဒေသကောလိပ်တွင် လင်းထက် အမည်နှင့် ခေါ်သူ ထိုအချိန်က မရှိခဲ့ချေ။ သူသည် လိုအပ်လာသောအခါ အကာန့်ခွဲခြား ဖုံးဖိ သိုဝှက် ထားတတ်သူ ဖြစ်သည်။ မလိုအပ်လျှင် နှုတ်က ဖွင့်ဟ မနေချင်။

(၁၅)

လူက ထင်ထင်ရှားရှား မနေပြခဲ့သော်လည်း သူ၏ လူငယ် နှလုံးသား တစ်စုလုံးမှာ အနုပညာ မီးတွေက အလျှံတညီးညီး စွဲကပ် တောက်လောင်နေခဲ့တာတော့ သေချာသည်။

*'အမေ ... အဖေ၊ စောစော မီးလောင်နေပြီ၊*

*ရှူရှူတွေကတော့ ရှင်မှာပဲ*

*အား ရင်ထဲမှာ ကဗျာ ... ကဗျာ ... ကဗျာ ...*
*အက်ဆာ ရာ ရမလား လို့ပါ၊*
*(ဒီတစ်ခါတော့ပြင့်)ဝမ်းရေစပ်ရင်လည်း*
*နည်း နည်း နှင့်ထွက်ပါ အမေ*
*အား တော့ မီး လောင်နေပြီ။*

နားလည်ရ ခက်ခဲသော သူ၏ ခံစားချက် အချို့ကို အမေ့ထံ တိုင်တည်ဟန်ဖြင့် တစ်စွန်းတစ်စ ဖွင့်အန် ထုတ်ပြလိုက်သည့် ကဗျာ ဖြစ်လေသည်။

# အခန်း (၆)
# စံရိပ်ငြိမ် ၆ လမ်း

(၁)

ပုသိမ် ဒေသကောလိပ် External ကျောင်းသား ဘဝတွင် ရန်ကုန်၊ ကမာရွတ်မြို့နယ်၊ စံရိပ်ငြိမ်၊ ၆ လမ်းရှိ ဒေါ်ကြည်ကြည်ဝင်း၏ အဆောင်သို့ သူ ရောက်ရှိ သွားခဲ့သည်။ စံရိပ်ငြိမ်၊ ၆ လမ်းမှာ သူ ကွန်းခိုခဲ့သော အဆိုပါ ကာလသည်လည်း ထူးခြားလျက် ရှိနေပြန်သည်။

အဆောင်သာ ဆိုရသော်လည်း သစ်သား အိမ်ကလေး တစ်လုံးသာ။

အိမ်မျက်နှာစာမှာ နှစ်တစ်လက်မ သစ်သားတန်းတွေ ခပ်ကျဲကျဲ ရိုက်ကာ ထား၍ အထဲကို လှမ်းမြင်နေရသည်။ အပေါ်ထပ်မှာ အိမ်ပိုင်ရှင်နေပြီး အောက်ထပ်မှာ သူတို့ အဆောင်သားတွေ နေကြသည်။

အဆောင် အရှေ့ရှိ တရုတ်စံကားပင်ကြီးကတော့ဖြင့် မြူးထွတ်သော အပွင့်တွေနှင့် မွှေးမွှေးလှုပ်၍ နေတော့သည်။ မြေပြင်ပေါ်မှာ ပန်းကြွေတွေကလည်း ပြန့်ကြဲလျက်။

(၂)

ကိုယ့်အိမ်မှာတုန်းက ကိုသျှပ်သည် အကြီးဆုံး ဖြစ်၍ သူ့မှာ ညီငယ်၊ ညီမငယ်တွေလည်း ရှိခဲ့သည်။ သူ့ထက် ကြီးသော အစ်ကို၊ အစ်မတွေကို လိုချင်သော်လည်း မရသာခဲ့။ ပုသိမ်မှာ တွဲခဲ့သော အပေါင်းအသင်းတွေ အားလုံး သူနှင့် အရွယ် တူချင် တူ၊ မတူလျှင် သူ့ထက် အသက် ငယ်ရွယ်ခဲ့ကြသည်။

ယခုတော့ သူ့ထက် အသက်ကြီး၊ ဝါကြီးသူတွေကို တစ်သိုက် တစ်မြုံကြီး တွေ့ရပြီ။ အစ်ကို ဝေါ်မှတ် တောင့်တသော သူ့အတွက် ခင်မင် တွယ်တာစရာပဲ ဖြစ်ခဲ့သည်။

ထိုအချိန်တုန်းက စံရိပ်ငြိမ် ၆ လမ်း အဆောင်ကလေးမှာ နေထိုင်ကြသူတွေ အရှင်းချင်းကလည်း 'အရင်းနှီးဆုံး နှလုံးသားများ' အဖြစ် တည်ဆောက်ထားခဲ့ကြသည်။ သူတို့တစ်တွေသည် သွေးသားအရ ညီအစ်ကို မတော်စပ်ခဲ့ကြလင့်ကစား ဘဝနှင့် စံယူချက်တွေမှာ ညီအစ်ကိုများပမာ ဖြစ်ခဲ့ကြဖူးသည်။

(၃)

ကျော်မြင့်လွင်က ထိုအဖွဲ့ထဲက အချို့ကို ပုသိမ်မှာကတည်းက သိထား ကျွမ်းထားပြီး ဖြစ်သော်လည်း အချို့ကိုတော့ အခုမှ မိတ်ဆက် ရသည်။ မည်သို့ဆိုစေ အားလုံးနှင့် ဝေးလှမ်း ခြားနားခြင်း မရှိ။ သူစိမ်း မဆန်။

'သူ့ နာမည်က ကျော်မြင့်လွင်တဲ့။ သျှပ်မှုုကျော် နာမည်နဲ့ ကဗျာတွေ ရေးတယ်။ ယောဒီက အရိုင်းမြှုတို့နဲ့ တွဲပြီး ကဗျာစာအုပ်လည်း ထွက်ဖူးတယ်။ ပညာ အရည်အချင်းကတော့ ဘိုင်အို အတွဲနဲ့ ပထမနှစ် နှစ်ခါ ကျပြီး အိတ်စတာနယ် ဖြစ်နေပြီ' ဟု သူ၏ ဂုဏ်ပုဒ်တွေကို ဖော်ပေးကြသည်။

သူ့ကို ကြည့်လာကြသည့် အကြည့်တွေထဲမှာ အထင်သေးသော အရှေ့အသက် ဘာတစ်ခုမျှ မပါ။ မေတ္တာ ဓာတ်ဖြင့် နွေးထွေး၍သာ နေကြသည်။ လမ်းပျောက်နေသော သူ့ကို လမ်းကူ ရှာပေးဖို့၊ တိမ်းစောင်းနေသော သူ့ကို ပြန်ပြီး တည့်မတ် ပေးကြဖို့သာ စိတ်ကူးကြပုံ ပေါ်သည်။ လှိုက်လှဲစွာပင် လက်ကမ်းပြီး သူ့ကို ကြိုဆိုခဲ့ကြသည်။

အနက်ရောင် လေးထောင့် မျက်မှန်ကိုင်းထဲမှ သူ၏ မျက်လုံးတွေကတော့ဖြင့် တောက်ပနေကြသည်။ ဘာတွေမှ တွန့်ဆုတ်မှုမျှ မရှိ။ သူ လုပ်ချင်ရာ တစ်ခုတည်းကိုသာ ခေါင်းထဲ ထည့်ထားပုံ ရသည်။ ပြတ်သားစွာ ဆုံးဖြတ်ထားပြီး ရှေ့ကို တည့်တည့်ကြီး ဆက်သွားမည့် အသွင် သဏ္ဌာန်က ထင်ရှားလျက် ရှိတော့သည်။

(၄)

စံရိပ်ငြိမ် ၆ လမ်း၊ ခေါ်ကြည်ကြည်ဝင်း အဆောင်သား အများစုက ဧရာဝတီတိုင်းသားတွေ။ ရန်ကုန်မြေမှာ တစ်ကိုင်းတည်း လာပြီး နားနေမိကြခြင်း ဖြစ်သည်။ ကျော်မြင့်လွင် အပါအဝင် သူတို့ အားလုံး ခုနစ်ယောက်။

ပုသိမ်သား ပန်းချီဆရာ ကိုနေမျိုးဇော်က ကဗျာ ရေးလျှင် မင်းညိုဇင် အမည်ဖြင့် ရေးသည်။ ကျော်မြင့်လွင်ထက် အသက် ဆယ်နှစ်လောက် ပိုကြီးသော ကိုနေမျိုးဇော်က သူ့ကို ညီငယ် တစ်ယောက်၊ လက်တွဲဖော် အပေါင်းအသင်း တစ်ယောက်လို နွေးထွေးခဲ့သည်။

လူပုံ ပိန်နွဲ့နွဲ့၊ စကားပြောလျှင် နူးညံ့ ချိုသာသော ကိုနေမျိုးဇော်က ပရိယာယ် မာယာ မကြွယ်ဝ။ ပျော့ပျောင်း နူးညံ့ပုံ ရသော်လည်း ဆုံးဖြတ်မိလျှင် နောက်မဆုတ်မည့် လူစားမျိုး ဖြစ်သည်။ သူက လွယ်လွယ်နှင့် ပြောင်းတတ် ပြင်တတ်သူမျိုး ဟုတ်ဟန် မတူ။ အခြေအနေနှင့် ရာသီဥတုကိုပင် ထည့်တွက်မည့်သူမျိုး မဟုတ်ချေ။

ထိုအချိန်မှာ ကိုနေမျိုးဇော်က ရှမဝရုပ်စုံမဂ္ဂဇင်းတွင် ကဗျာသရုပ်ဖော်ပုံများ လစဉ် ရေးဆွဲလျက် ရှိပြီး မိုးဝေမဂ္ဂဇင်းနှင့်လည်း အဆက်အသွယ် ရှိသည်။ သူတို့ အဖွဲ့ထဲမှာ စာပေ အနုပညာလောကနှင့် အနီးစပ်ဆုံး လူဟု ဆိုရမည်။

ကိုနေမျိုးဇော်၏ ငယ်သူငယ်ချင်း ဖြစ်သူ ကိုမောင်မောင် (ကဗျာဆရာ အရိုင်းဖြူ) နှင့် ကျော်မြင့်လွင်တို့က ပုသိမ်၊ ပြည်တော်သာ တစ်ရပ်ကွက်တည်း သားတွေ။ ကဗျာစာအုပ်လည်း အတူတူ ထွက်ဖူးသည်။

ကိုသီဟန်သွင်က ပုသိမ်ကောလိပ် ကျောင်းသားဘဝ နှစ်လည်မဂ္ဂဇင်းမှာ ကိုနေမျိုးဇော်နှင့်အတူတူ လက်စွမ်းပြခဲ့ဖူးသည်။ ဘွဲ့ရပြီး ရန်ကုန်မှာ ခြေတစ်နေရာ ချဖို့ ကြိုးစားရင်း ကဗျာတွေ၊ ဝတ္ထုတွေ ရေးဖွဲ့သည်။

ဝတ္ထုတိုတွေ ရေးသော မောင်သုန်ကို သူတို့ အချင်းချင်းက ၄က်စိုးဟု ခေါ်ကြသည်။ သူသည် နောင်တစ်ချိန်မှာတော့ဖြင့် 'အဖေ ခေသူ မဟုတ်နှင့် အခြား ဝတ္ထုတိုများ' စာအုပ်ဖြင့် အမျိုးသား စာပေဆု ရရှိ သွားခဲ့သည်။

နောက်တစ်ယောက်က ပုသိမ်ကောလိပ်တွင် အနုပညာ အမည်နှင့် ကဗျာတွေ ရေးခဲ့သော ကိုသန်းဝင်း။ သူသည် ဝိဇ္ဇာတွဲကို မြန်မာစာ အဓိကနှင့် အထူး အောင်ခဲ့သော်လည်း မဟာဝိဇ္ဇာတန်း တက်ဖို့ စေးသွားခဲ့ရသည့် ကဗျာဆရာ အောင်ဝေးပင် ဖြစ်သည်။

ကိုအောင်ဝေးက မြောင်းမြသား။ ကိုအောင်ဝေးနှင့် ကျော်မြင့်လွင် (လင်းယက်) တို့၏ ပထမဆုံး ကဗျာတွေက ရှုမဝ ရုပ်စုံမဂ္ဂဇင်း (၁၉၈၂ ခုနှစ်၊ ဒီဇင်ဘာလ) တွင် အတူတူ ပါခဲ့ကြ၍ ကဗျာဆရာ သက်တမ်း အတူတူဟု ဆိုရမည်။ အသက်အရွယ်ချင်း ကွာခြားသော်လည်း သူတို့ နှစ်ယောက်၏ သံယောဇဉ်ကလည်း ကြီးမားသည်။

ထို့အပြင် ပြည်မြို့မှ ကိုခင်မောင်လွင်လည်းရှိသည်။ သူလည်း စာသမားပင်ဖြစ်သည်။

ဤသို့ဖြင့် အခန်းမှာ အမြဲ နေထိုင်သူ ခုနစ်ယောက်။ ကြုံလျှင် ကြုံသလို လာရောက် တည်းခို ဝင်အိပ် သွားကြသော သူငယ်ချင်း အပေါင်းအသင်းတွေကဖြင့် မနည်းလှပြီ။

(၅)

ကျော်မြင့်လွင်က အခန်းမှာ အသက်လည်း အငယ်ဆုံး။ လူကောင်လည်း အသေးဆုံး ဖြစ်၍ သူ၏ ကဗျာဆရာ နာမည်မှ ရှေ့ဆုံး အလုံးကို ယူကာ 'သျှပ်ကလေး' ဟု ခေါ်ကြလေသည်။

(၆)

သူတို့ အခန်းကို ရောက်ရောက် လာကြသူတွေထဲမှာ ရန်ကုန် စက်မှုတက္ကသိုလ်မှ ချည်မျှင် (textile) ကျောင်းသား ကိုထွန်းဝေ (နောင်တွင် မန္တလေး အရောက်ချက်စက်ရုံ) အကြောင်းကိုလည်း ထည့်ပြောမှ ပြည့်စုံမည်။ ကိုထွန်းဝေလည်း ပုသိမ်ကောလိပ် တက်ခဲ့သူ ဖြစ်သည်။

ထူးခြားတာက သိုင်းပြောင်းပြန် ဆရာကြီး ဦးမောင်လေး မကွယ်လွန်မီ သူ့ကို လျှို့ဝှက် သိုင်းပညာ အတော်များများ သင်ကြား ပေးထားခဲ့၍ ဆရာဖြစ် အဆင့်အထိ တတ်ကျွမ်းထားသူ ဖြစ်နေသည်။

သူ ရောက်လာလျှင် စံရိပ်ငြိမ် ၆ လမ်း အဆောင်သားတွေက ရတတ်သမျှ သိုင်းအကွက်တွေ သင်ယူကြသည်။ အမြဲတမ်း စူးနစ် လေ့ကျင့် ကြသည် မဟုတ်၍ သူတို့ နင်းသော သိုင်းကွက်များမှာ ကိုရီကားရား ဖြစ်၍နေတော့သည်။ ပုံမကျ ပန်းမကျ သိုင်းကစားခဲ့သူတွေထဲမှာ သျှပ်ကလေးလည်း ပါခဲ့သည်သာ။

ကိုထွန်းဝေကလည်း သူတို့ဆီက အနုပညာ ဓာတ်တွေ ကူးစက်ပြီး မယ်ဒလင် တစ်လက်နှင့် သီချင်း ဆိုဖို့ ကြိုးစားနေတတ်ပြန်သည်။ သူ့ လက်သံကလည်း အဆင်တော့ မပြေလှ။

(၇)

သူတို့ အဆောင် တည်ရှိရာ လမ်းနှင့် မျဉ်းပြိုင်လမ်းထဲမှာ အိမ်ကျောချင်းကပ် မားလွယ်စုတ် အနေအထားတွင် ကဗျာဆရာမ မအိ နေထိုင်သည်။ ဆရာမ မအိက ဟာသံတာသူ။

ကိုနေမျိုးဇော်နှင့် သူ့ထက် အသက် သုံးနှစ်ခန့် ကြီးသည့် ဆရာမ မအိတို့သည် မောင်နှမရင်းချာ မောင်လေးငယ်နှင့် အစ်မကြီးသဖွယ်။ ရဲဘော်ရဲဘက်လိုလည်း ခင်မင်ကြသည်။

ဆရာမ မအိသည် ရွှေမဝရုပ်စုံမဂ္ဂဇင်းတွင် လစဉ် ပင်တိုင် ကဗျာ၊ ဝတ္ထုတိုတွေ ပါနေသူ။ အယ်ဒီတာချုပ် ဆရာ မောင်ဆွေတင့် နှင့် တာဝန်ခံ အယ်ဒီတာ ဆရာ မောင်မြင့်မြတ်တို့က မဂ္ဂဇင်းတိုက်မှာ ပညာယူဖို့ ဖိတ်ခေါ်ခဲ့ကြသည်။

ဤသို့ဖြင့် ထိုအချိန်အတာနှုတွင် ဆရာမ မအိသည် ရွှေမဝမဂ္ဂဇင်းတိုက်သို့ အရောက်အပေါက် မှန်မှန် ရှိခဲ့သည်။ ကိုနေမျိုးဇော်ကလည်း ကဗျာ၊ ဝတ္ထု၊ သရုပ်ဖော်ပုံတွေအတွက် အလုပ် လာယူ၊ ပြန်လာအပ်။ မဂ္ဂဇင်းတိုက်မှာ ကြုံကြိုက်တိုင်း ဘတ်စ်ကား စီးပြီး သူတို့ အတူတူ ပြန်လာဖြစ်ကြတာ များသည်။

(၈)

ကျော်မြင့်လွင်နှင့် ဆရာမ မအိ၏ ညီမ အငယ်ဆုံးလေးတို့က ပုသိမ်ကောလိပ် အတူတူ တက်ဘက်တွေ ဖြစ်နေကြပြန်သည်။

'မအိက ညီမလေးနဲ့ တူတယ်နော်' ဟု ကျော်မြင့်လွင်က ဆိုသောအခါ မအိ ရင်ထဲမှာ လှုပ်ရှားသွားသည်။

'တော်တော် တူသလား' ဟု ကသောကမျောပင် မေးမိသည်။

'အင်း နည်းနည်း မဟုတ်ဘူး။ တော်တော်ကို ဆင်တာ' ဟု ကျော်မြင့်လွင်က အလေးအနက်ထားပြီး မှတ်ချက်ချသည်။

ဆရာမ မအိကတော့ သူ့ညီမလေးနှင့် ရုပ်ချင်း ဆင်တူသည်ဟု ပြောသံ ကြားရတိုင်း စိတ်ထဲမှာ လွန်စွာ ကြည်နူးမိစမြဲ။ သို့ဖြစ်၍ ကျော်မြင့်လွင်၏ မှတ်ချက်မှာ ကျေနပ် သွားခဲ့သည်။

ဆရာမ မအိက ကိုယ့်ထက် အသက် အများကြီး ကြီးသော ကဗျာ ရေးဖော် အစ်မကြီးကို ကလောင်နာမည် အတိုင်းပဲ 'မအိ' ဟု ခေါ်သော လင်းထက်ကိုလည်း အပြစ် မမြင်။ ဒါကိုက ရိုးသားဖြူစင် ပွင့်လင်းသလောက် နိုင်ငံခြားသော မေတ္တာ မာတ်၏ ပြယုဂ် တစ်ရပ်ဟုပင် ဆိုနိုင်စကောင်းသည် ထင်မိသည်။

(၉)

စံနိုပ်ငြိမ် ၆ လမ်းက သူတို့ အခန်းမှာ စည်းကမ်းကတော့ အလွန် တင်းကျပ်သည်။ အရက် မသောက်ရ၊ ဖဲမရိုက်ရ၍ အမြဲးကိစ္စကား စကားထဲပင် ထည့်မပြော မရတော့ပြီ။

သူတို့ အထဲမှာ ငွေကို ဖောဖောသီသီ သုံးနိုင်သည့်သူ တစ်ယောက်မျှ မရှိ။ ဘိုင်ကျနေကြတာပဲ များသည်။ သို့သော် သူတို့တစ်တွေ စိတ်ကူးယဉ်လိုက်ကြလျှင် စာပေ၊ ကဗျာ၊ အနုပညာနှင့် ပတ်သက်ပြီး မြင့်မြင့်မားမားတွေချည်းသာ။ ဖြစ်နိုင်လျှင် မဂ္ဂဇင်းတစ်စောင် ထုတ်ဖို့ကလည်း အမြဲ ပါသည်။

လူငယ်တွေပီပီ ကမ္ဘာကြီးကို အကောင်းဘက် ပြောင်းလဲပစ်ဖို့ ရိုးသားလှသည့် အိပ်မက်များကို သူတို့ မက်ခဲ့ကြသည်။

(၁၀)

ကဗျာ ဖွဲ့သူ ဖွဲ့၊ ဝတ္ထု ရေးသူ ရေး၊ စာ ဖတ်သူ ဖတ်ပြီး ညအိပ်လေ့ မရှိကြသည့် သူတို့ အခန်းကို 'ဒီးကွက် တိုင်းပြည်' ဟုလည်း ခေါ်ကြသည်။

ကဗျာဆရာ ကိုအောင်ဝေက ကဗျာ မရေးခင် သူ၏ ကဗျာ စာသားတွေကို အသံထွက်ပြီး ရွတ်နေတတ်သည်။

ကိုနေမျိုးဇော်၏ စားပွဲမှာ ပန်းချီဆေးတွေ၊ စုတ်တံ၊ ကာလောင်၊ မင်အိုး၊ ပန်းချီစာရွက်တွေနှင့် ပြည့်ကျပ်နေသည်။ ပန်းချီ ရုပ်ပုံပေါ်တွင် တင်ထားသော ဆေးသားထူထူကို ဓားပေါက်ကလေးနှင့် တရှဲရှဲ ခြစ်ထုတ်နေသည့် အသံကို ကြားရမည်။ မိုးလင်းသည်အထိ သူ အလုပ် လုပ်ပြီးလျှင် ကရင်သင်တိုင်း အနီလေး ဝတ်ကာ ခင်ဝမ်း၏ 'ဘယ်တော့များလဲ...နှင်းရယ်' သီချင်းကို ဂီတာတစ်လက်နှင့် တိုးဖွဖွကလေး ညည်းညူနေတတ်သည်။

ကိုခင်မောင်လွင်ကလည်း ဆေးလိပ်တို ခဲပြီး ဝတ္ထုတိုတွေ ဖိရေးသည်။ စက်မှုတက္ကသိုလ်မှ သိုင်းဆရာ ကိုထွန်းဝေ ရောက်လာလျှင်တော့ဖြင့် ကိုခင်မောင်လွင် ရေးထားသော ဝတ္ထုတိုတွေကို ယူဖတ်ပြီး 'ကျွန်ုပ်၏ ချစ်သူသည်ကား ထိုလူကြီး၏ ရင်ခွင်တွင် ပျော်ရွှင် မွေ့စက်နေပေတော့သည်' ဆိုသော ဝါကျကို ပြန်၍ ရွတ်ပြတတ်သည်။

(၁၁)

ကဗျာဆရာ၊ စာရေးဆရာ၊ ပန်းချီဆရာ ဖြစ်ဖို့ စိတ်ကူးအိပ်မက်များနှင့် ထုံမွှမ်းထားကြသည့် ထိုအခန်းတွင် ကျော်မြင့်လွင်၏ သီချင်းဂီတာ ကိစ္စမှာ အတန်ငယ် မှေးမှိန်လျက် ရှိသယောင် ထင်ရသည်။

အစ်ကိုကြီးတွေကလည်း လမ်းတစ်ဝက်မှာ ယောင်ချာချာနှင့် ခရီး မရောက်နိုင်သေးဟု သူတို့ ယူဆသော ညွှန်ကလေးကို 'ကျောင်းပြီးမှ လုပ်ချင်ရာ လုပ်' အယူအဆဖြင့် ပိုင်းဆုံးမကြသည်။ အနုပညာထက် ကျောင်းစာဘက်မှာ ပိုအားသန်ဖို့ လမ်းပြခဲ့ကြ၊ လက်တွဲ ခေါ်ကြသည်။

ရန်ကုန်တက္ကသိုလ်ထဲတွင် ပုသိမ်ကောလိပ်မှ ပြောင်းရွှေ့လာကြသော ဆရာ များစွာ ရှိကြရာ အစ်ကိုကြီးတွေနှင့် ထိုဆရာတွေက ရင်းနှီးကြသည်။ သူ့ကို ကျောင်းထဲ ခေါ်သွားပြီး ဇီဝဗေဒ ဘာသာတွဲနှင့်

သက်ဆိုင်သော ဆရာများနှင့် တွေ့ပေး၊ မိတ်ဆက်ပေးကြသည်။ စာတွေ မေးဖို့ ဆရာများထံ လွှတ်သည်။ အခန်းမှာ သူ နေချင်တိုင်း နေမရ၊ စာကျက်ရသည်။

နောက်ပိုင်းဆိုလျှင် အစ်ကိုကြီးတွေက ညနေခင်း လက်ဖက်ရည်ဆိုင် ထိုင်ရာသို့ပင် သူ့ကို မခေါ်။ သူ့အတွက် ပါဆယ် ဆွဲပေးပြီး စာကိုသာ ကျက်စေကြသည်။ ကျော်မြင့်လွင်ကလည်း အစ်ကိုကြီးတွေကို ချစ်သည့် စိတ်ကြောင့် တတ်နိုင်သမျှ လိုက်လုပ်ခဲ့တာ မဆန်းကြပ်ဟု ဆိုနိုင်သလို အံ့သြစရာဟုပင် ဆိုချင်လည်း ဆိုနိုင်သည်။

(၁၂)

အစ်ကိုကြီးတွေ၏ စေတနာက သူ့အပေါ် ကြီးမားလှသော်လည်း သူ့ရင်ထဲရှိ အလွှဲတည်းညီး မိလွှဲကို သူ့တို့ အပြည့်အဝ မမြင်နိုင်ကြ။ ဒါလည်း အဆန်းတော့ မဟုတ်။ သူကိုယ်တိုင်ပင် ထိုမီးလျှံ၏ အတိုင်းအဆကို သူ မသိ။

အစ်ကိုကြီးတွေ အသီးသီး အသက အသက အပြင် ထွက်သွားကြပြီး သူတစ်ယောက်တည်း ကျန်ရစ်တော့မှ သူ့ကိုယ်ပိုင် စိတ်ကူးများကို လွှတ်လပ်စွာ သွန်ချသည်။ နံရံမှာစုနှင့် ဂီတာလေး တစ်လုံး ဝယ်ထားတာက သူ၏ အဖော်မွန် ဖြစ်သည်။ အဆိုပါ သူ၏ တိတ်တခိုး အဖော် ဂီတာလေးနှင့် သူ့ အကြားရှိ ကြီးမား အားကောင်းလှသော အဆက်အသွယ် ရစ်ပတ် နှောင်ဖွဲ့မှုကို အခန်းထဲရှိ ဘယ်သူမျှ အတိအကျ မသိကြ။

သူက အငယ်ဆုံး ဖြစ်နေတာလည်း တစ်ကြောင်း ဖြစ်သည်။ သို့ဖြစ်၍ သူ သိထားသမျှ ဂီတာကို ထုတ်မဖော် မပြရှင်။ နောက်တစ်ခုက သူသည် လူအုပ်ထုထုထဲမှာ စားတာဝင့်ဝင့် မလုပ်တတ်သူ။ အရှိန်ရသမျှ စားကို ထက်မြအောင် သွေးထားပြီး မလိုအပ်ချိန်တွင် စားအိမ်ထဲမှ လုံးဝ ဆွဲမထုတ်တတ်သူလည်း ဖြစ်သည်။

(၁၃)

စံရိပ်ငြိမ် ၆ လမ်း၊ အဆောင်ခန်းလေးမှာ သူက သူများတွေလို ကဗျာရေး လိုက်ရေးသည်။ ဝတ္ထုရေး လိုက်ရေးသည်။

စာတွေ ကဗျာတွေ ရေးဖို့ဆိုလျှင် ကျော်မြင့်လွင်သည် နေရာမရွေး သီးခြား အချိန်အခါမရွေး သူ့စိတ်ထဲမှာ ရင့်မှည့်ပြီ ဆိုလျှင် တစ်ခါတည်း ထိုင်ပြီး အပြီးလက်စ ဖြတ်တတ်သည်။

သမိုင်းဝင် ကင်တင်းရှိ ဦးတင်အောင်၏ 'ရွှေကြယ်ကဖီး' ကို ကိုခင်မောင်လွင်တို့ အမိုး ပြန်မိုး ပေးကြသော ညတုန်းက သူတို့ စံရိပ်ငြိမ် အဆောင် ဝိုင်းတော်သားတွေလည်း လိုက်ပြီး ဝိုင်းကူကြသည်။ ကျော်မြင့်လွင်သည် တတ်အားသရွေ့ လုပ်ပေးပြီးနောက် အချိန် ရသနိုက် ကလေးတွင် ဆိုင်ထဲမှ အပြင် ထုတ်ထားသော ခုံတစ်လုံးပေါ် ကုန်းပြီး စာရေးနေခဲ့သည်။

ကိုသီဟန်သွင်က 'ဘာတွေ ရေးနေတာလဲကွ' ဟု မေးရာ မျက်မှန်ကို တစ်ချက်ပင့် မော့ကြည့်ပြီး ရွှေမဝကို ပို့ဖို့ ဝတ္ထု ရေးနေသည်ဟု ခပ်အေးအေးပင် ပြန်ဖြေသည်။

ရွှေမဝမှာ ဝတ္ထု ပါဖို့ဆိုသည်မှာ အတော်ကို မလွယ်သော ကိစ္စ။ သည်ကောင်လေး။ သူဖို့ စဉ်းစားရဲသည် ဟုတွေးပြီး ကိုသီဟန်သွင် ပြုံးမိလိုက်သေး၏။ သို့သော် ဘာမျှ မပြောလိုက်။ ကျော်မြင့်လွင်၏ 'လင်းထက်' ကလောင် အမည်နှင့် 'မြတ်နိုးခြင်းအားဖြင့် ကြင်နာသည်ဖြစ်၍' ဆိုသော ဝတ္ထုတိုက ရွှေမဝ ချစ်ကိုယ်တွေ့ ကဏ္ဍ၌ ပါလာသည်။

ထိုအခါကျမှ ကိုသီဟန်သွင်လည်း 'သျှပ်ကလေးကို လျှော့တွက်၍ မရ' ဟူ၍ သူ့ခြေစလက်စကို အသိအမှတ် ပြုလိုက်ရတော့သည်။

## 'လင်းထက်' ၏ 'မြတ်နိုးခြင်းအားဖြင့် ကြင်နာသည်ဖြစ်၍'

(က)

၁၉၈၂ ခုနှစ်၊ ဇူလိုင်လထုတ် ရွှေမဝ ရုပ်စုံမဂ္ဂဇင်းတွင် ပါရှိခဲ့သော သူ၏ ဝတ္ထုတိုကလေးမှာ ဂုဏ် အဆင့်အတန်းချင်း မတူညီ၍ ကွေကွင်း သွားကြရသော ချစ်သူ နှစ်ဦး၏ ဘာမျှ မဆန်းပြားသည့် သမားရိုးကျ အချစ်အလွမ်း ဇာတ်လမ်းကလေး တစ်ပုဒ်ဟု အလွယ်တကူ မှတ်ချက်ချမိချင်လည်း ချမိနိုင်သည်။ သို့သော် သိုင်းဝိုင်း ဆက်စပ်နေသော အခြေအနေ၊ အချက်အလက် များစွာ ရှိသေးသည်။

ထိုဝတ္ထုတိုကလေးကို ရေးဖွဲ့ခဲ့စဉ်တုန်းက ကျော်မြင့်လွင်၏ အသက်အရွယ်မှာ အတော် ငယ်သေးသည်။ ၁၉ နှစ် ပြည့်သည့် အချိန်နှင့် သွားတိုက်ဆိုင်သည်။ သူ့မှာ ရှိထားသော အတွေ့အကြုံ၊ ကျွမ်းကျင်မှု အရင်းအမြစ်များကို ထည့်၍ စဉ်းစား တွက်ဆလိုက်လျှင် မြင်ကွင်းက များစွာ ကျယ်ဝန်း သွားပေလိမ့်မည်။

ပြီးတော့ ၁၉၈၂ ခုနှစ်။ ထိုအချိန် ထိုကာလတုန်းက ရွှေမဝမှာ အတွင်း ကဗျာလေး တစ်ပုဒ်လောက် ဖော်ပြခံရဖူးလျှင်ပင် စာပေဂုဏ် ကြီးမားလှပြီဟူ၍ တသသ ဂုဏ်ယူခဲ့ကြသော အချိန် ဖြစ်သည်။ ရွှေမဝ၏ 'ချစ် ကိုယ်တွေ့ကဏ္ဍ' မှာလည်း လူသစ်တန်းတို့အတွက် စာပေအနုပညာ ဩဇာအဟိတ် မြင့်မားလှသည်။ ထိုကဏ္ဍမှာ ဝတ္ထုတိုလေး တစ်ပုဒ် ပါဖို့အရေး မနည်းမနော ကြိုးစားကြရသည်။

ရွှေမဝ စင်မြင့်ပေါ်သို့ တက်လှမ်းကြသော စာရေးဆရာ အများစုသည် ဤလမ်းကြောင်းမှပင် အားထုတ်ခဲ့ရသည်။ ထိုစဉ်က အယ်ဒီတာ အဖွဲ့၏ တင်းကြပ်သော ရွေးချယ်ဆောင် အကန့်အသတ်ကို ထည့် စဉ်းစားမှ ပြည့်စုံမည် ဖြစ်သည်။

(ခ)

ဤဝတ္ထုတိုလေး တစ်ပုဒ်ထဲမှာပင် သူ၏ ပါရမီ၊ သူ၏ ဖြစ်နိုင်ခြေ အလားအလာ များစွာတို့ကို မြင်တွေ့နိုင်သည်။ သူက စာရေးဆရာ မလုပ်ခဲ့၍သာ စာရေးဆရာ ဖြစ်မလာခဲ့တာ။ သူ၏ ဖန်တီး နိုင်စွမ်းအား မည်မျှ ကြီးမားသွားနိုင်သည်ကို ဤလက်ရာလေးထဲမှ တနေတာဆောင်း အကဲခတ် ကြည့်နိုင်ပါသည်။

(ဂ)

ဝတ္ထုကို သူက အငြိမ့်ခန်းဖြင့် မစ။ လှပ်၍ ဖွင့်လိုက်သည်။ အကြောင်းမှာ ဤအဖွင့်ခန်းတွင် ချစ်သူ မိန်းကလေးက ယောကျ်ားလေးကို ပါးရိုက်လိုက်၍ ဖြစ်၏။ သို့သော် ထိုပဋိပက္ခ အခြင်းအရာသည် နာကြည်းမှု အမျက်ဒေါသထက် မချင့်မရဲနှင့် ဝမ်းနည်းစရာ ပို၍ ကောင်းနေသည်။

(လင်းထက်၏ မြတ်နိုးခြင်းအားဖြင့် ကြင်နာသည်ဖြစ်၍ ဝတ္ထုတိုမှ ကောက်နုတ်ချက်များ)

မောင့်ထံမှ သည်သို့သော စကားမျိုး ကြားရလိမ့်မည်ဟု မြတ်စု မထင်မိခဲ့။

'မောင် မတတ်နိုင်ဘူး မြတ်စုရယ်၊ အနစ်နာခံတာ၊ စွန့်လွှတ်တာလို့လည်း မပြောချင်ဘူး၊ မောင့်ဘဝကို မြတ်စု နားလည်သားပဲ၊ အားလုံးအတွက် အကောင်းဆုံး ဖြစ်အောင်...'

'အို . . . မောင်၊ မြတ်စု . . . မြတ်စု . . . '

မောင် မြတ်စုကို မချစ်ဘူးဟု ပြောလိုက်ချင်သည်။ မရ။ မြတ်စု နှုတ်တို့ ဆွံ့အသည်။ မျက်ရည်များသည် ပါးပြင်သို့ စီးကျလာသည်။

မောင် မြတ်စုကို ဥပေက္ခာ ပြုလွန်းသည်။ မောင် ပြုံးသနာကို ရှောင်ဖယ်သည်။ မောင် ကိုယ်လွတ် ရုန်းသည်။ မြတ်စု စိတ်၌ မောင့်ကို စွဲချက်ပေါင်း များစွာ တင်၏။ မောင့်ကို မြတ်စု စိတ်နာသည်။ စိတ်မှ နာကြည်းမှုသည် လက်သို့ ရောက်၏။ မြတ်စု မောင့်ပါးကို ပြင်းထန်စွာ ရိုက်သည်။

'မောင်...ရယ်'

မောင့်ကို ရိုက်မိသည့်အတွက် မြတ်စု ရုတ်ချည်း နောင်တ ရသည်။

မောင့်မျက်နှာကို မျက်ရည်များကြားမှ ဝိုးဝါးစွာ တွေ့ရသည်။ မြတ်စု မောင့်လက်မောင်းကို တင်းကျပ်စွာ ဆုပ်ကိုင် လိုက်မိသည်။ နာကြည်းမှုများ နေရာတွင် ကြေကွဲမှုများ ဝင်လာ၏။ မြတ်စု တစ်ချက် ရှိုက်သည်။

'မြတ် . . . မြတ်စု မှားသွားတယ် မောင်၊ မောင့်ကို မြတ်စု တောင်းပန်ပါတယ်'

'မလိုပါဘူးကွယ်၊ တောင်းပန်ရမှာက မောင်ပါ၊ မောင့်မှာသာ အပြစ် ရှိတာ'

'မဟုတ်ဘူး၊ မဟုတ်ဘူး၊ မြတ်စုကိုက ကံဆိုးတာ'

(ဃ)

အဖွင့်ကားချပ်ကို စိတ်လှုပ်ရှားစရာ ကောင်းအောင် ထိုသို့ ဖွင့်ပေးလိုက်ပြီးမှ မြတ်စုနှင့် မောင်တို့ တွေ့ဆုံခဲ့ကြပုံဆီသို့ နောက်ကြောင်းပြန် (Flashback) သွားသည်။ ဘဝချင်း ဆန့်ကျင်ဘက်လို ဖြစ်နေကြသော အလှ ဘုရင်မလေး မြတ်စုနှင့် အနုပညာသမား မောင်တို့ကို စာဖတ်သူနှင့် ကနဦး စတင် မိတ်ဆက် ပေးခဲ့သည်။

မြတ်စုနှင့် မောင်သည် ပုသိမ် ဒေသကောလိပ်တွင် တွေ့ခဲ့ကြ၏။ သည်တုန်းက မြတ်စုသည် ပထမနှစ် ကျောင်းသူ၊ မောင်သည် ဒုတိယနှစ် ကျောင်းသား ဖြစ်၏။ မောင်က အဖြူရောင် ကော်လံကတုံး

(ဂ)

ဝတ္ထုကို သူက အငြိမ့်ခန်းဖြင့် မစ။ လှုပ်၍ ဖွင့်လိုက်သည်။ အကြောင်းမှာ ဤအဖွင့်ခန်းတွင် ချစ်သူ မိန်းကလေးက ယောကျ်ားလေးကို ပါးရိုက်လိုက်၍ ဖြစ်၏။ သို့သော် ထိုပဋိပက္ခ အခြင်းအရာသည် နာကြည်းမှု အမျက်ဒေါသထက် မချင့်မရဲနှင့် ဝမ်းနည်းစရာ ပို၍ ကောင်းနေသည်။

(လင်းထက်၏ မြတ်နိုးခြင်းအားဖြင့် ကြင်နာသည်ဖြစ်၍ ဝတ္ထုတို့မှကောက်နုတ်ချက်များ)

မောင့်ထံမှ သည်သို့သော စကားမျိုး ကြားရလိမ့်မည်ဟု မြတ်စု မထင်မိခဲ့။

'မောင် မတတ်နိုင်ဘူး မြတ်စုရယ်၊ အနစ်နာခံတာ၊ စွန့်လွှတ်တာလို့လည်း မပြောချင်ဘူး၊ မောင့်ဘဝကို မြတ်စု နားလည်သားပဲ၊ အားလုံးအတွက် အကောင်းဆုံး ဖြစ်အောင်...'

'အို . . . မောင်၊ မြတ်စု . . . မြတ်စု . . . '

မောင် မြတ်စုကို မချစ်ဘူးဟု ပြောလိုက်ချင်သည်။ မရ။ မြတ်စု နှုတ်တို့ ဆွံ့အသည်။ မျက်ရည်များသည် ပါးပြင်သို့ စီးကျလာသည်။

မောင် မြတ်စုကို ဥပေက္ခာ ပြုလွန်းသည်။ မောင် ပြဿနာကို ရှောင်ဖယ်သည်။ မောင် ကိုယ်လွတ် ရုန်းသည်။ မြတ်စု စိတ်၌ မောင့်ကို စွဲချက်ပေါင်း များစွာ တင်၏။ မောင့်ကို မြတ်စု စိတ်နာသည်။ စိတ်မှ နာကြည်းမှုသည် လက်သို့ ရောက်၏။ မြတ်စု မောင့်ပါးကို ပြင်းထန်စွာ ရိုက်သည်။

'မောင်...ရယ်'

မောင့်ကို ရိုက်မိသည့်အတွက် မြတ်စု ရုတ်ချည်း နောင်တ ရသည်။

မောင့်မျက်နှာကို မျက်ရည်များကြားမှ ရီဝေစွာ တွေ့ရသည်။ မြတ်စု မောင့်လက်မောင်းကို တင်းကျပ်စွာ ဆုပ်ကိုင် လိုက်မိသည်။ နာကြည်းမှုများ နေရာတွင် ကြေကွဲမှုများ ဝင်လာ၏။ မြတ်စု တစ်ချက် ရှိုက်သည်။

'မြတ် . . . မြတ်စု မှားသွားတယ် မောင်၊ မောင့်ကို မြတ်စု တောင်းပန်ပါတယ်'

'မလိုပါဘူးကွယ်၊ တောင်းပန်ရမှာက မောင်ပါ၊ မောင့်မှာသာ အပြစ် ရှိတာ'

'မဟုတ်ဘူး၊ မဟုတ်ဘူး၊ မြတ်စုကိုက ကံဆိုးတာ'

(ဃ)

အဖွင့်ကားချပ်ကို စိတ်လှုပ်ရှားစရာ ကောင်းအောင် ထိုသို့ ဖွင့်ပေးလိုက်ပြီးမှ မြတ်စုနှင့် မောင်တို့ တွေ့ဆုံခဲ့ကြပုံဆီသို့ နောက်ကြောင်းပြန် (Flashback) သွားသည်။ ဘဝချင်း ဆန့်ကျင်ဘက်လို ဖြစ်နေကြသော အလှ ဘုရင်မလေး မြတ်စုနှင့် အနုပညာသမား မောင်တို့ကို စာဖတ်သူနှင့် ကနဦး စတင် မိတ်ဆက် ပေးခဲ့သည်။

မြတ်စုနှင့် မောင်သည် ပုသိမ် ဒေသကောလိပ်တွင် တွေ့ခဲ့ကြ၏။ သည်တုန်းက မြတ်စုသည် ပထမနှစ် ကျောင်းသူ၊ မောင်သည် ဒုတိယနှစ် ကျောင်းသား ဖြစ်၏။ မောင်က အဖြူရောင် ကော်လံကတုံး

အနားမှ လူများကို ကျော်၍ မောင့်ကို ဘာကြောင့် စိတ်ဝင်စားခဲ့ရသည့်အကြောင်း တစ်ခါတစ်ခါ စဉ်းစားမိသော် ဘာမျှ မပြတ်သားဘဲနှင့် မြတ်စု ရင်ခုန်ခဲ့ဖူးသည်။ မောင်နှင့် မြတ်စု တတွဲတွဲ ဖြစ်လာသောအခါ သူငယ်ချင်းများက တိုးတိုးတိတ်တိတ် စကြ၊ နောက်ကြသည်။ မြတ်စု မည်သို့ ပြန်ပြောရမည် မသိ။ မောင် နေနိုင်လွန်းသည်။

(၈)

ဤအခန်းကတော့ 'လင်းထက်' ၏ လက်စွမ်းပြဟုပင် ဆိုရမည်။ သူ၏ အရေးအဖွဲ့မှာ မာယာ ပရိယာယ် ပါသည်။ နည်းဗျူဟာ မြောက်သည်။ ရုတ်တရက် မထင်မှတ်ဘဲနှင့် လှည့်ကွက်ထဲ ရောက်သွားနိုင်၊ ထောင်ချောက် မိသွားနိုင်လောက်အောင် ဆင်ပြီး ရေးတတ်သည်။

ဖတ်ကြည့်ပြီး အကဲဖြတ်နိုင်ဖို့ ကောက်နုတ် ဖော်ပြလိုက်ပါသည်။

ကျောင်း အနုပညာ အသင်းမှ ပဒေသာကပွဲ တစ်ခု ပြုလုပ်သည်။ မြတ်စု အပျိုတော်အကကို တာဝန် ယူရသည်။ မြတ်စု စင်မြင့်ပေါ်၌ ကနေသည်ကို မောင် ခန်းမအဝမှ ကြည့်နေခဲ့၏။ နတ်ဒိုးသံက တက်ကြွဖွယ်ရာ ဆူညံနေသည်။ ရင်၌ စည်းထားသော ပုဝါနှင့် ဦးခေါင်းထက်မှ ရှာပန်းနီစတို့သည် စွာရဲ တောက်ပနေ၏။ သီချင်းသံက 'ကိုကြီးကျော်ရေ၊ မောင်ကြီးကျော်ရေ..' ဆိုသောအခါ ကျောင်းသားများ၏ 'ဟေး' အသံက ဟိန်းထွက် လာသည်။ မြတ်စု မျက်နှာသည် လှပစွာ ပြုံးနေခဲ့၏။ မောင်အခန်းဝမှ လှည့်ထွက် သွားသည်။

မြတ်စု ဘာရယ်မသိ ပျော်မိသည်။ ကပွဲ ပြီးတော့ မြတ်စု မောင့်ကို လိုက်ရှာသည်။

'စင်ပေါ်မှာ မြတ်စု ဘာဖြစ်လို့ အရမ်း ပြုံးရတာလဲ'

'သြော် . . . ဒါလား၊ စင်ပေါ်မှာ ကတဲ့သူက မှဲ့နေလို့ ဖြစ်မလား'

'အောက်က လူတွေ အော်ဟစ်နေတာကျတော့ရော'

'အိုး . . . ဒါ ပရိသတ်ပဲလေ'

မောင့် ခြေလှမ်း တုံ့ခနဲ ရပ်၏။ မြတ်စုပါ အလိုအလျောက် ရပ်မိသည်။ မောင် တစ်စုံတစ်ရာ ပြောချင်ဟန် ရှိသည်။ ကစ္စီးညီများ လေတိုးသံကို တရိုရို ကြားနေရ၏။

'မြတ်စုကို ကျွန်တော် ချစ်တယ်'

(၁၀)

လင်းထက် ရေးဖွဲ့ ပြခဲ့သော မောင်နှင့် မြတ်စုတို့၏ ချစ်သူဘဝမှာ ရင်ခုန်စရာထက် လှိုက်မောစရာ ကောင်းသည်ဟုသာ ဆိုရမည်။

မောင်သည် ချစ်သူများ ဖြစ်ခဲ့ကြသည့်တိုင် မြတ်စုကို မယုယတတ်။ သူများ ချစ်သူများကဲ့သို့ ချစ်စွန်း မပွဲ့တတ်။

တစ်ခါတစ်ရံ၌ ကန်သုံးဆင့်၏ ညနေခင်းများကို မောင်နှင့် အတူ လမ်းလျှောက်ရင်း ခံစားခဲ့ကြဖူး၏။ ကဗ္ဗီညိုများ လေညှာနှင့်သံ၊ ယူကလစ်ပင်တန်း၏ သင်းပျံ့သော ရနံ့၊ မြေနီလမ်းနှင့် ကန်လယ် ဝံတာဖြူတို့သည် မြတ်စုအတွက် ရင်ခုန် ပျော်ရွှင်စရာများ ဖြစ်ခဲ့ဖူးလေသည်။ ထိုအချိန်ကာလလေးများတွင် မောင့် အရယ်အပြုံးကို ရှားပါးစွာ မြင်ရတတ်၏။ မောင့်ကျန်းမာရေးမှာလည်း အားရလောက်အောင် မကောင်း။ မောင်ရယ်၊ မျက်တွင်းတွေ ကျလိုက်တာ။ ညဥ့်နက်အောင် ကဗျာတွေ မရေးနဲ့နော်။ ဆေးလိပ် သောက်တာလည်း လျှော့ဦး။ အတန်းလည်း တက်ပါကွယ်။ စာတွေ မလိုက်နိုင်ဘဲ နေဦးမယ်။ မောင့်စာအုပ်တွေလည်း အလွတ်ရှည်းပဲ။ မြတ်စု ကူးပေးမယ်ဟု ပြောလျှင် မောင်သည် ကျိုးနွံစွာ နားထောင်တတ်သည်။

တစ်ခါတစ်ရံ၌မူ မောင်နှင့်အတူ ကင်တင်းရှိ ဦးပြူး လက်ဖက်ရည်ဆိုင်သို့ လိုက်ထိုင်ခဲ့ဖူးသည်။ ထိုဆိုင်၌ မောင့်သူငယ်ချင်းများ အမြဲလို ရှိသည်။ သူတို့သည် အကြောင်းအရာပေါင်း များစွာကို ပြောဆိုတတ်ကြ၏။ သူတို့ စကားဝိုင်းတွင် ဆာရီယယ်လစ်ဇင်း၊ ရိုမန်တစ်ဇင်း၊ အိပ်ဖစ်စတဲင်ရှယ်လစ်ဇင်းစသော 'ဇင်း' ပေါင်း များစွာကိုလည်း ကြားရတတ်ပါသည်။ မြတ်စုက မောင်တို့ အုပ်စုကို လက်ဖက်ရည် တိုက်သူ ဖြစ်၏။ မောင့်သူငယ်ချင်းများက 'မမြတ်စု ပါမှ ကျွန်တော်တို့ လက်ဖက်ရည် သောက်ရတာ၊ မဟုတ်ရင် ရေနွေးကြမ်းပဲ သောက်ရတယ်' ဟု ရယ်လျက် ပြော၏။ မောင်က ပြုံးနေတတ်သည်။ သူတို့၏ ကဗျာများသည် အချစ်ကို မဖွဲ့။ ဘဝကိုသာ ဖွဲ့၏။ မောင်က–

'ဘဝထဲမှာသာ အချစ် ရှိတာ၊ အချစ်ထဲမှာ ဘဝ မရှိဘူး မြတ်စုရဲ့' ဟု ဆိုတတ်သည်။

(ဓ)

အဲသည်နောက်တော့ အေးချမ်းစွာ ရှိခဲ့သော ရက်စွဲများ ကုန်ဆုံးသွားမည့် အချိန်သည် မျှော်လင့်စွာပင် ရောက်ရှိ လာခဲ့၏။

မြတ်စုနှင့် မောင့်အကြောင်းကို အိမ်က သိသွားခဲ့သည်။ မြတ်စုကလည်း မောင့်ဘဝ အကြောင်းကို အမှန်အတိုင်း ဖွင့်ပြောပြသည်။ မြတ်စု ဖေဖေနှင့် မေမေသည် လုံးဝ သဘောမတူ။ မောင့်ကို အဆက် ဖြတ်ရန် ခါးသီးစွာ ဆို၏။ မြတ်စု မနာခံချေ။

သို့သော် သိပ်မကြာ။ ဖေဖေ ကိုယ်တိုင် ကားနှင့် ကျောင်းသို့လိုက်လာသည်။ သည်မှာ မြတ်စုနှင့် မောင့်ကို မတွေ့မတန် ပြော၏။ မောင်ကား စွန်းတုံ့မလှန်။ အံကြိတ်၍ ငူးရဲ့စွာ ကြည့်လျက် နေ၏။ ကားကို တစ်ရှိန်ထိုး မောင်းထွက်လိုက်ချိန်၌ မောင့်ထံမှ တောက်ခေါက်သံကို မသဲမကွဲ ကြားခဲ့ရသည်။

(ဈ)

ခွဲခွာခြင်း ခံလိုက်ရသော ချစ်သူနှစ်ဦး၏ အကြား၌ အခက်အခဲ အတားအဆီးများ ပို၍ပို၍ ကြီးမား လာသည်ကို 'လင်းထက်' က ညင်ညင်သာသာနှင့် သပ်သပ်ရပ်ရပ် ရေးဖွဲ့ပြပြန်သည်။

မောင်နှင့် ဆက်သွယ်ရန် နည်းအမျိုးမျိုးဖြင့် ကြိုးစားသည်။ မရချေ။ အခြေအနေသည် အကျပ်အတည်း၌ ရှိသည်။ မြတ်စုအား ဖေဖေ မိတ်ဆွေ အရာရှိကြီး တစ်ဦး၏သား ကိုသန်းဆွေနှင့် လက်ထပ်ပေးရန် စီစဉ်သည်။ ကိုသန်းဆွေသည် စက်မှုတက္ကသိုလ်မှ ဘွဲ့ရပြီး ဆည်မြောင်းဦးစီးဌာနမှ အရာရှိငယ် တစ်ဦး ဖြစ်လေသည်။ မြတ်စု အကျောက်အကန် ငြင်းသည်။ မိဘများကား အားလုံးကို ချည်ပြီးတုပ်ပြီး ဖြစ်နေတော့၏။ မြတ်စုကို ကျောင်းတက်ခွင့်ပင် မပေးတော့ချေ။ သည်အကြောင်းကိုမှ သူငယ်ချင်းများမှတဆင့် မောင့်ထံ ရောက်စေသည်။ မောင့်ထံမှမူ အတုံ့အပြန် မရှိ။ မောင် မည်သည့် အကြောင်းကြောင့် သည်မျှ နေစိမ့်သနည်း။

မင်္ဂလာရက်သည် လျှင်မြန်စွာ နီးကပ်လာ၏။

(ည)

အဲသည်နောက်တော့ မြတ်စု၏ ရွှန်းစားခန်း ဖြစ်သည်။ ထိုရွှန်းစားခန်း၏ ရလဒ်က သမားရိုးကျ ဆန်သည်ဟု ဆိုနိုင်သည့်တိုင် ရိုးစင်းလွန်း၍ပင် တစ်မျိုး ဆန်းပြားနေခဲ့သည်။

'စဏနေရင် မြတ်စု ထွက်လာတာ အိမ်က လူတွေ သိကုန်လိမ့်မယ်။ မြတ်စု . . . မြတ်စုတို့ ပြေးကြရအောင်'

မောင့်မျက်နှာပေါ်တွင် ဖတ်၍ မရနိုင်သော အရိပ်များ အားပြိုင်နေကြသည်။ မောင်သည် နှုတ်ခမ်းကို တင်းတင်းစေ့၏။

'အားလုံးအတွက် အကောင်းဆုံး ဖြစ်အောင် ကြိုးစားပါလားကွယ်၊ မြတ်စု အိမ်ကို ပြန်ပါတော့၊ မောင် ဘာမှ မတတ်နိုင်ဘူး မြတ်စုရယ်'

မောင့်ထံမှ သည်သို့သော စကားမျိုး ကြားရလိမ့်မည်ဟု မြတ်စု မထင်ခဲ့မိ။

(ဓ)

ဤအခန်းကတော့ နိဂုံးဖြစ်သည်။ တစ်နည်းအားဖြင့် နိဒါန်း အစ အခန်းကိုပင် ပြန်၍ပြီး ကောက်၍ ဆက်ရေးထားခြင်းလည်း ဖြစ်သည်။ ဤသို့ဖြင့် ဇာတ်လမ်းကို အတတ်ပညာပါပါ ပြီးပြည့်စုံစွာ ဖွဲ့နွဲ့ အဆုံးသတ်လိုက်သည်။

မြတ်စု ရင်၌ တင်းကျပ် မောလိုက်လွန်းသည်။ မောင်လည်း ထို့အတူအမျှ ရှိကောင်းရှိလိမ့်မည်။ မြတ်စု တစ်ချက် ရှိုက်ပြီး ထိုင်ရာမှ ထ၏။ မောင့်ကို တစ်ဘဝလုံးအတွက် ကြည့်သည်။ တစ်ဘဝလုံး အတွက်။

ဇော်ဘီးကို တအားနင်း၍ မောင့်ရှေ့မှ ပြေးထွက်ခဲ့သည်။ မျှော်လင့်ချက်ကား မှုန်၍ ဖြစ်သော မိုးတိမ်ကဲ့သို့ လေနင်ရာ မျောလွင့် သွားခဲ့ပြီ။ အိပ်မက်ဆိုးတစ်ခုသာ ဖြစ်လိုက်ပါတော့ဟု ရိုးစင်းစွာ ဆုတောင်းမိသည်။ အိပ်မက်လည်း မဟုတ်ပြန်ချေ။

(၁၄)

၁၉၈၂ ခုနှစ် ဒီဇင်ဘာလထုတ် ရှုမဝရုပ်စုံမဂ္ဂဇင်းတွင် 'လင်းထက်' ၏ ကဗျာတစ်ပုဒ်ကို ပုံနှိပ်ဖော်ပြပေးခဲ့ပြန်သည်။

***'စံပယ်မြို့ ဆိပ်ကမ်း'***

*ရှိုင်း စေတ်သံ ဂီတ … ချိုမြ မဒီမြင်း၊*
*သည်ရှင် ကြယ်ပြာ၊ လပြာ၊ တောင်းကင်ပြာ*
*ရောင်လွှာမြူး မြက်၊ လျှပ်လက်သလို ဒို … လှလိုက်တော့။*
*အဲဒီတောင်ခုံလား၊ ရေရှုယ်လား လေ ဖြေသံမွှေးကြွားနေရ*
*မွှေးမြသန့်စင်၊ စာ ရှုမြင်ရုံ့ သင်းပျံ့နေဆဲ ရင်ထဲမှာ*
*စကား တိုးတိုး၊ မြူနိုးတဲ စံပယ်ရေ … စံပယ်မြို့*
*ဘယ်သူ့များ လဲ၊ မေး လိုက်ဆဲမှာ*
*သည်း သည်း လှုပ်လှုပ်၊ ငှက်တစ်အုပ်*
*ရည်ဖြည်း ပျံမြေး၊ ဟိုး အဝေး ကိုး*
*သည်ဆိပ်ကမ်းမှ ပေါင်ရိုး လေလည်း*
*တမ်း တတပ်မကဲ ရှုး မထွက်ချင် သက်ဦး မြတ်မွန်*
*ညာလွန် ချက်တိုက် မြေး လိုက်ရှာလွှ …*
*စံပယ်ရေ … စံပယ်မြို့ ဘယ်သူ့များ လဲ*
*ဘယ်မှာလဲကွယ် ရင်ထဲ မေး မိဆဲပါပေ။*

(၁၅)

ရှုမဝမှာ ဝတ္ထု၊ ကဗျာတွေပါ၍ ရှုမဝ ပန်းချီဆရာ ကိုနေမျိုးဇော်၊ ရှုမဝ ကဗျာဆရာမ မအိတို့နှင့် သွေးသားရင်းချာပမာ ပို၍ နီးကပ် လာခဲ့သလို သူ၏ အင်္ဂလိပ်စာ ဝါသနာကြောင့် စံရိပ်ငြိမ် ၆ လမ်း အဆောင်သားထဲမှ အစ်ကိုကြီး ကိုသီဟနိုင်နှင့် ပို၍ ရင်းနှီးသွားခဲ့သည်။

ကျော်မြင့်လွင်မှာ အဖေ့အမွေ ဖြစ်သော J-C Nestfield Grammer စာအုပ် တစ်အုပ်နှင့် ဧရာဝတီယိုလေး တစ်လုံး အတူတူ ပါလာသည်။ လုပ်စရာ မရှိလျှင် အဆိုပါ Nestfield Grammer ကိုပင် အသံထွက်၍ ဖတ်ဖတ်နေတတ်သည်ဟု ကိုသီဟနိုင်က ဆိုသည်။

စံရိပ်ငြိမ် ၆ လမ်း အဆောင်ကလေးမှာ အင်္ဂလိပ်သတင်းစာယူ၍ နံနက်ခင်း သတင်းစာ လာလျှင် ခေါင်းကြီးပိုင်း သတင်းများ၊ အရေးကြီးသော သတင်းများကို ဖြတ်၊ မသိသော အင်္ဂလိပ် စကားလုံးများကို အဘိဓာန်၌ ရှာ၍ ကျက်သည်။ ရေဒီယို လာသောအခါ အင်္ဂလိပ်ဘာသာ အစီအစဉ်တွင် ထိုသတင်းများကို

ပြန်နှုတ်ဆက်သည်။ သည်လို ရေဒီယိုနှင့် သတင်းစာကို အင်္ဂလိပ်စာ သင်တန်းကျောင်း တစ်ခုသဖွယ် တက်နေကြရင်း ကိုသီဟန်သွင်နှင့် သျှင်ကလေး ကျော်မြင့်လွင်တို့ ပိုတွဲမိကြသည်။

(၁၆)

စံရိပ်ငြိမ်နှင့် ဘာမျှ အလှမ်းမဝေးသော ရန်ကုန် တက္ကသိုလ်ထဲသို့လည်း မကြာစော သူတို့ အတူ ရောက်ကြသည်။ နှာမည်ကျော် ဦးချစ် လက်ဖက်ရည်ဆိုင်မှာ ထိုင်ဖြစ်ကြသည်။

ကျောင်းထဲတွင် သတ္တုဗေဒ ဌာနမှ ဆရာ ဦးတင်သန်းကိုတော့ဖြင့် အင်္ဂလိပ်စာ လေ့လာ လိုက်စားမှုနှင့် ပတ်သက်၍ သူတို့ အားကျ လေးစားခဲ့ကြသည်။ ဆရာ ဦးတင်သန်း၏ လမ်းညွှန်မှုနှင့်ပင် ဆိပ်ကမ်းသာ လမ်းမှ မန္တက် ပါလမာဘကျော်ထံသို့ သူတို့ နှစ်ယောက် ရောက်ရှိ သွားကြသည်။

မန္တက် ပါလမာဘကျော်သည် ဗြိတိန်နိုင်ငံသား၊ အိုင်ယာလန် အမျိုးသမီးကြီး ဖြစ်၏။ သူ ဖွင့်ထားသော သင်တန်းတွင် အင်္ဂလိပ်လိုပဲ ပြောသည်။ မြန်မာလို လုံးဝ မပြော၍ အင်္ဂလိပ်စာ ပိုပြီး တိုးတက်လိမ့်မည်ဟု ဦးတင်သန်းက လမ်းညွှန်လိုက်သည်။ ထိုသင်တန်းမှာ သူတို့နှစ်ယောက် အချိန် အတန်ကြာအထိ တက်ခဲ့ကြသည်။ ဆရာမကြီးက သူတို့နှစ်ယောက်ကို ဘိုနာမည်များလည်း ကိုယ်စီ မှည့်ခေါ်ပေးခဲ့သည်။ ကိုသီဟန်သွင်က ရော့ဒ်နီ (Rodney)၊ ကျော်မြင့်လွင်က စတီဖင်ဆင် (Stephenson)။

(၁၇)

ထိုအတောအတွင်း ကျော်မြင့်လွင် ရှိစုမဲ့စု ဝယ်ထားသော ဂီတာလေး အခိုး ခံလိုက်ရသည်။

ထိုနေ့က အခန်းမှာ ထုံးစံအတိုင်း သူတစ်ယောက်တည်း ကရင် သင်တိုင်းရှည်ကြီး ဝတ်ပြီး အိပ်၍ ကျန်ခဲ့သည်။ များသောအားဖြင့် သူ အိပ်လျှင် ဂီတာကို ဖွေ့ဖက် အိပ်နေကျ။ တိုက်ဆိုင်ချင်တော့ ဂီတာက တစ်ခြား၊ လူတစ်ခြား ဖြစ်နေခဲ့ပုံ ရသည်။ အခန်း တံခါးကလည်း ခါတိုင်းလိုပင် ဖွင့်လျက်သား။

ဘယ်လောက်အထိ အိပ်မော ကျသွားသည် မသိ။ သူငယ်ချင်းတစ်ယောက် ရောက်လာသည့် အတွက် သူ ထလိုက်ရတော့မှ ဂီတာ မရှိတော့တာ သိရသည်။

အခန်းထဲရှိ စာအုပ်တွေ၊ အင်္ကျီ အဝတ်အစားတွေ ဘာတစ်ခုမျှ မပျောက်။ အခန်းဖော် အစ်ကိုကြီးတွေ ပြန်ရောက်လာကြသည့်အခါ ဂီတာ ပျောက်၍ မှိုင်တွေချနေသည့် သူ့ကို–

'မင်းက အအိပ်ကြီးတာကိုးကွ၊ သူခိုးက ဂီတာ ယူမသွားခင် သီချင်း တစ်ပုဒ်လောက်မှ ထိုင်တီးပြ သွားသေးလား မသိဘူး' ဟု ငိုင်၍ ဩဘာ ပေးကြလေသည်။ သို့သော် သူ စိတ် အရမ်း ထိခိုက်နေမှန်းလည်း သိကြသဖြင့် နှစ်သိမ့် ပေးကြပြန်သည်။







ပုသိမ်ကန်တော်ကြီး

(၁၈)

ရန်ကုန် ရက်စွဲများက ရွေ့လျား သွားသည်။ အဆောင်ရှေ့ တရုတ်စံကားပင်ကြီးမှ အပွင့်တွေက မွှေးမွှေး လှပ်အောင် ပွင့်စေပြီး အညာ ညောင်းသောအခါ တစ်ပင်လုံး ကြွေကျကုန်သည်။ ထိုအတောအတွင်းမှာ သင်းကွဲငှက်များသဖွယ် အသိုက်အမြုံတွေလည်း ရွှေ့ပြောင်းသွားကြလေသည်။

ပထမဆုံး အဖြစ် ဆရာမ မအိက ရေမြေတောတောင် ခြားနားရာ ဟိုးအဝေးကြီးဆီသို့ မရပ်မနား ထွက်ခွာ သွားခဲ့သည်။ သူ ယုံကြည်ရာ လမ်းကို သူ လျှောက်ဖို့ ဆုံးဖြတ်ချက် ချလိုက်ခြင်း ဖြစ်သည်။ ထိုလမ်းသည် ကြမ်းတမ်းလိမ့်မည် ဆိုတာ သိသိနှင့်ပင် ထွက်သွားခဲ့သည်။

'တောင်ပေါ် ပွင့်တဲ့ ဓမ္မရဲ့ နှင်းဆီ သင်းရီထုံမွှေး ရနံ့အေးမြ နီရဲပွင့်ဖတ် ချစ်မြတ်နိုးတတ် ရင်ခုန်တတ်.... သူ။ ကမ္ဘာ့ချိုင့်ဝှမ်း၊ တောင်စဉ်တောင်တန်း ဖြတ်သန်းရဲရင့် အပွင့်ဝေ မျိုးစေ့ချသူ'

နောက်တော့ ကိုနေမျိုးဇော်လည်း တောင်ပေါ်လမ်းအတိုင်း လိုက်ပါ သွားခဲ့ပြန်သည်။ ဂန္ဓာရီ မဟာမြိုင် ကျွင်စဉ်ကို ကျွင်ကြ ဖြတ်သန်းဖို့ သူ ဆုံးဖြတ်ခဲ့သည်။

သူ အိပ်ပျော်နေတုန်းမှာပဲ ကိုနေမျိုးဇော်က တိတ်တိတ်ကလေး ထွက်သွားခဲ့ရက်သည်။ နှုတ်ဆက် စကားပင် မဆိုခဲ့။ ပြက္ခဒိန် နောက်ကျော တစ်နေရာမှာ 'ညီလေးရေ၊ ကိုယ်သွားပြီ' ဆိုသည့် စာသားလေးပဲ ချန်ထားရစ်ခဲ့သည်။ ထိုစာရွက်ကလေးကိုပင် တမြတ်တနိုး သူ သိမ်းထားခဲ့သည်။

နောက်ထပ် ရက်အတန်ကြာတော့ မမှုလေးက လှူကြိုဆိုလား၊ ဘယ်လို ရောက်လာမှန်း မသိ။ သူ မရှိတုန်း အဆောင်ခန်းက သူ့ ခုတင်မှာ စာတစ်စောင် လာထားသွားသည်။ ကိုနေမျိုးဇော်၏ လက်ရေး လှလှလေးနှင့်—

'ညီလေးရေ' အစ ချီပြီး ဆုံးမ စကားလေးတွေ ရေးပို့ထားတာ ဖတ်ရပြန်သည်။

(၁၉)

သူ့စိတ်ထဲမှာ အခုမှပဲ အရမ်းကို ထိနိုက်သွားသည်။ သွေးတစ်မိုန်မိုန် ယိုစီးကျသလိုမျိုး နာကျင် လာခဲ့သည်။ နိုင်ငံမြဲသည့် သံယောဇဉ်ကြိုးတွေက အနေ ဝေးသွားသည့်အခါ ဆွဲဆန့်ထွက်ပြီး ဖျစ်ညှစ် ဆုပ်ကိုင်သည်။ ဘယ်အခါကျမှ ပြန်တွေ့ကြမှာလဲ။ ဘယ်တော့လဲ။ ဘာမျှ သေချာခြင်း မရှိတော့ပြီ။

များမကြာမီ ကိုသီဟန်သွင်ကလည်း ပြည်မြို့ အရှေ့ဘက် ဝက်ထီးကန်တွင် တွဲဖက် ကျောင်းဆရာ သွားလုပ်တော့မည် ဆိုသည်။

ဒါဆို သူလည်း စံရိပ်ငြိမ်မှာ မနေပျော်တော့ပြီ။

ဒဂုံရာရ ငှက်တစ်ကောင်ပမာ အသိုက်ရှိရာ ပုသိမ်သို့ ရင်ခွင် ပြန်လည် ပြောင်းရွှေ့လာခဲ့သည်။

# အခန်း (၇)
# အပေါင်းအသင်းများ နှင့် ငြိမ်းချမ်းရေး ကမ်းခြေမှာ

(၁)

ပုသိမ် ဒေသကောလိပ် ပတ်ဝန်းကျင်သို့ ပြန်ရောက်လာသော ကျော်မြင့်လွင်မှာ စာပေ၊ ကဗျာ အသိုင်းအဝိုင်းအပြင် ဂီတ အပေါင်းအသင်းတွေလည်း ရှိသေးသည်။

တော်တန်ရုံ အထင်ကြီး မလေးစားတတ်သူ သူ့အတွက် ရှားရှားပါးပါး အထင်ကြီး လေးစားသော ဂီတ အပေါင်းအသင်း တစ်ဦးက ဝင်းမြင့်ဦး (ကိုတူး) ဖြစ်သည်။ ကိုတူးက ပုသိမ်ကမ်းနား၊ ကွင်းတန်းမှာ နေသည်။ ကိုတူး ဖခင် ဦးမြသောင်းက ကျောင်းဆရာ။

ကိုတူးသည် အငြိမ်သမား ဖြစ်၍ စကား များများ မပြော။ သူ့စိတ်ထဲမှာ ဘာမဆို စဉ်းစား တွက်ချက် ကြည့်ပြီး စိတ်ပါမှ လုပ်တတ်သူဟု ဆိုကြသည်။ 'ငုဝါ' တီးဝိုင်း ဘိုတင်ယုဆီမှာ ဂီတ တီးကြ၊ ဂီတ ပညာ ဆည်းပူးကြကတည်းက ကိုချျပ်နှင့် အတူတူ။ ထိုစဉ်က ပုသိမ်တွင် ပတ်ကား နတ်စ်နှင့် တီးတတ်သူ သုံးလေးယောက်သာ ရှိခဲ့ကြရာ ငုဝါ ဘိုတင်ယု၊ ကိုတူးနှင့် ကိုချျပ်တို့ အပါအဝင် ဖြစ်ကြသည်။

'ဘိုတင်ယုဆီက နတ်စ်တွေ ငါတို့ သွားခိုးရတာ' ဟု ကိုတူးနှင့် ကိုချျပ်တို့ ပြောဖူးသည်။

ကိုတူးက စာလည်း တအား တော်သည်။ နောက်တော့ ပုသိမ်ဒေသကောလိပ်မှ ရန်ကုန်တက္ကသိုလ် ရောက်သွားပြီး အင်္ဂလိပ်စာ မေဂျာ တက်ခဲ့သည်။ တကယ်ဆို သူ့အမှတ်က အတော်လေး ကောင်းသည်။ အခြား အသက်မွေးဝမ်းကျောင်း တက္ကသိုလ် တစ်ခုခု တက်မည်ဆိုလျှင် တက်၍ ဖြစ်နိုင်သည်။ သို့သော် အင်္ဂလိပ်စာကိုပဲ လိုက်စားလို၍ အင်္ဂလိပ်စာမေဂျာ တက်ခဲ့ခြင်း ဖြစ်သည်။

(၂)

နောက်ထပ် ဂီတ သူငယ်ချင်း တစ်ယောက်က လှမျိုးစု (ပေါက်ပေါက်) ဖြစ်သည်။ ပေါက်ပေါက် ဖခင်က ပုသိမ် တိုင်းကောင်စီမှ ဖြစ်သည်။ ပြည်တော်သာ ဝန်ထမ်းအိမ်တွေ နားမှာ ဖြစ်၍ ကိုချျပ် ညီမ မိမိုးတို့ တစ်တွေနှင့်လည်း ခင်ကြသည်။ ရင်းနှီးသူတွေက သူ့ကို မိပေါက်ဟု ခေါ်ကြလေသည်။ ငယ်စဉ်က သွေးအားနည်းရောဂါ ရှိ၍ ဖြူဖတ်ဖြူရော်လေး ဖြစ်သည်။ သို့သော် သီချင်းဆိုတာ အသံ သိပ်ကောင်းသည်။ ပုသိမ် တီးဝိုင်းများ ဖြစ်ကြသည့် ငုဝါ၊ ဖြူနီညိုပြာတို့မှာ သီချင်း ဆိုနေကျ။

တစ်ကြိမ်မှာတော့ ပြည်ထောင်စု အလံတော် ပုသိမ်မြို့ကို ရောက်ရှိလာစဉ် မြို့က ပွဲလမ်းသဘင်တွေနှင့် ကြိုဆိုသည်။ ရန်ကုန်မှ Success တီးဝိုင်းလည်း ပါလာခဲ့သည်။

Success ၏ အဆိုပါ ခေါင်တင် ဖျော်ဖြေပွဲမှာ မိပေါက် သီချင်း တက်ဆိုသည်။ တကယ့် အခမ်းအနား ပွဲကြီးမှာ အထင်ကရ တီးဝိုင်းနှင့် ဖြူစင်ထဲက တက်ဆိုနိုင်ဖို့ ဆိုတာ နည်းသည့် စိန်ခေါ်မှု မဟုတ်။ ပါရမီ မရှိဘဲ စဉ်းစားဖို့ မဖြစ်နိုင်။ သို့သော် မိပေါက်ကတော့ သပ်သပ်ရပ်ရပ်ပင် တင်ဆက်သွားနိုင်ခဲ့သည်။

(၃)

ပြည်တော်သာ ဝန်ထမ်း အသိုင်းအဝိုင်းတွင် နေထိုင်ခဲ့စဉ်ကတည်းက ခင်မင်နေခဲ့ပြီး ဒေသ ကောလိပ်မှာ ဆက်လက် သီကျွမ်းရင်းနှီး ဖြစ်ခဲ့သူ တစ်ဦးက မြင့်သန်း ဖြစ်သည်။ မြင့်သန်းသည်လည်း ဂီတ ဝါသနာ ကြီးမားသူ။ နောင်သောအခါ ခင်မှူးသန့် အမည်ဖြင့် 'ဆံပင်ရှည်ရှည် ကောင်လေး' တေးစီးရီးကိုပင် ထုတ်ဖြစ်ခဲ့သည်။

မြင့်သန်း လိုက်ပြီး မိတ်ဆက်ပေးသည့် အတွက်ပင် ကိုသျှပ်၏ သီချင်းဂီတ အပေါင်းအသင်း အသိုင်းအဝိုင်းမှာ ပို၍ ကျယ်ဝန်းလာသည်။ ထိုအပေါင်းအသင်း အသစ်များထဲမှ အချို့သည် သူ၏ တစ်သက်တာအတွက် အရေးပါ အရာရောက်လာမည့် လက်တွဲဖော် မိတ်ဆွေ ရောင်းရင်းများ ဖြစ်ကြတော့သည်။

(၄)

ကဗျာဆရာ၊ တေးရေးစာဆို မြင့်မိုးအောင်နှင့် စတင် တွေ့ဆုံ ခင်မင်ခဲ့ကြသည်မှာ မြင့်သန်းကြောင့် ဖြစ်သည်။ ထိုစဉ်တုန်း အချိန်။ မြင့်မိုးအောင်က ပုသိမ်ဒေသကောလိပ်သို့ ရောက်သည့် ပထမနှစ်။ မြင့်သန်းက ကိုသျှပ်နှင့် မိတ်ဆက် ပေးခဲ့သည်။

ထိုနေ့က ကိုသျှပ်သည် ကျောင်းလှေကားမှာ ငုတ်တုတ် ထိုင်ပြီး စာအုပ် တစ်အုပ် ဖတ်နေခဲ့သည်။ တကယ်တော့ ဆံပင်ရှည် တွန့်ကျွေးကျွေး၊ တောက်ပပြီး အရည်လဲ့နေသော မျက်လုံးများနှင့် မျက်မှန် ထူထူကတော့ သူ၏ သင်္ကေတဟု ဆိုရမည်။ သူ့ဆီမှာ ဖတ်စရာ စာအုပ်က အမြဲတမ်းပါသည်။ သူ့လွယ်အိတ်ထဲမှာ ကျောင်းစာအုပ်တွေအပြင် 'ဘဝအဓိပ္ပာယ်နှင့် ဘဝသနစ္စာ' လို အတွေးအခေါ် စာအုပ်တွေ၊ 'ထင်းရှူးပင်ရိပ်' လို စာပေ ကဗျာစာအုပ်တွေ ရောက်နေတတ်သည်။ သူသည် စာအုပ်နှင့် မျက်စိ ခွာလေ့ မရှိ။

မြင့်သန်းက ဖြူဖြူရှည်ရှည်၊ ပိန်ပိန်ရှဲ့ရှဲ့နှင့် လေတိုးလျှင် ပြိုလဲကျလေမလား ထင်မှားရသည့် မြင့်မိုးအောင်ကို အသာ ခေါ်ယူလာပြီး ကိုသျှပ်နှင့် မိတ်ဆက်ပေးခဲ့သည်။ မြင့်မိုးအောင်၏ အိမ်နာမည်က ဖြူဖွေး။

'ကိုဘဲဥ၊ ဒါ ဖြူဖွေးပါ'

ဘဲဥနှင့် ဖြူဖွေး တွေ့တွေ့ချင်းပင် ခင်မင်သွားကြသည်။ သူတို့နှစ်ယောက် သီချင်းအကြောင်းတွေ ပြောဖြစ်သည်။ ထိုစဉ်က မြင့်မိုးအောင်သည် ဂီတ တီးကာစ။ ဂီတ၏ မိုးကောင်းကင်ကို အားစမ်းဆဲ အချိန်။

(၅)

ထိုအချိန်မှာ ကိုချုပ်သည် ပုသိမ် ဒေသကောလိပ်၏ ပြင်ပဆောင် သီတာဦးမှာ နေသည်ဆိုသော်လည်း အတည်တကျ မဟုတ်ပြန်။ သူငယ်ချင်းတွေဆီ ကပ်နေကပ်စား။ ဂီတာ တီးလိုက်၊ သီချင်း ဆိုလိုက်သာ။ မော်လမြိုင်မှ မိဘများက လဆန်းရက် ငွေပို့လာသောအခါ နမြော တွန့်တိုခြင်း မရှိ။ သူငယ်ချင်းတွေနှင့် တစ်ရက်တည်းမှာ ကုန်အောင် သုံးပစ်တတ်သည်။

အဆောင်မှာ တီးစရာ၊ ဆိုစရာ မရှိပါက အနုပညာအကြောင်း ပြောဆိုကြသော ကျောင်းလက်ဖက်ရည်ဆိုင်၊ စားသောက်ဆိုင်တွေမှာ ကိုချုပ် ရောက်နေတတ်သည်။ သို့မဟုတ်လျှင် ပြည်တော်သာ တိုက်က သူငယ်ချင်း တစ်ယောက်ယောက်၏ အခန်းတွင် ကက်ဆက် အဟောင်းလေးထဲ သူ တီးခတ်သမျှ အသံတွေ သွင်းကြည့်နေလိမ့်မည်။

နောက်တော့ မြင့်မိုးအောင်တို့ ‘အိမ် အပေါ်ထပ်သို့ သူ ရောက်ရှိ လာသည်။

(၆)

မြင့်မိုးအောင်တို့ အိမ်မှာ သူ့ အကျင့်အတိုင်း ရေမချိုး၊ ထမင်း မစားတမ်း ဂီတာ တီးသည်။ အင်္ဂလိပ် သီချင်း အသစ်တွေ နားထောင်၊ ကော့ဒ် ရှာ၊ နုတ်စ်ထုတ် လုပ်သည်။ သူက ဂီတာနှင့် မွေ့လျော်နေချိန်မှာ မြင့်မိုးအောင်ကတော့ ပန်းချီ ဆွဲနေလေ့ရှိသည်။

မြင့်မိုးအောင်တို့ အိမ်ကလည်း သူ့ကို ချစ်ကြသည်။ အစစအရာရာ လိုလေသေး မရှိ။ စောင့်ရှောက်သည်။ ဂရုစိုက်သည်။

‘သား၊ ဖြူဖွေးရေ၊ မင်းသူငယ်ချင်း ဘဲဥကို ရေချိုး နိုင်းလိုက်ပါဦးကွာ၊ ထမင်း စားရအောင်လို့’ ဟု မြင့်မိုးအောင်၏ ဖခင် ပြောလျှင်တော့ဖြင့် သူက အပျင်းကြော ဆွဲနေပြီ။

‘ဟာကွာ၊ မင်း အဖေကလည်း ရေမချိုးရင်ဘဲ ထမင်း မစားရတော့ဘူးလား မသိပါဘူး’ ဟု ကျိတ်ပြီး အတွန့် တက်တတ်သည်။

(၇)

၁၉၈၃ ခုနှစ်၊ ဇူလိုင်လ။

ပုသိမ်မြို့၊ ဘိုကနောင် ကရင်တိုင်းရင်းသား ရပ်ကွက်။

အောင်ကျော်ဦး (ကြွက်နီ) တို့ အိမ်မှာ အောင်ကျော်ဦးနှင့် ချုပ်တို့ စောင် သိကျွမ်းခဲ့ကြသည်။

မြင့်သန်း (ဇင်မှူးသန့်) ကပင် ကိုချုပ်ကို ခေါ်လာခဲ့ပြီး–

‘ကိုချုပ်၊ ဒါ . . . ကြွက်နီ’ ဟု မိတ်ဆက် ပေးခဲ့သဖြင့် သူတို့နှစ်ယောက် လက်ချင်း ယှက်ခဲ့ကြသည်။

'ကိုဦး၊ သူက ဦးလေးကြီး (ကိုဆန်းထူး) ပေါ့' ဟုဆက်ပြီး သူတို့ ပြည်တော်သာ တစ်သိုက်ကို အောင်ကျော်ဦးနှင့် ဆုံစည်းစေခဲ့သည်။

အောင်ကျော်ဦးက ကျောင်းမှာ သူတို့ မေဂျာက လုပ်မည့် ဖဲဝဲလ်ပွဲတွင် တီးကြတော်ကြရန် မြင့်သန်းနှင့်အတူ လုံးပမ်းနေသည့် အချိန်။ ဒေသကောလိပ် ပထမနှစ် ကျောင်းသားတွေပီပီ ဖဲဝဲလ်မှာ လက်စွမ်းပြ တီးချင်တော်ချင်နေခဲ့ကြသည်။

ထိုအချိန်မှာ ပထမနှစ် အိတ်တောနယ် ကျောင်းသား ကိုသျှုပ်ကို မြင့်သန်းက ခေါ်ချလာခဲ့ခြင်း ဖြစ်သည်။

တကယ်တော့ အောင်ကျော်ဦးက 'မောနင်းစတား' လို တီးဝိုင်း သေးသေးလေးမှာ တီးခဲ့စဉ် သျှုပ်က 'ဒုဝါ' မှာ တီးနေခဲ့သည်။ သို့ဖြစ်၍ သူတို့ချင်း အဆက်အစပ် မရှိခဲ့ကြ။ မျက်နှာချင်း မရင်းနှီး။

ယခု လောလောဆယ် အောင်ကျော်ဦးနှင့် မြင့်သန်းတို့က 'မဟူရာ' ဆိုသည့် ရောင်းတမ်း တီးဝိုင်းထဲမှ ဖြစ်သည်။ ကရင်တိုင်းရင်းသား တီးဝိုင်း ဖြစ်၍ ထုံးစံအတိုင်း ဘိုကနေ့စင် ရုပ်ကွက်တွင် အခြေပြု ထားသည်။ ဘိုကနေ့စင်သားတွေက နုတ်စ် မတတ်ကြ။ သို့သော် ဂီတာကိုတော့ လူတိုင်းလောက် နီးနီး တီးကြသည်။

(၈)

အောင်ကျော်ဦး (ကြွက်နီ) က ဂီတာတော့ မတီးတတ်။ တီးဝိုင်းမှာ ရမ် တီးသည်။ ယခုတော့ ကိုသျှုပ်က သူတို့နှင့်အတူ ဘေ့စ် တီးမည်ဟု ဆိုသည်။

ဘေ့စ်ဂီတာနှင့် ဒရမ်မှာ။

ကိုသျှုပ်နှင့် ကြွက်နီ။

အခုမှလည်း စ၍ တွေ့ဖူးကြသည်။ သို့ဖြစ်၍ အဆိုပါ အတွဲအစပ်၏ ကျောရိုးတိုင်သည် ခိုင်ပါမည်လား။ သဟဇာတ ဖြစ်ပါမည်လားဟု အောင်ကျော်ဦးက သံသယ ဝင်ခဲ့သည်။ သူတို့ချင်းလည်း တစ်ခါမျှ တွဲမတီးဖူးကြသေး။ ငယ်ရွယ်သူတို့၏ ထုံးစံ။ ကိုယ်က လွဲ၍ ဖြစ်စေ၊ ကိုယ်နှင့် တွဲဖူးသူ အထာသိတွေက လွဲ၍ ဖြစ်စေ ပြင်ပလူကို အထင်မကြီး။ အကျော မခံချင်။

နှစ်ယောက် လက်ဆွဲ နှုတ်ဆက် အပြီးတွင် မြေမြေချင်း မြေမြင်နိုင်ရန်အတွက် မြေရာလက်ရာ ကောက်ကြရတော့မည်။

'ကဲ ... ကိုသျှုပ်၊ ကျွန်တော် သီချင်း တစ်ပုဒ် ဆိုမယ်ဗျာ၊ တီးပေးပါလား'

ထိုသို့ စကားစလိုက်သည်။

'လုပ်လေ ခင်ဗျား ဘာဆိုမှာလဲ'

"How deep is your love"

(၉)

Bee Gees အဖွဲ့၏ ဤသီချင်းမှာ အောင်ကျော်ဦး၏ အသည်းစွဲ။

သို့သော် ယခင်က အောင်ကျော်ဦး ဆိုခွင့် မရခဲ့။ အကြောင်းမှာ သီချင်း၏ ဂီတာ ကော့ဒ်တွေ ခက်ခဲလှ၍ သူတို့ တီးဝိုင်းသားတွေက ထိုကော့ဒ်များကို ဘယ်သူမျှ တီးပေးနိုင်။

ယခု ကိုချုပ်ကို အနီသီချင်းအား ဆိုချင်ပါသည်။ တီးပေးပါဟု ကမ်းလှမ်းလိုက်သည်။ တကယ်တော့ ကိုချုပ်အတွက် ဆင်ပေးလိုက်သော ထောင်ချောက်ကြီး တစ်ခုဖြစ်သည်။ သူ ဘာဆက်လုပ်မလဲ၊ သူ ဘယ်လောက် စွမ်းဆောင်နိုင်မလဲဆိုတာ စောင့်ကြည့်ရတော့မည်။

ကိုချုပ်ကဖြင့် အေးအေးဆေးဆေးပင်–

'ကိုဦး မင်း ဘော့စ် တီး ငါ ရစ်သမ် တီးမယ်' ဟု ပြောရင်းဆိုရင်း ထိုသီချင်းကို ကောက်တီးလိုက်တော့သည်။

(၁၀)

ဤမျှ ဤမျှ ခက်ခဲလှသော ကော့ဒ်များကို ပိုင်ပိုင်နိုင်နိုင်ကြီး တီးနိုင်နေသည့် ကိုချုပ်၏ လက်စွမ်းကို တွေ့ရသောအခါ အောင်ကျော်ဦး ချက်ချင်း 'ကြိုက်' သွားရသည်။ သူတို့အဖွဲ့မှာ ဘော့စ် လာတီး ပေးတော့မည့် အတွက်လည်း အား 'တက်' သွားခဲ့သည်။

အောင်ကျော်ဦးက သီချင်းကို ဆက်ဆိုသည်။

အလယ် သံပြိုင် အပိုဒ်တွင် တစ်ချက် ဖမ်းစရာ အကွက် ရှိသေးသည်။ ထိုနေရာတွင် အင်မတန် ရှုပ်ထွေးသော ဟာမိုနီ အပိုင်းတွေက ဆီးကြိုနေကြသည်။ အောင်ကျော်ဦး သီချင်း ဆိုလာခဲ့တာ သံပြိုင် အပိုဒ်သို့ ရောက်ပြီ၊ ထိုအခါ အဆင်သင့် စောင့်နေသော ကိုချုပ်က ယနေ့ ယခုမှ သိရသော အောင်ကျော်ဦးအတွက် ဟာမိုနီကို အသာလေးနှင့် ချောနေအောင်ပင် လိုက်ပေးသွားခဲ့ပါတော့သည်။

(၁၁)

အောင်ကျော်ဦး (ကြွက်နီ) အနေနှင့် "How deep is your love' သီချင်းကို ယခုလို စိတ်တိုင်းကျ သီဆိုလိုက်ရသောအခါ စိတ်ထဲမှာ ဘယ်လောက်အထိ နက်ရှိုင်းစွာ ခံစားလိုက်ရသည် ဆိုတာ ပြောမပြ တတ်တော့လောက်အောင် ဖြစ်ခဲ့ရသည်။ ယခုလို တီးနိုင် ခေါ်နိုင်သည့် ပုဂ္ဂိုလ်တစ်ယောက်နှင့် တွဲရတော့မည် ဆိုတာ အတိုင်းထက် အလွန် ဝမ်းသာဖိသလို တစ်ဖက်ကလည်း မခံချင်စိတ် ကလေးကတော့ဖြင့် ပေါ်မိသည်။

ငယ်ရွယ်သူပီပီ မာနကလည်း များသေးသည်လေ။

ဘာပဲပြောပြော ကိုချုပ်သည် Bee Gees ကို သေသေချာချာ ကြိုက်ထားပြီး နုတ်စ်ကိုလည်း တကယ် ပိုင်နိုင်သူ ဆိုတာကတော့ သေချာ သွားခဲ့သည်။ သည်လိုနှင့် ဖဲဖဲလ်အတွက် သီချင်း တိုက်နေကြရင်း–

'ကိုသျှာ် ဘာ သီချင်း ဆိုမလဲ' ဟု မေးကြည့်သည်။ ကိုသျှပ်က –

'ဝေး သွားတဲ့အခါ . . . နှလုံးသားမှာ အမြဲတမ်း သတိရနေ . . .
ကြင်နာ ခဲ့ဖူးတဲ့ အချိန်ခါများ ပြန်လည်ကာ ရဖူးပါရ . . .
မမြင်နိုင်တော့တဲ့အခါ . . .' ဟု ဆိုပြသည်။

(၁၂)

သီချင်းက အသစ်။

တစ်ခါမျှ မကြားဖူး၍ နားထဲမှ ရုတ်တရက် လက်သင့်ခံလိုက်ဖို့ အဆင်သင့် မဖြစ်သေး။ ကိုသျှပ်၏ လက်ရာ ကိုယ်ပိုင်သံစဉ် ဖြစ်သည်ဆို၍ သူ့ သီချင်း ရေးတတ်မှုန်းကိုတော့ သိလိုက်ရသည်။

ကိုသျှပ်က ကြွက်နီ ဘဝင်မကျမှုန်း ချက်ချင်း ရိပ်စားမိ၍

'အချိန် ကုန်ခံပြီး ပြောမနေနဲ့၊ မနေချင်ရင်လည်း သွားနိုင်တယ်၊ ဒီလိုဆို နှုတ်ဆက်လိုက်ပါပြီ'

ပလေးဘွိုင်အဖွဲ့နှင့် သီဆိုခဲ့သော ဒီတာစိုးဝင်း၏ သီချင်းကို တန်းဆက်တည်း ဆိုပြလိုက်သည်။ ကြွက်နီ အံ့အားသင့် သွားသည်။ ကိုသျှပ်ဆိုတာ တအားကို ကောင်း၊ အံ့နေအောင် ကောင်းနေသည်။ ကိုသျှပ်မှာ အဆို ပါရမီ အတိမ်အနက် ဘယ်လောက်ထိ ရှိတာကို တစ်ထိုင်တည်းနှင့် ထင်းကနဲ လင်းကနဲ သိခွင့်ရလိုက်သည်။

(၁၃)

ကိုသျှပ်၏ ကိုယ်ပိုင်သံစဉ် 'ဝေးသွားတဲ့အခါ' သီချင်းကို ကြားကြားချင်း နားမယဉ်ခဲ့သော်လည်း နောက်ပိုင်းမှာတော့ အောင်ကျော်ဦး၏ အနှစ်သက်ဆုံး သီချင်း တစ်ပုဒ် ဖြစ်လာသည်။ အောင်ကျော်ဦးတို့ အနေနှင့် သူတို့တီးဝိုင်း၏ ပထမဆုံး ကိုယ်ပိုင် သီချင်းအဖြစ် တီးခွင့်ရခဲ့သည်မှာလည်း 'ဝေးသွားတဲ့အခါ' ပဲ ဖြစ်သည်။

'ဪ . . . လွန်ခဲ့ပြီ . . . ဝေး သွား မှ . . . ပြန်တွေး ကာ
နှမြောတသ . . . လွမ်းနေပါသော်လည်း . . . မတော်သာ။
လောကကြီး ရဲ့ . . . မာနှ
သူ မိန်းကလေး ရဲ့ . . . အဘ
ရင်ထဲက ပန်းတစ်ပွင့် . . . တော့ ခင်လဲ့ကြွေသွား . . .
'ခုတော့ . . . ဝေး ခဲ့ပြီလေ . . . ခုတော့ . . . ဝေး ခဲ့ပြီလေ
ခုတော့ . . . ဝေး ကြပြီ . . . ကိုရှု ချိုး အား . . . . . . . . . . . . . . . .'

နောက်တော့ ကိုသျှပ်၏ 'အခါလွန်တဲ့ မိုး' ကို တီးခွင့်ရခဲ့ကြသည်။

*'နှုတ်ဆက် မျက်ရည်လေး များ ...။*
*အားလုံး မသိအောင် သိမ်းထား ...။*
*အခါလွန်တဲ့ မိုးရိပ် ...အပြေး နဲ့...ရွာ ....။*
*အကြောင်းနာစကားတွေ ...အမြဲတမ်းပဲ ...အိပ်မက်မှာ ....*
*တစ်ချေးမိုးတဲ့ ......ညတွေရဲ့ ....မြန်အိပ်....မရပါ။*
*ချစ်ရာပဲ ကိုယ်လိုများ ...ယောင်ယမ်း တမ်းတနေမလား ...။*
*ကိုယ် တွေး ရင်း ..တွေး ရင်း ဝမ်းနည်းနေသလိုပါ.....'*

(၁၄)

ပြီးပြီ။

ဤသီချင်း နှစ်ပုဒ်တည်းနှင့်ပင် ဇာတ်လမ်း ပြီးပြတ်ပြီ။ အောင်ကျော်ဦးတို့မှာ တစ်သက်လုံး သူများ သီချင်းတွေချည်းပဲ တီးလာခဲ့ရသည်။ အခုလို ကိုယ့်တီးဝိုင်းထဲက ကိုယ့် ကိုယ်ပိုင်သီချင်းနှင့် ကိုယ်ဆိုတော့ စိတ်ကလည်း လန်းလာကြသည်။

(၁၅)

သူတို့ တီးဝိုင်းလေးကို အောင်ကျော်ဦးက ကိုသျှပ်အား အကြောင်းပြု၍ Shore of Peace ဟု အမည် ပေးခဲ့သည်။

အောင်အောင်ဆွေး (ပထန်ကြီး) က လီဒ်ဂီတာ၊ တင်မျိုးလွင် (သာထူး) က ရစ်သမ်၊ ကိုသျှပ်က ဘေ့စ်၊ အောင်ကျော်ဦး ကြွက်နီက ဒရမ် တီးသည်။ မြင့်သန်း (ကိုမာ)က မန်နေဂျာ။ ထို့အပြင် ဖော်ဖော်အောင် (ဇာဂရ)၊ မင်းဦး (ရေချမ်း) တို့နှင့်လည်း ပေါင်းဖက်ဖြစ်သွားခဲ့သည်။

ကိုသျှပ်က တီးဝိုင်းတစ်ခုလုံးကို စနစ်တကျ Arrange လုပ်ပေးသည်။ တကယ် စင်ပေါ် တက်တော့လည်း အားလုံးက သူ ဖောင်းထားသည့်အတိုင်း ညီနေကြသည်။

တက္ကသိုလ်အေးမောင်၏ 'လေမှာ ပျံတဲ့ ငှက်တွေလို ကိုယ်တစ်ယောက် ပျံလာတယ်'

ဤသို့ဖြင့် သူတို့၏ Physics မေဂျာ တီးဝိုင်းက တစ်ကျောင်းလုံးကို သိမ်းပိုက်လိုက်ကြတော့သည်။

## အခန်း (၇)
## သီချင်း ဂီတသည်သာ ဇွန်းခိုရာ

(၁)

Shore of Peace တီးဝိုင်းလေး ပုသိမ် ကောလိပ်မြေမှာ ပေါ်ပေါက် လာခဲ့ချိန်၌ ကိုသျှပ်သည်လည်း မြင့်မိုးအောင်တို့ အိမ်မှ ဘိုကနောင် ကရင် တိုင်းရင်းသား ရပ်ကွက်ရှိ အောင်ကျော်ဦးတို့ အိမ်သို့ အသိုက် ပြောင်းရွှေ့ သွားခဲ့ပြီ။

မြင့်မိုးအောင်တို့ အိမ်မှာ တစ်လခွဲလောက် ကြာခဲ့သည်။ ကိုသျှပ် တစ်ယောက် ချွဲအားများရာ အောင်ကျော်ဦးတို့ အိမ်သို့ ပျော်ပျော်ကြီး ရှိတက်သွားခဲ့သောအခါ မြင့်မိုးအောင်၏ မိဘများက အတော်လေး စိတ်မကောင်းဖြစ်ကြသည်။ သူ့ကို သံယောဇဉ် တွယ်ခဲ့ကြသလို သူ့ စားဝတ်နေရေးအတွက် တွေးပြီး ပူပန်ခဲ့ကြသည်။

တကယ်ဆို မြင့်မိုးအောင်တို့ အိမ်မှာက စားသောက်နေထိုင် အစစ အရာရာ အားလုံး အဆင်ပြေသည်။ အောင်ကျော်ဦးတို့ အိမ်မှာ မိသားစုက မစုံလင်။ အထူးသဖြင့် အောင်ကျော်ဦးတို့ မိခင် ဒေါ်မာစီ ဆုံးထားတာက တစ်နှစ်ခန့်သာ ရှိဦးမည်။ စားရေးသောက်ရေး အစီအစဉ်များ ဘယ်လိုမှ ထောင့်မစေ့နိုင်။

သို့သော် ကိုသျှပ်က ဒါတွေကို ထည့်မတွက်။ သူသည် ဘယ်တုန်းကမှ အိပ်ချိန် စားချိန် မှန်သူ မဟုတ်။ အိပ်ဖို့ စားဖို့ နေရာလည်း အတိအကျ မထား။ သီချင်းများ ရှိရာ၊ ဂီတ အလုပ် ရှိရာကိုသာ အမြဲတမ်း လှည့်လည် သွားလာ နေချင်သည်။ သီချင်းနှင့် ဂီတတို့၏ ခေါ်ဆောင်ရာဆီသို့သာ ရှုးက်ဆန့ ပြင်းပြစွာ လိုက်ပါနေချင်သည်။ သီချင်း ဂီတသာလျှင် ကိုသျှပ်၏ အိမ်အစစ် ဖြစ်ကြောင်း ပထမဆုံး အကြိမ် မြင့်မိုးအောင် သိနားလည် သွားခဲ့သည်။

(၂)

ကိုသျှပ်သည် ဝ၀ါ၊ မြူနီညီပြာလို တီးဝိုင်းကြီးတွေမှာ ဝင်ရောက်ပြီး ဆိုခဲ့၊ တီးခဲ့ဖူးသည်။ သို့သော် ယခု တစ်ကြိမ်က သူ့အတွက် မတူ။ Shore of Peace က ကျောင်းတွင်း အပျော်တမ်း တီးဝိုင်း သေးသေးကလေး တစ်ခု ဆိုသော်လည်း သူ၏ ကိုယ်ပိုင်၊ သူ၏ စေစားရာ ဖြစ်သည်။

Shore of Peace မှာ သူက ခေါင်းဆောင် ဖြစ်သည်။ သူ့စိတ်တိုင်းကျ ဂီတကို စီမံခန့်ခွဲရသည်။

သို့ဖြစ်၍ သူ ရင်ခုန်ခဲ့တာ မဆန်းဟု ဆိုရမည်။

(၃)

သူ ရောက်သွားသည့် အောင်ကျော်ဦးတို့ အိမ်က တကယ်ပဲ အနေခ်အဖွဲ့ ကင်းသည်။ စိတ်လွတ်ကိုယ်လွတ် နေချင်သော ကိုသျှပ် အတွက် ကွက်တိ ကျသွားသည်။

အိမ်အောက်ထပ်မှာက အောင်ကျော်ဦး၏ ဖခင် ဦးသိမ်းတင် နေသည်။ သူတို့ ယောကျ်ားလေး တစ်သိုက် အပေါ်ထပ်မှာ စုပြီး ဂီတတီး၊ သီချင်းတိုက် လွတ်လပ်နေကြသည်။ ထိုအခါ အရက်သောက်လည်း တားမြစ်ဆုံးမ ထိန်းကွပ်ပေးမည့်သူ မရှိ၊ ပြတင်း အပြင်ဘက် သွပ်မိုးပေါ်တွင် အရက်ပုလင်းလွတ်တွေက တန်းစီနေကြတော့သည်။ ချေးသား (ဟောင်ကောင်) ဟင်းချက် စားတာမျိုးတွေ လုပ်ချင်ရာ လုပ်ကြသည်။ တစ်ခါက ငုံးဥဟင်းနှင့် အရက် မြည်းကြရာ အဆိပ်တောက်၍လား မသိ၊ တုံးခနဲ ကိုသျှပ် လဲမှုးသည်။ ကံကောင်း ထောက်မစွာ ပြန်ကောင်းလာခဲ့သည်။

နဂိုကတည်းက ရေချိုး ပျင်းသူ ကိုသျှပ်အတွက်တော့ဖြင့် ရေမိုးချိုးဖို့ တိုက်တွန်းမည့်သူလည်း မရှိတော့ပြီ။ မှတ်မှတ်ရရ အောင်ကျော်ဦးတို့ အိမ်မှာ တစ်လလောက် နေသွားစဉ် ကာလတစ်လျှောက်လုံး ရေ တစ်ခါပဲ ချိုးသွားခဲ့သည်။

(၄)

အနေအထိုင်မှာ ဖြစ်ကတတ်ဆန်း နေချင်သလို နေခဲ့သော်လည်း ကိုသျှပ်သည် ဦးတည်ရာ ရည်ရွယ်ချက်တော့ မကင်းမဲ့။

အောင်ကျော်ဦးတို့ အိမ်မှာ အခြေပြုပြီး လိဒ်သမား အောင်အောင်၊ ရစ်သမ် သာထူး၊ ရေချမ်းတို့ကို ကိုသျှပ် နေစဉ်တကျ မောင်းခဲ့သည်။

လိဒ် အောင်အောင်ကား ခေသူမဟုတ်။ ပုသိမ်မြို့နယ် ဘင်ခရာ တီးဝိုင်းတွင်လည်း နည်းပြဆရာ လုပ်ခဲ့သည်။ အောင်အောင့် လက်ထဲမှာ ဘင်ခရာ နည်းပြသင်တန်း၌ ဆရာတွေအတွက် ပြဋ္ဌာန်းသော 'မျက်စိအကြား နားအမြင်' စာအုပ် ကိုသျှပ် တွေ့သွားသည်။

ရှားစား စိန်ဝေလျှံ၏ သား ဦးဟန်ဝင်း ရေးသားပြုစု ထားခဲ့သည့် အဆိုပါ စာအုပ်ကြောင့် ကိုသျှပ်၏ မျက်လုံးများ ပွင့်ကျယ် သွားခဲ့သည် ဆိုရမည်။ စာအုပ်ကို လက်က မချနိုင်အောင် ကိုးကွယ် ထားခဲ့သည်။ သူ့အပေါ်မှာ ကြီးစွာသော သြဇာလွှမ်းမိုးမှု ရှိသွားခဲ့သည့် စာအုပ် ဖြစ်လေသည်။

(၅)

'မျက်စိ အကြား၊ နား အမြင်' စာအုပ်ထဲက ပဲပင်ပေါက်ကလေးများသဖွယ် နိုင်ငံတကာ Pukka နုတ်စ်တွေကို ကိုသျှပ် ဖတ်နိုင်သည်။

မနက် မိုးလင်းချိန်မှ ညမိုးချုပ် အိပ်ချိန်အထိ စာအုပ်ထဲက နုတ်စ်တွေ၊ ကော်ဒ်တွေအတိုင်း တစ်သဝေမတိမ်း ရအောင် တစ်ဖွဲ့လုံးကို ကောင်းကောင်း မောင်းတော့သည်။ ဂီတာ တစ်လက်ချင်း တီးတော်ရာမှာ အထက်အောက် လက်တော်ချွဲပုံ Up and down stroke တွေကအစ သေသေချာချာ အသေးစိတ် သင်ပြ ပေးခဲ့သည်။

ထိုအချိန်မှာ သူတို့ တစ်ဖွဲ့လုံး ကိုသျှပ်ကို မော်ကြည့်ဖို့သူ မရှိခဲ့ကြချေ။ တစ်ဖွဲ့လုံးအပေါ် သူ၏ ဩဇာ ညောင်းသည်။ ကိုသျှပ်ကို သူတို့ လေးစား ခန့်ညားကြသည်။ ကိုသျှပ်သည် သူတို့၏ သူရဲကောင်း၊ သူတို့၏ နေရာသစ် ရှာပေးသူ၊ ဦးဆောင်သူ ဖြစ်၍ လာခဲ့သည်။

ကိုသျှပ်ကား အချင်းချင်းကြားမှာ ဆဲဖို့ တော့ ကေားပင် အပို မပြော။ ညေးကမ်း ရှိသည်။ အရက်သောက်လည်း ဘယ်လောက်သောက်သောက် မူးသည် မထင်ရ။ အကြောင်းမှာ ရေချိန် တက်ချိန်၌ ကေားတွေ ဆောင်လာတာမျိုး၊ ရစ်တာမျိုး မရှိ။ အရက် သောက်ရင်း ဂီတာ တီးကြတိုင်း အားလုံး မှောက်ကုန်ကြသည့်တိုင် သူကတော့ တစ်ယောက်တည်း။ မျက်မှန်ထူထူအောက်မှ တောက်ပသော မျက်လုံးများနှင့် နုတ်စ် စာရွက်တွေ တစ်ရွက်ချင်းလှန်၊ ဂီတာ ဆက်တီးပြီး ကျန်နေခဲ့ပြီ။

(၆)

ဒု ပေနှာပေ ခံနိုင်တာတော့ တကယ် အောချရလောက်သည်။

အိပ်တော့လည်း ဖြစ်သလို။ ခေါင်းအုံး မရှိလည်း အုတ်နီခဲကို သတင်းစာ ပတ်ပြီး အိပ်နိုင်သည်။ မနက်ကျလျှင်ဖြင့် နေမြင့်သည့်တိုင် မနိုးတတ်။

'ကိုသျှပ် ... ကိုသျှပ် ... ထ...ထ' ဆိုလျှင် အင်းအဲနှင့် 'ငါ့မျက်လုံးတွေကော . . .' ဟု အောက်ချ ထားသော မျက်မှန်ကို မေးရင်း စမ်းသည်။

ပြီးလျှင် နံနက်စာကို မတောင့်တ။ မနက်ခင်း ပက်လောက်တော့ အရင် တစ်ခွက် တစ်ဖလား နည်းနည်းလေး သောက်လိုက်သေးသည်။

ပြီးသည်နှင့် 'ဟောကောင် ပထန်။ မနေ့ကဟာ ပြန်တီးစမ်း' ဆိုပြီး ကော်များ ပြန်မောင်းတော့သည်။

ပွဲတစ်ပွဲ ဆိုပြီး ပြန်လာလည်း သူတို့ အဖွဲ့သားတွေ မနားရ။ နုတ်စ်တွေ အတိုင်း ဆက်ပြီး လေ့ကျင့်သည်။

'သီချင်းက အဓိက မဟုတ်ဘူး။ တကယ့် အခြေခံက နုတ်စ်ပဲ။ ဂီတပညာ တတ်မှပဲ သီချင်းကို လုပ်သင့်တယ်' ဟု ကိုသျှပ် အလေးအနက်ထား ပြောတတ်သည်။

(၇)

ထိုအချိန်မှာ ကိုသျှပ် စကား နည်းခြင်း၏ အကြောင်းရင်းတွင် အာရုံ စူးစိုက်စရာ ဂီတ ရှိနေ၍ ဖြစ်သည်။ သူ့စိတ်က တီးဖို့ စဉ်ထားသမျှ သီချင်းများအတွက် ကောဒ် ရှာမည်။ နုတ်စ် ထုတ်မည်။ အရိန့်ချ် လုပ်မည်။ ဂီတကိုပဲ စူးနစ် ထားခဲ့သည်။ သီချင်းအတွက် နုတ်စ် ရေးရာတွင် နိုင်ငံတကာ နုတ်စ်နှင့်သာ ရေးသည်။ ဘယ်သူ့ကိုမျှ အယုံအကြည် မရှိ၊ တစ်ယောက်တည်းဒိုင်ခံ တာဝန်ယူခဲ့သည်။

ကိုသျှပ်က ဂီတပိုင်းနှင့် ပတ်သက်ပြီး အားလုံး စီမံခန့်ခွဲခဲ့စဉ် မြင့်သန်းက သူတို့ Shore of Peace တီးဝိုင်း၏ မန်နေဂျာ။ ကျောင်းက စီစဉ် ထားရှိပြီး သူတို့ကို အပ်လာသမျှ ဖဲ့ဖဲလ်၊ ဖဲလ်ကမ်း၊ ဒင်နာပွဲတွေကို အကုန် လက်ခံ စီစဉ်သည်။ အောင်ကျော်ဦးက တီးဝိုင်းပစ္စည်း ကိရိယာတွေကို တာဝန်ယူ ဖြေရှင်း ပေးခဲ့လေသည်။

မေကျာ တီးဝိုင်း၏ တာဝန်ခံ ဆရာမက ဒေါ်စန်းစန်းကြူ။

ဆရာမ၏ အကျင့်က စကားပြောရင်း မထိတ်သာ မလန့်သာ တစ်ခုခုဆိုလျှင် သူ့ ရင်ညွန့်ကို လက်ကလေးနှင့် ထောက်ပြီး 'အမလေးရှင်၊ အမလေးဟယ်' လုပ်တတ်သည်။ တပည့်တွေအပေါ် နားလည်သလောက် သူတို့ တီးဝိုင်းအဖွဲ့ကိုလည်း သည်းခံခဲ့သူ ဖြစ်သည်။

(၈)

ကျောင်းပွဲ တစ်ခုခု ရှိ၍ သီချင်း ဆိုမည့် ကျောင်းသူ ကျောင်းသားများကို အသံ စစ်ပြီဆိုလျှင် ဆရာမ ဒေါ်စန်းစန်းကြူနှင့် ကိုသျှပ်တို့ အတူတူ ထိုင်ရွေးရသည်။

ဆရာမက ကိုသျှပ်ကိုပဲ အဆုံးအဖြတ် တာဝန် ပေးသည်။ စင်ပေါ် တက်ခွင့် ရဖို့ မရဖို့က ကိုသျှပ်၏ အဆုံးအဖြတ် သာလျှင် အဓိက ဖြစ်သည်။ အမေး ဆိုပြပြီးလျှင် ဆရာမက –

'သျှပ်ရေ၊ ဘယ်လိုလဲ၊ ကြိုက်လား' ဟု လှမ်းမေးသည်။

သူက မျက်မှန်ထူထူလေးကို အပေါ်သို့ အသာတွန်းတင်ပြီး တစ်ချက် မော့ကြည့်လိုက်လျှင် ပြီးပြီ။

ကျောင်းသူတွေက ထိုအချိန်မှာ ခေတ်စားနေသော ဖြူသီ သီချင်းတွေပဲ ရွေးဆိုကြတာများသည်။ တစ်ယောက် လာလည်း –

'လွမ်းဧရွှေ့ဝေဝေ၊ ချစ်သူစင်သူ တစ်ဦးမှာ ရုပ်သွင်မူရာ ဖုံညားနေ'

နောက်တစ်ယောက် လာလည်း 'လွမ်းဧရွှေ့ဝေဝေ၊ ချစ်သူစင်သူ တစ်ဦးမှာ...' ဖြစ်နေကြ၍ ကိုသျှပ်က 'ဆရာမ၊ ပထမနေ့စ်ကနေ ဗိုင်နယ်အထိ ဆိုမယ့် ကျောင်းသူ အားလုံး ဒီသီချင်း တစ်ပုဒ်နဲ့ စင်ပေါ် တစ်ပြိုင်တည်း တင်ပေးလိုက်ရင် ကောင်းမယ်။ ဒီသီချင်း တစ်ပုဒ်ကိုပဲ သူတို့ ဗိုင်းဆိုကြ။ ကျွန်တော်တို့လည်း တစ်ခါတည်းပဲ တီးပေးရတာပေါ့' ဟု မှတ်ချက်ချ၍ ဆရာမ လန့်ပြီး 'အမလေးဟယ်' ဖြစ်ရသည်။

သာထူးက ထိုအကြောင်း မသိ။ ကိုသျှပ် စိတ်တိုင်းကျမည့် ကီးနှင့် နုတ်စ်ဝင်အောင် ယောက်ျားလေးတွေကို တစ်ဖက်လှည့်နှင့် ကြိုတင် စီစဉ်၊ ဓာတ်တိုက်ပေးပြီးမှ ကိုသျှပ်တို့ အသံ စမ်းအေးရာဆီသို့ ပို့ပို့ပေးသည်။

တစ်ယောက်လာလည်း 'မိန်းကလေး။ လာပါကွာ၊ ဒီကောင်မလေး၊ နင်ဒီလို ငိုမနေပါနဲ့'

နောက် တစ်ယောက်လည်း 'လာပါကွာ၊ ဒီကောင်မလေး'

သို့ဖြင့် ကိုသျှပ်၏ လေအေးအေးနှင့် ဆူပူ ကြိမ်းမောင်းတာ ခံကြရပြန်သည်။

(၉)

တကယ်တော့ စူလိုင်၊ ဩဂုတ်၏ ဟိုမှာဘက်တွင် စာမေးပွဲက လက်တစ်ကမ်းမျှသာ ဝေးတော့သည်။

အောင်ကျော်ဦးတို့ တီးဝိုင်းသမား တစ်သိုက်ကား တစ်နှစ်လုံးလည်း အတန်းတက် မမှန်။ စာတွေက ခေါင်းထဲမှာ ကောင်းကောင်း မရှိ။ ဆရာ၊ ဆရာမတွေက စာမတတ်၍ ဆူ။ သို့သော် သူတို့ စိတ်မပူ။ သူတို့ စိတ်ကူးအာရုံ အထဲမှာ တစ်ခုပဲ ရှိသည်။ အားသွန်ခွန်စိုက် လုပ်နေကြတာ ရည်မှန်းချက် တစ်ခုပဲ ရှိမည်။ သူတို့၏ အိပ်မက်က တီးဝိုင်းလေး တစ်ဝိုင်းသာ ဖြစ်သည်။ စနစ်တကျ၊ လှလှပပ၊ သပ်သပ်ရပ်ရပ် တီးခတ်နေသော တီးဝိုင်းလေး။

သူတို့ အထဲမှာမှ ကိုသျှပ်က အနှုရာယ် အများဆုံး။ အပြင်ခြေ External ကျောင်းသား။ စာမေးပွဲ နှစ်ခါ ကျထားပြီးသား ဖြစ်၍ နောက်ထပ် တစ်ခါများ စာမေးပွဲ မအောင်လျှင် ကောလိပ် ပရိဂုဏ်ကို အပြီးအပိုင် စွန့်ခွာရတော့မည်။ သို့သော် သူ့ခေါင်းထဲမှာ စာမေးပွဲ မရှိ။ ဌာနက ခဏ ထုတ်ပေးထားသော only ကက်ဆက် အစုတ်ကလေး တစ်လုံး၊ ဂီတာ တစ်လက်တို့ကို မွေ့ပိုက်လျက် ကြွက်နီတို့ အိမ်၊ သာထူးတို့ အဆောင်၊ ဦးမြင့်တို့ လှမိုးတို့ အဆောင်တွေမှာ ကြွသလို လိုက်နေနေရင်း သီချင်းဂီတနှင့်သာ လုံးလုံးလျားလျား မွေ့လျော်နေတတ်သည်။

(၁၀)

ကိုသျှပ်က မနက် မိုးလင်းသည်နှင့် သီချင်း နားထောင်၊ နုတ်စ် ထုတ်။

သူ့ရည်မှန်းချက်က ကိုယ်ပိုင် တီးဝိုင်းလေး တစ်ခု ဖြစ်ဖြစ်မြောက်မြောက် ပေါ်လာစေချင်သည်။ ဒါကိုပဲ တစ်ချိန်လုံး စိတ်ကူး အိပ်မက် မက်နေခဲ့သည်။

'၁၉၈၇ ခုနှစ်ကျရင် ငါတို့ Band တစ်ခု ဝီဝီပြင်ပြင် ဖြစ်ရမယ်။ အဲဒီနှစ်ကျ ရွှေတိဂုံဘုရား တပေါင်းပွဲတော်မှာ ငါတို့ တက်တီးနိုင်ဖို့ လုပ်ကြမယ်' ဟု ကိုသျှပ်က သူ့ရည်မှန်းချက်ကို ဖွင့်ဟ ကြွေးကြော် နှီးဆော်ထားခဲ့သည်။

ထိုအချိန်မှာ နိုင်ငံသီအဆိုကျော် မောင်ဂျွန်က ဟသာ်တမှ လာတက်သော ပုသိမ် ကောလိပ် ကျောင်းသား။ LPJ တီးဝိုင်းနှင့် အခွေ ထွက်ထား ပြီးပြီ။ မောင်ဂျွန်တို့ ဟသာ်တသားတွေ၏ တီးဝိုင်းက

မျှော်ဆောင်မှာ တီးကြသည်။ Shore of Peace က ယုဇနဟောတယ် ခင်းနားမှာ တီးကြမည်။ သူတို့ ကျောင်းတွင်းပိုင်းလေးတွေက လူငယ်ပီပီ အပြိုင်အဆိုင်။

'မင်းတို့ မှတ်ထား။ အနုပညာမှာ များများကြီး လေ့ကျင့်ထားဖို့ လိုတယ်။ ချွေးထွက်များမှ သွေးထွက် နည်းမယ်' ဟု ကိုသျှပ်က ပြောတတ်သည်။

'ဟာဗျာ၊ ကိုသျှပ်ကလည်း တောက်တီးတောက်တဲ့။ ချွေးထွက် များမှ သွေးထွက် နည်းမယ်ပဲ ကြားဖူးပါတယ်' ဟု ဆိုလျှင် –

'မင်းတို့ နားမလည်သေးဘူး။ ဘာပဲပြောပြော အပြိုင်အဆိုင်ကတော့ ရှိတာပဲ။ သူတို့က စင်အောက်မှာ လာကြည့်ရင်း ဝေဖန်ကြမှာပဲ။ ငါတို့ အသားကျအောင် လေ့ကျင့် ထားတော့ စင်ပေါ်ကျရင် ငြိမ်နေမယ်။ ထူပြီး စိတ်တုန်လှုပ်စရာ မရှိဘူး။ တစ်မျိုး ပြောရင် ကြောက်သေး ပါစရာ မရှိတော့ဘူး။ အဲဒါကြောင့် ချွေးထွက် များရင် သွေးထွက်နည်းမယ် ပြောတာ၊ သဘောပေါက်လား' ဟု ဆိုသည်။

နောက်ပိုင်းတော့ သူတို့တစ်တွေ မောင်ကျွန်နှင့်လည်း စင်မင် သွားကြသည်။ LPJ နှင့် မတီးရသေးသော သီချင်းသစ်လေးတွေ သူတို့ အဖွဲ့ကို တီးပေးဖို့ပင် ဂဇာပြောသည်။

(၁၁)

ထိုစဉ်တုန်းက ကိုသျှပ်သည် သီချင်းစီးရီး ထုတ်ဖို့ စိတ်ကူး စိတ်သန်း ရှိသည်ဟူ၍ တစ်ကြိမ် တစ်ခါမျှ မပြောခဲ့စဖူး။ သီချင်းတွေတော့ သူ ရေးသည်။ သူ၏ အပြင်းပြဆုံး အာသီသက လက်တွေ့ဖို့သာ ဖြစ်သည်။ တီးဝိုင်း၏ ဂီတပိုင်းကို အကောင်းဆုံး အရှိန်နှ့ချ် လုပ်ဖို့သာ ဖြစ်သည်။

'မသပ်မရပ်တာတွေ လုပ်ဖို့အတွက် သပ်သပ်ရပ်ရပ် ကြိုတင် ပြင်ဆင် ထားရတယ်' ဟု ကိုသျှပ် အစဉ်တစိုက် ပြောခဲ့တာကို အောင်ကျော်ဦးတို့တစ်တွေ လက်ခံခဲ့ရသည်။

(၁၂)

ကိုသျှပ်၏ စိတ်ကူးအိပ်မက် ရည်မှန်းချက်က ရောင်းတမ်း တီးဝိုင်း၊ အငှားလိုက် တီးဝိုင်း ဆိုသော်လည်း 'ငုဝါ'၊ 'မြူနီစီပြာ' တို့လို ပုသိမ်ဒေသန္တရ တီးဝိုင်း အဆင့် မဟုတ်။ နိုင်ငံအနှံ့ လက်သင့်ခံနိုင်သည့် တီးဝိုင်းကြီးမျိုး ဖြစ်သည်။

အသက် ၁၉–၂၀ အရွယ် လူငယ်လေး ကိုသျှပ်၏ စိတ်က ဘုံဗျား ရောက်နေသော်လည်း သူတို့ လူတွေကတော့ ချုံကြားမှာပဲ ရှိသေးသည်။ လူ၊ ပစ္စည်း၊ အတတ်ပညာ အစစအရာရာ ချို့တဲ့နေသေးသည်။

'ငုဝါ'၊ 'မြူနီစီပြာ' တို့လို ရောင်းတမ်း တီးဝိုင်းကြီးတွေမှာ သူတို့ကိုယ်ပိုင် တူရိယာ၊ စက်ပစ္စည်းတွေ ကိုယ်စီကိုယ်င အစုံအလင် ရှိကြသော်လည်း ကိုသျှပ်တို့လို ကျောင်းတွင်း အပျော်တမ်း တီးဝိုင်း လေးတွေမှာတော့ဖြင့် စက်နှင့် ပစ္စည်း အားလုံး ငှားရမ်းပြီး တီးခတ်ရသည်။

ထိုအချိန်တုန်းက ပုသိမ်မြို့မှာ တီးဝိုင်းစက်တွေ ငှားရမ်းသော ဌာန တစ်ခု ရှိသည်။ ဦးမြသွင်စက်နှင့် ဦးကြီးမြင့် စက် ဖြစ်၏။

ဒီတစ်ခါ ဦးမြသွင်နှင့် အဆင်မပြေ ဦးကြီးမြင့်။ နောက်တစ်ခါ ဦးကြီးမြင့်နှင့် ထစ်ငေါ့ခဲ့သော ဦးမြသွင်။ ပြောင်းပြောင်းပြီး ငှားကြသည်။ နေရာ ပြောင်း၍သာ ငှားရသည်။ ဦးကြီးမြင့်နှင့် ဦးမြသွင်တို့ နေရာတွေက အေးချမ်း ကပ်ရက်သား။ ပိုင်ရှင်တွေကတော့ ဘယ်လို နေကြမည် မသိ။ သူတို့တစ်တွေကတော့ ရှုးချင် ယောင်ဆောင်ပြီး မျက်နှာပြောင်တိုက် ကိုယ် ငှားချင်ရာတက် ဝင်ငှားတတ်ကြသည်။ မျက်လုံးချင်း တည့်တည့် ဆုံမိကြတော့လည်း ပြုံးဖြီဖြီ လုပ်နေလိုက်ကြသည်သာ။

(၁၃)

ထိုနှစ် ပဲခွဲလယ်ပွဲတွင် ဦးမြသွင်၏ စက်များကို ငှားဖို့ ပစ္စည်း တာဝန်ခံ အောင်ကျော်ဦး ဆုံးဖြတ်လိုက်သည်။ ကိုချုပ်ကတော့ ချက်ဆို နားခွက်က မီးတောက်ပြီးသား။ 'ဒီကရင်၊ ဦးမြသွင်စက် ဘာလို့ ငှားလဲ ဆိုတာ ငါ သိတယ်' ဟု ဆိုသည်။

အောင်ကျော်ဦး (ကြွက်နီ) ကတော့ ထိုစကားကို မကြားချင် ဟန်ဆောင်ပြီး မျက်လုံးကလေး ပေကလပ် ပေကလပ် လုပ်နေလိုက်သည်။ ဦးမြသွင်၏ ဂီတာတွေက သိပ်ကြီး မကောင်းလှ။ ရှမ်းဆက်ကတော့ ကောင်းသည်။ အောင်ကျော်ဦးက ဒရမ်မာဆိုတော့ ဒရမ်ဆက် ပိုကောင်းသည့်ဘက် အသာလေး ပါအောင် ယက်လိုက်ခြင်း ဖြစ်သည်။ ဒါတင်မက သည်တစ်ချီမှာတော့ ဒရမ်ဆက် ကောင်းကောင်းတစ်စုံ မြောင်းမြကနေ ရအောင် ဆွဲပေးမည်ဟု ဦးမြသွင်က အောင်ကျော်ဦးအား တိုးတိုးတိတ်တိတ် လက်တို့ သတင်း ပေးထားပြီးနေပြီ။ အဲသည်တော့ ဦးမြသွင်တို့ စက်ကို ငှားဖို့ ကြွက်နီ ဆုံးဖြတ်လိုက်တာ ဘာမျှ မဆန်း။

ဦးမြသွင် အသစ် ဝယ်လိုက်သော Revert စက်က အဆိုအတွက်ကော၊ ဂီတာတွေအတွက်ပါ အသုံးတည့်တာကလည်း အကြောင်းပြချက်ကောင်း တစ်ခု ဖြစ်နေတော့သည်။

(၁၄)

ဘာပဲပြောပြော ဦးမြသွင်၏ ဂီတာတွေက ပြဿနာ ရှိသည်။ အဖွဲ့သားတွေ စိတ်တိုင်းမကျလျှင် ပူညံပွက်ညံ ဖြစ်လာနိုင်သည်။ စောဒကတွေ တက်ကြတော့မည်။ အောင်ကျော်ဦး (ကြွက်နီ) ဥာဏ်တွေ ထုတ်ရပြီ။ အဆက်အသွယ် အပေါင်းအသင်းတွေကို လှည့်ပတ် စဉ်းစားသည်။ ဟုတ်ပြီ။ လိဒ်ဂီတာကို မျိုးအောင်ဆီက ဆွဲလိုက်မည်။ မျိုးအောင်က ပုသိမ်နှင့် ၁၆ မိုင်ခန့် ဝေးသော ကန်ကြီးထောင့်မှာ နေသည့် သူငယ်ချင်း။ ဂီတာ အတီး ကျွင်ချင်၍ ကိုယ်ပိုင် ဆောလစ် ဂီတာ တစ်လက် ဝယ်ထားသူ။ သူ့ဂီတာက စင်ကာပူလုပ် ဂစ်ဘဆင်ပုံ အသစ်ကျပ်ချွတ်။ ဟုတ်ပြီ။ ပထန်အတွက် ရအောင် ဆွဲပေးမည်။

ကိုချုပ်အတွက် ဘေ့စ်ဂီတာပဲ ကျန်သည်။ စဉ်းစား၊ စဉ်းစားစမ်း။ ဘယ်က ရမလဲ။ ဘေ့စ်ဂီတာ ကောင်းကောင်း တစ်လက် ဘယ်က ရမလဲ။ ဟုတ်ပြီ။ ဓာဆင်မြူရယ် (စမ်းမြွယ်) မှာ ကိုယ်ပိုင်

ဘေ့စ်ဂီတာ တစ်လက် ရှိသည်ပဲ။ ပေါ်ပြူလာ ဦးမန်းချစ်ရွှေ၏ လက်ထွက်။ Pick up နှင့် ကြိုးတွေက Fender ။

ပုသိမ်မြို့ပေါ်မှာတော့ဖြင့် အကောင်းဆုံးသော ဘေ့စ်ဂီတာဟုပင် ဆိုရမည်။ ကိုသျှပ် လက်နှင့် စမ်းမြွယ်၏ ဘေ့စ် ဂီတာ။ မတွေ့တွေ့အောင် စက်ပစ္စည်း တာဝန်ခံ အောင်ကျော်ဦး စီစဉ်ရတော့မည်။

(၁၅)

ပွဲ နီးကပ် လာသည့် တစ်နေ့မှာ ဌာနမှူးက တီးဝိုင်းတာဝန်ခံ ဆရာမဒေါ်စန်းစန်းကြူ အပါအဝင် သူတို့ အဖွဲ့ကို ခေါ်တွေ့သည်။

'ကဲ ဆရာတို့ မကျွာ ဖဲဝဲလ်အတွက် မင်းတို့ တီးဝိုင်းက ကုန်ကျမယ့် စက်ပစ္စည်းတွေကို တင်ပြကြ။ ဆရာတို့ ဌာနက ခွင့်ပြုနိုင်တဲ့ ဘိုက်ဂျက်နဲ့ လောက်သလား ကြည့်ရမယ်' ဟု ဆိုသည်။

အပြင် ရောက်တော့ ဆရာမ မေးပြီ။

'ဟေ့ ... သျှပ်၊ မင်းအတွက် ဘေ့စ်ဂီတာ သပ်သပ်ငှားပေးဖို့ ကြွက်နီကို ပြောထားတယ်ဆို၊ အဲဒါ ဘယ်လောက် ကျမလဲ'

'ဒီကောင် ပြောတာ သုံးရာလောက် ကျမယ်တဲ့၊ ဆရာမ'

'အမလေး . . . သျှပ်ရယ်'

ဆရာမက သူ့ရင်ဘတ် သူ လက်နှင့် ထောက်နေပြီ။ ထိုခေတ် ထိုအခါက ကျပ်သုံးရာ ဆိုတာ မနည်းမနောကြီး။

'ဟယ် . . . သျှပ်ရယ်၊ ဦးမြသွင် ဂီတာနဲ့ပဲ တီးလို့ကော မရဘူးလား'

'ရတော့ ရပါတယ် ဆရာမ။ ကျွန်တော်တို့က ပိုကောင်းချင်လို့ ဂီတာ ကောင်းကောင်းနဲ့ စီစဉ် ရတာပါ'

ကိုသျှပ်က လေအေးအေးနှင့် ပြောသည်။ သို့သော် တစ်စက်မျှ လျှော့မည့်ပုံ မရှိသဖြင့် ဆရာမက အောင်ကျော်ဦးဘက် လှည့်လာသည်။

'မောင်ကြွက်နီ၊ ဆရာမ ပြောမယ်၊ ဂီတာခိုးကို နည်းနည်း လျှော့ရင် ကောင်းမယ်'

ဟုတ်ကဲ့။ အောင်ကျော်ဦးကလည်း အစွမ်းကုန် ညှိနှိုင်း ပေးဖို့ ဆုံးဖြတ် ပြီးပါပြီ။ ဌာနက ခွင့်ပြုနိုင်သော ငွေပမာဏကလည်း အကန့်အသတ် ရှိနေသည်။ ကိုသျှပ်ကလည်း ဒီဂီတာမှ ဒီဂီတာ။ မရလျှင် လုံးဝ မဖြစ်သည့် အမျိုး။

အောင်ကျော်ဦးကတော့ ရှာမျှားပြီ။

ဘာပဲဖြစ်ဖြစ် စမ်းမြွယ်ဆီသို့ အပြေးသွားကာ ရင်ဘတ်စည်တီး အမျိုးမျိုး လှည့်ပတ်မွှဲ့နှဲ့ ပြောရဦးတော့မည်။ တစ်ကြိမ်နှင့် မရလျှင် အကြိမ်ကြိမ် သွားမည်။ တွေ့တိုင်း အပူကပ်ပြီး ပြောမည်။ နောက်ဆုံးမှာ အသနား လွှန်သွားပြီး အလကားပဲ ဖြစ်ဖြစ် မရရအောင်အောင် တောင်းပန်ရတော့မည်။

(၁၆)

နောက်ဆုံးတော့ စမ်းမြယ်နှင့် ညီနှိုင်းပြောဆို အဆင်ပြေ သွားသည်။

အဲသည်လို သဘော တူညီမှု ရထားပြီးသော်ငြားလည်း တစ်ဘက်မှ ကိုချုပ်က တယူယူတစာစာ။ အင်မတန် စကား နည်းခဲ့ရာမှ ယခုတော့ဖြင့် ဘော့စ်ဂီတာ အတွက် စကားလုံးတွေ သွန်ချသည်။

တကယ်ဆို မျိုးအောင်၏ လိဒ်ဂီတာလည်း ပွဲနေ့ကျမှပဲ ယူရမည်။ ဒရမ်ဆက်လည်း ထိုနေ့ မနက်ကျမှ မြောင်းမြက ရောက်လာမည် ဖြစ်သည်။ ဒီကြားထဲမှာ ရီဟာဆယ်ကိုတော့ ရှိတာတွေနဲ့ပဲ ထိန်းပြီး တီးထားရမည်။ သို့သော် ကိုချုပ်က တားမနိုင်၊ ဆီးမရ။ စက်တွေ ပြင်ဆင်ပြီး သီချင်း စတိုက်မည် အပြုမှာ ငြိုလ်ကျပြီ။

'ဟောကောင် ကြွက်။ မင်း ပြောထားတဲ့ စမ်းမြယ် ဂီတာကော'

'ပွဲနေ့ကျ ရမယ်လေဗျာ'

'ဟာကွာ၊ မဟုတ်သေးဘူးလေ။ ငါ အခုကတည်းက အဲဒီ ဂီတာနဲ့ တီးကြည့်ထားချင်တာကွ။ ဒါမှ သူ့ဂီတာရဲ့ အထာကို သိရမှာပေါ့'

ထိုသို့ ကျိတိုက်တော့သည်။

'ကိုချုပ်'

အောင်ကျော်ဦးက မေတ္တာရပ်ခံဖို့ ကြိုးစားသည်။ ချစ်ရိုသေရသော ကိုချုပ်ကို သူ လွန်ဆန်ဖို့ အခက် တွေ့နေဆဲ။ ဆရာမ ဒေါ်စန်းစန်းကြူကလည်း ဝင်တဲ့၍–

'အေးလေ၊ မောင်ကြွက်နီရယ်။ ချုပ် ပြောတာ ဟုတ်တာပဲ။ မင်းပဲ ယူပေးမယ်ဆို'

ထိုအချိန်မှာတော့ အောင်ကျော်ဦး ဘာမျှ မတတ်နိုင်တော့ပြီ။ အားလုံးကို လက်မြှောက် အရှုံး ပေးရပြီ။ ရေချမ်းကို လက်တို့ပြီး နှစ်ယောက်သား စက်ဘီးနှင့် ထပြေးရတော့သည်။

(၁၇)

စမ်းမြယ်ကို မတွေ့ တွေ့အောင်ရှာ။ မရ ရအောင် ရှင်းပြ တောင်းပန် ပြောဆိုလိုက်တော့ ဘော့စ်ဂီတာ ရလာသည်။

ဝါဆို ဝါခေါင်ကာလ။ မိုးက စိတ်မရှုရ။ အရွန်းအရှုလည်း ခံ၍ မဖြစ်။ သို့ဖြစ်၍ ဘော့စ်ဂီတာကြီးကို ကာရင်ပုဆိုး တစ်ထည်နှင့် ပတ်ပြီး သယ်လာခဲ့ရတော့သည်။

'ရောဗျာ၊ ကိုချုပ်'

ဘော့စ်ဂီတာကို လက်ထဲ အပ်လိုက်သော အခါကျမှ တီးဝိုင်း တိုက်ဖို့၊ ကိစ္စ၊ ဘာဆိုဘာမျှ မလုပ်သေးဘဲ ငုတ်တုတ်ကလေး ထိုင်စောင့်နေခဲ့သည့် ကိုချုပ်က သူ၏ မျက်မှန်ထူထူလေးကို တစ်ချက် ပင့်ကာ–

'ဆရာမ၊ ကျွန်တော်တို့ စလို့ ရပါပြီ' ဟု လှပ်တော့သည်။

(၁၈)

ဇူလိုင်လ၏ နေ့တစ်နေ့။

ဓာတုဗေဒဌာန၊ မျောဓဲဝဲလ်အတွက် တစ်နေကုန်သီချင်းတိုက်အပြီး၊ သူတို့သူငယ်ချင်းတစ်စု ဦးပြူး (မိုးပြာ) ဆိုင်တွင် စကားဝိုင်းဖွဲ့ပြောဆိုနေကြရာမှ အောင်ကျော်ဦး (ကြွက်နီ) က–

'သာထူးရေ၊ တို့ ဒီည Serenade လုပ်ရအောင်ကွာ' ဟု မသိမသာ စကားစလိုက်သည်။

'ခွေးသား၊ သီတာဂူမှာ ဆိုချင်တာ မဟုတ်လား'

အကြောင်းသိ သာထူးက အတပ် ပြောလိုက်သည်။ သီတာဂူသည် အဆောင် မရှိသော နယ်က ကျောင်းသူတွေကို လက်ခံ ပေးထားသည့် အပြင်ဆောင်ကလေး။ အောင်ကျော်ဦး စိတ်ဝင်စားနေသော ကောလိပ်ကျောင်းသူကလေးက သီတာဂူဆောင်မှာ နေသည်။

'အေးပါကွာ။ ညနေကတည်းက မင်း နေရာ ဦးထားပေး'

အောင်ကျော်ဦးက ဘာဆိုဘာမျှ မသိသလိုမျိုး မျက်တောင်ကလေး တစ်ချက် နှစ်ချက် ပုတ်ခတ် ပုတ်ခတ်နှင့် နေရာဦးထားဖို့ ပြောရင်း အတည်ပြုပေးလိုက်သည်။

ထိုစဉ်တုန်းက ကိုသျှပ်သည် သီတာဂူဆောင် နံဘေးနားက သီတာဦးဆောင်မှာ တစ်လှည့်၊ ဓမ္မာရာဆောင်မှာ တစ်လှည့်။ သူ့မိတ်ဆွေ အပေါင်းအသင်းများနှင့် ကြုံသလို နေနေခဲ့သည်။ ကိုသျှပ်က–

'ဟောကောင် ကရင်။ မင်းရယ်။ ပထန်ရယ်။ ရေချမ်းရယ် လာမယ်ပေါ့'

'ဟုတ်တယ်၊ ကိုသျှပ်။ မြင့်သန်းက ပုန်းညက်မြိုင်မှာ တင်နေတာ' ဟု အောင်ကျော်ဦးက အားတက်သရော ဖြေလိုက်သည်။ ကိုသျှပ် ပါလာလျှင်တော့ ပွဲမြိုင်ပြီ ဖြစ်သည်။

'အေး ဟုတ်ပြီလေ။ ပထန်၊ မင်း နုတ်စ်တွေ အားလုံး ယူခဲ့။ ဘုတ်ထောင်ဖို့ ကတ်ပါ ယူခဲ့။ ဖယောင်းတိုင်လည်း မမေ့စေနဲ့'

(၁၉)

ဤသို့ဖြင့် သူတို့တစ်တွေ ညချမ်းချိန်ခါ တေးသံသာဖို့ သီတာဂူဆောင်ကို တပျော်တပါးကြီး ချီတက်ခဲ့ကြသည်။

သူတို့ ရောက်သွားတော့ သာထူး ရောက်နှင့် နေပြီ။ သီတာဂူဆောင် ရှေ့နားလေးမှာ ဖျာစုတ် တစ်ချပ်နှင့် နေရာ ဦးထားပြီးခဲ့ပြီ။ သူတို့ အုပ်စုထဲက တစ်လုံးတည်းသော ဂစ်တာအသစ် ဖြစ်သည့် 'ဂစ်တာ မြို့တော်' နှင့် သီချင်း ဟဲနေပြီ။

*'တေးတစ်ပုဒ်သာ ...ချစ်တဲ့ သူ့ရဲ့ အနားမှာ နေလိုက်ချင် ....။ လည်တိုင်မှာ ..ဝတ်ဆင်ထားတဲ့ ဆွဲကြိုးလေး ..ဖြစ်ချင်။ ချစ်တဲ့သူ ...မင်း ကြည်နူးရင် ...ပြောပြမယ် နားဆင် ....။ မင်း ရင်ထဲ အသည်းထဲက ....နှလုံး သားလေး ....ဖြစ်ချင် ...'*

*'သံသာသာ တေးလေးတွေကို ...မင်း နားဆင်ရင် အမြဲပင် . . .။ တော်ရှစ်ဒါ ခနီးမ... အလယ်က ပြတင်းပေါက်လေး ...မြစ်ချင်း ချစ်တဲ့သူ ...မင်း ကြည်ဖြူရင် ...ပြော ပြပါမယ် ...နားဆင်။ မင်း ငွေစားတဲ့ (...) လေး .... မြစ်ချင်...'*

ထိုနေရာ အရောက်မှာ သကြားလုံးလေးဟု ဆိုရမည်အစား ဈေးတုံးလေးဟု သာထူးက ဆိုထည့်လိုက်ရာ သီတာရှ တစ်ဆောင်လုံး ဝါးခနဲ ပွဲကျ သွားတော့သည်။

(၂၀)

ထိုအချိန်မှာပင် ကိုသျှပ် ဆိုက်ဆိုက်မြိုက်မြိုက် ရောက်လာသည်။

'ဟော့ကောင် သာထူး။ အဲဒီ သီချင်း ပြန်ဆိုမယ်'

သာထူးက ရုတ်တရက် ဘာပြောရမှန်းပင် မသိ။ ကြောင်အမ်းအမ်း ဖြစ်သွားရသည်။

'ဗျာ . . . ကိုသျှပ်'

'အေး ဟုတ်တယ်။ ပြန်ဆိုကြမယ်။ မင်းက soprano ဆို။ ကရင်က tenor နဲ့ ငါက Alto ဆိုမယ်။ ပထေန် မင်းက Bass နော်။ အေး . . . ဒီက နုတ်စ်တွေအတိုင်း မလွဲစေနဲ့' ဆိုပြီး သီဆိုရမည့် နုတ်စ်များကို ချပေးလိုက်ပါတော့သည်။

(၂၁)

ဟာမိုနီတွေ စီခြေနေဆဲ ကြားကာလမှာ အတန်ကြာမျှ အသံတိတ်နေသောကြောင့် သီတာရှ တစ်ဆောင်လုံးက ကျောင်းသူတွေ နားတစွင့်စွင့်။ ပြတင်းပေါက်က ပြူတစ်ပြူတစ်။ ဘာတွေများ ဖြစ်နေကြသလဲဟု စူးစမ်းစပ်စုကြသည်။

ကိုသျှပ်ကတော့ ဘာဆိုဘာမျှ ဂရုမစိုက်။ သီတာရှဆောင်ကို ယခုညမှာ သူ လာတာက သီချင်းဆိုဖို့ မဟုတ်။ ပထေန်ကို နေ့လည်း နေ့အလျောက်၊ ညလည်း ညအလိုက်၊ ဂီတာ ဆက်သင်ပေးပြီး တစ်ဖွဲ့လုံးကို မောင်းဖို့သာ ဖြစ်သည်။

တကယ်တော့ဖြင့် သူတို့ အဖွဲ့သားတွေ တစ်နေ့ကုန် တစ်နေ့ခန်း သီချင်း တိုက်ခဲ့ပြီးပြီ။ သီချင်းတိုက်တာမှ ရိုးရိုးမဟုတ်။ ကိုသျှပ်က အတိအကျမှ မရလျှင် လက်သင့်မခံသူပီပီ နုတ်စ်တွေအတိုင်း မတူတူအောင် တီးခဲ့ရသည်။

သို့သော် ကိုသျှပ်နှင့်ကဖြင့် ယခုလို မိန်းကလေး အဆောင် ရှေ့မှာ ညချမ်းချိန်ခါ တေးသံသာရှိုကိုပင် လွှတ်လပ်ခွင့် မရ။

'ကိုင်း . . . ပြန်စမယ်'

ကိုသျှပ်၏ အမိန့်သံ အောက်မှာ လေးယောက်သံပြိုင် တီးဝိုင်း စတော့သည်။ ဟာမိုနီ အသံလေးသံကို နုတ်စ်အတိုင်း ထပ်တူ မကျမချင်း ပြန်ဆိုရသည်။

'ချစ်တဲ့သူ မင်း . . . ကြည်ဖြူရင် ပြောပြပါမယ်၊ နားဆင်'

(၂၂)

သာထူး သီချင်း ဆိုပြီးသွားသောအခါ

'ဟောကောင် မြင့်သန်း။ ကိုင်ဇာ ဟိုသီချင်း ဆိုစမ်း' ဟု လှမ်းပြန်သည်။

သီချင်းက တေးရေးစာဆို ဓောဘွဲ့မျိုး ရေးဖွဲ့သည့် 'အိမ်အပြန် ကျောင်းအဆင်းမှာ သီချင်းလေး . . ဆို' Banana Boats song ဖြစ်သည်။ ထိုသီချင်း အဆိုပိုဒ်ကိုလည်း ဟာမိုနီ မကျမချင်း အကြိမ်ကြိမ် ဆိုစေပြန်သည်။

'ကရင် မင်းက ငါ့ အသံဘက် လာမရောနဲ့ကွ။ ဟိုကောင် ပထန်၊ မင်းက ဘေ့စ် ဆိုရမှာ။ တန်နာသံ မပါစေနဲ့။ ကဲ ဟုတ်ပြီ။ တစ်ခေါက် ပြန်စကြမယ်'

(၂၃)

ဆိုရလျှင် ယခုလို ကွိုင်ယာ Choir ဆိုတာ အောင်ကျော်ဦးအတွက် ဘာမျှ မထူးဆန်း။ သူ၏ မိခင် ဒေါ်မာစီက ခရစ်ယာန် ဘာသာဝင် ဖြစ်သည်။ ငယ်စဉ် ကလေးဘဝကတည်းက ဘုရားရှိခိုးကျောင်း ဓမ္မတေးသီချင်း သီဆိုရာမှာ နားယဉ်ပါးပြီးသား။ အထိအတွေ့ ရှိပြီးသား။

ထို့အပြင် သူ ကိုယ်တိုင်က ဘိုကနောင် ရပ်ကွက်သား။ ကရင် တိုင်းရင်းသားတွေနှင့်ရည်း ဖွဲ့စည်း ထားခဲ့သည့် 'မဟူရာ' အဖျော်တမ်းတီးဝိုင်းမှာ ဒရမ် တီးခတ်နေသူ။ သူတို့ 'မဟူရာ' အတွက် ဟာမိုနီက အခက်အခဲ မရှိ။ အထူးအဆန်း မဟုတ်။ အမိုး၊ ဒေါ်ချယ်ရီ၊ မနီး၊ ကိုပိုက်၊ ကိုဇရယ်ဒီ၊ ပိုးပိုး၊ အားကိုးတို့က ဟာမိုနီ လိုက်ပေးနေကျ။

ထို့သို့ လက်ပွန်းတတီး နီးစပ်နေသော်လည်း ဟာမိုနီ ဘာသာရပ်ကို သူ မတတ်ကျွမ်း။ သီးခြား လေ့လာ လိုက်စား ထားရကောင်းမှန်း သတိမပြုမိ။

ဒီညတော့ဖြင့် သူ ခံရပြီ။

မှန် ဗမာ ကပြား ကိုသျှပ်က ဟာမိုနီမှာ သူဆရာ လုပ်နေခဲ့ချေပြီ။ သည်လိုနှင့် ကိုသျှပ် တစ်ယောက် ဟာမိုနီကို ကျကျနန ဆည်းပူးနေပြီ ဆိုတာကိုလည်း သိလိုက်ရသည်။ အောင်ကျော်ဦး စိတ်ထဲ နည်းနည်း မခံချင်သော်လည်း မနာလိုရုံမှအပ ဘာမျှ မတတ်နိုင်။

(၂၄)

သီတာဝ အဆောင်သူတွေလည်း ထိုညတုန်းက အကြီးအကျယ် သည်းခံ နားဆင်ခဲ့ရသည်။

အမျိုးသမီး အဆောင် ရှေ့ကို ကောင်လေး တစ်သိုက် လာပြီး ဂီတာတွေနှင့် တေးချင်း ဖွဲ့ဆိုကြမှာကို တိတ်တဆိတ် အသာလေး နားအရသာ ခံချင်ကြတာ။ အခုတော့ဖြင့် လုပ်လိုက်ပုံက တစ်မြားစီ။ ဝါဆို

ဖယောင်းတိုင်တွေ ထွန်းပြီး နတ်စင်တင်းတွေ ထောင်ကာ နတ်စ် မကိုက် ကိုက်အောင် အကြိမ်ကြိမ် အထပ်ထပ် သီချင်း တိုက်နေကြသည့် အဖွဲ့နှင့်မှ လာတိုး ရချေသည်။

ကိုသျှပ် အစီအစဉ်ဖြင့် သီချင်း လေ့ကျင့်နေကြရင်း ကြားဖြတ်ထဲမှာ ရေချမ်းတို့၊ ပထန်းကြီးတို့က ဆိုလို သီချင်းလေးတွေ တစ်ပုဒ်စီလောက် ဝင်ဖျော်ဖြေ ပေးလိုက်၍သာ တော်တော့သည်။ ဘာပဲဖြစ်ဖြစ် အဆောင်နေ သူငယ်ချင်း မိန်းကလေးတွေ အတွက်က အတင်းအဖျင်း ပြောစရာ၊ မချင့်မရဲနှင့် ရယ်စရာ ဖြစ်ကြသလို အံ့သြဘနန်း ဖြစ်ကြသည်။ ပြောစမှတ်ကြီး တွင်ကျန်ရစ်ခဲ့သည်။

အချို့ကတော့ဖြင့် စားစရာလေးတွေ နိုးပေးပို့ရင်း အားပေးကြပါသေးသည်။

(၂၅)

သီတာရှ အဆောင် ရှေ့မှာ သူတို့၏ ဆင်ဖိုနီဝိုင်းလေး ခွေ့ အားလပ်ချိန် ပေးထားသော အနိုက်အတန့် တစ်ချက်မှာ အောင်ကျော်ဦးက ကိုသျှပ် အနီးနား အသာ ကပ်ပြီး–

'ကိုသျှပ်၊ ယုဇနဆောင် ဒင်နာကျရင် အဖွင့်ကို အဆောင်သူတွေရဲ့ ကျိုင်းယာနဲ့ ဖွင့်ချင်တယ်လို့ ဆရာမ ဒေါ်နော်မာအေးက ပြောနေတယ်။ ဟို . . . ရေဒီယို သီချင်းတစ်ပုဒ် ရှိတယ်လေ။ သာယာသော ညနေခင်း ချိန်ခါ . . . သာယာသော ညနေခင်းချိန်မှာ . . . ညှင်းလေပြေ ဆော့မြူကာ . . .။ အဲဒီ မယ်လိုဒီကို အဆောင်နဲ့ လိုက်မယ့် စာသား သွင်းပေးပါတဲ့'

ကိုသျှပ် အတန်ငယ် တွေသွားသည်။ နည်းနည်း စဉ်းစားပြီး ဓော နေတော့မှ–

'အဲဒီလိုတော့ ရှိပြီးသားကြီး အပေါ်မှာ ငါ မရေးချင်ဘူးကွာ။ ရေးမယ်ဆိုလည်း အသစ် တစ်ပုဒ် ရေးပေးမယ်' ဟု ဆိုသည်။ အောင်ကျော်ဦး ထခုန်ချင်မတတ် ဝမ်းသာသွားသည်။ သူ လိုချင်တာကလည်း ဒါပဲလေ။

(၂၆)

ထိုညက သူတို့၏ သီတာရှုဆောင် ညချမ်းချိန်ခါ တေးသံသာ ဝိုင်းကို သိမ်းအပြီး အားလုံး လူစုခွဲ၍ အသီးသီး အသသက အသသက ပြန်ကုန်ကြပြီ။

ကိုသျှပ်၊ အောင်ကျော်ဦးနှင့် သာထူးတို့ သုံးယောက်သာ သီဟဆောင် လမ်းကွေ့က ကံကော် တောအုပ်ထဲမှာ ထိုင်ရင်း ကျန်နေခဲ့ကြသည်။ တချွေ ခြောက်သည်ဟု နာမည်ကြီးလှသော ကံကော် တောအုပ်။

သာထူးက မယာန်နိုင်တော့သည့် အဆုံး ခင်းထားသည့် ဖျာပေါ်မှာ အိပ်ပျော် သွားခဲ့သည်။ အောင်ကျော်ဦးနှင့် ကိုသျှပ်တို့သာ ညကို အဖော်ပြုရင်း ကျန်ရစ်ကြတော့သည်။

'ကိုသျှပ်'

အောင်ကျော်ဦးက ထိုသို့ စကား အစ။ တစ်ခုခု ပူဆာတော့မည်ဆိုတာ ကြိုတင် သိနှင့်နေသလိုမျိုး ကိုသျှပ်က ငုံ့စောင်းကြည့်သည်။

'ကျွန်တော့်ကို "Dust in the wind" တီးတာလေး တက်ပေးပါလားဗျာ' ဟု မရဲတရဲ ဆိုမိသည်။

'မင်းက ဒရမ်သမားပဲကွ'

'မဟုတ်ဘူးဗျာ။ အဲဒီ သီချင်းကို ကျွန်တော် ဆိုတတ်ချင်တယ်။ ကျော်ဟိန်း ဆိုထားတာလည်း ရှိတယ်လေ။ အမေ့ရင်မှာ ကြီးပြင်းခဲ့ရို့ သားလေး တစ်ယောက်ကို ဖန်ဆင်းထား . . .'

ထိုစာသားကို ရွတ်ပြရင်း အောင်ကျော်ဦး၏ အသံက မသိမသာလေး တုန်ရီ လှုပ်ခါ သွားခဲ့သည်။

(၂၇)

ကိုသျှပ်က အောင်ကျော်ဦး၏ စိတ်ကို ချက်ချင်း ဖတ်၍ ရသွားသည်။ ခံစားချက်ချင်း ကူးစက် ကြည့်၍ ရခဲ့သည်။

အောင်ကျော်ဦးမှာ အမေ ဆုံးထားတာ တစ်နှစ်ပင် မပြည့်သေး။ သူ ကိုယ်တိုင်ကကော။ အမေ့ ရင်ခွင်က ခြေဖြားမြေဖြား မော်လမြိုင်မှာ။ သူကသာ ခြေကန်ပြီး ခေါင်းမာစွာနှင့် ပုသိမ်မှာ ကျန်နေခဲ့တာ။ အမေ ပေးသည့် သားတစ်ယောက်ပါပဲ။

'အေး၊ ငါ ပြပေးမယ်'

ထိုသို့ လိုက်လိုက်လှဲလှဲ ဆိုပြီး ဆရာစား မထား။ မခြွင်းမချန် ကော့ဒ်ကွန်စထရပ်ရှင်း ဆိုတာ ဘယ်လို၊ Tonic, Major 3rd, Perfect 5th အစရှိသဖြင့် စနစ်တကျ ပီပီပြင်ပြင် သင်ပေးခဲ့သည်။

ထိုတစ်ညၡ၏ သင်ခန်းစာနှင့်ပင် အောင်ကျော်ဦးလည်း "Dust in the wind" သီချင်းကို ယနေ့အထိ အလွတ် တီးတက် သွားခဲ့ပါတော့သည်။

(၂၈)

၁၉၈၃ ခုနှစ်။ ဇူလိုင်လ ၂၇ ရက်။

ယုဇနကောလိပ် ခင်းနှာ။ ကန်သာယာ ခန်းမကြီးထဲမှာ သူတို့ တီးဝိုင်းက စင်မြင့်ပေါ်တွင် အဆင်သင့် ဖြစ်နေကြပြီ။ အဖွင့် တီးလုံး သွေးပူလည်း တီးပြ ပြီးကြပြီ။ ငြိမ်သက်နေသည့် တဒင်္ဂ အပြီးတွင် အဆောင် ကျောင်းသူများ ကိုယ်စား တေ့ဇ္ဇနစ် ကျောင်းသူ၊ အစ်မကြီး မမြတ်မွန် (နောင် ဓာတုဗေဒဌာန၊ ရန်ကုန်တက္ကသိုလ်) က အစမ်းအနားမှူး အဖြစ်နှင့်–

'ကျွန်မတို့ ယုဇနဆောင်ရဲ့ နှုတ်ဆက်ညစာ စားပွဲမှာ တက်ရောက် ချီးမြှင့်ကြတဲ့ ဆရာကြီး၊ ဆရာမကြီးများနှင့်တကွ ဖိတ်ကြား ထားတဲ့ အထူး ဧည့်သည်တော်ကြီးများ သူငယ်ချင်းများကို ယုဇန အဆောင်သူလေးများက နှုတ်ဆက်သီချင်းနဲ့ ပထမဆုံး စတင် သီဆို ဖျော်ဖြေပါ့မယ်ရှင်။ အဲဒီ 'နှုတ်ဆက်ပါတယ်' ဆိုတဲ့ သီချင်းလေးကို Shore of Peace တီးဝိုင်းမှာ ဘေ့စ်ဂစ်တာ တီးပြီး၊ အရိန်းချိမင့် လုပ်ပေးတဲ့

ဒုတိယနှစ် သိပ္ပံဓါတုကျောင်းသား သျှပ်မှူးကျော်က ရေးဖွဲ့ပေးထားတာ ဖြစ်ပါတယ်ရှင်' ဟု ကြေညာ ပေးလိုက်သည်။

(၂၉)

အစွမ်းကုန် ဖြီးလိမ်း ခြယ်သထားသော ယုဇန အဆောင်သူလေးများ စင်ပေါ်မှာ စီစီရီရီ နေရာယူခဲ့ကြပြီ။ မီးရောင်အောက်မှာ အားလုံးပဲ လှပနေကြသည်။ ဂီတနှင့်အတူ ချိုလွင်နုပျိုသော အသံလေးများနှင့်–

*'နှုတ်ဆက်ပါတယ် မိတ်ဆွေတို့…။ ဝေါင်းဝေါင်း သံလည်း .. တီတီမြည်မိ၊*

*နှုတ်ဆက်ပါတယ် ချစ်ဆွေတို့ ..ယုဇန ရင်ခွင် ချစ်တဲ့ သူတွေမို့၊*

*ကန်ရေပြာလည်း မျက်ရည်မို့…။ မောစေ သာစေ ကောင်းဆုတွေပါမို့'* ဟု တောင် လိုက်ကြသည်။

*'မြန်ဆုံမှိုင်ရီရှာ ရင်မှာ တောင်းဆု မြှုလျက်သာ၊*

*ကြေကြည်ချမ်းမြကြည်လင် လန်းစေရှာ…။*

*နောင်တစ်ချိန် မြန်တွေ့ရင် ဝေါ်ပါ ပြောဦး . . . နှုတ်ဆက်ဦးမလား၊*

*ပျော်ရွှင်စရာ အချိန်တွေကို…ကိုယ် မမေ့ပါ'*

အဆိုပါ စုလိုင် အနှောင်းပိုင်း ညတုန်းက မိုးတွေ သည်းလှသည်။

ဪ . . .။

'ပျော်ရွှင်စရာ အချိန်တွေကို ကိုယ် မမေ့ပါ'

ပုသိမ်ကောလိပ်၊ ယုဇနအဆောင်နှင့် ပတ်သက်ခဲ့သည့် ထိုသီချင်းသည် ယခုအချိန်ထိ ကောင်းနေဆဲ။ ယခုအချိန်ထိ သက်ဆိုင်သူတို့ ရင်ထဲမှာ ရှိနေဆဲ။ တေးဂီတနှင့် ထုံမွှမ်း ထားခဲ့သည့် မမေ့နိုင်စရာ ကောလိပ် ညတစ်ည၏ သီချင်း တစ်ပုဒ်။

(၃၀)

တီးဝိုင်း စင်ပေါ် တက်ချိန်မှာ အဖွင့် မိတ်ဆက် သွေးပူ သဘောမျိုး တီးခတ်ဖို့အတွက် Instrumental တစ်ပုဒ်လည်း ကိုသျှပ် လုပ်ထားခဲ့သည်။ အဆိုပါ Roman Guitar တီးလုံးကို ယခုအချိန်ထိ ပုသိမ်မြို့မှာ တီးနေကြဆဲ ဖြစ်သည်။ ဒါကို မတီးလိုက်ရလျှင် ဝိုင်းက လမိုင်း မကပ်ဟု ယူဆကြသည်။



'နှာရိုးပေါ်မျက်ရည်စက်များ'၊ 'မှော်ဆရာအိမ်မက်' ၊ ' မမေ့နိုင်သောငယ်အိပ်မက်များ' စသည့် ပန်းချီကားများ၊ မြကျေးစသော မျက်နှာဖုံးနှင့် အတွင်းသရုပ်ဖော်ရေးခဲ့သူ ပန်းချီဩဘာင်မင်း (ယခု Magic Art Gallery)' နှင့် သူငယ်ချင်းသျှပ်ဖျူးကျော်တို့ ပုသိမ်ကောလိပ် ပင်မဆောင်တွင် အမှတ်တရ၊



ပုသိမ်ဒေသကောလိပ်ဝိုင်းတော်သားများ (ဝဲမှယာ) ကျော်မြင့်လွင် (ဘေ့စ်)၊ဇော်ဝင်းနိုင် (ဒရမ်) ၊ ပန်းချီအောင်မင်း (ဩဘာင်မင်း) ၊ ရွှေဘုံရဲ့ မင်းသမီး သီချင်းကို သီဆိုနေသူ၊ မျိုးဝင်း (လိဒ်)၊ စိုးဇေယာဝင်း (ရစ်သမ်)



ပုသိမ်ကောလိပ်ရှုခင်းများ



ပုသိမ်ကောလိပ်ရှုခင်းများ





ပုသိမ်ကောလိပ်ရှုခင်း

# အခန်း (၉)
# ရေမျော ကမ်းတင် ဖြေဦးတည်ရာ

(၁)

၁၉၈၃ ခုနှစ် အကုန်။

စာမေးပွဲလည်း ဖြေပြီးပြီ။ အမေ့ ရင်ခွင်နှင့် ဝေးနေခဲ့တာလည်း အတော် ကြာသွားပြီ။ သို့ဖြင့် နောက်ဆုံးတော့ မော်လမြိုင်ကို လိုက်သွားဖို့ ကိုချုပ် ဆုံးဖြတ်လိုက်သည်။

ပုသိမ်မြေမှာ ကုတ်ကတ် ဖက်တွယ်ပြီး ကိုချုပ် သောင်တင်နေခဲ့တာ။ အခုတော့ အချိန် တန်ပြီ။ အမေ့အိမ်သို့ သူ ပြန်သွားတော့မည်။

ဂီတာ အပေါင်းအသင်း သူငယ်ချင်းတွေ အားလုံးကတော့ ကိုချုပ်ကို မသွားစေချင်။ ကိုချုပ် ထွက်ခွာ သွားလျှင် သူတို့မှာ အစားထိုး၍ မရနိုင်သော ကွက်လပ်ကြီး တစ်ခု ကျန်ရစ် လိမ့်မည်ဆိုတာ သိကြသည်။ သို့သော် တားမြစ်၍လည်း မဖြစ်စကောင်းသော အရာ။

မော်လမြိုင် အိမ်ပြန် ခရီးမှာ အောင်ကျော်ဦး (ကြွက်နီ) လိုက်ပါသွားသေးသည်။ သူတို့ နှစ်ယောက်၏ သံယောဇဉ် အနှောင်အဖွဲ့က ကြီးမားလှချေသည်။ အောင်ကျော်ဦးကို ကိုချုပ်က ညီအရင်း တစ်ယောက်လို ချစ်သည်။ အောင်ကျော်ဦးကို သူ အမြဲ ထိန်းသိမ်း ပေးခဲ့သည်။

'ကြွက်နီဟာ အင်မတန် အတဲ့ နှတဲ့ကောင်။ ဒီကောင်နဲ့ ဆက်ဆံဖူးတဲ့ လူတိုင်း သူ့အကြောင်း သိတယ်။ မင်းလည်း သိတာပဲ။ သူ နဲ့လို့ အလို့သာ မင်းတို့ လှည့်တိုင်း ခံခဲ့ရတာပဲ' ဟု သူငယ်ချင်း တစ်ယောက်ကို ကိုချုပ် ပြောဖူးသည်။

(၂)

ပုသိမ်ကို အောင်ကျော်ဦး ပြန်မည်ဆိုတော့ ကိုချုပ်က စိတ်မချ။ ချစ်ခင်လှစွာ ကတိတွေ အမျိုးမျိုး တောင်းသည်။ တီးဝိုင်းကို ဖျက်မပစ်ဖို့။ နှုတ်စ်နှင့် ဂီတာ တီးတာ မှန်မှန် လေ့ကျင့်ကြဖို့ အထပ်ထပ် အခါခါ မှာသည်။

'ဟေ့ကောင် ကရင်။ ပုသိမ် ပြန်ရောက်ရင် မင်းလည်း စာရေး။ ဟိုကောင်တွေကိုလည်း ရေးနိုင်း။ ငါလည်းဒီကနေ စာရေးမယ်။ သီချင်း အသစ်တွေ ရေးဖြစ်ရင်လည်း လှမ်းပို့ပေးလိုက်မယ်' ဟု ဆိုသည်။

'ပုသိမ်ကို ငါ လာခဲ့ဦးမှာပါကွာ' ဆိုသော စကားသံမှာတော့ဖြင့် တုန်ခါ လှိုက်မောနေခဲ့သည်။

(၃)

အချိန်တန်၍ အောင်ကျော်ဦး ပုသိမ် ပြန်သွားသောအခါ ကိုချုပ် တစ်ယောက် မော်လမြိုင်မှာ ဝေါင်တောင်တောင်နှင့် ကျန်ရစ်ခဲ့ရရှာတော့သည်။

အောင်ကျော်ဦးကို ကိုသျှပ် သံယောဇဉ် တွယ်ခဲ့သလို ကိုသျှပ်တို့ တစ်အိမ်လုံးကလည်း မိသားစု အရင်းအချာ တစ်ယောက်သဖွယ် ချစ်ခင်ခဲ့ကြသည်။ ကိုသျှပ်၏ ညီငယ်တွေနှင့် ဆိုလျှင်လည်း တစ်သားတည်း ကျအောင်ပင် လုံးထွေးနေခဲ့ကြသည်။

ယခုတော့ဖြင့် အောင်ကျော်ဦးလည်း ငြိမ်းချမ်းရေးကမ်းခြေ Shore of Peace တီးဝိုင်းလေး ရှိရာ ပုသိမ်မြေသို့ ပြန်သွားခဲ့ချေပြီ။ အောင်အောင်၊ ရေချမ်း၊ သာထူး၊ သူတို့ ဂီတ ညီအစ်ကိုတွေနှင့် ကိုသျှပ် ဘယ်အချိန် ဘယ်အခါ ပြန်ဆုံနိုင်မည် ဆိုတာ ဘာမျှ မရေရာ။

မော်လမြိုင်မှာ မိသားစုနှင့်အတူတူ နေသာ နေနေရသော်လည်း ကိုသျှပ် စိတ်ထဲမှာ အာသာ မပြေ။ ဟာတာတာကြီး ဖြစ်နေသည်။

(၄)

မော်လမြိုင်ကို သူ ပြန်ရောက်လာသည့်အတွက် ဝမ်းအသာဆုံးကတော့ အမေပဲ ဖြစ်လိမ့်မည်။ အမေလည်း စိတ်ထဲ ပျော်ရွှင် ကျေနပ်လိမ့်မည်သာ ဖြစ်သည်။ ယခင်တုန်းက ပုသိမ်မှာ တမေ့ပွဲကျအိမ်ကို ချက်ချင်း ပြန်မလာ၊ သောင်မတင် ရေမကျ ဖြစ်နေခဲ့တာတွေအတွက် အမေ စိတ်ဆိုးခဲ့ဖူးသော်လည်း ယခု ဘာဆိုဘာမျှ မပြော။ သားကြီးတစ်ယောက် အိမ်ပေါ် ဆိုက်ဆိုက်မြိုက်မြိုက် ပြန်ရောက်လာသည့် အချက် တစ်ခုတည်း အတွက်နှင့်ပင် အမေ ကျေနပ်နေပုံ ရသည်။

ပုသိမ်မြို့မှ မော်လမြိုင် ဒီဂရီကောလိပ်သို့ Marine Biology အထူးပါ ဒီဝဆော ပြောင်း လာတက်ကြသည့် ကိုကျင်အောင်၊ ကိုအောင်သူတို့က ကျောင်းပိတ်ရက်တွေ ကျလျှင် ကိုသျှပ်တို့ အိမ်သို့ လာလာလည်ကြသည်။ ထိုအခါမျိုးကျလျှင် ပုသိမ်ကို အလွမ်း ပြေရသည်လား၊ ပုသိမ်ကို အလွမ်း ပိုရသည်လား ဆိုသည်ကိုပင် ခွဲခြား ပြောပြ မတတ်နိုင်တော့ပြီ။

သူ့စိတ်တွေက ပုသိမ်မှာပဲ သူငယ်ချင်းတွေဆီမှာပဲ ကျန်နေသည့်နှယ်။

(၅)

မော်လမြိုင်မှာ မပျော်ပိုက်သလို နေဖြစ်တာလည်း ရက်ပိုင်း၊ လပိုင်း စွန်းရုံလေးပဲ ကြာလိုက်သည်။

ထိုအတောအတွင်းမှာ အမေ့ လုပ်သက် ၂၄ နှစ်စာအတွက် လုပ်သက် ပင်စင် ထုတ်ယူဖို့ ရန်ကုန် သွားစရာ ကိစ္စ ပေါ်ပေါက်လာသည်။ ကိုသျှပ်က အမေ့ကို အဖော် ပြုပေးဖို့ ရန်ကုန်သို့ လိုက်လာခဲ့သည်။ အမေ့ ဦးကြီး၏ ရန်ကင်း အိမ်မှာ သားအမိ နှစ်ယောက် တည်းခို။ အမေ့ ပင်စင်ကိစ္စအတွက် ရုံးတွေသွား။ စာရွက်စာတမ်းတွေ ဆောင်ရွက်။

တစ်ဘက်မှာ ရန်ကုန်ရောက် ပုသိမ်သားတွေဆီ ကိုသျှပ် သွားသွား လည်သည်။ တည်းအိမ်သို့ ပန်းဆိုး ကိုအောင်မင်းက ကိုသျှပ်နှင့် လိုက်လိုက်လာသည်။

တစ်ပတ် ဆယ်ရက်ခန့် အကြာတွင် အမေ့ ပင်စင် ကိစ္စမိစ္စတွေလည်း လက်စသတ်ပြီ၊ မော်လမြိုင် ပြန်ရတော့မည်။ ကိုချုပ် ရန်ကုန်မှာ အဖော်သစ်တွေ တွေ့တော့ အိမ်ကို ပြန်မလိုက်ချင်။ အစကတည်းက လမ်းတရှာတည်း ရှာနေခဲ့သည်။

သို့ဖြင့် ပြန်ခါနီးမှာ အမေ့ကို ကပ်၍

'အမေရယ်၊ သား သူငယ်ချင်းတွေနဲ့ ဒီမှာ ခဏ နေခဲ့ဦးမယ်' ဟု အသာ ချွဲကာ ပူဆာသည်။

'အေး . . . ပြောနေဦးမယ်' ဆိုလည်း မရ။

'အမေပဲ ကြည့်ရှင်းပြလိုက်ပါ' ဟု ဆိုသည်။

ဤသားကြီးက ပူဆာပြီဆို အမေ အလို မလိုက်ဘဲ မနေနိုင်။ အမေသည် အမေပဲလေ။ သည်လိုနှင့် မော်လမြိုင်ကို အမေ တစ်ယောက်တည်း ပြန်လာခဲ့ရသည်။

(၆)

ကိုယ့်မှာ ရှိထားသမျှ အခံနှင့် ရန်ကုန်ဆိုသော ထုကို ဝင်တိုးဖို့ ဆိုတာ နယ်မှ လူငယ် တစ်ယောက် အနေနှင့် ရင်ခုန်စရာ ကောင်းလှသည်။

ကျော်မြင့်လွင်မှာက ဂီတနှင့် စာပေ အနုပညာ ပါရမီအပြင် ကြံ့နိုင်သော စိတ်ဓာတ်တော့ ရှိသည်။ သို့သော် သူ့ အသက်အရွယ်နှင့် အတွေ့အကြုံတွေက အတန်အသင့် နုငယ်သေးသည် ဆိုရမည်။ သူ့ လက်ချောင်းများမှာ အားမပြည့်သေး၍ တံခါးတွေကို သူမဖွင့်နိုင်။ ရေခင်းမြေခင်း အခွင့်သာသည့် အခြေအနေမျိုးကို သူ မဖန်တီးနိုင်။

စံရိပ်ငြိမ် အဆောင်ဘက်မှာကလည်း လူဟောင်းတွေ တစ်ယောက်မျှ မရှိကြတော့သည့်အတွက် အလွမ်း မပြေချင် စရာ။ တစ်ခေါက်တော့ သူ လျှောက်သွား ကြည့်ခဲ့သေးသည်။ အားလုံးက မျက်နှာစိမ်းတွေ။ ဤနေရာနှင့် တစ်ချိန် တစ်ခါတုန်းက ရင်းနှီး ကျွမ်းဝင် နေထိုင်ခဲ့ဖူးသည် ဆိုတာပင် မယုံချင်စရာ။ ပန်းပွင့်တွေ မြေပေါ်မှာ ဖွေးဖွေး လွှပ်အောင် ကြွေကျနေသည့် တရုတ် ကောပင်ကြီးသည်ပင် တစ်ချိန် တစ်ခါတုန်းက ပန်းကြွေတွေ ကောက်ခဲ့ဖူးသော သူ့ကို မမှတ်မိချင်ယောင်ဆောင် နေခဲ့သည်။

ရန်ကုန်က သူ့ကို လက်ကမ်း မကြိုဆို။ ကျောချစရာ တစ်နေရာ မဖြစ်ဖြစ်အောင် လုပ်၍ ရသော်လည်း သိုင်းဝိုင်းစရာ မရှိ။ သို့ဖြင့် ခြေဦးတည့်ရာ သူ ထွက်လာခဲ့သည်။

(၇)

ပြည်မြို့ အရှေ့ဘက် ဇက်ထီးကန် ဒေသ။

စံရိပ်ငြိမ် ၆ လမ်း အဆောင်တုန်းက အစ်ကိုကြီး တစ်ယောက်သဖွယ် သူ ခင်တွယ်ခဲ့ဖူးသော ကိုသီဟန်သွင်က ဇက်ထီးကန်သို့ သိုက်မြို့ ပြောင်း၍ တဲ့ဖက် ကျောင်းဆရာ သွားလုပ်နေသည်။ သည်လိုနှင့် သူ့အပေါ် နွေးထွေးသော ကိုသီဟန်သွင် ဆီမှာ ယာယီ ကွန်းခို ဖြစ်ခဲ့သည်။

ဘာပဲပြောပြော ဝက်ထီးကန်မှာ သူ့ အမောတွေ ဖော့ဖို့ ပြေခွင့် ရခဲ့သည်။

သူမှာ လူငယ်တစ်ယောက်၏ အလှံတညီးညီး ဖြစ်ပြီး မပြည့်ဝနိုင်သော လိုအင်ဆန္ဒ ကွက်လပ်တွေက တင်းကြမ်း ထနေသည်။ ဒီအချိန်မှာ သူ ဖြစ်ချင်တာတွေက ရိုးရိုးစင်းစင်း နည်းနည်းကျဉ်းကျဉ်းလေးပဲ ဖြစ်စေ၊ မြင့်မား များပြားလွန်းသည် ဖြစ်စေ၊ သူ လုပ်နိုင်စွမ်းကတော့ သိပ်ကို နည်းလွန်းနေသည်။ အဘက်ဘက်မှ တုပ်နှောင် ထားခြင်း ခံရသလိုမျိုး ဖြစ်နေသည့် အပေါ် အပြစ် တင်စရာက သူ့ကိုယ်သူပဲ မြင်သည်။ အဲသလို ဖြစ်နေတာကို သူ့ဘာသာပဲ အာသာ မပြေနိုင် ဖြစ်ရပြန်သည်။

တွဲဖက် ကျောင်းဆရာ ကိုသီဟန်သွင်က ကျောင်းသို့ စာသင်ဖို့ ထွက်သွားချိန်များတွင် သူက အိမ်ရှိ တပည့်အကူလေး တစ်ယောက်နှင့်အတူ ချက်ပြုတ်ပြီး ကျန်နေရစ်ခဲ့သည်။ စံရိပ်ငြိမ် ၆ လမ်း မှာတုန်းကလည်း အစ်ကိုကြီးတွေ အသီးသီး ထွက်သွားကြလျှင် သူတစ်ယောက်တည်း ချက်ပြုတ်ဖို့ ကျန်ရစ် နေတတ်သည်။ တစ်ခါတလေ ညစာ ဟင်းအတွက် ချက်စရာ မရှိလျှင် အဆောင်ရှေ့မှ တရုတ် ကောပွင့်တွေ ကောက်ပြီး ကောပွင့်ပြုတ်သုပ် တစ်ခွက်ကိုတော့ သူ ဖန်တီးတတ်သည် မှန်သော်လည်း အခုကျတော့ အခြေအနေက မတူ။

ရှေ့ကို လှမ်းမျှော်လိုက်လျှင် မှိန်မှိန်ရေးရေး မှုန်မှုန်လေးပဲ မြင်နေရပုံမှာ ဘာဆိုဘာမျှ မခန့်မှန်းနိုင်စရာ။ ဆောင်း နှင်းသော ဝင်ရိုးစွန်း ဝက်ဝံ၊ နွေ တွင်းခိုသော ဖား၊ ဥအောင်း ကျင့်နေသည့် သိုင်းသမား အဖြစ် စိတ်ဖြေသိမ့်စရာ မရှိ။

(၈)

တီးခတ်စရာ ဂီတာ တစ်လက် ရှာဖို့။ သူ ရေးစပ်ထားသော သီချင်းတွေ အကြောင်း ပြောဆိုဖို့ ဤနေရာမှာ မဖြစ်။ သူများတွေ ဂီတာ တီးနေကြတာ တွေ့လျှင် သူ့ သွေးထဲမှာ မချိုမြိန်။ သူ့စိတ်ထဲမှာ ခံစားရသမျှ အရှိအတိုင်း ပြောလိုက်ရလျှင်လည်း ရှိစုမဲ့စု အဖြစ်တွေပဲ ပြုတ်ထွက်ကုန်လိမ့်မည်။ ဟုသိမ် ကောလိပ်မြေက ငြိမ်းချမ်းသော ကမ်းခြေပေါ်ရှိ အောင်ကျော်ဦး၊ အောင်အောင်၊ ရေချမ်း၊ သာထူးတို့ကိုတော့ လွန်လွန်မင်းမင်းကိုပဲ လှမ်းဆွတ် တမ်းတမိသည်။ သို့သော်လည်း သူတို့ကို လှမ်းလေလေ၊ ဂီတာကို ကောက်မကိုင်ချင်လေလေဟုပင် ဆိုရမလား မသိ။

(၉)

ဂီတာနှင့် သူ့အကြားမှာ သံယောဇဉ်တော့ မပြတ်။

ထိုရစ်ပတ် နှောင်ဖွဲ့မှုမှာ ဘာကြားခံ တူရိယာ ပစ္စည်းမျှ မလို။

(၁၀)

ကိုသီဟန်သွင် နေ့ခင်း ကျောင်းသွားချိန်၌ အားလပ်တိုင်း ဗလာစာအုပ် တစ်အုပ်နှင့် ကျော်မြင့်လွင် သီချင်း ရေးသည်။

ညပိုင်း စာသင် ပြီးချိန်များတွင် အားနေသော ကျောက်သင်ပုန်း အပေါ်၌ ဂီတသင်္ကေတတွေ ချရေးသည်။

ဤနည်းဖြင့် သူ ရေးထားသော သီချင်းတွေကို သူ့ဘာသာ မျက်စိဖြင့် ကြားခွင့် ရ၍ နားဖြင့် မြင်ခွင့် ရလာသည်။

ဒို-ရေ-မီ-ဖာကို သူ့ စိတ်တိုင်းကျ အော်ဟစ် ရွတ်ဆိုနေ၍ ရသည်။ ဤလေ့ကျင့်ခန်းများ လုပ်ဖြစ်လေလေ၊ သူ၏ ဂီတကြွက်သားများ သန်မာလာလေလေ ဖြစ်သည်။ အသံထွက်ပြီး ဂီတာ တီးနေတာ မဟုတ်၍ အခြား သူများနှင့် ညှိနှိုင်းစရာ မလို။ သီချင်း ဆိုနေတာ မဟုတ်၍ သူတစ်ပါး၏ ဝေဖန်ခြင်းကို မခံရ။

သူ ကစားနေတာက အဆင့်မြင့် ဂီတသင်္ကေတများ ဖြစ်၍ တော်တန်ရုံ ဘယ်သူမျှ နားမလည်။ သူ လုပ်နေသမျှ အရူးတစ်ယောက်လိုသာ ထင်ကြလိမ့်မည်။ ဤသို့ဖြင့် သူကိုယ်ပိုင် လွတ်လပ်သော အကာနဲ့လေး တစ်ခုကို ကိုယ့်ဘာသာ တည်ဆောက်ထား လိုက်နိုင်ခဲ့သည်။

တစ်ခါတလေ ညကြီး တအား နက်ရှိုင်းသွားသည်အထိ ဂီတသင်္ကေတတို့၏ စိတ်ကူး အသံများထဲမှာ စူးစူးနစ်နစ် အာရုံ ဝင်စားပြီး သူတစ်ယောက်တည်း ရွတ်ဖတ်သရုပ်ရင်း အချိန်ကုန်မှန်း မသိ ကုန်သွားတတ်သည်။ သူ့ဘာသာ ခြေကုန် လက်ပန်းကျပြီး အမော်မော မောနေတတ်သည်။ မိုးလင်းကာနီးကျမှ ကစား၍ ဝသည့် ကလေးလေး တစ်ယောက်လို နှစ်ခြိုက်စွာ အိပ်မောကျ သွားတတ်လေသည်။

(၁၁)

ပွဲတော်ကာလ၊ စတိတ်ရှိုးချိန်နှင့် ကြုံလျှင်တော့ဖြင့် ကိုသီဟန်သွင်နှင့် အတူ သူ အဖော် လိုက်သွားပြီး နားထောင်ဖြစ်သည်။ သို့သော် သာမန် နားဆင်သူ ပရိသတ် တစ်ယောက်အနေနှင့်သာ ဖြစ်သည်။

ပုသိမ်တုန်းက စတိတ်ရှိုး စင်မြင့်တွေပေါ်မှာ သူ အသက် ငယ်ငယ်အရွယ်နှင့်ပင် တီးခတ် သီဆို ဖျော်ဖြေခဲ့ဖူးတာတွေ၊ ပုသိမ် ကောလိပ်မြေမှာ တီးဝိုင်းကလေးတစ်ခုကို သူ ကိုယ်တိုင် ဦးစီး ဦးဆောင် ဖွဲ့စည်းခဲ့ဖူးတာတွေ ဘယ်သူ့ကိုမှ မပြောပြ၍ ဘယ်သူမျှလည်း မသိကြ။

လူတိုင်းမှာ ကိုယ့်အတ္တ၊ ကိုယ့်မာန ကိုယ်စီနဲ့ပဲ ဖြစ်သည်။ သို့သော် ကျော်မြင့်လွင်က သူ့ အတ္တမာနကို အချိန်အခါနှင့် နေရာ မှားယွင်းစွာ ဖော်ထုတ်ပြမည့် လူစားမျိုး မဟုတ်ချေ။ သူ့ အကြောင်းကို သူ ပွင့်ပွင့်လင်းလင်း အိတ်သွန်ဖာမှောက် မပြောပြရုံသာမက ဖျော်ဖြေနေကြသည့် စတိတ်ရှိုးတို့၏ သီချင်း ဂီတနှင့် တီးဝိုင်း အကြောင်း အကောင်းအဆိုး ဘာမျှဝေဖန် မှတ်ချက်ချခြင်း မရှိ၊ တိတ်တိတ်ကလေး ကြည့်ပြီး တိတ်တိတ်ကလေး ပြန်လာတတ်သည်။ ပြောစရာဆို တစ်ခြား စကားပဲ ဆိုမည်။ ဂီတနှင့် ပတ်သက်လျှင် အစွမ်းကုန်အောင် နှုတ်ပိတ် ရှောင်နေခဲ့သည်။

(၁၂)

ရေမျောကမ်းတင် သစ်ကိုင်းသစ်ခက် တစ်ခုသဖွယ် ဝက်ထီးကန်မှာ သောင်တင်နေခဲ့တာ အချိန် အတော်ကြာသွားသည်။ သို့သော် ဤနေရာတွင် သူ့အတွက် အမြစ်တွယ်စရာ မရှိတာ သူ သိသည်။ အချိန် အကန့်အသတ်မဲ့ နေသွားဖို့ ဆိုတာ မဖြစ်နိုင်။ ကာလ အတိုင်းအတာ တစ်ခု ကျော်လွန် သွားသောအခါမှာတော့ နှုတ်ဆက် ခွဲခွာဖို့ ဆုံးဖြတ်ရသည်။

ကိုသီဟန်သွင်၏ အရိပ်ကလေးကို ကျောခိုင်းပြီး သူ ထွက်ခွာ လာခဲ့ပြန်ပြီ။ သည်တစ်ခါ သူ ဦးတည် သွားတာက မှသိမ်။

(၁၃)

မှသိမ်ကို မရောက် ရောက်အောင် ပြန်သွားဖို့ သူ့ ကိုယ်ထဲက သွေးတောင်း နေခဲ့ရခြင်း အကြောင်းအရင်း တစ်ရပ်မှာ မှသိမ်ကောလိပ်၏ စတိတ်ရှိုး ရသ တစ်ဖန် ပြန်လည် ကျရောက်လာ သောကြောင့် ဖြစ်သည်။

ဤအချိန် ဤအခါ ရောက်လာလျှင် သူ့ စိတ်ထဲက အပေါက် တစ်ပေါက်ကို ထိုးထွင်း သိနေပြီ။ မနှစ်တုန်းကဆိုလျှင် သူတို့တစ်တွေ၏ 'ငြိမ်းချမ်းကမ်းခြေ' Shore of Pea.ce အဖွဲ့ဝိုင်းက မှသိမ်ကောလိပ်မှ ဂီတ လှုပ်ရှားမှု စင်မြင့် အားလုံးလိုလိုကို အပိုင် သိမ်းပိုက်ခဲ့သည်ပဲ။ ဒီနှစ် ဒီချိန် ရောက်ပြီဆို သူတို့ အဖွဲ့သားတွေ တီးဝိုင်း တိုက်နေကြတော့မည်။ သူ ရောက်လာမှာကိုလည်း မျှော်လင့်နေကြလိမ့်မည် ဆိုတာ သူ တပ်အပ် ပြောနိုင်သည်။

(၁၄)

တကယ်လည်း Shore of Peace အဖွဲ့သားများသည် မှသိမ်ကောလိပ် အဆောင် ၁၀၇ မှာ သီချင်းကျင့် နေခဲ့ကြသည်။

Shore of Peace မှာ ကိုချျပ် ထွက်သွားကတည်းက လူအများကြီး လျော့သွားခဲ့သည်။

ကိုချျပ်က 'မင်းတို့ ကြိုက်တဲ့လူ ရှိရင် ခေါ်တီး' ဟု မှာထားခဲ့သည်။

ထိုအချိန်မှာ ကိုတူးက (ဝင်းမြင့်ဦး) က ရန်ကုန် တက္ကသိုလ်မှ အင်္ဂလိပ်မေဂျာနှင့် ကျောင်းပြီး၍ မှသိမ် ပြန်ရောက်နေသည်။ ကိုတူးနှင့် ကိုချျပ်က အကြောင်းသိတွေ။ ဘိုတင်ယုတို့ ငှဝါ တီးဝိုင်းမှာကတည်းက အတူ တွဲလာခဲ့ဖူးသည်။ ဓောက်ဝိုင်း နှင်းဆီဖြူမှာ တီးသည်။ နှုတ်စ်နှင့် ကာလပ်စီကယ် ဂီတာ ကျွမ်းကျင်သည်။ အောင်ကျော်ဦးတို့ တစ်တွေ ကိုတူးကို မေတ္တာရပ်ခံပြီး သူတို့အဖွဲ့ကို အားဖြန့်ဖြည့် ထားခဲ့ကြသည်။

မှသိမ် သဘော ဆိုက်သည်နှင့် 'ကိုချျပ် ပါလာတယ်ဟေ့' ဆိုသော သတင်းက လျှပ်စစ်စီးကြောင်း တစ်ခုသဖွယ် ဖျတ်ခနဲ အပြေးအလွှား ရောက်လာသည်။ သူတို့ တစ်ဖွဲ့လုံး ထခုန်မိမတတ် ဝမ်းသာအားရ ဖြစ်ကုန်ကြတော့သည်။

ကိုသျှပ်ကလည်း ဟိုဟိုဒီဒီ လမ်းမျှားမနေ။ သူတို့ သီချင်း လေ့ကျင့်နေသည့် ၁၀၇ အခန်းသို့ တန်းဆင်းချလာသည်။ ကိုသျှပ်ကို တွေ့တော့ သူတို့ အားလုံး အူလှိုက်သည်းလှိုက် ဝမ်းမြောက် ကြိုဆိုခဲ့ကြသည်။ နွဲ့နှောင်းရှိန် ကြာမြင့်လှသည့် ချစ်သော ညီအစ်ကိုများ ပြန်ဆုံကြသည့်နှယ်။ တကယ့်ကို ရှုရှည်သည်။

(၁၅)

'ကိုသျှပ်ကို မျှော်နေတာဗျ။ ကိုသျှပ်က ပုသိမ်ကို ပြန်လာဖို့တော့ သတိရသားပဲ' ဟု အောင်ကျော်ဦး (ကြွက်နီ) က စကားနာထိုးသည်။

'ငါ့ အိတ်ကပ်ထဲမှာ ဆယ့်ရှစ်ကျပ် ရှိရင် ပုသိမ်ကို ပြန်လာလို့ ရတာယ်ကွ၊ ငါက အိတ်ကပ်ထဲမှာ ဆယ့်ရှစ်ကျပ် ပြည့်ဖို့ စောင့်နေတာ' ဟုဆိုသည်။

ဂီတာ ကိုင်ထားသော ကိုတွေးကိုလည်း အားနာရကောင်းမှန်း မသိ။ ပြောမနာ ဆိုမနာ အပေါင်းအသင်းတွေ ဝီဝီ စိတ်ထဲ ရှိသည့်အတိုင်း–

'ခဏ ဖယ်ပေးကွာ၊ ငါ ဝင်တီးဦးမယ်' ဆိုပြီး မဆိုင်းမတွ ဝင်တီးသည်။ ကိုတွေးကလည်း စိတ်မကွက်၊ သူ့အပေါ် ဘဲဥ ဘယ်လို သဘောထားတော သူသိသည်။

(၁၆)

ကိုသျှပ် ရောက်လာသည်နှင့် Shore of Peace အဖွဲ့၏ နဂို ပုံမှန် အနေထားများ အားလုံး ပြောင်းလဲ သွားပြီး အရှိန် သွက်လက် မြန်ဆန် လာခဲ့သည်။ ထုံးစံအတိုင်း ကိုသျှပ်၏ ကိုယ်ပိုင် မူ၊ ကိုယ်ပိုင် ဟန်လေးတွေလည်း ပြန်ပေါ်လာကြသည်။ ကိုင်ဇာ၏ 'အိမ်အပြန် ကျောင်းအဆင်းမှာ သီချင်းလေးဆို' ကို ဟာမိုနီ ခွဲပြီး–

'ကရင်၊ မင်းက Alto၊ ပထန်က ဘေ့စ်၊ ငါ tenor ဆိုမယ်၊ ဟုတ်ပြီလား' လုပ်သည်။

ကိုသျှပ် အကျင့်အတိုင်း ဟာမိုနီ အဝင်အထွက် မမှန်မချင်း ဤသီချင်း တစ်ပုဒ်ကိုပဲ ထပ်ကာ တလဲလဲ အကျော့ကျော့ အပြန်ပြန် လေ့ကျင့်နေ၍ အချိန် ကုန်လှပြီ။ သီချင်း ဆိုမည့် ကျောင်းသူတွေက ဆူဆောင့်စ ပြုလာကြသည်။ သို့သော် ကိုသျှပ်ကို ဘယ်သူမျှ မပြောရဲ။

နောက်ဆုံးတော့ ဆရာမ ဒေါ်စန်းစန်းကြူ ရောက်လာပြီး သူ့ ရင်ဘတ်သူ လက်ညှိုးနှင့် ထောက်ကာ–

'အောင်မယ်လေး . . . ဟဲ့၊ သျှပ်ရယ်၊ တခြား သီချင်းတွေလည်း အများကြီး တိုက်စရာ ရှိသေးတယ်။ ရှေ့ မဆက်သေးဘူးလား' ဟု ပြောယူရသည်။

ဒါတောင်မှ ကိုသျှပ်ကဖြင့် 'ခဏလေးပါ ဆရာမ၊ ကျွန်တော်တို့ ဒီတစ်ပုဒ် ပုံစံ ဝင်သွားချင်လို့ပါ' ဆိုပြီး သူ့ စိတ်တိုင်းကျ မရရအောင် အဖွဲ့သားတွေကို ထွန်းတိုက် လိုက်သေးသည်။

(၁၇)

သူငယ်ချင်း အပေါင်းအသင်းတွေနှင့် ပြန်ဆုံရပြီး ဂီတနှင့် ဆုံတွေ့ရ၍ ကိုချုပ်သည် ရေထိ ပန်းသဖွယ် လန်းဆန်း လာသည်။

တစ်နေကုန် သီချင်း တိုက်သည်။ မိုးလင်းပေါက် ဆိုင်များ ဖြစ်သော ရွှေလသာ၊ ကျော်ကြားတို့မှာ အဖွဲ့တွေနှင့် ထိုင်သည်။ ပုသိမ်မြေကို နင်းရတာ နိုင်နိုင်မြဲမြဲ ရဲရဲတင်းတင်း ရှိလှသည်။ ဘယ်နေရာနှင့်မျှ မတူ။

ညဘက်ကြီး ဆိုင်မှာ ထိုင်နေရင်းက ၁၀ နာရီခန့် ရှိပြီ။ ကိုချုပ် ရုတ်တရက် ထသည်။

အောင်ကျော်ဦးက 'ကိုချုပ် ဘယ်သွားမလို့လဲ' ဟုမေးရာ–

'ကိုတူးဆီ သွားမလို့ကွ၊ သီချင်း တစ်ပုဒ် အရိုန်းချိမင့် လုပ်စရာ ရှိတာ သူ့ကို အပ်ချင်လို့'

ရာသီက အအေးပိုချင်ရော စိမ့်နေသည်။ ကိုချုပ် လက်ထဲမှာ ကိုတူးအတွက် ခွဲသလိပ် ပျော်ဆေးနှင့် အိပ်ချင်ပြေ ရှူးရှဲထုပ် ပါသည်။

အောင်ကျော်ဦးက စိတ်ထဲမှာ မကြည်လင်။ သီချင်း အရိုန်းချိမင့်များ၊ ကိုယ့်ဘာသာ ကိုယ် လုပ်လည်း ရရက်သားနှင့်။ ကိုတူးထံ အလုပ်ရှုပ်ခံ သွားသည်ဟု ယူဆသည်။ သို့သော် ကိုချုပ်၏ စိတ်နှင့် ဆုံးဖြတ်ချက် အကြောင်းသိထားပြီး ဖြစ်၍ ညည်းညည်း ညူညူ တဖျစ်တောက်တောက်နှင့်ပင် လိုက်သွားခဲ့သည်။

ပုသိမ်ကမ်းနား ကွင်းတန်းအိမ် ရောက်သွားတော့ ကိုတူး မအိပ်သေး။

ကိုချုပ်က 'ငါ့ကိုဒီသီချင်းလေး အရိုန်းချိမင့် လုပ်ပေးစမ်းပါကွာ' ဟုဆိုတော့ ကိုတူးက သူ့အမူအရာ အတိုင်း သူ့ကိုပဲ ပြောမနေသလို အေးအေးလူလူ အေးလိပ်ကလေး တဖွာဖွာနှင့်–

'အေး၊ အေး၊ ထားခဲ့လေ ဘဲဥ' ဟုဆိုသည်။

*'ဒီမှာ ဈေး*
*ဈေးရောက်ပြီလေ*
*ပင်စိုအိပ်များမှာ*
*ဥဩငှက်ကလေး*
*ကြင်နာ ဆူ ဆူ*
*ဆူ ငိုကြွေး'* ဆိုသည့် 'အဆုံးမဲ့ဈေး' သီချင်း အရိုန်းချိမင့်ကို ကိုတူး လုပ်ပေးခဲ့သည်။

ထိုသီချင်းကို နောက်တော့ အောင်ရင် သီဆိုခဲ့သည်။

*'အိပ်ပျော်နေချိန်လည်း၊ ကိုယ့်စိတ်ထဲမှာ၊ မှုန်ရီပြာလေ၊ မင်းအကြောင်းတွေများ မြင်ယောင်နေဆဲ လွမ်းတဲ့ည' ဆိုသည့် 'ရင်မှာပြာသောည'* သီချင်းကိုလည်း စာသားရေးပြီး ကိုတူးနှင့် တိုင်ပင်သည်။ ထိုသီချင်း၏ Chorus အပိုဒ်ကို ကိုတူးပဲ မယ်လိုဒီ ရှာပေးခဲ့သည်။

ထိုသီချင်းကို နောင်သောအခါ 'ပြာသော ည' အမည်နှင့် ပင်းက သီဆိုခဲ့လေသည်။

(၁၈)

ကိုသျှပ်သည် ပုသိမ် ပြန်ရောက်တုန်း ရောက်ခိုက် ကျောင်းထဲမှာတင် အားမရ။

အောင်ကျော်ဦးတို့ ဘိုကနောင် ကရင် ရပ်ကွက်ပိုင်း ဖြစ်သော 'မဟူရာ' ဖျော်ဖြေပွဲမှာလည်း ကြုံ ဝင်နွှဲသည်။ ကမ်းနားလမ်း နံဘေးမှာ စတိတ်ရှိုး ရှိစဉ် တစ်ကြိမ်တွင်–

'ကြက်နီ၊ မင်းနဲ့ ငါ့ဒရမ် တစ်ယောက် တစ်ခြမ်း တီးမယ်' ဆိုပြီး ကတ်ကတ်သတ်သတ်နှင့် မဖြစ်ဖြစ်အောင်ကိုပဲ လုပ်ခဲ့သေးသည်။ ဒရှူကို ဒန်ဗာ ပါကယ်ရှင်းကို သူ တီးသည်။

အောင်ကျော်ဦးနှင့် နှစ်ယောက် တွဲပြီး သီချင်းလည်း ဆိုခဲ့သေးသည်။

စောတွဲ့မှူး၏ 'အဆောင် သူ့ရဲ' သီချင်းကို ကြက်နီ မင်းက ဆိုပရာနီ၊ ငါက တန်နာ ဆိုမယ်' ဆိုပြီး ဟာမိုနီ ခွဲကာ–

*'မာလာအောင်နဲ့*

*မတ်သက်လို*

*ပုံပြင်လေး တစ်ပုဒ်*

*ကြား မူး တယ်၊*

*ဒီပုံပြင်ထဲက*

*ဆာတ်လိုက်ကြီး*

*ဘယ်သူလဲလို့*

*မေးပါနဲ့'* ဟု ယောကျ်ား နှုတ်ခွံ သီချင်း စလိုက်ကတည်းက ပရိသတ်ထဲမှ ဝေါခနဲ အသံ ကြားရသည်။

သူတို့ နှစ်ယောက်ကတော့ ဂရုမစိုက်ဘဲ *'ဆေမင်းမှ စား ရိုလား၊ ရေဆာစ်ခွက်မှ သောက်ရိုလား၊ ဘာကိုမှလည်း စိတ်မဝင်စား၊ အဆောင်ရှေ့မှာ ကျင့်တဲ့ ဓာရုး'* ဟု ဆက်ဆိုကြရာ ပရိသတ်က ကောင်းကောင်းကြီး သြဘာပေးကြသည်။

ဘာပဲဖြစ်ဖြစ် *'မနက် မနက် ကြည့်ကြည့်ပါ၊ နေ့ခင်း ဘက် ကြည့်ကြည့်ပါ၊ ညည ကြည့်ကြည့်ပါ တွေ့လိမ့်မယ်၊ အမြဲတမ်း ရှိလိမ့်မယ်'* ဆိုပြီး မဆုံး ဆုံးအောင် အားပါးတရ ကြံဖြစ်ခဲ့ကြလေသည်။

(၁၈)

ကိုသျှပ်သည် ပုသိမ် ပြန်ရောက်တုန်း ရောက်နိုက် ကျောင်းထဲမှာတင် အားမရ။

အောင်ကျော်ဦးတို့ ဘိုကလေးနောင် ကရင် ရပ်ကွက်ဝိုင်း ဖြစ်သော 'မဟူရာ' ဖျော်ဖြေပွဲမှာလည်း ကြွ၍ ဝင်နွှဲသည်။ ကမ်းနားလမ်း နံဘေးမှာ စတိတ်ရှိုး ရှိစဉ် တစ်ကြိမ်တွင်–

'ကြက်နီ၊ မင်းနဲ့ ငါဒရမ် တစ်ယောက် တစ်ခြမ်း တီးမယ်' ဆိုပြီး ကတ်ကတ်သတ်သတ်နှင့် မဖြစ်ဖြစ်အောင်ကိုပဲ လုပ်ခဲ့သေးသည်။ ဒရှုကို ဒန်ဇာ ပါကယ်ရှင်းကို သူ တီးသည်။

အောင်ကျော်ဦးနှင့် နှစ်ယောက် တွဲပြီး သီချင်းလည်း ဆိုခဲ့သေးသည်။

စောတွဲ့မှူး၏ 'အဆောင် သူ့ရဲ' သီချင်းကို 'ကြက်နီ မင်းက ဆိုပရာနီ၊ ငါက တန်နာ ဆိုမယ်' ဆိုပြီး ဟာမိုနီ ခွဲကာ–

*'မောလာအောင်နဲ့*

*မတော်သက်လို့*

*ပုံပြင်လေး တစ်ပုဒ်*

*ကြားဖူးတယ်၊*

*ဒီပုံပြင်ထဲက*

*ဘတော်လိုက်ကြီး*

*ဘယ်သူ့လဲလို့*

*မမေးပါနဲ့*' ဟု ယောကျ်ား နှုတ်ခွဲ သီချင်း စလိုက်ကတည်းက ပရိသတ်ထဲမှ ဝေါခနဲ အသံ ကြားရသည်။

သူတို့ နှစ်ယောက်ကတော့ ဂရုမစိုက်ဘဲ *'အမင်းမှ စား ရိုလား၊ ရေတစ်ခွက်မှ သောက်ရိုလား၊ ဘာကိုမှလည်း စိတ်မဝင်စား၊ အဆောင်ရှေ့မှာ ကျင့်တဲ့ စာရာ၊'* ဟု ဆက်ဆိုကြရာ ပရိသတ်က ကောင်းကောင်းကြီး သြဘာပေးကြသည်။

ဘာပဲဖြစ်ဖြစ် *'မနက် မနက် ကြည့်ကြည့်ပါ၊ နေ့ခင်း ဘက် ကြည့်ကြည့်ပါ၊ ညည ကြည့်ကြည့်ပါ တွေ့လိမ့်မယ်၊ အမြဲတမ်း ရှိလိမ့်မယ်'* ဆိုပြီး မဆုံး ဆုံးအောင် အားပါးတရ ကြံဖြစ်ခဲ့ကြလေသည်။

# အခန်း (၁၀)
# သိုက်မြို့ ရင်ခွင် ရှိရာဆီ

(၁)

လောက မိုးကောင်းကင်ထဲမှာ နေရာအနှံ့ ပျံသန်းချင်ရာ ပျံသန်း သွားလာခဲ့သော ငှက်ကလေး တစ်ကောင်။ အချိန်တန် အတောင်ပံ ညောင်းတော့ သိုက်မြို့ ရှိရာဆီသို့ တစ်ဖန် ပျံ၍ နားရသည်။

ကျော်မြင့်လွင်လည်း မော်လမြိုင်က မိသားစုရင်ခွင်ထဲသို့ တိုးဝင် ရောက်ရှိလာခဲ့ပြန်သည်။ မိသားစု အသိုင်းအဝိုင်းကတော့ အစဉ်သဖြင့် နွေးထွေး လုံခြုံသည်။ သူ ပြန်လာပြီဆိုသည်နှင့် အိမ်မှာ အားလုံး ပြုံးပြည့်နဲ့ သွားသလိုမျိုး ပိုက်ဆွေ့ကမ်းလင့် ကြိုဆိုလိုက်ကြသည်။ အမေက အထူး ဆိုဖွယ်ရာ မရှိ။ ဝမ်းသာအယ်လဲ။ အဖေနှင့် သူ၏ ဆက်ဆံရေးမှာလည်း ထင်သလောက် မဆိုး။ နားလည်မှု ရရှိပြီး အဆင်ပြေနေသည်။

ကျော်မြင့်လွင် ကျွမ်းကျွမ်းကျင်ကျင် ဂီတာ တီးနေတာ တွေ့ရကြားရသည့်အတွက် ရပ်ကွက်ထဲမှ လူငယ်လေးတွေ စုဝေး လာကြသည်။ သူကလည်း ပညာ လိုချင်သူဆိုလျှင် သေသေချာချာ သင်ပြပေးသည်။

သူ့တွင် လုပ်စရာ မည်မည်ရရ ဘာမျှ မရှိ။ မျှင်း၍ ဂီတာချည်းသာ တီးတီးနေတာ တွေ့ရသဖြင့် တစ်နေ့မှာ အဖေက–

'မင်းဂီတာ တီးချင်တယ် ဆိုရင် ငါ့တပည့်တွေ တီးဝိုင်း ထောင်ထားတာ ရှိတယ်၊ မင်း ဝင်တီး ကြည့်ပါလား' ဟု ဆိုသည်။

ကျော်မြင့်လွင်က အဖေ့ စကား ကြားတော့ သူ့ နားကိုပင် သူ မယုံချင်။

(၂)

အဖေတို့ မော်လမြိုင် ကျောင်းကျန်းမာရေး ဌာနတွင် ကိုစိုးညွန့်က ကုသမှုအကူ (Clinical Attendant) ဖြစ်သည်။

ကိုစိုးညွန့်နှင့် ကိုကျိုကောတို့ ညီအစ်ကိုက The Excellent ဆိုပြီး တီးဝိုင်း တစ်ဝိုင်း ထောင်ထားသည်။ ကိုစိုးညွန့်တို့ အမှတ် (၁) အ.ထ.က.မှ ကျောင်းထွက်တောက် ဖြစ်၍ အမှတ် (၁) အ.ထ.က ကျောင်းဝင်းထဲတွင် နေအိမ် ရရှိထားသည်။ ထိုအိမ်မှာပဲ သူတို့ တီးဝိုင်း လေ့ကျင့်လေ့ ရှိသည်။ လောလောဆယ် သူတို့မှာ ဂီတာသမား တစ်ယောက် လိုအပ်နေသည်ဟု ဆိုသည်။

ကျော်မြင့်လွင်က တီးဝိုင်းထဲ ဝင်ဖို့ သဘော တူလိုက်၍ အဖေက သူ့ တပည့်များအား 'ငါ့ သားကြီး ဂီတာ တီးတတ်တာ ရှိတယ်၊ မင်းတို့ ဝိုင်းမှာ စမ်းသုံးကြည့်ပါလား' ဟု ပြောပြ အပ်နှံသည်။

သည်လိုနှင့် ကိုစိုးညွန့်တို့ အိမ်ရောက် လာကြပြီ။

ကျော်မြင့်လွင်က ဂီတာ တီးပြရသည်။

ပလေးဘျိုင် သန်းနိုင်၏ 'ဆု' ဆိုသော သီချင်းကို ဆိုလို တီးဆို ပြလိုက်သည်နှင့်ပင် ကိစ္စ ပြီးပြတ်လေတော့သည်။ The Excellent မှာ လူလိုနေသလို ဘာမျှ လုပ်စရာ မရှိသော ကျော်မြင့်လွင် အတွက်လည်း အသော ပျော်သွားသည့် အတွက် ရောက်နေသောက၊ ကြာအသင့်ပင် နှစ်ဦးနှစ်ဘက် အဆင်ပြေ သွားခဲ့ကြသည်။

မော်လမြိုင်မှာ ဂီတ မျိုးစေ့ မြေပေါ် ကျပြီး သစ်ပင် တစ်ပင် ဖြစ်ထွန်းပေဦးမည်။

(၃)

အသစ် ပြန်လည် ဖွဲ့စည်းသော Excellent မှာ ကိုကျော်က လီဒ်ဂီတာ၊ ကိုစိုးညွန့် ရစ်သမ်ဂီတာ၊ ကိုဂုလု ဘေ့စ်ဂီတာနှင့် ကျော်မြင့်လွင် ဒရမ် တီးကြသည်။

ကိုကျော်ကက သီချင်းလည်း ရေးသည်။ သူ ရေးဖွဲ့သော 'မျက်ရည်' သီချင်းကို နောင်သောအခါ ကိုစလ သီဆိုခဲ့သည်။

(၄)

ကျော်မြင့်လွင်၏ မော်လမြိုင် ပထမဆုံး စင်မြင့်ပွဲမှာ အမှတ် (၅) တံတားရှေ့ ရွှေတောင်ရပ် ရွှမ်းကြီးလောင်းပွဲ ဖြစ်သည်။

The Excellent က အနောက်တိုင်း ဝတ်စုံ အပြည့်အစုံနှင့် တီးဝိုင်း ထွက်သည်။ ထိုညမှာ ကျော်မြင့်လွင်က L-O-V-E Love နှင့် Give Me Your Heart အင်္ဂလိပ် သီချင်း နှစ်ပုဒ် သီဆိုခဲ့သည်။

The Excellent အဖွဲ့တွင် ကျော်မြင့်လွင် တီးခတ်နေဆဲ အချိန်။

တစ်ခါတော့ သူတို့အဖွဲ့ မြန်မာ့အသံ အင်္ဂလိပ်ပိုင်း အသံလွှင့် အစီအစဉ် Local talent ကဏ္ဍတွင် အသံ သွင်းကြသည်။ ကိုကျော်ကနှင့် ကိုစိုးညွန့်တို့ ညီအစ်ကိုက သီချင်း ဆိုကြသည်။ မြန်မာ့အသံမှ ထုတ်လွှင့် ပေးခဲ့သော The Excellent ၏ ထိုအစီအစဉ်တွင် မှတ်မှတ်ရရ Devil Woman သီချင်း ပါဝင်ခဲ့သည်။

(၅)

The Excellent မှာ အချိန်အတန်ကြာ တီးခတ်နေခဲ့ပြီးသည့် နောက်ပိုင်းတွင် သူတို့ တီးဝိုင်းမှာ အပြောင်းအလဲ အချို့ ဖြစ်သွားခဲ့သည်။

အဓိက အကြောင်း အရင်း အခြေခံက မော်လမြိုင် မြို့လယ်နှင့် ယမင်း ပုံနှိပ်တိုက်များမှ ကိုညီညီ၊ ကိုဇော်ဇော်တို့က စတင်ခဲ့သည် ဆိုရမည်။ သူတို့ဆီမှာ တီးဝိုင်း တိုက်ကြ၊ သီချင်း ဆိုကြရင်း ကျော်မြင့်လွင်ကို သူတို့ မျက်စိကျ လာကြသည်။

သည်လိုနှင့် ကျော်မြင့်လွင်ကို မကျိုင် ထား၍ တီးဝိုင်းသစ် တစ်ခု ဖွဲ့ဖို့ ဖြစ်လာသည်။

The Excellent မှာ ကိုဂျိုကေတို့ ကျန်ရစ်ခဲ့ပြီး မော်လမြိုင်မှာ Sharp အမည် ရှိသည့် တီးဝိုင်းသစ် တစ်ဝိုင်း ပေါ်ပေါက် လာခဲ့လေတော့သည်။

Sharp မှာ ကျော်မြင့်လွင်က လိဒ်ဂီတာ တီးသည်။ ပဲခူးသား ကိုနိုင်ဝင်းက ဒရမ်။

ညနေတိုင်း အိမ်ရှေ့မှာ ဂီတာ သင်ပေးနေကျ ရပ်ကွက်ထဲမှ သူ့ လက်ရင်း တပည့် စိုးငယ်ကို စိတ်ချ ရလောက်ပြီ ဖြစ်၍ ရစ်သမ်ဂီတာ ခေါ်တီးနိုင်သည်။

(၆)

The Excellent မှာတုန်းက ကျော်မြင့်လွင်သည် စည်းသည်ဝိုင်းသား တစ်ယောက်သာဖြစ်ပြီး စီစဉ်သူမျှ အတီအကျ နာခံကာ အပိုစကား ဘာတစ်ခွန်းမျှ ဝင်မပြောခဲ့။

Sharp တီးဝိုင်းမှာကျတော့ သူ့လက်သူ့ခြေ။ သူ့စကားသာ သူ့အာဏာ တည်သည်။ သို့ဖြစ်၍ ပြောစရာ၊ ဆိုစရာ ရှိလျှင် ဘယ်သူ့ကိုမျှ အားမနာ။ သူက သီချင်း တီးရာ ဆိုရာမှာ ကောင်းဖို့သာ ပဓါန ထားသူ ဖြစ်သည်။ မျက်နှာကို ကြည့်မည် မဟုတ်ချေ။ ထို့ကြောင့် ပြောစရာရှိ ပြော၊ ဆူပူစရာ ရှိလျှင် ဆူပူသည်။ သီချင်း သီဆိုသည့် မိန်းကလေး၊ ယောကျ်ားလေး မရှောင်။ အကြီးအငယ် အရွယ်မရွေး။ မှားလျှင် ဆူပူ ပြောဆို ခံရသည်။

ပုသိမ်မှာတုန်းကလိုပင် သီချင်း တစ်ပုဒ်ချင်းကို အပင်ပန်းခံ နုတ်စ် ခွဲ၊ တီးဝိုင်းသမား တစ်ယောက်လျှင် တစ်ရွက် ပေးပြီး စနစ်တကျ မောင်းသည်။

ဤသို့ဖြင့် Sharp တီးဝိုင်းသစ်မှာ အချို့အတွက် ကျော်မြင့်လွင်နှင့် နည်းနည်းလေးတော့ ထောင့်မတည့်သလို ဖြစ်ရသည်။ သူက သိပ်ကို တိကျလွန်း အားကြီးသည်။ အတီးသမား တီးတာ မဟုတ်လျှင် အတီး မှားပြန်ပြီ။ အဆိုသမားဆိုတာ မဟုတ်လျှင် အဆို မှားပြန်ပြီနှင့် ဘာဆိုဘာမျှ သည်းမခံ။ ကီးမကိုက်လျှင် မကိုက်၊ တိုင်ပင် မှားလျှင် အမှား။

တစ်ချိန်လုံးလိုလို မောင်းမဲနေ၍ 'တော်ရီရော်ရီနှင့်လည်း ဖြစ်နိုင်တာပဲ' ဟု သဘောထားသူတွေ အားလုံး ဒုက္ခရောက်ကြသည်။ ဒါပေမဲ့ သူ့ဘက်က သီအိုရီ အခြေခံမှအစ နိုင်မာနေ၍ ဘယ်သူမျှ သူ့ကို မလှန်နိုင်။ တီးဝိုင်း ပိုင်ရှင်အထိ တက်ပြီး ပြောဆိုကြသော်လည်း မဖြေရှင်းနိုင်။ ကျော်မြင့်လွင်က နိုင်လွန်းနေသည်။ သူ့ကို ယိုင်သွားစေဖို့ ဆိုလျှင် တော်တန်ရုံ မဖြစ်နိုင်။

သို့ဖြင့် စဉ်းစားရင် စဉ်းစားရင်း နောက်ဆုံးတော့ ကိုဝင်းဦးကို ပြေးပြီး သတိရလိုက်ကြတော့သည်။

(၇)

ကိုဝင်းဦးက ပဲခူးသား။ ပဲခူး ဒေသကောလိပ်မှ မော်လမြိုင် ဒီဂရီကောလိပ်သို့ သချာ် မေဂျာ အဆီကဖြင့် ကျောင်းလာတက်ခဲ့သူ။

ပဲခူးမှာတုန်းက အသက်ငယ်ငယ်နှင့်ပင် 'နုငယ်' တေးဂီတာဝိုင်း ဦးထွေးမောင်မောင် (အဲလက်စ်ဖခင်)၊ ဦးဝင်းမောင်မောင်တို့က ဂီတာ သင်ပေးခဲ့သည်။ ၁၈ နှစ်သားတွင် ပဲခူး Paradise တီးဝိုင်း၌ တီးခဲ့ပြီး မော်လမြိုင် ရောက်တော့ ဖက်တန်း ရွက်စိမ်း တီးဝိုင်းမှာ တီးခတ်ခဲ့သည်။

ကိုဝင်းဦးက ဂီတာမှာ ခြေခြေမြစ်မြစ် နိုင်နိုင်မာမာ ရှိသူဖြစ်၍ ကျော်မြင့်လွင်ကို ချီးဖို့၊ ဟန့်ဖို့ ဆိုလျှင် သူမှပဲ တတ်နိုင်လိမ့်မည် ဆိုပြီး ပဲခူးအထိ လိုက်သွားကာ ဖောက်ကြောင်းစုံ ခင်းပြ၍ ခေါ်ချလာကြသည်။

ကိုဝင်းဦးလည်း Sharp မှာ ဘေ့စ်ဂီတာ တီးဖို့ ဆိုပြီး မော်လမြိုင်သို့ ရောက်ရှိ လာခဲ့လေသည်။

(၈)

ဝင်းဦးနှင့် ကျော်မြင့်လွင်တို့ တွေ့ကြပြီ။

သီချင်းတိုက်ရင်း တစ်ယောက် အရိပ် တစ်ယောက် အကဲခတ်၍ နေကြသည်။ သီချင်း နားရိုက်ကျတော့ တီးဝိုင်း တိုက်နေသည့် ယမင်း ပုံနှိပ်တိုက် အပြင်ဘက် နန်းတော် ရုပ်ရှင်ရုံ ရှေ့က မြက်ခင်းကလေးမှာ နှစ်ယောက်သား ထိုင်ပြီး ပေါ်လို ဂီတာ တစ်လုံးစီနှင့် ရောက်တတ်ရာရာ ဟိုသီချင်း သည်သီချင်းကလေးတွေ တီးနေရင်း စကားမြည် ပြောနေလိုက်သည်။

တီးဝိုင်း တိုက်စဉ်ကပင် တစ်ယောက် အစွမ်း တစ်ယောက် သိသင့်သလောက် သိမြင်ခွင့်ရခဲ့ကြပြီ။ စကားတွေ ပြောရင်းဆိုရင်း တစ်စထချင်းအတွင်း တစ်ယောက် ဇီဇ တစ်ယောက် သိသွားကြ၍ ချက်ချင်း တည့်သွားကြသည်။

အတန်ငယ် ရေရှိန် မှန်လာသောအခါ ကျော်မြင့်လွင်က–

'ကိုဝင်းဦး၊ ကျွန်တော့်မှာ သီချင်းလေးတွေ ရေးထားတာ ရှိတယ်ဗျ' ဟု ဖွင့်အန်ကျလာသည်။ 'ဆိုမယ့်သူ ရှိရင် ကောင်းမှာပဲ' ဟုလည်း ဆိုသည်။

ကိုဝင်းဦးက ရက်ကောင်း လောကနှင့် မစိမ်း။ ၁၉၇၉–၈၀ တုန်းက ပဲခူးမှ သူငယ်ချင်း သုံးယောက် စုပြီး 'လွမ်းတဲ့ လမ်း' အမည်နှင့် လင်းစတူဒီယို၌ အသံ သွင်းခဲ့ဖူးသည်။ Paradise တီးဝိုင်းမှာ ဦးတင်ဦးဆောင်း ဖြည့်ထားသည့် သူတို့ အခွေ သွင်းခဲ့ချိန်မှာ နိုင်ထူး၊ ရိုစော်တို့၏ 'တေးမြို့ဂုက်' စီးရီး ထွက်ချိန်နှင့် မရှေးမနှောင်း။ သို့သော် 'လွမ်းတဲ့လမ်း' သည် အခွေအဖြစ် ပီပီပြင်ပြင် မထွက်လိုက်။ လမ်းခုလတ်မှာပဲ နစ်မြုပ် သွားခဲ့ရသည်။

ဘာပဲဖြစ်ဖြစ် ထိုအတွေ့အကြုံထဲမှ သင်ကြား ရရှိလိုက်သမျှတွေက အဖိုးတန်လှသည်ဟုသာ ကိုဝင်းဦး မှတ်ယူထားသည်။ ဂီတ မှော်ရုံတောကို တိုးဝင်ဖို့ ဆိုတာ ပါရမီ အခြေခံနှင့် မလုံလောက်။ စနီး နကွတ်တွေ အစုံအလင် ဖှဉ်ရမည်။ သို့မှသာ ထွန်းလင်း တောက်ပ လိုရာ ရောက်ရမည်။ ပါရမီနှင့် စနီး ဆိုတာ ကြိုတင်မြင်နိုင်သည် မဟုတ်။ ကျော်မြင့်လွင်မှာလည်း ရှိနေနိုင်သည်သာ။

ထို့ကြောင့် ကျော်မြင့်လွင် ရေးထားသည်ဆိုသော သီချင်းတွေကို မကြားဖူးသေးသော်လည်း–

'မင်းသီချင်းတွေ ကြိုက်တဲ့လူတွေရင် ကောင်းလို့ ရှာပေါ့ကွာ' ဟု ကိုဝင်းဦးက အားပေး လိုက်သည်။

ကျော်မြင့်လွင်က ဂီတာကို အသာ တီးခတ်ရင်း-

*'နှုတ်ဆက်လိုက်ပါ အသားစောင်းထား ရင်းပါးပြင်ပေါ်မှာ မျက်ရည်တွေဟာ အချိန်နာရီတွေပေါ်ကို ကျော်လွှန်ရောက်ရှိပြီး စီးဆင်းနေဆဲ ချစ်သူရေ. . .'* ဟု ဆိုပြသည်။

'နာရီပေါ်မှ မျက်ရည်စက်များ' သီချင်းကို နားထောင်ရင်း နားထောင်ရင်း ကျော်မြင့်လွင်၏ ပါရမီ၊ ကျော်မြင့်လွင်၏ အရည်အချင်းကို ကိုဝင်းဦး တန်းသိ သွားသည်။ ကိုယ်ပိုင်သံစဉ် လောကမှာ သူ့ သီချင်း ပုံစံက လုံးဝကြီးကို အသစ်အဆန်း ဖြစ်နေသည်။ သီးခြား ခွဲထွက်ထားၿပီး လမ်းကြောင်း မတူ။

အုံ့အားသင့်ပြီး-

'ဟ၊ မင်းသီချင်းကောင်းလှ ချည်လား' ဟု မှတ်ချက်ချမိသည်။

'ဟကောင်၊ မင်း ဖြစ်တယ်။ မဖြစ်စရာ ဘာမှ မရှိဘူး။ အခွင့်ကြုံဖို့ပဲ လိုမှာ။ အဲသည့်အခါကျရင် သူ့ အလိုလို ဖြစ်သွားမှာပဲ' ဟု သူ့စိတ်ထဲက ပေါ်လာသည့် အရင်းခံအတိုင်းပဲ အားပါးတရ ပြောမိသည်။

(၉)

'မင်း ရေးထားတဲ့ သီချင်းတွေ ဘယ်နှပုဒ် ရှိသေးလဲ' ဆိုပြီး မေးကြည့်လိုက်တော့ ဝိုရှိုပင် အံ့အားသင့်ရော။ လယ်ဂျာစာအုပ်နှင့် နှစ်အုပ်။ အပုဒ် (၈၀) ခန့် ရှိကြောင်း ကိုဝင်းဦး သိလိုက်ရသည်။

ထိုအချိန်ကတည်းက နာရီပေါ်မှ မျက်ရည်စက်များ၊ မော်ဆရာ အိပ်မက်၊ သက်ငြိမ် အစရှိသည့် အခွေများတွင် ပါဝင်မည့် သီချင်း အတော်များများကို ရေးသား ပြီးနေပြီ။ သို့သော် ထိုအချိန်ကတုန်းက ကျော်မြင့်လွင်၏ စိတ်ဆန္ဒမှာ အဆိုတော် လုပ်ဖို့ မဟုတ်။ သီချင်းလေးတွေ ရေးပြီး သူ့ သီချင်းတွေကို သီဆိုမည့်သူ ရှာတွေ့ဖို့သာ ဖြစ်သည်။ သီချင်း ဆိုမည့် အဆိုတော်ကို သူ ရှောင်းမည်။ လူတွေ ကြားထဲ သူ့သီချင်းလေးတွေ ပျံ့နှံ့သွားလျှင် ကျေနပ်ပြီ ဆိုတာမျိုးသာ ဖြစ်သည်။

(၁၀)

ညတွင်းချင်းပင် သူတို့ နှစ်ယောက် အကြားမှာ ဘာအကာအကွယ်မျှ မရှိတော့ဘဲ ပွင့်လင်း ရင်းနှီး သွားကြသည်။ ညီရင်းအစ်ကိုတမျှ ဖြစ်သွားကြသည်။

ကျော်မြင့်လွင်ကို ချိုးပေး လှန်ပေးဖို့ ဆိုပြီး ကိုဝင်းဦးကို ပဲခူးအထိ တကူးတကန့် ပြေးခေါ် ခဲ့ကြသည်။ ယခုတော့ဖြင့် သူတို့ နှစ်ယောက်က ပလဲနံပ သင့်သွားခဲ့ကြပြီ။ ဘယ်သူတွေ ဘာများ တတ်နိုင်ကြဦးတော့မည်လဲ။

ကျော်မြင့်လွင်မှာ ပုသိမ်ကတည်းက သျှပ်ကလေး အမည် တွင်ပြီးသား။

ယခု မော်လမြိုင် တီးဝိုင်းကလည်း Sharp။

ဤသို့ဖြင့် ကိုဝင်းဦးက သျှပ်ကြီး ဖြစ်လာသည်။

Sharp တီးဝိုင်းမှ သျှပ်ကြီး၊ သျှပ်ကလေးတို့ နှစ်ယောက် သွားလေရာမှာ တတွဲတွဲ၊ စင်ပေါ်မှာလည်း အပေးအယူမျှမျှ။ ကိုဝင်းဦးက ကျော်မြင့်လွင်တို့ အိမ်အထိ လိုက်လာပြီး တစ်ခါတလေ အိမ်မှာပဲ အိပ်တတ်သည်။

(၁၁)

မှောင်မိုက်တော်လည်း မှောင်မိုက်တော်ရို့ လမ်းကြောင်းပေါ်မှာ ရှိသည့် မော်လမြိုင်မြို့က အရောင်းအဝယ်နှင့် စီးပွားရေးကောင်းသည်။ အလှူအတန်း ပေါများ၍ တီးဝိုင်းတွေလည်း ဦးစားပေးခြင်း ခံရသည်။ အထူးသဖြင့် မော်လမြိုင်၏ ဆွမ်းကြီးလောင်းပွဲတွေက ထူးခြားသည်။ တော်သလင်း လဆန်းမှ စပြီး မော်လမြိုင် ဖက်တန်းရိုင်းဝန်းကျင်၊ မောင်ငန် အစရှိသဖြင့် တစ်ရပ်ကွက်မှ တစ်ရပ်ကွက် ပြောင်းကာ ပြောင်းကာ မော်လမြိုင်–ဈေး အထွက် ဘုတာရုံ ဈေးချိုရပ်ကွက်အထိ နှစ်ရက်စီ လုပ်သွားသည်။

ဤဆွမ်းကြီးလောင်းပွဲတွေက တစ်ရပ်ကွက်နှင့် တစ်ရပ်ကွက် အပြိုင်အဆိုင်။ တတ်နိုင်လျှင် တတ်နိုင်သလို ထည့်ဝင်ကြပြီး စည်စည်ကားကား ဖြစ်အောင် စီမံကြ၍ ဝါးဝိုင်းက အမြဲ ပါသည်။ အချို့ ရပ်ကွက်ဆိုလျှင် ဓာတ်သဘင် အဖွဲ့ကြီးတွေ အထိ ထည့်သွင်း တတ်ကြသည်။

သို့ဖြစ်၍ မော်လမြိုင်မှာ တီးဝိုင်း အလုပ်က ရာသီချိန်ကျလျှင် တစ်လမှာ ဆယ်ပွဲလောက်ပင် ဖြစ်နေတော့သည်။ မင်္ဂလာဆောင်နှင့် အလှူအတန်းတွေကလည်း ငှားရမ်း တတ်ကြသေးသည်။

မောရာတီ ပန်းခြံမှာ တီးဝိုင်းတွေ အလှည့်ကျ ဖျော်ဖြေကြသလို တီးဝိုင်းတွေကလည်း အပြိုင်အရိုင်း ပေါများသည်။ သီဆို တီးခတ်သူ များပြား၍ တီးဝိုင်း အပြောင်းအလဲလည်း များသည်။ တီးဝိုင်း တစ်ခု ပြိုကွဲလျှင် တီးဝိုင်း အသစ် တစ်ခု ချက်ခြင်း ပေါ်လာသည်။

(၁၂)

မော်လမြိုင်မှာ ဟိုးအရင်ကတည်းက ကောက်ပဲသီးနှံ ဝန်ထမ်းများနှင့် စုဖွဲ့ ထားကြသော S-A-M-B တီးဝိုင်း ရှိသည်။ ညောင်ပင်မှ ကိုကြည်ချွန်းတို့ကလည်း စည်ပင်ဝိုင်း။ ကိုဇော်ဝင့်တို့ တီးဝိုင်းက တေား။ ဇိုလ်လှဖေ အိမ်မှ မောင်မောင်တို့က ကွန်ပျူတာ ကွန်ထရိုး။ နောက်ပြီး ပန်းနုရောင်ဆိုတာ ရှိသည်။ The Excellent တီးဝိုင်းက Sharp ခွဲထွက် လာသလို ရွက်စိမ်းက နောက်တော့ ရွက်သစ် ဖြစ်လာသည်။

ဂျက်မြသောင်းတို့က စက်တွေပါ ကိုယ်ပိုင် ထောင်ထား၍ မော်လမြိုင်မှာ အကြီးဆုံး တီးဝိုင်းဟုပင် ဆိုရမည်။ သူတို့ ၇၄၇ တီးဝိုင်းက နောက်တော့ 'ရွှေ' အဖြစ် အမည် ပြောင်းသည်။

The King, LPJ, Playboys, New Wave, The Aces, Success အစရှိသည့် ဝိုင်းကြီးတွေ ရန်ကုန်မှ ဆင်းလာတတ်သလို အပျော်တမ်းဝိုင်း သေးသေးလေးတွေကလည်း ရပ်ကွက်ထဲမှာ များစွာ ရှိနေကြ ပြန်သေးသည်။

(၁၃)

ဂျက်မြသောင်းက နော်လီဇာနှင့် တွဲပြီး အခွေ တစ်ခွေ ထွက်ထားမှုပြီးပြီ။ မော်လမြိုင်မှာ အသံအားကောင်းသူအဖြစ် နာမည်ကြီးနေပြီ။ သူတို့ကိုယ်ပိုင် 'ရွှေ' တီးဝိုင်းမှာ ပင်တိုင် သီဆို ဖျော်ဖြေသလို ယမင်းနှင့် မြို့လယ်ပုံနှိပ်တိုက်များက ကိုညီညီ၊ ကိုဖော်ဖော်တို့နှင့်လည်း ရင်းနှီးသည့်အတွက် Sharp ပွဲတွေမှာလည်း သီချင်းလာ ဆိုတတ်သည်။

ကိုညီညီတို့ အိမ်မှာပဲ 'ဒါ Sharp မှာ လိဒ်တီးမယ့် ကျော်မြင့်လွင်' ဟု ဂျက်မြသောင်းနှင့် မိတ်ဆက် ပေးခဲ့သည်။

ကျော်မြင့်လွင်က ပလေးဘွိုင်း သန်းနိုင်၏ 'ဆု' သီချင်းကို အင်ထရို၊ ဆိုလို၊ အဆအဆုံး သေသေချာချာ ကျွမ်းကျင် ပိုင်နိုင်စွာ တီးပြလိုက်ရာ၊ သီချင်းမဆုံးခင်မှာပင် ဂျက်မြသောင်းလည်း ပက်လက်ကုလားထိုင်မှ ထလာသည်။ သီချင်း ဆုံးတော့ လက်ချင်း ဆုပ်ကိုင်မိကြသည်။ ထိုအချိန်မှစ၍ သူတို့နှစ်ယောက် သိပ်ခင်သွားခဲ့ကြလေသည်။

(၁၄)

Sharp အဖွဲ့မှာ ကိုဝင်းဦးနှင့် ကျော်မြင့်လွင်၊ သျှပ်ကြီး၊ သျှပ်ကလေးတို့က လိဒ်နှင့် ဘေ့စ်ခွတီးကြရာ ဂျက်မြသောင်းက ဝိုင်းကူပြီး သီချင်း လာဆိုလျှင် သူကိုယ်တိုင်ပဲ ဒရမ် ဝင်တီးသည်။ မော်လမြိုင် ပရိတ်သတ်က ဂျက်မြသောင်းကို ကိုယ့် နယ်ထွက် အဆိုတော်အဖြစ် တစ်ခဲနက်ကြီး အားပေးတတ်ကြသည်။

ဂျက်မြသောင်းက သီချင်းလေးတွေလည်း သူ့ဘာသာ ရေးထားသည်။ သူ ရေးထားသမျှ ကျော်မြင့်လွင်ကို ပြလေ့ ရှိသည်။ တစ်ကြိမ်မှာ ရန်ကုန်မှ The Rays တီးဝိုင်း မော်လမြိုင်သို့ လာရောက်ဖျော်ဖြေဖို့ စီစဉ်ထားဆဲ။ ကန်ထရိုက်တာက မြို့ခံ အဆိုတော်အဖြစ် ဂျက်မြသောင်းကို တက်ပြီး သီဆိုပေးစေချင်သည်။ ဂျက်မြသောင်းက ပလေးဘွိုင်းသန်းနိုင်၏ 'အချစ်လေ' ဆိုမည်။ နောက်ပြီးတော့ သူကိုယ်တိုင် ရေးထားသော 'ဟုတ်တယ် ဟုတ်' သီချင်းလည်း ဆိုချင်သည်။

ဂျက်မြသောင်း၏ အသံအနေအထား၊ အဆိုအားအရ ရန်ကုန်တီးဝိုင်းမှာ ဝင်ဆိုဖို့အတွက် ဘာမျှ အခက်အခဲ မရှိ။ သို့သော် ရန်ကုန် တီးဝိုင်းမှာ သီချင်း အသစ် ဆိုဖို့ကျတော့ နုတ်စ်နှင့် အရိုန်းချိုမင် လုပ်ထားဖို့ လိုသည်။ ကျော်မြင့်လွင်က မဆိုင်းမတွပင်–

'နေဦး၊ စင်ပေါ် တီးလို့ ရအောင် ကျွန်တော် လုပ်ပေးမယ်' ဆိုပြီး ရမ်တွေ၊ ဘေ့စ်တွေအတွက် နုတ်စ်နှင့် အရိုန်းချိုမင် သေသေချာချာ လုပ်ပေးလိုက်သည်။ The Rays နှင့် တီးတော့ ဂျက်မြသောင်း၏ ထိုသီချင်းက မော်လမြိုင်တွင် အကြီးအကျယ်ပေါက်သွားသည်။

နောက်ပိုင်းမှာ တစ်နိုင်ငံလုံး အတိုင်းအတာ ရောက်အောင် ပျံ့နှံ့သွားခဲ့ပြန်သည်။

(၁၅)

ကျော်မြင့်လွင်က သူ ရေးထားသော သီချင်းတွေ ကိုဝင်းဦး တစ်ယောက်ကိုပဲ ပြခဲ့သည်။ အခြား သူတွေကို ပြလေ့ မရှိ။

စတီတ်မိုးတွေကျလျှင် သူ အဆို များတာက ဆလိုင်းသွဲအောင်၏ မြိုင်နှန်းစံ၊ ဝေးလွှင့်ခြင်းရဲ့ နောက်ဆုံး ခြေရာတွေ အစရှိသည့် သီချင်းများ ဖြစ်သည်။ တစ်ခါတလေကျတော့ သူ့ ကိုယ်ပိုင် သီချင်းလေးတွေကို ကြားညှပ်ပြီး ထည့်ဆိုတတ်သည်။

မော်လမြိုင်ဒီဂရီကောလိပ် ကျောင်းထဲမှာ ကိုဝင်းဦး၏ သူငယ်ချင်း ပဲခူးသားတွေ ရှိကြသည်။ ပုသိမ်မှာ ကျောင်းလာတက်သော ကျော်မြင့်လွင်၏ အသိတွေလည်း ရှိသည်။ သို့ဖြစ်၍ တီးဝိုင်းနားချိန် ကြားရက်များကျလျှင် ပရဝုဏ်ထဲက အဆောင်တွေမှာ ညဝိုင်း သီချင်း သွားဆို တီးတတ်သည်။ ထိုအခါမျိုးတွင် စိတ်ကူးကြုံလျှင် သူ့ကိုယ်ပိုင် သီချင်းတွေ ထည့်ဆိုသည်။

*'သူ ပန်ထားတဲ့ ပန်းနီနီ . . . နေရာ မှာ လေ ပါချင်သည်၊ ကြင်နာသူလေး လှပို့ အစွမ်းကုန် ကြိုးစားမည်၊ ရင်မှာ ဒီလောက် ချစ်ပါသည်၊ သူ ပျော်တာ အမြဲ တွေ့ချင်သည်၊ သူ့အပိုင်အဖြစ် အမြဲ ရှိနေတတ်ပြီ၊ ကျောင်းသွား ကျောင်းပြန် အချိန်မှန် အမြဲ စောင့်လို့ကြည့်သည်၊ သူ့မျက်ဝန်းနှင့် ဆုံရင် ရင်ခုန်သည်၊ သူ့အပြုံးလေး များ မြင်ရင် အပျော် လွန်ပြီး အိပ်မရတော့ပြီ၊ အိပ်ချစ်တဲ့ ...အကြောင်းကို ကဗျာတွေ ...ရေးမည်'*

(တစ်နေ့နေ့တော့ ချစ်လာလိမ့်မည်)

*'အိပ်မက်လေး ထဲ လာမှာ လား ကွယ်၊ လာနိုင်ပါတယ်၊ ပြန်လည် ထွက်မသွား နဲ့၊ ဒီ ရင်မှာ အမြဲတမ်း နေပါတော့ ကွယ်၊ ဒီ ရင်ဟာ မင်း အတွက် အလုံးမြဲ ဆုံးပဲ ကိုး . . . အချစ်ရေ . . . နိုး နိုး . . . ၊ မနိုးမသွား နဲ့ . . . နိုး နိုး၊ ခွင့်မပြုနိုင်ဘူး၊ ကိုယ် မငိုချင်လို့ပါ၊ ကိုယ် မငိုချင်ဘူး ကွယ်။'*

(ခွင့်မပြု)

ထိုသီချင်းတွေ အားလုံး မော်လမြိုင် ပရဝုဏ် အဆောင်ညများ၌ အကြိမ်ကြိမ် ပွဲတောင်း ခံခဲ့ရသည်။

ပဲခူးသား သူငယ်ချင်းတွေက အသံ သွင်းထားချင်သည် ဆို၍ ကက်ဆက်နှင့် သွင်းပေးထားခဲ့တာ တစ်ခွေစာပင် ရှိခဲ့သည်။ အချို့သီချင်းတွေက ယခုအချိန်အထိ ဘယ်သူမျှကို ပြန်မဆိုဖြစ်ကြသေး။ ကက်ဆက်ခွေ အဟောင်းလေးတွေထဲမှာ အိပ်စက်ဆဲပင် ရှိနေကြဦးမည်။

(၁၆)

တစ်ဖက်တွင် အပျော်သဘော သီချင်း ဆိုတီးတာ ဖြစ်သလို တစ်ဖက်ကလည်း သီချင်းတွေ ရောင်းဖို့ ဖြစ်နိုင်မလား ကြိုးစားကြည့်သည်။ နှစ်သက် သဘောကျ၍ ဝယ်ချင်သူလည်း ပေါ်လာသည်။

Sharp လို တီးဝိုင်းကြီးမှာ တီးနေရင်းကပင် အံ့အားသင့်ရော ကျော်မြင့်လွင်သည် သူ့ကိုယ်ပိုင် တီးဝိုင်းလေး တစ်ခုလောက် သီးသန့် လုပ်ဖို့ စိတ်ကူးအိပ်မက် မက်နေခဲ့ ဖြစ်သည်။

ရပ်ကွက်ထဲမှ လူငယ်များ ဖြစ်ကြသည့် စိုးငယ်၊ စိုးနိုင်၊ အဝင်း၊ ယဉ်သိန်း၊ ကျော်အေး စသည်တို့နှင့် ဂီတာကို အကြောင်းပြုကာ ရင်းနှီး ခင်မင်နေခဲ့သည်။ ညစဉ် ညတိုင်း အိမ်ရှေ့မှာ ဂီတာ သင်ပေးနေကျ လူငယ်တွေထဲမှာ စိုးငယ်ကို ရစ်သမ်၊ စိုးနိုင်ကို ဘေ့စ်၊ ညီငယ် အောင်အောင်ကို ဒရမ် တီးနိုင်အောင် သင်ကြား လေ့ကျင့် ပေးခဲ့သည်။

တစ်ခါကျတော့ မောင်ငံ ရပ်ကွက်၊ သုံးထပ်တိုက် ဆွမ်းကြီးလောင်းပွဲမှာ အရေးပေါ် တီးဝိုင်း လိုသည် ဆို၍ Rainbow Colour Eyes အမည်ဖြင့် တီးဝိုင်းလေး တစ်ဝိုင်း ကောက်ကာငင်ကာ ဖွဲ့လိုက်ကြသည်။

ဆွမ်းကြီးလောင်းပွဲအတွက် ပန်းနုရောင်ကို ငှားထားသည်။ သို့သော် ပန်းနုရောင်က အချိန်ပြည့် မတီးပေးနိုင်။ အခြား ရပ်ကွက် ပွဲတစ်ပွဲနှင့် တိုက်ဆိုင်နေခဲ့သည်။ သို့ဖြစ်၍ ပန်းနုရောင်နှင့် ပွဲစ၊ Rainbow Colour Eyes က ကြားဖြတ်။ ပြီးမှ ပန်းနုရောင်နှင့် ပြန်သိမ်းဖို့ စီစဉ်ကြသည်။

(၁၇)

Rainbow Colour Eyes ဝိုင်းကလေးမှာ လိဒ်ဂီတာသမား သံချောင်း ဆိုတာက ကျော်မြင့်လွင်ပဲ ဖြစ်သည်။

ဘေ့စ် စိုးနိုင်၊ ရစ်သမ် စိုးငယ်နှင့် ဒရမ် အောင်အောင် (အောင်မျိုးဟိန်း) တို့ တီးကြမည်။

ကျော်မြင့်လွင်၏ ညီငယ် အောင်အောင့်ကို ကြွက်နီ (အောင်ကျော်ဦး) က ပုသိမ်မှ လာလည်စဉ် ဒရမ်တီး သင်ပေးထားခဲ့သည်။ ကိုလေး (ကျော်မြင့်လွင်) ကလည်း သင်ပေးသည်။ ဂီတာဆိုတာ ကိုယ်ပိုင် ရှိကြသော်လည်း ဒရမ်ဆက်က အိမ်မှာ မရှိနိုင်။ အဲသည်တော့ အောင်အောင် ဒရမ်တီး ကျင့်တာ အိမ်မှ အိုးဖုံး၊ ခေါင်းအုံး ဘာမျှ မကျန်။ ညနေတိုင်း အိမ်မှာ ဂီတာဝိုင်းဖွဲ့ တီးကြလျှင် ခုံစားပွဲနှင့်သာ တီးရသည်။

Rainbow Colour Eyes တီးဝိုင်းကလေး အောင်မြင်စွာ ထွက်နိုင်ဖို့အတွက် ကန်သုံးကန်က အိမ်တစ်အိမ်၏ ကားဂိုဒေါင်ထဲမှာ သွားကျင့်ကြသည်။ ပုသိမ်မှာတုန်းကလိုပင် သီချင်း တစ်ပုဒ်ချင်း နုတ်စ်ထုတ်၊ ဟာမိုနီခွဲ အရှိန်းချဲ့မင့် လုပ်ပြီး လေ့ကျင့်ပေးသည်။ သီချင်းများကို ကျော်မြင့်လွင် စိတ်ကြိုက် အရှိန်းချဲ့မင့် ပြောင်းသည်။

ကျော်မြင့်လွင်နှင့် တီးဝိုင်း ကျင့်ရတာ မလွယ်။ အားလုံးက သူ့ လက်ရင်း တပည့်။ သူ့ ညီငယ် အရွယ်တွေမို့ အားမလို အားမရနှင့် အရမ်း ဆူပူသည်။

ကြွက်နီ (အောင်ကျော်ဦး) ပင် မော်လမြိုင် လာစဉ် ကျော်မြင့်လွင် ဆူပူကြိမ်းမောင်း ဆဲဆိုနေတာ တွေ့တော့ 'မင်းအစ်ကိုကွာ၊ ပုသိမ်မှာတုန်းက စကားတစ်လုံးတောင် မထွက်ခဲ့တာ အခုနဲ့တော့ တခြားစီပဲ' ဟု ဆိုသည်။

(၁၈)

ညဝိုင်းကျလျှင် တီးဝိုင်းက ထွက်ရတော့မည်။ တကယ် စက်တွေ ယူလာပြီ။ အောင်အောင်က ရမ်ဆက် ပေါ်မှာ နှစ်ခါပဲ ထိုင်ပြီး တီးမှုးသေးသည်။ ဒါလည်း ကိုလေး (ကျော်မြင့်လွင်) တို့ Sharp တီးဝိုင်း တိုက်စဉ် ထမင်းစားချိန် စောနားခိုက် ဝင်တီးကြည့်ထား နိုင်း၍ တီးမှုးခဲ့ခြင်း ဖြစ်သည်။

ယခု တီးဝိုင်းပစ္စည်းတွေ ဆင်၊ နမူးတွေ့ ဒူးတွေ့ ဒရမ်ဆက်ပေါ် ရောက်ပြီ။ သူတို့ လူငယ်တွေ အားလုံး လျှပ်စစ်ဂီတာ၊ စက်တွေ အပြည့်အစုံနှင့် ပထမဆုံး ထိတွေ့ရခြင်း ဖြစ်၍ ပျော်လည်း ပျော်၊ စိတ်လည်း လှုပ်ရှားစရာ။

ကိုလေး (ကျော်မြင့်လွင်) က Santanna အဖွဲ့၏ သီချင်း တစ်ပုဒ် ဆိုမည်။

ထိုသီချင်းက အရမ်း ခက်သည့် သီချင်း။ အရင်ကတည်းကတော့ စားပွဲခုံနှင့် အောင်အောင် ကျင့်ထားပြီးသား။ သို့သော် အခုဟာက ဒရမ်ဆက် ပေါ်မှာ ထိုင်ရတာ။ ဖင်ထိုင်ခုံနှင့်ပင် နေသား မကျသေး။ လက်ခြေ မထားတတ်သေး။

ကိုလေး (ကျော်မြင့်လွင်) က–

'မင်း ဘီရလား' ဟု မေးသည်။

'ဟုတ်ကဲ့' ဆိုတော့ တီး။

တီး၍ မရ။

ဆဲသည်။

မရလေ ဆဲလေ။ ဆဲလေ မရလေ။

သည်လိုနှင့် လုံးလည်ပတ်ချာ ရိုက်တော့သည်။ ပြန်ပြန်တီးတာ အကြိမ် နှစ်ဆယ်လောက် အထိ ဖြစ်သွားသည်။ ဒရမ်ဘီက မမှန်သေး။ အောင်အောင်ကား ချွေးတွေထွက်၊ ဒူးတုန်၊ ငိုလည်း ငိုချင်။ လူကလည်း ရှစ်တန်းကျောင်းသား ဘဝပဲ ရှိသေးသည်။

နောက်ဆုံးတော့ ကိုလေး (ကျော်မြင့်လွင်)က–

'ကဲ...ငါတို့ လက်ဖက်ရည်ဆိုင် သွားမယ်၊ မင်းဒီကနေ တီးထား၊ ငါတို့ ဟိုက နားထောင်နေမယ်၊ မှန်ပြီဆို လှမ်းရုပ်နိုင်းလိုက်မယ်' ဆိုပြီး ထွက်သွားသည်။

(၁၉)

အောင်အောင်ကတီးဖို့အပေါ်မရှိုးရုပ်လည်းမရုပ်ရဲတစ်ယောက်တည်းတီးပြီးကျန်နေခဲ့သည်။ အတော် ကြာအောင် တီးနေပြီးမှ စိတ်ကလွတ်လပ်သွားသည်။ အပေါ်မရှိဆိုတာထက် ဖိစီးမှု မရှိတော့ခြင်း ဖြစ်သည်။ ကိုယ့်ချွန်နှင့် ကိုယ်ဝင်စားပြီး တီးနေခဲ့ရာစောနေတော့ လက်ဖက်ရည်ဆိုင်က လူတစ်ယောက် ရောက်လာသည်။

မှန်ပြီလား၊ မမှန်သေး။ သူစားဖို့ စမူဆာ နှစ်ခု ပေးနိုင်း လိုက်၍ လာပေးခြင်းသာ ဖြစ်သည်။ သို့သော် အောင်အောင်ချော စမူဆာကိုပင် ယူမစားရဲ။ ဆက်၍သာ တီးနေခဲ့ရသည်။

ကိုလေး (ကျော်မြင့်လွင်) ပြန်လာတော့ ဆက်ဆွေ ဆက်ဆဲ ခံရသည်။ သို့သော် များစွာ တိုးတက် နီးစပ်သွားခဲ့ပြီ။ မုန်ကန် တည့်မတ် လာအောင် နည်းလမ်းလည်း ပြပေးသည်။ သင်ပြသည့် ကြားမှ မရလျှင်တော့ ဆဲဆူခံရို့သာ ပြင်ပေတော့။ နိုးနိုင်၊ နိုးငယ်တို့ ဂီတာသမားတွေ၏ မျက်နှာလည်း သွေးတစ်စက်မျှ မရှိကြတော့ပြီ။ ခရမ် အလှည့် ပြီးလျှင် သူတို့ အလှည့် ရောက်တော့မည်။

တကယ်ပဲ သူတို့လည်းစရော ဆူဆဲခံရတော့သည်။ နေ့တစ်ဝက်လောက်က ကျော်မြင့်လွင် ဆူဆဲတာနှင့်ပင် ကုန်ဆုံး သွားခဲ့သည်။ သို့သော် နေလည်ပိုင်းကျ တဖြည်းဖြည်းချင်း လက်မှန် သွားသည်။

ဤသို့ဖြင့် ညပိုင်း တီးဝိုင်း ဖျော်ဖြေပွဲမှာ အထစ်အငေါ့ မရှိ အဆင်ပြေ သွားခဲ့ရလေသည်။

တစ်ခါတလေကျတော့ အပြင်းအထန် လေ့ကျင့် မောင်းနှင်လိုက်မှ အတွင်းအားတွေ ထွက်လာတတ်တာ သူတို့ တစ်ဖွဲ့လုံး သိလိုက်ရလေသည်။

(၂၀)

ကျော်မြင့်လွင်တို့ ဝိုင်းကလေးမှာ မိန်းကလေး အဆိုရှင် မရှိသေး။

ညီမ ခင်မိုးစိုးကို 'မိုး၊ နင်သီချင်းဆိုပါလား' ဟု ဆိုသည်။ ခင်မိုးစိုးက ဘာသီချင်းမျှ မဆိုခဲ့ဖူး။ သို့သော် 'နင် ဆိုမယ်ဆို ဖြစ်တယ်။' လုပ်သေးသည်။ သို့သော် တကယ်တမ်းကျ မဆိုဖြစ်။

တီးဝိုင်း အဖွဲ့သားတွေကို ကျော်မြင့်လွင်က ဆူဆဲတာ ကရုဏာဒေါသနှင့်မှန်း သူတို့ နားလည်ကြသည်။ သူတို့လေးတွေ တွေ့ရှိယာ စက်ပစ္စည်း အစုံအလင်နှင့် အထိအတွေ့ နည်းတာကိုလည်း ကျော်မြင့်လွင် သိသည်။

'မဖြစ်သေးပါဘူးကွာ၊ စက်အစုံနဲ့ ကျင့်ထားမှ ဖြစ်မှာပါ' ဆိုပြီး တစ်လ တစ်ခါလောက်တော့ ပိုက်ဆံ စု၍ တီးဝိုင်း ရှိရှိ၊ မရှိရှိ ပစ္စည်းတွေ ငှားပြီး ကျင့်ကြသည်။

ဤသို့ဖြင့် ကျော်မြင့်လွင်၏ Rainbow Colour Eyes ရုပ်ကွက် တီးဝိုင်းကလေး အောင်မြင်စွာဖြင့် မွေးဖွား လာခဲ့တော့သည်။

(၂၁)

သက်တမ်း နှစ်နှစ်ခန့် ကြာအောင် အဆို၊ အတီးတွေ လေ့ကျင့်ခဲ့ကြသည့် အဆိုပါ တီးဝိုင်းကလေးသည် နောက်ပိုင်းကျတော့ 'ပန်းသီး' ဟု အမည်ပြောင်း ဖြစ်သည်။

သူတို့ တီးဝိုင်းကလေးက စင်ပေါ်တက် ဖျော်ဖြေတာထက် ကျင့်တာ၊ တိုက်တာ သိပ်များသည်။ 'ပန်းသီး'ကို သူတို့ ရုပ်ကွက်ထဲတင်မက အခြား ရုပ်ကွက်တွေကလည်း လာငှားကြသည်။ တစ်ခေါက်ဆိုလျှင် မုံရွာအထိကို သွားတီးရသေးသည်။ တီးဝိုင်း သက်တမ်း အတန် လာရသောအခါ တီးဝိုင်းမှာ ကိုယ်ပိုင် သီချင်းလေး တစ်ပုဒ် ရှိသင့်သည် ဟု ဝိုင်းတော်သားတွေက ပူဆာကြသည်။

ထိုအခါ ကျော်မြင့်လွင်က–

*'လာပြီ၊*

*ဂီတာ လွှမ်းတာ တီးပါ၊*

*လာပြီ၊ လာပြီ၊ လာပြီ၊*

*ပန်းသီး တီးဝိုင်းလေး*

*လာပြီ'* ဆိုသည့် ရော့ခ်အန်ရိုးလ်ပုံစံ သီချင်းလေး တစ်ပုဒ် ရေးဖွဲ့ ပေးခဲ့သည်။

(၂၂)

ကျော်မြင့်လွင်သည် 'ပန်းသီး' နှင့် Sharp မှာ တီးနေသလို မော်လမြိုင်မြို့ထဲက အခြားသော အပေါင်းအသင်းများ၏ တီးဝိုင်းတွေမှာလည်း လိုလျှင်လိုသလို လီဒ်၊ ဘေ့စ်၊ ဒရမ်များ သွားရောက်ကူညီ တီးပေးလေ့ရှိသည်။

Sharp တီးဝိုင်း၏ သျှပ်ကြီး၊ သျှပ်ကလေးအဖြစ် ဝင်းဦးနှင့် ကျော်မြင့်လွင် တတွဲတွဲဖြစ်ကြသလို ဂျက်မြသောင်းနှင့်လည်း ကျော်မြင့်လွင် တွဲမိသည်။

ဂျက်မြသောင်းက ညနေ ညနေဆို နေ့တိုင်း နီးပါး ကျော်မြင့်လွင်ဆီ သာဖြစ်သည်။ ဂျက်မြသောင်းက သီချင်းကြမ်းလေးတွေ ယူလာသဖြင့် နှစ်ယောက် ပေါင်းပြီး အချောကိုင်ကြသည်။ ပြီးတော့ သူတို့ နှစ်ယောက် တီးဝိုင်းစုံ သွားပြီး ဂျက်မြသောင်းက သီချင်း ဆို၊ ကျော်မြင့်လွင်က ဒရမ် တီးလေ့ ရှိသည်။

(၂၃)

တစ်ခါကျတော့ ဂျက်မြသောင်း၏ တစ်ကိုယ်တော် ဖျော်ဖြေပွဲ တစ်ခု ဘားအံဘက်မှာ ရှိုးပွဲ လုပ်ဖို့ စီစဉ်ကြသည်။ ရန်ကုန်က စောတွဲ့မှူးကို ခေါ်ပြီး လီဒ်ဂီတာ တီးခိုင်းမည်။ ဝင်းဦးက စတြင်းလီဒ်။ ကျော်မြင့်လွင်က ဘေ့စ်တီးဖို့ စဉ်းစား ထားကြသည်။ သို့သော် ထိုရှိုးပွဲမှာ အကြောင်း မညီညွတ်၍ မလုပ်ဖြစ်ခဲ့ချေ။

စောတွဲ့မှူးကတော့ မော်လမြိုင် အီဘာနီဇာ ဘုရားရှိခိုးကျောင်းမှာ ဓမ္မသီချင်းများ တီးဖို့ ရောက်လာသည်။ သူတို့ တလေးတစား သွားတွေ့ကြသည်။ စောတွဲ့မှူးက ဟိတ်ဟန် အဆို အပေါ်ယံ ဟန်ပန် အမူရာ မရှိ။ ဖော်ဖော်ရွေရွေ ခင်ခင်မင်မင်။

ကျော်မြင့်လွင်က သူ့ သီချင်းသမ္ဘ ဂီတအကြောင်းတွေ မေးသည်။ သီအိုရီပိုင်းတွေ၊ တက်ခနိတွေ အကြောင်း။ စောတွဲ့မှူးကလည်း သူ့ သိသမျှ စိတ်ရှည်လက်ရှည် ရှင်းပြသည်။ အော်ခက်စတာရေးရှင်း လုပ်ပုံတွေကအစ အသေးစိတ် မေးတော့ စောတွဲ့မှူးက ကျော်မြင့်လွင်ကို သိပ်သဘောကျ သွားသည်။

သူနှင့်အတူ သုံးနှစ် လိုက်နေဖို့ ခေါ်သည်။ သူ့ သိသမျှ တတ်သမျှ ဂီတပညာ အားလုံး ကျော်မြင့်လွင်ကို ပုံအောပြီး သင်ပေးမည်ဟု ဆိုလေသည်။ ကျော်မြင့်လွင်က မလိုက်ဖြစ်သော်လည်း စောတွဲ့မှူး ရင်ထဲက စကားလုံးကို လိုက်လိုက်လှဲလှဲ ပြောခြင်း ဖြစ်ကြောင်း နားလည်နေခဲ့သည်။

# အခန်း (၁၁)
# ဆရာ ဦးအောင်မိုး

(၁)

တစ်ရက်တော့ ကျော်မြင့်လွင် ဘာ စိတ်ကူး ပေါက်သည် မသိ။

'ကိုဝင်းဦး၊ ကျွန်တော် မြူးဇစ် သင်ချင်တယ်ဗျာ၊ ခင်ဗျားလည်း အဖော် လိုက်ခဲ့ပါလား' ဟု ဆိုင်းမဆင့် စုံမပါဆိုသည်။

'ဟကောင်၊ မင်းက မြူးဇစ် သင်ချင်သေးတာလား၊ ဘယ်သူ့ဆီ သွားသင်မှာလဲ၊ ဘယ်အထိ သွားသင်မှာလဲ၊ မင်းကိုရော ဘယ်သူက သင်ပေးဦးမှာတဲ့လဲ' ဟု ကိုဝင်းဦးက မေးမိသည်။

ကိုဝင်းဦး နားလည်သလောက် မော်လမြိုင်မှာတော့ ကျော်မြင့်လွင်ကို သင်ပေးနိုင်လောက်အောင် မြူးဇစ် တတ်ကျွမ်းသူ မရှိ။ ကျော်မြင့်လွင် ကိုယ်တိုင် ဆရာ တစ်ဆူဟုပင် ဆိုရမည်။ ဒါပေမယ့် ကျော်မြင့်လွင်က–

'ဒီလိုဗျာ၊ ဆရာ ဖရန်းစစ္စဆိုတာ ခင်ဗျား ကြားဖူးလား'

အဲဒီတော့မှ ကိုဝင်းဦး သတိရသွားသည်။

'အေး၊ ဟုတ်ပြီ၊ ဟုတ်ပြီ၊ ကြားဖူးတယ်၊ သူကလည်း နာမည်ကြီးပဲနော်၊ မင်းနဲ့ ဖြစ်ပါ့မလား'

'မဖြစ်စရာ မရှိပါဘူးဗျာ၊ ခိုင်ယက်တို့လည်း ဆရာ ဖရန်းစစ္စဆီမှာ သင်ဖူးတယ်။ ဆရာ သင်တာတွေက မြင့်နေလို့သာ လူတွေ လိုက်မမီတာ ဖြစ်မှာပါ၊ သွားကြည့်ရအောင်ဗျာ' ဟု အဖော် စပ်လေသည်။

(၂)

ကိုဝင်းဦးက ဦးအောင်မိုး ခေါ် ဆရာ ဖရန်းစစ္စ ဂီတ ကျွမ်းကျင်တာ ကြားဖူးသည်။ ဦးအောင်မိုးသည် ငယ်ငယ်ကတည်းက မိဘများ၏ ဗိုလ်ဆောင်မှုဖြင့် ဂီတနှင့် ရင်းနှီးလာခဲ့သူ။ စစ်မှုထမ်းဟောင်း တစ်ဦးဟုလည်း အချို့က ဆိုသည်။ နောက်တော့ ယစ်မျိုးဘက်မှာ အလုပ် လုပ်ခဲ့သေးကြောင်း သိရသည်။

ပင်စင် ယူပြီးသောအခါ ကလေးတွေကို အင်္ဂလိပ်စာ သင်ပေးသည်။ မော်လမြိုင်မှာ ဂီတ အသိုင်းအဝိုင်းနှင့် ရောရောနှောနှော မနေသော်လည်း ဂီတ အသိုင်းအဝိုင်းက လေးစားရသူ အဖြစ် လူတွေ အားလုံး သိကြသည်။

သူက အိုရီယင့်တဲလ် နုတ်စ် မသင်။ ပတ်ကား နုတ်စ်ပဲ သင်သည်။ သဘောအနော အေးဆေးသူ ဖြစ်သည်။ သို့သော် ဂီတနှင့် ပတ်သက် လာလျှင် မာနကြီးသူဟုလည်း ဆိုကြသည်။ သူ့ဆီမှာ မြူးဇစ် သွားသင်ကြသူ အများစုတို့ Sight reading အဆင့်မှာတင် ပြန်လန် ကျလာကြတာ များသည်။

ကျော်မြင့်လွင် ကိုယ်တိုင်ကလည်း မာန ခပ်ကြီးကြီးဖို့ နှစ်ယောက် အပေါက်အလမ်း တည့်ဖို့ ခဲယဥ်း၍ 'ဖြစ်ပါ့မလား' ဟု ကိုဝင်းဦး မေးကြည့်ခြင်းဖြစ်သည်။ သို့သော် ကျော်မြင့်လွင်က တအားကိုပဲ စိတ်အားထက်သန် နေသည်။ မဖြစ်ကလှ မဖြစ်ရော။ သွားတော့ ကြည့်မည်ဟု ဆိုသည်။

'ကျွန်တော့် ဘာသာ ပြန်စဉ်းစားတိုင်း ပညာ မစုံသေးသလိုပဲ စိတ်ထဲမှာ ဖြစ်နေတယ်။ ပညာ စုံဖို့ ဆိုရင် ဆရာ လိုတယ်'

'ဟာကွာ၊ ပညာကတော့ စုံသွားပြီလို့ ဘယ်ရှိမလဲ'

'အေးလေဗျာ၊ ပြောပြီးပြီပဲ။ အဲဒါကြောင့်လည်း ဆရာ ရှာနေရတာပေါ့'

(၃)

သည်လိုနှင့် သူတို့နှစ်ယောက်သား ဆရာ ကေစီ ဖရုန်းစွေဆီ ရောက်သွားဖြစ်ကြသည်။

မုဒုံဘက် အထွက်လမ်း ကုန်းထိပ် ပေါ်မှာ ဆရာ ဦးအောင်စိုးတို့ အိမ် ရှိသည်။ မော်လမြိုင် ကောလိပ် ကျောင်းနောက်က တစ်ကွေ့ တက်သွားလျှင် နီးနီးလေးနှင့် လမ်းသာသည်။ အိမ်ကလေးက လုံချင်း ထရံကာ ခပ်ငယ်ငယ် ဖြစ်သော်လည်း သပ်သပ်ရပ်ရပ်။ ခြံဝင်းကလေးမှာလည်း သာသာယာယာ။ မွေ့လျော်ချင်စရာ ကျောင်းသင်ခန်းနှင့်ပင် တူသေးသည်။ အိမ်နား နီးလာတော့ တယောထိုးသံကို အရင် ကြားရသည်။

ဦးအောင်စိုးကို တွေ့တော့ စိတ်ထဲ ကြိုတင် မှန်းထားသည့် ပုံစံနှင့် မတူ။

အရပ် ထောင်ထောင်မောင်းမောင်း၊ ဗလ ကောင်းကောင်းနှင့် ရုတ်တရက်ဆို ဂီတသမားပုံ မပေါက်။ ဖြူကြောင်စ ဆံပင်ကို ခပ်တိုတို ညှပ်ထားသည်။ စစ်မှုထမ်းဟောင်း တစ်ဦး၏ အငွေ့အသက် မပြယ်သေးသလို ယစ်မျိုး ဝန်ထမ်း ပုံစံ ပေါက်နေသေးသည်။

သူတို့ကို ဇိနပ်ချွတ်မှာ လှမ်းမြင်၍ တယောကို ညင်သာစွာ အသာချပြီး–

'ဘာလာ လုပ်ကြတာလဲ' ဟု အသံ ဩဇာ ကောင်းကောင်းနှင့် ရှင်းပြတ်စွာ လှမ်းမေးသည်။

'ဆရာ့ဆီ လာတာပါ'

'ကျွန်တော့်ကို ဆရာ မခေါ်ပါနဲ့၊ ကျွန်တော် ဘာမှ မသင်ရသေးတဲ့ ခင်ဗျားတို့က ကျွန်တော့် တပည့်တွေလည်း မဟုတ်ဘူး'

(၄)

တွေ့တာတော့ တွေ့ကြပြီ။

ကိုဝင်းဦး စိတ်တွေ လေပြီး ရင်ထဲ တုန်သွားသည်။ ကျော်မြင့်လွင်ကလည်း စိတ်မြန်သူ၊ နှစ်ယောက်သား ဘုတောက်များ ဖြစ်ကြတော့မှာလား။ ကိုဝင်းဦး စိတ်ပူမိသေးသည်။ သို့သော် ဦးအောင်စိုး

အပြောက စကားလုံးများနှင့်သာ အဝင် မခြောင်တာ။ အတွင်းထဲရှိ စိတ်နှလုံးက အဖြူထည်။ ရွေးတွေးနေမှန်း အသံအရ သိသာသည်။

ဂီတာ သင်ချင်၍ လာကြကြောင်း ပြောပြတော့—

'ဂီတာ အတီးသင်တာ ဆိုရင်တော့ မစဉ်းစားဘဲ စောစောပြန်တာ ကောင်းလိမ့်မယ်၊ ကျွန်တော်က ဂီတာ သင်တန်း မပေးဘူး' ဟု ဆိုသည်။

စကားပြော မှားသွားမှန်း ချက်ချင်းပဲ သူတို့ သိလိုက်ကြသည်။ မြူးစစ် သင်ချင်၍ လာခြင်း ဖြစ်ကြောင်း စကားပြင် ပြောသော်လည်း ချက်ချင်း လက်မခံ။

'အင်း။ မြူးစစ် သင်ချင်လို့ ဆိုပြီး လာကြတာလည်း များပါပြီ။ ဒါမျိုးတွေ တွေ့ခဲ့ရတာ ငြီးနေပြီ။ ကျွန်တော်လည်း အသက် ကြီးပြီ။ ဒါတွေ မလုပ်ချင်တော့ဘူး။ အေးလေ . . ကျွန်တော့်ဆီမှာ ကြာကြာတော့ ဘယ်သူမှလည်း မခံပါဘူး' ဟု ရယ်မောပေါ့ပါးစွာ ဆိုသည်။

ခါးခါးသီးသီး ငြင်းဆန် လွှတ်တာ မဟုတ်၍ အတန်ငယ် အားတက် လာပြီး စကားမပြည် ပြောဖြစ်ကြသည်။ ဦးအောင်နိုးက စကားပြောရင်းသင် ပင်ကို နူးညံ့သော သဘော သဘာဝတွေ ပေါ်လာသည်။

စကား ပြောလျှင် 'ကျွန်တော်' နှင့် 'ခင်ဗျား' တို့ ဆိုပြီး ပြောတာကိုက အသက်အရွယ် အဆမတန် ကွာခြားသော်လည်း ငယ်သူကို လေးစားတတ်သည့် စိတ်ထား ရှိနေတာ ပေါ်လွင်သည်။

'ကျွန်တော်က နုတ်စ်မှာ ဝမ်း၊ တူး၊ သရီး၊ ဖိုး မတတ်ဘူး။ မသင် ပေးချင်လို့ မဟုတ်ဘူးနော်။ ကျွန်တော် မတတ်လို့ မသင်ပေးနိုင်တာပါ။ အင်းလေ၊ အင်တာနေရှင်နယ် နုတ်စ် သင်ချင်တယ် ဆိုရင်တော့ တစ်မျိုးပေါ့' ဟု ဆိုသည်။

ထိုအခြေခံတွင် သဘော တူညီမှု ရသွားသယောင် ရှိသော်လည်း ဦးအောင်နိုးက လက်ခံလိုက်ခြင်း မဟုတ်သေး။ ဘယ်က လာသည်၊ ဘယ်မှာ နေသည်၊ မိဘတွေက ဘယ်သူဘယ်ဝါ။ ဘာအလုပ်တွေ လုပ်ကိုင်ကြသည် ဆိုတာ အားလုံး စေ့စေ့ပေါက်ပေါက် မေးမြန်း စုံစမ်းသည်။ သူ့အနေနှင့် လူတစ်ယောက်၏ နောက်ခံကိုပါ သိထားပြီးမှ လက်ခံချင်သည်။ ကျော်မြင့်လွင်၏ ဘကြီး တစ်ယောက်က ယစ်မျိုးဘက်မှာ အလုပ် လုပ်မှု၍ ဦးအောင်နိုးနှင့် သိကျွမ်းခဲ့တာကလည်း အဆင်ပြေသွားစေခဲ့သည်။

(၅)

ဤသို့ဖြင့် ကိုဝင်ဦးနှင့် ကျော်မြင့်လွင်တို့ ဦးအောင်နိုး၏ ဂီတ တပည့်များ ဖြစ်သွားကြလေသည်။

ဦးအောင်နိုးက ပီယာနို သင်ခန်းစာမှ အကျော်ဒ် သဘော လေ့ကျင့်ခန်းတွေ ချပေးသည်။ သူက တယောနှင့် ပြီး ဂီတာနှင့် လိုက်တီးရသည်။

အိမ်ကလေးထဲမှာ စာအုပ်တွေက အများကြီး။ အများစုက အနုပညာနှင့် ဂီတ စာအုပ်တွေပဲ ဖြစ်သည်။

လေ့ကျင့်ခန်းတွေက တစ်ခုပြီး တစ်ခု၊ တစ်ဆင့်ပြီး တစ်ဆင့် ပို၍ ပို၍ ခက်လာသည်။ အပင်ပန်းခံပြီး ကြိုးစား အားထုတ်ပြီးမှ မှတ်သား လေ့ကျင့် ယူရသည်။

ကိုဝင်းဦးနှင့် ကျော်မြင့်လွင်တို့ နှစ်ယောက်စလုံး အင်တာနေရှင်နယ် နုတ်စ် အခြေခံ ရှိထားပြီး ဂီတ အခြေခံ သဘောတရားများကို သိကြသည်။ ထိုစဉ်က ကျော်မြင့်လွင်သည် အရွယ် သက်တမ်း နုသေး၍ sight reading မှာ ကိုဝင်းဦးလောက် မကျွမ်းကျင်သေးတာဘဲ ရှိခဲ့သည်။

သို့သော် ဦးအောင်စိုးထံမှာ သူတို့ ကိုယ်ကို သူတို့ တပည့်များအဖြစ် အပ်နှံခဲ့ကြပြီးသည့် နောက်ပိုင်းတွင် ကိုဝင်းဦးက အလာ မမှန်။ မရောက် တစ်လှည့် ရောက်တစ်လှည့် ဆိုသလို ဖြစ်ခဲ့သည်။ ကျော်မြင့်လွင်ကတော့ တစ်ရက်ဆို တစ်ရက်မျှပင် လုံးဝ မပျက်ကွက်။

မှန်မှန်ကြီး သွားရောက်ပြီး ပညာယူသည့်အတွက် လူတကာ လိုက်ရှာနေကြသည့် ရတနာသိုက် မြေပုံ၊ ပျောက်ဆုံးနေသော သိုင်းကျမ်းကို တွေ့လိုက်ရသည့်အလား ဂီတ သီအိုရီပိုင်းတွင် နဂိုကနှင့် အခြေအနေတွေ များစွာ ကွာခြား တိုးတက် သွားခဲ့လေတော့သည်။

(၆)

ကျော်မြင့်လွင်သည် ဦးအောင်စိုးထံ၌ Rudiments of music မှ စ၍ အခြေခံကျကျ၊ အမြစ်နိုင်နိုင် သင်ယူခွင့် ရခဲ့သည်။ အထူးသဖြင့် မြူးစစ် သီအိုရီပိုင်းကို အသားပေး၍ လေ့လာခဲ့သည်။ ဟာမိုနီ Counter point နှင့် Music composition အပိုင်းတို့ကိုလည်း အသေးစိတ် နားလည်အောင် ထိုးထွင်း ကြည့်ခွင့် ရရှိခဲ့လေသည်။

ထိုကာလ တစ်လျှောက်လုံးတွင် ကျော်မြင့်လွင်သည် ဂီတ၌ နက်ရှိုင်းစွာ မွေ့လျော် အသက် ရှင်ရသည် ဖြစ်၍ သူ၏ သွေးသား လှည့်ပတ် စီးဆင်းမှု အားလုံး လန်းဆန်း နေခဲ့သည်။

အိပ်ရာမှ စောစောစီးစီး မနက် ၆ နာရီလောက်တွင် ထ၊ မျက်နှာသစ်၊ နံနက်စာ စားပြီးသည်နှင့် ဂီတာကို ကောက်ကိုင်သည်။ ဦးအောင်စိုး ပေးထားသည့် အိမ်စာ တစ်နေ့တာ ဆောင်ရွက်ရမည့် လေ့ကျင့်ခန်းများကို သပ်သပ်ရပ်ရပ် တီးခတ်နိုင်သည်အထိ ပြီးစီးအောင် လေ့ကျင့်။ ပြီးသည်နှင့် ဦးအောင်စိုး အိမ်သို့ လမ်းလျှောက် ထွက်လာခဲ့တော့သည်။ တစ်ခါတလေ အိမ်ကနေ ထမင်းဗူးပင် အပြီး ထည့်သွား တတ်သည်။

(၇)

ကျော်မြင့်လွင် လျှောက်ရသည့် ခရီးက သုံးမိုင်ခန့် ဝေးသည်။ သို့သော် ကျော်မြင့်လွင်က မညည်းမညူ။ လမ်းတစ်လျှောက်မှာ မော်တော်ကား၊ စက်ဘီးများ အသွားအလာ ရှင်းလင်းသည့် နေရာတွေသာ များသောကြောင့် ပါလာသည့် မြူးစစ်စာအုပ်များကို ထုတ်ပြီး ဖတ်ရင်း လမ်းလျှောက် တတ်သည်။

စာဖတ်ရင်း လမ်းလျှောက်နေသည့် မျက်မှန်ထူထူနှင့် လူငယ်လေးကို တွေ့မြင်ရသူတွေက အံ့အားသင့်ပြီး ကြည့်မိကြသည်။ အထူးအဆန်းသဖွယ် သဘောကျပြီး ပြုံးမိသူတို့သည် ပြုံးခဲ့ကြသည်။ စာဖတ်ရတာ အဆင်မပြေသော လမ်းနေရာတွေ ကျလျှင် စာအုပ်ကို လွယ်အိတ်ထဲ ပြန်ထည့်။ Notation များကို ပါးစပ်ဖြင့် ဂါထာ မန်းမှုတ်သလိုမျိုး လေ့ကျင့်ရင်း လမ်းလျှောက်သည်။ သို့မဟုတ်ပါကလည်း ဦးအောင်နိုး သင်ပေးထားသမျှ ဂီတ သင်ခန်းစာများကို စိတ်ကူး မျက်စိဖြင့် ပြန်လည် ပုံဖော် မြင်ကြည့်ရင်း လမ်းကို လျှောက်ခဲ့သည်။

ဂီတတိုင်းသည် အသံ ကြားရသည် မဟုတ်။ တိတ်ဆိတ်သော ဂီတသံက စိတ်ကူး နားထဲမှာ ရှိသည် ဆိုတာ ယခင်ကပင် ကျော်မြင့်လွင် သိသည်။ ယခု သိပုံက ပိုပြီးတော့ ထင်ထင်ရှားရှား ပိုပြီးတော့ ပိုင်ပိုင်နိုင်နိုင် ပီပီပြင်ပြင် လက်ဆုပ်လက်ကိုင် ရှိလာခဲ့ခြင်း ဖြစ်သည်။

ဦးအောင်နိုး အိမ်ရောက်သည်နှင့် ဂီတကြွက်သား သန်မာရေး လေ့ကျင့်ခန်းများ စတင်တော့သည်။ သူတို့ နှစ်ယောက် ပြောသမျှ စကားက ဂီတစကားသာ ဖြစ်သည်။ ယမန်နေ့က သင်ယူခဲ့သမျှ လေ့ကျင့်ခန်းများကို ပြန်လည် တီးခတ် ပြရသည်။ ဦးအောင်နိုးက နားထောင် ဆန်းစစ်ပြီး ပြန်လည် ဆွေးနွေးသည်။ ထို့နောက် သင်ခန်းစာ အသစ်များ လမ်းပြသွန်သင်။ လေ့ကျင့်ခန်း အသစ်များ ချပေးသမျှ ယူဆောင်ပြီး အိမ်သို့ လမ်းလျှောက် ပြန်လာသည်။

ကျော်မြင့်လွင်၏ အိမ်အပြန် လမ်းတစ်လျှောက်မှာလည်း ယနေ့ တစ်နေ့တာ သင်ယူ ရရှိလာခဲ့သည့် ပူပူနွေးနွေး သင်ခန်းစာများ နှုတ်တက်ရွရွ ရွတ်ဆို၊ သို့မဟုတ်လျှင်လည်း စိတ်ကူးဖြင့် ပြန်လည် ပုံဖော်၍ လေ့ကျင့် လာခဲ့သည်။

အိမ်ရောက်၍ လုပ်စရာ မရှိလျှင် ဂီတ သင်ခန်းစာများ လေ့ကျင့်မည်။ လုပ်စရာ ရှိလျှင် မြန်မြန် ပြီးစီးအောင် လုပ်ကိုင်မည်။ အပြင် ထွက်လုပ်မှ ပြီးမည့် အလုပ်ဆိုလျှင်လည်း ထွက်ပြီး အပြီးဖြတ် လုပ်ကိုင်သည်။ ပြန်လာလျှင် ဂီတ သင်ခန်းစာများကို ညနက်ခံပြီး အထပ်ထပ် အပြန်ပြန် လေ့ကျင့်လေတော့သည်။

(၈)

ဂီတနှင့် ပတ်သက် လာလျှင် ကျော်မြင့်လွင်မှာ အချိန် ဖြုန်းစရာ လုံးဝ မရှိ။ အချိန်ကို လုံးဝ အဖြုန်းတီး မခံ။ သူ့ဘဝကို ဂီတ လေ့ကျင့်ခန်းနှင့် သင်ခန်းစာတွေထဲမှာပဲ အပြီးအပိုင် နှစ်ထားခဲ့သည်။

အထပ်ထပ် လေ့ကျင့်ခြင်းသည် အဘက်ဘက်က ပြောစရာ မရှိသည့် ခြောက်ပြစ်ကင်း ဘဝသို့ ရောက်ရှိစေသည် ဆိုသော စကား ရှိထားသည်။ မိုးနှာမှ သံကောင်းသည်။ သံကောင်းမှ ပေါက်စပြီ ဖြစ်သည်။ ပညာ၏ လမ်းသည် ကောက်ကွေ့လှသည်။ အပင်ပန်း အဆင်းရဲ ခံရသဖြင့် ပညာ၏ အမြစ်က ခါးလှသည်ဟု ဆိုကြသည်။ မှန်ပါသည်။ သို့သော် ပညာ၏ အသီးအပွင့်ကလည်း ချိုမြိန်လှတာ မည်သူမျှ မငြင်းနိုင်။

ဤသို့ဖြင့် တော်တန်ရုံလူ ကျော်ဖြတ်နိုင်ဖို့ ခဲယဉ်းသည့် ဦးအောင်စိုး၏ ခက်ခဲနက်နဲလှသော ဂီတ သင်ခန်းစာများ အကြားတွင် အစွမ်းကုန် အားထုတ် ကြိုးပမ်းသူ ကျော်မြင့်လွင် တစ်ယောက် အပြောင်းလဲကြီး ပြောင်းလဲ သွားခဲ့သည်။

ဦးအောင်စိုး၏ တပည့်များထဲမှ အထူးချွန်ဆုံး၊ ဦးအောင်စိုး စိတ်တိုင်း အကျဆုံး၊ အကြောင်း တိုက်ဆိုင် လာတိုင်း ထုတ်ဖော်၍ ချီးကျူးရသည့် တပည့်တစ်ဦး ဖြစ်လာခဲ့သည်မှာ အဆန်း မဟုတ်ခဲ့ပါချေ။ အာရုံ စူးစိုက် အပင်ပန်း အဆင်းရဲခံပြီး ခက်ခက်ခဲခဲ ရယူခဲ့ရခြင်း ဖြစ်သည်။ အိပ်ရေးပျက် ညများစွာတို့ကို စတေး ပေးဆပ်ခဲ့ရသည်။

'မအိပ်မနေ အသက်ရှည်' ဆိုသည့် ရှေးဆိုရိုး စကား ရှိခဲ့သည်။ ဗုဒ္ဓဘာကျောင်းတော်၏ နဂါးနိုင်မင်း လက်သုံးပြုခဲ့သော စကား ဖြစ်သည်။ ကျော်မြင့်လွင်လည်း မအိပ်မနေ ကြိုးစားခဲ့သဖြင့် သူ၏ ဂီတ အသက်ရှည်ခဲ့သည်။ သူ၏ ဂီတ မသေဆေးကိုပင် ရှာနိုး မသိ သူ ရရှိခဲ့သည်ဟု ဆိုရချိမ့်မည်။

(၉)

ဦးအောင်စိုး၏ ထူးခြားချက်မှာ သူ့တပည့်များက သူ့ကို 'ဆရာ' ဟု ခေါ်ခြင်းအား (ခြွင်းချက် အနည်းငယ်မှ အပ) ဘယ်သောအခါမျှ လက်မခံခဲ့ခြင်း ဖြစ်သည်။

သူ့အယူအဆမှာ သူသည် ဆရာ (Teacher) မဟုတ်။ ရှေ့ဆောင် လမ်းပြသူ (Mentor) တစ်ဦးသာ ဖြစ်သည်။ သူ၏ အကြောင်းပြချက်မှာ တပည့်များကို သင်ကြား ပြသ ပေးရာတွင် သူ အသုံးပြုသည့် သင်ခန်းစာ courses များမှာ သူ ဖန်တီး ပြုစုထားသည့် သူ၏ ကိုယ်ပိုင် မဟုတ်။ ကမ္ဘာကျော် ဆရာ ဆရာကြီးများ၏ လက်ရာများသာ ဖြစ်သည်။ ထို့ကြောင့် ဆရာ အစစ်သည် သူမဟုတ်။ အဆိုပါ Music courses များ၏ မူလပထမ လက်ရာရှင်များသာ ဆရာသခင် အစစ် ဖြစ်ကြသည်ဟု ဆိုသည်။

သူကိုယ်သူ ခံယူထားသည့် Mentor တစ်ဦး ဆိုသည်မှာ an experienced person who advice and helps somebody with less experience over a period of time ဖြစ်သည်။ အတွေ့အကြုံ နည်းပါးနေ သေးသူကို အတွေ့အကြုံ ရှိထားသူက ကာလ အပိုင်းအခြား တစ်ခုထိ အကြံဉာဏ်ပေး ကူညီပေးခြင်းမျှသာ ဖြစ်သည်ဟု သူ ယူဆ လက်ခံထားသည်။

ဦးအောင်စိုးက ဆရာဟု ခေါ်သည်ကို မနှစ်သက်သည့်အတွက် ကျော်မြင့်လွင်က ချစ်ခင် ရိုသေစွာ မြန်မာလို ဘကြီး သို့မဟုတ် အနောက်တိုင်းလို အန်ကယ်ဟု ခေါ်ခဲ့သည်။ အန်ကယ် ဦးအောင်စိုးကလည်း ကျော်မြင့်လွင် ထိုသို့ ခေါ်ခြင်းကို သဘောကျ ကျေနပ် လက်ခံခဲ့သည်။

(၁၀)

အန်ကယ် ဦးအောင်စိုး၏ ပါရမီဖြည့်ဖက် အန်တီကလည်း ကျော်မြင့်လွင် အပေါ် များစွာ နွေးထွေးခဲ့သည်။

အနိကာယ်နှင့် အနိတီတို့၏ အိမ်ကလေးနှင့် ခြံဝင်းကလေးထဲရှိ ဘဝပုံစံကို ကျော်မြင့်လွင် အလွန်ပင် နှစ်ခြိုက် အားကျခဲ့သည်။ သူ အသက် ကြီးလာလျှင် အနိကာယ် ဦးအောင်စိုးလိုပင် မြူးစစ်နှင့် စာပေ၌သာ မွေ့လျော်ချင်သည်ဟုလည်း အမြဲပင် ပြောလေ့ ရှိသည်။

ကျော်မြင့်လွင်၏ဘဝမှာ အတွေ့အကြုံ၏ဒဏ်ရာဒဏ်ချက်တွေ အတော်လေး စုလင်ခဲ့ပြီ။ သို့သော် အနိကာယ် ဦးအောင်စိုးနှင့် တွေ့လိုက်ရသောအခါ သူ ပြောင်းလဲ သွားသည်။ အသိဉာဏ် အလင်းရောင် ဖျတ်ခနဲ ပွင့်သလို ဖြစ်သွားသည်။ အနိကာယ် ဦးအောင်စိုး၏ အယူအဆ အတွေးအမြင်များက သူ့ကို လမ်းပြခဲ့သည်။ သူကလည်း ထိုအယူအဆနှင့် ကျင့်ကြံ နေထိုင်ပုံများကို လေးစား အားကျသည်။ ဤသို့ဖြင့် ထိုလမ်းကြောင်း အတိုင်းပင် သူ လက်ခံ ကျင့်သုံးခဲ့လေသည်။

(၁၁)

ကျော်မြင့်လွင် တစ်ယောက် နောင်တစ်ချိန်တွင် 'ထူးအိမ်သင်' အဖြစ် အောင်မြင် ကျော်ကြား လာခဲ့ပြီးနောက် ပြည်၊ ဝက်ထီးကန်ရှိ ကိုသီဟန်သွင်နှင့် တွေ့ဖြစ်သောအခါ–

'နေစမ်းပါဦး မင်း ထူးအိမ်သင် ဖြစ်လာခဲ့တာက ဘယ်လိုလဲ' ဟု ကိုသီဟန်သွင်က မေးကြည့်သည်။

ထိုအခါ အနိကာယ် ဦးအောင်စိုး အကြောင်းကို ပြောပြခဲ့လေသည်။

'တကယ်တော့ အားလုံးကို ကျွန်တော် တော်တော် စိတ်ပျက်နေပြီ အစ်ကိုရ။ မြူးစစ်အစား တစ်ခြားဟာ တစ်ခုခု ပြောင်းလဲပြီး လုပ်ဖို့တောင် စဉ်းစားနေပြီ။ အဲဒီလို စိတ်ပျက်လက်ပျက် ကလေကချေ စိတ်တွေ ဖြစ်နေတုန်း မော်လမြိုင်မှာ ကျွန်တော့် ဘဝကို ပြောင်းပေးလိုက်မယ့် အဘိုးကြီး တစ်ယောက်နဲ့ သွားတွေ့တယ်။ သူ့ဆီမှာ ကျွန်တော် သင်ခန်းစာတွေ သင်ဖို့ အတွက် ချဉ်းကပ်တယ်။ ပထမတော့ သူက ငြင်းသေးတယ်။ နောက်ပိုင်းကျမှ သင်ပေးတာ' ဟုသူဆိုသည်။

'မြူးစစ်နဲ့ ပတ်သက်ပြီး မင်းဘာသာလည်း အရင်က လုပ်ထားသေးတာပဲ။ သူနဲ့ တွေ့တော့မှ ဘာတွေ ဖြစ်သွားလို့လဲ'

'အစ်ကို နားလည်အောင် ပြောရရင် အရင်က ကျွန်တော့် လက်ထဲ ရှိနေသမျှ တစ်စစီ၊ တစ်ပိုင်းစီ သိထားသမျှ အပိုင်းပိုင်း အစစတွေကို သူက ဆက်ပေးပြီး 'ချုပ်' ပေးသွားလိုက်တာပဲ။ ကျွန်တော် ဘာသာ ဘယ်လိုမှ ဖြည့်ကြည့်လို့ မရတဲ့ ကွက်လပ်တွေကို ဖြည့်ပေးလိုက်လို့ ရုပ်လုံး အပြည့်အစုံ ပေါ်လာတယ်။ ကျွန်တော် မြင်တတ်သွားတယ်။ ကျွန်တော် အလုပ်လုပ်လို့ ရအောင် 'စုစည်း' ပေးသွားတယ်ပေါ့'

'မင်း ပြောပုံကတော့ကွာ။ ကြည့်နေကျ တရုတ် သိုင်းကားထဲကလို ဇာတ်လမ်း လုပ်ပြီး ပြောနေတဲ့ အတိုင်းပဲ။ အဲဒီ သိုင်းကားတွေထဲမှာ ဇာတ်လိုက်က အားနည်းချက် တစ်ခုခုကြောင့် ပွဲကြီးပွဲကောင်း တစ်ခုခုမှာ အထိနာလာ။ စိတ်ဓါတ်တွေ ကျပြီး ချောင်ကျကျ နေရာလေး တစ်ခုမှာ မထင်မရှားနဲ့ ခပ်လျှိုလျှိုလေး ခိုနေရတုန်း သာမန် အညာကြလို အယောင်ဆောင် ထားတဲ့ သိုင်းဆရာ ပညာရှင် ပဓာကြီး တစ်ယောက်နဲ့ မတော်တဆ သွားတွေ့။ ဟိုက သင်ကြားပေး လေ့ကျင့်ပေးလိုက်လို့ လျှို့ဝှက်ထားတဲ့

သိုင်းပညာတွေ စုံပြီး ပြန်ချုပ်လိုက်တာ ရန်သူတွေ အကုန် သေပြီး သူက ချန်ပီယံ ဖြစ်သွားတယ်ပေါ့။ အဲဒီလိုလား'

'ကျွန်တော် တကယ် အတည် ပြောနေတာပါ အစ်ကိုရ။ သူက ကျွန်တော့်ကို တွက်ချက်ကြည့်ပြီး အင်္ဂလိပ် နာမည် တစ်ခုတောင် ပေးထားသေးတယ်။ အလက်ဇန္ဒား (Alexander) တဲ့။ ဆိပ်ကမ်းသာလမ်းက မစ္စက် ပါလမာဘာကျော် ပေးခဲ့တဲ့ နာမည်က စတီဖင်ဆင် မဟုတ်လား။ အခု တစ်ခါ၊ အလက်ဇန္ဒားဆိုတော့ ကျွန်တော့်မှာ ဘိုနာမည် နှစ်ခုနဲ့ပေါ့ဗျာ။ ဟာ–ဟာ' ဟု ရယ်မောၾ ပြောခဲ့သည်ဟု ဆိုပါသည်။

(၁၂)

အန်ကယ် ဦးအောင်စိုးထံတွင် ရတာစမှ တပ်ကြပ်ကြီး သာရွှေးဆိုသော ဂီတတပည့် တစ်ဦး ရှိသည်။ တစ်ကြိမ်တွင် အန်ကယ် ဦးအောင်စိုး အိမ်၌ ကိုသာရွှေးတို့ ဆိုတီးပြီး အဖွဲ့ကြမ်းလေး တစ်ခု ကက်ဆက်နှင့် ရိုက်ကူးခြင်း လုပ်ဖို့ ပြင်ဆင်နေကြသည်ကို တွေ့ရသည်။

ကျော်မြင့်လွင်လည်း အားတက် လာ၍–

'အန်ကယ် ကျွန်တော်လည်း တစ်ပုဒ်လောက် ဝင်တီးချင်တယ်' ဟု ဆိုမိသည်။

အန်ကယ် ဦးအောင်စိုးကလည်း မဆိုင်းမတွ 'တီးလေ' ဟု ခွင့်ပြုပေးသည်။

သို့ဖြင့် အစွဲရှေ့ဆုံးမှာ အန်ကယ် ဦးအောင်စိုးက မိတ်ဆက်အဖြစ် 'Our new star Kyaw Myint lwin is going to play...' ဟု အနောင့်စိ လုပ်ပေးခဲ့သည်။

အဆိုပါ new star ဆိုသော စကားလုံးက ကြယ်တာရာ အသစ် တစ်စင်း ဖြစ်လာမည့် သူ့အတွက် ကြိုတင် နိမိတ်ဖတ်ခဲ့သလိုမျိုး ဖြစ်သွားခဲ့လေသည်။







ဆရာ ဦးအောင်စိုးနှင့် ထူးအိမ်သင် ၁၉၉၀ ပြည့်နှစ် ဩဂုတ်လ ၁၄ ရက်။

# အခန်း (၁၂)
# သီချင်းလေး ဆက်ဆော

(၁)

ကျော်မြင့်လွင်က အန်ကယ် ဦးအောင်စိုးကို လေးစား အားကျသလို ဆရာ မြို့မငြိမ်းကို ခရေစီ ဖြစ်သည်။

ဆရာ မြို့မငြိမ်း ရေးဖွဲ့ခဲ့သည့် သီချင်းတွေကို နှစ်ခြိုက်စွာ လေ့လာသည်။ လူက စတီရီယို ဂီတဟု ခေါ်ဆိုကြသော ဂီတ ပုံစံတို့၏ ခေတ်ထဲမှာ ကြီးပြင်းရသော်လည်း အကြို စတီရီယို ဂီတ ပုံစံများကို သူ မပစ်ပယ်။ ဂီတ ဆိုသည်မှာ အခြား အနုပညာ လက်ရာများကဲ့သို့ပင် ဟောင်းသည် သစ်သည် မရှိ။ ကောင်းလျှင် နှစ်ပေါင်း များစွာသော အချိန်ကာလကို ကျော်လွှားပြီး ရှင်သန် ကျန်ရစ်မည် ဖြစ်သည်။ အဲသည့် အကြောင်းကို ကျော်မြင့်လွင် ကောင်းစွာ သိထားသည်။

ဆရာ မြို့မငြိမ်းသည် လူပင် သေသော်ငြား နာမည်နှင့် ဖန်တီးမှုများ ထာဝရ ကျန်ရစ်ခဲ့မည့် အနုပညာရှင် ဖြစ်ချေသည်။

'ပြည်သူ ချစ်သော အနုပညာသည်များ' စာအုပ်ထဲက ဆရာ မြို့မငြိမ်း အကြောင်းတွေကို ကျော်မြင့်လွင် အကြိမ်ကြိမ် ဖတ်သည်။ လိုချင်သည့် အချက်များ မှတ်စု ထုတ်ထားပြီး တစ်နေ့သော အခါကျလျှင် သီချင်း ရေးဖို့ အခြေ တည်ထားသည်။ သေဆုံးချိန်တွင် ဆရာမြို့မငြိမ်း၏ အိတ်ကပ်ထဲမှာ ပိုက်ဆံ ၂ ကျပ် ၆၅ ပြားပဲ ကျန်တာက အစ သူ အသေးစိတ် မှတ်ထားသည်။ ရေးဖို့ အကြောင်းအရာက ရှိနေပြီ။ ဂီတပုံစံသာ မရသေးတာ။

ကျော်မြင့်လွင် သီချင်း ရေးသည့် အကျင့်မှာ တစ်ခါတလေကျတော့ ယခုလိုပင် theme စာသားလေးတွေ အရင် ကြိုတင် ရှာရှာ ထားပြီး သံစဉ်ရမှ ရေးချသည်။ အချို့သီချင်းလေးတွေဆိုလျှင် သနေ့ တည်ထားတာများ နှစ်ပေါင်း အတော်ပင် ကြာသွားတတ်သည်။ သီချင်း ဖြစ်မလာ။ တကယ် မှုးဝင် သွားပြီ ဆိုပြန်တော့လည်း ရေးဖွဲ့တာ မြန်သည်။

တစ်ခါတလေကျတော့ စာသားက အရင် မလာ။ ဂီတာ ဝါကျတွေကို အရင် ရှိုသည်။ ပြီးမှ စာသား ဖြည့်ထည့်ရသည်။

(၂)

ထိုခေတ်က အဆိုတော်ထဲမှာ သူ ရှုးတာက မဆို။

တီးဝိုင်း တိုက်ရိုက်ကျလျှင် Sharp တီးဝိုင်း ဆောင်ထားသော ယမင်း ပုံရိပ်တိုက်က အလုပ်သမားတွေနှင့်ပင် အတူစား၊ အတူအိပ် ဖြစ်၍ ခင်မင်နေကြသောကြောင့် တာစီ နိုင်းပြီး မင်္ဂလာဆောင် ဖိတ်စာလေး တစ်စောင်ပင် အလျော်အပြက် လုပ်ထားခဲ့ဖူးသည်။

(၃)

ကျော်မြင့်လွင်၏ အဦးပိုင်း ရည်ရွယ်ချက်က အဆိုတော် လုပ်ဖို့ မဟုတ်။ တေးရေး တဆို တစ်ယောက် ဖြစ်လာဖို့သာ မျှော်မှန်းထားကြောင်း သူ၏ အပေါင်းအသင်းတွေ အားလုံး သိကြသည်။

သီချင်း ရေးဖွဲ့ ဖန်တီးသူ တစ်ဦး ဖြစ်လာဖို့အတွက် ကျော်မြင့်လွင် ကြိုးပမ်းသောအခါ ဖြတ်သန်း ရသည့် လမ်းတွေက ရှည်လျားခဲ့သလို ကြမ်းတမ်း ကောက်ကွေ့ခဲ့သည်။

ဘာလဲပြောပြော Sharp တီးဝိုင်းမှာ သျှပ်ကြီး ကိုဝင်းဦးကို သျှပ်ကလေး ကျော်မြင့်လွင်က အစစ အရာရာ ယုံကြည် အားကိုးသည်။

'ကိုဝင်းဦး၊ ကျွန်တော့် သီချင်းလေးတွေ အဆင်ပြေရင် ရောင်းပေးဗျာ' ဟု ဆိုပြီး သီချင်း အပုဒ် ရှစ်ဆယ်လောက် ပါသော လယ်ဂျာစာအုပ်ကြီးကို ရက်ရက်ရောရော ပေးလိုက်သည်။ တကယ်ဆို သီချင်းတွေ ရေးထားတာဒီ တစ်အုပ်တည်း ကိုယ်မှာ မိတ္တူလည်း မရှိ။

ထိုသီချင်းများကို တိပ်ခွေထဲသို့ ရောက်အောင် ဟော်လိုဂီတာလေးနှင့် ထည့်ကြသည်။ ကျော်မြင့်လွင်တို့ အိမ်မှာ သျှပ်ကြီးနှင့် သျှပ်ကလေး နှစ်ယောက်သား ခေါင်းချင်းရိုက်။

ကျော်မြင့်လွင်က တစ်ပုဒ် တီးပြ ဆိုပြလိုက်။ ကြိုက်လျှင် ကိုဝင်းဦးက 'ပြန်လုပ်စမ်းကွာ' ဆိုပြီး ကက်ဆက်လေးနှင့် ဖမ်းထားသည်။

နှာရီပေါ်မှ မျက်ရည်စက်များ၊ သက်ပြင်း အစရှိသည့် အချို့ သီချင်းတွေကတော့ ထိုစဉ်ကတည်းက ပြီးပြည့်စုံစွာ ရုပ်လုံး ပေါ်နေခဲ့ပြီ။ အချို့ သီချင်းလေးတွေဆိုလျှင် အဆုံးပင် မသတ်ရသေး။ တစ်ပိုင်းတစ်စ ဘဝမှာပဲ ရှိသေးသည်။

*'ဘဝမှာ*

*အခြေအနေဟာ နည်း*

*မိတ်မညစ်နဲ့'*

အချို့က အပိုင်းအစလေးများ ဘဝမှ ပြီးပြည့်စုံသော သီချင်းတွေအဖြစ် နောက်တော့မှ ပုံပေါ် လာခဲ့ခြင်း ဖြစ်သည်။

အချို့ သီချင်းလေးတွေကတော့ အခုချိန်ထိအောင် အချောမကိုင်၊ အဆုံးမသတ်ဘဲ အပိုင်းပိုင်း အစများ အဖြစ်နှင့် ကျန်ရစ်ခဲ့ကြသည်။

(၄)

ရန်ကုန်မှ New Wave, Playboy, The Rays အစရှိသော တီးဝိုင်းကြီးတွေနှင့်အတူ အဆိုတော်တွေ၊ အတီးသမားတွေ မော်လမြိုင်သို့ ပါလာကြရာ ကိုဝင်းဦးနှင့် တိုင်ပင်ပြီး ရေးဖွဲ့ထားသမျှ သီချင်းလေးတွေ ပြကြည့်ကြသည်။ သို့သော် လမ်းကြောင်းချင်း မတူသည့်အတွက် အဆင်မပြေ။

တစ်ချိန်တည်းမှာ ကောင်းကင်က သိန်းစွန်ငှက်ပမာ မြေပြင်က အကောင်ငယ်လေးတွေကို ထိုးသုတ်စားသောက် အနိုင်ကျင့်ချင်သည့် အစွင့်အရေးသမားမျိုးနှင့်လည်း ဆုံတွေ့ခဲ့ရသည်။

ထိုအချိန်တွင် ကျော်မြင့်လွင် တစ်ယောက် ရင်ဆိုင် ကြုံတွေ့နေရသည့် အခြေအနေများ၊ ခံစားနေရသည့် စိတ်များကို ပုသိမ်ရှိ အောင်ကျော်ဦး (ကြွက်နီ) တို့ထံ ရေးလိုက်သော စာတစ်စောင်ထဲ၌ ကွက်ကွက်ကွင်းကွင်း တွေ့မြင်ရလေသည်။

မော်မော်အောင်+ ကြွက်နီ

မင်းတို့ကို အမြဲ သတိရတယ်။ သူငယ်ချင်း အားလုံးကိုလည်း သတိရကြောင်း ပြောပြပါ။ စကားမစပ်ကွာ။ ကြုံလို့ ပြောရဦးမယ်။ ရန်ကုန်က လာတဲ့ အဆိုတော် တစ်ယောက်က ငါ့သီချင်းတွေ တောင်းတယ်ကွ။ အလကား ပေးရမယ်တဲ့။ (စဉ်းစားရမယ်၊ စဉ်းစားရမယ်)။ တော်တော် ရက်စက်တဲ့ ကောင်။ ငါက သီချင်းတွေ အလကား ပေးမယ့် အပြင် အိမ်ကိုပါ ထမင်း ဖိတ်ကျွေးဖို့အထိ စဉ်းစား ထားပါတယ်။ တကယ် ပြောတာ။

ထားလိုက်ပါတော့ကွာ။ မင်းတို့ကို တစ်ခုတော့ တင်းတင်းကျပ်ကျပ် တားမြစ်ချင်တယ်။ ငါ့ကိစ္စတွေ ဘယ်တစ်စုံတစ်ယောက်ကိုမှ မပြောကြပါနဲ့။ ငါ့ဟာငါ စောက်မြုပ်ပြီး ကြိုးစားနေချင်တယ်။ ငါတစ်ခု လုပ်လိုက်၊ သတင်းက ပြန့်လိုက် ဆိုရင် မဖြစ်ဘူး။ အဲဒါကိုတော့ ကျေးဇူးပြုပြီး ကူညီကြပါ။ မဟုတ်ရင်တော့ မင်းတို့ကိုလည်း ငါ ဘာမှ မပြောတော့ဘူး။

မင်း . . . လှိုင်းဆီက ရထားတဲ့ စာအုပ်ကနေ တစ်လကို တစ်ခန်း မိတ္တူ ကူးပြီး ပို့ပေးပါကွာ။ ကုန်ကျစရိတ် ငါ ပေးမယ်။ ဆက်ဆက် ပို့ပေးပါ။ ကုန်ကျစရိတ်ကိုလည်း ထည့်ရေးလိုက်။ အခု ငါ့သီချင်း အဟောင်းတွေထဲက တစ်ပုဒ် ရေးပေးလိုက်တယ်။ ငါ့ဟာ ငါ အရိုန်းချုံ လုပ်ထားတာတော့ ရှိတယ်။ ဒါပေမယ့် အခု ကိုဘူးကို လုပ်နိုင်းပေါ့။ စတိုင်လ်ကိုတော့ သတိထားနော်။ မပျက်စေနဲ့။ မင်းတို့ ငါ့ဆီကို စာထပ်ရေးကြပါဦး။ Merry X'mas & Happy New year ပေါ့ကွာ။

ကျော်မြင့်လွင်

တကြောင်း။ အောင်အောင့်ကို ဂီတာ ပြန်ကျင့်နိုင်း။ မကျင့်ရင် ရိုက်ကွာ။ ဂရုစိုက်ပြီး ဖိဖိစီးစီး လေ့ကျင့်နိုင်းပါ။ ငါက ပြောတယ် ဆိုတာလည်း ပြောပြပါ။ (ငါကတော့ musician လုပ်ဖို့ စိတ်မပါတော့ဘူး။ Compose & Arrange ပဲ လုပ်တော့မယ်)။ ကြွက်နီ ငါ ဂီတာ မတီးတော့ဘူး။ မြူးစစ်ကို လုံးဝ စွန့်လွှတ်လိုက်ပြီလို့ လျှောက်ပြောကွာ။

(၅)

သံယောဇဉ် အလွန်ကြီးသဖြင့် ပုသိမ်က အောင်ကျော်ဦး (ကြွက်နီ) တို့နှင့် သူ အဆက်အသွယ် မပြတ်။

မော်လမြိုင်မှာ သီချင်း အသစ် ရေးဖြစ်တိုင်း ပုသိမ်ကို လှမ်းပို့သည်။ ကျော်မြင့်လွင်ဆီက သီချင်းသစ်တွေ ရောက်လာတိုင်း အောင်ကျော်ဦးတို့ သိပ်ကို ပျော်ရွှင်ခဲ့ကြသည်။ မော်လမြိုင်မှ ပထမဆုံး ရောက်လာခဲ့သည့် သီချင်းလေးက မှတ်မှတ်ရရ–

***'သီချင်းလေး အက်ဒေ'***

*'နေရောင်ခြည်မှာ*
*မျူးမွှင်အပ်ရာ*
*မြေကြီးပြုံးပါလား ...။*
*သို့နှမ်းသွားရင်*
*ကိုယ် ...မခိုင်ဆိုင်ရက်ဘူးလွှာ ...*
*အော်တောရောင်ခြည်...*
*အေး မိုးအောက်မှာ ....*
*ပျော်ပျော်နေပါလား ...'*

(၆)

ရေချမ်းက ပုသိမ်ပွဲတွေမှာ ကျော်မြင့်လွင်၏ လက်ရာ 'အခါလွန်မိုး' ကို တက်ဆိုလျှင် သူ့ဘာသာ 'အကျဉ်းစံ နှလုံးသား' ဆိုပြီး ခေါင်းစဉ် ပြောင်း၍ ကြေငြာနိုင်းတတ်သည်။

ပုသိမ်ကောလိပ်တွင် ဓဝဲလ်ရာသီ ရောက်ပြီ ဆိုလျှင်တော့ဖြင့် ကျော်မြင့်လွင် မနေနိုင်တော့ပါ။ ပုသိမ်မြေသို့ ပြန်လည် ချီတက်ခဲ့ပြန်သည်။

ပုသိမ်က အသိုင်းအဝိုင်း ကြားထဲမှာတော့ဖြင့် သူ့သီချင်းတွေကို အားလုံးက အသိအမှတ်ပြု လက်ခံ ထားကြပြီ။

ကိုနေဝင်း (မောင်လပြည့်ဝန်း) ၏ တပည့် ညီငယ် အောင်တင်ဦးက စီးရီး ထုတ်ဖို့အတွက် ကျော်မြင့်လွင်၏ မင်းမရှိတဲ့နောက်၊ အခါလွန်မိုး၊ သိင်္ဂါရ ရသ၊ ဝေးသွားတဲ့အခါ စသော သီချင်း ငါးပုဒ် ဝယ်ဖြစ်သည်။ တစ်ပုဒ်ကို နှစ်ရာကျပ် ပေး၍ စုစုပေါင်း ကျပ်တစ်ထောင် ရရှိသည်။

၁၉၈၅ ခုနှစ်မှာ ငွေတစ်ထောင်ဆိုတာ မနည်းမနော။ ငွေရရချင်းပဲ ရတတ်သရွေ့ သူငယ်ချင်းတွေ အားလုံး စုပြီး ကမ်းနား သီတာဦးတွင် ဘီယာ သောက်ပစ်လိုက်ကြသည်။ ကျော်မြင့်လွင်၏ ထုံးစံ။

ပိုက်ဆံ မရှိလျှင် သူငယ်ချင်းတွေနား ကပ်ရပ်နေဖို့ ဝန်မလေး။ လက်ထဲ ပိုက်ဆံရှိလျှင် သူငယ်ချင်းတွေကို အိတ်သွန်ဖာမှောက် ကျွေးမွေးဖို့ လုံးဝ မတွန့်တို။

သို့သော် အောင်တင်ဦး၏ 'ထိုသူငယ်ချင်းများ' စီးရီး မထွက်ဖြစ်။

(၇)

မော်လမြိုင်မှ ကိုမြင့်နိုင်ကား The Excellent မှာကာတည်းက သီချင်း ဆိုလာသူ။

အသစ် ပြင်ဆင်ဖွဲ့စည်းသော Sharp မှာလည်း သီချင်း လာဆိုတတ်သည်။ မိဘများက စီးပွားရေး တောင့်တင်းသည်။

ကျော်မြင့်လွင် ဆီမှာ ကိုယ်ပိုင် ရေးထားသော သီချင်းတွေ ရှိမှန်း သိသွားရာမှ ယူဆိုကြည့်ရာ ကြိုက်လည်း သိပ်ကြိုက် သွားသည်။ ကျော်မြင့်လွင်ဆီက သီချင်းတွေ တောင်းပြီး စီးရီးထုတ်ဖို့ စိတ်ကူးသည်။ အချိန် ရလျှင်ရသလို ထိုသီချင်းတွေကို တိုက်သည်။

'ခင်ဗျားတို့ပဲ အားလုံး စီစဉ်ပေးကြပါဗျာ' ဟု ဆိုပြီး အပ်နှံသည်။

ကျော်မြင့်လွင်တို့လည်း ရန်ကုန် တက်ဖို့အထိ စိတ်ကူး စီစဉ်ကြသည်။ တီးဝိုင်းရွေးတော့ The Aces ပေါ့။ စတူဒီယို စဉ်းစားတော့ အိုအေစစ်လား၊ မေလား။ အဲဒီလို အိပ်မက် မက်နေကြသော်လည်း ကိုမြင့်နိုင် အိမ်က ထိုကိစ္စကို ယခု အချိန်ထိ မသိသေး။

ကျော်မြင့်လွင်က 'ဘာပဲလုပ်လုပ် ခင်ဗျားအိမ်က သဘောတူမှ ကောင်းမယ်' ဟု သတိ ပေးနေရင်းကပင် စိတ်က တထင့်ထင့်။ တစ်ဘက်မှ ကိုမြင့်နိုင်က စိတ်မပူဖို့ အာမခံနေသော်လည်း သူ့အဖေကို သူကိုယ်တိုင် ဖွင့်မပြောရဲ။ အဖေ မသိအောင် ကျိတ်၍ နိုးလုပ်နေရသည်။

သီချင်းတွေကို အတော်လေး ချောနေအောင် တိုက်ထားပြီးမှ ကိုမြင့်နိုင် အိမ်က သိသွားသည်။ သူ့အဖေက ပစ်ပစ်ခါခါကိုပဲ သဘောမတူ။ ဤသို့ဖြင့် အစီအစဉ် တစ်ခုလုံး သဲထဲရေသွန် ဖြစ်သွားရလေတော့သည်။

ကျော်မြင့်လွင်၏ အရိုက်ကို ထိနိုက်၊ အတော်လေး ခံစားလိုက်ရသည်။

အချိန် အတန် ရှည်လျားစွာ မျှော်လင့်ချက်တွေ ထားရှိသမျှ ပျက်ပျက်စီးစီး ဖြစ်ရသဖြင့် ဝမ်းလည်းနည်း၊ ဒေါသလည်း ထွက်။ ယူကျုံးမရ ဖြစ်သည်။

အရက် မူးလာလျှင် ထိုကိစ္စနှင့် ပေါက်ကွဲတတ်သည်။

'ဒီလောက်တောင် ဖြစ်နေကြရင် ငါ့သီချင်းတွေကို ငါဘာသာပဲ ဆိုတော့မယ်' ဟု ပြောတတ်သည်။

လောင်စာကို မီးထိခဲ့ပြီ။

(၈)

တစ်မျိုး ပြောရလျှင် အဆိုပါ ခံပြင်းတာတွေက သူ့အတွက် ပြင်းထန်သော တွန်းအား မောင်းနှင်အားတွေ ဖြစ်သွားခဲ့သည်။ နောက်ပိုင်းမှာ ရှိုးပွဲတွေမှာ သူ့သီချင်းတွေကိုချည်းပဲ သူ ထည့်ဆို လာသည်။ မော်လမြိုင် ပရိသတ်၏ တစ်ခဲနက် အားပေးမှုကိုလည်း ရရှိသည်။

မှတ်မှတ်ရရ ပဲခူးက သုခနောင်ကို ရောင်းဖြစ်ခဲ့သော သီချင်းသည် တိပ်ခွေပေါ်သို့ ပထမဆုံး ရောက်ရှိ သွားသော သူ၏ ဖန်တီးမှု သီချင်းလက်ရာ ဖြစ်သည်။

သူ ရေးဖွဲ့သော 'လူနှင့် အကျီ' သီချင်း အမည်ကိုပင် သုခနောင်က စီးရီး အမည် တပ်ခဲ့သည်။

၁၉၈၆ ခုနှစ်တွင် အဆိုပါ အခွေ ထွက်ခဲ့လေသည်။

'ကျွန်တော်ဟာ ယော်စဉ်တုန်းက အဖြူရောင် အကျီလေးကို တကယ် စိတ်ရဲ့ နှစ်သက်စွာ အမြဲတမ်း ဝတ်တတ်တယ် ။ (ဒီလိုနဲ့) အချိန်တွေ ကုန်လွန်ခဲ့တော့ ကျွန်တော်လည်း အရွယ်ရောက်ပြီ။ ဖြူစင်လှသော အကျီလေး ဝတ်ဖို့ ရှက်လာတယ်။

လူ ရယ် ခေါ်နိုင်တဲ့အခါ နာကျင်တတ်ပြီ စိတ်မှာ၊ ပြန်လည် ဖျောက်ဖွတ် မရတော့ဘူး၊ ဘဝက ညစ်ပတ်တယ်။ အမှန်ကို မမြင်နိုင်သေးတော့၊ ဒီအညစ်အကြေးတွေ စွန်းဆဲ။ ဖြူစင်လှသော အကျီလေး မင်းအတွက် အားနာတယ်။

အကျီ ဖြူဖြူလေးရယ် မင်းလောက် တို့ မသန့်စင်တယ်။ စိတ်မှာ ဒီအညစ်အကြေးတွေ ဆေးကြောလိုက်ချင်တယ်။ လိပ်ပြာ မလုံချင်ဘူးကွယ်၊ အဖြူရောင် မြင်ရင် ရင်မှာ နာကျင်ခဲ့။

တစ်ခါတစ်ရံ မြင်နိုင်လိမ့်မယ်။ အဖြူရောင် အကျီအောက်မှာ နာကျင်ညစ်ထေး စွန်းပေသော ဘဝတစ်ခု ရှိနေတယ်'

(၉)

သူ၏ သီချင်းလေးတွေ လန်းဆန်းစွာ မပွင့်ဖူးနိုင်သေးတာက အချိန် မတန်သေးသောကြောင့် ဖြစ်သည်။ နေရာ မမှန်သေးသောကြောင့် ဖြစ်သည်။

***'သီချင်းလေး သက်သေ'***

*'နေရောင်ခြည်မှာ မျူးမွှင့်အပ်ရာ ပျော်ကြတဲ့မြူ့ပါလား ...။*
*ညှိုးနွမ်း သွားပြီလိုပ် ...မပိုင်ဆိုင်ရက်ဘူးလွှာ ...*
*သော်တာရောင်ခြည် ...အေး မြိုင်အောက်မှာ ... ပျော်ပျော်နေပါလား ...'*

# အခန်း (၁၃)
# ရန်ကုန်သို့ ရင်ခုန်စွာ လွမ်း

(၁)

၁၉၈၆ ခုနှစ်၊ ဇန်နဝါရီလ။

ကံအကြောင်း တိုက်ဆိုင်ချင်တော့ သူ၏ ဆန္ဒမီးလျှံ ပြင်းထန်စွာ တောက်လောင်နေသည့် အချိန်အတန့်မှာပင် အမေ ခေါ်မြရင်က ထီပေါက်သည်။ ငါးသောင်းဆု ဖြစ်ချေသည်။ ထိုခေတ်အနေနှင့် နည်းသည် မဟုတ်ချေ။

ကျော်မြင့်လွင်က အမေကို ကျိတ်၍ ပူဆာသည်။

'အမေ၊ သား အခွေ ထုတ်ချင်တယ်၊ အမေ ပိုက်ဆံ ပေးရင် သား ရန်ကုန် သွားမယ်။ သားသီချင်းတွေကို သားဘာသာသာ ဆိုမယ်' ဟု ဆိုသည်။

တကယ်တော့ သားဖြစ်ချင်တာ ဆိုလျှင် အမေက အလိုလို လိုက်လျောဖို့ ပြင်ဆင်ထားပြီးသား။ သား၏ ဂီတအနုပညာ လိုအင်ဆန္ဒ မည်မျှ မည်မျှ ပြင်းပြသည်ကိုလည်း အမေ သိသည်။ ဤသို့ဖြင့် ငွေနှစ်သောင်းခွဲ ထုတ်ပေးလိုက်လေတော့သည်။

(၂)

ထိုအချိန်မှာ ဒုပ်ကြီး ကိုဝင်းဦးက ပဲခူးနှင့် မော်လမြိုင် တစ်လှည့်စီ သွားလိုက်ပြန်လိုက် လုပ်နေခဲ့သည်။ Sharp တီးဝိုင်း ရှာသီချိန် ဆိုလျှင် မော်လမြိုင် ဆင်းလာပြီး၊ တီးဝိုင်း နားလျှင် ပဲခူး ပြန်လေသည်။

ကျော်မြင့်လွင်အခွေထုတ်ဖို့ တာစူချိန်တွင် ကိုဝင်းဦးကမော်လမြိုင်မှာ ရှိနေသည်။ ပုံနှိပ်တိုက်တွင် သီချင်းတိုက်နေစဉ် ကျော်မြင့်လွင်က တိုးတိုးလေးအနား ကပ်ပြီး 'ကိုဝင်းဦး၊ ကျွန်တော့်မှာ အေးအေးဆေးဆေး စကားပြောစရာ ရှိသေးတယ်' ဟု ဆိုသည်။

သူ၏ ဟန်ပန် အမူအရာကြောင့် အရေးတကြီး ကျိတ်၍ တိုင်ပင်စရာ တစ်ခုခု ရှိတာ ကိုဝင်းဦး သဘောပေါက် လိုက်သည်။

ညနေစောင်း သီချင်း တိုက်ပြီးချိန်တွင် အခြား အဖွဲ့သားများ အရက် သွားသောက်ကြရာ 'ငါတို့ မလိုက်တော့ဘူးကွာ' ဆိုပြီး လူခု ခွဲလာခဲ့သည်။

နန်းတော် ရှပ်ရှင်ရုံ နံဘေးက စားသောက်ဆိုင်ကလေးမှာ သူတို့ နှစ်ယောက် ထိုင်ဖြစ်ခဲ့ကြသည်။ ကျော်မြင့်လွင်က အသံကို နှိမ့်၍–

'ကိုဝင်းဦး။ ကျွန်တော့် အမေ ထီပေါက်လို့ ပိုက်ဆံ ထုတ်ပေး ထားတယ်။ ကျွန်တော့် သီချင်းတွေကို ကျွန်တော် ဆိုမယ်၊ အဲဒါ ရက်ကောင်းအတွက် စင်ချား ကူညီပါဦး' ဟု ဆိုသည်။

ကိုဝင်းဦးက ကျော်မြင့်လွင်၏ သီချင်းတွေနှင့် ပတ်သက်လျှင် ဖြစ်ရမည်ဟု ယုံကြည်မှု ရှိသည်။ ဟိုးအရင်ကတည်းက တတ်နိုင်သမျှ ဖြည့်ဆည်းပေးဖို့ စကား အခံလည်း ရှိထားသည်။ သို့ဖြစ်၍ ချက်ချင်းပဲ 'ငါတတ်နိုင်သလောက် ကူညီမယ်' ဟု ကတိ ပေးလိုက်သည်။

'ဒီတစ်ခေါက် တီးဝိုင်း ပြတ်ရင် ပဲခူးကို လိုက်ခဲ့ကွာ။ ပဲခူးကမှ တစ်ဆင့် ရန်ကုန်ကို လှမ်းကြတာပေါ့' ဟု တစ်ခါတည်း စီစဉ်ခဲ့ကြသည်။

(၃)

သူတို့ အစီအစဉ်ကို သိုသိပ်စွာပဲ ဆောင်ရွက်ခဲ့သည်။ Sharp အဖွဲ့သားတွေပင် ဘယ်သူမျှ မသိကြချေ။

မော်လမြိုင်မှ ထွက်လာခါနီးတွင် ဈေးထဲမှ ဂျင်းဘောင်းဘီ တစ်ထည်၊ အဝတ် နှစ်စုံနှင့် ဂျင်းကျောပိုးအိတ်ကလေး တစ်လုံး ဝယ်သည်။

'နေဦးချာ . . . အန်ကယ် ဖရန်စစ္စကိုတော့ သွားပြောပြမှ ဖြစ်မယ်' ဟု ဆိုပြီး ကိတ်မုန့်နှင့် ဘာလီ ချော်ရည် တစ်ပုလင်း ဝယ်ကာ ရောက်သွားကြသည်။

ကျော်မြင့်လွင်က အန်ကယ်ကို အကျိုးအကြောင်း ပြောပြပြီး ထိုင်ကန်တော့သောအခါ–

'ကျော်မြင့်လွင်၊ မင်းကတော့ အန်ကယ့်ဆီကို ရောက်လာခဲ့ကြသမျှထဲမှာ အထူးခြားဆုံးပဲ။ သေချာပေါက် မင်း အောင်မြင်မှာပါ' ဟူ၍ ဆုမွန်ကောင်းများ တောင်းပေးခဲ့လေသည်။

(၄)

ပဲခူး လိပ်ပြာကန် ရပ်ကွက်၊ မော်ကန် (၁) လမ်းရှိ ကိုဝင်းဦး အိမ်မှာပဲ အရင်ဆုံး စတည်းချခဲ့ကြသည်။ ကိုဝင်းဦးက ကျော်မြင့်လွင်ကို တခြား ကိစ္စတွေ ဘာမျှ မစဉ်းစားရအောင် စီစဉ်ပေးသည်။ သီချင်းဆိုဖို့ ကိစ္စ တစ်ခုတည်း သူ့ ခေါင်းထဲမှာ ထည့်ထားစေသည်။

ပထမဦးဆုံး သီချင်းတွေ အရင် ရွေးကြသည်။ ပေါ်လို တိပ်ခွေကြမ်းလေးရအောင် အရင် လုပ်ထားသည်။

ပဲခူးကမှ တစ်ဆင့် ရန်ကုန်မှာ နေစရာတွေ စဉ်းစားသည်။

စော်ဘွားကြီးကုန်း၊ လေဆိပ် နိုပ်သာလမ်းတွင် အမေ့ အစ်ကို၊ ဘဘကြီး ဦးဝင်းမေ၏ သစ်ဆိုင်နှင့် အိမ် ရှိ၍ သွားတည်းနိုင်သည်။ သို့ဖြင့် လေဆိပ်နိုပ်သာလမ်းကို ချိတက်ဖို့ စဉ်းစားခဲ့ကြသည်။

တကယ်လည်း အမေ့တူ တော်စပ်သူ၊ ကျော်မြင့်လွင်၏ အစ်ကိုဝမ်းကွဲ ကိုကြည်စိုးက အသံသွင်းစဉ် ကာလ သွားလေရာ အတူလိုက်လာပြီး ထမင်း ဝယ်ပေးတာကအစ အစစ အရာရာ အားလုံး လုပ်ကိုင်ပေးခဲ့သည်။ ကိုကြည်စိုးက ကျော်မြင့်လွင်ကို ထိန်းလည်းထိန်းနိုင်သည်။ အစ်ကို ဖြစ်သူ ကိုကြည်စိုး ရှိလျှင် ကျော်မြင့်လွင် စိတ်လိုက်မာန်ပါ ဘာမှ မလုပ်ဖြစ်။

ပြီးတော့ တာမွေက ကိုစိုးညွန့်တို့ အိမ်မှာ တည်း၍ ရသည်။ ကိုဝင်းဦးနှင့် ကျော်မြင့်လွင်တို့ အတွက်ဆိုလျှင် တံခါးမရှိ၊ ဓါးမရှိ လက်ကမ်း ကြိုဆိုသည်။

ရန်ကုန်တက္ကသိုလ်ထဲမှာ ကျတော့ များပုံလှမျိုး ရှိသည့် သထုံဆောင်က အခန်းမှာ သွားနေနိုင်သေးသည်။ မြင့်မိုးအောင်က ရွှေဘိုဆောင်မှာ ရှိ၍ မကြာခဏအ လည်အပတ် ရောက်ရှိ ဖြစ်နေလေသည်။ အဆိုပါ နေရာများကို စခန်းချဖို့ အသုံးပြုနိုင်သည်။

(၅)

စတူဒီယိုကိုတော့ အိုအေစစ်ကိုပဲ ရွေးချယ်ထားသည်။

တီးဝိုင်းက The Aces နှင့် အပ်မည်။

တီးဝိုင်း သွားအပ်တော့ ကျော်မြင့်လွင်နှင့်အတူ မြင့်မိုးအောင်လည်း ပါသွားသည်။ ဘားလမ်း (မဟာဗန္ဓုလပန်းခြံလမ်း) ထိပ်၊ အနော်ရထာလမ်းပေါ်က သစ်လွင် အပ်ချုပ်ဆိုင်ပေါ်တွင် The Aces တီးဝိုင်း မန်နေဂျာ ကိုစိုးအောင် ရှိ၍ သူ့ဆီက ဒိတ်ယူရသည်။

ကိုစိုးအောင်က 'ကိုယ်ပိုင် သံစဉ်လား၊ ကော်ပီလား' ဆိုတာ အရင်ဆုံး မေးသည်။

ကိုယ်ပိုင် သံစဉ်သီချင်းတွေ ဆိုတော့ ပုသိမ်ဘက်မှ လာကြမှန်း သိ၍–

'ဘယ်လို ကိုယ်ပိုင်တွေလဲ။ မင်းအောင် ပုံစံတွေလား' ဟု မေးသည်။

မင်းအောင် ပုံစံ မဟုတ်ဘူးဆိုတော့ ကိုစိုးအောင် ပျော်သွားပုံ ရသည်။ သို့ဖြင့် ဆက်ပြီး 'ဒါဆို နိုင်ထူးလို ကိုယ်ပိုင်သံစဉ်တွေလား' ဟု မေးတော့လည်း မဟုတ်ပြန်။

မင်းအောင်၊ အနိုင်တို့ လိုင်းလည်း မဟုတ်။ ကိုမောင်မောင်၊ ကိုနေဝင်းတို့ ကိုယ်ပိုင်သံစဉ်မျိုးလည်း မဟုတ်ဟု ဆိုသောအခါ ကိုစိုးအောင် ခန့်မှန်းရခက်ပြီး စိုးရိမ်သည့် ပုံစံ ပေါက်သွားပြန်သည်။

ကျော်မြင့်လွင်က 'ထရမ်ပက် ဦးသန်းရွှေများ ရနိုင်မလား' ဟု မေးကြည့်သည်။

ကိုစိုးအောင်က 'အင်း၊ သူက အခု သိပ်မကျန်းမာတော့ ဖြစ်ချင်မှ ဖြစ်နိုင်မယ်။ ဒါပေမယ့် ဆက်သွယ်မှန်း လိုတဲ့ နေရာကျရင် ကျွန်တော် မှတ်ပေးမှာပါ' ဟု ဆိုသည်။

ကိုစိုးအောင်ဆီမှာ ယော်လို အခွေကြမ်း ထားခဲ့ကြသည်။

ထိုအခွေကို The Aces တီးဝိုင်းအဖွဲ့သားတွေ နားထောင် ပြီးသော အချိန်မှာတော့ အစအနရာရာ အဆင်သင့် ဖြစ်ခဲ့ပါချေပြီ။

(၆)

အိုအေစစ်မှာ ဒိတ်ယူဖို့ အတွက် ပိုက်ဆံ သွားပေးတော့ ကျော်မြင့်လွင်နှင့် ကိုဝင်းဦးတို့ ပဲခူးမှ လိုင်းကားကို တိုးဝှေ့ စီးလာခဲ့ရသည်။

အိုအေစစ် တေ့ာ့ဒီယို အခန်းမှာ မေဆွိုက ရက်ကောသင်း တစ်ခုအတွက် ကီးချိန် ပြီး၍ ကိုယ်ပိုင်ကားကလေးနှင့် ထွက်သွားတာကို လှမ်းတွေ့လိုက်ရသည်။ သူ သိပ်သဘောကျသော အဆိုတော် မေဆွိုကို ဖျတ်ခနဲ မြင်လိုက်ရတာ ကျော်မြင့်လွင် ပျော်သွားသလို၊ အားလည်း တက်သွားခဲ့သည်။ အတိတ် နိမိတ်ကောင်းအဖြစ် ယူဆခဲ့သည်။

စတူဒီယိုမှာ ကျော်မြင့်လွင်အတွက် ခုနစ် ဂျူတီ ယူထားသည်။ အတီးပိုင်း ငါးဂျူတီ ဖြစ်ပြီး Vocal အတွက် နှစ်ဂျူတီ ဖြစ်လေသည်။ တစ်ဂျူတီ ဆယ်နာရီကို ၂၇၀၀/၂၈၀၀ ဖြစ်သည်။ တီးဝိုင်းနှင့် ရက်ကောသင်းမှာတင် လက်ထဲ ရှိသည့် ငွေက ပြောက်ခနဲ ကုန်သွားပြီ။ အင်ဂျင်နီယာ၊ တီးဝိုင်း အကျွေးအမွေးနှင့် တိုလီမိုလီ ကုန်ကျစရိတ်လေးတွေ ရှိသေးသည်။

စစ်စစ်ပေါက်ပေါက်သာ တွက်ချက်မည်ဆိုလျှင် ငွေသုံးသောင်းကျော်မျှ ကုန်ကျလိမ့်မည်။

သို့သော် ဒါတွေကို ကျော်မြင့်လွင် တွေးမှ မနေတော့ချေ။

သီချင်းဆိုဖို့ကိုပဲ အားမွေးထားခဲ့သည်။

တကယ်တမ်းကျတော့လည်း ပဲခူးက အပေါင်းအသင်းတွေ ဒေပါအဝင် သူ့ကို ချစ်ခင်သော သူငယ်ချင်းတွေက တတ်အားသရွေ့ ဝိုင်းဝန်း ကူညီပေးခဲ့ကြလေသည်။

(၇)

၁၅ ရက်၊ မတ်၊ ၁၉၈၆။

ကြွက်နီ

မတ် ၂၇၊ ၂၈၊ ၃၁၊ ဧပြီ (၁) မှာ ငါ ရက်ကောသင်း ရှိတယ်။ အိုအေစစ် စတူဒီယိုမှာ။ အဲဒါ မင်း ဖြစ်အောင် လာပါ။ သထုံ ဖိုး၊ လှမိုး (ဖျာပုံ) အခန်းမှာ ငါရှိမယ်။ ငါ မရှိလည်း မင်း ဝင်နေလို့ ရတယ်။ လှမိုး ရှိနေမှာပါ။ ဖြစ်အောင် လာခဲ့။

ချွှပ်။

ပုသိမ်မြေသို့ ထိုစာ ရောက်ရောက်လာချင်းပင် ကိုချွှပ်၏ ပထမဆုံး ရက်ကောသင်းသို့ အောင်ကျော်ဦး (ကြွက်နီ) တို့ ဝမ်းသာအားရ ရောက်လာခဲ့ကြသည်။ ကျော်မြင့်လွင် ယခုလို လှမ်းခေါ်ထား၍ သူ့ အပေါင်းအသင်းတွေက ရန်ကုန်မှာ လာပြီး စုဝေးနေကြတော့သည်။

# အခန်း (၁၄)
# နာရီပေါ်က မျက်ရည်နှင့် ဝေးချော့ပါသေးစက်များ

(၁)

အိုအေစစ် တေ့ဒီယိုက ခမ်းနားလှသည်။ အသံဖမ်းက ကိုချားလီ၊ ကိုကောင်းမြတ်။ The Aces ဆိုတာက ထိုအချိန်မှာ မြန်မာပြည်၏ ထိပ်ဆုံး တီးဝိုင်းများတွင် တစ်ခု အပါအဝင် ဖြစ်သည်။ အောင်ကျော်ဦး (ကြွက်နီ) တို့တစ်တွေ The Aces ၏ ဂီတပညာရှင်များ တီးကြခတ်ကြပုံတွေကို မျက်မြင်ဒိဋ္ဌ မြင်တွေ့ခွင့်ရခဲ့လေတော့သည်။

ကိုဇစ် (ဆလိုင်း စောလျှန်း) က ဘေ့စ်၊ ကိုအောဇစ် (အော်ဂင်နာ သန်းတင်) က ဒရမ်။ သူတို့ နှစ်ယောက်၏ အပေးအယူ မျှတ၊ သဟဇာတ ဖြစ်လွန်းလှသည့် မဏ္ဍိုင်ကြီးကို ကိုကျော်စိုးနိုင် (ကီးဘုတ်) နှင့် ကိုပက်ထရစ် (လိဒ်) တို့၏ ဂီတလက်သံများက မော်အနီးငွေ့များသဖွယ် ရစ်ပတ်နှောင်ဖွဲ့ပြီး အသက်ဝင် လှုပ်ရှားစေခဲ့ကြသည်။

နှစ်ပေါင်းများစွာ အတွင်း The Aces အဖွဲ့မှာ လိဒ်နှင့် ကီးဘုတ်သမားတွေ အမျိုးမျိုး ပြောင်းလဲသွားခဲ့ကြသော်လည်း ပင်ကို အရည်အသွေး ထိန်းထားနိုင်ခဲ့သည်မှာ ကိုဇစ်နှင့် ကိုအောဇစ်တို့၏ ခိုင်လှသည့် ကျောရိုး မဏ္ဍိုင်ကြောင့်ဟုပင် ဆိုရမည်။

သူတို့သည် ဂီတ သီအိုရီပိုင်း နိုင်နင်းခဲ့ကြသည်။ နိုင်ငံတကာ သီချင်းဂီတတွေ စေ့စေ့စပ်စပ် နားထောင်ခဲ့ကြသည်။ စာဖတ်အားလည်း ကောင်းခဲ့ကြသည်။

ကျော်မြင့်လွင်အတွက် အကောင်းဆုံး အခွင့်အရေး ရှိနေပြီ။

(၂)

ဖြစ်ချင်တော့ ကျော်မြင့်လွင်၏ အပေါင်းအသင်းတွေနှင့် စတူဒီယိုထဲမှာ လူတွေက များလွန်းလှသည်။ ခန်းပေါ်မှာလည်း လူအပြည့်။ အိုအေစစ် စတူဒီယိုမှာ အဆိုတော်တွေ အမြောက်အမြား သီချင်း လာသွင်းခဲ့ကြဖူးသော်လည်း အခုလို တစ်ပုံတစ်ခေါင်းကြီး စုဝေး ရောက်ရှိ လာတာမျိုး ဘယ်တော့မှ မကြုံရ။ အခန်းထဲမှာကိုပဲ လူနှစ်ဆယ် သုံးဆယ်ခန့် ရှိလိမ့်မည်။

ကိုစောလျှန်းက ဘေ့စ်ဂီတာကို စမ်းပြီး တီးသည်။

သူနံဘေးတွင် လူတွေက ဝိုင်းအုံပြီး ကြည့်နေကြသည်။ ကျော်မြင့်လွင်၏ ပဲခူး၊ ပုသိမ်၊ မော်လမြိုင်၊ ရန်ကုန် အစရှိသဖြင့် အနယ်နယ် အရပ်ရပ်မှ ဘော်ဒါတွေ ဖြစ်ကြသည်။

ကိုစောလျှန်းက ဂီတာအပေါ် ဘယ်လိုမှ အာရုံ စူးစိုက်၍ မရ။

နောက်ဆုံးတော့ စိတ်ဆိုးပြီး ဒုံးဒုံးဒုံး ဟု ကျယ်လောင်စွာဖြင့် ဘေ့စ်ဂီတာကို တီးကာ ဂီတာကို ပစ်ချပြီး ထွက်သွားတော့သည်။

မြင့်မိုးအောင်တို့တစ်တွေက လူတွေကို ရှင်းထုတ် ပေးပြီးတော့မှပဲ ပြန်တီး ဖြစ်တော့သည်။

(၃)

'နာရီပေါ်က မျက်ရည်စက်များ' ၏ နိဒါန်း အစ။

ထူးအိမ်သင် ဖြစ်လာမည့် သျှပ်မှူးကျော်၏ ပထမဆုံး နေ့။

ပထမဆုံး သီချင်းအဖြစ် စတီးခဲ့တာ **'သီချင်းလေး သက်သေ'**

သွားဆိုရမည့် အချိန်ကျသောအခါ ကျော်မြင့်လွင်က စိတ်လှုပ်ရှားနေပုံရသည်။ မြင့်မိုးအောင်ကို–

'ဟောကောင်၊ မင်း သွားဆို' ဟု ဆိုသည်။

'ဟာ . . . မသွားပါဘူး။ ကိုယ်တိုင် ဆိုရမယ့် ဥစ္စာပဲ' ဆိုမှ ထသွားပြီး ဆိုသည်။

*'မြို့ပြနိုင်ပါစေ သူ့စိတ်မှာ*

*ကိုယ်လေ ရည်ရွယ်ပါတယ် သူတစ်ယောက်အတွက်။*

*ရင်မှာ ဆိုင်းနေမယ်*

*သီချင်းလေးများ၊ နားဆင်ပါ။*

ဆိုပြီးသော အခါကျတော့လည်း အောင်ကျော်ဦး (ကြွက်နီ) ကို ရိုးသားပွင့်လင်းစွာပင်–

'ဆိုလိုက်တော့ ငါ့သီချင်းကိုတောင် ငါဘာသာ တကယ် ပြန်ကြိုက်ချင်လာပြီကွာ။ The Aces ဆိုတာ ဒါပဲကွာ။ ငါ. တော်တော် ကျေနပ်မိတယ်' ဟု လိုက်လှဲ ကြည်နူးစွာ ဆိုခဲ့သည်။

(၄)

ဗိုက်ဆာကိုတော့ စိစစ် တိုင်းတာ သုံးရသည်။

ကိုဝင်းဦးက ငွေကိုင် ပေးသည်။

ရက်ကောင်း အပြီး ည ၂ နာရီ။ တစ်ခါတလေ ၃ နာရီ၊ ၄ နာရီ။ အိုအေစစ် စတီဒီယိုမှ ဘူတာကြီးအထိ လမ်းလျှောက် လာကြသည်။ ထိုအချိန်မှာ ရန်ကုန်မြို့ကြီးက အိပ်မောကျနေဆဲ။ လမ်းမတွေက ရံဖန်ရံခါ ဖြတ်သွားသော ကားနှင့် လူသူ အချို့မှအပ ရှင်းလင်းနေတော့သည်။

လမ်းမှာ ဘတ်စ်ကား ရလျှင်လည်း တက်စီး။ မရလည်း ဆက်လျှောက် သွားကြသည်။

ထိုအချိန်မှာ ပင်လည်း တအား ပင်ပန်းနေပြီ။ အိပ်ချင်၊ ဗိုက်ဆာ ဖြစ်နေပြီ။ သို့သော် သူတို့ ဘယ်တော့မှ မညည်းတွား။ ဘူတာကြီးမှတစ်ဆင့် မနက်စောစော ၆ နာရီ ရထား စီးပြီး ပဲခူး ပြန်ရသည်။ ရက်ကောင်းက ရက်ဆက်၊ သို့မဟုတ် တစ်ရက်ခြား ဆိုလျှင်တော့ ဇော်ဘွားကြီးကုန်းက ဘဘကြီး ဦးဝင်းဖေ အိမ်မှာ အိပ်ဖြစ်ကြလေသည်။

ဟိုက်စွမ် ပျော်ပွဲစားရုံကိုလည်း သွားကြသည်။ တက်စားတာ မဟုတ်။ နံဘေးက မုန့်ဟင်းခါး ဆိုင်လေးမှာ အားပေးကြတာ ဖြစ်သည်။ ကျော်မြင့်လွင်က အစားအသောက်နှင့် ပတ်သက်လာလျှင် မတောင်းဆို။ အစား မစားဘဲ နေနိုင်သည်။

'ဗိုက်ဆာတယ်ဗျာ' ဟူ၍ မရှိ။ ကျွေးမှ စားသည်။ ကျွေးဖို့ မေ့နေလည်း ဘာမှ မပြော။

(၅)

စီးစီး သွင်းနေဆဲမှာပင် The Aces မှ ကိုပက်ထရစ်၊ ကိုစမ်တာတို့နှင့် ရင်းနှီးလာ၍ ကျော်မြင့်လွင်ကို ရန်ကုန် ရှိုးပွဲတွေမှာ ထည့်ပြီး ဆိုခွင့်ပေးသည်။

ထိုအချိန်က ရှိုးပွဲများမှာ The Aces အဖွဲ့လည်း ထိပ်ဆုံးက ပါသည်။ ကျော်မြင့်လွင် အနေနှင့် ဝင်ဆိုခွင့် ရသည် ဆိုသော်လည်း တက်သစ်အဖြစ် အားဖြည့် ကြားညှပ် သုံးတာ ဖြစ်သည်။

အဆိုတော် အကျော်အမော် ဆရာကြီး/ဆရာမကြီးတွေ တက်မလာခင် တီးဝိုင်းစမ်း၊ စက်စမ်းစဉ် ကာလ။ စက်သံ မှန်/မမှန် ချိန်သားညှိဆဲ အချိန်။

ထမင်းထုပ်၊ ဟင်းထုပ်ဘဝနှင့် ဝင်ဆိုရတာ ဖြစ်သည်။

ဘာပဲဖြစ်ဖြစ် ဤလမ်းကလေးလေးပေါက် ပွင့်လာဖို့ အရေးကိုက လွယ်လှသည် မဟုတ်။ ဝင်ဆိုခွင့် ရတာကိုပဲ ကျေးဇူးတင်ရသည်။ ရန်ကုန် ပရိသတ်နှင့် အထိအတွေ့ ရလာသည်။

တီးဝိုင်း ရှိရာကိုတော့ ဘတ်စ်ကား စီးပြီး လာရသည်။ လာကြိုလိမ့်မည် ဟူ၍ စိတ်ကူး အိပ်မက်၊ မက်၍ မရ။ ဟိုကျတော့လည်း ကိုယ့်အလှည့် ရောက်အောင် အကြာကြီး ထိုင်စောင့်ရသည်။

တစ်ကြိမ်မှာတော့ ဂန္ဓီခန်းမတွင် နဝရတ်ရေစင်က ကမကထ လုပ်ပေးသော အကျော်အမော် နှစ်ဦး၏ Two Men Show ကြီးမှာ အဖြည့်ခံ ဆိုပေးခွင့် ရရှိခဲ့သည်။

အဆိုပါ အခွင့်ထူးအတွက် ကံကောင်းလှပြီဟူ၍ မှတ်ယူခဲ့ရလေသည်။ ဤသို့သော ထမင်းထုပ်၊ ဟင်းထုပ် ကာလမှာပင် ဘဝတူ အဆိုသမား အောင်ရင်နှင့် တွေ့ခဲ့ကြလေသည်။

(၆)

ထိုအချိန်တွင် အောင်ရင်က စီးစီး ထွက်ပြီးပြီ။

သို့သော် ထင်ရှား ကျော်ကြားခြင်း မရှိသေး။

တစ်ခါကျတော့ အောင်ရင် သီဆိုဖို့ ရည်ရွယ် စီစဉ်ထားသည့် သီချင်းကို နာမည်ကျော် အဆိုတော် တစ်ဦးက သိသိနှင့် ရှေ့မှ ပိတ်ဆိုသွားခဲ့သည်။

ကျော်မြင့်လွင်က အောင်ရင့် ကိုယ်စား မခံချင်။

သို့ဖြင့် ထိုသီချင်းကို သူက ထပ်ဆိုမည် လုပ်သည်။

နာမည်ကျော် တစ်ယောက် ဆိုသွားပြီးသားကို နောက်က လိုက်ဆိုရမည့် အလုပ်မှာ အရှုံးရာယ် လွန်စွာ များလှသည်။ သို့သော် The Aces အဖွဲ့ကလည်း သူ ဆိုချင် ဆို၊ ခွင့်ပြု ပေးလိုက်သည်။

ကျော်မြင့်လွင် စိတ်ရှိလက်ရှိ တက်ဆိုလိုက်တော့ ရှေ့က လူနှင့် တခြားစီ ဖြစ်သွားသည်။ ပရိတ်သတ်ကလည်း တစ်ခဲနက်ပင် အားပေးခဲ့ကြလေသည်။

(၇)

ထိုအဖြစ်အပျက် နောက်ပိုင်းတွင် အောင်ရင်နှင့် ကျော်မြင့်လွင်တို့လည်း လွန်စွာ ခင်မင် ရင်းနှီး သွားကြသည်။

အောင်ရင်က မနက် မိုးလင်းလျှင် သူတို့ အိပ်သော သတ္တုဆောင်သို့ ကားကလေးနှင့် ရောက်လာ တတ်သည်။

လှည်းတန်းက အမေ့အိမ် ထမင်းဆိုင်မှာ တစ်ခါပြင် နှစ်ကျပ်ခွဲနှင့် ထမင်း စားကြသည်။ ကျောင်းထဲက ဦးချစ်ဆိုင်မှာလည်း ထိုင်ကြသည်။ အောင်ရင် ရောက်လာလျှင် သူတို့ အားလုံး ပါးစပ် နိုသည်။

ကျန်သည့် အချိန်ကတော့ တကယ်ကို ကြည့်နေရသည်။ တစ်ခါတလေများဆို ငှက်ပျောသီးစား၊ ရေသောက်ပြီး ဗိုက်မှောက်နေရသည်။

စီးရီး သွင်းနေဆဲ တစ်လလောက်အတွင်း အားလုံး ပြတ်လေပ်စ ပြုပြီ။

တစ်နေ့ ခွဲတမ်းအရ ဗိုလ်ကြမ်း ငှက်ပျောသီး ဝယ်လျှင် ခြောက်လုံး ရ၍ ကိုဝင်းဦးနှင့် ကျော်မြင့်လွင်တို့ တစ်ယောက် သုံးလုံးစီ ဖြစ်သည်။ မနက် တစ်လုံးခွဲ၊ ညနေ တစ်လုံးခွဲ ဖြစ်လေသည်။ ကျော်မြင့်လွင်က ငှက်ပျော်သီးကို တစ်ဝက်စားပြီး ကျန်တစ်ဝက်ကို အခွံနှင့် ပြန်ပိတ်ထားတတ်သည်။ ကယ်တင်ရှင် တစ်ယောက်ယောက်သာ ရောက်မလာလျှင် အငတ်ဘေး ဒုက္ခ ရောက်လာရတော့သည်။ သို့သော် နှုတ်ပိတ် ရေငုံ။ ဘာတစ်ခုမျှ မပြောပဲ ကြိတ်မှိတ် ကျော်ဖြတ်ကြသည်။

တေးစီးရီး အမည်က 'နာရီပေါ်မှ မျက်ရည်စက်များ' ဖြစ်လေရာ တကယ်တော့ အချိန်နှင့်အမျှ အခက်အခဲ အမျိုးမျိုးကို အံခဲ ကျော်ဖြတ် ဖန်တီးရခြင်း ဖြစ်၍ 'နာရီပေါ်က သွေး၊ ချွေး၊ မျက်ရည်နှင့် ဒုက္ခများ' ဟု ပေးရမည် ဖြစ်သည်။ လူတွေ မသိသော ပင်ပန်း ဆင်းရဲမှုတွေကို ခါးစည်း ဖြတ်သန်း ခဲ့ရသည်။

(၈)

အောင်ရင်ကတော့ နှစ်ရက်ခြား၊ သုံးရက်ခြားလောက် ဝင်ဝင်လာတတ်သည်။ ကျော်မြင့်လွင်က သီချင်း ဆိုပြပြီး ကြိုက်လျှင် ယူသွား၊ လက်မှတ်ထိုးပြီး ပေးလိုက်သည်။

ရန်ကင်းမှ ညီညီသွင်၊ မောင်မောင်သွင်တို့ ညီအစ်ကိုနှင့်လည်း သိကျွမ်း၍ သူတော်ချင်းချင်း၊ သီတင်းရေ့ရေ့၊ ပေါင်းဖက် တွေ့မိသွားကြသည်။ စိုးလွင်လွင်နှင့်လည်း သိကျွမ်း လာသည်။ သို့ဖြင့် ရန်ကင်းထဲသို့ သွားလိုက် လာလိုက်၊ အဝင်အထွက် ဖြစ်လာသည်။

(၉)

ရက်ကောင်း ကာလသည် လွန်စွာ ပင်ပန်းသော နေ့ရက်များ ဖြစ်သည်။ သို့သော် ကျော်မြင့်လွင်မှာ တေးသီချင်း ဂီတနှင့် ပတ်သက်လာလျှင် တစ်ချက်ကလေးမျှ နောက်မတွန့်။ အလိုဆန္ဒ မရှိ ဆိုတာမျိုးတခါမျှ ပင် မရှိခဲ့။

ရန်ကုန် တက္ကသိုလ် ပရဝုဏ်ထဲ၌ အိပ်ဖြစ်လျှင် အပေါင်းအသင်းများနှင့်အတူ အမျိုးသမီး အဆောင်များသို့ လှည့်ပြီး သီချင်းဆိုရတာကို သိပ်ပြီး သဘောကျသည်။

အောင်ရင်၊ ညီညီသွင်တို့ကလည်း ရောက်ရောက် လာတတ်သည်။ မြင့်မိုးအောင်က ရန်ကုန် တက္ကသိုလ်ထဲက ရွှေဘိုဆောင်မှာ နေသော်လည်း ထိုသို့ သီချင်း လှည့်ဆိုပြီ ဆိုလျှင် ပါလေ့မရှိ။ သူ့ဂီတာကတော့ ဘဲဥတို့နှင့် အမြဲတမ်းပဲ ပါသွားတတ်သည်။

အဆောင်တွေ လှည့်ပြီး ဂီတာတီး သီချင်းဆိုစဉ် ကာလမှာပင် သီချင်း အချို့လည်း ရေးဖြစ်သည်။ အုပ်စုလိုက် အော်ဆို ရသော 'အင်းလျား အဆောင်သူလေး' သီချင်းကို ထိုအချိန် အပိုင်းအခြားမှာ ရေးဖြစ်ခဲ့ပြီး အောင်ရင်ကို ပေးလိုက်သည်။

(၁၀)

ရက်ကောင်း နားထားသောရက်များတွင် ရန်ကုန် အမျိုးသား စာတိုက်၌ အမေရိကန် ဂီတပညာရှင် Billy Stevens \ Roots of Rock'n roll အမည်ရှိ ရှိုးပွဲတစ်ခု တင်ဆက်ခဲ့ရာ ကျော်မြင့်လွင်၊ ကိုဝင်းဦးနှင့် ညီညီသွင်တို့ အတူတူ သွားကြည့်ဖြစ်ကြသည်။

ဧတ်ကြီး တစ်ခေတ် ဖြစ်သော Rock'n roll ဂီတ အသွင်သဏ္ဍာန်သည် မည်သို့သော အရင်းခံ အကြောင်းတရားများမှ အခြေတည်ပြီး ပေါက်ဖွား လာခဲ့ရသည်ကို ရှင်းပြရင်း ဖျော်ဖြေ တင်ဆက်သော ရှိုးပွဲ ဖြစ်သည်။

သာမန် ရှိုးပွဲ မဟုတ်ချေ။

နာမည်ကြီး Rock'n roll သီချင်း တစ်ပုဒ်ကို တီးမှုတ် သီဆို ပြီးတိုင်း ထိုသီချင်း၏ ဖွဲ့စည်းပုံထဲ၌ ပါဝင်သော ဂီတ ပုံသဏ္ဍာန်များကို ရှင်းပြသည်။ ဥပမာအားဖြင့် Rythms & Blues သီချင်း တစ်ပုဒ်ကို ဆိုပြပြီးသည်နှင့် Bluesဂီတအကြောင်း ပြောပြသည်။ ထို့မှတစ်ဆက်တည်း Rock ဂီတအပေါ် ဘလူးစ်၏ ဩဇာ သက်ရောက်မှု အကြောင်း ဆက်ရှင်းသွားတာမျိုး လွန်စွာ အဓိပ္ပာယ်ရှိပြီး စနစ် သပ်ရပ်သည့် တင်ဆက်မှု ဖြစ်လေသည်။

Billy Stevens က တစ်ကိုယ်တော် ဖျော်ဖြေသည့် ဝမ်းမဲန်းရှိုးမှာ ကီးဘုတ်ကို ကိုယ်တိုင် တီး၊ ကိုယ်တိုင် ဆို၊ ကြားဖြတ် လိုအပ်လျှင် ပါးစပ်က ဘာဂျာ မှုတ်ရင်း လက်က ကီးဘုတ် အတီး မပျက်ချေ။

ကျော်မြင့်လွင်က အဆိုပါ တင်ဆက်မှုကို အထူး ရင်ခုန်ခဲ့သည်။

'တကယ် မိုက်တယ်ဗျာ' ဟု မှတ်ချက် ချခဲ့သည်။

(၁၁)

အပြန်လမ်းမှာ ကိုဝင်းဦးနှင့် ညီညီသွင်တို့ စကားတွေ ဖောင်လာကြသော်လည်း ကျော်မြင့်လွင်က တစ်ခွန်းမျှ ဝင်မပြော။ လမ်းပေါ်တွေ့သည့် ခဲလုံးကို ကန်ထုတ်လိုက်၊ ဘာလိုက်နှင့် ခပ်တွေတွေ၊ ခပ်ထုံထုံ လိုက်လာသည်။

သူ့အကျင့်က သီချင်း ရေးချင်ပြီဆိုလျှင် ပြောလက်စ စကားကိုပင် မပြောချင်။ ကြောင်တောင်တောင်နှင့် သူများ ပြောစကားကို မကြားသလို ကြားသလို ပြန်ကြည့်နေတတ်တာ ကိုဝင်းဦး သိသည်။

သို့ဖြင့် ညီညီသွင်ကို အသာ လက်တို့ပြီး–

'ဟိုကောင် သီချင်း ရေးဖို့ အာရုံ ဝင်နေပြီ။ သူ့အရှိန်နှင့် သူ လွှတ်ထားပေးလိုက်။ နှိုးမိရင် ပျက်သွားလိမ့်မယ်' ဟု ပြောရသည်။

(၁၂)

အဆောင် ပြန်ရောက်တော့ ညက တအား နက်ရှိုင်းပြီ။ မိုးလင်းမည့် ဘက်သို့ပင် ချဉ်းကပ်နေခဲ့ပြီ။ မျက်လုံးများ ဖန်စပ်လျက် အားလုံး ပင်ပန်းနွမ်းလျပြီ။

သို့သော် ကျော်မြင့်လွင်က အိပ်ရာ မဝင်။ ဂီတာကို ကိုင်ပြီး သံစဉ် သွားစမ်းနေခဲ့သည်။ ဘာဆိုဘာမျှ ကြားလိုက်သည် မထင်ရ။ ကိုဝင်းဦးတို့ တစ်မှေးမျှပင် မရသေးခင် စောစောလေး အတွင်းမှာပင် ကျော်မြင့်လွင် ပြန်ရောက်လာခဲ့ရာ လက်ထဲမှာ အရေးရေးပြီးသား သီချင်း တစ်ပုဒ် ပါလာခဲ့တော့သည်။

*'ကြိုးဝိုင်း'*

*လူ့ဘဝဟာ ဝိုက်မွဲ ကြိုးဝိုင်း တစ်ခုပါပဲ၊*

*သီချင်းလေး ညည်းသလိုမျိုး ဘဝကို ချိုးနိုင်မှာလဲ၊*

*လက်မြှောက် လက်မြှောက် အလဲအကွဲတွေ ကြုံမယ်၊*

*ချွေး စက်စက် နီရဲ့ အဓိက မိတ်ဖေါ်ပဲ၊*

*ဝိုင်းဟာ ပျော့ကြည်နေဆဲ၊*

*ဆူးထောက် ဆူးထောက် အညှို့ မပေး နဲ့၊*

*နာကျင်စွာ ငယ်ရာတွေ ရင်ခုန်သံ သာယာစေတောင်*
*စက္ကန့်တိုင်း အသက်ရှူခဲ့၊*
*မိုးစက်တွေ အမြင်အာရုံ မြူမှုန်တွေ ကာစေနေသလို*
*ရင်ဆိုင်ရန် အားအင်မဲ့၊*
*ရှေ့ကို အလဲထိုးမယ်၊ ရှေ့ကို အလဲထိုးမယ်၊*
*မင်းအပြုံး တစ်ခုသာ ငါ့အတွက် အင်အား အင်အား၊*
*အခါ တစ်ချက် မလွှတ်ရဲ့ အလဲထိုး သွားနိုင်တယ်၊*
*ကျား ရိုက်ညာ ဥမြိုးနဲ့ အဆောအစကြား ရင်ဆိုင်တိုက်မှု*
*ဆုံးဖြတ် ဆုံးဖြတ် အရှုံးမပေး နဲ့လော့၊*

ထိုသီချင်းက နောင်သောအခါ သူ၏ 'မှော်ဆရာ အိပ်မက်' အယ်လဘမ်ထဲမှာ ပါဝင်ခဲ့ပြီး နှစ်ချို့ပိုင် အတွက် ရွေးချယ်ထားသော လက်ရွေးစင်ထဲမှာလည်း ပါဝင်ခဲ့သည်။

(၁၃)

ကျော်မြင့်လွင်၏ ခွဲနှဘဲနှင့် ပေတေ အပေါ်ပန်းခံသည့်အပေါ် ရုပ်ရှင်စွာက တောက်လျှောက် မလိုက်နိုင်။

သို့ဖြင့် Vocal ထပ်သည့် အချိန်တွင် စိတ်ပန်းလူပန်း ဖျားပါလေတော့သည်။

ခေါင်းရည် သွားသောက်လိုက်ရာမှ အစေးမှားပြီး ဖျားခြင်း ဖြစ်သည်။ ကိုကြည်စိုးကပဲ ဆေးခန်း ခေါ်သွားပြီး ဆရာဝန်က ဆေးသွင်း ပေးရသည်။ တစ်ဘက်တွင် စိတ်က ဆောင်နေသလား မသိ။ ချက်ချင်းလိုလိုပင် ဦးခေါင်းထောင် နာလန်ပြန်ထူ လာခဲ့သည်။

(၁၄)

ရက်ကောင်း ကာလ အတွင်းမှာပင် ကျော်မြင့်လွင်၏ အစွမ်းသတ္တိ များစွာတို့ကိုလည်း တွေ့မြင် လာရသည်။

'ညီလေးရေ' ဆိုလျှင် ထိုသီချင်းကို နဂို အစရင်က လုံးဝ ကြိုတင် မရေးရသေး။ ထိုခေတ်၏ ဆင်ဆာ မူဝါဒအရ အကျိုးပြု သီချင်းတစ်ပုဒ် မထည့်မဖြစ် ထည့်ရမည် ဆိုရှု့ စတူဒီယိုထဲတင် ကမန်းကတန်း ကောက်ရေးသည်။

အကြောင်းအရာက သူ့စိတ်ထဲမှာ အလွတ်ရနေသည်။

ကိုနေမျိုးဇော် တောင်ပေါ်တက်မသွားခင် သူ့အတွက် ရေးဖို့လာခဲ့သည့် စာကိုပင် သီချင်းအဖြစ် အသွင် ပြောင်းလဲပြီး ရေးချလိုက်ခြင်း ဖြစ်သည်။

'ညီလေး ရေ . . .
လမ်းမှား ရှောင်ရွေ့ကွာ . . အချိန်များ ဟာ . . နည်းလွန်းတယ် အဝမှာ။
ညီလေး ရေ . . .
မြစ်တစ်ခုမှာ ရေစီးခါ ချိုးလို့ မရနိုင်တာ မင်း နားလည်ပါ။
ညီလေး ရေ . . .
လောကစလမ်းမှာ . . သင်ကြားပါ . . ကောင်းမှု ပြုတဲ့အခါ။
ညီလေး ရေ . . .
အများ အကျိုး ဆောင်ရွေ့ပါ . . နှလုံးသား ရဲ့ အမှန်တရား ရှုမြင်နိုင်မှာ။

စည်း နှစ်ဘက်ရဲ့ အကြား မင်း မရပ်နဲ့ကွာ . .
တွေဝေတတ်တဲ့ အလုပ် တို့နဲ့ မဆိုင်ပါ၊
လမ်း တစ်ခုအတွေး အများ သို့မဟုတ် အမှန်
ပါပဲပေါ့ကွာ . . ယုံကြည်စိတ်ထား။
မင်း ရွေးများ အား နည်းနေလား . . . ရွေးသစ် လဲလိုက်ပေါ့ အမှန်တရား . .
လောကကောင်းကျိုး ထမ်းရွက်မယ် . . . လူသား တစ်လောက အပြစ်နဲ့ . .

ညီလေး ရေ . . .
လမ်း ရွေးပြီး ရင် သွားကွာ . . အချိန်မရှိပါ . . တို့နောက်မှာ သေခြင်းတရား။
ညီလေး ရေ . . .
မင်း အကြောင်း ဟာ အဆိုင်းမှာ . . . မှတ်သား စရာ မရှိခဲ့တာ မဟုတ်ပါ။
ညီလေး ရေ . . .
အသား လုံး ဟာ မရေရာ . . ဝမ်းနည်းပို့ မလိုတာ မင်း နားလည်ပါ'

The Aces မှ ကိုပက်ထရစ်က ထိုသီချင်းကို နှစ်သက်လှ၍ 'မင်း သီချင်းက တိုင်တာယ်လ်တောင် လုပ်လို့ ရတယ်' ဟု ဆိုခဲ့သေးသည်။

(၁၅)

အသံသွင်းတာမှာလည်း ဒုက္ခ တော်တော် ခံခဲ့ရသည်။

အတီးပိုင်း ပြီးပြတ်၍ အဆို Vocal ထပ်နေပြီ။ ကျော်မြင့်လွင် လိုချင်သမျှကို ကိုရှာလီ၊ ကိုကောင်းမြတ်တို့က အလွန် စိတ်ရှည်စွာ လုပ်ကိုင်ပေးကြသည်။ ထိုစဉ်က အသံသွင်းသည့် Track များမှာ ယခုခေတ်လို အရေအတွက် မများသေး။ သို့သော် သူ့အတွက် track နှစ်ခု ပေါင်း၍ ကတ်တစ်ခု

ပိုရအောင် လုပ်ပေးသည်။ နှစ်ကန့်ကို ပေါင်းလိုက်၍ တစ်ခု ပိုထွက်လာခဲ့ခြင်း ဖြစ်သည်။ ထိုအခါ သူ စိတ်တိုင်းကျ ဆိုသည်။

ပထမ တစ်ကြိမ် ဆိုသည်။ ကောင်းသည်။

နောက်ထပ် တစ်ကြိမ် ထပ်ဆိုသည်။ ကောင်းပြန်သည်။

ဒါလည်း မရသေး။ သူ ထပ်ဆိုကြည့်သည်။ ကောင်း၍ နေပြန်တော့သည်။

ဒါလည်းကောင်း။ ဟိုဟာလည်းကောင်း။ ဘာထည့်ထည့်ကောင်း။ သို့ဖြစ်၍ ဘယ်ဥစ္စာကို အပြီးသတ် ထည့်ရမည် ဆိုတာ ဘယ်သူမျှ မရွေးနိုင်။ သူက တစ်ခါ ဆိုလျှင် ဆိုဟန် တစ်မျိုး။ Mood နှင့် စတိုင် ပြောင်းသွားသောအခါ ဖွဲ့စည်းပုံ တစ်ခုလုံးပင် ပြောင်းသလို ဖြစ်သွားသည်။

အခွေကြမ်းထဲမှာ ဆိုခဲ့စဉ်က တစ်မျိုး။ အတီး ထည့်ပြီး သူ အကြမ်း ဆိုသောအခါ ပုံစံက တစ်မျိုး။

'*သူငယ်ချင်းလေး ချစ်တယ်၊ အမယ်လိုပြောရမလဲ*' ဆိုလျှင် ဒီသီချင်းက မိုးလွန်းတယ်။ ရေဒီယို သီချင်းလေးလို ဖြစ်နေတယ်။ ဒီဥစ္စာ မကြိုက်သေးဘူးဗျာ' ဟု သူ့ ဘာသာ သူ မှတ်ချက်ချသည်။ တကယ် ရက်ကောဒင်းအတွက် သီချင်း ဝင်ဆိုလိုက်တော့ ကိုပက်ထရစ်ပင် မျက်စိ လည်ထွက်သွားသည်။

ဒါက သီချင်းအသစ် တစ်ပုဒ်လား'

'မဟုတ်ဘူး။ တစ်မျိုး ပြောင်းဆိုလိုက်တာ'

'ဟာ–လုပ်ချလိုက်ပြန်ပြီဗျာ'

Body notes ပေါ်မှာ အဆိုသံကို လုံးဝကြီး ပြောင်းပစ်လိုက်ခြင်း ဖြစ်သည်။ သို့ဖြင့် နောက်ခံ တီးပေးထားသော စတိုင်လ်လည်း လိုက်ပြောင်းသလို ဖြစ်သွားသည်။ ကိုအော်စကာကလည်း ရမ်ဘီကို ပြောင်းပေးသည်။ ဤသို့ဖြင့် နဂို သီချင်းမှာ အသွင်သဏ္ဍာန်က မယုံနိုင်စရာ ပြောင်းလဲသွားခဲ့သည်။

သူ့သီချင်းတွေကို သူ့ဘာသာ ပြန်နားထောင်ပြီး၊ ပြင်ပြင် ဆိုလွန်း အားကြီး၍ အားလုံးက သူ့ကို မစ္စတာကွန့်ဟု ခေါ်ကြသည်။ စုပါ စတားလုံး ကွန့်ဟုလည်း အမည် ပေးထားခဲ့ကြသည်။ သို့သော် အားလုံးက ကြည်ကြည်ဖြူဖြူ ပျော်ပျော်ရွှင်ရွှင်။

(၁၆)

ပျော်ပျော်ရွှင်ရွှင် ဖြစ်ခဲ့သလို တစ်ဖက်မှာ စိတ်လှုပ်ရှားစရာ အခက်အခဲတွေလည်း များစွာ ကြုံခဲ့ရသေးသည်။ အခက်အခဲ တစ်ခုကတော့ စုံတွဲသီချင်းအတွက် ဖြစ်သည်။

'ဝေးသွားတဲ့အခါ' သီချင်းကိုပဲ ပဲခူးမှာ ကနဦး ရွေးချယ်စဉ်ကတည်းက စုံတွဲ ဆိုချင်သည်။ အပေးအယူ ဆိုနိုင်အောင် သူ လုပ်ထားခဲ့သည်။

ရက်ကောင်း အတွက်ကလည်း ခုနစ်ကျူတီပဲ ယူထားနိုင်၍ အကန့်အသတ် ရှိနေသည်။ အတီးပိုင်းတွေ အားလုံး ပြီးသလောက် ရှိနေပြီ။ ငါးရက်မြောက်အထိ စုံတွဲ သီဆိုပေးမည့် အမျိုးသမီး အဆိုတော်ကို ရှာ၍ မရသေးချေ။

တီးပိုင်းက နောက်နေ့လာမှာ မဟုတ်တော့၍ အတီးပိုင်းကိုအပြီး အဝင်သွင်းထားရသည်။ ဆိုခဲ့သလိုပင် ထိုစဉ်တုန်းက ရက်ကောင်း ထရက်ခ်မှာ များများစားစား မရှိ။ တီးပိုင်းမှာ လူအားလုံး စုံမှ တီး၍ ရသည်။ သို့နှင့် မိန်းကလေးလည်း ဆိုနိုင်လောက်အောင် ကီးကို သူ့ဘာသာ ချိန်၍ ဆိုထားလိုက်ရသည်။

(၁၇)

အမျိုးသမီး အဆိုရှင်ကို စဉ်းစားသောအခါ ကျော်မြင့်လွင်က စိမ်းမိုမိုး၏ ချိုသာ အောင်မြင်သော အသံကို သဘောကျသည်။

'ကိုဝင်းဦး၊ လုပ်ဦးဗျာ' ဟု နားပူနားဆာ တိုက်တွန်း၍ စိမ်းမိုမိုးကို သွားပြောရသည်။ စီးတော်ယာဉ်ကတော့ ထုံးစံအတိုင်း ဘတ်စ်ကား ဖြစ်ချေသည်။ ပထမ တစ်ကြိမ်မှာ စိမ်းမိုမိုးနှင့် မတွေ့ခဲ့ရ။ သို့ဖြင့် တိပ်ခွေကြမ်းနှင့် သီချင်းစာရွက် ပေးခဲ့သည်။ တစ်ကန့်က ကျော်မြင့်လွင် ဆိုထားပြီး ဒုတိယ အကန့်ကို မိန်းကလေး ဆိုဖို့ ချန်ထားသည်။

ညနေ ထပ်သွားတော့ စိမ်းမိုမိုးနှင့် တွေ့ရာ ဖော်ဖော်ရွေရွေ လက်ခံ စကားပြောသည်။ အကူအညီ ပေးဖို့ လိုလိုလားလား ရှိနေ၍ ဝမ်းသာရသည်။ စိမ်းမိုမိုးက အခွေကို ညတွင် နားထောင်ထားပြီး သူ့အသံနှင့် လိုက်ဖက်ခြင်း ရှိ/မရှိ မနက်ကျလျှင် အကြောင်းပြန်ပါမည်ဟု ဆိုသည်။ စိမ်းမိုမိုးက အနုပညာစိတ် ရှိသည်။ ငွေရေးကြေးရေးက ပဓာန မဟုတ်။ သူ့အသံနှင့် အံဝင်ကိုက်ညီအောင် ဆိုနိုင်၊ မဆိုနိုင်ဘဲ အလေးထားသူ ဖြစ်သည်။

မနက်ကျတော့ သွားစောင့်ကြသည်။ စိမ်းမိုမိုးက မင်္ဂလာဆောင်မှာ သီချင်းဆိုပြီး မနက်ပိုင်း ၁၂ နာရီခန့်တွင် ပြန်ရောက်လာသည်။ သူ အရမ်း အားနာနေခဲ့သည်။ သီချင်းကိုလည်း ကြိုက်နှစ်သက်သည်။ ဆိုလည်း လွန်စွာ ဆိုပေးချင်သည်။ သို့သော် ဆိုရတာက အဆင်မပြေ ဖြစ်နေသည်။ ကျော်မြင့်လွင် ဘက်က အသံနှင့် ချိန်ပြီး အတီး ကြိုသွင်းထားသဖြင့် ကီးကို ပြန်ချိန်၍ မရ။ သို့ဖြင့် လက်လျှော့ တပ်ခေါက် ပြန်လာခဲ့ရသည်။

(၁၈)

တာမွေဘက်မှ အယ်နီတာထံ ရောက်ခဲ့ကြပြန်သည်။ တွေ့တော့ အကျိုးအကြောင်း ပြောပြပြီး တစ်ထိုင်တည်း နားထောင်၍ ဆိုကြည့် ခိုင်းရသည်။ ဒီမှာလည်း ကီးက ချိန်၍ မရပြန်။ ကျော်မြင့်လွင်ကလည်း ရိုးရိုး ဆိုထားရာက အလိမ်အတွန့်လေးတွေ ထည့်ထားတာ ရှိသည်။ အမျိုးသမီး အဆိုရှင်ဘက်က

အဆိုပါ အတွန့်အခေါက်လေး တွေနှင့် လိုက်လျောညီထွေ ရှိအောင် လိုက်ဆိုရမည်။ ဒီလိုနှင့် ည ၁၁ နာရီသာ ထိုးသွားသည်။ အဆင်က မပြေ။

မိန်းထဲလည်း ပြန်မအိပ်နိုင်။ သို့ဖြင့် ကိုထွေးညွန့် အိမ်ကိုပဲ ခြေဦး လှည့်ကြသည်။ ဟိုက မိသားစုများသည့်အတွက် မီးဖိုချောင်ထဲ ဝင်အိပ်ခဲ့ရသည်။ ဘယ်လိုပဲဖြစ်ဖြစ် တစ်ဖက်တွင် ရက်ကောဒင်း ဖောကပ်နေ၍ ကျောချရော တစ်နေရာပဲ လိုသည်။ ဘာဆိုဘာမျှ စိတ်အကြောင် မနေကြတော့ချေ။

(၁၉)

Vocal ဒိတ်က ကျပ်တည်းနေပြီ။ အချိန်သတ်မီး အဆိုရှင်ကတော့ အရေးပေါ် အသက်ကယ် အသည်းအသန်။ ရကို ရမှ ဖြစ်လိမ့်မည်။

အဲသမှာ ကျော်မြင့်လွင်က ရုတ်တရက် ထပြီး 'ရန်ကင်းမှာ မိပေါက် ရှိတာပဲ။ သူ နေကောင်းရင်တော့ ဆိုပေးနိုင်မှာ သေချာတယ်' ဟု ဆိုသည်။

ကိုဝင်းဦး မေးကြည့်သောအခါ ပေါက်ပေါက်သည် ပုသိမ်ကတည်းက သူငယ်ချင်း။ အသံကောင်းရုံ သက်သက် မဟုတ်။ အဆို ပါရမီ ရှိသည်ဟု ဆိုသည်။

ကျော်မြင့်လွင် ပါးစပ်က ကောင်းသည်ဟု ပြောလျှင် စိတ်ချ၊ သေချာပြီ။ သူက အနုပညာ အရာတွင် လူချင်း ခင်မင်သည့်အပေါ် မျက်နှာ ထောက်ထားလေ့ မရှိ။ ကောင်းမှ ကောင်းသည်ဟု ပြောတတ်သူ။

ပေါက်ပေါက်ဆီ ရောက်သွားတော့ ကျန်းမာရေး ကောင်းနေသည်။ တိပ်ခွေ ဖွင့်ပြပြီး အစမ်း ဆိုကြည့်တော့လည်း ဖမ်းသာစရာ။ အားလုံး အဆင်ပြေသည်။

'မနက်ဖြန်ကျရင် ငါတို့ လာခေါ်မယ်။ အဆင့်သင့် လုပ်ထား' ဟု မှာခဲ့သည်။

နောက်တစ်နေ့ကျတော့ စတူဒီယို အခန်းထဲမှာ ကျော်မြင့်လွင် လိုချင်သည့်အတိုင်း ပေါက်ပေါက်က ဆိုပေးနိုင်သည်။ အစအေရာရာ ချောမွေ့ခဲ့လေသည်။

ကိုကောင်းမြတ်၊ ကိုချာလီတို့ကလည်း ပေါက်ပေါက်၏ အသံကို သိပ်သဘောကျခဲ့ကြသည်။

'စီးရီး သွင်းမယ်ဆို ဖြစ်တယ်။ သိပ်ကို ရှားပါးတဲ့ အသံပဲ' ဟု မှတ်ချက် ချခဲ့ကြသေးသည်။ သို့သော် ပေါက်ပေါက်က သူငယ်ချင်းကိစ္စ အရေးအကြောင်း ကြုံနေ၍သာ ဝင်ပြီး ကူညီပေးခြင်း ဖြစ်လေသည်။

မည်သို့ပင် ဆိုစေ ကျော်မြင့်လွင်ကတော့ အခက်အခဲ တစ်ခုကို ကျော်လွှား၍ သူ ဖြစ်ချင်သည့် ဆန္ဒများ ပြည့်ဝသွားသည့်အတွက် အထူးပင် ပျော်ရွှင် ကျေနပ်နေတော့သည်။ ကိုဝင်းဦးကတော့ ဟင်းကနဲ သက်ပြင်း တစ်ချက်ချလိုက်ပြန်သည်။ ဘာပဲပြောပြော သျှပ်ကလေး ပျော်နေတာ တွေ့ရသည်နှင့် သျှပ်ကြီးလည်း ကြည်နူးရသည်သာ။

(၂၀)

ကျော်မြင့်လွင်၏ ထူးခြားသော ဇီဇ ပါရမီအရ မည်သည့် တူရိယာ ပစ္စည်းမဆို တွေ့လိုက်သည်နှင့် စေားချင်း အတွင်း ရင်းနှီး ကျွမ်းကျင်သွားတတ်သည်။ တေးသီချင်း ဆိုလျှင်လည်း တစ်ခါလောက်ကလေး နားထောင်လိုက်ရုံမျှနှင့်ပင် ရသွားပြီ ဖြစ်သည်။ သူနှင့်အတူတူ နားထောင်သူတွေထက် ပို၍ တိကျစွာပင် မှတ်မိလေ့ ရှိသည်။

**ဆိုအေးစ် စတူဒီယိုတွင် မြန်မာ**သံ စီးရီးများ အသံသွင်းရန်အတွက် မြန်မာ ဂီတာတူရိယာများလည်း ရှိရာ တစ်ကြိမ်တွင် **ကျော်မြင့်**လွင် ပတ္တလား ထိုင်တီးနေတာကို တွေ့ရသည်။

'မင်း ဘယ်တုန်းက ပတ္တလား တီးတတ်သွားတာလဲ' ဟု ကိုဝင်းဦး မေးကြည့်သည်။

'အခုလေးတင်ပဲ တီးတတ်သွားတာလေဗျာ' ဟု ပြန်ဖြေသည်။

သို့သော် သူ့အသံက ဝင့်ကြွားမှု မရှိ။ ပကတိ ရိုးသားစွာဖြင့် အရှိအမှန်အတိုင်း ဖြေလိုက်တာ ဖြစ်သည်။

ညပိုင်းတွင် ဆိုအေးစ် စတူဒီယို၌ အလုပ် လုပ်ကြရင်း ခေတ္တ နားချိန်များ၌ ကင်တင်း ထွက်ထိုင်သောအခါ ကျော်မြင့်လွင်က လိုက်မလာ။ နေရစ်ခဲ့တာ များသည်။

တစ်ကြိမ်တွင် အဖွဲ့လိုက် ပြန်လာကြတော့ အထဲမှာ စန္ဒရား တီးနေသံကို ကြားရသည်။ အခန်း တံခါးက မစေ့တစေ့။ သို့ဖြစ်၍ အသာ လှပ်ကြည့်လိုက်သောအခါ စန္ဒရားခုံမှာ အကျအန ထိုင်ကာ ဘယ်ညာ လက်ချောင်းတွေ အားလုံး သုံးပြီး အားပါးတရ ကိုင်နေသော ကျော်မြင့်လွင်ကို တွေ့ရသည်။

တီးနေသည့် သီချင်းက 'နာရီပေါ်မှ မျက်ရည်စက်များ'

(၂၁)

စတူဒီယို ရက်ချိန်း ပြီးဆုံးဖို့ လက်တစ်ကမ်း အချိန်မှာ ကျော်မြင့်လွင်၏ ဂီတပါရမီ၊ မဖြစ်မနေ လုပ်တတ်သော စိတ်ဓါတ်၊ ရေဆုံးကမ်းဆုံး စေ့စပ်သေချာ လိုက်နိုင်သည့် စွမ်းရည်ကို တွေ့မြင်ရပြန်သည်။

အတီး အားလုံး ပြီးပြီ၊ အဆိုပိုင်းတွင် ဟာမိုနီက မထည့်ရသေး။

ကိုယ်က နားမလည်ခဲ့၍ ဟာမိုနီကို တီးပိုင်းကပဲ ထည့်ပေးလိမ့်မည် ထင်ခဲ့သည်။ အခုတော့ ဟာမိုနီ ကိစ္စကို ကိုယ့်ဘာသာပဲ ငှားရတော့မည်။ ထိုအချိန်က နာမည် အကျော်ကြားဆုံး မေညီအစ်မများ အဖွဲ့ကိုတော့ဖြင့် ဘယ်လိုမှ မငှားနိုင်။ ဟာမိုနီ လိုက်ခါက တစ်ယောက်ကို ငါးရာကျပ် ဖြစ်၍ လေးယောက် အတွက် နှစ်ထောင် ပေးရမည်။

ထိုအချိန်မှာ ရေပိတ်ချိန် ရောက်ပြီ။ လက်ထဲတွင် ငွေ နှစ်ထောင် မပြောနှင့်။ အိတ်ကပ်ထဲမှာ နှစ်ရာပင် ကောင်းကောင်း မပြည့်။

ခက်တာကတော့ ခက်နေပြီ ဆိုသော်လည်း ကြာကြာ စိတ်ညစ် မခံ။ ရှိသမျှ ကိုယ့်လူတွေနှင့် ကိုယ်ဘာသာပဲ ချလိုက်တော့မည်ဟု ကျော်မြင့်လွင်က ဆိုသည်။

ဟာမိုနီ အရှိန်းချိုမင့်ကို ကိုဝင်းဦးနှင့် နှစ်ယောက် တိုင်ပင်ကြသည်။ တကယ်တော့ ကျော်မြင့်လွင် အိုင်ဒီယာပဲ များသည်။ ကိုဝင်းဦးက နည်းနည်းကျဉ်းကျဉ်း အကြံပေးရုံ ဖြည့်စွက်ရုံမျှသာ။

(၂၂)

ဟာမိုနီ အသံဖမ်းဖို့အတွက် ထရက်ခ် တစ်ခု ကျန်သည်။

ဟာမိုနီ လိုက်မည့်သူတွေ ရှာလိုက်တော့ အနီးကပ်ဆုံးမှာ ကိုဝင်းဦး ရှိသည်။

ပြီးတော့ ညီညီသွင်။

ပဲခူးက အပေါင်းအသင်းများ ဖြစ်ကြသော မျိုးအေးနှင့် ဝင်းမြတ်ဦးတို့က တေးသံသွင်း အတွေ့အကြုံ ရှိမှုသည်။ ကိုမျိုးအေးက တေးပုလဲ ကိုတမြင့်ထံမှ အခွေ တစ်ခွေ ထွက်မှုသည်။ ပြီးတော့ ဝင်းမြတ်ဦးကလည်း 'လွမ်းတဲ့လမ်း' စီးရီး လုပ်မှူး ထားခဲ့သည်။

ဤသို့ဖြင့် လူလေးယောက် စုသွားသည်။

အခန်းကျဉ်းလေးထဲမှာ မိုက်ခွက်တွေကို ရှေ့တိုးနောက်ဆုတ် ချိန်ဆကြသည်။ ဟာမိုနီသမား လေးယောက်က ကိုယ့်ဟာမိုနီ အသံ ကိုယ် မှတ်ထား။ ကိုရှာလီက အရင် နားထောင်ပြီးမှ မိုက်တွေကို ပြန်ချိန်။ သီချင်း တစ်ပုဒ်ကို သုံးနာရီလောက် ကြာအောင် လုပ်ရသည်။ ခံစားရသော ဒုက္ခတွေက တချွဲ့၍ မကုန်နိုင်။

(၂၃)

တကယ်တော့ ထိုအချိန်တုန်းက ကျော်မြင့်လွင်၏ အသက် အတော်ပင် ငယ်သေးသည်။ ၂၂ နှစ် ၂၃ နှစ်လောက်ပဲ ရှိသေးသည်။ သို့သော် သူ နားလည် တတ်မြောက် ထားတာတွေကလည်း အသက်အရွယ်နှင့် မမျှလောက်အောင် များပြားနေကြောင်း တွေ့ရှိရသည်။ ဂီတပညာကို သူ ကောင်းကောင်းကြီး သိနေပြီ။

ကျော်မြင့်လွင်က အော်ခက်စတြာလို သံစုံ တီးဝိုင်းကြီးကို သူ့ တူရိယာ အုပ်စုနှင့် သူ နေရာ ချထားဖို့ စိတ်ကူးနှင့် ရှိုးသူ ဖြစ်သည်။ အဆိုပိုင်းတွင် လိုအပ်သလို ကျိုင်ယာ အဖွဲ့ဖြင့် ထည့်သွင်း စီစဉ်ချင်သည်။ မဂ်လာ အခါတော်ပေး တေးသီချင်းကိုပင် တကယ့်ကို ခမ်းခမ်းနားနား ပြည့်ပြည့်ဆိုင်ဆိုင် နိုင်ငံတကာ ဟာမိုနီ အသံတွေနှင့် စံချိန်စံညွှန်း မီအောင် လုပ်ချင်သူ ဖြစ်သည်။

ပဲခူးသား ကိုမျိုးအေးဆိုလျှင် အသံ တော်တော် ကောင်းသူ ဖြစ်သည်။ သို့သော် ကျော်မြင့်လွင်က အဆိုပညာ ပိုတတ်သည်။ သီချင်းဆိုရာမှာ မျောက်ထားရမည့် အသံဆိုလျှင် တစ်လုံး မျောက်ပြီးမှ ပြန်ပေါ်လာအောင် ဆိုတတ်သူ။

'မင်း ဘယ်လို လုပ်လိုက်တာလဲ' ဟု ဆိုလျှင် ပြုံးစိစိသာ လုပ်၍ နေတော့သည်။

တကယ် အလုပ် လုပ်တော့လည်း အခက်အခဲတွေက များစွာ။

ကျော်မြင့်လွင်က လူငယ်ပီပီ ဖြစ်ချင်တာ၊ လုပ်ချင်တာတွေ သိပ်ကို များသည်။ သူ သိထား၊ နားလည် ထားတာတွေကလည်း ထုထည် ကြီးမားသည်။

(၂၄)

နောက်ခံဂီတမှာ The Aces တီးဝိုင်းက instruments တွေနှင့် အစွမ်းကုန် တီးခတ်ပြီး အကောင်းဆုံး အသံဖမ်းပေးထားသည်။

သို့သော် ကျော်မြင့်လွင်၏ စိတ်ထဲမှာ အားလုံး ကျေနပ် အားရသည် မဟုတ်။ သူ၏ နားထဲမှာ instruments များနှင့် တီးခတ်ထားသမျှ အချို့ နေရာတွေမှာ သူ လိုချင်သည့် အတိုင်းအတာအထိ မပြည့်သေးတာမျိုး ရှိနေသလို ခံစားရသည်။ သူ ရရှိသည့် စံချိန်စံညွှန်း ရှိကော်ဒါ အသံ မပြည့်။ ထုထည်နှင့် အင်အား လျော့ပါးနေသည်ဟု သူ ထင်သည်။ သို့ဖြင့် instrument တူရိယာ ပစ္စည်းများထံမှ မရရှိဟု သူ ခံစားရသမျှ၊ အသံများ လိုနေသေးသည် ထင်ရသမျှ နေရာတွေမှာ (Human Voices) လူ့အသံနှင့် လိုက်ဖြည့်ဖို့ စီစဉ်သည်။

ကျော်မြင့်လွင်က ကိုဝင်းဦးတို့တစ်တွေကို ဘယ်နားမှာ မည်သည့် အသံမျိုးနှင့် ဘယ်လိုဘယ်ပုံ ဖြည့်အော်ပေးဖို့ ညွှန်ကြားသည်။ သူ ထောက်ပြသည့် နေရာများတွင် လူ့အသံနှင့် အားဖြည့်ခဲ့ရသည်။

ဥပမာ– 'မေ့လိုက်တော့' သီချင်းမှာ 'ပန်းခင်းလမ်းပဲ လျှောက်ပါ အချစ်ကလေးရယ်။ ချောင်းတောထဲက တို့ကို ထားခဲ့ကွယ်။ ချစ်ခဲ့ကြတဲ့ အချစ်ဟာ အိပ်မက်ပဲ၊ မင်းဘဝ နေ့သစ်ရောက်ပြီ မေ့လိုက်ကွယ်၊ အိုး မေ့လိုက်တော့ အချစ်ကလေးရယ်' အပိုဒ်မှာ ဆိုလျှင် တူရိယာတွေက သူ လိုချင်သည့် အတိုင်းအတာအထိ နောက်ခံသံ ရအောင် ဖန်တီးပေးမထားနိုင်။

ထိုအခါ ကိုဝင်းဦးတို့၊ ကိုမျိုးအေးတို့က သူ အော်ခိုင်းသည့် တီးခတ်သံတွေကို Human Voice ပါးစပ်ဆိုင်းနှင့် အကူ အားဝင်ဖြည့်ပြီး လိုက်အော်ပေးရသည်။

သီချင်း တော်တော်များများကို ထိုသို့ လက်မေါက်ကတ်စွာ ပြန်စီစဉ်၍ တစ်ခွဲ့လုံး ခုကူ ရောက်လိုက်ကြတာကတော့ မတရားကြီးကိုပဲ ဖြစ်သည်။ ပင်ပန်းလိုက်ကြတာလည်း ပြောစရာ မရှိတော့ပြီ။

(၂၅)

အသံဖမ်းသည့် ကိုချာလီ၊ ကိုကောင်းမြတ်တို့က သူ့တို့ အသံဖမ်း သက်တမ်းတစ်လျှောက်တွင် သည်လို လုပ်တာမျိုးကို စတေစာ မကြုံမတွေ့ခဲ့ကြ။

သို့သော် အံ့ဩစရာ ကောင်းတာက သူ အရစ် ရှည်သမျှ အသံဖမ်း ကိုချာလီနှင့် ကိုကောင်းမြတ်တို့က နားလည်နေကြခြင်း ဖြစ်သည်။ သူ ဘာလိုချင်သည် ဘာရည်ရွယ်ချက်နှင့် ဘာကြောင့် ယခုလို လုပ်သည် ဆိုတာကို ကောင်းစွာ သဘော ပေါက်ကြသည်။

သို့ဖြစ်၍ ကျော်မြင့်လွင်ကို စိတ်ရှည်စွာ သည်းခံကြသည်။ ကျော်မြင့်လွင် စိတ်တိုင်းကျ ဖြစ်ရအောင် အစစအရာရာ အလို လိုက်လျော လုပ်ကိုင် ပေးခဲ့ကြသည်။

ဤသို့ဖြင့် Vocal နှစ်ဂျူတီလုံး အချိန် ကွက်လပ် မရှိ၊ မိုးစင်စင် လင်းခဲ့ရသည်။

(၂၆)

သူ ညွှန်ကြား စေခိုင်းသည့်အတိုင်း လုပ်ပေးပြီးနောက် ပြန်နားထောင် ကြည့်သောအခါ ပီတိ ဖြစ်စရာ၊ ရင်သပ်ရှုမော အံ့သြစရာ။

ဂီတ အသံတွေက နဂို ရှိရင်းစွဲနှင့် မတူ၊ အလွန် လှပစွာ အားအင် အပြည့်နှင့် ရုပ်လုံးကြွ အသက်ဝင် လာခဲ့ကြသည်။ အရမ်းကို ပီတိ ဖြစ်ချင်စရာ ကောင်းသည်။

'နာရီပေါ်မှ မျက်ရည်စက်များ' အခွေ ထွက်လာသောအခါ ပရိသတ် အားလုံး၏ ခံစားချက်ကို ချက်ချင်း ဖမ်းစားပြီး ရင်ထဲသို့ တည့်တည့်တန်းတန်း ရောက်ရှိ ထိမှန် သွားခဲ့ရသည်မှာ အဆိုပါ အဆန်းတကြယ် ကြိုးပမ်း အားထုတ်ခဲ့မှုများကြောင့် ဆိုလျှင် မမှားနိုင်။

အချို့သော လူနည်းစုအတွက် 'နာရီပေါ်မှ မျက်ရည်စက်များ' သည် သဝန်တိုချင်စရာ ကောင်းလောက်အောင် ပြောင်မြောက်ခဲ့ခြင်း၊ နားမခံမရပ်နိုင်စရာ ဖြစ်ခဲ့ရခြင်းမှာလည်း ကျော်မြင့်လွင်၏ ဂီတပါရမီနှင့် နားလည် တတ်ကျွမ်းမှု၊ စနစ်နှင့် အစီအမံ၊ တစ်ပွဲလုံး၏ မညည်းမညူ အပင်ပန်း ခံမှုများကြောင့် ဖြစ်သည်။ ထိုအရာတွေ အားလုံး ပေါင်းစုသွားပြီးမှ သီးပွင့်လာခဲ့သော ရလဒ် ဖြစ်လေသည်။

ထိုအရာသည်ပင် သူ၏ ဂီတ မော်ပဋ္ဌလက် တန်ခိုး ဖြစ်လိမ့်မည်။

(၂၇)

'နာရီပေါ်မှ မျက်ရည်စက်များ' တေးစီးရီး၏ တိပ်ခွေထဲမှာရှုန်းက မသိသာခဲ့သော်ငြားလည်း နှစ်ပေါင်း များစွာ ကြာခဲ့ပြီးနောက် မာစတာခွေကို စင်ကာပူသို့ ပို့ပြီး စီဒီထဲ ပြန်ထည့်လိုက်သောအခါ ခေတ်မီ နည်းပညာနှင့် အသံသွင်း စနစ်၏ တိကျမှုကြောင့် တစ်မျိုးနက ဝင်အောင် ပေးထားခဲ့ကြသည့် Human Voices ပါးစပ် ဆိုင်းသံများကို တူရိယာ တီးတော်သံများ အကြားမှ ပီပီသသနှင့် ပြန်ကြားနိုင်သေးသည်။

စီဒီထဲမှာ ထိုသို့ ပြန်လည် တွေ့ရှိရတာ သဘောကျစရာလည်း တစ်မျိုးဖြင့် ကောင်းနေတော့သည်။



စန္ဒရား ရှေ့မှ သျှင်ကာလေး

# အခန်း (၁၅)
# နာမည်တစ်လုံးကို တည်ဆောက်ရသော လမ်း

(၁)

အခွေကိစ္စကတော့ အားလုံး ပြီးသွားပြီ။

'တိပ်ခွေ ထွက်ရင် ဘာနာမည်နဲ့ မင်း ထွက်မှာလဲ' ဟု ကိုဝင်းဦးက မေးကြည့်သည်။ မျှော်လင့်မထားသည့် နာမည် အဆန်း။

'ထူးအိမ်သင်' ဟု ဆိုသည်။

'ဘာရယ်၊ ထူးအိမ်သာ ဟုတ်လား'

'ဟာဗျာ၊ ကိုဝင်းဦးကလည်း လုပ်ချလိုက်ပြန်ပြီ။ ထူးအိမ်သင်ပါဗျ' ဟု ဆိုပြီး အမည် စကားလုံးနှင့် တစ်လုံးချင်း ကောက်ယူ ထားပုံကို ရှင်းပြခဲ့သည်။

ကျော်မြင့်လွင်က ပန်းချီလည်း အနည်းအကျဉ်း ဆွဲတတ်၍ ကာတာကာဒ်ကို သူ့ဘာသာ စိတ်ကူးယဉ်ပြီး ဆွဲထားတာလေးလည်း ရှိခဲ့သေးသည်။

(၂)

မာစတာတိပ်ခွေ တစ်ခွေလုံး အချောကိုင် ပြီးစီးသွားပြီ ဖြစ်သော်လည်း တေ့ဒီယိုကနေ မရွေးရသေး။

လက်ထဲမှာ ရွေးဖို့ ပိုက်ဆံက မရှိ။

မာစတာခွေ ကိုယ်ပိုင် မရှိ၍ ရက်ကောဒင်းမှ Mix down လုပ်ပြီးသား အခွေကို ငှား၍ ကူးပြီး အခွေကြမ်းနှင့်ပင် ဆိုင်တွေကို လိုက်စပ်ရတော့မည်။ အခွေ ရောင်းထွက်ပြီး ပိုက်ဆံရတော့မှပဲ မာစတာကို ရွေးနိုင်လိမ့်မည်။

တေ့ဒီယို၏ ပဋိညာဉ်အလိုအရ ကာလအတိုင်းအတာ တစ်ခုအထိတော့ မာစတာကို မဖျက်သေး၊ သိမ်းထားပေးလိမ့်မည်။ သို့သော် သတ်မှတ်ကာလ နောက်ပိုင်းမှာ မာစတာခွေက ကျန်ရှိချင်မှလည်း ကျန်ရှိမည်။ အာမခံချက်နှင့် တာဝန်တော့ ယူမည် မဟုတ်တော့ချေ။

သို့ဖြစ်၍ တကယ့်ကို လက်တွေ့ ဇာတ်လမ်းဆီကို အခုမှပဲ ကူးပြောင်း ဝင်ရောက်ခြင်း ဖြစ်နေသည်။

(၃)

ကျော်မြင့်လွင် အသံသွင်းနေစဉ် ကာလကတည်းက တီးဝိုင်းရှိ ကိုပက်ထရစ်တို့ထံမှ သတင်းအနံ့ ရ၍ တေးသံသွင်းကြီး တစ်ခုမှ ပိုင်ရှင်က ကျော်မြင့်လွင်ကို လာရောက် အကဲခတ် ကြည့်ပြီးနေပြီ။

အခြေအနေတွေ ခန့်မှန်းမိပြီးသည့်နောက် 'ဒီအခွေ ဘယ်လောက်ရရင် ရောင်းမလဲ' ဟု သွေးတိုးစမ်း စကား ကမ်းလှမ်းခဲ့သည်။

'နှစ်သောင်းခွဲကျော်တော့ ကုန်ထားပြီးပြီ။ နှစ်သောင်းလောက် ရရင်ကိုပဲ ရောင်းမယ်' ဟုဆိုရာ တေးသံသွင်း ပိုင်ရှင်ကြီးက–

'အခု နှစ်သောင်းခွဲ ပေးမယ်' ဟု ကောက်ကာငင်ကာ ဆိုလိုက်သည်။

ဒါဆို ပြီးပြတ်ပြီ။

နှစ်သောင်းခွဲ အသားတင် ပေးမည် ဖြစ်၍ ကိုယ့်ဘက်က ကုန်ကျခဲ့တာတွေ အားလုံး ကာမိပြီ။ သို့သော် စကားက မဆုံးသေး။

'ဒါပေမယ့် နောက်ထပ် နှစ်ခွေတော့ ထပ်ဆိုပေးရမယ်' ဟု ဆိုသည်။

ထိုအခါကျလျှင်လည်း ကိုယ့်ဘက်က ဘာမှ ကုန်ကျစရာ မလို။ တီးဝိုင်းနှင့် တွေးဒီယို စရိတ် အားလုံး သူပေးမည်။ သို့ပေမယ့်လည်း သီဆို၊ တေးရေးတွေနှင့် ပတ်သက်ပြီး ရိုင်ခွင့်တွေ ဘာမျှ ပြောဆိုခြင်း မရှိ။

ပါးစပ် အပေါင်းသား ဖြစ်ချင်စရာ။ မယုံနိုင်သည့် ကမ်းလှမ်းမှု ဖြစ်သည်။ ငွေနှင့် ပတ်သက်လာလျှင် လူတွေက အရှက် ကင်းမဲ့ကြသည်။ သူဌေးဘက်က ကြည့်တော့လည်း ကျော်မြင့်လွင်က နာမည် တစ်လုံး မရှိသေးသူ။ လောင်းကစားဝိုင်းမှာ တင်ကစားသလို ကစား ကြည့်ရမည်။ ငွေရှင်ကြေးရှင် ပီပီ ရင်ခုန်စွန့်စား ကြည့်ရမည်။

ကျော်မြင့်လွင်က အခုလို အနောင်အဖွဲ့ကို လက်မခံ။ ပြီးတော့ လက်ရှိ ပစ္စုပ္ပန် ပြဿနာကိုပဲ သူ ကြည့်သည်။ အနာဂတ်၏ နောက်ထွက်မည့် နှစ်ခွေ ကိစ္စ သူ မသိ။ စဉ်းစား မထား။ အနာဂတ်ကို မျှော်လင့် လိုချင် တပ်မက်မှု မရှိသဖြင့် လောဘ ကင်းပြီး စဉ်းစားတာ ရှင်းနေသည်။

သူက–

'အခု တစ်ခေါက်က ကျွန်တော့် သီချင်းတွေကို ဆိုမယ့်လူ ဘယ်သူမှ မရှိလို့သာ ကိုယ့်ဘာသာ ဆိုလိုက်တာ။ အခုတစ်ခေါက် အခွေပေါက်ပြီး အောင်မြင်သွားလည်း နောက်ကို ကျွန်တော်က ဆိုချင်မှ ဆိုတော့မှာ၊ အခုကိုပဲ လုပ်စရာ ရှိတာ လုပ်ပြီးသွားပြီ။ ဘုန်းကြီးပဲ ဝတ်လိုက်ရ ကောင်းမလားလို့ စဉ်းစားနေတာ' ဟု ဘုကျကျနှင့် ပြောလွှတ်လိုက်သည်။

တေးသံသွင်းကြီး ပိုင်ရှင်လည်း အပေးအယူ ခါတ်မတည့်တော့သည်နှင့် လှည့်ပြန်သွားရချေသည်။

(၄)

စိတ်ထဲ ရှိသည့်အတိုင်း ပြောလိုက်ရ၍ ကျေနပ် သွားသော်လည်း လက်တွေ့ဘဝက ခက်ခဲ ကြမ်းတမ်းသည်။

ကိုယ့်ဘာသာ အခွေ ရောင်းရဖို့ အရေး တေးသံသွင်း ဆိုင်တွေကို ခြေတိုအောင် အနံ့ လိုက်ပြ ကြည့်တော့လည်း သူတို့ဆီက ထွက်စရာ အခွေတွေ များနေ၍ နာမည် မရှိသည့် အခွေသစ်ကို ဘယ်သူမျှ စိတ်မဝင်စားကြ။ ရှာလည်ရှာလည်နှင့် ဝေနေလိုက်သည်မှာ ကာလ အတန်ကြာသွားသည်။

စရိုက် ပြတ်လယ်တော့ အိမ် ပြန်လာသည်။

မော်လမြိုင်သို့ ၁၉၈၆ ခုနှစ် ပြေလလောက်တွင် ပြန်လာခဲ့ရာ အခွေကြမ်း ပါလာသည်။ အခွေလေးကို ဟိုနေရာ ဒီနေရာ လက်ဖက်ရည်ဆိုင်လေးတွေမှာ ဖွင့်ကြသည်။

အမေ့နား အသာ ကပ်ပြီး–

'ဒီအခွေက အောင်မြင်မှာ သေချာပါတယ် အမေရယ်။ ဖြန့်ဖို့အတွက် ပိုက်ဆံနည်းနည်းပဲ ထပ်ထုပ်ပေးပါဦး' ဟု တောင်းကြည့်သည်။

သို့သော် အမေ့မှာ ပေးစရာ ပိုက်ဆံလည်း အလုံးအခဲ မရှိတော့ပြီ။ ကိုဆန်းက မော်လမြိုင်ရတနာမြိုင်ကို လိုက်စပ်ပေးတော့လည်း တစ်သောင်းခွဲလောက်ပဲ ပေးနိုင်၍ ဈေးမကိုက်။

ထိုကာလတွင် ကျော်မြင့်လွင်သည် မော်လမြိုင်မှာလည်း အတည်တကျ သိပ်မရှိ။ သွားလိုက် လာလိုက်ပင်။

The Aces မန်နေဂျာ ကိုစိုးအောင်နှင့် ဆက်သွယ် ထားမိပြီ ဖြစ်၍ ရန်ကုန်မှာ မင်္ဂလာဆောင်ပွဲလို သီချင်း ဆိုစရာ ရှိရင် ဝင်ဆို။ လမ်းကြုံလျှင် ပုသိမ်ဘက် ဆေသွား။ ပဲခူးက ကိုဝင်းဦးတို့ဆီဝင်။ ပြီးတော့ ရန်ကုန်မှာ အခွေ ဖြန့်ဖို့ ကြိုးစားရင်း သောင်မတင် ရေမကျ ဖြစ်နေခဲ့သည်။

ကျော်မြင့်လွင်စိတ်က ဇဝေဇဝါ။ စိတ်တွေ လေလွင့်နေသည်။ စိတ်ဓါတ်တွေ ကျလိုက် တက်လိုက် ဖြစ်နေသည်။

တစ်ခါတလေကျလျှင် 'ငါကယ်ပဲ ဘုန်းကြီး ဝတ်လိုက်ရတာမှ ကောင်းလိမ့်မယ် ထင်တယ်' ဟု ရေရွတ်မြည်တမ်း နေတတ်သည်။

(၅)

တစ်နေ့သည့် တိုက်ဆိုင်ချင်တော့၊ ရန်ကင်း ဆယ့်နှစ်လုံးတန်း ပိုက်လုံးကြီး ရှေ့ရှိ လက်ဖက်ရည်ဆိုင်တွင် သူ့ အခွေကြမ်းလေးဆိုင်က ကက်ဆက်ထဲ ထည့်ဖွင့်ပြီး ရေနွေးကြမ်း တစ်ကရားနှင့် စိတ်လေနေကြစဉ်။

အသီ လူတစ်ယောက် ဝင်လာသည်။

သူက မောင်မောင်ကျော်။

ပဲခူးမြို့နယ် အလုပ်သမား အရာရှိ၏ သားဖြစ်သည်။

ကိုဝင်းဦးတို့နှင့် ရင်းနှီးနေသူ ဖြစ်၍ သူတို့ ဝိုင်းမှာ ဝင်ထိုင်ကာ စကားစမြည် ပြောဆိုရင်း–

'အခု ဖွင့်ထားတဲ့ အခွေလေး ကောင်းလှချည်လား၊ ဘယ်သူ ဆိုထားတဲ့ သီချင်းတွေပါလိမ့်၊ အသံက မကြားဖူးတဲ့ အသစ်ကိုပဲ' ဟု ဆိုသည်။

ကိုဝင်းဦးက 'ဆိုထားတာတော့ သူပဲ' ဟု ကျော်မြင့်လွင်နှင့် မိတ်ဆက်ပေးရင်း အခွေကို နေရာအနှံ့ လိုက်ရောင်း ကြည့်နေကြောင်း နတ်သံနှောပြီး ပြောမိသည်။

ကိုမောင်မောင်ကျော်က သူ့အဖေနှင့် ဂန္ဓာမာတေးသံသွင်းမှ မနီနီတင့်တို့နှင့် သိကျွမ်းသည်ဟု ဆိုသည်။ တစ်ဆက်တည်းပင် စိတ်ကူး ပေါက်ပြီး–

'ကျွန်တော့်မှာ ငွေနှစ်သောင်းတော့ ရှိတယ်။ ယူသွားဗျာ။ ကျွန်တော့် အတိုးကြီးဆီ အပူကပ်ပြီး ဖြန့်ကြည့်မယ်' ဟု ဆိုလာသည်။

ကျော်မြင့်လွင်က ညစ်နေတာ အချိန် အတော် ကြာပြီ။ အားလုံးလည်း နှံ့သလောက် ရှိပြီးနေပြီ။ သို့ဖြင့် စိတ်ကို တုံးတုံးချကာ–

'ဒါဆိုလည်း ပြီးတာပဲ။ ရောင်းလိုက်ဗျာ။ ပေးစရာ ရှိတာလေးတွေ ပေးပြီးရင် မော်လမြိုင် ပြန်မယ်' ဟု ဆိုပြီး တစ်ထိုင်တည်းနှင့် အရောင်းအဝယ် ဖြစ်သွားတော့သည်။

ထိုတခဏ်တွင် ကျော်မြင့်လွင်၏ စိတ်က သံယောဇဉ် ပြတ်သွားပြီ။ အောင်မြင်မည်၊ မအောင်မြင်လိမ့်မည်ဆိုသည့် စောလည်း မရှိ။ ကျွန်တဲ့ အပိုင်း ကိုယ့်ဘာသာ ဆက်လုပ်ကြတော့ ဆိုသည့် သဘောပဲ ဖြစ်သည်။

စတူဒီယိုမှ မာစတာခွေ ရွေးတာမျိုး စီစဉ်စရာ ကိစ္စအချို့ လိုက်လံ ဆောင်ရွက် ပေးပြီးနောက် ပဲခူးမှာ ကိုဝင်းဦးနှင့် လေးငါးရက်လောက် လိုက်နေသည်။ ထို့နောက် မော်လမြိုင်သို့ ဆင်းချ သွားလေသည်။

သူ့စိတ်က ပေါ့ပါးလျက် ရှိသည်။

အမေ့ကို–

'အခွေ ရောင်းခဲ့ပြီ အမေ၊ သူတို့ ဖြန့်ကြပါလိမ့်မယ်' ဟု ဆိုခဲ့သည်။

(၆)

သို့သော် မောင်မောင်ကျော် မူပိုင် ဝယ်သွားသည့်တိုင် တကယ်တမ်း တွေတွေဆိုင်ဆိုင် ဂန္ဓမာ တေးသံသွင်းရှိ မနီနီတင့်တို့ဆီကို အခွေ ဖြန့်ပေးဖို့ ကိစ္စကျတော့ ကျော်မြင့်လွင် ကိုယ်တိုင် ပြန်လိုက် သွားရသေးသည်။ ဂန္ဓမာ တေးသံသွင်းကို အကျိုးအကြောင်း ပြောပြဖို့ ရောက်သွားတော့လည်း အဆင်က မပြေ။

ဆိုင်ရှိ လူတစ်ယောက်က သူ့ကို ဘယ်ဒေသ စာတီလည်း မေးသည်။ သူက ပုသိမ်ဟု ဖြေတော့–

'ပုသိမ်သား အခွေ ဆိုရင် . . . မှာ သွားဖြန့်တာ ကောင်းမယ်' ဟု ပြောလွှတ်သည်။

ကျော်မြင့်လွင်က ခွန်းတုံ့ပြန် မပြောတော့ပဲ ပြန်လာခဲ့သည်။

နောက်တစ်နေ့ကျတော့ ဂန္ဓာမာ တေးသံသွင်းသို့ အောင်ရင် တစ်ယောက် ရှူးရှူးရှဲရှဲနှင့် ရောက်လာသည်။

အောင်ရင်က ဂန္ဓမာမှာ ဖြန့်ချိရေး ဝင်လုပ်ပေးနေသည့် ကိုဇော်သစ်ကို ရှာသည်။

'ကိုဇော်သစ် မနေ့က လာသွားတာ ကျွန်တော့် သူငယ်ချင်းပါ။ သူ့အခွေ နားထောင်ကြည့်ပါဦး။ တကယ်ကောင်းလို့ ပြောနေတာပါ။ ကောင်းကောင်းမွန်မွန်လေးတော့ ဆက်ဆံမှပေါ့ဗျာ။ အခုတော့ ဒီလို ပြောသင့်သလား' ဟု စကားနာထိုးသည်။

ကိုဇော်သစ်က သဘောပေါက်သည်။ အခွေ နားထောင်ကြည့်တော့လည်း အဆင်ပြေနိုင်မှန်း သိလိုက်သည်။ သို့ဖြင့် မနီနီတင့်ကို ပြပေးလိုက်ရာ ဖြန့်ချိဖို့ ကိစ္စ အဆင်ချောသွားလေတော့သည်။

(၇)

စီးစီး၏ အဆိုတော် နာမည်ကို နာမည်ရင်း ကျော်မြင့်လွင်နှင့် ထုတ်ဖို့လည်း စိတ်ကူးခဲ့သေးသည်။ သို့သော် ကိုဇော်သစ် စုံစမ်းကြည့်လိုက်တော့ ကျော်မြင့်လွင် နာမည်တူက ရှိနေသည်။ မြေလျှင်နှင့် တောင်တက်ခရီး အကြောင်း ရေးသားပြီး စာပေဗိမာန် စာမူဆု ရထားဖူးသည့် စာရေးဆရာ ဖြစ်သည်။ သို့ဖြစ်၍ နဂို စိတ်ကူးထားသော ထူးအိမ်သင် အမည်ပဲ တပ်ဖြစ်လိုက်လေသည်။

ကာသာဘဒီနိုင်းကို ပန်းချီ ကိုသိန်းလွင်ထံ အပ်သည်။ သမြေတေးမဂ္ဂဇင်းမှာ ကြော်ငြာ ထည့်သည်။

၁၉၈၇ ခုနှစ် နှစ်ဦးပိုင်းကာလ။

ယဉ်းမာ တေးသံသွင်းမှ ကျော်ဟိန်း၏ 'အစိမ့်ဖွယ်ရှိသောလူ' တေးစီးစီး ဖြန့်ချိသည့်နေ့။

တစ်ရက်တည်း တိုက်ဆိုင်စွာပင် ဂန္ဓမာမှ ထူးအိမ်သင်၏ 'နာရီပေါ်မှ မျက်ရည်စက်များ' အခွေထွက် လာခဲ့လေသည်။

(၈)

အခက်အခဲ များစွာ ကျော်လွှား ဖြတ်သန်းပြီးမှ ထွက်လာခဲ့ရသည့် ထူးအိမ်သင်၏ 'နာရီပေါ်မှ မျက်ရည်စက်များ' အယ်လ်ဘမ်သည် တစ်နိုင်ငံလုံးကို တစိမ့်စိမ့်နှင့် ပျံ့နှံ့ပြီးသည့် နောက်မှာတော့မြင့် ဝှန်းခနဲ ထပေါက် သွားခဲ့သည်။

'လှည်းနေလှေအောင်း မြင်းဇောင်းမကျန် နေရာတကာရှိ လူတွေဆီကို 'နာရီပေါ်မှ မျက်ရည်စက်များ' ရောက်ရှိ သွားခဲ့သည်။

မြန်မာနိုင်ငံအနှံ့ တောရောမြို့ပါ ရောက်လေရာမှာ 'နာရီပေါ်မှ မျက်ရည်စက်များ' အခွေ ဖွင့်ထားသံကို ကြားရသည်။

ဤအယ်လ်ဘမ်ထဲမှ သီချင်းများကို သီဆို ထားသော ထူးအိမ်သင်၏ အသံက ပရိသတ် နားထဲမှာ ထူးခြားစွာ အသစ်အဆန်း ဖြစ်ပြီး နွေးထွေး ချိုမြိန် နေခဲ့သည်။ ထို့နည်းတူစွာ သီချင်းလေးတွေက လိုက်ပြီး ဆို၍ ကောင်းသည်။ ဂီတာ တီးမည် ဆိုလျှင်လည်း တီးချင်စရာ ဖြစ်သည်။ ဂီတာသံစဉ်တွေက လူငယ်တို့၏ နှလုံးသွေးခုန်သံနှင့် လိုက်လျောညီထွေ ဖြစ်နေသည်။

သို့ဖြစ်၍ 'နာရီပေါ်မှ မျက်ရည်စက်များ' သည် ကျေးလက်ရှိ နွားကျောင်းသား ကလေးများမှသည် မြို့ပြရှိ တက္ကသိုလ် ကျောင်းသားများ အထိ လူငယ်တွေ အကြား တိုးဝင် သိမ်းပိုက် သွားခဲ့သည်။

မြန်မာနိုင်ငံအနှံ့ ရှိရှိသမျှ တက္ကသိုလ် ပရဝုဏ်တွေထဲမှာ ကျင်းပသမျှ ဖရက်ရှာ ဝဲလ်ကမ်း၊ ဖဲဝဲလ်၊ အဆောင်ဒင်နာ၊ အာစရိယ ပူဇော်ပွဲတွေမှာ အဓိက နေရာယူပြီး ကျောင်းသူ ကျောင်းသားတို့ လိုက်ဆိုခဲ့ကြသော သီချင်းများ ဖြစ်လာခဲ့သည်။ ပွဲတစ်ပွဲတည်းမှာပင် သူ့သီချင်း တစ်ပုဒ်တည်းကို သီဆိုချင်သူ သုံးလေးဦး အပြိုင်အဆိုင် အလုအယက် ဖြစ်ခဲ့ကြသည့်အတွက် ခွဲတမ်း ပြန်၍ ချပေးခဲ့သည် အထိ အောင်မြင်မှု ရရှိခဲ့လေသည်။

(၉)

ကျော်မြင့်လွင်သည် ၁၉၈၆ ခုနှစ်။ ထူးအိမ်သင်၏ 'နာရီပေါ်မှ မျက်ရည်စက်များ' အခွေ သွင်းခဲ့ပြီး မထွက်သေးခင် ပုသိမ်မြေကို တစ်ခေါက် ရောက်သွားခဲ့သေးသည်။

ပုသိမ်သည် သူ၏ ဇာတိဖြစ်၍ ပုသိမ်မြေ အပေါ် သူ၏ သံယောဇဉ်က ကြီးမားသည်။ ကောလိပ်၏ ဖဲဝဲလ် ရာသီချိန်မှာ သူ့ကို စိတ်မထားဘဲ ဖြန်းစားကြီး ရောက်လာသည်။ သားထူး အခန်းမှာ အဖွဲ့သားတွေ ဂီတာ တီးနေကြစဉ် သူ ရောက်လာ၍ အားလုံး ဝမ်းသာပြီး 'ကိုသျှပ် သီချင်း ဆိုမယ် မဟုတ်လား' ဟု တိုက်တွန်းကြသည်။

သူ့ကို တောင်းဆို နေစရာ မလို။

'သီချင်း ဆိုချင်လို့ကို လာတာပဲကွာ၊ ဟောကောင် . . . ကရင် ပိုက်ဆံ မရှိရင် လက်ပတ်နာရီ ဖြုတ်ပြီး ပေါင်ကွာ' လုပ်တော့သည်။

သီချင်း ဆိုရာတွင် သူ ချဲသလိပ် ရှင်းအောင် ချောင်းဆိုးပျောက်ဆေး သောက်သည်။ ရက္ခစေ ဖဲဝဲလ်ကလည်း အဆင်သင့်။ ကန်သာယာ ခန်းမထဲမှာ လူတွေက ပြည့်လျှံနေတော့သည်။


မြင့်သန်းက 'သျှပ်မှူးကျော်ရဲ့ မကြာခင် ထွက်လာတော့မယ့် စီးရီးထဲက 'တစ်နေ့နေ့တော့ ချစ်လာလိမ့်မည်' သီချင်းနဲ့ ဖျော်ဖြေပါလိမ့်မည်' ဟု ကြေညာ ပေးလိုက်သည်။

ကိုထူးက မဈေ့ာင်ါး ရေချွေးကြမ်းနှင့် နှစ်ပင်လိမ်နေ၍ ဂီတာကြိုးကို လျော့လိုက် ပြန်တင်းလိုက် အသံ ညှိနေသည်။ ဇော်ဇော်အောင်ကလည်း တစ်တွဲတည်း။ ကျော်မြင့်လွင်က ဆိုဖို့ပြင်လည်း ဝင်မရ။ နောက်ဆုံးတော့—

'စွင့်မလွှတ်တော့ဘူး၊ ဆိုပြီကွာ' ပြောပြီး ဆိုထည့်လိုက်တော့သည်။

*'သူ မနေ့ထော၊ တဲ့ မနီး နီးနီ ...နေ ရာ စတေ လေချင်သည်။.....ကြင်နာ သူလေး ...ချစ်ရ ...အစွမ်းကျော် ကြိုး စား ..မည်၊..... ရင်မှာ မီးလောက် ..ချစ်ပါသည်၊ ....သူ ပျော်စေ အမြဲ...စေချင်သည်၊ ...သူ အရိပ်အမြင် ...အမြဲ... ရှိနေ ..တော်..ပြီ'*

ထိုအခါကျမှပဲ ဂီတာသံတွေ နောက်က လိုက်လာတော့သည်။


ထူးအိမ်သင်
နှုတ်ခိုင်ပေါ်မှမျက်ရည်စက်များ



မိုက်ခွက်နှင့် ထူးအိမ်သင်



ဂစ်တာ တီးနေစဉ်အခါကျွန်တော်ဟာ ကျွန်တော် မဟုတ်ပါ။
ကျွန်တော်သည် ထိုဂစ်တာ။(ထူးအိမ်သင်)

# အခန်း (၁၆)
# ထူးအိမ်သင်

(၁)

'နာရီပေါ်မှ မျက်ရည်စက်များ' ၏ အောင်မြင် ပွဲနှံ့မှုက ကြီးမား ကျယ်ပြန့်လွန်းလှ၍ ကျော်မြင့်လွင် အနေနှင့် ပြန်ကြည့်လျှင် ကျော်ကြားနေသော ထူးအိမ်သင်ကို အံ့အားသင့်စရာ တွေ့မြင်နေရသည်။

များမကြာမီ အချိန် အတွင်းမှာ ကျော်မြင့်လွင် ဟူသော သူ၏ အမည်ရင်းသည် စည်စာရင်း တိုင်သည့် နေရာနှင့် မှတ်ပုံတင် ပြုပြီး လက်မှတ် ထိုးရသော နေရာများလောက်တွင်သာ သုံးရတော့မည် ဆိုတာကိုလည်း သူ သဘောပေါက် သွားသည်။

ထိုသို့ စဉ်းစားမိသောအခါ ထူးဆန်းနေခဲ့သည်။

စီးစီး ထွက်ပြီးကာစ အချိန်တွင် စိုးရိမ်စိတ်တော့ ရှိခဲ့သည်။ ဒီအခွေကလေး ဖြစ်မှ ဖြစ်ပါ့မလားဟု တွေးပူခဲ့ရသည်။ မဖြစ်လည်း ဘာတတ်နိုင်မှာလဲ ဟု လျစ်လျူရှုစိတ် ထားနိုင်သော်လည်း ညတစ်ရေး နိုးချိန်မှာပင် သီချင်းခွေအကြောင်း သွားသွား စဉ်းစားမိတာကလည်း အမှန်ပဲ ဖြစ်နေသည်။ သက်ပြင်းတွေ အကြိမ်ကြိမ် ချခဲ့သည်။ ပင့်သက်တွေ အကြိမ်ကြိမ် ရှိုက်ခဲ့ရပါသည်။

ယခုတော့ ထိုအခြင်းအရာတွေအားလုံး ပြီးဆုံးသွားခဲ့ပြီ။

မော်ဆရာက လေနှင့် မှတ်လိုက်သလိုမျိုး ဖုန်မှုန့်တွေ အားလုံး လွင့်ပြယ်သွားခဲ့ပြီ။ ဝင်းလက် တောက်ပ လာခဲ့သည်။ ပရိသတ်၏ ထုနှင့် ထည်နှင့် အင်နှင့် အားနှင့် နွေးထွေး လှိုက်လှဲစွာ အားပေးမှုကြောင့် သူ ရင်ခုန်ပြီး ပီတိ ဖြစ်ခဲ့ရသည်။ အောင်မြင်မှု အရသာကို သူတစိမ့်စိမ့် ခံစားရသလို နောက်ထပ် အများကြီး ပိုပြီး ကြိုးစားရဦးမည် ဆိုတာကိုလည်း သူ သဘော ပေါက်ခဲ့သည်။

(၂)

ကျော်မြင့်လွင်သည် 'နာရီပေါ်မှ မျက်ရည်စက်များ' နှင့် ပတ်သက်၍ အမျိုးမျိုး အဖုံဖုံ နာကျင်စွာ စတေး ပေးဆပ်ပြီးမှ ထူးအိမ်သင် ဖြစ်လာခဲ့ရသည်။

စီးစီး သွင်းပြီးစ အချိန်မှာ ကာလ ကြာရှည်စွာ တောင့်တခဲ့သည့် အနုပညာ သီချင်းတစ်ခွေ ကြီးစား ဖန်တီး ပြီးသွားသည့်တိုင် အမောမပြေ။ မပျော်ရွှင်နိုင်။ ရင်အမောခဲ့ရဆုံး ကာလဟုပင် ဆိုနိုင်သည်။ မာစတာ တိပ်ကလေးကို ရင်ခွင်ထဲ ထည့်ပြီး ဘားလမ်း (မဟာဗန္ဓုလပန်းခြံလမ်း)၊ ပန်းဆိုးတန်း၊ ဗိုလ်ချုပ်လမ်းတွေမှာ ခြေတိုအောင် လျှောက်ခဲ့ရသည်။

သူ့လက်ထဲမှာ ရှေ့ဆက် လုပ်ကိုင်ရမည့် ကက်ဆက် တိပ်ခွေများ ကူးဖို့ ကာဗာ၊ ကာဘာဒီနိုင်း၊ သီချင်းစာအုပ်၊ ဝေါလ်ရှိ၊ မှိုးဘုတ်ကြော်ငြာနှင့် တစ်ပြည်လုံး ဖြန့်ချိပေးမည့် တေးသံသွင်းဆိုင်အတွက် ထယ်မံ ကုန်ကျစရာ ဘာတစ်ပြား တစ်ချပ်မျှ မရှိတော့ပြီ။

ဤသို့ဖြင့် သူ တစ်သက်လုံး မက်လာခဲ့သော အိပ်မက် တစ်ခုလုံး ထည့်သွင်း ထားသည့် မာစတာ တိပ်ခွေကလေးကို အသံသွင်းစရိတ် သာသာလောက်သာ ရှိသော ငွေကြေးနှင့် အဆုံးရှုံးခံပြီး လဲလှယ် လိုက်ရသည်။

နောက်ထပ် ခြောက်လ အကြာတွင် အိတ်ထဲက ငွေငါးထောင်လောက် ထပ်မံ စိုက်ထုတ်ပြီး လုပ်တော့မှ အခွေက ထွက်သွားခြင်း ဖြစ်သည်။

'နာရီပေါ်မှ မျက်ရည်စက်များ' အတွက် သူ့ဘက်က သုံးသောင်းခွဲလောက် ရှိပြီး နှစ်သောင်းသာ ပြန်ရ ထားခဲ့သည့်အတွက် တစ်သောင်းခွဲ ရှုံးခဲ့သည်။ အခွေက ပရိတ်သတ် ကြားမှာ အထူး အောင်မြင် ခဲ့သော်လည်း သူ့အနေနှင့် ငွေကြေးအရ တိတိပပ ဆုပ်ဆုပ်ကိုင်ကိုင် နောက်ထပ် ခံစားခွင့် ဘာမှ မရခဲ့။

(၃)

အဲဒီခေတ်က ကျွန်တော့်လို သွင်းပြီးသား အခွေကို ဝယ်တယ် ဆိုတာ မရှိသလောက် ရှားတာကိုး၊ ဆိုင်တွေ၊ ပရိုဂျူဆာတွေက သူတို့ စိတ်ကြိုက် လူတွေ ရွေးပြီးမှ သွင်းကြတာ များတယ်။ ကျွန်တော့် အနေနဲ့ကလည်း ကျွန်တော့်ရဲ့ လက်ဦးဆုံး စီးရီးလေး သူတို့ ပရိုဂျူဆာတွေက ဝယ်တာကိုပဲ ဝမ်းသာနေရမယ့် အနေအထား ရှိနေတာ မဟုတ်လား' ဟု ထူးအိမ်သင် ပြောပြခဲ့ဖူးသည်။

'နာရီပေါ်မှ မျက်ရည်စက်များ' သည် ပရိတ်သတ်က သူ့ကို ထူးအိမ်သင်အဖြစ် အသိအမှတ် ပြုခံရသော အခွေ တစ်ခွေ ဖြစ်ခဲ့ခြင်းနှင့်ပင် ကျေနပ်လိုက်ရတော့မည် ဖြစ်သည်။

ထိုအခွေ ကတ် ရောင်းရတာ ရှစ်သောင်း ဝန်းကျင်လောက် ကုန်သည်ဟု ဆိုကြသလို အချို့က ကတ်တစ်သိန်း ကျော်သည်ဟု ဆိုကြသည်။

ပရိုဂျူဆာနှင့် အနေအထား မတွေ့ဖြစ် ဖန်တီးသူ အနုပညာသမားများ အတွက် ငွေကြေး အကျိုး ခံစားခွင့်က နည်းပါးခဲ့လေသည်။

(၄)

ဂီတာ ပရိသတ်က ထူးအိမ်သင်ကို တစ်ခဲနက် အားပေးခြင်းဖြင့် သူတို့၏ သဘောထားကို ရှင်းလင်း ပြတ်သားစွာ ပြသခဲ့ကြသည်။

ဂီတာ စီးပွားရေး လောကကတော့ လူသစ်တန်းထဲမှ တစ်ခွေတည်းနှင့် ဖောက်ထွင်းပြီး အောင်မြင် လာခဲ့သည့်အတွက် သူ့အပေါ်မှာ သဘောထား အမျိုးမျိုး ထားရှိခဲ့ကြသည်။ ပြီးတော့ သူက တေးဆို သက်သက် မဟုတ်။ တစ်ခွေလုံးကို ရေးသားခဲ့သူလည်း ဖြစ်နေသည်။

(၅)

ထိုအချိန်က ဂီတာ ဝေဖန်ရေးသည် များများစားစားနှင့် ကျယ်ကျယ်ပြန့်ပြန့် မရှိ။ သို့ဖြစ်၍ ပိုပြီး စူးရှ နက်ရှိုင်းခဲ့သည်ဟုလည်း ဆိုနိုင်သည်။

ဂီတ ဝေဖန်ရေး ဆရာ အချို့က ထူးအိမ်သင်၏ သီချင်းများ အနက် အယ်လ်ဘမ် အမည် တင်ထားသော 'နာရီပေါ်မှ မျက်ရည်စက်များ' သီချင်းကို နှစ်သက်သည်ဟု ဆိုခဲ့ကြသည်။ ထူးခြားရှုပင် title တပ်ထားခြင်း ဖြစ်လိမ့်မည်ဟု ယုံကြည်ကြောင်း ဆိုခဲ့ကြသည်။ သူ့အခွေထဲက မေ့လိုက်တော့၊ ရက်စက်စွာ ပြုံးတတ်သော၊ ခွင့်မပြု၊ တစ်နေ့နေ့တော့ ချစ်လာလိမ့်မည်၊ မရိုးသားတော့ဘူး၊ ဝေးသွားတဲ့အခါ၊ စိမ်းရက်လေအား သီချင်းများကိုလည်း နှစ်သက်သည် ပြောကြသည့်အတွက် တစ်ခွေလုံးနီးပါးကိုပင် ဂီတ ဝေဖန်ရေး ဆရာများ သဘောကျသည် ဆိုရမည်။

လွှသစ် ထူးအိမ်သင်က တစ်ခွေလုံးကို သူ့ပဲ ရေးဖွဲ့ပြီး သူ့ပဲ သီဆိုထားခြင်း ဖြစ်၍ ထူးခြားသည်ဟု ဝေဖန်ရေး ဆရာများက သဘော ထားခဲ့သည်။

သို့သော် ထူးအိမ်သင်က ကိုယ်ပိုင်သံစဉ်တေး ဟူ၍ ကြေးကြော် ထားသော်လည်း ပရက်စလေတို့ ခေတ်က ကော်ပီသီချင်း တော်တော်များများကို ဖြတ် ညှပ် ကပ် ထားသည်ဟု ထင်ရကြောင်းလည်း ရေးပြခဲ့ကြသည်။

ထူးအိမ်သင်၏ ရှေ့ရေး အလားအလာကို မှောကိန်း ထုတ်ကြရာတွင် တေးရေး၊ တေးဆို လမ်းခွဲ နှစ်ခုအနက် တစ်လမ်းတည်း ပေါင်းပြီး ရှေ့ဆက်လျှောက် သွားနိုင်သလို တေးရေး လမ်းကြောင်း အပေါ်မှာ နိုင်နိုင်မာမာ လျှောက်ဖြစ်လာလိမ့်မည်ဟု ထောက်ပြခဲ့ကြလေသည်။

(၆)

ထူးအိမ်သင်က ပရက်စလေခေတ် ကော်ပီသီချင်းများကို ဖြတ် ညှပ် ကပ် လုပ်ထားသည် ဆိုတာ လက်မခံ။

ဂီတ အနိုင် ဆိုသည်မှာ အနောက်နိုင်ငံမှာပင် တစ်ယောက်နှင့် တစ်ယောက် အနိုပ်များ မကင်းကြ။ အနိုပ်ကတော့ လူတိုင်း အထိုးခံနေရသည့် ကိစ္စမျိုး ဖြစ်၍ ကိုယ်ပိုင်များသည် ကော်ပီအနိုပ်နှင့် လုံးဝ ကင်းကင်းလွတ်လွတ်ကြီး ဖြစ်ဖို့ မလွယ်ကူ။ သို့သော် တိုက်ရိုက် ဖြတ် ညှပ် ကပ် ထားတာတော့ မဟုတ်။ သူ၏ ကိုယ်ပိုင်ဖန်တီးမှု စစ်စစ်ဖြစ်တာ သူ သိသည်။

ထိုအကြောင်းကို ငုံ့မခံပဲ တုံ့ပြန်ခဲ့သည်။

ထူးအိမ်သင်အနေနှင့် ရင်ထဲက သွေးနှင့် ဓိမိ ဖျော်ဖျား ပေးလိုက်သော အနုပညာ ရတနာတွေကို အများက မြှောက်စားကြတာ တွေ့မြင်ရသောအခါ ပီတိ ဖြစ်ရသလို ဝေဖန် ထိုးနှက်မှုများအပေါ် ဆတ်ဆတ်ထိမခံ ကာကွယ်ခဲ့တာ သဘာဝကျသည်ဟုပင် ဆိုရမည်။

ဘာပဲပြောပြော တစ်ဖက်မှာလည်း ထူးအိမ်သင်အတွက် ပထမအခွေ၏ အောင်မြင်မှုကြောင့် ဒုတိယ အခွေ ထွက်ဖို့ ဘာအခက်အခဲမှ မရှိတော့သလောက် ဖြစ်သွားခဲ့ပြီ၊ လမ်းပွင့်သွားခဲ့ပြီ ဖြစ်သည်။

(၇)

ဒုတိယအခွေ 'မော်ဆရာ အိမ်မက်' အယ်လ်ဘမ်ကို ဘားလမ်း (မဟာဗန္ဓုလ ပန်းခြံလမ်း) ၌ အသစ် ဖွင့်လှစ်လိုက်သော ပန်းနုလဝန်း တေးသံသွင်း၌ စီစဉ် ဖြစ်ခဲ့သည်။

ပန်းနုလဝန်း တေးသံသွင်းကို ရန်ကုန်ရုပ်ရှင် ဒါရိုက်တာ စံလွင်၏ ညီမ၊ ဒေါ်သန်းနု (အနုတ်ကောလင်း) က ဖွင့်လိုက်ခြင်း ဖြစ်သည်။ သား ကိုရွှေထူးနှင့် ရင်းနှီး၍ ဂန္ဓမာမှ ကိုဇော်သစ်က ပန်းနုလဝန်း၏ မန်နေဂျာအဖြစ် ရောက်ရှိလာခဲ့သည်။

ပန်းနုလဝန်းက စီးရီးတွေ ထုတ်ဖို့ စဉ်းစားတော့ မေဆွိ သို့မဟုတ် ကျော်ဟိန်း တစ်ယောက်ယောက်နှင့် ပွဲဦး ထွက်ချင်သည်။ ကိုဇော်သစ်က ထူးအိမ်သင် အခွေ ထုတ်ဖို့ အစီအစဉ်ကို တင်သည်။

အစပိုင်းတော့ အဆင်မပြေ။

တစ်ပတ်လောက်ကို ညှိနှိုင်းယူရသည်။

နောက်ဆုံးတော့ သဘော တူညီမှု ရရှိသွားခဲ့သည်။

(၈)

ထိုအချိန်တွင် ထူးအိမ်သင်က သူငယ်ချင်း တစ်ယောက်၏ သုဝဏ္ဏအိမ်မှာ အခန်းလွတ် ရှိ၍ သွားနေနေသည်။ မြင့်မိုးအောင်လည်း ထူးအိမ်သင်နှင့် အတူ ထိုအခန်းမှာ လိုက်နေသည်။ လှမိုးက ဘောလုံးတွေ ဖြန့်၍ သုဝဏ္ဏ အခန်းကို လာလိုက်၊ သွားလိုက် ဝင်ထွက်နေခဲ့သည်။ အောင်ရင်က ဘီယာ ဗူးလေးနှင့် ရောက်လာတတ်သည်။

သုဝဏ္ဏ အခန်း၏ ထူးခြားချက်မှာ မီးရထားလမ်းနှင့် နီး၍ မီးရထားသံကို အဝင်အထွက် အခါမလပ် ကြားနေရခြင်း ဖြစ်သည်။ ထိုအခန်းမှာ နေစဉ် သီချင်းတစ်ပုဒ် သူ ရေးဖြစ်ခဲ့သည်။

*'လောကရဲ့ လမ်းများပေါ် ...*
*လျှောက်သွား ရင်း နဲ့ မောပန်း နွမ်း နယ်..*
*နှလုံး သား က လွမ်း ဆွတ်လို့....*
*တမ်း တမိခဲ့ အမေ ရဲ့ အိမ်ကို*
*ဝေး မြဲတဲ့ အမေရဲ့ မေတ္တာ ရိပ်နဲ့*
*ဝေး ခဲ့သူမို့ ..........*
*တစ်ခါတလေ ပြန်လည် တွေး ရင်.....*
*ရင်မှာ ..ခိုရကြတွဲ....။*
*'မွန်းကြပ်တဲ့ မြို့ပြလူနေမှုစနစ်မှာ   မီး ...မျှော ရင်း လေ...*
*မငြီး ငွေ့ တဲ့ . . ခရီး တစ်ခု အဆုံး ထိ လျှောက်ဖို့ကြိုး စား နေ သူမှာ ....*
*ဒီ သား တို့ ကျေး လက်က အမေ့...အိမ် ...လေး အကြောင်း ...တွေး မိနေ လို့.........*

*မြင်ယောင်ကာ အိပ်မက်..ရင် ...အလိုလို ငိုချင်တယ်။....*
*အိမ်ပြန်ချင်တယ် ...ဟူး ...ဟူး ...အငြိမ်းချမ်းဆုံး အမေ့အိမ် .....*
*အိမ်ပြန်ချင်တယ် ...ဟူး ...ဟူး ...အနွေးထွေးဆုံး အမေ့အိမ် .....*
*အိပ်မရတဲ့ည.......များစွာ ...ဆဲ ...ဆိုး ...*
*ရထားဥဩသံ ...စကားများကြား ...ရင် အိမ်ပြန်ချင်တဲ့ စိတ်ကလေး ...ထား မရဘူး'*
*'အားလုံးထက် နွေးထွေး လုံခြုံတဲ့နေရာဟာ*
*အမေ့အိမ်ပဲလို့ သိလိုက်ရတဲ့ အချိန်ကျတော့*
*ကျွန်တော်က.... ဟို ...အဝေးကြီး မှာ ...ရောက်ရှိနေခဲ့ပြီလေ......'*

(၉)

'အမေ့အိမ်' သီချင်းသည် ထူးအိမ်သင်၏ နာမည် အကျော်ကြားဆုံးသီချင်း များအနက်တစ်ပုဒ် အပါအဝင် ဖြစ်ခဲ့သလို ဤသီချင်း ရေးဖြစ်ချင်း အတွက် ထူးထူးခြားခြား ကျေနပ် အားရမိကြောင်း ဒိုင်ယာရီထဲမှာ ရေးမှတ် ထားခဲ့သည်။

(၁၀)

မွန်းကျပ်တဲ့ မြို့ပြ လူနေမှုစနစ်မှာ စီးပွားရေး၊ ရက်စက်သော နေ့ရက်များ တိုက်ခိုက်ကြ၍ အားနည်းနေပြီ ဆိုလျှင် တင်းထားသည့် စိတ်ဓါတ်များ ပြိုကွဲသွားမလား စိုးရိမ်နေသည်။

ထိုအခါကျလျှင် အမေ့အိမ်ကို ပြန်တမ်းတမိတာ မဆန်းချေ။

ရန်ကုန်မှာ အခြေချကာစ ဖြစ်၍ သူ နေသားမကျ။ သုဝဏ္ဏမှာ နေနေစဉ် လမ်းထိပ်က ဂီတာ တီးနေသော လူငယ်တွေနှင့် ရန်ဖြစ်မလို ကြုံ၍ မြင့်မိုးအောင်က ဝင်ဖျန်ဖြေပေးရသည်။ သူတို့တစ်တွေက သူ့ကို ထူးအိမ်သင်မှန်းလည်း မသိကြ။

(၁၁)

'မော်စရာ အိမ်မက်' အသံ သွင်းဖို့ ပြင်ဆင်နေစဉ် ကာလ။

ကိုဇော်သစ် သွားခွဲ ခေါ်လာ၍ သုဝဏ္ဏ အခန်းမှ ဘားလမ်း (မဟာဗန္ဓုလ ပန်းခြံလမ်း) ပန်းဆိုးတန်း တေးသံသွင်း အခန်းသို့ ပြောင်းရွှေ့ လာသည်။ ကိုဇော်သစ်နှင့်အတူ နေကြစဉ် တစ်ရက်ကျတော့ နယ်စတိတ်ချိန်းက ပြန်ရောက်လာ။

ကျောပိုးအိတ်ကလေး ပစ်ချပြီး–

'ကိုဇော်သစ် အရက် သွားသောက်ရအောင်ဗျာ' ဟု ဆိုသည်။

'ငါ မအားသေးဘူး' ဆိုတော့ သူ့ ဘာသာ တစ်ယောက်တည်း ၁၉ လမ်းဘက် ထွက်သွားသည်။ ပန်းချီဒီဇိုင်း ကျော်မင်းမောင် ရောက်လာတော့ စိတ်မချ၍ နောက်က လိုက်သွားကြသည်။

စိတ်ပူသည့် အတိုင်းပင် သူက လမ်းဘေးမှာ လှငယ်တစ်စု ဝိုက်ကျော်ခြင်း ခတ်နေတာ တွေ့တော့ သူ ဝင်ခတ်ရင်း အဆင်မပြေ ဖြစ်ကြသည်။

ကိုဇော်သစ်တို့ ရောက်သွားချိန်မှာ သူက မျက်မှန် ပျောက်နေပြီ။ သူက ပွဲတောင်းနေသော်လည်း အနားမှာ ဘယ်သူမှ မရှိကြတော့ပြီ။

(၁၂)

ထူးအိမ်သင်၏ ဂီတအနုပညာ အကြောင်းတွေ မဂ္ဂဇင်း စာမျက်နှာများ ပေါ်သို့ ရောက်ရှိလာပြန်သောအခါ သူက တတ်ယောင်ကား ဂီတဝေဖန်ရေးနှင့် ကြုံတွေ့ရသည်ဟု ထင်လျှင် ငုံ့မခံ။ ဆတ်ဆတ်ခါအောင် တုံ့ပြန်တတ်သည်။

လက်ရုံးရည်ချင်း ယှဉ်မလား။ နှလုံးရည်ချင်း ယှဉ်မလား။ ဘာလမ်းက မားထမ်း စောင့်နေမယ်ဟု ပြောတတ်သည်။ ဂီတ အနုပညာချင်း ယှဉ်ပြီး ရှုံးတဲ့လူက ထိုင်ရှိခိုးကြေးဟု စိန်ခေါ်တတ်သည်။

(၁၃)

အနုပညာကို နိုးယူပြီး အလွဲသုံးစား လုပ်သူများကို သူ စက်ဆုပ်သည်။

'ဘယ်သူမဆို ကျွန်တော့် အနုပညာကို ခွင့်တောင်းရင် အလကား ပေးဖို့ ဝန်မလေးဘူး။ လုပ်ချင်သလို လုပ်ပြီးမှ ကျွန်တော် သိလိုက်ရရင်တော့ ကျွန်တော် ခွင့်မလွှတ်ဘူး။ အဲ့ဒါမျိုးက ကျွန်တော့် အနုပညာကို စော်ကားတာ၊ လူကို စော်ကားတာထက် နာတယ်။ သူတို့တစ်တွေ အဆင်သင့် စားနိုင်ဖို့ ကျွန်တော်က ရင်းနှီးခဲ့ရတာ။ ပေးဆပ်ခဲ့ရတာက ကျွန်တော့်ရဲ့ ဘဝ တစ်ခုလုံးပါပဲ။ ဒါကိုတော့ အစော်ကား မခံနိုင်ဘူး' ဟု သူ ပြောဖူးသည်။

ပါးစပ်က ပြောမည့်သာ ပြောတာ တနယ်ခင်းသမား တစ်ယောက်က သူ့ သီချင်းရေးစာတွေ ကြားထဲက ဝင်ယူပြီး ဖြတ်သုံးထားတာမျိုး ကြုံရပြန်တော့ ဘာမျှ မပြော။ တိတ်ဆိတ်စွာပင် သည်းခံ ပေးခဲ့သည်။

'သူ့အကြောင်းနဲ့ သူ ရှုံလိမ့်မယ်။ သူ့ အခက်အခဲလည်း သိရမယ်' ဟု သူ ဆိုသည်။

'အဓိက စဉ်းစားတဲ့ နေရာမှာ စီးပွားရေးသမား သူဌေးလား။ ဘဝတူ စာတ်တူသားတွေလား ဆိုတာ သဲကွဲဖို့ပဲ' ဟု သူ ခံယူသည်။

အဲသလို အနုပညာ စိတ်၊ လူမှုရေး သိတတ်မှု ရှိသည်။ သူက ပုဂ္ဂလိက ဘဝနှင့် ပတ်သက်တာကို အနုပညာနှင့် ခွဲခြားနိုင်သည်။

(၁၄)

သူက တကယ် ရှိသေ လေးစားရမည့် လူမျိုး တွေ့လျှင် ခြေသုတ်ပုဆိုး ပြေပြစ်ယ်ကျိုးမှာ နိမ့်ချ ရှိသေစွာ ဆက်ဆံတတ်သူ ဖြစ်လေသည်။




ထူးအိမ်သင်



မော်လမြိုင်မြို့ တောင်ပေါ် ဦးဇိန ဝေယျမေဒိနီကျောင်းတွင် ပဉ္စင်းတက်ခဲ့ပုံ။





ဟားဒေအာက်တွင်အမှတ်တရ

# အခန်း (၁၇)
# မနှစ်တိုင်းထဲက ငှက်တစ်ကောင်
# 'ရာဇဝင်များရဲ့ အတိုအထိ'

(၁)

ပထမ အခွေ 'နှာရီပေါ်မှ မျက်ရည်စက်များ' ၏ အောင်မြင်မှု အရှိန်အဝါကြောင့် ဒုတိယ အခွေ 'မှော်ဆရာ အိမ်မက်' ကို ထူးအိမ်သင် အထူး ဂရုစိုက်ခဲ့သည်။

ယခု တစ်ကြိမ် ဖန်တီးမည့် တေးစီးရီးကို အဘက်ဘက်က ပိုမို ပြည့်စုံ ကောင်းမွန်စေဖို့ လိုအပ်သည်ဟု သူ ယူဆခဲ့သည်။

'နှာရီပေါ်မှ မျက်ရည်စက်များ' တုန်းက မည်သည့် သီချင်း ပုံစံနှင့် မည်သည့် အကြောင်းအရာတွေ ထည့်သွင်းမည်ဟူ၍ စဉ်းစားခဲ့ခြင်း မရှိ။ မည်သည့် ပုံစံမျိုး လုပ်လျှင် လူကြိုက်မည်ဟု သူ မတွက်ခဲ့ချေ။

ထိုအချိန်တုန်းက သူသည် ပြင်ပ ဂီတလောကနှင့် ကောင်းစွာ မထိတွေ့ရသေးသည့် အိမ်သောက်သောက် တစ်ယောက်။ ဘယ်သူတွေက ဘာတွေ ကြိုက်နေမှန်း သူမသိ။ ရောင်းတမ်း ဂီတလောကနှင့် အဝေးကြီး ဖြစ်သော နယ်မှ လူငယ်လေး တစ်ယောက်။ ကိုယ် တစ်ယောက်တည်း ကိုယ် လုပ်ချင်တာ၊ ကိုယ် ဆိုချင်တာကို ရမ်းပြီး လုပ်ခဲ့၊ ဆိုခဲ့သည်။

'မှော်ဆရာ အိပ်မက်' မှာကျတော့ ပထမ အကြိမ်တုန်းကလို စိတ်လွတ်ကိုယ်လွတ် ဖန်တီး၍ မရတော့ပြီ။

နာမည်ကို ထိန်းဖို့ ဆိုတာ ပရိသတ်က အရေးကြီးသလို ကြားခံတွေ လိုအပ်သေးတာ သူ သဘောပေါက်တာန် သရွေ့ ပေါက်ခဲ့ပြီ။ သီချင်းစာသား၊ သံစဉ် ရွေးရာမှ အားကောင်းစေဖို့ သူ အစွမ်းကုန် အားထုတ်ပြီး ရွေးချယ်ရသည်။

သီချင်း ပုံကြမ်းများကို The Aces အဖွဲ့မှ အရှိန်းချိုမင့် လုပ်မည့် ကိုပက်ထရစ်ကို ပေးထားသည်။

အသံသွင်း မရှိ၍ ကိုပက်ထရစ် အားလပ်သော ရက်တွေမှာ သီချင်းတစ်ပုဒ်ချင်းစီအတွက် သူ လုပ်ချင်သော ပုံစံ အနေအထားကို ပြောပြီး ညှိနှိုင်းကြလေသည်။

(၂)

မြူးစစ် အရှိန်းချိုမင့်တွေကိုတော့ အများအားဖြင့် ထူးအိမ်သင် ဘာသာပဲ လုပ်သည်။

သီချင်း တစ်ပုဒ်ချင်း၏ မြူးစစ် အရှိန်းချိုမင့် အတွက် ဘယ်နေရာတွင် အင်ထရို ဘယ်လောက် ထားမည်။ Verse ဘယ်လို သွားမည်။ တေးသွား တစ်ခုလုံး၏ ကျောရိုးကို ဘယ်လို တည်ဆောက်ပြီး ဘယ်သို့ ကြွက်သားများ အားဖြည့်မည်။ အသေးစိတ် အလှအပလေးတွေ ဘယ်လို ခြယ်မှုန်းမည်။

Ending ကျလျှင် မည်သည့် တူရိယာ သုံးမည်။ ထို့အပြင် ရစ်သမ် အတွက် ရစ်ဘီတင်း တည်ဆောက်မှုကို ဘယ်လို ထားမည် ဆိုတာ အားလုံးလိုလို သူ လုပ်သည်။ ကျန်ရှိနေသေးသော ဘယ်နေရာတွင် ဂီတာ တီးရမည် ဆိုတာကိုလည်း နောက်ပိုင်းမှာ ပေးထားသည်။

တီးရမည့် နေရာမှာတော့ ဂီတာ တီးသူတွေက သူတို့ စိတ်ကြိုက် တီးကြပေလိမ့်မည်။

(၃)

ဤသို့ဖြင့် အိုအေစစ် စတူဒီယိုထဲသို့ ဒုတိယအကြိမ် သူ ထပ်မံ ရောက်ရှိ လာခဲ့ပြန်သည်။

အသံဖမ်း ကိုချာလီ၊ ကိုကောင်းမြတ်တို့က သူ့ကို လှိုက်လှဲဝမ်းသာ ကြိုဆိုခဲ့ကြသည်။ The Aces အဖွဲ့ကလည်း သူ့အတွက် အကောင်းဆုံး လက်စွမ်းပြ တီးခတ် ပေးခဲ့ကြသည်။

'မော်ဆရာ အိပ်မက်' အခွေမှာလည်း ကိုယ်ပိုင်သံစဉ် သီချင်းတွေချည်းပဲ ဖြစ်သည်။ တေးရေးကတော့ ထူးအိမ်သင် တစ်ယောက်တည်း မဟုတ်တော့ချေ။ ထူးအိမ်သင် သီချင်း အများစု ဖြစ်သော်လည်း မောင်မောင်သွင်၊ သူရထွန်းတို့နှင့် တွဲရေးသည့် သီချင်း အချို့လည်း ပါဝင်ခဲ့လေသည်။

(၄)

'မော်ဆရာ အိပ်မက်' အခွေကို ဂီတာ ပညာအရ ပညာသား ပါသည့် တေးသွား၊ သံစဉ်နှင့် သီချင်းတွေ ဖြစ်အောင် ခြားခြားနားနား ထင်ထင်ရှားရှား စီစဉ်ခဲ့သည်။

သို့ဖြစ်၍ ဤအခွေထဲက သီချင်းများသည် 'နာရီပေါ်မှ မျက်ရည်စက်များ' လောက် လိုက်ဆို၊ လိုက်တီးရတာ မလွယ်။ တီးဝေ့မှု အပိုင်း၊ သီဆိုမှု အပိုင်းမှာ ခက်ခဲ နက်နဲ လာခဲ့သည်။

ဥပမာ ထူးအိမ်သင်၏ လက်စွမ်းပြ 'နှတ်မိမယ်' သီချင်း၏ ဂျက်စ်စတိုင်လ် အရှိန်းချိုမင့်နှင့် တိုင်မင် အဝင်အထွက်မှာ ခက်ခက်ခဲခဲ ဖန်တီး သီဆိုထား ရကြောင်း ယနေ့အထိ ထင်ရှားဆဲ ဖြစ်သည်။

*'တစ်မိုးလုံး ဟဲ့ကောင်းကင်ကြယ်များလည်း ရွေ့ကာ မင်း ရှေ့မှောက် ခစား၊ ကိုယ့်ရဲ့ နှတ်မိမယ် အလှဆုံးလေး၊ သူ့အဖို့ အကောက်မဆုံးပါလား။ ရွှေဘုံမှီများလား၊ အမြုံးလေး သိပ်ချော ဆင်းနေတယ်။ ဖေ့ရဲ့လား'*

(၅)

'မော်ဆရာ အိပ်မက်' အခွေကြမ်း ထွက်လာသောအခါ ပန်းနုလဝန်း ပိုင်ရှင် အန်တီ ကောလင်း လက်ထဲ ထည့်လိုက်သည်။

ထူးအိမ်သင် အခွေထုတ်မည် ဆိုခဲ့စဉ် အစဉ်းတုန်းက ချိတ်ချတ် များစွာ စဉ်းစားခဲ့သော အန်တီ ကောလင်းသည် အခွေကြမ်း နားထောင်ပြီး ညတွင်းချင်းပင် ဖုန်းလှမ်းဆက်သည်။

အန်တီ ကောလင်း ကိုယ်တိုင်က စန္ဒရား တီးတတ်ပြီး ဂီတနှင့် နီးစပ်သူ ဖြစ်သည်။ 'မော်ဆာရာ အိမ်မက်'ကို နားထောင် ပြီးပြီးချင်း အတိမ်အနက်ကို မှန်းဆနိုင်ခဲ့သည်။

'သူက တကယ့် musician အစစ်ပဲ၊ မနက်ဖြန် ညနေကျရင် အင်းလျားလမ်း အိမ်ကို ခေါ်လာခဲ့ပါ။ ခင်နှာလည်း တွေ့ချင်တယ်။ မြူဇစ် အကြောင်းလည်း ပြောချင်တယ်' ဟု ဆိုသည်။

(၆)

ဂီတ ပရိသတ်ကလည်း 'မော်ဆာရာ အိမ်မက်' အခွေကို ကျေကျေနပ်နပ် အားပေးခဲ့ကြသည်။ ထူးအိမ်သင်ကို ထူးအိမ်သင်အဖြစ် နိုင်မာစွာ တည်ဆောက်နိုင် ခဲ့သော အခွေ ဖြစ်လေသည်။

ထိုအခွေအတွက် ထူးအိမ်သင်က ရေးဆို၈ ငွေ ကျပ် နှစ်သောင်း ရသည်။

'ကြွားလို့ ပြောရတာပါ၊ အစုခေတ်မှာ အဆိုတော် တစ်ယောက် အောင်မြင်သွားလို့ ရှိရင် ငွေရေး ကြေးရေးက နောက်ကနေ တွဲပြီး ပါလာတယ်။ ကျွန်တော့်တုန်းကတော့ ပထမ စီးရီးမှာ တစ်သောင်းခွဲ ရှုံးတယ်။ နောက် ဒုတိယစီးရီးမှာ မော်ဆာရာ အိမ်မက်လုပ်တော့ ကိုဇော်သစ်နဲ့ တွဲမိပြီ။ ပန်းနုလဝန်း တေးသံသွင်းပေါ့။ အဲဒီ အခွေမှာ ကျွန်တော် ရေး၈ + ဆို၈ နှစ်သောင်း ရတယ်။ အဲလိုဆိုတော့ ဟောဟော ရှုံးခဲ့တဲ့ တစ်သောင်းခွဲ နုတ်လိုက်ရင် စီးရီး နှစ်ခွေ ထုတ်ခဲ့တဲ့ ခံစားခွင့်က ကျွန်တော့ အတွက် ငါးထောင်ပဲ ရှိခဲ့ပါတယ်' ဟု ထူးအိမ်သင် ပြောမူးသည်။

(၇)

ဘာပဲပြောပြော ထူးအိမ်သင်က အောင်မြင် ကျော်ကြားနေပြီ။

သူ သီချင်း အရေးအခွဲ့ ကောင်းမွန်း သိ၍ သီချင်း လာအပ်တာတွေလည်း ရေးပေးရသည်။ ဇာတ်တိုက်ချိန်း ရှာသီက စတာ အေးနေရာမှ ပြန်လှုပ်ရှား လာသောအခါ စင်မြင့် ဖျော်ဖြေပွဲတွေမှာ သူ ပါလာသည်။ ဘုရားပွဲ ရာသီကျပြန်တော့ တောင်ငူ၊ ဖျာပုံ နှစ်ကျိုပ် ရှစ်ဆူ၊ တပ်ကုန်း တစ်လျှောက် သွားရောက် ဖျော်ဖြေရသည်။

ရှေ့ဦးပိုင်းတွင် မင်္ဂလာဆောင်တွေ လိုက်ဆိုသေးသော်လည်း နောက်ပိုင်း မဆိုဖြစ်တော့ချေ။

ထိုအချိန်က ရုပ်မြင်သံကြားစက်များ ခေတ်စား တွင်ကျယ်ချိန် ဖြစ်၍ အဆိုရှင်တစ်ယောက် အနေနှင့် တီဗွီတွင် ဖျော်ဖြေ တင်ဆက်ခွင့် ရရှိရေးသည် မဟာ အခွင့်အရေးကြီး တစ်ခု ဖြစ်ကြောင်း ထူးအိမ်သင် သိသည်။

သို့သော် မနိုင်လုံသော အကြောင်းပြချက်များနှင့်ပင် တီဗီ ရိုက်ကွင်း သူ ရှောင်လွှဲနေခဲ့သည်။

(၈)

ပန်းနုလဝန်း အခန်းကို ညီညီသွင်လည်း ရောက်လာတတ်သည်။ ဂီတာ တီးရင်း အနုပညာ အကြောင်း ပြောကြ ဆိုကြရင်း လာအိပ်တတ်သည်။

ထူးအိမ်သင်က အိပ်လျှင် မျက်မှန် ချွတ်ထားသောအခါ သူ၏ နှာတံမြင့်မြင့်က ငှက်တစ်ကောင်နှင့် အလားသဏ္ဍာန် တူနေသည်။

ညီညီသွင်က သတိ ပြုမိ၍ သူ့ကို ငှက်ကြီးဟု ချစ်စနိုး ခေါ်သည်။

သတုံ စတိတ်ချ်ရှိုးမှာ လူရွှင်တော် 'ကြယ်တစ်လုံး' က အခမ်းအနားမှူး လုပ်၍ ထူးအိမ်သင် အလှည့်တွင် 'ငှက်ကြီးပံပိုလိုလို လူတစ်ယောက်က သီချင်း ဆိုပါလိမ့်မယ်' ဟု ကြေညာ ပေးခဲ့သည်။

အငယ်တွေ ကလည်း သူ့ကို ကိုငှက်ဟုပင် ခေါ်ကြသည်။

သည်လိုနှင့် သူ့မှာ 'ငှက်' ဆိုသည့် အမည် တစ်ခု တိုးလာခဲ့လေသည်။

(၉)

'မှော်ဆရာ အိပ်မက်' အခွေ ထွက်ပြီး သုံး၊ လေးလ အကြာတွင် ကိုဇော်သစ် ဆိုင်ပြောင်းသည်။ ပန်းနုလဝန်းက ထွက်ပြီး Kiss သို့ ရောက်သွားသည်။

အချိန် များမကြာမီ ငှက်တစ်ကောင်သည် မှန်တိုင်းထဲကနေ အလျော်အစား ကြီးမားသော လောင်းကစားပွဲ တစ်ခုစီသို့ ပျံသန်းသွားခဲ့လေသည်။

(၁၀)

မုန်တိုင်းနှင့် ဝေးရာဆီသို့ ပျံသန်းခဲ့သော ငှက်။

သိပ်မကြာခင် အသိုက်နှင့် သစ်ပင်များဆီ ပြန်ရောက် လာခဲ့သည်။

ခရီး ထွက်ရာမှ ပြန်ရောက် လာသောအခါ ကိုငှက်မှာ အတွေ့အကြုံတွေက များစွာ ပါလာသည်။ အသက်သေအမ ပွတ်ကာသီကာ လွတ်လာခဲ့ရသည့် သည်းထိတ်ရင်ဖိုတွေလည်း သူ ကြုံတွေ့ခဲ့ရသည်။ အကြောင်းအရာ များစွာကို သူ ကောင်းစွာ နားလည် လာခဲ့သလို အကြောင်းအရာ များစွာတို့ကို သူ နားမလည်နိုင်အောင်ကိုပဲ ဖြစ်နေရသေးသည်။

အမှောင် တစ်ခု၊ မိုက်မဲမှု၊ ရက်စက် ကြမ်းကြုတ်မှု၊ မတရားမှုဟု သူ ထင်မြင် ယူဆသော အခြင်းအရာတို့၏ ဆန့်ကျင်ဘက်သို့ သူ သွားခဲ့သည်။ ထိုနေရာတွင် အလင်း၊ အသိဉာဏ်၊ မေတ္တာတရား၊ မျှတမှုတွေ ရှိနိုင်ကောင်းသည်ဟု သူ မျှော်လင့်ခဲ့သည်။

သို့သော် အဆိုပါ စိတ်ကူး အိပ်မက် လောကသည် တကယ် မရှိခဲ့ကြောင်း သူ လက်တွေ့ သိလာခဲ့ရတာ ခါးသီးလှသည်။

ကျားခြသေ့များနှင့် ဝေးရာတွင် အဖြူရောင် ယုန်သူငယ်လေးများ ရှိကြသည် မဟုတ်။ သွေးဆာသည့် ဝံပုလွေများ ကျက်စားတတ်ကြောင်းကို သူ သိလာရသည်။ ထို တစ်ညမှာ သူ လိုချင် တောင့်တခဲ့တာက ဘာမျှ များများစားစား ကြီးကြီးကျယ်ကျယ် မဆိုနိုင်။ တန်းတူရည်တူ ကြမ်းတစ်ပြေး ထိုင်ခုံ တစ်တန်းတည်း ထိုင်ပြီး အရက်ချက်ကို သောက်ကြဖို့သာ ဖြစ်သည်။ သို့သော် လက်ရေ တစ်ပြင်တည်း မဆိုထားနှင့်၊

ဘီလူးစည်း လူ့စည်းတွေ ခွဲထားတာ၊ နတ်ဘုံနန်းနှင့် ငရဲခန်းကို ကန့်ထားကြတာ သိလာရသည်။ ညေးနိုးကို သူ သွားထိ ကြည့်မိသောအခါ အရက်ဝိုင်း ထိုင်ခုံ တစ်လုံးအတွက် ပေးဆပ်ရမှာက မယုံနိုင်စရာ။ သူ၏ အသက် တစ်ချောင်း ဖြစ်နေသည်။ ဈေးကြီးလှသည့် လောင်းကစားဝိုင်း ညေးကမ်းက တစ်ဘက်သတ် ဖြစ်သည်။ အသက်က ဖက်ရှက်မှု တန်ဖိုး မရှိသလို ချေချနိုင်သူတို့၏ နှုတ်ထွက်စကား တစ်ခွန်းမှာ သာသာကလေး ကြွေကျ သွားရမှာမျိုး ဖြစ်နေသည်။ သူ့ဘက်မှာ ရှိနေသည့် ကံတရားကြောင့်သာ ခုန်ဆုပ်တော့မည့် သားရဲတွေ လက်က လွတ်လာခဲ့သည်။ လက်မတင်လေးလောက် အချိန်အဆ လွဲခဲ့လျှင်ကိုပဲ တောဥပဒေသ ကိုင်စွဲသူတို့၏ လက်ထဲမှာ သူ ကြေမွ ပျောက်ပျက် အစားခံ သွားရမည် ဖြစ်သည်။ သို့သော် ကံတရားက သူ့ဘက်ကို မျက်နှာ လိုက်ပြီး မေးမ ပေးခဲ့သည်။

(၁၁)

ဂီတ လောကကတော့ သူ့ကို နွေးထွေးစွာပင် ပြန်လည် ကြိုဆိုခဲ့သည်။ ရေစီးကြောင်းနှင့်ပင် အလိုက်သင့် သူ ဆက်လက် မျောပါ သွားခဲ့သည်။

'သက်ပြင်း' စီးရီးက ၁၉၉၀ ပြည့်နှစ်တွင် ထွက်ခဲ့လေသည်။

ကိုယ်ပိုင်သံစဉ် သီချင်းများပဲ ဖြစ်ကြသည်။

မောင်မောင်သွင်၊ ညီညီသွင်နှင့် လှမှုန်းတို့ တစ်ပုဒ်စီ ဝင်ရေးပေးကြပြီး ကျန်သော သီချင်းများကို သူ ကိုယ်တိုင်ပဲ ရေးခဲ့သည်။ 'သက်ပြင်း' ကို သူနှင့် ညီအစ်ကိုအရင်းတမျှ ချစ်ခင်ကြသော ကိုဇော်သစ်နှင့် ရှယ်ယာရှင် သဘော လုပ်ခဲ့ကြသည်။ ကန်းသစီးဘွိုင်းက ဖြန့်ပေးသည်။

ထိုစီးရီးတွင်လည်း သူ၏ ခံစားခွင့်က ဆယ့်လေးလက်မ တီဗွီတစ်လုံး ရခဲ့ခြင်းသာ ဖြစ်နေသည်။

'အခွေ သုံးခွေ ထွက်ပြီးလို့ရယ်မှ ကျွန်တော့မှာ ငွေငါးထောင်ရယ်၊ ဆယ့်လေးလက်မ တီဗွီ တစ်လုံးရယ်ပဲ ကိုင်ခဲ့ရပါတယ်' ဟု ကိုငှက် ရယ်စရာ ပြောခဲ့ဖူးသည်။

(၁၂)

*'ကိုယ့်ရဲ့ အခန်းလေးထဲမှာ နေ့တိုင်း အားငယ် ထိတ်လန့်စွာ ပုန်းအောင်းနေ တစ်ယောက်တည်း။ အလင်းရောင်များ ပျောက်ဆုံး အထီးကျန် ကမ္ဘာလေးပါ။ တစ်လောကလုံး ရှုမှုန်း မိုက်နေခဲ့ဆဲ။ ကိုယ့်ရင်ထဲမှာလည်း မှောင်မည်းပေကျံကာ ပူလောင်နေဆဲ။ နေရောင် တချို့က အခန်းထဲပါး ယိမ်းထိုး ကခုန်ဆဲ ရှေ့မှန်းခင်း တစ်ခုလိုပဲ တွေ့တယ်။*

*ကိုယ့်ရဲ့ စားပွဲခုံလေး ထက်မှာ ဖြန့်ကြဲ။ စက္ကူ အပိုင်း အစတွေ၊ ဆေးလိပ်တိုတွေနဲ့၊ ကော်ဖီ ပန်းခွက် တစ်ခွင်၊ သက်ပြင်းပန်း ချီကားပါ။ စက္ကူနံ့များ ရေတွက် လက်ပတ်နာရီလေး၊ များ နာပြီး ငိုကြွေး ဝမ်းစေဝဘာ အသံပေ့သွားတယ်။ အပန်းတရာ ဆိုပြီး သား စား သွားလည်း ခေါက်ထိုးများ ကျိုးနေတဲ့ စာအုပ်ဟောင်းလေး တစ်အုပ်လိုပဲ ရှိတယ်။*

*လက်မက်ရှည် တစ်ချက် ရုံမက် မနက်တိုင်း ကြိုခဲ့ လမ်းတွေ မီးလင်းတဲ့ ညအခါတိုင်း ကြိုမယ့် နေ့ရက်များကို စိတ်ကူးသွား။ ဘဝဟာ ဘယ်လိုများလဲ အခန်း ပြင်ဘက် မြေးထွက်ပြီး ကြောဝဝ္စာ အဆုံး တောင်းလင်းအမြဲ ပေါက်ခဲ့တစ်ယောက်တည်း ထိုင်နေတာ ဖိပ်မက်တယ်။ ဖျံကြည်ပျော်လင့်ချက် လမ်းမအလည် လူတစ်ယောက် မူးလဲနေတယ်။ မပီမသ ဆဲရေး သံရယ် . .ကြားတယ် ညရောက်ပြီ*

(၁၃)

'သက်ငြိမ်' သီချင်းကို ထူးအိမ်သင်၏ တကယ့် ဘဝ အတွေ့အကြုံ အပေါ် မှုတည်ပြီး ရေးဖွဲ့ထားခြင်း ဖြစ်သည်။

ပုသိမ် ကောလိပ် ကျောင်းသား ဘဝ။

စာမေးပွဲ နှစ်ကြိမ် ကျ၍ ပုသိမ်တွင် အိတ်စတာနယ် ဖြစ်နေစဉ်၊ သူငယ်ချင်းထံ ကပ်နေပြီး ကျောင်းတက် ရသည်။ လက်ထဲမှာ ပိုက်ဆံက ပြတ်လပ်နေ၍ ဒုက္ခ ရောက်ပြီး သူငယ်ချင်း၏ အခန်းထဲမှာ ခွေနေရတာပဲ များခဲ့သည်။ သူနှင့် သူငယ်ချင်း နတင်က ကပ်လျက်။

သူ့ နတင်ပေါ်က လှမ်းကြည့်လျှင် မျက်စိ ရှေ့မှာ ပြတင်းပေါက် တစ်ပေါက် ရှိသည်။ သို့ဖြစ်၍ ပြတင်းပေါက်ကို အမြဲ တွေ့နေရသည်။ နေ့မှာ လင်းနေသော ပြတင်း။ ညမှာ မှောင်ပြီး ကြယ်တွေ တောက်ပနေသော ပြတင်း ဖြစ်သည်။

ထိုအချိန်မှာ သူက ဘာဆို ဘာတစ်ခုမျှ ဖြစ်ထွန်းအောင် လုပ်မပြနိုင်။

အသက်ဘက်မှ ကျဆုံးနေချိန်။

ပညာရေးမှာလည်း စာမေးပွဲတွေ အကြိမ်ကြိမ်ကျ။ မိဘတွေနှင့် အဆက်အသွယ် ပြတ်သလို ဖြစ်နေ၍ စိတ်ဓါတ် ကျရုံမက လေလွင့်ပြီး မှုန်တိမှုန်ဝါး ဖြစ်နေသည်။

ထိုအချိန်တွင် ပြတင်းပေါက်က လက်နေသော ကြယ်ကို ကြည့်ရင်း ကြည့်ရင်းနှင့်ပင် သူကိုယ်သူ အခန်းထဲက ပန္နည်းဟောင်း တစ်ခုလို၊ သူငယ်ချင်း နတင်ပေါ်မှာ လွင့်ကျနေသော ဖဲချပ် တစ်ချပ်လို၊ အခန်းထဲမှာ ပုံကျနေသည့် ဖောင်တိန်တစ်ချောင်းလို၊ ခုတင် ခြေရင်းမှာ လဲနေသည့် အရက်ပုလင်း တစ်လုံးလို၊ အခန်းထဲမှာ ထောင်ထားသည့် ဂီတာစုတ်ကလေးလို အသက်ရှိမှ ရှိပါလေစ။ သူ့ ကိုယ်သူ အဲသလို ခံစား လာရသည်။

အဆိုပါ ခံစားချက်ကလေး အပေါ် မှုတည်ပြီး ရေးဖွဲ့ ဖြစ်ခဲ့သော 'သက်ငြိမ်' သည် ၁၉၉၀ ပြည့်နှစ်ကျမှ ပရိသတ် နားဆောင်ဖို့ ဖြစ်လာခဲ့ရလေတော့သည်။

(၁၄)

ကိုငှက်၏ တေးစု စီးရီးအခွေ ဖြစ်သော 'အဏ္ဏ ပုံဆောင်ခဲများ' က ၁၉၉၁ ခုနှစ်တွင် ထွက်ခဲ့သည်။

သူ တစ်ယောက်တည်း ငိုင်၍ ရေးခဲ့သော ကိုယ်ပိုင် သံစဉ် သီချင်းများ ဖြစ်သည်။ သူ၏ အားအရဆုံး အစွမ်းဟုလည်း ဆိုနိုင်သည်။

ထိုစီးရီးထဲက သီချင်းတစ်ပုဒ် ဖြစ်သော 'ရာဇဝင်များရဲ့ သတို့သမီး' ကို ရေးဖွဲ့ဖြစ်ဖို့ အာရုံ ဝင်စားမှုကို ပုဂံမြို့မှာ စတင် ရရှိခဲ့ခြင်း ဖြစ်သည်။

(၁၅)

တေးရေးဆရာဆို ကိုဝင်းမင်းထွေး စီစဉ်သော ပဒုမ္မာ တော့ချိန်း အတွက် ခရီး သွားကြရင်း ဂီတာလှုငယ် တစ်ဖွဲ့သားလုံး ပုဂံသို့ ဝင်လည်ကြသည်။

ညပိုင်းတွင် သူတို့ လူငယ်ဂီတာသမားများ တစ်အုပ်စုလုံး ဘုရားတွေ လျှောက်ဖူးကြရင်း ကန်တော့ပလ္လင် ဘုရားသို့ ရောက်သောအခါ ဘုရား အဆောင်ကို ခွင့်တောင်းပြီး ဘုရားပေါ် တက်ကြည့် ခဲ့ကြသည်။

အပေါ် ရောက်တော့ ထူးအိမ်သင် တော်တော်နှင့် ပြန်မဆင်းဖြစ်၊ ရှုခင်းငေးရင်း အတန်ကြာအောင် တိုင်ဖြစ်သွားသည်။

ပုဂံညက လွမ်းမောဖွယ် လှချင်တိုင်း လှနေသည်။ နက်ပြာရောင် ညကောင်းကင်မှာ ကြယ်တာရာတွေ စုံလင်နေကြသည်။ အလှမ်းမဝေးလှသည့် နေရာတွင် ဧရာဝတီမြစ်ကြီး တသွင်သွင်နှင့် တညိမ့်ညိမ့် စီးဆင်းနေတာကို အပေါ်စီးကနေ သူ လှမ်းမြင်နေရသည်။ မြစ်တစ်ဖက်ကမ်းရှိ ဇက်ရုံက လင်းနေသော မီးရောင်လေးတွေ တွေ့ရသည်။ မြစ်ကြီး အပေါ်မှာ အလင်းစက်ကလေးတွေက တဖျပ်ဖျပ် လက်နေကြသည်။ ပုဂံမြို့ဟောင်းဘက်ကို ပြန်ကြည့်လိုက်တော့ ကျယ်ပြန့်လှသည့် လွင်ပြင်ပေါ်တွင် တစ်ချိန်က လွန်စွာ ကြီးကျယ် ခမ်းနားခဲ့သည့် ရှေးယဉ်ကျေးမှု ဓိသုကာလက်ရာ အဆောက်အအုံကြီး များကို အမှောင်ထဲမှာပင် ထုထည် ကြီးမားစွာနှင့် မြင်နေရသည်။

မြစ်ကြီးရယ်၊ ဗိသုကာ လက်ရာများရယ်၊ ဟိုတစ်ဖက်ကမ်းက တောင်တန်းများရယ်ကို သူ ထိုင်ကြည့်ရင်းနှင့်ပင် သွေးထဲက တဖြည်းဖြည်းချင်း နိုးကြား လာခဲ့သည်။ သူကိုယ်တိုင် သိလိုက်သည့် အခြင်းအရာက လွန်စွာ ထူးခြားလှသဖြင့် နှုတ်နှင့် မဖော်ပြနိုင်။ ရှေးပုဂံသူ ပုဂံသားတို့၏ ဝိညာဉ်များက သူ့ကို ပူးဝင် သွားကြသော အချိန်အတန့်မှာ ထွက်ပေါ် လာသည့် ရသဓါတ အဆန်းတကြယ် ဖြစ်တော့သည်။ ထိုအချိန်မှာပင် သီချင်း ရေးဖွဲ့ဖို့ ခွန်အား အရှေ့အသက် အာရုံစိတ်ကူးကို ထူးအိမ်သင် ရရှိသွားခဲ့ခြင်း ဖြစ်သည်။

(၁၆)

ဧရာဝတီ မြစ်ကြီးက မြန်မာနိုင်ငံ၏ ပင်မ အသက် သွေးကြောကြီး ဖြစ်သည်။ မြန်မာနိုင်ငံ မြောက်ပိုင်း နှင်းပွင့်ရေခဲ တောင်တန်းကြီးများမှ မြစ်များစီးလာကြသော မေခနှင့် မလိခ မြစ်နှစ်သွယ်တို့ မြစ်ကြီးနားမြို့ အနီးတွင် ပေါင်းဆုံပြီးနောက် ဧရာဝတီ မြစ်ကြီး ဖြစ်ထွန်း လာခဲ့သည်။ တောင်ဘက်သို့

မိုင်ပေါင်း ၁၃၀၀ ဆက်လက် စီးဆင်းပြီး ဟင်္သာတမြို့ အနီးတွင် လက်တက် အသွယ်သွယ် ခွဲထွက်ကာ မြန်မာနိုင်ငံ၏ ဝမ်းစာကျီတိုက်ဟု ခေါ်ဆိုရမည့် မြေဆီဩဇာ ကြွယ်ဝလှသည့် မြစ်ဝကျွန်းပေါ်ဒေသကို ဖြစ်ပေါ်စေခဲ့သည်။

ဧရာဝတီနှင့် အတူ မြန်မာ့သမိုင်း ခေတ်အဆက်ဆက်တို့၏ ယဉ်ကျေးမှု၊ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ဘာသာရေး၊ သဘောတရားရေး၊ စစ်ရေး၊ နိုင်ငံတကာ ဆက်ဆံရေး၏ သမိုင်း ခြေရာများ ထင်ကျန်ရစ်ခဲ့သည်။ မြန်မာနိုင်ငံတွင် ရှေးဦး ပထမဆုံး မှီတင်း နေထိုင်သူ အညာသီယန် ကျောက်ခေတ်လူ များသည် ဧရာဝတီမြစ်ကိုပင် အမှီသဟဲ ပြုခဲ့ကြလေသည်။

ဧရာဝတီ၏ သမိုင်းသည် မြန်မာနိုင်ငံ၏ သမိုင်းဖြစ်သည်။ မြန်မာနိုင်ငံ၏ သမိုင်းကို ဧရာဝတီ မိခင်က မွေးဖွားပေးခဲ့ခြင်း ဖြစ်သည်။ ဂုဏ်ယူ ဝံ့ကြွားဖွယ် သမိုင်းကာလ အပိုင်းအခြား တစ်ခုတွင် ဧရာဝတီ မြစ်ကမ်းပေါ်ရှိ ပုဂံ နေပြည်တော်က မြန်မာနိုင်ငံ၏ နှလုံးသည်းပွတ် ဖြစ်ခဲ့သည်။ နှလုံးသား ပုဂံနှင့် ပင်မ သွေးကြော ဧရာဝတီ။

(၁၇)

ထူးအိမ်သင်က သူ၏ သီချင်းကို 'ရာဇဝင်များရဲ့ သတို့သမီး' ဟု အမည် ပေးခဲ့သည်။ သီချင်း အကြောင်းအရာက ရှေးပုဂံသူပုဂံသားတို့၏ ဝိညာဉ်များက သူ့ကို ပူးဝင် ပြောပြသွားကြသည့် သမိုင်း၏ ပုံရိပ်များ ဖြစ်ကြသည်။ ရှုလာမည့် အနာဂတ် နေ့ရက်များကို ရွှေရောင် လွှမ်းစေဖို့ သူ မျှော်လင့်ခဲ့သည်။ စိတ်ကူးအိပ်မက် မက်ခဲ့သည်။ ဧရာဝတီမြစ်သည် ရာဇဝင်ဟောင်း၏ ခြေရာများကို သိမ်းဆည်းထားရုံ သက်သက် မဟုတ်။ ရာဇဝင်သစ်၏ ခြေလှမ်းများကို မွေးဖွားပေးရာ ရင်ခွင် အစစ်အမှန် ဖြစ်သည်ဟု ထူးအိမ်သင် ခံယူခဲ့သည်။

*'ကျွယ်လွန်ပြီးသော အိပ်မက်များ၊ တောစဉ် လမ်းကြောင်း အိပ်မက်ရာ . . .။*
*ထုမြဲ ကြီးမား လွန်းတဲ့ ဒီမြေမှာ . . . တို့ရဲ့ ချွေးတွေ . . မြစ်သနီး ရင်း နဲ့ စီး ဆင်း*
*သူဟာ ရာဇဝင်များ ရဲ့ လျှို့ဝှက်ချက်ကို သိမ်း ဆည်း ထား၊*
*ဧရာဝတီ . . .။*

*ရှေးအတိပြီး သော မြို့ပြများ အစဉ်အလာ ကြီး မား ခဲ့ကြရာ . . .။*
*ရာဇဝင်ဟောင်း ရဲ့ အမှတ်အရာ ဒီမြေဟာ တို့ရဲ့ အမိမြေ . . .။*
*ယဉ်ကျေးမှုရဲ့ နှလုံးသား . . ရှင်သန်စေသူ တန်ခိုးရှင် . .*
*အခမ်း နား ဆုံး သော သက်ရှိလမျှာ၊ ဧရာဝတီ . . .။*

*ပိုင်ဆိုင်မှု အတွက် စစ်မက်များ ရင်ဆိုင် တိုက်ခိုက်ခဲ့ကြရာ . . .။*
*ရှုံ့ဝင် ပြောက်တဲ့ အချိန်နဲ့ ကာလကျွယ်သူတို့ရဲ့ သေး တွေ။*

*သူရဲကောင်းများ မွေးဖွား။ ဒါဟာ ငါတို့သမိုင်းရဲ့ ဖောက်ပခဲ့တဲ့နေ့ရက်များ ...။*
*ရေဝတီ ...။*

*ရာဇဝင်လောင်းရဲ့ သမိုင်းရာ၊ ရာဇဝင်အစ်တို့ မွေးဖွားရာ၊*
*ရွှေရောင်နေ့သစ်များ အတွက်၊ ရင်ခုန်သူတို့ရဲ့ သီချင်းတွေ၊*
*မျိုးမျှစ် မိမ်းလန်းရေး အတွက် ပျံကြည်သူတွေ အသက်နဲ့ ရာခဲ့တဲ့ အိပ်မက်များ ...။*
*ရေဝတီ ...''*

(၁၈)

'ရာဇဝင်များရဲ့ သတို့သမီး' သီချင်း အကြောင်းအရာနှင့် ပတ်သက်၍ ထူးအိမ်သင်က 'ကျွန်တော် တစ်ခါလည်း ပြောဖူးပါတယ်။ မြန်မာတွေဟာအဲ့ဒီအချိန်က လက်ရုံးရည်ရော၊ နှလုံးရည်ရော တိုးတက်ခဲ့ကြတယ်၊ ရှေးမြန်မာကြီးတွေက ဘယ်လို စက်ထန်ကြိုးနိုင် အားကောင်းတဲ့ နှလုံးသားတွေနဲ့၊ ဘယ်လို ပျော့ပျောင်းတဲ့ နှလုံးသား၊ ဘယ်လို သိမ်မွေ့တဲ့ ခံစားချက်တွေနဲ့ ရေဝတီ မြစ်ဝှမ်းနယ်မှာ ကျွန်တော်တို့ အခု ခေါ်နေကြတဲ့ မြန်မာနိုင်ငံကြီးကို ဘယ်လို တည်ဆောက်ခဲ့ကြတယ် ဆိုတာ ကျွန်တော့် ရင်ထဲမှာ အရမ်းကို အံ့သြပြီး လေးလည်း လေးစားမိတယ်။ ရှေးမြန်မာကြီးတွေ အပေါ် အရမ်းကို ကြည်ညိုတဲ့ စိတ် ကျွန်တော့် ရင်ထဲမှာ ပြင်းပြင်းထန်ထန် ပေါ်လာခဲ့တယ်။ နောက် ရှေ့ဆက် သွားမယ့် ရေဝတီ သမိုင်းမှာ ကျွန်တော်တို့ရဲ့ မျှော်လင့်ချက်တွေ ကျွန်တော်တို့ရဲ့ အိပ်မက်တွေ ရှေ့ဘယ်လို ဖြစ်လာမလဲဆိုတာ စိတ်ထဲမှာ ခင်းကျင်း ကြည့်တာပေါ့နော်၊ ကျွန်တော်တို့ရဲ့ အိပ်မက်လေးတွေကို ပြပွဲ ခင်းကျင်း ကြည့်တဲ့ သဘော။ အကြောင်းအရာကတော့ အဲ့ဒါပါပဲ' ဟု ပြောပြခဲ့ဖူးသည်။

(၁၉)

'ရာဇဝင်များရဲ့ သတို့သမီး' သီချင်း၏ Music Composition အပိုင်းကျတော့ ဘလူးစ် ပုံစံမျိုး ဖန်တီး ဖြစ်လိုက်သည်။ ဂစ်တာလ်နှင့် ဟာမိုနီ ပရိုဂျက်ရှင်များ ဘလူးစ်ကို အခြေခံပြီး ယူသည်။ ရစ်သမ်ပိုင်း ကျတော့ လူတို့၏ နှလုံးခုန်သံ၊ တိုက်ပွဲဝင် တိုက်မောင်းများ၊ စစ်တိုက်သောအခါ တိုက်စည် တိုက်မောင်းတို့၏ ရိုက်ချက်တွေကို ယူခဲ့သည်။

ပုဂံကို ရှေးမြန်မာကြီးတို့ တည်ထောင်ခဲ့စဉ် အချိန်က မဏ္ဍိုင်ပြု ခွန်အား ယူခဲ့ရသော နည်းပညာ၊ အတတ်ပညာ၊ ယဉ်ကျေးမှု၏ ရေစီးကြောင်းထဲက ဂီတသံစဉ်များကိုလည်း တမင်တကာ ပါဝင်လာအောင် ရောထည့်ပြီး သီချင်း၏ အလှကို အားကောင်းစွာ ထင်းကြွ လာစေခဲ့သေးသည်။

(၁၈)

'စရာဝတီ' သီချင်း ပုံစံမျိုးပင် မွန်လူမျိုးတို့၏ ဒေသအကြောင်း သမိုင်း အခြင်းအရာတို့ကို ရေးဖွဲ့ဖို့လည်း နောင်သောအခါ သူ စိတ်ကူးခဲ့သေးသည်။ သို့သော် အကောင်အထည် မပေါ်ဖြစ်ခဲ့ချေ။

(၁၉)

ထူးအိမ်သင်၏ masterpiece လက်ရာ 'စရာဝတီ' သီချင်းကို ကိုလေးဖြူ ပြန်ဆို ဖြစ်ခဲ့တာကိုတော့ မှတ်မှတ်ရရ ဟုပင် ဆိုရမည်။

ကိုလေးဖြူက စီးပွားရေးအရ ရောင်းတမ်းဝင် ထုတ်လုပ် ဖြန့်ချိဖို့ ပြန်လုပ်သည်တော့ မဟုတ်။ ဂျပန်နိုင်ငံ မှကူအိုကာမြို့က သူတို့ကို ဖိတ်ပြီး တီးကြဆိုကြသောအခါ own tune သီချင်း ဆိုဖို့လည်း စိတ်ကူး ရှိသည်။

မြန်မာလူမျိုး၊ မြန်မာနိုင်ငံနှင့် ပတ်သက်သည့် သီချင်းမျိုး ဖြစ်လျှင် ပိုကောင်းမည် ဆို၍ ကိုဂုဏ်ဆီက 'ရာဇဝင်များရဲ့ သတို့သမီး' သီချင်း ပေးပါဟု ကိုလေးဖြူက လာတောင်းသည်။

ထူးအိမ်သင်က 'ဟာ . . . ပေးပါတယ်၊ ဒါပေမယ့် တစ်ခုတော့ ရှိတယ်နော်၊ ကျွန်တော့် သီချင်းထဲမှာ မြန်မာပြည် ဆိုတဲ့ စကားလုံးတော့ မပါဘူး' ဟု ထူးအိမ်သင်က ဆိုသည်။

ကိုလေးဖြူက 'ကိစ္စ မရှိဘူး၊ ရာတယ်။ စရာဝတီ ဆိုတဲ့ စကားလုံး ပါတာပဲ။ စရာဝတီဆိုတာ မြန်မာနိုင်ငံမှာ ရှိတဲ့ဟာ။ ဒါမြန်မာတွေ အကြောင်းပဲ။ အဲဒါ သူတို့ကို ရှင်းပြပြီး လိုက်သွားမယ်' ဟု ပြောလိုက်သည်။

ထူးအိမ်သင်လည်း 'ကဲ . . . ဆိုလို့ ရမယ် ဆိုရင် ဆိုပေါ့ဗျာ' ဟု ခွင့်ပြု ပေးလိုက်သည်။

'သီချင်းအတွက် ကျွန်တော်တို့ နှစ်ယောက် ဒီလောက်ပဲ ညှိနှိုင်း ရတာပါ' ဟု ထူးအိမ်သင်က ပြန်ပြောပြသည်။

'ရာဇဝင်များရဲ့ သတို့သမီး' သီချင်းကို ကိုလေးဖြူ ပြန်လည် သီဆိုသောအခါ version က အသစ် တစ်မျိုးလို ဖြစ်သွားသည်။ Iron Cross တီးဝိုင်း၏ ဂီတပညာရှင်များက အရိုန်းရှိမှင့် လုပ်ပေးခဲ့သည်။

'ကိုလေးဖြူ ပြန်ဆိုထားတာ ကျွန်တော် နားထောင်မှုပါတယ်။ ဒီသီချင်းကို သူတို့ဆီမှာ တီးတော့ အသံလွှင့်တဲ့ အချိန်မှာ ဖမ်းထားတဲ့ အခွေလေး ရှိတယ်လေ၊ အဲဒါလေး ယူလာပြီးတော့ ကျွန်တော်ကို ပေးလို့ နားထောင်ဖြစ်ပါတယ်၊ ကောင်းပါတယ်' ဟု ထူးအိမ်သင် ပြောခဲ့လေသည်။



နှင်းဆီလှိုင်းကာလ



Unplugged ဖျော်ဖြေပွဲ မြင်ကွင်း



မှတ်မှတ်ရရ ကိုလေးဖြူနှင့် အတူတွဲ တင်ဆက်ခဲ့သည့် ဂီတည။ ၁၉၉၄ မတ် ၂၂။



ထိုင်းနိုင်ငံ ဘန်ကောက်တွင် Big Five အတွက်



စတူဒီယိုတွင်း မြို့ပြ လရောင်တမ်းချင်းနှင့်




တာတေ့လျှင် မျက်စိနှင့် မစ္စာ



ဂုဏ်၏ တည်ကြည်သော ဟိတ်ဟန် ( ဓာတ်ပုံ ဝဏ္ဏစွာနိုး)



ထူးအိမ်သင်၏ ဂါရာ အပြည့်နှင့် နိမ့်ချရိုကျိုးပုံ (ဓာတ်ပုံ ငြိမ်းအေးအိမ်)


ACES
OASIS
COUNTRY BOY
RECORDING


HTOO
EIN
THIN


ထူးအိမ်သင်
သီချင်းပေါင်းချုပ်
၃








ထူးအိမ်သင်


ထူးအိမ်သင်
UNPLUGGED


COMPACT
disc
DIGITAL AUDIO

## အခန်း (၁၈)
## မြေ၊ သီတာလမ်း၊ ကျောက်မြောင်း၊ တာမွေမြို့နယ်

(၁)

ထူးအိမ်သင်က ၁၉၇၉ ခုနှစ်တွင် ဆယ်တန်း အောင်ပြီး တက္ကသိုလ် ရောက်ခဲ့သည်။ နေ့ကျောင်းသား အဖြစ် ၅ နှစ် တက်ခဲ့ရာ ပုသိမ်ကောလိပ်မှ ဒုတိယနှစ်သာ အောင်မြင်ခဲ့လေသည်။ မော်လမြိုင် ရောက်ပြီး နောက်ပိုင်းကျမှ စာပေးစာယူ ပြောင်းတက်ခဲ့သည်။

အဆိုတော် ဖြစ်ပြီးသည့် နောက်လည်း ဇွဲမလျှော့ဖို့ မိဘများက တိုက်တွန်းကြသဖြင့် မိဘများ အလိုကျ ၁၉၉၁ ခုနှစ်တွင် ရူပဗေဒ မေဂျာနှင့် B. Sc ဘွဲ့ ရရှိခဲ့လေတော့သည်။

(၂)

'နှစ်ချို့ပိုင်' စီးရီးကို မူပိုင် ကိုဇော်သစ်နှင့် မြူးစစ်ဝါးလ် တေးသံသွင်းအတွက် ၁၉၉၁ ခုနှစ် ကတည်းက စီစဉ်ခဲ့သည်။

ထိုကာလမှာ ကိုငှက်သည် ကိုဇော်သစ်၊ ကိုမဲ့သွင်တို့နှင့် ရန်ကင်းမှာ အိမ်ငှားနေကြသည်။ များမကြာမီ မော်လမြိုင်မှ အမေဒေါ်မြရင် ရောက်လာပြီး ကိုငှက်နှင့် အတူ နေထိုင်လေသည်။

ကိုငှက်က ဂီတသင်တန်းလိုမျိုး နုတ်စ် အခြေခံက အစ စနစ်တကျ သင်ပေးသော သင်တန်း တစ်ခု ဖွင့်ဖြစ်ခဲ့သေးသည်။ စိတ်ဝင်စားသော လူငယ် အတော်များများ သူ့ သင်တန်းမှာ တက်ဖြစ်ခဲ့ကြသည်။

(၃)

၁၉၉၂ ခုနှစ်မှာ ထွက်သည့် 'အရှင်အတိုင်း' စီးရီး မူရင်းက ကော်ပီသီချင်းများ ဖြစ်သည်။ တစ်ခွေလုံးကို တေးရေးစာဆို ကိုဝင်းမင်းထွေး ရေးဖွဲ့ ပေးခဲ့ပြီး Emperor တီးဝိုင်း၏ ဂီတနှင့် အိုအေစစ် စတူဒီယိုမှာ သွင်းဖြစ်ခဲ့သည်။ စီစဉ်သူ မူပိုင် ကိုရဲ၊ ဖြန့်ချိရေး ဂျူပီတာ တေးသံသွင်း ဖြစ်သည်။

Dom Melcom ၏ Vincent ကို ပြန်ဆိုထားသော 'ဗင်းဆင့်ဗန်ဂိုး တမ်းချင်း' ကတော့ ထိုစီးရီး၏ အထူးခြားဆုံး သီချင်း တစ်ပုဒ်ဟု ဆိုရပေမည်။ တေးရေးစာဆို ကိုဝင်းမင်းထွေး၏ စကားလုံးများက ပြောင်မြောက်သလို ထူးအိမ်သင်၏ သီဆိုဟန်က လှိုက်လှိုက်လှဲလှဲ ရှိလှသည်။

*'လူတွေ တကယ်တော့ နားမလည်.. ဒီ ဒါဟာ တကယ် အမှန်တရား .. ဒီကမ္ဘာသို့ ဗင်းဆင့် အဆုံးထိ ချစ်သော်လည်း အားလုံး နားမလည်ခဲ့။ ငှက်ရဲ့ လက်ဖြန့်ဖြင်းသာ ရသွားလည်း ဒီလို ရက်စက်ခဲ့ဖြင်းကို မြင်ပြီး အမှန်တရား အတွက် ဘဝကို စတေး သွားရှာရင်း ခွင့်လွှတ်ခဲ့လေတယ်။*

*ကြယ်တွေ ငြိနေလား . . အခန်းထွက်ပေါက်မှာ ပန်းချီကားတွေ . . အပိုးမဖြတ်ရတော့အောင် တန်ဘိုးဖြတ်လေ။ မင်းဆင့်ရဲ့ အနုပညာဟာ ရတနာများ . . မဆောင်းအချိန်မှာ အပယ်ခံများ . . မိုးရွာဖြင်းအာ ခံခဲ့ရတယ်။ ဈေးပျက်သွားအောင် အဈေးချကြတယ်။ လက်မြှောက်လို့ အဝေကို ရှောင်တော ပြောလေတယ်။*

*ငါလေ ရှန်းလှုပ်တယ် . . တမ္ပာကို မိုင်သာမျှ အလွန် ပေးပြီး တစ်သက်တာ ဒုက္ခချည်း ရှာသွား ရှာတယ်။ ဒါဟာ ပါရမီ တစ်ခုလေလား။ လူတွေအတွက် အဝေကို ရှင်းလို့ စေအေး ရှာအလား . . ဗီည ငါငိုနေပြီ'*

(၄)

ထူးအိမ်သင်သည် ပါဝါမျက်မှန် ထူထူကို ကိုင်းပုံသဏ္ဌာန် အမျိုးမျိုး ပြောင်းလဲ တပ်ဆင်ခဲ့သလို သူ၏ သီချင်းခွေများကလည်း တစ်ခွေတိုင်းမှာ တေးသံသွင်း တစ်ဆိုင် ဖြစ်ခဲ့ရသည်။

'နာရီပေါ်မှ မျက်ရည်စက်များ' တုန်းက ဂန္ဓမာ၊ 'မှော်ဆရာအိမ်မက်' က ပန်းနုလဝန်း၊ 'သက်ငြိမ်' က ကန်းထရီးဘွိုင်း၊ 'အတ္တပုံဆောင်ခဲ' များက ပေယံဦး၊ 'အကြင်နာ အိပ်မက်' (အောင်ရင်နှင့် တွဲဖက်၍) ယင်းမာ၊ 'အရင်အတိုင်း' က ဂျူပီတာ၊ ထို့နောက် 'စကားလုံး မရှိတဲ့ ကောင်းကင်' က နှင်းဆီလှိုင်း ဖြစ်နေသည်။

'စကားလုံး မရှိတဲ့ ကောင်းကင်' ကလည်း 'အရင်အတိုင်း' စီးရီးကဲ့သို့ပင် ကော်ပီ သီချင်းများ ဖြစ်ကြသည်။

တစ်ခွေလုံးကို မြင့်မိုးအောင်က ရေးပေး ထားခဲ့သည်။

မှုပိုင်က နှင်းဆီလှိုင်း။

ထိုအချိန်မှာ နှင်းဆီလှိုင်းက ထွက်သမျှ တစ်ခွေဆို ဆိုသလောက် ပြောစမှတ် ပြုခဲ့ရချိန်။

'စကားလုံး' အခွေလည်း အပါအဝင် ဖြစ်တော့သည်။

(၅)

ကိုငှက်က သူ့ သူငယ်ချင်း မြင့်မိုးအောင်မှာ အရည်အချင်း ရှိတာ သေသေချာချာ သိသည်။

မြင့်မိုးအောင်က စာဖတ် နာသည်။ ဂီတနှင့် ပတ်သက်၍လည်း တော်တော်လေးကို အဆင့်အတန်း မြင့်မြင့် သိနားလည်နေသည်။ ရန်ကုန် စီးပွားရေးတက္ကသိုလ်မှ ကျောင်းပြီးသွားချိန်၊ ပုသိမ်တွင် ဂီတာ သင်တန်းလေး ဖွင့်ပြီး အသာလုပ်နေတာကို သူ သဘောမကျ။ ပြီးတော့ မြင့်မိုးအောင်သည် သီချင်း ရေးရာမှာ လူသစ် မဟုတ်။ ယခင် ပုသိမ်က ထက်နိုင်ကျော်၏ စီးရီးလုပ်စဉ်ကတည်းကသုံးလေးပုဒ် ဝင်ရေး ပေးခဲ့ဖူးသည်။

သို့ဖြင့် ကိုငှက်က ပုသိမ်အထိ သွားပြီး ဇွတ်အတင်း ဆွဲခေါ် လာခဲ့သည်။

'စကားလုံး မရှိတဲ့' အခွေ ဖြစ်လာဖို့ ကိုငှက်၏ တွန်းအား အများကြီး ပါခဲ့သည် မှန်သော်လည်း-

'ဒီစီးရီး အောင်မြင် သွားရတဲ့ အပေါ်မှာကျတော့ ကျွန်တော် တစ်ယောက်တည်းကြောင့် မဟုတ်ပါဘူး။ မြင့်မိုးအောင်ရဲ့ စကားလုံး ရွေးချယ်မှု၊ သီချင်း ပုံစံ၊ အားလုံး ဘက်ပေါင်းစုံ ကောင်းလို့ပါဗျာ' ဟု ကိုငှက်က ပြောခဲ့သည်။

'မြင့်မိုးအောင် ဆိုပြီး အထင်အရှား ဖြစ်လာတာကတော့ သူ့ အရည်အချင်းနဲ့ သူပါ။ ဘယ် ကျောက်ခဲကိုမှ ဆီကြိတ်လို့ ဆီထွက် မလာပါဘူး' ဆိုတာက သူ၏ အရှင်းဆုံး သဘောထားပင် ဖြစ်လေသည်။

(၆)

'အရင်အတိုင်း' နှင့် 'စကားလုံး မရှိတဲ့ ကောင်းကင်' ဆိုသည့် ကော်ပီ သီချင်း နှစ်ခွေ သီဆိုခဲ့ရာတွင် အချို့ သီချင်းများမှာ မူရင်းထက်ကို ပိုကောင်းသည်ဟု ဂီတ ပရိသတ် အချို့က ယူဆခဲ့ကြသည်။

သို့သော် ထူးအိမ်သင်က 'မူရင်းထက် ကောင်းတယ်လို့တော့ မနောက်ကြပါနဲ့ဗျာ၊ အဲ့ဒီလိုတော့ မနောက်နဲ့။ ကျွန်တော် ကော်ပီသီချင်း ဆိုတဲ့အခါကျရင် ဘာပဲဖြစ်ဖြစ် မူရင်းသီချင်း အပေါ်မှာ အတတ်နိုင်ဆုံး ကြိုးစားပြီး သစ္စာရှိပါတယ်၊ အဖြစ်နိုင်ဆုံး သူတို့ mood နဲ့ expression ကို ကျွန်တော် အတတ်နိုင်ဆုံး ကူးပြောင်း ပြီးတော့ ထည့်ယူပါတယ်' ဟု ပြောပြခဲ့သည်။

(၇)

ထူးအိမ်သင်၏ ပထမဆုံးသော တစ်ကိုယ်တော် စင်မြင့် ဖျော်ဖြေပွဲ One Man Show ကို ၁၉၉၃ ခုနှစ် ဇူလိုင်လ၌ ရန်ကုန်မြို့ အမျိုးသားဇာတ်ရုံတွင် Iron Cross ဝိုင်းနှင့် ဖျော်ဖြေခဲ့ရာ သီချင်း ၂၉ပုဒ် မျှ မရပ်မနား သီဆို တင်ဆက်သွားခဲ့သည်။ သူ၏ အထူးခြားဆုံးနှင့် ဆန္ဒ အပြည့်ဝဆုံး စင်မြင့်ပွဲဟု ဆိုရမည်။

(၈)

ထိုအချိန်မှာ ထူးအိမ်သင်၏ စီးပွားရေး အခြေအနေက အတန်ငယ် တည်ငြိမ်စ ပြုလာပြီဟု ဆိုနိုင်သည်။ သူ့ဆီမှာ သီချင်း လာအပ်ကြတာတွေလည်း ရေးပေးခဲ့သလို တေးရေး တေးဆို တစ်ဦးအဖြစ် သူ ကောင်းစွာ အောင်မြင် ကျော်ကြား လာခဲ့ပြီ။

၁၉၉၃ ခုနှစ် အောက်တိုဘာလတွင် ဧရာလမ်း၊ အိမ်နံပါတ် ၂၇ ကို ငှားပြီး မော်လမြိုင်က မိသားစု တစ်စုလုံး ပြောင်းရွှေ့ လာစေသည်။ အမေဒေါ်မြရင်က နကို ရန်ကင်းမှာကတည်းက သူနှင့် အတူတူ လာနေနေပြီ။ ထိုအချိန်တွင် ညီလေး အောင်အောင် ကျောင်းပြီးကာနီး တစ်ပိုင်းတစ်စ ဖြစ်သည်။ ကိုဆုကလည်း ကျောင်း မပြီးသေး။

၁၉၉၅ ခုနှစ် ဇန်နဝါရီလတွင် ညီငယ်တွေ ကျောင်းပြီးကြပြီး အမေ ပင်စင် ယူသည်။ အားလုံး ရန်ကုန် ရောက်လာကြရာ ညီမလေး မိမိုး တစ်ယောက်ပဲ မော်လမြိုင်မှာ ခဏ ကျန်နေရစ်ခဲ့သည်။

၁၉၉၅ ခုနှစ် မတ်လတွင် ကျောက်မြောင်းကြီးလမ်း အိမ်သို့ ပြောင်းပြီး တစ်နှစ်ခန့် နေခဲ့ကြသေးသည်။

၁၉၉၆ ခုနှစ် မတ်လမှာတော့ ဖြူ၊ သီတာလမ်း၊ ကျောက်မြောင်း၊ တာမွေမြို့နယ်၊ ရန်ကုန်သို့ အပြီး ပြောင်းရွှေ့ လာခဲ့ကြလေသည်။

သူ့ မိသားစုတွေ ရန်ကုန်မှာ နေထိုင်မှသာ မျက်စိပွင့် နားပွင့်မည်။ အခြေတကျ တိုးတက်မည်ဟု ကိုငှက်က ယုံကြည်ခဲ့သည်။

(၉)

မိသားစု အပေါ် သံယောဇဉ် ကြီးမားသကဲ့သို့ သူငယ်ချင်း မိတ်ဆွေများ အပေါ် ကိုငှက် ခင်တွယ်သည်။

ဂီတလောကထဲသို့ သူ ကိုယ်တိုင် တိုးဝင်ခဲ့စဉ် ကြုံတွေ့ခဲ့ရသည့် ခါးသီးမှုများကို သူ မမေ့။ ထို့ကြောင့် အသစ် ရောက်ရှိ လာမည့် လူသစ်တွေထဲက သူနှင့် စိတ်ချင်း နီးစပ်သူတွေကို ဘာဟိတ်ဟန်မှ အပို မရှိဘဲ လှိုက်လှိုက်လှဲလှဲ လက်တွဲ ခေါ်ယူတတ်သည်။

၁၉၈၉/၉၀ ကာလတွင် မန္တလေးမှ သူငယ်ချင်း တစ်ယောက်၏ အရွေ့ လာသွင်းသော လူငယ် တေးရေး ရွှေကျော်ကျော်နှင့် အိုအေစစ် တေးဒီယိုတွင် ဆုံတွေ့တွေ့ချင်း နှစ်နှစ်ကာကာ ခင်မင် သွားကြသည်။

'စကားတွေ ပြောဖြစ်ကြတယ်။ ပြောရင်းနဲ့ ပိုပြီး ရင်းနှီးလာတယ်။ တစ်ယောက်နဲ့ တစ်ယောက်ကလည်း စိတ်အတွင်းသားချင်း တူတယ်။ ယုံကြည်မှု ပိုတက်လာပြီး နောက်တော့ သူက ကျွန်တော့်ကို သီချင်း အပ်တယ်။ သီချင်း သုံးပုဒ်အပ်တော့ ကျွန်တော်က ဝမ်းသာတာပေါ့။ သူ့လို သီချင်းတွေ သိပ်ရေးတတ်တဲ့လူက ကျွန်တော့်ဆီမှာ သီချင်း အပ်လိမ့်မယ်လို့ မမျှော်လင့်ဘူးလေ' ဟု ကိုရွှေ ပြောပြသည်။

သူကိုယ်တိုင် ကိုရွှေ့ဆီက သီချင်းတွေ ဝယ်ခဲ့သလို သူများ တခြား လူတွေကိုလည်း ကိုရွှေ့ဆီက သီချင်းတွေ ဝယ်ဖို့ ညွှန်းသည်။

ပရိသတ်နှင့် မိတ်ဆက် ပေးရာတွင် 'ဒါကျွန်တော့် သီချင်းရေး ဆရာပဲ' ဟု မာမာတင်းတင်း ပွဲထုတ် ပေးခဲ့သည်။ ကိုရွှေက လန့်ပင် လန့်သွားသည်။ ထူးအိမ်သင်လို သီချင်းကောင်းတွေ ကျွမ်းကျွမ်းကျင်ကျင် ရေးတတ်သူက သူ၏ သီချင်းရေး ဆရာဟု ရည်ညွှန်းတာကို ယုံရမှာပင် ကိုရွှေကျော်ကျော် မဝံ့မရဲ ဖြစ်ခဲ့သည်။ သို့သော် သူ့ သီချင်းတွေ ဝယ်ယူခဲ့တာ လူကို ခင်၍ မဟုတ်ချေ။

'ကျွန်တော်က သီချင်း မကြိုက်ရင် ယူစရာ အကြောင်းကို မရှိဘူး' ဟု ကိုရွှေ့ကို ပြောခဲ့သည်။

သီချင်းရေးနေရင် ပတ်သက်ပြီးတော့လည်း ကိုရွှေ ရမည့် နှုန်းထားထက် နှစ်ဆ ရအောင် တောင်းပေးသည်။ ကိုရွှေ မန္တလေး အပြန်တွင် သီချင်းသုံးပုဒ်စာ ငွေပေးလိုက်သည်။ ကိုရွှေက ပထမဆုံး ရသော သီချင်းရေးခကို အမေ့ လက်ထဲ ဝမ်းသာအားရ ထည့်ခဲ့သည်။

အဆိုပါ သီချင်းရေးခများကို ထူးအိမ်သင်က ကြိုတင် စိုက်ထုတ် ပေးလိုက်ခြင်း ဖြစ်ကြောင်း နောက်တော့မှ သိရလေသည်။

(၁၀)

ကိုတင်ဦးသောင်း အိမ် မီးလောင်၍ ဒုက္ခ ရောက်ခဲ့စဉ် ထူးအိမ်သင်က သီချင်းနှင့် တတ်အားသရွေ့ ကူညီ ပေးခဲ့သည်။

ပဒွါ တေးရာ နှစ်ခွေကလည်း ဖရိုသတ် ကြားမှာ အောင်မြင်ခဲ့လေသည်။

မောင်မောင်ဇော်လတ်ကို ကိုရွှေချော်ချော် ခေါ်ယူ လာပြီး ကိုငှက်နှင့် မိတ်ဆက် ပေးသောအခါ ကိုငှက်က အသက်အရွယ်ကို မကြည့်။ သီချင်းတွေကိုပဲ ကြည့်ပြီး တကယ် ကောင်းမှန်း သိ၍ မောင်မောင်ဇော်လတ်၊ အယ်ဖြူတို့၏ သီချင်းတွေကို မဆိုင်းမတွ ဝယ်ယူခဲ့သည်။

ကိုငှက် ရှေးဦးစောက် ဝယ်ယူခဲ့သည့် အတွက် တာရာ၊ ဇလ၊ အောင်ရင်တို့မှသည် ဇော်ဝင်းထွဋ်၊ လေးဖြူ အထိ မောင်မောင်ဇော်လတ်၊ အယ်ဖြူတို့၏ ဖန်တီးမှု လက်ရာ သီချင်းများ ပျံ့နှံ့ သွားခဲ့ခြင်း ဖြစ်သည်။

မောင်မောင်ဇော်လတ်၊ အယ်ဖြူတို့၏ The Ants 'ပုရွက်ဆိတ် ကလေးများ' တေးဂီတ အဖွဲ့ကိုလည်း ကိုငှက် အားပေးသည်။ 'ရောင်စုံ ချောကလက်' အခွေမှာ သူ ကိုယ်တိုင် သီချင်းတွေ ဝင်ဆိုပေးခဲ့သည်။ The Ants ကို ပရော်ဖက်ရှင်နယ် ဝိုင်းကြီး တစ်ဝိုင်း ဖြစ်လာဖို့ အထိ ကိုငှက်က ဆန္ဒ ရှိထားပြီး အားပေးခဲ့ဖူးသည်။

မောင်မောင်ဇော်လတ်၊ အယ်ဖြူတို့ ကိုယ်တိုင် ပရော်ဖက်ရှင်နယ်လို လုပ်ရမှာကို မပျော်မိုက်၍သာ ဂီတလောက၌ ကိုယ် မွေ့လျော်သလို လှုပ်ရှားခဲ့ကြခြင်း ဖြစ်သည်။

(၁၁)

ထူးအိမ်သင်နှင့် ကိုလေးဖြူတို့၏ ခင်မင်မှုမှာလည်း နက်ရှိုင်းခဲ့သည်။

၁၉၉၄ ခုနှစ် ဖေဖော်ဝါရီ အထက (၂) နန်းယန်ကျောင်း၌ Iron Cross တေးဂီတအဖွဲ့နှင့် အတူ ထူးအိမ်သင်၊ လေးဖြူတို့ Two Men Shows အဖြစ် ဖျော်ဖြေခဲ့ကြသည်။

ထူးအိမ်သင်က ၂၁ပုဒ်၊ လေးဖြူက ၁၇ပုဒ်သီဆိုခဲ့ကြရာ၊ ထူးခြားသည်မှာ စင်ပေါ်က လုံးဝ မဆင်း၊ မရပ်မနားကြဘဲ လေးဖြူ ဆိုသည့် အလှည့်တွင် ထူးအိမ်သင်က ဟာမိုနီ လိုက်ပြီး၊ ထူးအိမ်သင်

ဆိုသည့် အလှည့်တွင် လေးဖြူက ဟာမိုနီ လိုက်ခဲ့သည်။ တွဲဆိုဖို့ သီချင်းကိုတော့ မြင့်မိုးအောင်၏ 'စကားလုံး မရှိတဲ့ ကောင်းကင်' ကို ရွေးချယ် ထားပြီး ဟောလို ဂီတာနှင့် ဖျော်ဖြေခဲ့ကြသည်။

ပွဲအသိမ်းမှာ ထူးအိမ်သင်၏ 'ရာဇဝင်များရဲ့ သတို့သမီး' သီချင်းနှင့် အဆုံးသတ်ခဲ့ကြလေသည်။

၁၉၉၄ ခုနှစ် အောင်ဆန်းကွင်း မိုးလုံလေလုံခန်းမ၌ တင်ဆက်ခဲ့သော ထူးအိမ်သင်၊ လေးဖြူ၊ ချစ်ကောင်းတို့၏ Unplugged Live Show သည် မြန်မာနိုင်ငံ၏ ပထမဆုံးသော Unplugged ဖျော်ဖြေ တင်ဆက်မှုပင် ဖြစ်ခဲ့သည်။ မြန်မာ ပရိသတ် အတွင်း Unplugged အရသာကို ပထမဆုံး မြည်းစမ်းခွင့် ရရှိစေခဲ့သည်။

စာချုက်နှာတွေ အပေါ်အထိ Unplugged စစ်သည်/မစစ်သည် ဆိုတာ အငြင်းပွား ဂယက် ရိုက်ခဲ့သော ပွဲတစ်ပွဲလည်း ဖြစ်သည်။

ကိုငှက်က သူ့သဘောထားကို ရှင်းရှင်းပဲ ပြောခဲ့သည်–

'ဘယ် Unplugged မှာမှ Unplugged အစစ် မရှိဘူး၊ လျှပ်စစ် နည်းပညာ မပါဘဲနဲ့တော့ ဒီအနုပညာ တစ်ရပ်ဟာ လူထုထဲကို Record ရောက်သွားဖို့ ဆိုတာ ဖြစ်မှ မဖြစ်နိုင်တာ'

(၁၂)

များမကြာမီ ထူးအိမ်သင်၏ Unplugged အခွေ ထွက်လာခဲ့ရာ မြန်မာနိုင်ငံ၏ ပထမဆုံးသော Unplugged အခွေပဲ ဖြစ်ခဲ့ပြန်သည်။ အခွေ ရောင်းအား စံချိန် ချိုးခဲ့သည်။

Unplugged အပေါ် ထူးအိမ်သင်က "မိတ်ကပ် လုပ်ထားတဲ့ ရောင်စုံ အလှအပတွေ ကြားထဲမှာ သနပ်ခါးရည်ကြဲနဲ့ မိန်းကလေး တစ်ယောက်ကို တွေ့လိုက်ရသလိုမျိုး 'ရိုးစင်းမှုကနေ ဖြစ်ပေါ်လာတဲ့ အလှ' လို့ ခံစားရတယ်" ဟု ဆိုခဲ့သည်။

(၁၃)

'မြို့ပြလရောင် တမ်းချင်း' စီးရီးသည် သီချင်း ငါးပုဒ်သာ ပါသော ကိုယ်ပိုင်သံစဉ် ဘလူးစ်များ ဖြစ်သည်။ ဆိုဒ်အေကော၊ ဆိုဒ်ဘီပါ ဤသီချင်းငါးပုဒ် ကိုပဲ ထည့်ထားခဲ့သည်။

'မြို့ပြလရောင် တမ်းချင်း' ကို ထူးအိမ်သင် ကိုယ်တိုင် ရေးဖွဲ့သည်။ အိမ်ပြန်ချိန် (အယ်ဖြူ)၊ အိပ်မက်ထဲက နှုတ်ခမ်းလေး (အယ်ဖြူ+မောင်မောင်ဇော်လတ်)၊ တကယ်ဆို မင်းက (မောင်မောင် ဇော်လတ်)၊ စာတ်သိမ်းခန်းအလွမ်း (ဖိုးဇော်)၊ လေလွင့်ခြင်း လမ်းမများ (ထူးအိမ်သင်+မြင့်မိုးအောင်) တို့ ဖန်တီးထားခဲ့ကြသည်။

*'ထွက်ပေါက်မဲ့ရွာ လမ်းများပေါ် ကျက်စားရင်း*
*နှလုံးသားထဲမှာ ဘဝရဲ့ အဓိပ္ပာယ် ပြယ်လွင့်*

*ပုံစံသာ လှုပ်ရှားနေ ယန္တရား စက်ရုပ် လူသားတွေ*
*ငါ အလိုချင်ဆုံးက ငြိမ်းချမ်းရေး လရောင်လေး . .*

*မြို့ပြရဲ့ အသည်းကွဲတဲ့ည*
*ဟူး . . လရောင်လေးကို လွမ်းတယ်။*
*မြို့ပြရဲ့ အသည်းကွဲတဲ့ည*
*လရောင်လေးကို လွမ်းတယ်။*
*မြို့ပြရဲ့ အသည်းကွဲတဲ့ည*
*နီယွန် ရောင်စုံမီးတွေနဲ့ ဝေး ခဲ့တဲ့ လမင်းလေး။*

'မြို့ပြလရောင် တမ်းချင်း' ၏ ပရိုဂရမ်များကို ကိုမြင့်ဇော်က စီစဉ်သည်။ 'မြို့ပြလရောင် တမ်းချင်း' သည် မြန်မာနိုင်ငံ၏ ပထမဆုံး ထင်ရှားစွာ ထွက်ပေါ်လာသော Computer Programming Music ဖန်တီးမှု ဖြစ်နိုင်ဖွယ် ရှိသည်။

(၁၄)

ဇော်ဝင်းထွဋ်နှင့် ကိုငှက်တို့က အိုအေစစ် စတူဒီယိုမှာ ပထမဆုံး တွေ့ဆုံခဲ့ကြတာ ဖြစ်သည်။

ကိုငှက်၏ 'နာရီပေါ်မှ မျက်ရည်စက်များ' ထွက်ပြီးချိန်။ ဇော်ဝင်းထွဋ်က သူ၏ ဒုတိယ အခွေ ဖြစ်သော 'ကြယ်တံခွန်' ထွက်ပြီးနေပြီ။

အိုအေစစ် စတူဒီယိုတွင် ညဘက် ဝိုင်းဖွဲ့ စားသောက် ပျော်နေချိန်။ ကိုငှက် ရုတ်တရက် ရောက်လာပြီး ချက်ချင်း 'ကြယ်တံခွန် အချစ်ကလေးရေ' ဟု အော်ဆိုကာ ဇော်ဝင်းထွဋ် လက်ကို ဆွဲပြီး ကခဲ့သည်။ ထိုအချိန်မှ စ၍ သူတို့ နှစ်ယောက်၏ ခင်မင်မှုမှာ ကျယ်ပြန့်စွာ ခိုင်မြဲ သွားတော့သည်။

(၁၅)

ကိုငှက်က ယောယောဒိုင်းဒိုင်း ပွင့်ပွင့်လင်းလင်း ချစ်ခင် ရင်းနှီးတတ်သလို သူ ခိုင်မြဲစွာ ဆုပ်ကိုင်ထားသည့် အယူအဆ အပိုင်းတွင် အစွန်းရောက် ခေါင်းမာ တတ်သည်။ အလျှော့ မပေးတတ်ချေ။

တစ်ခုခုကို သူ ဆုံးဖြတ် ပြီးပြီ ဆိုလျှင်လည်း လွယ်လွယ်နှင့် မပြင်ဆင်။

၁၉၉၅ ခုနှစ် အကုန်ပိုင်းတွင် ဘိုဘီး၊ အန်တီ ဂျိုက်စ် (နွဲ့ယဉ်ဝင်း)၊ ပိုးပိုး (ပိုးဒါလီ သိန်းတန်) တို့နှင့် အမေရိကား သွားဖို့ အစီအစဉ် တစ်ရပ် ပေါ်ပေါက် လာခဲ့သည်။ သို့သော် တကယ် သွားကြမည် ဆိုတော့ ကိုငှက်က 'မလိုက်ချင်ဘူး' ဟု ငြင်းခဲ့သည်။

အမေရိကား ဆိုလျှင် သူများတွေက သွားဖို့ တကူးတကန့် ကြိုးစားနေကြချိန်။

သူက အကြောင်းပြချက် ခိုင်လုံစွာ မရှိဘဲ မလိုက်ချင်တာ မဖြစ်နိုင်။

ပိုင်း မေးကြည့်ကြတော့ 'မိန်းမ နိုးဖို့ ကိစ္စရှိလို့' ဟု ဆိုသည်။

အားလုံးက မိန်းမကို နောက်မှပဲ နိုးပါလား။ အမေရိကား အရင် သွား။ ဟိုက ပြန်လာမှ နိုးပါလား ဟု ထပ်ပြောကြည့်ကြသော်လည်း မရ။

ပိုးပိုးက 'အရင် နိုးပြီးလည်း သူတို့ အိမ်မှာ လာထားထား။ အမေရိကားက ပြန်လာမှ ပြန်ခေါ်သွားပါလား' ဟု ဆိုသော်လည်း သူက မဖြစ်။

သူ့အတွက် ထိုအချိန်မှာ သူ့အတွက် အရေးကြီးဆုံးက မိန်းမ နိုးဖို့ပဲ၊ အားလုံး စီစဉ် ပြီးနေပြီ။ အမေရိကား မလိုက်တော့ ဟု ဆို၍ သူတို့ လက်လျှော့ ပြန်သွားခဲ့ရသည်။

(၁၆)

၁၉၉၅ ခုနှစ် နိုဝင်ဘာတွင် သူ့ ချစ်သူ သွယ်သွယ်ထွေး (မိသွယ်) နှင့် ကိုငှက် အိမ်ထောင် ပြုခဲ့ပါသည်။

(၁၇)

မိသွယ်နှင့် ကိုငှက်တို့က အသက် ဆယ်နှစ်ကျော် ကွာကြသည်။

မိသွယ်သည် ပုသိမ် ဇာတိ။ သို့သော် ပုသိမ်သူ အဖြစ် ကြီးပြင်း ဘဝနဲ့တာ မဟုတ်။ မိသွယ်၏ မိဘများ ဖြစ်ကြသော ဦးတင်နိုး၊ ဒေါ်ကြည်ကြည်သန်းတို့က အစိုးရ ဝန်ထမ်း မိသားစုဖြစ်၍ ပုသိမ် ပြည်တော်သာ အိမ်ရာမှာ နေထိုင်ခဲ့ကြသည်။ မိသွယ် အစ်ကိုကြီး (ဒေါက်တာ အောင်ဇော်ဦး) နှင့် ကျော်မြင့်လွင်တို့ ငယ်စဉ်တုန်းက ကစားဖော် ကစားဖက်တွေ။

အစ်ကို အောင်ဇော်ဦးသည် ကလေးပေါက်စ မိသွယ်လေးကို သူတို့တစ်တွေ ကစားရာ နေရာသို့ ချီပိုး ခေါ်လာတတ် စမြဲ။ ထိုအခါကျလျှင် ကျော်မြင့်လွင် အပါအဝင် သူငယ်ချင်းတွေ တစ်ယောက် တစ်လှည့် ချီပိုး ထိန်းပေးရင်း ကစားခဲ့ကြသည်။

မိသွယ် တစ်နှစ်ခွဲ အရွယ်မှာ ဖေဖေ ရာထူး တိုးပြီး ရန်ကုန်သို့ ပြောင်းရသည်။ မိသားစုကို ပြန်ခေါ်ချိန်မှာ ပုသိမ်တွင် မုန်တိုင်းကျသည်နှင့် ကြုံခဲ့ရလေသည်။ မုန်တိုင်း အပြီး တစ်နှစ်ခွဲ အရွယ်မှ စ၍ မိသွယ်လည်း ရန်ကုန်သို့ ရောက်ရှိ သွားတော့သည်။

(၁၇)

မိသွယ် လေးတန်းနှစ်တွင် ကိုကြီး (ဒေါက်တာ အောင်ဇော်ဦး) နှင့်အတူ အိမ်သို့ လာလည်သော အခါကျမှ သူ့ကို ကောင်းစွာ စတင် တွေ့ဖူးခြင်း ဖြစ်သည်။ အသား ဖြူဖြူ၊ နှာတံပေါ်ပေါ်၊ မျက်မှန်ထူထူ၊ ဆံပင်တွန့်တွန့်နှင့်။

ထိုစဉ်က နာမည်ကြီး အဆိုတော် မဖြစ်သေး။ အစ္စ လာသွင်းတာဟုသာ သိခဲ့ရသည်။

ထူးအိမ်သင် အဆိုတော် ဖြစ်ပြီးနောက် ခွေ့ နေထိုင်ခဲ့သော သုဝဏ္ဏမှ အိမ်သည် မိသွယ်၏ အစ်မတို့အိမ် ဖြစ်သည်။ အစ်မတို့ ဇနီးမောင်နှံ မနေဖြစ်သေးခင် အားလပ်နေစဉ် ထူးအိမ်သင် ဖော နေထိုင်ခဲ့ခြင်း ဖြစ်သည်။

(၁၈)

ထူးအိမ်သင် တစ်ယောက် ခရီးဝေးကြီး ထွက်ခွာ ပြီးနောက် စိတ်ကူးယဉ် အိပ်မက်တွေ ပြိုကွဲပြီး စိတ်ဒဏ်ရာ များစွာနှင့် ပြန်လည် ရောက်ရှိ လာချိန်။

မိသွယ်တို့ အိမ်မှာပဲ သောင်တင်ခဲ့ပြန်သေးသည်။ ထိုအချိန်က မိသွယ်က အစစအရာရာ နားလည် ခံစားတတ်သော အရွယ်သို့ ရောက်ရှိ လာခဲ့ပြီ၊ သူတို့၏ နှလုံးသားချင်း ဆက်သွယ်မိခဲ့ကြတာ အချိန်တို အတွင်းမှာပဲ ဖြစ်ခဲ့သည်။

လက်ထပ်ဖို့ အထိတော့ အချိန် တစ်ခု ယူခဲ့ကြသည်။ သူတို့ လက်ထပ်ပွဲမှာ အဆောင်အယောင် အခမ်းအနား မပါ၊ ရိုးရှင်းခဲ့သည်။ တရားရုံး၌ လက်မှတ် ရေးထိုးပြီး အကြင် လင်မယား ဘဝသို့ ရောက်ရှိခဲ့ကြတော့သည်။

(၁၉)

၁၉၉၆ ခုနှစ်၊ ဇွန်လ ၄ ရက်နေ့တွင် သမီးလေး မိကွန်ထောကို မွေးဖွား လာခဲ့သည်။

'ကျွန်တော့်မှာ သမီးလေး တစ်ယောက် ရှိပါတယ်၊ သမီးလေးရဲ့ ရှေ့ရေးအတွက် ပူပန်သောက စိတ်ဆိုတာ ကျွန်တော့်မှာ မရှိပါဘူး၊ သူ့ကို ဘယ်လို ဖြစ်စေချင်သလဲ ဆိုတာလည်း ကျွန်တော့်မှ မရှိပါဘူး၊ ကျွန်တော် ဖြစ်စေချင်တိုင်းလည်း သူတို့ ဖြစ်မှာ မဟုတ်ပါဘူး၊ သူတို့ဟာနဲ့ သူတို့၊ သူတို့ ဘဝလေးတွေနဲ့၊ သူတို့ အတ္တလေးတွေနဲ့။ သူတို့က သီးခြား ပုဂ္ဂိုလ်လေးတွေ ဖြစ်ကြပါတယ်။ ကျွန်တော့်ရဲ့ ဆန္ဒ၊ ကျွန်တော့်ရဲ့ အတ္တ ဝန်ထုပ်ကို သားသမီးတွေရဲ့ ခေါင်းပေါ်၊ သူတို့ရဲ့ ပုခုံးပေါ်ကို လွှဲပြောင်း တင်ပေးလိုက်ဖို့ ကျွန်တော့်မှာ စိတ်ကူး လုံးဝ မရှိပါဘူး။ ကျွန်တော့် အိမ်ထောင်ရေးနှင့် ပတ်သက်လို့ ယေဘုယျ ပြောရရင် ကောင်းပါတယ်။ သာမန်ပါပဲ။ သူလို ကိုယ်လိုပါပဲ' ဟု အင်တာဗျူး တစ်ခုတွင် ကိုယ်တိုင် ပြောခဲ့ဖူးသည်။

ထိုသို့ ပြောသာ ပြောသော်လည်း တကယ်တမ်းကျတော့ သမီးအတွက် သူ တအားကို စိတ်ပူတတ်သည်။ ကလေး နေမကောင်း၍ ဆေးတိုက်လျှင် ဆေးလုံးကာ အစ လည်ချောင်း နင်မှာ စိုး၍ အမြဲ အမှုန့် ကြိတ်ချေ ပြီးမှ တိုက်သည်။ မိသွယ်ကသာ တစ်ဖက်တစ်လမ်းမှ ဆေးခဲကို မျိုချတတ်အောင် ကျင့်ပေး၊ သင်ပေးခဲ့ရသည်။

သမီးလေးက ကျောင်းထားသည့် အရွယ်ပင် မရောက်သေးခင်။

သူက သမီး၏ အနာဂတ် ဘဝ လုံခြုံရေးအတွက် စိတ်တွေ ပူပေးနေခဲ့သည်။ သမီး အလိုမတူဘဲ ကျူးကျော် စော်ကားမှုနှင့် ကြုံရလျှင် ခုခံ ကာကွယ်နိုင်ဖို့အတွက် သိုင်းပညာ သင်ထားပေးရန် စိုးပိုင်မြိတ်ကုန်းက ခင်မင်ခဲ့သော စက်မှုတက္ကသိုလ် ကျောင်းဆင်း သိုင်းဆရာ ကိုထွန်းကော်ပင် လိုက်ရှာနေခဲ့ဖူးသေးသည်။

(၂၀)

သမီးလေး မွေးဖွား လာခဲ့သည့်အတွက် ကလေးတွေနှင့် ပတ်သက်သော တေးဂီတများ ဖန်တီးဖို့လည်း သူ စိတ်ကူး ရှိလာခဲ့သည်။

'ကျွန်တော့် သမီးလို ကလေးတွေနဲ့ ပတ်သက်လို့ မြန်မာပြည်က ကလေးတွေ ဆိုဖို့ သီချင်းတွေက တော်တော် ရှားတယ်ဗျ။ ရှားဆို မရှိသလောက်ပါပဲ။ အဲ့ဒါလေး တစ်ခုတော့ စိတ်ကူး ရှိတယ်။ ကလေးတွေ ဆိုလို့ ရမယ့်၊ ကလေးတွေနဲ့ သင့်တော်မယ့် သီချင်းလေးတွေ၊ နောက်ပြီးတော့ ကလေးတွေ ကိုယ်တိုင် ဆိုထားကြတဲ့ သီချင်းလေးတွေ လုပ်ပေးချင်တဲ့ ရည်ရွယ်ချက်ပေါ့။ ကလေးတွေ ဆိုတာ သူတို့နဲ့ သင့်တော်၏ မသင့်တော်၏ မစဉ်းစားနိုင်ကြပါဘူး။ သူတို့ ဆိုဖို့ မသင့်တော်တဲ့သီချင်းတွေ၊ သူတို့ မသိတဲ့၊ လိုက်မမီတဲ့ အတွေးအခေါ်တွေ ပါတဲ့ သီချင်းမျိုးတွေ ဆိုနေရတယ်။ ဒါကို ကျွန်တော် စိတ်ထဲ မကောင်းဘူး' ဟု သူ ပြောခဲ့ဖူးသည်။

(၂၁)

သမီးနှင့် ကလေးတွေ အတွက် သီချင်းများကို သူ စိတ်ကူးထဲမှာ တည်ရှိသော်လည်း ပုံမဖော်ခဲ့ရ။

ဒါပေမယ့် သူ တကယ် ဖန်တီး ဖြစ်ခဲ့တာက 'အမေ (သို့မဟုတ်) အကြွင်းမဲ့ မေတ္တာတော်ရှင်' စီးရီးခွေ။

၁၉၉၇ ခုနှစ်ထဲမှာ စီစဉ် ဖြစ်သည်။

မိခင်ဘွဲ့ သို့မဟုတ် မိခင်မေတ္တာ အကြောင်းကို တေးရေး ဂီတစာဆိုများက ရေးဖွဲ့ထားခဲ့ကြသမျှ ကောင်းနိုးရာရာ သီချင်းတွေကို ရွေးချယ် စုစည်းပြီး သူ ပြန်ဆိုခဲ့သည်။

Iron Cross တေးဂီတ အဖွဲ့က တီးခတ် ပေးခဲ့လေသည်။

'အကြွင်းမဲ့ မေတ္တာတော်ရှင်' နောက်ပိုင်း တကိုယ်တော် စီးရီး အဖြစ် 'ဝင်ရိုးစွန်းမီး' ထွက်လိုက်သေးသည်။

ထိုနောက်ပိုင်းတွင် အတွဲခွေတွေထဲမှာပဲ တစ်ပုဒ်နှစ်ပုဒ်စ ဝင်ဆိုခဲ့သည်။

သီချင်း ရေးတာလည်း အတော် နည်းသွားသည်။

သီချင်း ရေးသား နည်းပါး သွားရခြင်းမှာ အကြည်ဓာတ် ခန်းလာ၍ ဖြစ်သည်ဟု သူ ဆိုခဲ့သည်။ သီချင်း တစ်ပုဒ် ဖန်တီးရာတွင် စိတ်ထဲမှာ အကြည်ဓာတ်ကလေး ရှိနေမှ၊ ထိုအကြည်ဓာတ်ကလေးနှင့် နှိုးထွတ်နေမှ ရေးလို့ ကောင်းသည်ဟု သူ ခံယူသည်။ အကြည်ဓာတ် ခန်းသောအခါ သူ သီချင်း မရေးတော့ချေ။

သီချင်းကို အားယူပြီး ရေးရတာမျိုးကိုလည်း သူ ဝါသနာ မပါ။ သူ့ ဘာသာ အလိုလို စီးကျလာသည်ကို စောင့်ပြီး ခံယူရတာမျိုးကိုပဲ လိုချင်သည်။ အားထုတ် ညှစ်ယူရသည့် သီချင်းမျိုးကို သူ မလိုချင်။ သို့ဖြစ်၍လည်း နောက်ပိုင်းမှာ သီချင်း အရေး ကျဲသွားရသည်ဟု သူ ပြောပြခဲ့သည်။

ရှိုးပွဲတွေလည်း သူ သိပ်မဆိုဖြစ်။ ငြီးငွေ့တာလည်း ပါသည်။ ပြီးတော့ အခန်းတွင်းပွဲလေးတွေ ဖြစ်နေတာကို သူမကြိုက်။ သူက ဆိုချင်း ဆိုလျှင် Open air concert တွေပဲ ဆိုချင်သည်။

(၂၂)

BIG FIVE အဖွဲ့ လုပ်ခဲ့စဉ် ရွှေချော်ချော်၊ မြင့်မိုးအောင်၊ ဇော်ဝင်းထွဋ်၊ မျိုးကျော့မြိုင်၊ ဘိုဘို၊ စည်သူလွင်တို့နှင့်အတူ ထိုင်းနိုင်ငံသို့ သွားခဲ့သည်။

ဤခရီးစဉ်မှာ ဗိတ်ခေါ်သော ပရိသတ် တစ်စုကို ဖျော်ဖြေ ပေးဖို့ မဟုတ်ဘဲ လေ့လာစရာ အသံ သွင်းဖို့ ဖြစ်၍ ထူးခြားသည်။

သူတို့ဆီက ဂီတလောကကို အနီးကပ် ကြည့်ခွင့် ရခဲ့သည်။ Audio entertainment ဈေးကွက်က လွန်စွာ ကြီးမား ကျယ်ပြန့်သည့်အတွက် အယ်လ်ဘမ် တစ်ခု အောင်မြင်ပြီ ဆိုလျှင် သန်းနှင့် ချီ၍ ရောင်းရသည်။ အနုပညာရှင်များ အနေနှင့်လည်း ခံစားခွင့် ပိုရှိသည်။ ဂီတ စီးပွားရေး ထုတ်ကုန် လုပ်ငန်းကြီး တစ်ခုလုံး ဝင်ငွေ ကောင်းသည့်အတွက် သူတို့ သုံးစွဲသော ပစ္စည်း ကိရိယာများမှာအစ လွန်စွာ ကောင်းမွန်နေတာ တွေ့ခဲ့ရသည်။

'ရုပ်ဝတ္ထု ပစ္စည်းတွေနဲ့ နည်းပညာပိုင်းမှာတော့ ကျွန်တော်တို့ထက် သာတယ်။ ဖန်တီးနိုင်မှု စွမ်းရည်ကို ကျွန်တော် ပြောတာ မဟုတ်ဘူးနော်' ဟု သူ ဆိုခဲ့သည်။

(၂၃)

တေးရေး ဂီတစာဆို၊ ကဗျာဆရာ၊ ပန်းချီဆရာ သုခမိန်လှိုင်၏ ဆန်းကြယ်သော စိတ်ကူးတစ်ခုကို သူ ဝင်ပြီး ဖန်တီး ပေးခဲ့ဖူးသည်။

ဤသို့ ရသ စာပေ ဝတ္ထုတစ်ပုဒ်ကို အသံထွက် ခံစားမှုအဖြစ် တိပ်ခွေ ထွက်ခဲ့တာ မြန်မာနိုင်ငံတွင် ပထမဆုံး ဖြစ်မည် ထင်သည်။ နိုင်ငံရပ်ခြားမှာတော့ ရသဝတ္ထုတွေ သာမက အထူးပြု ဘာသာရပ် ဆိုင်ရာ စာပေများ၊ အတ္ထုပ္ပတ္တိများ၊ ဂန္ထဝင် စာကြီးပေကြီးများကိုပင် အသံနှင့် ဖတ်ပြီး တိတ်ခွေ၊ စီဒီများနှင့် ဖြန့်ချီ ရောင်းချသည်။ ဘဲန်ကင်စလေ၊ ဂူပီကိုးလ်ဘတ်၊ မိုက်ကယ်ယော့ခ်၊ ရှုန်စတုန်း အစရှိသည့် နာမည်ကျော်တွေက အသံနှင့် သရုပ်ဆောင်၍ ဖတ်ပြခဲ့ကြသည်။

ဆရာ သုခမိန်လှိုင် စီစဉ်ခဲ့သော တိပ်ခွေမှာ စာရေးဆရာမ ဂျူး၏ ဝတ္ထုတို နှစ်ပုဒ် ဖြစ်သည်။ ပေါမာနေဝင်းက 'ရေမျောသီး' ဝတ္ထုတိုကို ဖတ်ရွ ပေးခဲ့ပြီး ထူးအိမ်သင်က 'မြရဲ့လ' ဝတ္ထုတိုကို ဖတ်ပေးထားခဲ့လေသည်။

(၂၄)

ကိုငှက်က ပကာသနကို မက်မောသူ မဟုတ်ချေ။ အဆိုတော် အဖြစ် စီးရီး အယ်လဘမ်အတွက် ခေါက်ပုံ ရိုက်ရမည် ဆိုလျှင် ဖြစ်နိုင်ပါက သဘာဝအတိုင်း ရိုက်ချင်သည်။

တစ်နေ့တွင် ဦးသန်းလွင် စီစဉ်သည့် စီးရီးအတွက် ခေါက်ပုံ ရိုက်ဖို့ ဝဏ္ဏစွာနီးထံ သူ ဖုန်းဆက်ခဲ့သည်။

'မနက်ဖြန် တခြား ဘယ်သူ့ကိုမှ မရိုက်ရဘူး။ ငါ တစ်နေကုန် ရိုက်မယ်' ဟု ဆိုသည်။

နောက်တစ်နေ့ နံနက် ၁၀ နာရီမှာ စီးဘီးမတ်တွင် နှစ်ယောက် ဆုံပြီး ကျော်နီလမ်းလျှောက် တစ်ပုလင်း၊ ဖန်ခွက် နှစ်ခွက်၊ စီးကရက် တစ်ဗူး ဝယ်ကာ ခေါက်ပုံ စတူဒီယိုသို့ သွားကြသည်။

ခေါက်ပုံ မရိုက်ခင် နှစ်ယောက်သား ရေချိန် ကိုက်လိုက်ကြသည်။ ဝဏ္ဏစွာနီး၏ အဖွဲ့သားတွေက ခေါက်ပုံ ရိုက်ဖို့ စောင့်နေကြသည်။ သူတို့ နှစ်ယောက်က သီချင်းများ အကြောင်း၊ ကိုးရီးယား ရုပ်ရှင်၊ ဘောလုံးပွဲများ၊ ရုပ်ရှင်များ အကြောင်းတွေ စကား ဖေါင်ဖွဲ့နေကြသည်။

သောက်လိုက် ပြောလိုက်နှင့် နေ့လည် ၁၂ နာရီ ထိုးသွားသည်။ အချိန်တွေက တရွေ့ရွေ့။ အဖွဲ့သားတွေက ခေါက်ပုံ ရိုက်ဖို့ စောင့်နေကြဆဲ။ သုံးနာရီ ထိုးသွားခဲ့သည်။

အဲသည်တော့မှ ကိုငှက်ကြီးက သူ ဝတ်ထားသည့် အဝတ်အစားနှင့်ပင် ခေါက်ပုံ အရိုက်ခံသည်။

ဆလိုက် ၁၀ ပုံနှင့် ဖလင် ၃၈ ပုံ အတွက် ၁၅ မိနစ်ခန့်သာ ကြာလိုက်သည်။

'ငါက ခေါက်ပုံ ရိုက်ဖို့ ဝန်လေးတတ်တယ်ကွ။ ဒါမျိုး ရိုက်ချင်တာ မဟုတ်ဘူး။ သဘာဝကျကျ ခေါက်ပုံမျိုးပဲ ရိုက်ချင်တာ။ Live သဘောမျိုးပေါ့ကွာ' ဟု ဆိုသည်။

ဝဏ္ဏစွာနီး ကတော့ဖြင့် ခေါက်ပုံရိုက် ဝါသနာ မပါသော ကိုငှက်ကြီးနှင့် သူ၏စတူဒီယိုထဲတွင် စကားတွေ အများကြီး ပြောရင်း၊ ခေါက်ပုံတွေ ရိုက်ရင်း အတူ ရှိခဲ့ကြသော နေ့တစ်နေ့ကို မမေ့နိုင်စရာ တစ်ခုအဖြစ် မှတ်တမ်း ရေးထိုးခဲ့ရတော့သည်။

(၂၅)

ထူးထူးဆန်းဆန်း။ ဆရာဒေါက်တာ နိုင်းခမ်းလိတ်က သူ့ကို အော်တို ရေးထိုးဖူးသည်။ ထူးအိမ်သင် နန်းသီတာမှာ ဘီယာ သောက်နေစဉ် ဆရာ ဒေါက်တာ နိုင်းခမ်းလိတ် ရောက်လာပြီး အော်တို စာအုပ် ထိုးပေးသည်။ သူက–

'ဆရာ၊ ကျွန်တော့်ကို မနောက်ပါနဲ့' ဟုပင် ဆိုမိသေးသည်။

ဆရာ ဒေါက်တာ နိုင်းခမ်းလိတ်က ပြုံးစိစိနှင့်ပင် သူ့အော်တို မဟုတ်ပါကြောင်း၊ သူ့သမီး၏ အော်တို စာအုပ် ဖြစ်၍ အမှတ်တရ ရေးပေးစေလိုကြောင်း ရှင်းပြသည်။

ထူးအိမ်သင်က သူ ဘာရေးရလျှင် ကောင်းမလဲဆိုတာ စဉ်းစားသည်။ ဆရာ ဒေါက်တာ နိုင်းခမ်းလိတ်လို တောရေး စာဆို ပုဂ္ဂိုလ်ကျော်၏ သမီးကို အမှတ်တရ အဖြစ် သူက ဘာများ ရေးပေးရမလဲ။

ဖျတ်ခနဲ သူ အတွေး ရသွားသည်။

*'ကြွေကျနေတဲ့ ပန်းကလေးများ လိုက်ကောက်ခြင်းမှ ကျေနပ်မှု အပြည့်အဝ ရတဲ့ ချစ်သမီးလေးရေ၊ ဒီလိုအဝ အမြဲ ပျော်ရွှင်ခွင့်ရနေတတ်ရင် ဘယ်လောက် ကောင်းမလဲ'* ဆိုသည့် ဆရာ ဒေါက်တာ ခိုင်ခမ်းလိတ်၏ 'နန်းခမ်းနွဲ့အတွက် သီချင်း တစ်ပုဒ်' ကို အစအဆုံး တစ်လုံးမကျန် ရေးပြီး လက်မှတ် ထိုးပေးလိုက်သည်။

ဤသီချင်း တစ်ပုဒ်လုံးကို သူ အစအဆုံး အလွတ် ရနေခြင်းသည် ဆရာ ဒေါက်တာ ခိုင်ခမ်းလိတ်အပေါ် သူ ဘယ်လောက် တန်ဖိုးထားလေးစားကြောင်း ဖော်ပြပြီးသား ဖြစ်ရုံသာမက ဖခင်တိုင်း၏ သမီးများ အပေါ် ထားရှိကြသော စိတ်သဘောထားကိုလည်း ထင်ရှား သွားစေသည်။



မယ်လလဘုန်းမှာ တပျော်တပါး



မြို့မ စိန်ရတု 'ကရဝိက်သံမြူးဇစ်'


ထူးအိမ်သင်
အကြွင်းမဲ့မေတ္တာတော်သီချင်း
အမေ
YE YINT PTE, LTD
YYCD .9711


NASA
NASA
RECORDING
137-34th STREET,
YANGON
Ph: 01-287455



မိသွယ်နှင့် ကိုဝေး



သမီးလေး မိကျွန်ထောနှင့် ဖေဖေ



ဩစတေးလျနိုင်ငံ ဆစ်ဒနီ ဖျော်ဖြေပွဲ



ယမ်းထားဘုန်းတွင် ဖျော်ဖြေစဉ်

# အခန်း (၁၉)
# မိုးရာဂီတနှင့် ခေတ်ပုံစံ
# ငြိမ်းချမ်းရေးနှင့် စိမ်းလန်းရေး

(၁)

ထူးအိမ်သင်က သူ့ အပေါ် လွှမ်းမိုးခဲ့သည့် နိုင်ငံတကာ ဂီတ အနုပညာရှင်များနှင့် ပတ်သက်ပြီး 'ကမ္ဘာ ဂီတသမားတွေထဲက ကျွန်တော် ခွဲခွဲလန်းလန်း ကြိုက်ခဲ့ဖူးတဲ့ အဖွဲ့တွေ အတော်များများ ရှိပါတယ်။ ဥပမာ Carpenters တို့လို၊ ဘီးကျိုးစ်တို့လို၊ Eagles, Deep Purple အများကြီး ရှိခဲ့တယ်။ အဲဒီ အထဲမှာမှ ကျွန်တော့်ကို သိသိသာသာ လွှမ်းမိုး လာခဲ့တဲ့ အဖွဲ့က ဖရက်ဒီ မာကျူရီ၊ လူဝီအမ်စထရောင်းနဲ့ ဘီးကျိုးစ်၊ အဲဒီ သုံးဖွဲ့ကတော့ ကျွန်တော့် အပေါ် အလွှမ်းမိုးနိုင်ခဲ့ဆုံးပေါ့' ဟု ပြောခဲ့ဖူးသည်။

မြန်မာနိုင်ငံမှ တေးရေးစာဆိုများနှင့် ပတ်သက်ပြီး 'ကျွန်တော် ကြိုက်တဲ့သူတွေ တေးရေးသူ Own Composition ရေးတဲ့ သူတွေ ထဲမှာ အတော်များများ ရှိတယ်။ ဆရာ စိုင်းခမ်းလိတ်၊ ကိုနေဝင်း အတော်များများကို ရှိခဲ့ပါတယ်။ ကျွန်တော် အားကျခဲ့တဲ့အထိ ဖြစ်ခဲ့တာ ဆိုရင်တော့ တေးရေး ပညာရှင် ဆရာ မြို့မငြိမ်းပေါ့' ဟု ဆိုသည်။

ဆရာ မြို့မငြိမ်းကို သူ အားကျသည်အထိ သူ့ အပေါ် လွှမ်းမိုးခဲ့သလို ဆရာ မြို့မငြိမ်း၏ ဂီတနှင့် ရောစက်ဆုံခွင့် သူ ရရှိခဲ့သည်

(၂)

မန္တလေး မြို့မ စိန်ရတုပွဲကြီး ကျင်းပရာ နန်းရှေ့ရပ်၊ ၆၆ လမ်း ပေါ်ရှိ အမျိုးသား ကဇာတ်ရုံ ထဲတွင် ရုံပြည့်ရုံလျှံ အားပေးနေကြသည့် ပရိသတ်အတွက် အထူး ဧည့်သည်တော်အဖြစ် လာရောက် ဖျော်ဖြေမည့် အနုပညာရှင် တစ်ယောက်ကို မျှော်လင့် စောင့်စားလျက် ရှိနေကြသည်။

အချိန်တန်သဖြင့် စင်ပေါ် ရောက်လာသောအခါ မျက်မှန်ထူကြီး အောက်က ထူးအိမ်သင်၏ မျက်လုံးများက ကြည်လင် တောက်ပပြီး တဖိတ်ဖိတ် လက်နေပါတော့သည်။

သီချင်း၏ အရှေ့ပိုင်းမှာ မယ်လိုဒီက ချက်ချင်း မဝင်။

'ကျုပ်တို့ . . ကရဝိတ်သည် မြူးစစ် . . တီးရပါတော့မယ် ခင်ဗျာ . . တေးနှာ၊ စိတ်ကောင်းနဲ့ ဖြစ်ခြင်းကြောင့် ခွင့်ပေးကြစေလိုပါတယ်. . .'

တိုးတိတ်သော်လည်း ကြည်လင် ပြတ်သားသည့် စကားသံက ဂါထာ တစ်ပုဒ် ရွတ်ဖတ်သလို၊ ကဗျာ တစ်ပုဒ်ကို ဆိုညည်းလိုက်သလို သူ့နှုတ်မှ ပေါ်ထွက်လာခဲ့သည်။ ပရိသတ်က သူ၏ စကားသံထဲမှာ နစ်မျောနေစဉ်တုန်းမှာပင် ဂျက်ဇ်ဂီတ တီးကွက်က ဖြိုင်ဖြိုင်ကြီး ထွက်ပေါ် လာတော့သည်။

*'ကျုပ်တို့ ကရင်တိုင်းသည် မြူးနေစ် တီး ရပါတော့မယ် ခင်ဗျာ . . . စေတနာ စိတ်ကောင်း နဲ့ မြစ်ခြင်းရောင် . . . ချင်ပေးကြစေလို့ . . . သောတနာ ရှိစေ၊ တံဈောစေး ရှင် . . . ဆုံဆုံဆုံ . . . ဆုံ ဖ ရဲ . . . ဆုံ ဖ ရဲ ဆုံ . . . မာပါစေ သာပါစေ . . . သောတရှင်တွေ . . စိန်တွေဝင်း ရွှေတွေဝင်း ရာကျော် သက်တောင်း ရှည်'*

(၃)

မန္တလေး မြို့မ စိန်ရတုပွဲကြီးတွင် ဆရာ မြို့မငြိမ်း၏ 'ကရင်ဘိ · ည် မြူးဇစ်' အမည် ရှိသော သီချင်းကို ထူးအိမ်သင် ဆိုပေးခဲ့သည်။

ဆရာ မြို့မငြိမ်းသည် မြို့မ အဖွဲ့မှ အနားယူပြီးသည့် နောက်ပိုင်း 'ကရင်တိုင်သည် မြူးဇစ်' ဆိုသော တီးဝိုင်းလေး တစ်ဝိုင်း ထူထောင်ခဲ့ရာ အဆိုပါ တီးဝိုင်း အမည်နှင့် ရေးဖွဲ့ ထားခဲ့သည့် ရှားရှားပါးပါး သီချင်း ဖြစ်သည်။ မြို့မ ငြိမ်းခံ တေးစီးရီး သွင်းခဲ့ကြသည့် ၁၉၉၀ ပြည့်နှစ်များ၏ အစောပိုင်း ကာလတွင် ထူးအိမ်သင်ကို အဆိုပါ သီချင်း ဆိုပေးဖို့ ကမ်းလှမ်း၍ ထူးအိမ်သင်က သဘောတူ လက်ခံ သီဆို အသံသွင်း ပေးခဲ့သည်။

'သီချင်းထဲမှာ ရိုးရာ တေးသွားတွေကို သင်္ကေတ သဘောမျိုး ရွတ်တဲ့၊ အသုံးပြုတဲ့ တျာတို့ တောတို့ တျာတို့။ အဲဒါတွေလည်း ပါတာဆိုတော့ ကျွန်တော်ဆိုတာ ဥာဏ်ကမှီထီး မကျမှာစိုးလို့ ဆရာကြီးတွေ အရင် ဆိုပြပြီးမှ ကျွန်တော် ဆိုရတာပါ။ မြို့မ စိန်ရတုကျတော့လည်း ကျွန်တော့်ကို အဲဒီ သီချင်း ဆိုပေးပါလို့ ဆရာ ဦးရွှန်းမြင့်တို့က တိုက်တွန်းကြလို့ ဆိုဖြစ်တာပါ' ဟု သူ ပြောပြခဲ့သည်။

ဆရာ မြို့မငြိမ်းကို လွန်စွာ လေးစားသော ထူးအိမ်သင်က ဆရာ လက်ရာ ရှားရှားပါးပါးကိုမှ သီဆိုခွင့် ရလိုက်သည် ဖြစ်ရာ ထူးခြားသော ဆုံစည်းမှုဟု ဆိုရပေလိမ့်မည်။

'ဒီသီချင်းက ဆရာငြိမ်းရဲ့ ဟန်အတိုင်းပေါ့။ Jazz ဆိုပေမယ့် အရမ်းကြီးကို ဘိုဆန်တဲ့ Jazz ပုံစံမျိုးတော့ မဟုတ်ပါဘူး။ ရိုးရာပုံစံ မပျက်တဲ့ ရိုးရာနဲ့ Jazz နဲ့ ရောထားတဲ့ ပုံစံမျိုးပါ' ဟု ထူးအိမ်သင်က ပြောပြသည်။

(၄)

ထူးအိမ်သင်သည် ရှေးခေတ် ရှေးအခါ ရွှေငွေ ကျောက်မျက် ရတနာတွေ ဖိတ်ဖိတ် လက်သည့် နန်းတွင်းထဲက ဘုန်းတော်တွဲ့ ဂန္တဝင် သီချင်းကြီး၊ သီချင်းခံများထက် လူတွေ ကြားထဲက ရိုးရာ အစဉ်အလာ ကျေးလက် သီချင်းများကို ပိုမို စိတ်ဝင်စားခဲ့သူ ဖြစ်သည်။

ဆရာ ဖြိုးမင်းကဲ့သို့ပင် မြန်မာ့ရိုးရာ ဂီတနှင့် ခေတ်ပုံစံ ပေါင်းစပ် ထားသည့် တေးသီချင်းမျိုးတွေ ရေးဖွဲ့ဖို့ ရည်ရွယ် ထားပြီး ကြိုတ်ကြိုး ကြိုးစည်နေခဲ့သည်။

သို့သော်-

'ကျွန်တော် တစ်ယောက်တည်း လုပ်လို့ ဖြစ်နိုင်မှာ မဟုတ်ပါဘူးဗျ။ ကျွန်တော် သိတယ်။ ကျွန်တော် အကူအညီတွေ အများကြီး လိုတယ်' ဟု သူ ပြောခဲ့သည်။

(၅)

ထူးအိမ်သင်က စိတ်လိုလက်ရ ရှိလျှင် မြန်မာ့ရိုးရာ ဝါးပုလွေကို မှုတ်နေတတ်သည်။ သူ နောက်ဆုံး သွင်းမည့် အယ်လဘမ်ထဲက သီချင်းများတွင် လှူသုံးနည်းသည့် တိုင်းရင်းသားတို့၏ သဘာဝ တူရိယာများကို အဓိက သူ သုံးချင်ခဲ့ပုံ ရသည်။ နိုင်ငံရပ်ခြား ဖြစ်စေ၊ ဒေသတစ်ခုခု ဖြစ်စေ သွားဖြစ်ပြီး ပြန်လာလျှင် ပုလွေ အမျိုးမျိုး၊ ဟာမိုနီကာ၊ ဗုံကလေးများ၊ ယူကာလီလီလို ဂစ်တာ သေးသေးလေးများ ဝယ်လာပြီး တီးလိုက်၊ မှုတ်လိုက်၊ လေ့ကျင့်လိုက် လုပ်နေတတ်သည်။

တကယ်တော့ ထူးအိမ်သင်သည် နည်းပညာ တိုးတက်မှုအရ ပြောင်းလဲ ထွန်းကားလာသည့် Computer Programming Music အပေါ် လေ့လာ လိုက်စားကြခြင်းကို နှစ်သက် အားပေးသူ ဖြစ်သည်။ သူ၏ 'ဖြူဖြူ လရောင် တမ်းချင်း' အယ်လဘမ်သည် မြန်မာနိုင်ငံ၏ ပထမဆုံးသော Computer Programming Music ဖန်တီးမှု လက်ရာ တစ်ရပ်ဟုပင် ဆိုရမည် ဖြစ်သည်။ Computer Programming Music ကို ထိုသို့ နှမင် မြတ်နိုးစွာ စမ်းသပ် ဖန်တီးခဲ့သူ ဖြစ်သော်လည်း နောက်ပိုင်းတွင် Computer Programming Music အပေါ်တွင်သာ အားလုံးလိုလို အားကိုးအားထား ပြုလာကြတာ တွေ့ရသောအခါ သူ့အတွက် စဉ်းစားစရာ ဖြစ်လာခဲ့သည်။

တူရိယာ အသံ အားလုံးကို ကွန်ပျူတာထဲတွင် ဖန်တီး လာကြသောအခါ တူရိယာ အစစ်များ၊ တူရိယာ အစစ် တီးခတ်သူနှင့် တီးခတ်မှုများ တဖြည်းဖြည်း ပျောက်ကွယ်သွားနိုင်ကြောင်း သူ တွေးမိပြီး ပူပန်သောက ဖြစ်လာသည်။ သို့ဖြင့် သူ နောက်ထပ် စီစဉ်မည့် အယ်လဘမ်ထဲက သီချင်းများတွင် လှူသုံး နည်းသည့် တူရိယာ အချို့ကို ထည့်သွင်း ဖန်တီးဖို့ သူ ဆုံးဖြတ်ခဲ့သည်။

ဂီတလောက၏ လက်ရှိ ပတ်ဝန်းကျင်၊ လက်ရှိ ပရိသတ် အကြိုက် လိုက်ကာ အလုပ်ဖြစ်နေ၊ ငွေရနေသော အလွယ်လမ်း လိုက်ဖို့ သူ စိတ်မကူး။ လက်ရှိ ခေတ်စားနေသည့် အရာများကို အလိုက်သင့် လက်ခံပြီး အောင်မြင်မှုရဖို့ထက် အစဉ်အလာ ရှိခဲ့သော အရာများ တိမ်ကော ပျောက်ကွယ်သွားမည့် အရေးကို သူ တွေးပူခဲ့သည်။ အများစုက လျစ်လျူရှုလိုက်သဖြင့် ဆုံးရှုံး သွားနိုင်သော ဂီတ၏ အစဉ်အလာ၊ တိမ်ကော ပျောက်ကွယ် သွားနိုင်သည့် ရှားပါး တူရိယာများအတွက် သူ တစ်ခုခု ဖြည့်ဆည်း ပေးဖို့ စဉ်းစားခဲ့သည်။ ထိုသို့ ကြိုးစားရတာက သူ့အတွက် ပိုပြီး ပင်ပန်းသည်။ သို့သော် ဂီတအပေါ် စစ်မှန်စွာ မြတ်နိုးသူပီပီ ပင်ပန်းသည်ဟု သူ မထင်။

ထူးအိမ်သင်က အဆိုတော် တစ်ယောက် အနေနှင့် ပိုက်ဆံ ရလွယ်သော စတိတ်ရှိုး တက်ဆိုဖို့ ဆိုလျှင် အမြဲလိုလို ငြင်းဆန်နေတတ်သည်။ သို့သော် စင်နောက် စင်အောက်မှ မထင်မရှားနှင့် စုံကာလေး ဝင် တီးပေးလိုက်၊ ပုလွေကလေး ဝင် မှုတ်ပေးလိုက်နှင့် အပြည့်ဖဲ ဆောင်ရွက် ပေးချင်သူ ဖြစ်သည်။

(၄)

ကိုယ်ပိုင် သံစဉ် သီချင်းနှင့် ကော်ပီတေးများ အပေါ် အယူအဆ အမျိုးမျိုး ကွဲလွဲတတ်ကြရာ ထူးအိမ်သင်၏ အမြင်က ရှင်းသည်။

'ကိုယ်ပိုင် သံစဉ်တဲ့။ ဟုတ်ပါပြီ။ အဲဒီ ဝေါဟာရ အတိုင်းပဲ ထားလိုက်ပါတော့။ အဲဒီ ကိုယ်ပိုင် သံစဉ် သီချင်းရော၊ ကော်ပီ သီချင်းရော အမျိုးအစား နှစ်ခုစလုံးဟာ ရှိသင့် ရှိအပ်လို့ ဒါမှမဟုတ် ကောင်းဆိုနေကြလို့၊ လိုအပ်နေလို့ ရှိနေရတယ်လို့ ယူဆပါတယ်။ သို့သော် နောက်ဆုံးမှာတော့ ကိုယ်ပိုင် သံစဉ်လို့ ခေါ်ကြတဲ့ Own Composition တွေဟာ အားကောင်း လာပြီး ပင်မ ရေစီးကြောင်း ဖြစ်လာပါလိမ့်မယ်။ ကျွန်တော်တို့အနေနဲ့ ကော်ပီ သီချင်းတွေကို ဘာကြောင့်ပဲဖြစ်ဖြစ် မှတ်ချစရာ အထင် သေးစရာ မရှိဘူး' ဟု ဆိုသည်။

ဆက်လက်ပြီး အကျိုးအကြောင်း ညီညွတ်စွာ ခြေခြေမြစ်မြစ် သူ ရှင်းပြခဲ့သည်။

'အခြေခံ အကြောင်းကတော့ ကျွန်တော်တို့အတွက် ဂီတပညာ သင်ယူစရာ ကျောင်းတွေ မရှိခြင်းပါဘဲ။ ပင်ကိုရေး သီချင်းများ ဖွဲ့သီနိုင်ဖို့အတွက် တေးသွား ဖွဲ့စည်းမှု၊ အဲဒီ တေးသွားတွေ အပေါ်မှာ စိတ်ခံစားချက်တွေ တည်ဆောက်မှု၊ ဂီတ ဖန်တီး စီစဉ်ဖန်တီးမှု၊ တီးမှုတ် သီဆိုမှု အတတ်ပညာ၊ ခေတ်မီတဲ့ နည်းစနစ်တွေ လိုတယ်။ အဲဒါတွေကို ဘယ်မှာ သွားသင်ယူရမလဲ။ ကျွန်တော်တို့မှာ ကျောင်း မရှိဘူး' ဟု ဆိုသည်

'ကောင်းပြီ။ နိုင်ငံခြား တေးသွားတွေ၊ သီချင်းတွေကို ကျွန်တော်တို့ လိုက်ပြီး တီးကြတယ်။ ဆိုကြတယ်။ဒီလိုနဲ့ ကော်ပီ သီချင်းများ သီဆို တီးခတ်ခြင်းဟာ ကျွန်တော်တို့အတွက် ဂီတပညာ သင်ယူ လေ့လာမှု ဒါမှမဟုတ် ဂီတကျောင်း တက်ရောက် သင်ကြားမှု ဖြစ်လာတယ်။ ခင်ဗျားတို့ နားထောင် နေရတဲ့ ကော်ပီ သီချင်းတွေဟာ ကျွန်တော်တို့ရဲ့ ဂီတပညာ စမ်းသပ်မှု၊ စာမေးပွဲ အဖြေလွှာတွေပါပဲ။ ဒါတွေသာ မရှိခဲ့ရင် ကျွန်တော်တို့ ကျွန်းမာကြွနိုင်တဲ့ ကိုယ်ပိုင်သံစဉ် သီချင်းတွေကို ဘယ်နည်းနဲ့မှ ဖန်တီး လာနိုင်ခဲ့စရာ မမြင်ပါဘူး။ ကော်ပီ သီချင်းများ တီးခတ် သီဆိုကြရင်းနဲ့ ကျွန်တော်တို့ အတွေ့အကြုံတွေ ရလိုက်တယ်။ နည်းစနစ်တွေ ရလိုက်တယ်။ ဂီတ အသိပညာနဲ့ သီဆိုမှုတွေ ရလိုက်တယ်။ အဲဒါတွေ အားလုံးကို အသုံးပြုပြီး ကိုယ်ပိုင် သံစဉ် သီချင်းတွေကို ပိုမို အားကောင်း လာအောင် ကျွန်တော်တို့ ဖန်တီးနိုင်ခဲ့တယ်' ဟု သူ ရှင်းပြခဲ့သည်။

(၅)

သီချင်းတစ်ပုဒ် ဖန်တီးခြင်းအပေါ် ပျော်မြူးရေးသက်သက်လား၊ နားဆင်သူတွေအတွက် အကျိုးပြုသည့် အကြောင်းအချက် တစ်စုံတစ်ခု ပါသင့်သလား ဆိုသည့် အယူအဆ အပေါ် ထူးအိမ်သင်က သူ၏ အမြင်ကို ပွင့်လင်းစွာ ပြောဆိုခဲ့သည်။

'သီချင်းတစ်ပုဒ်ကို သီးခြား အပို တာဝန် ယူရမယ်လို့ ပြဌာန်းစရာ အကြောင်း မရှိပါဘူး။ သီချင်း တစ်ပုဒ်ရဲ့ မူလတာဝန်ဟာ လူတွေရဲ့ ခံစားမှု အာရုံကို တစ်စုံတစ်ခုသော အကြောင်းခြင်းအရာ အပေါ်မှာ ညွှတ်နူးစေဖို့သာ ဖြစ်တယ်။ အဲဒီမှာ သီချင်းကို ဖန်တီးသူရဲ့ စေတနာနဲ့ ပေးလိုတဲ့ အကြောင်းအရာ အပေါ် မူတည်ပြီး တာဝန် တစ်ခုခုကို ယူပြီးသား ဖြစ်နေပါလိမ့်မယ်။ အရေးကြီးဆုံးကတော့ အနုပညာဖန်တီးမှု တစ်ခုဟာ အနုပညာ မြောက်နေဖို့ပါပဲ။ အဲဒါမှပဲ ဒီသီချင်းကို နားထောင်ရင်း ခင်ဗျားတို့ ကျွန်တော်တို့ ရင်ခုန်နိုင်ပါလိမ့်မယ်' ဟု ဆိုသည်။

သို့ဖြင့် အနုပညာကိုသာ အရာရာထက် သူက တန်ဖိုးထားကြောင်း ထင်ရှားစေခဲ့သည်။ အနုပညာ ဖန်တီးရှင်၏ စေတနာ အရေးကြီးပုံကိုလည်း သူ အလေးထားခဲ့သည်။

ဖန်တီးသူ အနုပညာရှင်နှင့် သူ၏ ဖန်တီးမှု လက်ရာတို့ ဆက်စပ်နေပုံနှင့် ပတ်သက်၍ 'အခြေခံအားဖြင့် ဖန်တီးသူဟာ ရိုးသားမှု ရှိဖို့ လိုအပ်တယ်။ သီချင်းကို ဖန်တီးစဉ်မှာ သူကိုယ်တိုင် ရင်ခုန်နေမှ ဒီသီချင်းကို ခံစားတဲ့ အခြားသူတွေလည်း ရင်ခုန်မှာပေါ့။ ဒီလိုမှ မဟုတ်ဘဲ ကိုယ်တိုင် ရင်မခုန်ဘဲနဲ့ တာဝန် တစ်ခုခု ယူဖို့ ဖွတ်အတောင်းကြီး ကြိုးစားရင် သီချင်းတော့ ဖြစ်လာမှာ မဟုတ်ဘူး။ အသံ အနိမ့်အမြင့်ထားပြီး ရွတ်ဆိုရတဲ့ ဝါဒဖြန့် ကြော်ငြာစာတန်းတွေ၊ ပြည်သူ့နီတိနဲ့ ဆေးကြော်ငြာတွေပဲ ထွက်လာပါလိမ့်မယ်။ အဲဒါတွေကို သီချင်းလို့ ဘယ်တုန်းကမှ ကျွန်တော် မယူဆခဲ့ဘူး' ဟု ဆိုပါသည်။

(၆)

ထူးအိမ်သင်က သဘာဝ ပတ်ဝန်းကျင်ကို တန်ဖိုးထား မြတ်နိုး လေးစားသည်။

သဘာဝ ပတ်ဝန်းကျင်သည် အနုပညာရှင်တို့၏ စိတ်နှလုံးကို တစ်နည်းနည်းနှင့် ဖမ်းယူစမြဲ ဖြစ်သည်။ ငှက်တစ်ကောင်၊ သစ်ပင်တစ်ပင်၊ ပန်းတစ်ပွင့် အပေါ် အာရုံ ဝင်စားခဲ့ခြင်း မရှိဖူးသော စာရေး ဂီတစာဆို၊ ပန်းချီဆရာ၊ စာရေးဆရာဟူ၍ တစ်ဦးတစ်ယောက်မျှပင် မရှိနိုင်။

သာမန် လူသားတို့သည်ပင် ညိုမှိုင်းသော ခဲသားရောင် မိုးသား တိမ်တိုက်ကြီးများအကြား လျှပ်စီးများ ပြက်လက် သွားသည်ကို မြင်တွေ့သည်နှင့် မှင်တက်မိရစမြဲ။ အနုပညာရှင် မဟုတ်သူများပင် နက်မှိုင်းသည့် သစ်တောအတွင်း ဖျောက်အုပ်ကြီး၏ ကြောက်ခွဲဖွယ် ဟစ်ကြွေး သော်မြည်သံကို ကြားရသည်နှင့် နှလုံးသွေး ရပ်မတတ် အံ့အားသင့် သွားရစမြဲ။ အပြောကျယ် လှသည့် ပင်လယ် သမုဒ္ဒရာကြီးကို လှမ်းကြည့်မိသောအခါ ဟိုးရှေးရှေး ပဝေသဏီ ပင်လယ်ထဲမှ စတင်နိုးရသည့် အသက်ဇီဝ စီဝဓာတ်ကို မသိစိတ်ဖြင့် အောက်မေ့တမ်းတ လွမ်းဆွတ် ခံစားရစမြဲ။

ထူးအိမ်သင်ကတော့ *'ကမ္ဘာမြေ စိမ်းလန်းပါစေ၊ နှလုံးသားတွေ ဆုတောင်းနေ။ ကမ္ဘာမြေ ငြိမ်းချမ်းပါစေ၊ အားလုံးက တောင်းဆိုနေ'* ဟု ရေးဖွဲ့လိုက်သည်။

*'ကမ္ဘာမြေ ငြိမ်းချမ်းပါစေ . . ပန်းပွင့်တွေ ဆုတောင်းနေ*
*ကမ္ဘာမြေ စိမ်းလန်းပါစေ . . ကျေးငှက်တို့ တေးဆိုနေ*
*ကမ္ဘာမြေ စိမ်းလန်းပါစေ . . နှလုံးသားတွေ ဆုတောင်းနေ*
*ကမ္ဘာမြေ ငြိမ်းချမ်းပါစေ . . အားလုံးက တောင်းဆိုနေ . . .'*

တေးရေး ထူးအိမ်သင်၏ လက်ရာ 'ငြိမ်းချမ်းပါစေ' သီချင်းကို ထူးအိမ်သင်၊ အောင်ရင်၊ ဘိုဘို၊ ညီပုလေး၊ ဖိုးဖန်တို့ ဝိုင်းဖွဲ့ သီဆိုခဲ့ကြသည်။

*'ကမ္ဘာမြေ ငြိမ်းချမ်းပါစေ ပန်းပွင့်တွေ ဆုတောင်းနေ . . .*
*ကမ္ဘာမြေ စိမ်းလန်းပါစေ ကျေးငှက်တို့ တေးဆိုနေ . . .'*

ကမ္ဘာမြေစိမ်းလန်းရေး ဆုတောင်းက တကယ်ပဲ ပြည့်ဝဖို့ လိုအပ်နေသည်။ အဘယ်ကြောင့်ဆိုသော် ကမ္ဘာမြေ၏ အဓိက ဂေဟစနစ် (Ecosystems) များ ဖြစ်ကြသော ကမ်းစပ်နှင့် ပင်လယ်၊ သစ်တော၊ ရေချို မြက်ခင်းဒေသနှင့် စိုက်ပျိုးခင်းများ ငါးမျိုးစလုံးမှာ အကြီးအကျယ် ယိုယွင်းနေကြောင်း တွေ့ရှိရသည်။

ထူးအိမ်သင်ကတော့ 'ဟေး လာ . . . မိတ်ဆွေတို့ရေ။ လောကကြီး ပျော်ပါစေ၊ တို့ချစ်တဲ့ ကမ္ဘာကြီး အသက်ရှည်ပါစေ . . .' ဟု ရေးဖွဲ့ သီဆိုခဲ့သည်။

ရှင်သန် တည်တံ့ဖို့ ဆိုလျှင် သဘာဝကို လက်ရှိ သဘောသဘာဝများနှင့် ဆက်ဆံ၍ မရ။ နှစ်နှစ်ကာကာ ချစ်မြတ်နိုးဖို့ လိုအပ်သည်။ မျက်မှောက်ခေတ် လူသားတို့၏ ဘိုးဘေးများ ဖြစ်ကြသော ရှေးလူတို့သည် နေ့စဉ် သက်ရှင်မှုအတွက် သဘာဝ အပေါ် မှီခိုနေရခြင်းကို ကောင်းစွာ သိမြင်ခဲ့ကြသည်။ နေ၊ မြေ၊ လေ၊ ရေ၊ သစ်ပင် အစရှိသည်တို့၏ ကျေးဇူးတော်ကို နားလည်သည်။ သို့ဖြစ်၍လည်း သစ်ပင်၊ တိရစ္ဆာန် တို့ကို အလေးအမြတ် ထားသည်။ ရိုရိုသေသေ ဆက်ဆံခဲ့ကြသည်။

ယနေ့ခေတ်မှာ အဆိုပါ ရိုသေ လေးစားမှုမျိုး ပြန်၍ လိုအပ် လာခဲ့ပြီ။

မျက်မှောက်ခေတ် လူသားတို့နှင့် သဘာဝ ပတ်ဝန်းကျင် အကြား စိတ်လှုပ်ရှားစွာ မပေါင်းစည်းနိုင်သရွေ့ သဘာဝ ပတ်ဝန်းကျင်နှင့် သက်ရှိ မျိုးစိတ်ကို ထိန်းသိမ်း စောင့်ရှောက်နိုင်မည် မဟုတ်ချေ။ သဘာဝကို မြတ်နိုး ကိုးကွယ်မှ လူမျိုးဆက်တို့ အနာဂတ် ရှိလိမ့်မည် ဆိုတာ ထူးအိမ်သင် နားလည်ခဲ့သည်။

*'ကမ္ဘာမြေ စိမ်းလန်းပါစေ . . . နှလုံးသားတွေ ဆုတောင်းနေ'*

(၇)

ထူးအိမ်သင်က ရုပ်ရှင် အနုပညာကိုလည်း စိတ်ဝင်စားသည်။

ရုပ်ရှင် အခွေများ ကြည့်ပြီးလျှင် မြင့်မိုးအောင်နှင့် ဆွေးနွေးတတ်သည်။ သူက ဗညားဒလ၏ ရာဇဓိရာဇ် အရေးတော်ပုံကျမ်းထဲမှ ဇာတ်လမ်းတွေ ကောက်နုတ်ပြီး ရုပ်ရှင် ဇာတ်ကားကြီး တခမ်းတနား ရိုက်ကူးချင်သူ ဖြစ်သည်။

'အကြင်နာ အိပ်မက်' ဗီစီဒီ ရိုက်ကူးသောအခါ ဒါရိုက်တာက ပုသိမ်မှ သူ့ သူငယ်ချင်း လှမင်းခေါင် ဖြစ်သည်။ ထူးအိမ်သင်၏ သီချင်း လေးပုဒ် ပါသည်။ အမေ့အိမ်၊ အကြင်နာ အိပ်မက်၊ သက်ပြင်း နှင့် စိမ်းရက်လေအား လေးပုဒ်စလုံးကို သူ့စိတ်ကြိုက် ဇာတ်ညွှန်းရေး၊ ကတ်ခွဲပြီး သေသေချာချာ တိုင်ပင် ရိုက်ကူးခဲ့သည်။

သူ ရှောင်းလိုက် ပြီးသား သူများတွေ ရိုက်ကူး ထားကြသော ဗီစီဒီဆိုလျှင် များသောအားဖြင့် ပြန်မကြည့်တတ်။ သူတို့ ရိုက်ချင်သလို ရိုက်ထားကြ၍ ပျက်စီးသွားနိုင်တာ သူသိသည်။ ကြည့်မိလျှင် စိတ်ပျက်ကောင်း စိတ်ပျက်နေရမည် ဖြစ်သည်။

(စ)

စာရေးဆရာ နီကိုရဲနဲ့ ထူးအိမ်သင်တို့ စကားလက်ဆုံကျခဲ့စဉ် ကဗျာနှင့် ရုပ်ရှင် အကြောင်းတွေ ပြောဖြစ်ခဲ့ကြသည်။

ဆရာ နီကိုရဲက 'ကိုအောင်ဇေးက ကဗျာကို သီချင်း လုပ်မယ်၊ ကဗျာကို ရုပ်ရှင် ရိုက်မယ်လို့ ပြောဖူး တယ်၊ ကိုငှက် ဘယ်လို ထင်သလဲ' ဟု မေးကြည့်သည်။

ထူးအိမ်သင်က 'ကဗျာကို သီချင်း လုပ်ဖို့က နီးစပ်တယ်ဗျ၊ ဖြစ်လည်း ဖြစ်နိုင်တယ်၊ လုပ်လည်း လုပ်နိုင်ကြတာပဲ။ မောင်စိန်ဝင်း (ပုတီးကုန်း) ရဲ့ ကဗျာကို ကိုတိုးကြီးဆိုတာ ကောင်းတာပဲ၊ ကဗျာ ကိုယ်နှိုက်ကလည်း သီချင်း ဖြစ်လောက်တဲ့ အသံ၊ စကားလုံး၊ ရည်ရွယ်ချက်၊ စတာတွေ ရှိနေရမှာပေါ့။ သူလိုကိုယ်လို ရေးထားတဲ့ ကဗျာကိုတော့ သီချင်း လုပ်လို့ ထူးခြားမှာ မဟုတ်ဘူး။ အခု ကိုဒီရဲ့ ကဗျာ ဇာမဏီငှက်ကို သီချင်း လုပ်တာ ဖြစ်တာပဲ။ ဒါပေမယ့် ကဗျာကို ရုပ်ရှင် ရိုက်မယ်ဆိုတာကြီးကတော့ ခပ်ရှုပ်ရှုပ် အတွေးပါဗျာ။ ဘယ်လိုမှ မဖြစ်နိုင်ဘူး' ဟု ဆိုသည်။

ဆရာ နီကိုရဲက 'ကဗျာရှည် ဆိုရင်တော့ ဖြစ်နိုင်မယ် ထင်ပါတယ်' ဟု ဆိုသည်။

ထူးအိမ်သင်ကတော့ 'ကြိုးစား မကြည့်ရဘူးတော့ ကျွန်တော် မပြောပါဘူး။ ဒါပေမယ့် ကဗျာက လွတ်လပ်တယ်ဗျ။ တစ်သီးပုဂ္ဂလ ဆန်တယ်၊ ကဗျာထဲမှာ ပါတဲ့ ညနေဟာ ခင်ဗျား ဖတ်ရင် ခင်ဗျားရဲ့ ညနေပဲ၊ ကျွန်တော် ဖတ်ရင် ကျွန်တော့်ရဲ့ ညနေပဲ၊ တူမှာ မဟုတ်ဘူး၊ ရုပ်ရှင် ရိုက်လိုက်ရင် သူတို့ ပြတဲ့ ညနေ ဖြစ်သွားမယ်၊ ခင်ဗျားတို့ ကျွန်တော်တို့ရဲ့ ညနေ မဟုတ်တော့ဘူး၊ တိုးတက် လာတဲ့ နည်းပညာက ဆန်းသစ်မှု နောက်ကို လိုက်နိုင်တယ်၊ ကဗျာရဲ့ နုညံ့မှုကိုတော့ သူ ယူပေးနိုင်မှာ မဟုတ်ဘူး' ဟု ဆိုခဲ့ဖူးသည်။

(၉)

ထူးအိမ်သင်က သီချင်းတစ်ပုဒ်နှင့် နီးနွယ် ပတ်သက်သော အနာဂတ် သို့မဟုတ် အချိန်ကာလ အသစ်ကို နိမိတ်ဖတ်ခြင်းနှင့် သမိုင်းဆိုင်ရာ ကိစ္စကို ယခုလို ပြောခဲ့သည်။

'မရောက်သေး မရှိသေးတဲ့ အချိန်နဲ့ အခြေအနေ တစ်ခုခုဆီကို ရည်ညွှန်းတဲ့၊ နိမိတ် ဖတ်တဲ့ သီချင်းတွေ ရှိခဲ့ဖူးတယ်ဆိုတာ ငြင်းလို့မှ မရတာ။ ဒါပေမယ့် ဒီသီချင်းမျိုးက အမြဲတစေ များများစားစား ထွက်ပေါ် လာတာမျိုးတော့ မဟုတ်ဘူး။ တစ်စုံတစ်ခုသော အခြေအနေရဲ့ ပြင်းထန်တဲ့ ဖနောင် တိုက်တွန်းမှုနဲ့ တောင်းဆိုမှု ရှိမှသာ ဖြစ်နိုင်တာမျိုးပါ' ဟု ဆိုသည်။

'ဒါပေမယ့်ဒီသီချင်းမျိုးက အများအားဖြင့် သမိုင်းဆိုင်ရာ တန်ဖိုးသာ ကြီးမားလေ့ ရှိပြီး အနုပညာနဲ့ ရသအလှ တန်ဖိုးကတော့ သိပ်မပြောပလောက်ဘူးလို့ ယူဆပါတယ်။ သူက အချိန်ကာလ အပိုင်းအခြား တစ်ခုနဲ့ သီးခြား ဖွင့်ဆိုချက် ရှိတဲ့ အခြေအနေ တစ်ခုကို တိုက်ရိုက် ရည်ညွှန်းတဲ့အတွက် ရသ ခံစားမှုမှာ တစ်သမတ် တန်ဖိုး မရှိနိုင်လို့ပါပဲ' ဟုလည်း သူ၏ အယူအဆကို ရှင်းပြခဲ့သည်။

(၁၀)

ထူးအိမ်သင်က လူငယ်နှင့် လူကြီးတို့ အကြား အသက်အရွယ်ကြောင့် ဂီတနှင့် ပတ်သက်ပြီး ခံစားချက် အကြိုက်ချင်း မတူနိုင်တာကို ရှင်းလင်း ဖွင့်ဆိုပြခဲ့ဖူးသည်။

'ဂီတကို အများဆုံး ခံစားနိုင်တာ လူငယ်တွေပဲ ဆိုတော့ လူငယ်ကြိုက် သီချင်းတွေကို ကန့်ကွက် နေစရာ အကြောင်းများ ရှိသေးရဲ့လားဗျာ။ ကျွန်တော်တို့ကို နားလည် ခံစားနိုင်သူတွေ အတွက်ပဲ ကျွန်တော်တို့ ပေးစရာ ရှိတယ်။ နားမလည်နိုင် မခံစားနိုင်သူတွေအတွက် ကျွန်တော်တို့မှာ ဘာမှ ပေးစရာ မရှိဘူး။ လူငယ်ကြိုက် သီချင်းဆိုတာကိုရော ဘယ်လို အဓိပ္ပါယ် ဖွင့်ဆိုရမှာလဲ' ဟု သူက မေးခွန်း ထုတ်လိုက်သည်။

တစ်ဆက်တည်းပင် သူက သူ့ အမြင်ကို ယခုလို ရှင်းပြသည်။

'လူငယ်ကြိုက် သီချင်းတွေ ဆိုတာနဲ့ ပေါ့ပျက်ပျက် ပေါ်ရမ်းရမ်း သီချင်းတွေလို့ သတ်မှတ်လို့ မဖြစ်နိုင်ပါဘူး။ ကျွန်တော်တို့ သီချင်းတွေကို ပြန်လှည့်ကြည့်ပါဦး။ဒီနေ့ လူငယ်တွေကို အထင်သေးလို့ မရဘူးဆိုတာလည်း ခင်ဗျားတို့ ကျွန်တော်တို့ အသိပါပဲ။ အခု လူကြီးတွေ ကြိုက်တဲ့ အနှစ် နှစ်ဆယ်တောတို့ ခေတ်ဟောင်းတေးတို့ . .။ အဲဒါတွေရော အရင်တုန်းက လူငယ်ကြိုက် သီချင်းတွေပဲ မဟုတ်ဘူးလား။ သူ့ရေစီးကြောင်းဟာ သူပိုင်တဲ့ ပစ္စည်းတွေကို သယ်ဆောင် သွားပါလိမ့်မယ်' ဟု ဆိုသည်။

သို့ဖြင့် အဟောင်း/အသစ် ဆိုသည်မှာ အချိန်၏ အဆုံးအဖြတ်သာ ဖြစ်ပြီး ယနေ့၏ အဟောင်းသည် တစ်ချိန်က အသစ် ဖြစ်ခဲ့သည်။ ယနေ့၏ အသစ်သည်လည်း တစ်နေ့တွင် ဟောင်းရဦးမည်။ အချိန်၏ စမ်းသပ်မှုကို ခံနိုင်သော အနုပညာသည်သာ ရေရှည် တည်တံ့နိုင်ပြီ တွင်ကျန်ရစ်လိမ့်မည်ဟု သူ ခံယူကြောင်း ထင်ရှားသည်။

သို့ဖြစ်၍လည်း သူ ဖန်တီးခဲ့သည့် သီချင်းတွေထဲက Masterpiece ဖြစ်သည့် သီချင်းတစ်ပုဒ် ဆိုလျှင် မည်သည့် သီချင်းကို ပြမည်လဲ ဟု မေးကြည့်သောအခါ သူ့ အဖြေက ရှင်းသည်။

'အင်း . . . အဲဒီကိစ္စက ကျွန်တော် ပြောလို့ ပြလို့ ရတဲ့ ကိစ္စ မဟုတ်ဘူးဗျ။ Masterpiece ဆိုတာ အချိန်က သူ့ဘာသာ ပြသွားပါလိမ့်မယ်' တဲ့။

(၁၁)

လှုငယ်များကို တန်ဖိုးထားသောကြောင့် မောင်မောင်ဇော်လတ်၊ အယ်ဖြူ အစရှိသော မျိုးဆက်သစ် လှုငယ် တေးရေးများနှင့် ထူးအိမ်သင်၏ ဆက်ဆံရေးမှာ အလွန် နွေးထွေးသည်။

မောင်မောင်ဇော်လတ် မှုလေး ဆေးတက္ကသိုလ် တက်ခါစ ၁၉၉၂၊ ၁၉၉၃ ခုနှစ် ဒုတိယနှစ် အမ်ဘီ အတန်းလောက်တွင် မယ်လိုဒီ စာကြံ့ အကြမ်းလေး တစ်ခုကို ထူးအိမ်သင်ကို ပေးထားခဲ့သည်။

အလွန် ပြေပြစ်လှပ ခမ်းနားသော အဓိုးတန် မယ်လိုဒီ ဖြစ်မှန်း ထူးအိမ်သင် သိသည်။

အဆိုပါ မယ်လိုဒီထဲသို့ မည်သည့် Theme နှင့် မည်သည့် စာသားမျိုး ရေးထည့် ရမည်ကို စဉ်းစားရင်းနှင့်ပင် နှစ်တွေ နှစ်တွေ ကြာလာခဲ့သည်။

အကြောင်းအရာ အမျိုးမျိုးကို စိတ်ကူးပြီး ရေးကြည့်ခဲ့သော်လည်း စိတ်တိုင်းမကျ။

(၁၂)

၂၀၀၁ ခုနှစ်ဝန်းကျင်။

သူ အမေရိက ဖျော်ဖြေပွဲမှ အပြန်။ ဩစတြေးလျ ဖျော်ဖြေပွဲ မသွားဖြစ်သေးခင်။

ရန်ကုန်မြို့ ဆယ်မိုင်ကုန်း အောင်စေတီ ကျောင်း၌ သင်္ကန်း စည်းသည့် အချိန်။ သူ့ စိတ်က တရား ဓမ္မ၌ မွေ့လျော်နေသည့် အခိုက်အတန့်။

အာရုံ ဝင်စားမှု တစ်ရပ် ပေါ်ပေါက် လာခဲ့သည်။

ဘုန်းတော် အနန္တရှင် ဗုဒ္ဓမြတ်စွာဘုရားကို ပူဇော်သော သီချင်းကို မောင်မောင်ဇော်လတ်၏ မယ်လိုဒီမှာ ထည့်ရေးမည် ဆိုသည့် ခံစားချက် ဖြစ်လာသောအခါ သူ့စိတ်တွေ ဘဝင် ကျသွားတော့သည်။

ဤတစ်ကြိမ်တွင် သူ ပဉ္စင်း တက်တာက ဒုတိယ အကြိမ် ဖြစ်သည်။

ပထမ အကြိမ်က ၁၉၉၅ ခုနှစ် သင်္ကြန်ကာလ။ မော်လမြိုင်မြို့ ဖေယျာမေဒိနီ ကျောင်းတိုက်မှာ ဖြစ်ခဲ့သည်။

(၁၃)

ဆယ်မိုင်ကုန်း၊ အောင်စေတီ ကျောင်းမှာ 'မဟာဝီရ အို . . . ဗုဒ္ဓ' သီချင်းကို အပြီးသတ် ရေးဖွဲ့ခဲ့သည်။

မောင်မောင်ဇော်လတ်၏ မယ်လိုဒီတွင် ဗုဒ္ဓမြတ်စွာဘုရားကို ပူဇော်သည့် သီချင်းအဖြစ် ရေဖွဲ့သော အခါ ဗုဒ္ဓ ပွင့်တော်မူရာ မဇ္ဈိမဒေသ၏ အငွေ့အသက်၊ ရသ ပတ်ဝန်းကျင် ရရှိအောင် မဇ္ဈိမသားတို့၏ ဂီတတူရိယာများ ဖြစ်ကြသည့် တာပလာစုံ၊ ပလွေ၊ မြူနှင့် လင်ကွင်း သေးသေးလေးတွေ၊ ရွှင်ရွှင် ဆိုသည့် အသံလေးတွေက အစ အသေးစိတ် စဉ်းစားပြီး အစစ်အတိုင်း သုံးစွဲခဲ့ကြသည်။

အရိန်းချိမင့်ကို မောင်မောင်ဇော်လတ်၊ ထူးအိမ်သင်နှင့် Iron Cross ဝိုင်းတော်သားများ စုပေါင်း လုပ်ကိုင်ခဲ့ကြသည်။

ကိုငှက်နှင့် မောင်မောင်ဇော်လတ်တို့၏ အချိန် နာရီ များစွာ၊ ညပေါင်း နေ့ပေါင်း များစွာ ထည့်ဝင် ထားရသည့် သီချင်းဟုလည်း ဆိုရပေမည်။

'အဲ့ဒီ သီချင်းနှင့် ပတ်သက် ပြီးတော့ ညပေါင်း များစွာ ကျွန်တော် အိပ်ရေးပျက်ခဲ့တယ်။ အကြိမ်ပေါင်း များစွာ စိတ်ဓာတ် ကျရတယ်။ အကြိမ်ပေါင်း များစွာ ကျွန်တော် အမျိုးမျိုး တွေးတောရတယ်။ ကြိုးစည် ရတယ်။ အမျိုးမျိုး ပြန်ပြင် ရေးရတယ်။ အားထုတ်မှုကတော့ အဲ့ဒီ သီချင်းမှာ အများဆုံးပါပဲ' ဟု ထူးအိမ်သင်နှင့် ကိုဘ 'အစိမ်းရောင် ရက်စွဲများ' ဒင်တာဗျူးတွင် ပြောပြခဲ့သည်။

(၁၄)

တစ်ကိုယ်တော် စီးရီးခွေ မထွက်ခဲ့တာ ခြောက်နှစ်တာ ကာလမျှ ကြာမြင့်ခဲ့ပြီးနောက် ထွက်ရှိလာသော အစိမ်းရောင် ရက်စွဲများ အယ်လ်ဘမ် ထဲမှာ 'မဟာဝီရ အို…ဗုဒ္ဓ' သီချင်းသည် အထူးခြားဆုံး ဟုပင် ဆိုရမည်။

ထူးအိမ်သင် ရေးဖွဲ့ ထားပုံကလည်း လွန်စွာ စနစ်ကျသည်။

သီချင်းဂီတ အစ ပျိုးချိန်မှာ မဇ္ဈိမဒေသ အသံထွက်မျိုးဖြင့် ရွတ်ဖတ်ကာ ကြည်ညို ပူဇော်သည်။ သီချင်း စာသားများ၏ အလယ်ပိုင်းတွင် ပါဠိ ရွတ်ဖတ်မှု ပါသည်။ အဆုံးပိုင်း ကျတော့ မြန်မာ ဘာသာပြန် တရား စာသားကို လူတိုင်း နားလည်သည့် စကားနှင့် ရွတ်ဆို မှုများ ထားပြန်သည်။

တရား ဓမ္မ၏ သူ့ အဆင့်နှင့် သူ့ လူတွေ ကြားထဲ တဖြည်းဖြည်း ရောက်ရှိ ပျံ့နှံ့ သွားခဲ့ရပုံကို ဖော်ကျူး ထားခြင်း ဖြစ်လေသည်။

'မဟာဝီရ . . . အိုဗုဒ္ဓ' သီချင်းသည် တစ်မူ ထူးခြားသည့် ဓမ္မဂီတဖြစ်သည်။ မြတ်ဗုဒ္ဓ ဂုဏ်ရည်နှင့် လူသားတို့၏ ပုထုဇဉ် သဘာဝတို့ ပေါ်လွင်စေသည်။

*"အမှောင်မြေပြင် အလျောင်တိမ် နေ့ရက်များ*
*ကယ်တင်ရှင် မရှိသော အခိုက်ကာလ*
*ဉာဏ်ပညာ အစွမ်းနဲ့ လမ်းမှန်ပြ ရှု. . . .*
*အမှန်ကို မမြင်နိုင်ခြင်း အဝိဇ္ဇာ တရား*
*အရာရာကို ဖွယ်ပြီသည် တကျော*

*သံသရာ စက်ဝန်း အား ချိုးဖျက်သွား . . . ဗုဒ္ဓ"*

အဆိုပါ စာသားများက ဗုဒ္ဓ မြတ်စွာ ပွင့်တော် မမူသေးခင် လောက ဖြစ်တည်နေမှုပုံနှင့် မြတ်ဗုဒ္ဓ၏ ဂုဏ်ရည်များကို ထင်ရှားစွာ သိမြင်စေသည်။

*"ကျင်လည်ရာ လေးဖြာခြားသာ*
*ရှင်ဆန်ကလာ အကြိမ်ကြိမ် ပြန်ကျက်စား*
*အမနှံပန် ဘေဝခြင်း ရှင်ခြင်းသည် ဆင်းရဲလေစွ . . .*
*ဆိုအမ . . ဒေသနာတော် သစ္စာလေးပါး*
*မမြင်နိုင်သူ အကျွန်ုပ်သည် ရူးနေ့*
*ရွှေဟာ တော်ရှင် သမ္မာညာ အား ပူဇော် ကြွက်သွား*
*ဟို . . . မဟာဝီရ ဗုဒ္ဓ . . ."*

နားလည်မှု အခံ ရှိထားသူတိုင်း ပဋိစ္စသမုပ္ပါဒ်နှင့် သစ္စာလေးပါး သဘောများကို ပီပြင်စွာ ဖော်ပြနေကြောင်း ခံစားရရှိနိုင်ပါသည်။

(၁၅)

ရှင်တော် မြတ်ဘုရားကို ထူးအိမ်သင်၏ ကြည်ညိုမှု အတိုင်းအတာ ကြီးမားလှပုံနှင့် သူ၏ ရိုးသားသော စိတ်နေစိတ်ထားကို သူ၏ စကားများမှ တစ်ဆင့် သိရသည်။

'ဒီသီချင်းကို ပြန်နားထောင်တော့ ကျွန်တော့်စိတ်ထဲမှာ ဒီသီချင်းကို အဲဒီအချိန်တုန်းကထက် ပို ကောင်းအောင် လုပ်ခဲ့သင့်တယ်။ လုပ်နိုင်ခဲ့သင့်တယ်လို့ တွေးမိတယ်' ဟု ဆိုသည်။

'တုနှိုင်းမရတဲ့ မြတ်ဗုဒ္ဓကို ပူဇော်တဲ့ နေရာမှာ ဒီထက် ပိုပြီးတော့ အမွန်အမြတ်နဲ့ ပူဇော်ချင်တဲ့ စိတ်မျိုး ရှိနေတော့ ကျွန်တော့် ဖန်တီးမှုကို ကျွန်တော့် ဘာသာ အားမလို အားမရ ဖြစ်ရတာယ်" ဟု အရိုးသားဆုံး ဝန်ခံ စကားဆိုခဲ့ပါသည်။

(၁၆)

'မဟာဝီရ . . . အိုဗုဒ္ဓ' သီချင်း နောက်ပိုင်းတွင် ခေတ်ပေါ် ဂီတပုံစံနှင့် လျော်ညီအောင် လုပ်ထားသော ဗုဒ္ဓနှင့် ပတ်သက်သည့် သီချင်းများရည်သော ဖန်တီး၍ သီးသန့် စုစည်း ထုတ်လုပ်ဖို့လည်း သူ စဉ်းစားခဲ့သည်။

'ဟိုတုန်းက ဆရာ စိုင်းခမ်းလိတ် တစ်ခွေ လုပ်ဖူးပါတယ်။ နန်းခမ်းနွံ့လိတ် ဆိုတဲ့ တစ်ခွေလုံး ဗုဒ္ဓနှင့် ပတ်သက်တဲ့ သီချင်းတွေပါပဲ။ ဒါပေမယ့် ကျွန်တော် လုပ်ချင်တာကဗုဒ္ဓဝင်ပေါ်မှာဗုဒ္ဓရဲ့ ဖြစ်စဉ်တော် အကြောင်းကို တစ်ခွေစာလောက် ကျွန်တော် လုပ်ချင်တယ်' ဟု သူ ပြောခဲ့ဖူးသည်။

(၁၇)

'အစိမ်းရောင် ရက်စွဲများ' အယ်လဘမ်တွင် နောက်ထပ် ထူးခြားသော သီချင်း တစ်ပုဒ်က 'နာရီတွေ ရပ်တဲ့ည' ဖြစ်သည်။ ထူးအိမ်သင်က ရှည်ပဲ ပေါက်ကွဲဟန်နှင့် သီဆိုထားပြီး တစ်နေရာမှာ Rapping ရွတ်ဖတ်မှု ပါဝင်ခဲ့သည်။

'နာရီတွေ ရပ်တဲ့ည' ကို ရေးတာက ဖိုးဇော်လေး။ သူ ရေးပေးကတည်းက ဆိုလိုမြူးစစ် အပြီးမှာ အဲဒီလို Rapping လေး ထည့်ဖို့ နဂိုကရင်း ရာထားပေးခဲ့တာ။ အဲဒီနားမှာ စိတ်တိုင်းမကျ သေးတာနဲ့ ရက်တွေ ကြာနေခဲ့တယ်။ တစ်ရက်ကျတော့ ကောအောတီတို့ အိမ်မှာ စကားပြောရင်း အိုင်ဒီယာ ရပြီးတော့ မောင်မောင်ဇော်လတ်နဲ့ အယ်ဖြူတို့ နှစ်ယောက်၊ မောင်မောင်ဇော်လတ် အိမ်ကို ပြေးပြီး ရေးကြတာ။ သူတို့နှစ်ယောက် ရေးတဲ့ Rapping ကို သူတို့ နှစ်ယောက်ပဲ သီချင်းထဲမှာ ရွတ်ဖတ်ပေးတယ်ပေါ့' ဟု ထူးအိမ်သင်က ပြောပြသည်။

သည်သီချင်းကို ကြည့်ခြင်းအားဖြင့် ထူးအိမ်သင်သည် ဂီတရေစီးကြောင်းကို မျက်ခြည်မပြတ်၊ ဂီတဟန် အသစ်များကို သူ၏ ကိုယ်ပိုင် ဂီတဟန်နှင့် ပေါင်းစပ် လက်ခံ သီဆိုနိုင်ကြောင်း ထင်ရှားသည်။

Rap ဂီတ အပေါ် ထူးအိမ်သင်၏ သဘောထားက 'သူတို့လုံးနဲ့ သူတို့ပေါ့။ ဒီအချိန်မှာ သူတို့ လှိုင်းအတက်နဲ့ ကြုံတော့ သူတို့လည်းဒီလှိုင်းကို စီးကြတာပေါ့။ အားနည်းချက် အားသာချက်ကတော့ ဂီတ တစ်ခုချင်းစီမှာ ရှိကြတာပဲ။ Melody နဲ့ လုပ်လို့ မရတဲ့ ကိစ္စတွေကို Rapping နဲ့ လုပ်လို့ ရနိုင်တယ်။ Rapping မှာ လုပ်လို့ မရတဲ့ ကိစ္စတွေကိုလည်း Melody မှာ လုပ်လို့ ရတာဆိုတော့ သူ့နေရာနဲ့ သူ အသုံးချနိုင်ဖို့ပဲ အရေးကြီးတာပါ' ဟု ဆိုခဲ့ပါသည်။



စတူဒီယိုထဲတွင် တိုင်တိုင်ပင်ပင် ထဲထဲဝင်ဝင်



ဟာမိုနီကာကို မြတ်နိုးသူ








စင်ပေါ်မှာ


ထူးအိမ်သင်၊ အောင်ရင်၊ ဘိုဘို၊
ညီပုလေး၊ ဖိုးဖန်
Photo: Peter
ငြိမ်းချမ်းပါစေ
IRON CROSS
LYNN



ထူးအိမ်သင်
ထူးအိမ်သင်
တစ်နေ့တာအလွဲများ
2003.



စာချစ်သူ ထူးအိမ်သင်



ဂီတ တူရိယာနှင့် ပေါ့ပါးစွာ ပျံသန်းသော ငှက်





## အခန်း (၂၀)
## မရှိသော ရှိခြင်း နှင့် ရှိသော မရှိခြင်း

(၁)

ထွေးအိမ်သင်မှာ အနုပညာနှင့် ပတ်သက်ပြီး စိတ်ကူး အကြံအစည် များစွာ ရှိထားခဲ့သော်လည်း အားလုံးကို အကောင်အထည် မဖော်နိုင်။ မိသားစု အရေး၊ လူမှုရေး၊ လူ့အဖွဲ့အစည်း၏ အရေးအရာတွေလည်း သူ့ စိတ်ကူးထားတာ များစွာ ကျယ်ပြန့်သည်။

သူက စိတ်ဓာတ်မာ၊ ခေါင်းမာသော်လည်း ကိုယ်ခန္ဓာက ကျန်းမာလှသည် မဟုတ်။

သူ့ ကျန်းမာရေးကို သူ့ဘာသာလည်း အားမရ။

သူက လက်ရွေးစာလည်း ကြည့်၍ တတ်သည်။ ဘယ်တုန်းက ဘယ်လို လေ့လာ ထားသည် မသိ။ ဗေဒင် လက္ခဏာတွေ နားလည်သည်။ တားရော် ဗေဒင်ကိုလည်း ဆရာ တစ်ဆူ နီးပါး ကျွမ်းကျင်သည်။ တားရော့ ဖဲထုပ် တစ်ထုပ်နှင့် တားရော့ ဆရာတွေဆီ သွားပြီး လက်ရည်စမ်းရင်း ပညာချင်း ဖလှယ်တတ်သည်။

သူ့ ဘာသာ သူ တွက်ချက် ကြည့်ပြီး 'မီသွယ် ငါလည်း သက်ဆိုး ရှည်မှာ မဟုတ်ဘူး ထင်တယ်။ နေရရင် လေးဆယ် ကျော်ရုံလောက်ကလေးပဲ ဖြစ်မလား မသိဘူး' ဟု ပြောခဲ့ဖူးသည်။

တစ်ခါတလေ အလုပ်တွေ ပင်ပန်းလာသော အခါများတွင် 'ငါလည်း ငါ့ ကလေးတွေကို နိုင်းစား လာခဲ့တာ များပြီ။ နှလုံးကလည်း သိပ်မကောင်းဘူး ထင်တယ်' ဟု ဆိုတတ်သည်။

မီသွယ်က–

'ကိုလေး၊ ဆရာဝန်ဆီ သွားပါလား။ ကိုကြီး (ဒေါက်တာ အောင်ဇော်ဦး) နဲ့ ပြချင် ပြကြည့်လေ' ဆိုသော အခါ ကျပြန်တော့ 'နောက်မှပဲ ပြပါတော့မယ်ကွာ' ဆိုပြီး ကွေ့ပတ် ရှောင်ထွက် သွားပြန်သည်။

(၂)

၂၀၀၄ ခုနှစ် ဩဂုတ် လဆန်းပိုင်းတွင် အိမ်မှာ ကိုငှက်၊ မီသွယ်၊ မိကွန်တောနှင့် ညီလေး မင်းဆုမွန်ပဲ ရှိကြသည်။ ကျန်တစ်မိသားစုလုံး မော်လမြိုင်သို့ ရောက်နေကြသည်။

အမေနှင့် ညီမလေး မိမိုးတို့ အရင် သွားနှင့်ကြရာမှ မော်လမြိုင်တွင် အမေ နေမကောင်းကြောင်း လှမ်း အသိပေး၍ အမေ လိုက်သွားခဲ့ခြင်း ဖြစ်သည်။

အမေ့ ကျန်းမာရေးက သက်သာသော်လည်း သေသေချာချာ ပြန်ကောင်း မလာသေးသည့် အတွက် တော်တော်နှင့် ပြန်မလာနိုင်။

ထိုအတောအတွင်းမှာ ကိုငှက်က သူ နိုင်းထားသော ကာလီစာတွေကို စွတ်အတင်း အနားပေးဖို့ သူ့ဘာသာ ကြိုးစားသည်။ သူ့စိတ်ကတော့ နိုင်မာသည်။ သို့သော် စိတ်က ရုပ်ကို အမြဲ မနိုင်းနိုင်။ သို့ဖြစ်၍ သူ့ ကျန်းမာရေးက ရုတ်တရက် ယိုင်လာခဲ့သည်။

(၃)

ဈေးအိမ် အဝင်မှာ သူ အပြင်းအထန် ချောင်းဆိုးနေတာကို ညီငယ် ကိုဆု ကြားရသည်။

'ကိုလေး၊ နေလို့ မကောင်းဘူး ထင်တယ်။ အမေ့ကို ခေါ်ရမလား' ဆိုတော့–

'ကိစ္စ မရှိဘူး မခေါ်နဲ့' ဟု ဆိုသည်။

မိသွယ်က 'ကိုလေး၊ ဆေးခန်း သွားရင် ကောင်းမယ်' ဆိုတော့လည်း 'ဖြစ်နေကျပဲ ရပါတယ်' ဟု ဆိုပြန်သည်။

သို့သော် သူ့ အခြေအနေက တဖြည်းဖြည်းပင် တော်တော် ဆိုးလာသည်။ သို့ဖြစ်၍ မိသွယ်၊ ကိုဆုတို့က မြင့်မိုးအောင်၊ ရွှေချော်ချော်တို့ကို ဆက်ပြီး အသိပေးရသည်။

ဩဂုတ် ၁၂ ရက်နေ့ ညပိုင်းမှာ မိသွယ်က ဆေးရေး ခေါက်တာ မောင်မောင်ဇော်လတ်ကို သွားခေါ် လာခဲ့သည်။ အိမ်ရောက်၍ စမ်းသပ် ကြည့်သောအခါ သူ တော်တော်လေး မောနေကြောင်း တွေ့ရသည်။ မောင်မောင်ဇော်လတ်က ကိုငှက်ကို ဆေးရုံ တက်ဖို့ တိုက်တွန်းသည်။ သို့သော် သူက ဆေးရုံ မတက်ချင်။ ဘယ်လိုမှ ပြောမရသည့် အတွက် မောင်မောင်ဇော်လတ်က အသိ အစ်မထံ ဖုန်းဆက်သည်။ အစ်မ အကြံပြုသည့် ဆေးများ တိုက်ထား၊ သွင်းထားပေးသည်။

သို့သော် နောက်တစ်နေ့အထိ သူ၏ အခြေအနေက မထူးခြား။ ပို၍ပင် ဆိုးလာဟန် ရှိသည်။ သို့ဖြင့် ဆရာဝန်များနှင့် တိုင်ပင်ပြီး သုခကျွှာမှာ စွတ်အတင်းပဲ မရမက ဆေးရုံ တင်လိုက်ကြသည်။

ထိုနေ့က ဩဂုတ်လ ၁၃ ရက် ညနေ။

တကယ်တော့ ထူးအိမ်သင်သည် ၁၃ ဂဏန်းကို မနှစ်သက်။ သို့သော် သူ့ အနေနှင့် ဘာကိုမျှ များများစားစား ရွေးချယ်ခွင့် မရှိတော့ပြီ။ သူ၏ ကျန်းမာရေးက အရေးကြီးနေပြီ။ အသည်းအသန်ဟုပင် ဆိုရမည်။

(၄)

ညပိုင်းကျတော့ သူ့ အခြေအနေ အတော်ကြီးကို ယိုယွင်း ဆိုးဝါး သွားခဲ့ပြီ။ မျှော်လင့်ချက် နည်းသွားပြီ ဆိုတာ သိလာရပြီ။ သို့ဖြင့် မော်လမြိုင်ကို လှမ်းအကြောင်းကြားပြီး အမေ လိုက်လာခဲ့ဖို့ ပြောရသည်။

ညီလေး ကိုရေက တစ်ညလုံး  အနီးနားမှာ ရှိသည်။ သူက အသက်ရှူ ကျပ်ပြီး မောနေသည့် အတွက် ကျောမှီပြီး ထိုင်လျက် အနေအထားပဲ နေရသည်။ ပက်လက် မအိပ်နိုင်ချေ။ မောနေသည့် ကြားက တစ်ချိန်လုံး အမေ့ အကြောင်းကိုပဲ သူ မေးသည်။

'အမေက ဆေးလိပ် များပြီး အဆုတ် မကောင်းတာကွ။ ငါလည်း အမေ့လိုများ ဖြစ်နေပြီလား မသိဘူး' ဟု ဆိုရာကနေ–

'အေးကွာ၊ ငါလည်း အမေ့လိုပဲ နေပြန် ကောင်းသွားမယ် ထင်တယ်။ အမေက ရုပ်မြင်သံကြားမှာ ဘောလုံးပွဲတွေ ဘာတွေတောင် ပြန်ကြည့်နေပြီဆို . . .' ဟု ဆိုသည်။

တစ်ညလုံး အမေ့အကြောင်းတွေပဲ တတွတ်တွတ် ပြောဖြစ်သည်။ သို့သော် သူ၏ စကားသံက ကောင်းကောင်း မထွက်နိုင်။ သူ၏ ကျန်းမာရေးက ပြန်လည် နာလန် မထူနိုင်။

၂၀၀၄ ခုနှစ်၊ ဩဂုတ်လ ၁၄ ရက်နေ့ နံနက်ပိုင်း ၁၁း၄၀ အချိန်တွင် ထူးအိမ်သင် ကွယ်လွန် ဆုံးပါး သွားခဲ့သည်။

ထိုစဉ်က သူ၏ အသက်မှာ ၄၁ နှစ်မျှသာ ရှိသေးသည်။

(၅)

တေးရေး ဂီတစာဆို ဒေါက်တာ ခင်းဇမ်းလိုင်တ်၏ 'နောက်ဆုံး သီချင်း' ကို သူ အလွန် ဆိုချင်ခဲ့သည်။

အမည်အရ နိမိတ် မကောင်းသော သီချင်းဖြစ်၍ မိသွယ်က မဆိုစေချင်။ ဂီတ အပေါင်းအသင်း ဖြစ်သူ ကိုထီး (နိုင်းထီးဆိုင်) ကလည်း တားသည်။ သူ့တုန်းက 'နောက်ဆုံး သီချင်း' သီဆိုပြီးနောက် အချိန် များမကြာမီ ကံဆိုးမိုးမှောင် ကျခဲ့ဖူးသည်။ ဖြစ်နိုင်လျှင် ကိုငှက်ကို 'နောက်ဆုံး သီချင်း' ကို မဆိုပါနှင့်ဟု လှမ်းပြီး တားမြစ်ခဲ့သေးသည်။

သို့သော် သူက ဆုံးဖြတ်ပြီး၍ မဖြစ်မနေ ဆိုသွားခဲ့သည်။

(၆)

သူ မဆုံးခင်ကတည်းက သေစကား ပြောတတ်သည်။

'မိုးတွင်းမှာ သေရရင် ဒုက္ခပဲ၊ မြေကြီးထဲမှာ တီကောင်တွေ၊ ငါးရှဥ့်တွေနဲ့ စိတ်ပျက်စရာ။ ငါ့ကို မီးထဲလည်း မထည့်နဲ့နော် မိသွယ်။ တော်တော် ပူလိမ့်မယ်' ဟု ရယ်စရာလိုလို၊ အတည်လိုလို ဆိုလေ့ ရှိသည်။

တစ်ခါ 'အလကားပါကွာ။ သေပြီဆိုရင် ဘာမှ သိမှာမှ မဟုတ်တော့တာ' ဟုလည်း ဆိုပြန်သည်။

'မိသွယ်၊ ငါ သေရင် အုတ်ဂူကို သေသေချာချာ လုပ်နော်၊ ကြေးပြားမှာ 'ဝေးသွားတဲ့ အခါ' ကို နုတ်စ်နဲ့ ရေးပြီး ကပ်ပေးထား' ဟု ဆိုသလို တစ်ခါကျတော့ အသုဘ တစ်ခု ပို့ပြီး ပြန်လာစဉ် လူတွေ တရုန်းရုန်းနှင့် တွေ့ခဲ့ရသည်ကို စိတ်ပျက်၍လား မသိ။

'ငါ သေရင် ဘယ်သူ့ကိုမှ အကြောင်းမကြားနဲ့။ ရှုပ်တယ်၊ မိသားစု အကျဉ်းရုံး လုပ်တာပဲ ကောင်းတယ်။ နေ့ချင်းပြီးလုပ်၊ သိလား' ဟု ဆိုခဲ့ပြန်သည်။

တစ်ဘက်မှာ ကျပြန်တော့–

'စိုးသွယ်၊ ငါ မသေချင်သေးဘူး၊ ငါ့မှာ လုပ်စရာတွေ အများကြီး ရှိနေသေးတယ်'

အဲသလို ပြောတတ်သည်။

(၇)

'ကျွန်တော် အသက် ကြီးတဲ့အထိ နေရဦးမယ် ဆိုရင် ကလေးတွေကို ဂီတနဲ့ ပတ်သက်တာတွေ သင်ပေးပြီးတော့ အေးအေးဆေးဆေး နေသွားဖို့ စဉ်းစားတယ်' ဟု သူ ပြောခဲ့ဖူးသည်။ သူ့ဘဝ၏ နောက်ဆုံး အချိန်များကို သူ၏ ဆရာ ဦးအောင်နိုးလို ဘဝပုံစံမျိုး နေထိုင်သွားဖို့ ပုံပေါ် ကြည့်ခဲ့ပုံ ရသည်။

**သို့ပါသော်လည်း ဂီတလောကသည် ဝေးလံ ရှည်လျားစွာသော ခရီးလမ်းကြောင်းကို ဆိုဗင်းသူ အဖြစ် ဖြတ်သန်းခွင့် မရရှိခဲ့တော့ချေ။ လူငယ်ဘဝနှင့် စောစီးစွာပင် အဖြင့်မျှ ခရီးကို ပျံသန်း ခရီးနှင် သွားခဲ့လေသည်။**

(၈)

သူ၏ နောက်ဆုံး ခရီးတွင် သူ့ကို ချစ်သော ငယ်သူငယ်ချင်းများ၊ ဂီတ အသိုင်းအဝိုင်း၊ တာပေ လောကသားနှင့် သူ့ ပရိတ်သတ်တွေက ထောင်နှင့် ချီ၍ ကျပ်ခဲနေခဲ့သည်။ ရေဝေး၏ ဈာပန အခမ်းအနား အထိ မရောက်လိုက်ရဘဲ လမ်းတစ်ဝက်မှာတင် ပြည့်ကျပ်သွားပြီး ရှေ့မတိုးသာ နောက်မဆုတ်သာ။ လှည့်ပြန်ခဲ့ရသူတွေ အမြောက်အများ ရှိခဲ့သည်။

ပန်းခြင်းတွေ၊ ပန်းစည်းတွေ ထောင်ပုံရာပုံ။

(၉)

ရေဝေးသုသာန်သည် သူ့ထံသို့ နေ့စဉ်နှင့်အမျှ နေ့စဉ် အခေါက်ခေါက် အခါခါ ရောက်ရှိလာကြသော အသုဘပို့ အမျိုးမျိုးနှင့် ကြုံခဲ့ဖူးပြီ။ ရေဝေးအတွက် ထူးဆန်းသော အသုဘဆိုတာ မရှိနိုင်ဘူး ထင်သည်။ သို့သော် ထူးအိမ်သင်၏ ဈာပနကတော့ တစ်မူ ကွဲခဲ့တာ အမှန်ပဲ ဖြစ်သည်။

ကွယ်လွန်သွားသူ တစ်ဦးတစ်ယောက်ကို လွမ်းဆွတ်စွာဖြင့် သံပြိုင်တေး သီဆိုရင်း လိုက်ပါ ပို့ဆောင်သော အသုဘမျိုး တစ်ခေါက် တစ်ခါမျှ တွေ့ဖူး ကြုံဖူးဖို့ ခဲယဉ်းလှသည်။ ထူးအိမ်သင် အသုဘမှာတော့ ထူးထူးခြားခြား သူ့ကို ချစ်သော ပရိသတ် လူငယ်တွေက သူတို့ ချစ်မြတ်နိုးသော ထူးအိမ်သင်၏ ဖန်တီးမှု လက်ရာ သီချင်းတွေကို သံပြိုင် သီဆို၍ လိုက်ပို့ခဲ့ကြသည်။

မည်မျှ ထူးခြားပြီး မည်မျှ အသည်း ခိုက်စရာ ခံစား နာကျင်ရင်း ကြည်နူးစရာ ဖြစ်ခဲ့ရပါသလဲ။ သူတို့၏ နှလုံးသားကို ဘယ်လောက်အထိ မှတ်မှတ်ထင်ထင် ထူးနှစ်ဝင်ခဲ့ရသလဲ။ မမေ့ပျောက်နိုင်သည့် ဒဏ်ရာ။ ထိုဒဏ်ရာဆီက မျက်ရည်စက်တွေ တစိမ့်စိမ့် စီးကျနေသည်။

နာရီပေါ်က စီးဆင်းလာသည့် မျက်ရည်စက်များက ပရိသတ် ရင်ထဲ နှလုံးသားထဲကို စီးဝင်ခဲ့သည်။ ယခုတော့ သူ့ကို ချစ်သူများ၏ မျက်ရည်တွေ ရင်ထဲ နှလုံးသားထဲ စိမ့်ထွက် စီးဆင်းခဲ့ပြီ။ အဆိုပါ မျက်ရည်စက်များက ထာဝရ ရှင်သန်မှုဆီသို့ ဆက်လက် စီးဆင်း သွားကြသည်။

ထိုနေ့က မိုးကောင်းကင်ပင် မနေနိုင်ဘဲ ငိုခဲ့သည်။

အမေ့အိမ်၊ အမေ့ရဲ့ ဒုက္ခအိုးလေး၊ ညီလေး၊ ရာဇဝင်များရဲ့ သတို့သမီး အစရှိသည့် သူ၏ သီချင်းတွေ ရေစေး၏ ပတ်ဝန်းကျင် လေထုထဲမှာ ဂယက်ထပြီး ပုံတင် လှုပ်ခတ်ကာ မိုးကောင်းကင်အထိ လွင့်ပျံ့ခဲ့သည်။

ငှက်တစ်ကောင်က ပျံသန်း သွားခဲ့ပြီ။ သူက တေးဆို သင်ပေးထားခဲ့သည့် လူသားတွေက သူ၏ တေးတွေကို ထာဝရ သီဆိုသွားကြဦးမည့် အကြောင်း ကတိပြုကြသည့် အလား၊ သူ၏ နောက်ဆုံးခရီးကို သူ၏ သီချင်းများနှင့် ဂုဏ်ပြုရင်း မော်ကွန်းတစ်ရပ် ရေးထိုးခဲ့ကြသည်။

အချိန်တွေ ရွေ့လျားသွားခဲ့ပြီ။ သူ့ကို ချစ်သော ပရိသတ် လူငယ်တစ်စုက သူ၏ 'ဝေးသွားတဲ့ အခါ' သီချင်းကို လွမ်းမော တမ်းတစွာ သံပြိုင် သီဆိုရင်း ရေစေးကို နောက်မှာ ထားရစ်၊ သူ၏ ရုပ်ကလာပ်ကို ရေစေးမှာ ထားရစ်ခဲ့ပြီး ကြေကြေကွဲကွဲ ပြန်သွားခဲ့ကြသည်။

ရေစေးမှာ သူတို့ ထားရစ်ခဲ့တာက ရုပ်ကလာပ် အခွံသာ ဖြစ်သည်။

အားလုံးနှင့် အတူ ဂီတငှက်၏ ဝိညာဉ်က လိုက်ပါ သွားခဲ့သည်။

*'ဝေး သွား တဲ့ အခါ နှ လုံး သား မှာ အမြဲ မင်း သတိရနေ့ဒ် . . ကြင်နာ ခဲ့ဖူး တဲ့ အချိန်အခါများ ပြန်လည်ကာ ရှာဖွေပါလှာ မဖြစ်နိုင်တော့တဲ့အခါ ရင်ထဲမှာ ပြန်တမ်းတ မြင်ယောင်လိုက်ပါ . . .'*

(၉)

ထူးအိမ်သင် ရေးဖွဲ့ခဲ့ဖူးသော 'အိပ်မက်ထဲက ရထားကြီး' ခုတ်မောင်း သွားခဲ့ပြီ။

*'အိပ်မက်ဆန်း တစ်ခု . . ညစဉ် တွေ့မြင် . . .*

*ငါလေ ရထားကြီး တစ်စင်း နဲ့ပေါ့ . . .*

*ဘယ်ဆီမှန်း လည်း မသိတဲ့ ခရီးစဉ်*

*အမှောင်မှာ ခုတ်မောင်း ရင်း၊*

*ငါဟာ တစ်ဦး တည်းသော အမြဲတမ်း ခရီးသည် . . .*

*နေ့ ရော အချိန် မညာတ်ချက်မဲ့*

*ဆူညံကျွဲအက်တဲ့ နှလုံး သား ခေါင်းလောင်း မြည်သံတွေ . . .။*

*အမှောင်နဲ့ အလင်း မကွဲပြားတဲ့ ကောင်းကင် . . .*
*ညလွင့်ပြင်ကို ဖြတ်သန်း တိုးဝင် . .*
*မီး ရထားကြီး တစ်စင်း ငါ့ဝိညာဉ်ကို သယ်ဆောင် ခုတ်မောင်း ရင်း သံသရာ ရှည်မယ့် ခရီး*
*ဘယ်မှာ ဆုံးမယ် ငါလည်း မသိ။*
*ဝီစီမှုတ်ကာ မိုး တိုင်း ရင်မှာ ကြေကွဲမိ၊*
*ဝီစီမှုတ်ဆဲက ရထားကြီး ခေါ် သံ ငါကြားမိ . . .။*

(၁၀)

သူ့အုတ်ဂူက ဆရာကြီးမင်းသုဝဏ်၏ အုတ်ဂူနှင့် ယှဉ်လျက်သား။

ဖြစ်ပုံမှာ ထူးအိမ်သင် ကွယ်လွန်ပြီး နောက်တစ်ရက်။ ဩဂုတ်လ ၁၅ ရက်နေ့တွင် ကဗျာစာဆိုကြီး ဆရာ မင်းသုဝဏ် ဆုံးပါး သွားခဲ့သည်။ တိုက်ဆိုင်မှုက ထူးဆန်းလွန်းလှသည်။ မတူညီသော တူညီမှုနှင့် တူညီသော မတူညီမှုတွေ။ ဆရာကြီး မင်းသုဝဏ်က အစွမ်းကုန် ပွင့်လန်းပြီးသည့် ၉၆ နှစ်၊ ထူးအိမ်သင်က ပွင့်ဦးပွင့်သစ် ၄၁ နှစ်။

သို့သော် ပန်းကြွေ နှစ်ပွင့်က ရွာနာ နှစ်ပွင့်သဖွယ် အတူတူ ယှဉ်ရက် လဲလျောင်းနေခဲ့ကြချေပြီ။

(၁၁)

နှစ်ပေါင်း နှစ်ဆယ် နီးပါး ဂီတလောကတွင် အနိုင်အမာ ရပ်တည် သွားခဲ့သော ထူးအိမ်သင် ကွယ်လွန်မီ အထိ ထွက်ရှိခဲ့သော တေးဂီတ အယ်လ်ဘမ်များမှာ နာရီပေါ်မှ မျက်ရည်စက်များ (၁၉၈၆)၊ မှော်ဆရာ အိပ်မက် (၁၉၈၈)၊ သက်ငြိမ် (၁၉၈၉)၊ အဇ္ဈ ပုံဆောင်ခဲများ (၁၉၉၁)၊ အကြင်နာ အိပ်မက် (၁၉၉၁)၊ အရင်အတိုင်း (၁၉၉၁)၊ စကားလုံး မရှိတဲ့ ကောင်းကင် (၁၉၉၅)၊ ထူးအိမ်သင် (Unplugged Live) (၁၉၉၆)၊ မြို့ပြ လရောင် တမ်းချင်း (၁၉၉၆)၊ အမေ (သို့မဟုတ်) မေတ္တာတော်တွဲ့ (၁၉၉၇)၊ ဝင်ရိုးစွန်းမီး (၁၉၉၇)၊ အမှတ်တရစာရေးခဲ့ရာ သီချင်းများ (၁၉၉၉)၊ အစိမ်းရောင် ရက်စွဲများ (၂၀၀၁) နှင့် တစ်နေ့တာ အလွမ်းများ (၂၀၀၃) တို့ ဖြစ်ကြသည်။

(၁၂)

နှစ်ရှိုးပိုင် အစီအစဉ်ကတော့ နှစ်တွေသာ ကြာသွားခဲ့ပြီး ထွက်ပေါ် မလာခဲ့ပေ။ သီချင်းများ ရွေးချယ်ထားရာမှ အချိန် ရွှေ့လျားသွားသောအခါ စိတ်တိုင်းမကျတော့ပြန်သဖြင့် ရပ်ထားခဲ့ခြင်း ဖြစ်သည်။ ကိုဇော်သစ် (နှင်းဆီလှိုင်း)၊ Emperor Band နှင့် Version အသစ်တွေ ပြန်လုပ် ထားပြီးမှ မထွက်ဖြစ်ဘဲ ကျန်ရစ်ခဲ့သည်။

(၁၃)

သူ ကွယ်လွန်ခြင်း တစ်နှစ်ပြည့် အမှတ်တရ အဖြစ် သူ၏ တေးစီးရီး တစ်ခု စီစဉ်ခဲ့ကြသည်။

သူ သက်ရှိ ထင်ရှား ရှိခဲ့စဉ်က ဟိုတစ်စ သည်တစ်စ သီဆိုခဲ့သော တေးသီချင်းများကို စုစည်းထားခြင်း ဖြစ်သည်။

သူက လက်မှတ် ထိုးလျှင် 'ချစ်ခြင်းအားဖြင့် With Love' ဟု ရေးလေ့ ရှိရာ ထိုစီးရီး အမည်ကိုလည်း 'ချစ်ခြင်းအားဖြင့်' ဟု အမည် ပေးခဲ့ကြသည်။ ၂၀၀၅ ခုနှစ်မှာ ထွက်ရှိခဲ့ပါသည်။

(၁၄)

ထူးအိမ်သင်သည် နေမျိုးဆေး၏ Mr. Guitar ဆိုင်ကလေးမှာ အထိုင်များခဲ့သည်။

Mr. Guitar ထဲမှာပဲ ကော်ဖီ ထိုင်သောက်ရင်း သူငယ်ချင်းများနှင့် စကားပြောဖြစ်မည်။ စိတ်လိုလက်ရ ရှိသောအခါ သီချင်း တက်ဆိုချင်လျှင် တက်ဆိုမည်။ တူရိယာ တစ်ခုခု ဝင်တီးပေးတာ၊ ဟာမိုနီ ဝင်လိုက်ပေးတာမျိုး လုပ်တတ်သည်။

ကိုရွှေကျော်ကျော်နှင့် ကိုမြင့်မိုးအောင်တို့က ထူးအိမ်သင်အတွက် အမှတ်တရ တစ်ခုခု လုပ်ပေးကြဖို့ စဉ်းစားသောအခါ သီချင်း တစ်ပုဒ် ဖြစ်ပေါ် လာခဲ့သည်။

သီချင်းထဲမှာ သူ ကြိုက်တတ်ခဲ့သော ဂီတသံလေးတွေ ထည့်ထားသည်။ Hermonica ပါသည်။ သဘာဝထဲက အသံလေးတွေ ပါသည်။

အကြောင်းအရာက ကော်ဖီ ဆိုင်ကလေးထဲမှာ အမြဲ ထိုင်သွားခဲ့သည့် ဂီတ အနုပညာသမား တစ်ယောက်။ ဘဝ တစ်ပါး ပြောင်းသွားသည့်တိုင် ထိုနေရာမှာ သူ အမြဲ ရှိလိမ့်မည်။

(၁၅)

အသက်ငယ်ငယ်နှင့် အနုပညာတွေကို ပြိုးပြက်လင်းလက်စွာ ဖန်တီးပြခဲ့ပြီး ရုတ်တရက် ခွဲခွာသွားခဲ့သည့် တေးရေး တေးဆို ဂီတအနုပညာရှင် ထူးအိမ်သင် ရေးဖွဲ့ခဲ့သော ကဗျာ တစ်ပုဒ်မှာ သူ့ဘဝ ရုပ်ပုံလွှာကို ရေးဆွဲထားသည့် အလား ဖြစ်နေခဲ့လေသည်။

**သက်တံမြှား**

ညနေခင်း တစ်ခု
မိုးစဲလင်းမှုန့် ကောင်းကင်မှာ

ဟော ...
လှလိုက်တဲ့
သက်တံကြီး တစ်စင်း
နီးဆင်းနေတာ တွေ့တယ်။

ရုတ်တရက်ပဲ
ငါ ကြေကွဲခဲ့ရပေါ့။

အဝေးဆိုတာ
သက်တံလိုပါလား ...
မှိုင်းတော့ မှိန်ရီ
ပါလေမယ့်
အမှိုမဲ့။

# ထူးအိမ်သင် ဖွဲ့စည်းပုံ အကျဉ်း

## ထူးအိမ်သင် မဖြစ်မီ

| | |
|---|---|
| အမည်ရင်း | ကျော်မြင့်လွင် |
| မွေးနေ့ | ၁၉၆၃ ခုနှစ် ဇူလိုင်လ ၁ ရက် |
| အဘ | ဦးထွန်းမြင့် |
| အမိ | ဒေါ်မြရင် |
| မွေးရာဇာတိ | ပုသိမ်မြို့ |
| အခြေခံပညာ | အမှတ် (၂၀) အမ.က ပုသိမ်တွင် မူလတန်း ပညာ သင်ခဲ့ပြီး အထက (၃) ပုသိမ်မှ အထက်တန်း အောင်မြင်။ |
| အဆင့်မြင့် ပညာ | ၁၉၇၉/၈၀ တွင် ဧရာဝတီတိုင်း ဒေသကောလိပ် ပုသိမ်တွင် ဇီဝတွဲနှင့် တက်ရောက်။ |
| | မော်လမြိုင် တက္ကသိုလ်မှ အဝေးသင်ဖြင့် B.Sc (Botany) ဘွဲ့ ရရှိ |
| ဂီတနှင့် ပတ်သက်သည့် လက်ဦးဆရာများ | ဦးကျောက်စိမ်း၊ ဦးစန်းတင့် ၁၉၇၇ ခုနှစ်၊ ပုသိမ် အနောက်မြို့နယ် လမ်းစဉ်လူငယ် ဘင်ရော တယ်ဖွဲ့ |
| ဂစ်တာနှင့် ပထမဆုံး တီးမိကြည့်ခဲ့သည့် ကော့ဒ် | စီမေဂျာ |
| ဂစ်တာနှင့် ပထမဆုံး တီး/ဆိုခဲ့သည့် သီချင်း | တေးရေး/တေးဆို နိုင်းထီးဆိုင်း၏ “မွေ့ညြ” |
| ပထမဆုံး ရေးသော သီချင်း ကော်ပီ (Copy) | “ကန္တာရ နှလုံးသား” (Hastamanana/ ABBA) |
| | ၁၉၇၉ ခုနှစ် အသက် ၁၆ နှစ် |
| ပထမဆုံး ရေးသော သီချင်း ကိုယ်ပိုင်သံစဉ် (Own Tune) | “ဝေးသွားတဲ့အခါ” ၁၉၈၂ ခုနှစ် ၊ အသက် ၁၉ နှစ် |

| | |
|---|---|
| ပထမဆုံး စင်မြင့် ဖျော်ဖြေမှု | ၁၉၈၀ ပြည့်နှစ် ပုသိမ်မြို့ ကမ်းနားလမ်း ဂုဝါတေးဂီတ (ဘိုတင်ယု) အဖွဲ့နှင့် ကိုင်ဇော်၏ "အကောင်းဆုံးက ဂီတာ တီးနေမယ်" ကို သီဆိုခဲ့ |
| ပထမဆုံး ပုံနှိပ်ဖော်ပြခဲ့သည့် ဝတ္ထုတို | "မြတ်နိုးခြင်းအားဖြင့် ကြင်နာသည်ဖြစ်၍" ရှုမဝ ရုပ်စုံမဂ္ဂဇင်း (၁၉၈၂ ခုနှစ်၊ ဇူလိုင်လ) ကလောင်အမည် လင်းထက် |
| ပထမဆုံး ပုံနှိပ်ဖော်ပြခဲ့သည့် ကဗျာ | စံပယ်ဖြူအိပ်မက်၊ ရှုမဝ ရုပ်စုံမဂ္ဂဇင်း (၁၉၈၂ ခုနှစ်၊ ဒီဇင်ဘာလ) ကလောင်အမည် လင်းထက် |
| မော်လမြိုင်မှ ဂီတဆရာ | ဦးအောင်စိုး (K.C. Francis) |
| ပထမဆုံး တိတ်ခွေပေါ် ရောက်သည့် သီချင်း | သုခရောင်ကို ရေးပေးခဲ့သည့် "လှူနှင့် အကျိုး" သုခရောင်၏ "လှူနှင့် အကျိုး" စီးရီး (၁၉၈၆) တွင်ပါဝင်ခဲ့သည်။ |

# ထူးအိမ်သင် ဖြစ်လာပြီး

| | |
|---|---|
| **ပထမဆုံး တေးအယ်လဘမ်** | "နာရီပေါ်မှ မျက်ရည်စက်များ" ၁၉၈၆/၁၉၈၇ ခုနှစ် တေးဂီတ The Aces စတူဒီယို အိုအေစစ် ဖြန့်ချိရေး ဂန္ဓမာ တေးသံသွင်း |
| **ပထမဆုံး စင်မြင့် ဖျော်ဖြေပွဲ** | ၁၉၈၇ ခုနှစ်၊ ရန်ကုန်မြို့ မေဓာကျောက်ပ်မင်း ဆွဲ့အ နားမကြား ကလေးများကျောင်း ရံပုံငွေပွဲတွင် The New Wave တေးဂီတ အဖွဲ့နှင့် "မှလိုက်တော့" အပါအဝင် သီချင်း ငါးပုဒ် တင်ဆက်ခဲ့ |
| **ပထမဆုံး ရုပ်သံလွှင့် အစီအစဉ်** | အောင်ရင်နှင့် တွဲပြီး သီဆိုသော "မဆုံးတဲ့ သီချင်း" |
| **ပထမဆုံး တစ်ကိုယ်တော် စင်မြင့် ဖျော်ဖြေမှု** | ၁၉၉၄ ခုနှစ် ရန်ကုန်မြို့ အမျိုးသား ခတ်ရုံ The Iron Cross တေးဂီတ အဖွဲ့နှင့် တေးသီချင်း (၂၉) ပုဒ် တင်ဆက်ခဲ့ |
| **ပထမဆုံး တေးသီချင်း ပေါင်းချုပ် စာအုပ်** | ဖော်အောင် ( ခါတု) စီစဉ်သည့် ထူးအိမ်သင် သီချင်းပေါင်းချုပ် (ရွှေအယ်လ်ဘမ်-၅)၊ ၁၉၉၂ ခုနှစ်၊ ဇူလိုင်လ။ |
| **ပထမဆုံး Unplugged Live** | ၁၉၉၄ ခုနှစ် အောင်ဆန်းကွင်း မိုးလုံလေလုံ ခန်းမ၌ တင်ဆက်ခဲ့သော ထူးအိမ်သင်၊ လေးဖြူ၊ ချစ်ကောင်းတို့၏ Unplugged Live Show သည် မြန်မာနိုင်ငံ၏ ပထမဆုံးသော Unplugged ဖျော်ဖြေ တင်ဆက်မှု ဖြစ်ခဲ့သည်။ |
| **ပထမဆုံး Unplugged အခွေ** | ထူးအိမ်သင်၏ Unplugged အခွေ (၁၉၉၆ ခုနှစ်) သည် မြန်မာနိုင်ငံ၏ ပထမဆုံးသော Unplugged အခွေ ဖြစ်ခဲ့သည်။ |

| | |
|---|---|
| **Computer Programming Music ဖန်တီးမှု** | 'မြို့ပြ လရောင် တမ်းချင်း' အယ်လဘမ် (၁၉၉၆ခုနှစ်)သည်မြန်မာနိုင်ငံ၏ ပထမဆုံးသော Computer Programming Music ဖန်တီးမှု လက်ရာ တစ်ရပ်ဟု ဆိုရမည်။ |
| **ဇနီး** | မိသွယ် (သွယ်သွယ်ထွေး) ၁၉၉၅ ခုနှစ်တွင် လက်ထပ် |
| **သမီး** | သောသော (မိကွန်သော) ၁၉၉၆ ဇွန်လ ၆ ရက်တွင် မွေးဖွား |
| **ကွယ်လွန်ရက်** | ၂၀၀၄ ခုနှစ် ဩဂုတ်လ ၁၄ ရက် နံနက် ၁၁း၄၀ နာရီ |

**ကျန်ရစ်ခဲ့သည့် သီချင်းများ တေးဂီတ အယ်လ်ဘမ်များ**

(၁) နာရီပေါ်မှ မျက်ရည်စက်များ (၁၉၈၆)
(၂) မှော်ဆရာ အိပ်မက် (၁၉၈၈)
(၃) သက်ငြိမ် (၁၉၈၉)
(၄) အတ္တ ပုံဆောင်ခဲများ (၁၉၉၁)
(၅) အကြင်နာ အိပ်မက် (၁၉၉၁)
(၆) အရင်အတိုင်း (၁၉၉၁)
(၇) စကားလုံး မရှိတဲ့ ကောင်းကင် (၁၉၉၅)
(၈) ထူးအိမ်သင် (Unplugged Live) (၁၉၉၆)
(၉) မြို့ပြ လရောင် တမ်းချင်း (၁၉၉၆)
(၁၀) အမေ (သို့မဟုတ်) မေတ္တာတော်တွဲ့ (၁၉၉၇)
(၁၁) ဝင်ရိုးစွန်းမီး (၁၉၉၇)
(၁၂) အမှတ်တရ ဒဏ်ရာ သီချင်းများ (၁၉၉၉)
(၁၃) အစိမ်းရောင် ရက်စွဲများ (၂၀၀၁)
(၁၄) တစ်နေ့စာ အလွဲများ (၂၀၀၃)
(၁၅) ချစ်ခြင်းအားဖြင့် (၂၀၀၅)
(၁၆) နှစ်ချို့ဝိုင် (မထွက်သေး)

**နှစ်ယောက်တွဲ၊ သုံးယောက်တွဲ၊ စုပေါင်း အခွေများ ထဲမှ သူ၏ သီချင်းများ (မြန်ကြနေဆဲ၊ စာရင်း မြုံရှုရီ့ မြန်လည် စုဆောင်း ထားရှိရို့ လိုဦးမည်)**